၁။ ဆရာလမ်းညွှန်စာအုပ်အသုံးပြုနည်း

၁–၁ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်သည် စတုတ္ထတန်း မြန်မာစာသင်ကြားရေးအတွက် ပြုစုထားခြင်း ဖြစ်သည်။ ဆရာများသည် ဤဆရာလမ်းညွှန် စာအုပ်ကို အသုံးပြုပြီး ကလေးများ မြန်မာဘာသာစကား၏ အနာအကြား၊ အပြောအဆို၊ အရွှတ်အဖတ်၊ အရေးအသားနှင့် စဉ်းစားတွေးခေါ် ဖန်တီးမှုများစသော အခြေခံကျွမ်းကျင်မှုများကို သင်ကြားနိုင်ရန် ပြုစုထားခြင်း ဖြစ်သည်။ စတုတ္ထတန်းတွင် မြန်မာဘာသာစကား၏အရွှတ်အဖတ်၊ အရေးအသားကို ပိုမိုကျွမ်းကျင်လာစေရန် သင်ကြားမှုပုံစံများကို နမူနာယူကာ ကျောင်းသားများအတွက် မှန်ကန်ထိရောက်သော သင်ကြားမှုများကို ပြုလုပ်နိုင်ရန် ရည်ရွယ်သည်။ ဆရာလမ်းညွှန်တွင် သင်ခန်းစာအသီးသီး၏ ဦးတည်ချက်၊ သင်ကြားရာတွင် အရေးကြီးသောအချက်များ၊ သင်ကြားပုံ အဆင့်ဆင့်နှင့် စစ်ဆေးအကဲဖြတ်ခြင်းစသော လမ်းညွှန်ချက်များ ပါဝင်သည့်အတွက် သင်ကြားသင်ယူမှုလုပ်ငန်းများကို များစွာအထောက်အကူ ပြုနိုင်ပါသည်။ ဤဆရာလမ်းညွှန်စာအုပ်သည် လက်တွေ့သင်ကြားရေးနယ်ပယ်ရှိ ဆရာများအတွက်သာမက ဆရာအတတ်သင်ပညာရေး သင်တန်းသားများအတွက်ပါ ဆရာလမ်းညွှန်အဖြစ် ရည်ရွယ်ပြုစုထားပါသည်။

၁–၂ ဆရာလမ်းညွှန် ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်စာအုပ် နိဒါန်းပိုင်းတွင် ဆရာလမ်းညွှန်အသုံးပြုပုံ အစရှိသည့် ဆရာများ ဆရာလမ်းညွှန်ကို အသုံးပြုသင်ကြားခြင်းမပြုလုပ်မီ သိရှိထားသင့်သည့်အချက်များကို ဖော်ပြထားသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ပြမှုပုံစံများကို ထည့်သွင်းထားပါသည်။ ဆရာများကို ဆရာလမ်းညွှန်တွင် ဖော်ပြထားသော သင်ကြားမှုပုံစံအတိုင်း သင်ကြားရန် တိုက်တွန်းလိုပါသည်။

ဖွဲ့စည်းပုံ

ဆရာလမ်းညွှန်စာအုပ်တွင်

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

၃။ သင်ယူမှုဦးတည်ချက်

၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

၅။ သင်ကြားသင်ယူမှုလုပ်ငန်း

၆။ သင်ခန်းစာတစ်ခုချင်းစီ၏အဓိကအချက်များ၊ အရေးကြီးသောအချက်များနှင့် ဖွဲ့စည်းထားပါသည်။

ဆရာများအတွက် ထိရောက်ပေါက်မြောက်သော သင်ကြားမှုများ ပြုလုပ်နိုင်ရန် အထက်ဖော်ပြပါ ဖွဲ့စည်းပုံရှိ အစိတ်အပိုင်း အသီးသီးကို ချိတ်ဆက်ထားပါသည်။ ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။

ကျောင်းသုံးစာအုပ် စာမျက်နှာအလိုက် သင်ခန်းစာများကို အညွှန်းအဖြစ် ကိုးကားနိုင်ရန် ဖော်ပြထားသည်။



DBE Box – Copyright Protected

၁။ ကျောင်းသုံးစာအုပ် နမူနာပုံစံ

ဆရာများ၏သင်ကြားမှုအောင်မြင်ပေါက်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် စာမျက်နှာအလိုက် ပုံစံငယ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များကို လွယ်ကူစွာ သိမြင်နိုင်ရန် လိုအပ်သော သင်ခန်းစာများတွင် နံပါတ်စဉ်အလိုက်တပ်၍ ဖော်ပြထားပါသည်။

၂။ သင်ခန်းစာအမည်နှင့် အကြံပြုစာသင်ချိန်

သင်ခန်းစာအမည်နှင့် သင်ကြားရန် အကြံပြုစာသင်ချိန်ကို ဖော်ပြထားသည်။ ကျောင်းသား၏တတ်မြောက်မှုနှင့် အခြေအနေပေါ်မူတည်၍ စာသင်ချိန်ကို ပြောင်းလဲသင်ကြားနိုင်ပါသည်။

၃။ သင်ယူမှုဦးတည်ချက်

ဆရာများအနေဖြင့် မည်သည့်သင်ကြားသင်ယူမှုလုပ်ငန်းကို အသုံးပြုသင်ကြားသည်ဖြစ်စေ သင်ယူမှုဦးတည်ချက် ပေါက်မြောက်အောင် သင်ကြားရန် လိုအပ်သည်။ သင်ယူမှုဦးတည်ချက်တွင် သင်ခန်းစာပါ အကြောင်းအရာနှင့် သက်ဆိုင်သောရည်ရွယ်ချက်၊ ဘာသာစကားနှင့် သက်ဆိုင်သောရည်ရွယ်ချက်ဟူ၍ နှစ်မျိုးခွဲထားပါသည်။

၄။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများအပြင် ဆရာများကိုယ်တိုင်ပြုလုပ်ထားသော ရုပ်ပုံကားချပ်များ၊ **ပစ္စည်းစစ်များ** စသည့် သင်ထောက်ကူ ပစ္စည်းကို အသုံးပြု၍ သင်ကြားရပါမည်။

၅။ သင်ကြားသင်ယူမှုလုပ်ငန်း

သင်ကြားမှုအစီအစဉ်တွင် ဦးတည်ချက်ပေါက်မြောက်စေရန် သင်ကြားရမည့်**အစီအစဉ်**များကို လမ်းညွှန်ထားသည်။ နိဒါန်း၊ လုပ်ငန်းစဉ်၊ နိဂုံးချုပ်ခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များပါဝင်သည်။ ထိုလုပ်ငန်းစဉ်များကို အခြေအနေပေါ်မူတည်၍ လိုအပ်ပါက ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းများ ပြုလုပ်နိုင်သည်။ ⊙သင်္ကေတသည် မဖြစ်မနေလုပ်ဆောင်ရမည့် သင်ကြားသင်ယူမှု ဖြစ်ပါသည်။ စာသင်ချိန်တိုင်းတွင် ကျောင်းသားများ၏တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရမည့် **နည်းလမ်း**များလည်း အသေးစိတ်ဖော်ပြထားသည်။ သင်ကြားမည့် ဆရာများသည် ညွှန်ကြားချက်များကို ကြည့်ရှုလေ့လာခြင်းဖြင့် မည့်သည့်**အချက်**ကို အခြေခံကာ အကဲဖြတ်ရမည်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

၆။ အဓိကအချက်များနှင့် အရေးကြီးသောအချက်များ

ဆရာလမ်းညွှန်စာအုပ်ကို အသုံးပြုသင်ကြားရာတွင် ဆရာများအတွက် အထောက်အကူပြုစေရန် အဓိကအချက်များနှင့် အရေးကြီးသောအချက်များဟူ၍ ခွဲခြားဖော်ပြထားပါသည်။ အဓိကအချက်များတွင် သင်ခန်းစာတစ်ခုလုံးနှင့် သက်ဆိုင်သော မဖြစ်မနေလုပ်ဆောင်ရမည့်အချက်များကို ဆရာများအတွက်ဖော်ပြထားပါသည်။ အရေးကြီးသောအချက်များတွင်သက်ဆိုင်ရာ စာသင်ချိန်၏သင်ကြားပုံနည်းစနစ်များ၊ သင်ယူနေစဉ် ကျောင်းသားအခြေအနေပေါ်မူတည်၍ လုပ်ဆောင်ရမည့် အချက်များကို ဖော်ပြထားပါသည်။

သာဓက ။ ။

(က) သင်ခန်းစာနှင့်သက်ဆိုင်သည့် နမူနာဖြေကြားချက်များ

(ခ) သင်ခန်းစာနှင့်သက်ဆိုင်သော အမေးအဖြေများပြုလုပ်ရန်အတွက် နမူနာဇယားများ

(ဂ) ကလေးများ၏ တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရန် အမှတ်ပေးစံဇယား နမူနာများ

(ဃ) ဝေါဟာရအသစ်များ

(င) ဆရာနှင့် ကျောင်းသားတို့၏ လုပ်ငန်းနမူနာများ

DBE Box – Copyright Protected

၂။ ဘာသာရပ်တည်ဆောက်ပုံ

၂–၁ သင်ရိုးသစ်တွင်ပါဝင်သည့် အကြောင်းအရာများနှင့် အကျိုးကျေးဇူးများ

စဉ်	အကြောင်းအရာ	သင်ရိုးသစ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် အကျိုးကျေးဇူး	သင်ရိုးသစ်၏ ထူးခြားချက်များ
၁။	ဗျည်း၊ သရ သင်ကြားခြင်း၏ အခြေခံအချက်များ	တည်ဆောက်ပုံအရ အဆင့်ဆင့် သင်ကြားခြင်းသာမက ပုံပြင်၊ ကဗျာများတွင် ပါဝင်သော အသုံးအနှုန်းများမှတစ်ဆင့် ဝေါဟာရများကို သင်ယူနိုင်သော အခွင့်အရေးများ ရရှိနိုင်ပါသည်။	သင်ကြားမှုနည်းစနစ်များမှတစ်ဆင့် ဗျည်း၊ သရများ လေ့လာသင်ယူနိုင်ခြင်း။
၂။	အကြောင်းအရာနှင့် ပုံစံအမျိုးမျိုး ပါဝင်သော ပြဋ္ဌာန်းစာများ	ကဗျာ၊ ပုံပြင်စသည်တို့ကို ရွတ်ဖတ်ရုံသာမက တွေးတောခြင်း၊ စူးစမ်းလေ့လာခြင်းများ၊ ပါဝင်သော ပြဋ္ဌာန်းစာများမှတစ်ဆင့် နားထောင်ခြင်းစွမ်းရည်၊ ပြောဆိုခြင်းစွမ်းရည်များစသည့် လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက်လာနိုင်သည်။	သင်ရိုးသစ်၏နည်းစနစ်များမှတစ်ဆင့် စွမ်းရည်များ တိုးတက်စေခြင်း၊ အခြား ဘာသာရပ်များ သင်ကြားရာတွင် အခြေခံဖြစ်ခြင်း၊ ဘဝတစ်လျှောက်လုံး အသုံးဝင်သည့် မြန်မာစာဘာသာရပ်၏ စွမ်းရည်များ တိုးတက်စေခြင်း။
၃။	ကလေးရှုထောင့်မှ စဉ်းစား၍ သင်ကြားခြင်း	ကလေးများ၏ဝါသနာ၊ စိတ်ပါဝင်စားမှု၊ ကလေးအရွယ်နှင့် ကိုက်ညီသော စွမ်းရည်များကို အလေးထားနိုင်ရန် ထည့်သွင်းထားသည်။	ကလေးဗဟိုပြုချဉ်းကပ်နည်းကို အကောင်အထည်ဖော်နိုင်ခြင်း။
၄။	စာသင်ချိန် တစ်ချိန်အတွင်း သင်ကြားပုံ	အနာအကြား၊ အပြောအဆို၊ အရွတ်အဖတ်၊ အရေးအသားများကို စနစ်တကျ ထည့်သွင်းပေးထားခြင်းဖြင့် စွမ်းရည် ၄ မျိုး ရရှိနိုင်ပါသည်။	စွမ်းရည် ၄ မျိုး ပေါင်းစပ်ထားသော သင်ကြားမှု ပုံစံဖြစ်ခြင်း။
၅။	ကျောင်းသုံး စာအုပ်၏ ထူးခြားချက်	လေ့ကျင့်ခန်းစာအုပ်နည်းတူ ကျောင်းသုံးစာအုပ်၌ပင် ကူးရေးခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ ရှာဖွေခြင်း၊ စဉ်းစားခြင်းများ ပြုလုပ်နိုင်ပါသည်။	လေ့ကျင့်ခန်းစာအုပ် ဝယ်ယူရန် အခက်အခဲရှိသော ကလေးများ အတွက်ပါ လေ့ကျင့်နိုင်သော အခွင့်အလမ်းများ ပေးစွမ်းနိုင်ခြင်း၊ စာအုပ်တစ်အုပ်တည်းကို ဖတ်စာအုပ် နှင့် မှတ်စုစာအုပ်အဖြစ် ၂ မျိုး အသုံးပြုနိုင်ခြင်း။
၆။	ကျောင်းသားများ၏ တိုးတက်မှု	စကားလုံးများကို လေ့ကျင့်ခြင်း၊ အလွတ်ကျက်မှတ်ခြင်း သာမက စာကြောင်းများကို ချောမွေ့စွာဖတ်ခြင်း၊ စကားပြောဆိုနိုင်ခြင်းများ ပါဝင်မည်။ စွေးခေါ်နိုင်စွမ်း၊ စူးစမ်းဆင်ခြင်နိုင်စွမ်းများကို ပြုစုပျိုးထောင်ပေးနိုင်သည်။	အလွတ်ကျက်မှတ်ခြင်းသာမက တွေးခေါ်နိုင်စွမ်း၊ စူးစမ်းဆင်ခြင်နိုင်စွမ်းများကိုပါ ပြုစုပျိုးထောင်ပေးနိုင်ခြင်း။
၇။	အပြောစကားများ ထည့်သွင်းထားခြင်း	အပြောစကားများပါ ထည့်သွင်းထားခြင်းဖြင့် ဝေါဟာရများ ကြွယ်ဝစေပါသည်။	ကျောင်းသားများနှင့် ရင်းနှီးလွယ်သော အသုံးအနှုန်းများ ထည့်သွင်းထားခြင်း။
၈။	ဘာသာစကား အမျိုးမျိုးနှင့် ယဉ်ကျေးမှု အမျိုးမျိုး	တိုင်းရင်းသားကျောင်းသားများအတွက်ပါ ရည်ရွယ်ပြီး (က) တိုင်းရင်းသားလူမျိုးများအကြောင်းကို ထည့်သွင်းခြင်း (ခ) လူမျိုးမရွေး သိရှိနိုင်သောအချက်များကို အလေးထားပြီး ဖော်ပြထားခြင်းကြောင့် ရိုးရှင်း၍ သိလွယ်သော စကားလုံးများဖြင့် မြန်မာစာ၊ မြန်မာဘာသာစကားကို လွယ်ကူစွာ နားလည်လာနိုင်သည်။	တိုင်းရင်းသား ကျောင်းသားများ အသုံးပြုရန် လွယ်ကူသော အကြောင်းအရာများထည့်သွင်းထားခြင်း။
၉။	အတန်းလိုက် သတ်မှတ်ချက်များ	အတန်းလိုက်သင့်လျော်သော အသုံးအနှုန်းများကို ထည့်သွင်းထားခြင်းကြောင့် ကျောင်းသားများ၏ ဘာသာစကားကြွယ်ဝမှုနှင့် စဉ်းစားဉာဏ်ရည်ကို မြင့်မားလာစေနိုင်သည်။	ဘာသာစကား၏ဖွဲ့စည်းပုံကို အခြေခံထားသော ကျောင်းသုံးစာအုပ်ပြုစုခြင်း။

IBE Box – Copyright Protected

၂-၂ အတန်းလိုက် သင်ယူရရှိသောစွမ်းရည်

မူလတန်း မြန်မာစာ၏ ဘာသာရပ်တည်ဆောက်ပုံမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

ပထမတန်း	စတုတ္ထတန်း	ပဉ္စမတန်းမှ လူကြီးဖြစ်သည့်တိုင်
မှန်ကန်သောနားလည်မှု	➢	နက်နဲသောနားလည်မှု
မှန်ကန်သောဖော်ပြချက်	➢	နက်နဲသော၊ ကြွယ်ဝသောဖော်ပြချက်
သင်ကြားမှုအတိုင်း မှတ်သားခြင်း	➢	တွေးတောစဉ်းစားခြင်း
ဗျည်း၊ သရ၊ ဗျည်းတွဲ အစီအစဉ်အတိုင်း ရေးသားနိုင်ခြင်း	➢	တင်ပြလိုသောအကြောင်းအရာနှင့်အကြောင်းပြချက်၊ အကြောင်းပြချက်နှင့် ရလဒ်
ဘာသာစကားလုပ်ငန်းများကို လုပ်ဆောင်ခြင်း	➢	တစ်ဖက်လူ၊ ရည်ရွယ်ချက်အပေါ်မူတည်၍ ဘာသာစကားလုပ်ငန်းများကို လုပ်ဆောင်ခြင်း
စကားလုံးကို အသုံးပြုခြင်း	➢	စကားလုံးနှင့်စပ်လျဉ်း၍ စဉ်းစားခြင်း
ဆရာကပြင်ဆင်ထားသော သင်ခန်းစာ	➢	ရည်ရွယ်ချက်အလိုက် လိုအပ်သောစာကို မိမိကိုယ်တိုင်ရှာဖွေခြင်း
တစ်မျိုးတည်းသောဖတ်စာ	➢	ဖတ်စာအများအပြားနှင့် သတင်းအချက်အလက်များကို ဆက်စပ်စဉ်းစားခြင်း
တစ်ဦးတစ်ယောက်တည်းက ပြောကြားခြင်း	➢	အားလုံးအတူ ဆွေးနွေးပြောကြားခြင်း
တစ်ဖက်တည်းက ရေးသားခြင်း	➢	တစ်ဖက်လူထံက ပြန်စာကို ဖတ်ခြင်း၊ တစ်ဖန် ပြန်စာရေးခြင်း
အပြောစကား	➢	အရေးစကား



မြန်မာစာ သင်ရိုးသစ်သည် တစ်ဆင့်ပြီး တစ်ဆင့်တိုးမြှင့် သင်ယူသွားသောပုံစံဖြစ်ပြီး တူညီသောအကြောင်းအရာကို ပထမတန်းမှ စတင်ကာ ကြိမ်ဖန်များစွာ သင်ယူခြင်းဖြင့် တိုးတက်စေရန် ရည်ရွယ်သည်။ ပထမတန်းတွင် တတ်မြောက်စေလိုသောစွမ်းရည်မှ ပဉ္စမတန်းတွင် တတ်မြောက်စေလိုသောစွမ်းရည်အထိ အတန်းအလိုက် တဖြည်းဖြည်းချင်း တိုးမြှင့်သင်ကြားသောဖွဲ့စည်းပုံဖြစ်သည်။ ထို့ကြောင့် အတန်းအလိုက် ခွဲခြားထားသော ဇယားအဖြစ်မရှိပေ။ စတုတ္ထတန်းတွင် ပဉ္စမတန်းမှ လူကြီးဖြစ်သည့်တိုင် ရရှိသွားစေလိုသော စွမ်းရည်များကို သင်ယူရန် သင်ခန်းစာများ အများအပြားထည့်သွင်းထားသော်လည်း ပထမတန်းမှစတင်ကာ သင်ယူရရှိထားသော စွမ်းရည်များကို ပြန်လှန်သင်ကြားသော သင်ခန်းစာများလည်းရှိသည်။

၃။ စတုတ္ထတန်းတွင် သင်ယူရရှိမည့် စွမ်းရည်

(၁) စာတွင် တိုက်ရိုက်ရေးသားထားခြင်း မရှိသော အကြောင်းအရာများကို တွေးတောခြင်း၊ စဉ်းစားခြင်း ပြုလုပ်နိုင်သော စွမ်းရည်

(၂) စာတွင် ဖတ်ရှုသိရှိထားသည်များကို ဇယားဖြင့် အနှစ်ချုပ်ခြင်း စသည်ဖြင့် ပြုလုပ်နိုင်သော စွမ်းရည်

(၃) ကြောင်းကျိုးဆက်စပ် တင်ပြနိုင်သော စွမ်းရည်

(၄) ရည်ရွယ်ချက်နှင့် တစ်ဖက်လူကိုလိုက်ကာ စကားလုံးသုံးနှုန်းနိုင်သော စွမ်းရည်

(၅) စာစကားကို အသုံးပြုနိုင်သော စွမ်းရည်

စတုတ္ထတန်းပါ သင်ခန်းစာများ၏ ရည်ရွယ်ချက်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ နယ်ပယ်ကို ဖော်ပြရာတွင် ⊙သည် အဓိကနယ်ပယ်ကို ဖော်ပြသည်။ O သည် သက်ဆိုင်သော နယ်ပယ်ကိုဖော်ပြသည်။

DBE Box - Copyright Protected

၂-၂ အတန်းလိုက် သင်ယူရရှိသောစွမ်းရည်

မူလတန်း မြန်မာစာ၏ ဘာသာရပ်တည်ဆောက်ပုံမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

ပထမတန်း	စတုတ္ထတန်း	ပဉ္စမတန်းမှ လူကြီးဖြစ်သည့်တိုင်
မှန်ကန်သောနားလည်မှု	➢	နက်နဲသောနားလည်မှု
မှန်ကန်သောဖော်ပြချက်	➢	နက်နဲသော၊ ကြွယ်ဝသောဖော်ပြချက်
သင်ကြားမှုအတိုင်း မှတ်သားခြင်း	➢	တွေးတောစဉ်းစားခြင်း
ဗျည်း၊ သရ၊ ဗျည်းတွဲ အစီအစဉ်အတိုင်း ရေးသားနိုင်ခြင်း	➢	တင်ပြလိုသောအကြောင်းအရာနှင့်အကြောင်းပြချက်၊ အကြောင်းပြချက်နှင့် ရလဒ်
ဘာသာစကားလုပ်ငန်းများကို လုပ်ဆောင်ခြင်း	➢	တစ်ဖက်လူ၊ ရည်ရွယ်ချက်အပေါ်မူတည်၍ ဘာသာစကားလုပ်ငန်းများကို လုပ်ဆောင်ခြင်း
စကားလုံးကို အသုံးပြုခြင်း	➢	စကားလုံးနှင့်စပ်လျဉ်း၍ စဉ်းစားခြင်း
ဆရာကပြင်ဆင်ထားသော သင်ခန်းစာ	➢	ရည်ရွယ်ချက်အလိုက် လိုအပ်သောစာကို မိမိကိုယ်တိုင်ရှာဖွေခြင်း
တစ်မျိုးတည်းသောဖတ်စာ	➢	ဖတ်စာအများအပြားနှင့် သတင်းအချက်အလက်များကို ဆက်စပ်စဉ်းစားခြင်း
တစ်ဦးတစ်ယောက်တည်းက ပြောကြားခြင်း	➢	အားလုံးအတူ ဆွေးနွေးပြောကြားခြင်း
တစ်ဖက်တည်းက ရေးသားခြင်း	➢	တစ်ဖက်လူထံက ပြန်စာကို ဖတ်ခြင်း၊ တစ်ဖန် ပြန်စာရေးခြင်း
အပြောစကား	➢	အရေးစကား



မြန်မာစာ သင်ရိုးသစ်သည် တစ်ဆင့်ပြီး တစ်ဆင့်တိုးမြှင့် သင်ယူသွားသောပုံစံဖြစ်ပြီး တူညီသောအကြောင်းအရာကို ပထမတန်းမှ စတင်ကာ ကြိမ်ဖန်များစွာ သင်ယူခြင်းဖြင့် တိုးတက်စေရန် ရည်ရွယ်သည်။ ပထမတန်းတွင် တတ်မြောက်စေလိုသောစွမ်းရည်မှ ပဉ္စမတန်းတွင် တတ်မြောက်စေလိုသောစွမ်းရည်အထိ အတန်းအလိုက် တဖြည်းဖြည်းချင်း တိုးမြှင့်သင်ကြားသောဖွဲ့စည်းပုံဖြစ်သည်။ ထို့ကြောင့် အတန်းအလိုက် ခွဲခြားထားသော ဇယားအဖြစ်မရှိပေ။ စတုတ္ထတန်းတွင် ပဉ္စမတန်းမှ လူကြီးဖြစ်သည့်တိုင် ရရှိသွားစေလိုသော စွမ်းရည်များကို သင်ယူရန် သင်ခန်းစာများ အများအပြားထည့်သွင်းထားသော်လည်း ပထမတန်းမှစတင်ကာ သင်ယူရရှိထားသော စွမ်းရည်များကို ပြန်လှန်သင်ကြားသော သင်ခန်းစာများလည်းရှိသည်။

၃။ စတုတ္ထတန်းတွင် သင်ယူရရှိမည့် စွမ်းရည်

(၁) စာတွင် တိုက်ရိုက်ရေးသားထားခြင်း မရှိသော အကြောင်းအရာများကို တွေးတောခြင်း၊ စဉ်းစားခြင်း ပြုလုပ်နိုင်သော စွမ်းရည်

(၂) စာတွင် ဖတ်ရှုသိရှိထားသည်များကို ဇယားဖြင့် အနှစ်ချုပ်ခြင်း စသည်ဖြင့် ပြုလုပ်နိုင်သော စွမ်းရည်

(၃) ကြောင်းကျိုးဆက်စပ် တင်ပြနိုင်သော စွမ်းရည်

(၄) ရည်ရွယ်ချက်နှင့် တစ်ဖက်လူကိုလိုက်ကာ စကားလုံးသုံးနှုန်းနိုင်သော စွမ်းရည်

(၅) စာစကားကို အသုံးပြုနိုင်သော စွမ်းရည်

စတုတ္ထတန်းပါ သင်ခန်းစာများ၏ ရည်ရွယ်ချက်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။ နယ်ပယ်ကို ဖော်ပြရာတွင် ⊙သည် အဓိကနယ်ပယ်ကို ဖော်ပြသည်။ O သည် သက်ဆိုင်သော နယ်ပယ်ကိုဖော်ပြသည်။

DBE Box - Copyright Protected

နယ်ပယ်ဆက်စပ်မှုရှိသော သင်ခန်းစာများနှင့်ကြိုးပမ်းမှုများ

စဉ်	သင်ခန်းစာ	ရည်မှန်းချက်	ဘာသာရပ်	နယ်ပယ်								အခြားနယ်ပယ်များနှင့် ဆက်စပ်မှုရှိသော သင်ခန်းစာများနှင့် ကြိုးပမ်းမှုများ									
				အခြေခံ	အသုံးချ သိပ္ပံနှင့် နည်းပညာ	ဂုဏ်သတ္တိနှင့် ပုံသဏ္ဌာန်	ဓာတုဗေဒ	ဇီဝဗေဒ	ကမ္ဘာမြေ	ဂြိုဟ်သုံးစွဲမှု	ဂြိုဟ်ပတ်ဝန်းကျင်	ဂြိုဟ်ပတ်ဝန်းကျင်နှင့် ဘဝတည်တံ့ခိုင်မြဲမှု	ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ	ဆုံးဖြတ်ချက်ချခြင်း	စနစ်များ	ပုံစံများ	အကြောင်းရင်းနှင့် အကျိုးဆက်	အချိုးအစား
၈။	သင်္ကေတများဖြင့် ကိန်းဂဏန်းများကို ကိုယ်စားပြုခြင်း	◆ ကိန်းဂဏန်းများကို သင်္ကေတများဖြင့် ကိုယ်စားပြုနိုင်ခြင်း ◆ ကိန်းဂဏန်းများကို သင်္ကေတများဖြင့် ကိုယ်စားပြုခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြနိုင်ခြင်း	၇	◎															
၁၀။	စကားဝှက်များ	◆ ပုံသဏ္ဌာန်များ၊ ဂဏန်းများနှင့် ဖော်မြူလာများကို အသုံးပြု၍ စကားဝှက်များ ဖန်တီးနိုင်ခြင်း	၈	◎															
၁၂။	ထောင်ပေး	◆ ဂဏန်းလေးလုံးပေးစာများ ပေးပို့ခြင်း ◆ ဂဏန်းလေးလုံးပေးစာများ လက်ခံရရှိပြီး ဖြေရှင်းခြင်း ◆ ဂဏန်းလေးလုံးပေးစာများ ပေးပို့ခြင်းနှင့် လက်ခံရရှိခြင်းတို့ကို ပြုလုပ်ရန် ကွန်ပျူတာ ပရိုဂရမ်တစ်ခု ရေးသားနိုင်ခြင်း	၂	◎															
၁၄။	ပြန်လည်သင်ကြားခြင်း (၁)	◆ ပေးထားသော ဂဏန်းများကို ရွေးချယ်ခြင်းနှင့် ပေါင်းခြင်း၊ နှုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်းတို့ကို ပြုလုပ်နိုင်ခြင်း	၅	◎	○														
၁၆။	ပုံကြမ်းဆွဲခြင်း	◆ ပေးထားသော ပုံကြမ်းပုံ ပုံဆွဲခြင်း	၃	◎															

DBE Box – Copyright Protected

◎ သင့်လျော်လျှင်။ ○ အခြားနေရာတွင် ပေးသင့်ပြီးသည်။

| စဉ် | သင်ခန်းစာ | ရည်မှန်းချက် | ဘာသာရေး | နှုတ်သမိုင်း | | | | | အဓိကကျွမ်းကျင်မှုများ | | | | |

စဉ်	သင်ခန်းစာ	ကျွမ်းကျင်မှုများ	ကဏ္ဍ	နည်းပညာ				အခြေခံအုပ်ချုပ်မှုနှင့်ဥပဒေ								အထူးကျေးဇူးများ			
				အခြေခံ	အချက်အလက်ဆိုင်ရာ နည်းပညာ	ဝန်ဆောင်မှုပံ့ပိုးပေးသူ	အခြားသော	အခြေခံ	ဥပဒေ	ဘဏ္ဍာရေး	ကုန်သွယ်ရေး	ပြည်သူ့ဝန်ထမ်းများ	ပြည်သူ့ကြားဆက်သွယ်ရေး	ပြည်သူ့ဆိုင်ရာ	အခြားသော	ဘာသာပြန်ဆိုခြင်း	ပြန်လည်သုံးသပ်ခြင်း	ပုံနှိပ်ခြင်း	ဖြန့်ဝေခြင်း
၁။	နိဒါန်းဆွေးနွေးပွဲ	◆ သင်တန်းပို့ချသူများနှင့် ဧည့်သည်များ တွေ့ဆုံဆွေးနွေးခြင်း	၅																
၂။	ကြေးနန်းလုပ်ငန်း	◆ ကြေးနန်းလုပ်ငန်းတွင် သတ်မှတ်ထားသည့် စံနှုန်းများ ဖော်ပြထားသည့် အသံနေသံထားများနှင့် ရိုက်ကူးထားသည့် ဗီဒီယိုများ ◆ ကြေးနန်းအကြောင်းအရာများ ပို့ဆောင်ခြင်းနှင့် လက်ခံရရှိခြင်း	၃		◎						◎			◎					
၃။	စကား	◆ ဆားကစ်ဝင်ရိုက်ခတ်သည့်ကိရိယာများနှင့် ပါဝါထောက်ပံ့မှုများ ◆ အနေအထားပုံစံများ ပုံကိုရိုက်ခြင်း	၁၀		○						◎					◎			
၄။	ပျားနှင့်ဝဲတန်း	◆ ပန်းမှုန့်လေးများတွင် ပံ့စကားပြီး ဆီဆွဲတတ်ခြင်း	၃								◎			◎					
၅။	အိုးယောင်းနှင့်ပုံသဏ္ဌာန်	◆ ဧည့်သည်အဖွဲ့အစည်း(သို့)ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း အသံဝဲတွင်းမှ ပြဿနာများကို ဖြေရှင်းခြင်း ◆ ပါဝင်ပါဝင်အကြောင်းအရာတစ်ခုတွင် ဓာတ်ပုံများ ရိုက်ကူးခြင်း အကြံပြုချက်များနှင့် အစီရင်ခံစာများ ပေးပို့ခြင်း ◆ ဆက်သွယ်ရေးနှင့် အစီရင်ခံစာများ ပြုစုခြင်းတို့ကို ပြုလုပ်ခြင်း	၈		○						◎			◎		◎			
၆။	စာတွဲသင်ကြားခြင်း နိဒါန်း	◆ မြန်မာ့စံတော်ချိန်ဝင် ပြည်ထောင်စုတွင်းရှိ ဒေသအသီးသီးတွင် ပြည်သူ့ဝန်ထမ်းများ ပြုလုပ်ကြသည့် ဆွေးနွေးပွဲများ ကျင်းပခြင်း ◆ အစီရင်ခံစာများ ပြုစုခြင်းတို့ကို ပြုလုပ်ခြင်း	၁၀		○						◎					◎			

DBE Box - Copyright Protected

စဉ်	သင်ခန်းစာ	ရည်မှတ်ချက်	ဘာသာရေး	နယ်ပယ်			အမျိုးအစား						အကျိုးကျေးဇူး			
				အစ္စလာမ်	ဘာသာရေးအဖွဲ့အစည်း	အခြား	ရုပ်ဝတ္ထု	ဓာတ်ခွဲခန်း	ကြေးငှါး	အခြား	ဝန်ဆောင်မှု	ဘဏ္ဍာရေး	ခံစားမှုဆိုင်ရာ	ဆုလာဘ်ရရှိခြင်း	ဘဏ္ဍာရေးဆိုင်ရာ	အခြား
၂၂။	ဒုတိယနှစ် ဘယ်ဂျီဒီဘုရားကျောင်းတော်ကြီး	◆ ဘုရားကျောင်းတော်ကြီးသို့ ခရီးသွားခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	၇				◎						◎			
၂၃။	ဒုတိယနှစ် ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	၉				◎	○					○	◎		
၂၄။	ဒုတိယနှစ် ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	၅				◎	○					○	◎		
၂၅။	ဒုတိယနှစ် ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	၇				◎	○					○	◎		
၂၆။	ဒုတိယနှစ် ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း ◆ ဘုရားကျောင်းတော်ကြီးတွင် ဘုရားရှိခိုးခြင်း	၅				◎	○					○	◎		

DBE Box - Copyright Protected

စဉ်	သင်ခန်းစာများ	ရည်မှတ်ချက်	အရေအတွက်	နယ်ပယ်					အချိန်အစား							အတိုးအကျယ်အနိမ့်				
				အခြေခံ	အချက်အလက်ဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း	ဘဝတွင် အသုံးချနိုင်စွမ်း	အခြားသော		အခြေခံ	ကြားကာလ	အလယ်အလတ်	အဆင့်မြင့်	အခြားသော			ခန့်မှန်းခြေ	အသေးစိတ်	အကျယ်တဝင့်	အခြားသော	
၁။	ကြီးမားသောဂဏန်းများ	◆ ကိန်းပြည့်များကို နေ့စဉ်ဘဝတွင် အသုံးပြုခြင်း ◆ ကိန်းပြည့်များကို နှိုင်းယှဉ်ခြင်း၊ အော်ဒါပေးခြင်း	၇	◎					◎							◎				
၂။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၃။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၄။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၅။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၆။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၇။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၈။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၉။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၁၀။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၁၁။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၁၂။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၁၃။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				
၁၄။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၇	◎					◎							◎				
၁၅။	ဂဏန်းသင်္ချာ	◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း ◆ ကိန်းပြည့်များကို ပေါင်းခြင်း၊ နုတ်ခြင်း၊ မြှောက်ခြင်း၊ စားခြင်း	၁၀	○					◎							◎				

DBE Box – Copyright Protected

စဉ်	သင်ခန်းစာ	ရည်ရွယ်ချက်	သင်ကြားချိန်	နည်းဗျာ				အထောက်အကူပြုပစ္စည်းများ									
				အစမ်းခန့်ဆေး	အဖွဲ့လိုက်လေ့ကျင့်ခန်း	အတွဲလိုက်ပြဿနာဖြေရှင်းခြင်း	အခြားသော	ဓာတ်ပုံများ	ဗီဒီယိုဖိုင်များ	အသံဖိုင်များ	ဘာသာစကားဆိုင်ရာ ကဒ်ပြားများ	ပုံပြင်များ	ကစားနည်းများ	ပုံစံများ	ပုံဆွဲခြင်းများ	ပုံပြင်များ	အခြားသော
နယ်လယ် (၄) အစအဆုံး																	
၁၀။	စာတန်းပြည့်ပြီး စကားပြန်ခြင်း	◆ စာတန်းပါ အချက်အလက်များနှင့် ပြဿနာများကို ပြန်လည်ပြောပြနိုင်မည် ◆ ပြောသောစကားများ နှစ်ယောက်သဘောတူ မှန်ကန်ကြောင်း သေချာအောင် ပြန်လည်စစ်ဆေးနိုင်မည်	၄	○												◎	○
၂၀။	အကြောင်းအရာတို့ ပြည့်ပြည့်စုံစုံဖော်ခြင်း	◆ အကြောင်းအရာတို့ကို ပုံစံတကျ ပြန်လည်ပြောပြနိုင်မည် ◆ အသေးစိတ်ဆွဲထုတ်ထားသော အချက်အလက်များကို ပြန်လည်ပြောပြနိုင်မည်	၃													◎	◎
၂၆။	ကိုယ်ဝတ်ဝိုင်ပုံစံကြာ ရောဂါ ဒဏ္ဍာင်	◆ ပုံပြင်အဆက်တို့ကို စဉ်းစားကောက်ယူတတ်ရန် ◆ အကြောင်းအချင်းအရာတို့ကို ပြောပြသည့်အခါ စကားလုံးသုံးစွဲပုံကို အသုံးပြုပြီး ပုံပြင် ဖန်တီးတတ်ရန်	၄	○											◎	◎	◎
၂၉။	ဇာတ	◆ အလည်လာရန် ဖိတ်ခေါ်စာများ သဘောတူ ပေးပို့ခြင်း ပုံစံများကို လေ့လာပြီး စာတန်းတို့ ရေးသားတတ်ရန် ◆ အခြားသူ ရေးသားထားသော ပါဝင်ခံစားသူများအနေဖြင့် ဖတ်ရှုနိုင်ရန်	၄													◎	◎
၃၄။	ကိုယ်ဝတ်သဘောအကြောင်း ဇာတ်ပြီး စာစီစာကုံးဇာတ် ကြွေးအောင်	◆ ကိုယ်ဝတ်သဘောအကြောင်းကို ပုံစံတကျ ပြန်ပြောပြနိုင်ရန် ◆ သို့သော်လည်း အကြောင်းကို စဉ်းစားတွေးခေါ်နိုင်ခြင်း ပြုလုပ်ရန် ဇာတ်ပြီးအောင် ပြောပြတတ်ရန်	၅	○												◎	◎
၃၅။	ပြန်လှန်သင်ကြားခြင်း (၂)	◆ ဇာတ်ပြီးအောင် ပြောပြတတ်ရန် ဖတ်ရှုနိုင်ရန် ◆ မှတ်စုစိစစ်ရှိသည်များကို ပြန်လည်ပြောပြနိုင်ရန်	၃	○												◎	◎

DBE Box — Copyright Protected

၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ် မရှိသော်လည်း အောက်ပါလုပ်ငန်းများ ပါဝင်လာသည်။

(၁) အဘိဓာန် အသုံးပြုပုံကိုအစပျိုးသော လုပ်ငန်း

ကျောင်းသုံးစာအုပ် နောက်ဆုံးတွင် ခက်ဆစ်စကားလုံးများ ပါရှိသည်။ ထိုစာရင်းကိုသုံးကာ ဝေါဟာရစီစဉ်ထားပုံကို သိရှိခြင်း၊ ဝေါဟာရ အဓိပ္ပာယ်ကို ရှာဖွေခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ရမည်။

(၂) မိမိဖတ်ရှုလိုသောစာအုပ်ကို ရှာဖွေသောလုပ်ငန်း

တတိယတန်းတွင် ကျောင်းရှိ စာဖတ်ခန်းကို သွားရောက်သောလုပ်ငန်း ပါရှိသည်။ စတုတ္ထတန်းတွင် စာကြည့်တိုက်၌ စာအုပ်များရှာဖွေပုံကို သင်ယူရမည်။ ဆရာက သင်ကြားပေးသည်သာမက သိရှိလိုသည်များနှင့် စိတ်ပါဝင်စားသည်များကို ကိုယ်တိုင်ရှာဖွေနိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် ၎င်းကို လေ့ကျင့်သောလုပ်ငန်းများ ပါရှိသည်။

၅။ စတုတ္ထတန်းတွင် ရရှိမည့် စွမ်းရည်များကို ပြုစုပျိုးထောင်ရန် လိုအပ်သော သင်ယူပုံ

တတိယတန်းတွင် စာကြောင်းရှည်များကို ရွတ်ဖတ်ခြင်း၊ မိမိအတွေးကို ဖော်ပြခြင်းများ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ စတုတ္ထတန်းတွင် ၎င်းစွမ်းရည်များကို တိုးမြှင့်ကာ တိုက်ရိုက်ရေးသားထားခြင်းမရှိသော အကြောင်းအရာများကို **တွေးတောခြင်း**၊ စဉ်းစားခြင်းလုပ်ငန်းများ ပြုလုပ်နိုင်စေရန် လုပ်ဆောင်စေမည်။ တစ်ဖန်စာတစ်ပုဒ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို **ဖတ်ရှုပြီး သိရှိထားသည့်** အကြောင်းအရာများကို ဇယား၊ မှတ်စုဖြင့် အနှစ်ချုပ်နိုင်ရန် သင်ကြားရပါမည်။ စာပိုဒ်ကိုဖတ်ခြင်း ၊ အနှစ်ချုပ်ခြင်း၊ **တင်ပြခြင်း**ကို တစ်စုတစ်စည်းတည်း ပြုလုပ်ရမည် ဖြစ်သော်လည်း မြန်မာစာသင်ကြားခြင်း၏ အရေးကြီးသောစွမ်းရည်ဖြစ်သည့်အတွက် **အနည်းငယ်စီ** လုပ်ဆောင်နိုင်စေရန် သင်ကြားရမည်။

အရေးအသားနှင့် အပြောအဆိုတွင် အကြောင်းရင်း၊ အကြောင်းပြချက်စသည်တို့ကို ရှင်းလင်းစွာ ဖော်ပြခြင်းစသည့် ကြောင်းကျိုးဆက်စပ်တင်ပြနိုင်ရန် သင်ကြားရပါမည်။ ထိုသို့ ပြုလုပ်ရာတွင် ရည်ရွယ်ချက်နှင့် တစ်ဖက်လူကိုလိုက်ကာ တင်ပြပုံပြောင်းလဲရန် အရေးကြီးသည်။ မြန်မာစာဘာသာရပ်တွင်သာမက အခြားဘာသာရပ်များတွင်လည်း အရေးဘာသာစကားဖြင့် ရေးသားထားသည့်စာများကို ဖတ်ခြင်း၊ ရေးခြင်း လုပ်ငန်းများများပြားလာသည့်အတွက် ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် သင်ကြားရပါမည်။

၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

၆–၁ စတုတ္ထတန်းသင်ကြားရာတွင် သတိပြုရမည့်အချက်များ

စတုတ္ထတန်းတွင် သင်ခန်းစာများကို သင်ကြားရာ၌ ဆရာက တစ်ခုချင်းစီ မေးခွန်းမေးကာ သင်ကြားခြင်းမျိုး မဟုတ်ဘဲ၊ စာပိုဒ်များကို ကလေးများကိုယ်တိုင် ဖတ်ရှုစေပြီး၊ မိမိ၏အမြင်ကို တင်ပြခြင်း၊ ဇယားဖြင့် အနှစ်ချုပ်ခြင်း လုပ်ငန်းများပါဝင်သည်။ ကလေးများသည် အစောပိုင်းတွင် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခြင်း နည်းပါးကောင်း နည်းပါးပေလိမ့်မည်။ သို့သော်လည်း မိမိကိုယ်တိုင် ဖတ်နိုင်ရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။

စတုတ္ထတန်း တစ်တန်းတည်းသာမက ဆရာလမ်းညွှန်ကို အသုံးပြုသင်ကြားရာတွင် ကြိုတင်သိရှိထားသင့်သည့် အရေးသင်ကြားပုံ နည်းလမ်းများကို ရှင်းလင်းထားပါသည်။

၆–၂ အရေးသင်ကြားပုံ နည်းလမ်း

က။ အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက်

အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက် ၄ ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ **အရေးအသား**ဖြင့် ဆက်သွယ်နိုင်သော စွမ်းရည် မြင့်မားလာမည်။ (ဆက်သွယ်ခြင်း)

၂။ အရေးအသားဖြင့် မှတ်သားတွေးတောနိုင်သောစွမ်းရည်၊ စဉ်းစားနိုင်သောစွမ်းရည် မြင့်မားလာမည်။ (စဉ်းစားခြင်း၊ တွေးတောခြင်း)

၃။ အရေးအသားဖြင့် ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို့ကို ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားလာမည်။

၄။ အရေးအသားလေ့ကျင့်ခြင်းဖြင့် စကားလုံးအသုံးအနှုန်းများကို မှန်မှန်ကန်ကန် အသုံးပြုတတ်လာမည်။

ရေးသားခြင်းသည် လူမှုဘဝတွင် အလွန် အသုံးဝင်လှပါသည်။ ရေးသားလာနိုင်ပါက ကလေးများသည် လက်ရှိလူနေမှုဘဝ (ကျောင်း၊ အိမ်) တွင် ပိုမိုအဆင်ပြေ ချောမွေ့လာမည်သာမက အနာဂတ် လူနေမှုဘဝတွင်လည်း အဆင်ပြေချောမွေ့လာလိမ့်မည်။ ရေးသားခြင်းသည်

DBE Box – Copyright Protected

၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ် မရှိသော်လည်း အောက်ပါလုပ်ငန်းများ ပါဝင်လာသည်။

(၁) အဘိဓာန် အသုံးပြုပုံကိုအစပျိုးသော လုပ်ငန်း

ကျောင်းသုံးစာအုပ် နောက်ဆုံးတွင် ခက်ဆစ်စကားလုံးများ ပါရှိသည်။ ထိုစာရင်းကိုသုံးကာ ဝေါဟာရစီစဉ်ထားပုံကို သိရှိခြင်း၊ ဝေါဟာရ အဓိပ္ပာယ်ကို ရှာဖွေခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ရမည်။

(၂) မိမိဖတ်ရှုလိုသောစာအုပ်ကို ရှာဖွေသောလုပ်ငန်း

တတိယတန်းတွင် ကျောင်းရှိ စာဖတ်ခန်းကို သွားရောက်သောလုပ်ငန်း ပါရှိသည်။ စတုတ္ထတန်းတွင် စာကြည့်တိုက်၌ စာအုပ်များရှာဖွေပုံကို သင်ယူရမည်။ ဆရာက သင်ကြားပေးသည်သာမက သိရှိလိုသည်များနှင့် စိတ်ပါဝင်စားသည်များကို ကိုယ်တိုင်ရှာဖွေနိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် ၎င်းကို လေ့ကျင့်သောလုပ်ငန်းများ ပါရှိသည်။

၅။ စတုတ္ထတန်းတွင် ရရှိမည့် စွမ်းရည်များကို ပြုစုပျိုးထောင်ရန် လိုအပ်သော သင်ယူပုံ

တတိယတန်းတွင် စာကြောင်းရှည်များကို ရွတ်ဖတ်ခြင်း၊ မိမိအတွေးကို ဖော်ပြခြင်းများ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ စတုတ္ထတန်းတွင် ၎င်းစွမ်းရည်များကို တိုးမြှင့်ကာ တိုက်ရိုက်ရေးသားထားခြင်းမရှိသော အကြောင်းအရာများကို **တွေးတောခြင်း**၊ စဉ်းစားခြင်းလုပ်ငန်းများ ပြုလုပ်နိုင်စေရန် လုပ်ဆောင်စေမည်။ တစ်ဖန်စာတစ်ပုဒ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို **ဖတ်ရှုပြီး သိရှိထားသည့်** အကြောင်းအရာများကို ဇယား၊ မှတ်စုဖြင့် အနှစ်ချုပ်နိုင်ရန် သင်ကြားရပါမည်။ စာပိုဒ်ကိုဖတ်ခြင်း ၊ အနှစ်ချုပ်ခြင်း၊ **တင်ပြခြင်း**ကို တစ်စုတစ်စည်းတည်း ပြုလုပ်ရမည် ဖြစ်သော်လည်း မြန်မာစာသင်ကြားခြင်း၏ အရေးကြီးသောစွမ်းရည်ဖြစ်သည့်အတွက် **အနည်းငယ်စီ** လုပ်ဆောင်နိုင်စေရန် သင်ကြားရမည်။

အရေးအသားနှင့် အပြောအဆိုတွင် အကြောင်းရင်း၊ အကြောင်းပြချက်စသည်တို့ကို ရှင်းလင်းစွာ ဖော်ပြခြင်းစသည့် ကြောင်းကျိုးဆက်စပ်တင်ပြနိုင်ရန် သင်ကြားရပါမည်။ ထိုသို့ ပြုလုပ်ရာတွင် ရည်ရွယ်ချက်နှင့် တစ်ဖက်လူကိုလိုက်ကာ တင်ပြပုံပြောင်းလဲရန် အရေးကြီးသည်။ မြန်မာစာဘာသာရပ်တွင်သာမက အခြားဘာသာရပ်များတွင်လည်း အရေးဘာသာစကားဖြင့် ရေးသားထားသည့်စာများကို ဖတ်ခြင်း၊ ရေးခြင်း လုပ်ငန်းများများပြားလာသည့်အတွက် ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် သင်ကြားရပါမည်။

၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

၆–၁ စတုတ္ထတန်းသင်ကြားရာတွင် သတိပြုရမည့်အချက်များ

စတုတ္ထတန်းတွင် သင်ခန်းစာများကို သင်ကြားရာ၌ ဆရာက တစ်ခုချင်းစီ မေးခွန်းမေးကာ သင်ကြားခြင်းမျိုး မဟုတ်ဘဲ၊ စာပိုဒ်များကို ကလေးများကိုယ်တိုင် ဖတ်ရှုစေပြီး၊ မိမိ၏အမြင်ကို တင်ပြခြင်း၊ ဇယားဖြင့် အနှစ်ချုပ်ခြင်း လုပ်ငန်းများပါဝင်သည်။ ကလေးများသည် အစောပိုင်းတွင် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခြင်း နည်းပါးကောင်း နည်းပါးပေလိမ့်မည်။ သို့သော်လည်း မိမိကိုယ်တိုင် ဖတ်နိုင်ရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။

စတုတ္ထတန်း တစ်တန်းတည်းသာမက ဆရာလမ်းညွှန်ကို အသုံးပြုသင်ကြားရာတွင် ကြိုတင်သိရှိထားသင့်သည့် အရေးသင်ကြားပုံ နည်းလမ်းများကို ရှင်းလင်းထားပါသည်။

၆–၂ အရေးသင်ကြားပုံ နည်းလမ်း

က။ အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက်

အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက် ၄ ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အရေးအသားဖြင့် ဆက်သွယ်နိုင်သော စွမ်းရည် မြင့်မားလာမည်။ (ဆက်သွယ်ခြင်း)

၂။ အရေးအသားဖြင့် မှတ်သားတွေးတောနိုင်သောစွမ်းရည်၊ စဉ်းစားနိုင်သောစွမ်းရည် မြင့်မားလာမည်။ (စဉ်းစားခြင်း၊ တွေးတောခြင်း)

၃။ အရေးအသားဖြင့် ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို့ကို ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားလာမည်။

၄။ အရေးအသားလေ့ကျင့်ခြင်းဖြင့် စကားလုံးအသုံးအနှုန်းများကို မှန်မှန်ကန်ကန် အသုံးပြုတတ်လာမည်။

ရေးသားခြင်းသည် လူမှုဘဝတွင် အလွန် အသုံးဝင်လှပါသည်။ ရေးသားလာနိုင်ပါက ကလေးများသည် လက်ရှိလူနေမှုဘဝ (ကျောင်း၊ အိမ်) တွင် ပိုမိုအဆင်ပြေ ချောမွေ့လာမည်သာမက အနာဂတ် လူနေမှုဘဝတွင်လည်း အဆင်ပြေချောမွေ့လာလိမ့်မည်။ ရေးသားခြင်းသည်

DBE Box – Copyright Protected

၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ် မရှိသော်လည်း အောက်ပါလုပ်ငန်းများ ပါဝင်လာသည်။

(၁) အဘိဓာန် အသုံးပြုပုံကိုအစပျိုးသော လုပ်ငန်း

ကျောင်းသုံးစာအုပ် နောက်ဆုံးတွင် ခက်ဆစ်စကားလုံးများ ပါရှိသည်။ ထိုစာရင်းကိုသုံးကာ ဝေါဟာရစီစဉ်ထားပုံကို သိရှိခြင်း၊ ဝေါဟာရ အဓိပ္ပာယ်ကို ရှာဖွေခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ရမည်။

(၂) မိမိဖတ်ရှုလိုသောစာအုပ်ကို ရှာဖွေသောလုပ်ငန်း

တတိယတန်းတွင် ကျောင်းရှိ စာဖတ်ခန်းကို သွားရောက်သောလုပ်ငန်း ပါရှိသည်။ စတုတ္ထတန်းတွင် စာကြည့်တိုက်၌ စာအုပ်များရှာဖွေပုံကို သင်ယူရမည်။ ဆရာက သင်ကြားပေးသည်သာမက သိရှိလိုသည်များနှင့် စိတ်ပါဝင်စားသည်များကို ကိုယ်တိုင်ရှာဖွေနိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် ၎င်းကို လေ့ကျင့်သောလုပ်ငန်းများ ပါရှိသည်။

၅။ စတုတ္ထတန်းတွင် ရရှိမည့် စွမ်းရည်များကို ပြုစုပျိုးထောင်ရန် လိုအပ်သော သင်ယူပုံ

တတိယတန်းတွင် စာကြောင်းရှည်များကို ရွတ်ဖတ်ခြင်း၊ မိမိအတွေးကို ဖော်ပြခြင်းများ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ စတုတ္ထတန်းတွင် ၎င်းစွမ်းရည်များကို တိုးမြှင့်ကာ တိုက်ရိုက်ရေးသားထားခြင်းမရှိသော အကြောင်းအရာများကို **တွေးတောခြင်း**၊ စဉ်းစားခြင်းလုပ်ငန်းများ ပြုလုပ်နိုင်စေရန် လုပ်ဆောင်စေမည်။ တစ်ဖန်စာတစ်ပုဒ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို **ဖတ်ရှုပြီး သိရှိထားသည့်** အကြောင်းအရာများကို ဇယား၊ မှတ်စုဖြင့် အနှစ်ချုပ်နိုင်ရန် သင်ကြားရပါမည်။ စာပိုဒ်ကိုဖတ်ခြင်း ၊ အနှစ်ချုပ်ခြင်း၊ **တင်ပြခြင်း**ကို တစ်စုတစ်စည်းတည်း ပြုလုပ်ရမည် ဖြစ်သော်လည်း မြန်မာစာသင်ကြားခြင်း၏ အရေးကြီးသောစွမ်းရည်ဖြစ်သည့်အတွက် **အနည်းငယ်စီ** လုပ်ဆောင်နိုင်စေရန် သင်ကြားရမည်။

အရေးအသားနှင့် အပြောအဆိုတွင် အကြောင်းရင်း၊ အကြောင်းပြချက်စသည်တို့ကို ရှင်းလင်းစွာ ဖော်ပြခြင်းစသည့် ကြောင်းကျိုးဆက်စပ်တင်ပြနိုင်ရန် သင်ကြားရပါမည်။ ထိုသို့ ပြုလုပ်ရာတွင် ရည်ရွယ်ချက်နှင့် တစ်ဖက်လူကိုလိုက်ကာ တင်ပြပုံပြောင်းလဲရန် အရေးကြီးသည်။ မြန်မာစာဘာသာရပ်တွင်သာမက အခြားဘာသာရပ်များတွင်လည်း အရေးဘာသာစကားဖြင့် ရေးသားထားသည့်စာများကို ဖတ်ခြင်း၊ ရေးခြင်း လုပ်ငန်းများများပြားလာသည့်အတွက် ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် သင်ကြားရပါမည်။

၆။ သင်ကြားရာတွင် သတိပြုရမည့်အချက်များ

၆–၁ စတုတ္ထတန်းသင်ကြားရာတွင် သတိပြုရမည့်အချက်များ

စတုတ္ထတန်းတွင် သင်ခန်းစာများကို သင်ကြားရာ၌ ဆရာက တစ်ခုချင်းစီ မေးခွန်းမေးကာ သင်ကြားခြင်းမျိုး မဟုတ်ဘဲ၊ စာပိုဒ်များကို ကလေးများကိုယ်တိုင် ဖတ်ရှုစေပြီး၊ မိမိ၏အမြင်ကို တင်ပြခြင်း၊ ဇယားဖြင့် အနှစ်ချုပ်ခြင်း လုပ်ငန်းများပါဝင်သည်။ ကလေးများသည် အစောပိုင်းတွင် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခြင်း နည်းပါးကောင်း နည်းပါးပေလိမ့်မည်။ သို့သော်လည်း မိမိကိုယ်တိုင် ဖတ်နိုင်ရန်မှာ အရေးကြီးသောအချက်ဖြစ်ပါသည်။

စတုတ္ထတန်း တစ်တန်းတည်းသာမက ဆရာလမ်းညွှန်ကို အသုံးပြုသင်ကြားရာတွင် ကြိုတင်သိရှိထားသင့်သည့် အရေးသင်ကြားပုံ နည်းလမ်းများကို ရှင်းလင်းထားပါသည်။

၆–၂ အရေးသင်ကြားပုံ နည်းလမ်း

က။ အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက်

အရေးအသား သင်ကြားရခြင်း၏ ရည်ရွယ်ချက် ၄ ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အရေးအသားဖြင့် ဆက်သွယ်နိုင်သော စွမ်းရည် မြင့်မားလာမည်။ (ဆက်သွယ်ခြင်း)

၂။ အရေးအသားဖြင့် မှတ်သားတွေးတောနိုင်သောစွမ်းရည်၊ စဉ်းစားနိုင်သောစွမ်းရည် မြင့်မားလာမည်။ (စဉ်းစားခြင်း၊ တွေးတောခြင်း)

၃။ အရေးအသားဖြင့် ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို့ကို ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားလာမည်။

၄။ အရေးအသားလေ့ကျင့်ခြင်းဖြင့် စကားလုံးအသုံးအနှုန်းများကို မှန်မှန်ကန်ကန် အသုံးပြုတတ်လာမည်။

ရေးသားခြင်းသည် လူမှုဘဝတွင် အလွန် အသုံးဝင်လှပါသည်။ ရေးသားလာနိုင်ပါက ကလေးများသည် လက်ရှိလူနေမှုဘဝ (ကျောင်း၊ အိမ်) တွင် ပိုမိုအဆင်ပြေ ချောမွေ့လာမည်သာမက အနာဂတ် လူနေမှုဘဝတွင်လည်း အဆင်ပြေချောမွေ့လာလိမ့်မည်။ ရေးသားခြင်းသည်

DBE Box – Copyright Protected

တစ်စုံတစ်ယောက်နှင့် ဆက်သွယ်ရန်တစ်ခုတည်း မဟုတ်ပေ။ ရေးသားခြင်းဖြင့် မိမိအတွေးကို နက်နဲလာစေခြင်း၊ ဖြန့်ကျက်ခြင်းများ ပြုလုပ်နိုင်သည်။ တစ်ဖန် ရေးသားခြင်းဖြင့် မြန်မာဘာသာစကား ယဉ်ကျေးမှု (ကဗျာ၊ ပုံပြင်၊ ဝတ္ထု စသည်) ကို ဖန်တီးပြီး၊ နောက်မျိုးဆက်များသို့ လက်ဆင့်ကမ်းခြင်းမျိုးလည်းဖြစ်သည်။ ကြိမ်ဖန်များစွာ ရေးသားခြင်းဖြင့် ဝေါဟာရ၊ စကားလုံးများ မှန်မှန်ကန်ကန် တတ်မြောက်လာမည်။

စာအရေးအသား ကျွမ်းကျင်လာပါက အရွှတ်အဖတ်သည်လည်း ကျွမ်းကျင်လာလိမ့်မည်။ နားလည်မှုနှင့် တင်ပြမှုသည် ခွဲခြားမရနိုင်ပေ။ ကောင်းမွန်စွာ ရွှတ်ဖတ်နိုင်ခြင်းမရှိသော ကလေးသည် ကောင်းမွန်စွာ ရေးသားနိုင်ခြင်းမရှိသည်ကများသည်။ ထို့အတူ ရွှတ်ဖတ်ခြင်းကို အနာအကြား အပြောအဆို တို့နှင့်လည်း တွဲဖက်သင်ကြားသင့်ပေသည်။

ခ။ အရေးအသား အမျိုးအစားများ

အောက်ပါဇယားတွင် စာရေးသားရသည့် ရည်ရွယ်ချက်နှင့် စာအမျိုးအစားအပေါ် လိုက်ကာ ရေးပုံရေးနည်း ကွဲပြားခြားနားကြောင်းကို ဖော်ပြထားသည်။ ကလေးများကိုယ်တိုင် စာရေးသားရသည့် ရည်ရွယ်ချက်၊ အမျိုးအစား၊ စာဖတ်ပရိသတ်အလိုက် ရေးသားပုံကို ပြောင်းလဲနိုင်ရန် အရေးကြီးသည်။

စာအမျိုးအစား	နမူနာ
အသိပေးသော စာအမျိုးအစား	ပေးစာ၊ မေးလ် ၊ သတင်းစာ စသည်
မှတ်တမ်းတင်သော စာအမျိုးအစား	နေ့စဉ်မှတ်တမ်း၊ မှတ်စု၊ သင်ခန်းစာ မှတ်စု၊ အစည်းအဝေးမှတ်တမ်းစသည်
အစီရင်ခံ တင်ပြသော စာအမျိုးအစား	အစီရင်ခံစာ
ရှင်းလင်းဖော်ပြသော စာအမျိုးအစား	လက်စွဲ (စက်ပစ္စည်း အသုံးပြုပုံ) စသည်
မိမိ ထင်မြင်ချက်ကို ရေးသားထားသော စာအမျိုးအစား	စာစီစာကုံး ၊ ဆောင်းပါး၊ စာတမ်း ၊ သတင်းစာ စသည်
ရေးဖွဲ့ ဖန်တီးထားသော စာအမျိုးအစား	ကဗျာ၊ ပုံပြင်၊ ဇာတ်သွန်း စသည်

* မြန်မာစာနှင့်သက်ဆိုင်သော အကြောင်းအရာတစ်ခုတည်းကိုသာမက အခြားဘာသာရပ်နှင့် ကျောင်းလုပ်ငန်းများအကြောင်း ရှာဖွေရေးသားစေရန် အရေးကြီးသည်။
* ယနေ့ခေတ်တွင် စာရွက်၌သာမက လက်ကိုင်ဖုန်းနှင့် ကွန်ပျူတာတွင် ရေးသားခြင်းများ များပြားလာသည်။ ခဲတံ၊ ဘောပင်ဖြင့် ရေးသားခြင်းသာမက ကီးဘုတ်အသုံးပြုတတ်ရန်မှာလည်း အနာဂတ်တွင် အရေးပါလာပေလိမ့်မည်။

ဂ။ အရေးအသား တိုးတက်လာပုံ

အရေးအသား သင်ကြားရာတွင် အတန်းမြင့်လာသည်နှင့်အမျှ အောက်ပါဇယား၏ တတိယစာတိုင်ကို အလေးပေးသော သင်ကြားပုံစနစ်ကို စဉ်းစားရန် လိုအပ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် လူကြီးဘဝတွင် လိုအပ်သောစွမ်းရည်များ ရရှိလာမည်။ အောက်ပါဇယားတွင် ပထမတန်းမှ ပဉ္စမတန်း၊ လူကြီးဖြစ်သည်အထိ အရေးအသားစွမ်းရည်များ ပြောင်းလဲသင့်ပုံကို ဖော်ပြထားသည်။

ပထမတန်း	➢	ပဉ္စမတန်းမှ လူကြီးဖြစ်သည့်တိုင်
အသိအမြင်အတိုင်းဖော်ပြနိုင်ခြင်း	➢	တစ်ဆင့်တက် ဖန်တီးနိုင်ခြင်း
သင်ကြားမှုအတိုင်း မှတ်သားခြင်း	➢	တွေးတောစဉ်းစားခြင်း
ဗျည်း၊ သရ၊ ဗျည်းတွဲ အစီအစဉ်အတိုင်း ရေးသားနိုင်ခြင်း	➢	တင်ပြလိုသောအကြောင်းအရာနှင့်အကြောင်းပြချက်၊ အကြောင်းပြချက်နှင့် ရလဒ်ကို ရေးသားနိုင်ခြင်း
အရေးအသား အခြေခံတတ်မြောက်ခြင်း	➢	စာဖတ်မည့်သူနှင့် ရည်ရွယ်ချက်ပေါ် မူတည်၍ သူတစ်ပါးနားလည်အောင် ရေးသားနိုင်ခြင်း
စိတ်ထဲရှိသည့်အတိုင်းရေးခြင်း	➢	ရေးသားထားသောစာများကို အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်း၊ ရေးရမည့် စာပုံစံအလိုက် လုပ်ငန်းများတစ်ခုလုံးကို စဉ်းစားကာ ရေးသားခြင်း

DBE Box – Copyright Protected

ဃ။ စာပိုဒ်ဖွဲ့စည်းပုံနှင့် အရေးအသားလုပ်ငန်းစဉ်

(စာပိုဒ်ဖွဲ့စည်းပုံ)

သာမန်အားဖြင့် စာပိုဒ်များကို အောက်ပါအပိုင်း ၃ ပိုင်းဖြင့် ဖွဲ့စည်းထားသည်။

- ♦ နိဒါန်း . . . . . ခေါင်းစဉ်၊ မေးခွန်း ၊ ကောက်ချက်ချခြင်း ရေးထားသည်များလည်း ရှိနိုင်သည်။
- ♦ စာကိုယ်. . . . . အဓိကအကြောင်းအရာ
- ♦ နိဂုံး . . . . . အနှစ်ချုပ်

* ဖတ်စာများ၏ အခြေခံဖွဲ့စည်းထားပုံဖြစ်ပြီး နိဒါန်းနှင့် နိဂုံးကို ရေးသားမထားသောစာများလည်း ရှိနိုင်သည်။

(လုပ်ငန်းစဉ်)

စာရေးသားရာတွင် အခြေခံ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို ကလေးများသတိပြုကာ မိမိကိုယ်တိုင် အဆင့် ၁ မှ ၅ အထိ လုပ်ဆောင်တတ်ရန် အရေးကြီးသည်။

အဆင့်	**အဓိကလုပ်ငန်း**
၁။ ခေါင်းစဉ်သတ်မှတ်ခြင်း	အကြောင်းအရာကို သတ်မှတ်မည်။ (ရည်ရွယ်ချက်၊ ဖတ်ရှုမည့်သူ၊ အသုံးပြုမည့်ဘာသာစကား၊ အချိန်ကာလကို စစ်ဆေးမည်။)
၂။ အချက်အလက် စုစည်းခြင်း	ရေးသားရမည့် အချက်အလက်များကို စုစည်းမည်။ (အတွေ့အကြုံများကို ရေးသားရာတွင် ရေးသားရမည့် အချက်အလက် စုစည်းထားပြီး ဖြစ်သည်ဟု ပြောနိုင်သည်။)
၃။ စည်းရုံးရေးဖွဲ့ပုံ	စုစည်းထားသည့် အချက်အလက်များကို အစီအစဉ်လျာထားမည်။
၄။ ရေးသားခြင်း	လက်တွေ့ရေးသားမည်။
၅။ ပြင်ဆင်ခြင်း	မှားယွင်းသော စကားလုံးများကို ပြင်ဆင်ကာ ဖတ်ရှုရလွယ်ကူစေရန် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုလုပ်မည်။

* လက်တွေ့ ရေးသားရာတွင် အဆင့် ၄ နောက်ပိုင်းတွင် အချက်အလက်များ လုံလောက်မှု မရှိသဖြင့် အဆင့် ၂ ကို ပြန်လည်လုပ်ဆောင်ရခြင်း၊ အဆင့် ၅ နောက်ပိုင်းတွင် အဆင့် ၃ ရှိ စာပိုဒ်တည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်ခြင်းများ ရှိနိုင်သည်။ တစ်ဖန် အဆင့် ၄ ရေးသားခြင်းကို လုပ်ဆောင်ရင်း အဆင့် ၅ ပြင်ဆင်ခြင်းကိုလုပ်ဆောင်ခြင်းများလည်း ရှိနိုင်သည်။ ထိုသို့ အဆင့် ၁ မှ ၅ အထိ အစဉ်အတိုင်း ရေးသားခြင်း မဟုတ်ဘဲ ထိုအဆင့်များကို အပြန်အလှန် လုပ်ဆောင်ကြသည်။

* လက်တွေ့ ရေးသားရာတွင် အဆင့်များကို အစဉ်အတိုင်းဖြစ်ရန် မလိုသော်လည်း မိမိသည် ၁ မှ ၅ အတွင်း မည်သည့်အဆင့်ကို လုပ်ဆောင်နေသည်၊ ထို့နောက်တွင် မည်သည်ကို လုပ်ဆောင်မည်ဟု ကလေးများကိုယ်တိုင် သိရှိရန် လိုအပ်သည်။

၎။ အရေးသင်ကြားပုံ နည်းလမ်းအဆင့်ဆင့်

ထင်ရှားသည့် သင်ကြားပုံနည်းလမ်း ၂ မျိုး

အရေးသင်ကြားပုံ နည်းလမ်းများကို အကြမ်းအားဖြင့် အကြောင်းအရာကို အဓိကထားသော သင်ကြားပုံ နှင့် ရေးသားပုံစနစ်ကို အဓိကထားသော သင်ကြားပုံဟူ၍ ၂ မျိုး ခွဲခြားနိုင်သည်။

(၁) အကြောင်းအရာကို အဓိကထားသော သင်ကြားပုံ (ရည်ရွယ်ချက်၊ အသုံးဝင်ပုံ၊ နေ့စဉ်လူနေမှုဘဝ)

အကြောင်းအရာကို အဓိကထားသော သင်ကြားပုံတွင် ရည်ရွယ်ချက်၊ နေ့စဉ်ဘဝနှင့် ဆက်စပ်နေသည်များကို အလေးပေးသည်။

သာဓက။ ။

- ♦ ဆရာက ရည်ရွယ်ချက်ကိုလိုက်ကာ ကလေးများ မည်သို့သော အကြောင်းအရာများ ရေးရမည်ကို သင်ကြားမည်။ (ရည်ရွယ်ချက်)
- ♦ ကလေးများသည် ကျောင်းမှ အဖြစ်အပျက်များကို မိသားစုဝင်များအား စာရေး၍ ဖော်ပြနိုင်သည်။ (အသုံးဝင်ပုံ)

DBE Box - Copyright Protected

♦ ကလေးများသည် နေ့စဉ်အဖြစ်အပျက်များကို မှတ်မိအောင် မှတ်စုနှင့် နေ့စဉ်မှတ်တမ်းများ ရေးသားနိုင်သည်။ ကလေးများသည် နေ့စဉ်လူနေမှုဘဝနှင့် ဆက်စပ်နေသည်များကို ရေးသားနိုင်ပြီး စာရေးရသည်ကို ပျော်ရွှင်လာမည်။

ထိုနည်းလမ်းများကို အသုံးပြုသင်ကြားရာတွင် ကလေးများအတွက် အကျိုးကျေးဇူးများလာသည်။ ကလေးများသည် ဦးစွာ ရေးမည့်အကြောင်းအရာကို သူငယ်ချင်းနှင့် တိုင်ပင်မည်။ ဆရာနှင့် တိုင်ပင်မည်။ ထို့နောက် အကြမ်းရေးမည်။ တစ်ခါတစ်ရံ ဆရာသည် ကလေး၏အမှားကို ကြိမ်ဖန်များစွာ ပြင်ဆင်ခိုင်းသည်များ ရှိနိုင်သည်။ ကလေးမှားယွင်းနေသည်များကို ဆရာက မင်နီဖြင့် ဝိုင်းပေးသည်လည်း ရှိနိုင်သည်။ ကလေးများသည် များသောအားဖြင့် မိမိတို့အမှားကို ပြင်ဆင်ခိုင်းသည်များကို မနှစ်သက်ရာ ထိုကဲ့သို့ အမှားကို ပြင်ဆင်ခိုင်းခြင်းထက် စာရေးခြင်း၏ ရည်ရွယ်ချက်ကို ကလေးများနားလည်အောင် ရှင်းပြသင့်သည်။

(၂) ရေးသားပုံစနစ်ကို အဓိကထားသော သင်ကြားပုံ (ပုံစံကျနမှု၊ ကျွမ်းကျင်မှု)

ရေးသားပုံစနစ်ကို အဓိကထားသော သင်ကြားပုံသည် အရေးအသားပုံစံကျအောင် သင်ကြားခြင်းဖြစ်သည်။ **ကလေးများတို့** ရှင်းလင်းလွယ်ကူသော ရေးပုံရေးနည်းမှ ခက်ခဲသောရေးပုံရေးနည်းသို့ ပုံစံတကျ သင်ယူစေမည်။ သို့သော် တစ်ခါတစ်ရံ ထိုသင်ကြားနည်းတွင် ဆရာဖြစ်သူသည် ကလေးများကို စာအများအပြား ရေးခိုင်းသည်များလည်း ရှိနိုင်သည်။ ထို့ပြင် ဆရာများသည် ခေါင်းစဉ်တပ်ခြင်း၊ စာပိုဒ်ခွဲခြင်း၊ ပုဒ်ဖြတ်ပုဒ်ရပ်ထည့်သွင်းခြင်း၊ သတ်ပုံမှန်မှန်ရေးသားခြင်း စသည့် အရေးအသားဆိုင်ရာ စွမ်းရည်များကို **အလေးပေးသင်ကြားသော** အခါများလည်း ရှိသည်။ ထိုသို့ သင်ကြားရာတွင် ဆရာသည် ကလေးများ စိတ်ပါဝင်စားလာအောင် လုပ်ဆောင်နိုင်ခြင်းမရှိပါက **ရေးသားခြင်းအပေါ်** ငြီးငွေ့သွားနိုင်သည်။

* ရေးရသည့် ရည်ရွယ်ချက်နှင့် ဖတ်ရှုမည့်သူကို အသိပေးရန်တို့မှာ အလွန်**အရေးကြီး**သည်။ အကြောင်းအရာပိုင်းကို အလေးပေးရင်း ကျွမ်းကျင်မှုအပိုင်းကိုလည်း သင်ကြားပေးရမည်။

(၃) အရေးအသား သင်ကြားခြင်းလုပ်ငန်းစဉ်

အရေးအသား လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ၃မျိုး (မရေးသားမီ သင်ကြားခြင်း၊ ရေးသားနေစဉ် သင်ကြားခြင်း၊ ရေးသားပြီးချိန် သင်ကြားခြင်း) ခွဲခြားနိုင်သည်။

(က) မရေးသားမီ သင်ကြားခြင်း (စိတ်ပါဝင်စားမှု၊ အကြောင်းအရာ၊ ကျွမ်းကျင်မှု)

မသင်ကြားမီအရေးကြီးသည်မှာ ကလေးများ **စာရေးသားလိုစိတ်** ဖြစ်ပေါ်လာအောင် ဆရာက ကလေးများ၏ စိတ်ပါဝင်စားမှုကို မြှင့်တင်ပေးနိုင်ရန် လိုအပ်သည်။ **ထို့ကြောင့်** ရေးသားရမည့်ခေါင်းစဉ် ရွေးချယ်ရန်မှာ အလွန်အရေးကြီးသည်။ ရေးသားရမည့် အကြောင်းအရာကို ခေါင်းစဉ်ပေါ်မူတည်ပြီး သတ်မှတ်သည်။ ကလေးများသည် အောက်ပါအချက်များကို သိရှိရန် လိုအပ်သည်။

* အဘယ်ကြောင့် ရေးသည်။
* မည်သူ့ထံ ရေးသည်။
* မည်သည်ကို ရေးသည်။
* မည်သည့်အချိန်တွင် ရေးသည်။

ဆရာသည် ကလေးများ၏ အရေးအသားစွမ်းရည်များ တိုးတက်လာစေရန် မည်သို့ရေးသားရမည်ကို သင်ကြားပေးရန်လည်း အရေးကြီးသည်။

(ခ) ရေးသားနေစဉ် သင်ကြားခြင်း (စဉ်းစားတွေးခေါ်ခြင်း၊ ဖန်တီးခြင်း၊ ပံ့ပိုးကူညီခြင်း)

ကလေးများအား ရည်ရွယ်ချက်နှင့်ကိုက်ညီသော စာကြောင်းများကို စဉ်းစားစေပြီးမှသာ ရေးသားစေရန် အရေးကြီးသည်။ ကလေးများသည် မြင်တွေ့ထားသော၊ ဖတ်ရှုထားသော အတွေ့အကြုံများ ရှိသဖြင့် ၎င်းတို့ကို အခြေခံကာ ကိုယ်တိုင်ဖန်တီးရေးသားမည်။ ထိုအချိန်တွင် ဆရာ၏တာဝန်သည် ကလေးများ ရေးသားနေသည်ကို ပံ့ပိုးကူညီပေးရန် ဖြစ်သည်။ အတန်းတွင်း လှည့်လည်ကာ ကလေးများ စဉ်းစားထားသည်များကို မေးမြန်းပြီး ဆွေးနွေးမည်။ ကလေးများ လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူ မေးမြန်းနိုင်အောင် လမ်းကြောင်းပေးရမည်။

DBE Box_Copyright Protected

(၇) ရေးသားပြီးချိန် သင်ကြားခြင်း (ဖတ်ခြင်း၊ ဖလှယ်ခြင်း၊ ပြန်လည်စိစစ်ခြင်း၊ ပြင်ဆင်ခြင်း)

ဖလှယ်ပြောဆိုခြင်း (ဆွေးနွေးခြင်း) သည် ဘာသာစကားသင်ကြားရာတွင် အရေးကြီးသောလုပ်ငန်းဖြစ်သည်။ ကလေးများသည် မိမိတို့ ရေးသားထားသော စာများကို အချင်းချင်း လဲလှယ်ဖတ်ရှုကာ အကြောင်းအရာကို ဆွေးနွေးကြမည်။ ဆွေးနွေးထားသည်များအပေါ် မူတည်ကာ စာကြောင်းများကိုပြင်ဆင်မည်။ ထို့နောက် ကလေးများသည် ရေးသားထားသည်များကို ဆရာထံ တင်ပြမည်။

ထိုအချိန်တွင် ဆရာက မှားနေသည်များကို ထောက်ပြသည့်အပြင် စာတစ်ပုဒ်လုံးကို ဖတ်ရှုပြီး ရည်ရွယ်ချက်နှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရပါမည်။ ထို့နောက် ကောင်းမွန်စွာရေးနိုင်သော ကလေးများကို ချီးမွမ်းပေးရပါမည်။ ထိုလုပ်ငန်းသည် ပြန်လှန်သင်ကြားခြင်း ဖြစ်သည်။

ပြန်လှန်သင်ကြားခြင်းသည် ဆရာများအတွက် သင်ကြားပုံ သင်ကြားနည်းနှင့် ပတ်သက်၍ ပြင်ဆင်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်သည်။ ကလေးများအတွက်လည်း ရေးသားထားသောစာများကို ပြင်ဆင်ရန် အခွင့်အရေးရရှိပြီး လက်တွေ့ ပြင်ဆင်နိုင်မည်။

နောက်ဆုံးတွင် ဆရာက ကလေးများရေးသားထားသောစာများကို ရည်ရွယ်ထားသည့် ဖတ်မည့်သူများ ဖတ်နိုင်ရန် စီစဉ်ပေးရမည်။

* အခြေအနေအကြောင်းအရာအမျိုးမျိုးကို ကျွမ်းဝင်စွာ ရေးသားနိုင်ရန်လိုအပ်သည်။
* ရေးသားခြင်းသည် ကလေးတစ်ဦးချင်းစီအလိုက် ကွာခြားနိုင်သည်။ တစ်တန်းလုံး တစ်ပြိုင်တည်း သင်ကြားသည့်တိုင် ကလေးတစ်ဦးချင်းစီကို သေချာစွာ ကြည့်ရှုပြီး ကလေး၏စွမ်းရည်နှင့် အခြေအနေကိုလိုက်ကာ သင်ကြားရန် အရေးကြီးသည်။
* စာလုံးပေါင်းသတ်ပုံ အမှားအယွင်းများသာမက အခြားအချက်အလက်များကိုလည်း ရည်ရွယ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိ ကြည့်ရှုပေးရန် အရေးကြီးသည်။
* အကြောင်းအရာနှင့်စပ်လျဉ်းပြီး အကြံဉာဏ်ပေးရန်လိုသည်။ ထို့နောက် အသုံးအနှုန်းနှင့် စပ်လျဉ်းပြီး စဉ်းစားစေခြင်း၊ ပြင်ဆင်ပေးခြင်းများ လုပ်ဆောင်ပေးရန်လိုသည်။ ကလေးများ ကြိုးစား၍ ရေးသားထားသည့် အကြောင်းအရာများကို စိတ်ဝင်တစား တုံ့ပြန်မှု ပြုလုပ်သည့်အခါ ကလေးများ ရေးသားလိုစိတ် ထက်သန်လာပေလိမ့်မည်။
* ကလေးများ အမှန်တကယ် ရေးသားလိုသော အကြောင်းအရာကို အလေးပေးရန် အရေးကြီးသည်။
* ရေးသားခြင်း၏ ပျော်ရွှင်ဖွယ်ကောင်းပုံ၊ အရေးပါပုံကို သိရှိရန် အရေးကြီးသည်။

စ။ ရေးသားသည့်လုပ်ငန်း အမျိုးမျိုး

ဆရာများသည် အောက်ပါ ရေးသားခြင်းလုပ်ငန်းများကို အတန်းအဆင့်နှင့် ညှိနှိုင်း လုပ်ဆောင်နိုင်သည်။

လုပ်ငန်း	အကြောင်းအရာ	မူလတန်း အောက်ဆင့်	မူလတန်း အထက်ဆင့်
စာကြောင်းများကို ကူးရေးခြင်း	စာကြောင်းတစ်ကြောင်း၊ စာပိုဒ်တစ်ပိုဒ်၊ စာပုဒ်တစ်ပုဒ်ကို မှတ်စုတွင် ကူးရေးခြင်း။ ရေးသားခြင်းတွင် အကျွမ်းတဝင် ရှိလာစေရန် အတွက် အခြေခံ လေ့ကျင့်ခြင်းဖြစ်ပြီး ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်းဖြင့် ရေးသားရာတွင် ပိုမိုမြန်ဆန်လာမည်။ ဝါကျတိုမှ စတင်ကာ ဖြည်းဖြည်းချင်း စာပိုဒ်များအထိ တိုးသွားရမည်။ ကိုယ်ရေးနိုင်သလောက်သာ ရေးသားရန်၊ အခြားသူများနှင့် ပြိုင်ဆိုင်ခြင်း မရှိရန်၊ သပ်သပ်ရပ်ရပ် ရေးသားရန် စသည်ဖြင့် သတိပေးပြောကြားရန် အရေးကြီးသည်။ ရေးသားရာတွင် ကျွမ်းကျင်လာပါက ၅ မိနစ်အတွင်း ကျောင်းသုံးစာအုပ်ပါ စကားလုံးမည်မျှကို ရေးသားနိုင်ခြင်း၊ ကိုယ်တိုင် မှတ်သားသော လုပ်ငန်းလုပ်ဆောင်နိုင်ခြင်း။	◎	
နေ့စဉ်မှတ်တမ်း ရေးခြင်း	အချိန်အစဉ်လိုက်ရေးသားခြင်း၊ မိမိထင်မြင်ချက်ကို ရေးသားခြင်း စသည်တို့ကို လေ့ကျင့်သော လုပ်ငန်း၊ မူလတန်းအောက်ဆင့်တွင် ပုံဆွဲပြီး မှတ်တမ်းတင်ခြင်း။	◎	

DBE Box - Copyright Protected

လုပ်ငန်း	အကြောင်းအရာ	မူလတန်း အောက်ဆင့်	မူလတန်း အထက်ဆင့်
ပေးစာရေးခြင်း	ရေးသားထားသော ပေးစာကို အခန်းတွင်းရှိ သူငယ်ချင်း၊ မိဘ စသည်တို့ကို ဖတ်ရှုစေခြင်း။ ပေးစာရေးသားပြီးနောက် ပြန်စာ ပြန်ရစေရန် လုပ်ဆောင်ပါက ကလေးများပျော်ရွှင်ပေလိမ့်မည်။ လူမှုဘဝ၌ အသုံးချနိုင်သော အကူအညီတောင်းခံသောစာ၊ ကျေးဇူးတင်စာ စသည်တို့ ရေးသားခြင်း။	◎	◎
ဖန်တီး ရေးသားခြင်း	မူလတန်းအောက်ဆင့်တွင် ဖတ်စာပါ ပုံပြင်ကိုဖတ်ပြီးနောက် ဆင်တူသော ပုံပြင်ကို ဖန်တီးခြင်း၊ မူလတန်း အထက်ဆင့်တွင် ကိုယ်ပိုင်ပုံပြင်ဖန်တီးခြင်း။	◎	◎
ပြောင်းလဲ ရေးသားခြင်း	ပုံပြင်ကို ဇာတ်ညွှန်းရေးသားခြင်း၊ ပြဇာတ်ရေးသားခြင်း စသည်ဖြင့် အခြားစာ အမျိုးအစား တစ်ခုသို့ ပြောင်းလဲရေးသားခြင်းဖြစ်သည်။ စာတစ်ပုဒ်လုံး မဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းကိုသာ ပြောင်းလဲ ရေးသားခြင်း။ သာဓက ။ ။ ပုံပြင်၏အကြိုက်ဆုံး ဇာတ်ကွက်ကို ထုတ်နုတ်ကာ ပုံဆွဲပြီး လက်ကမ်းစာစောင် ပြုလုပ်ခြင်း၊ ဇာတ်ကွက်အများအပြား သို့မဟုတ် စာအုပ် အများအပြားမှ ဇာတ်ကွက်ကို စုစည်းပြီး အသစ်ပေါင်းစပ်ဖန်တီးခြင်းစသည့် လွယ်ကူသော လုပ်ငန်းများသည် မူလတန်းအောက်ဆင့်မှစတင် လုပ်ဆောင်နိုင်သည်။	◎	◎
အကြောင်းအရာ တစ်ခုကို ရှင်းပြခြင်း	(--- နှင့် စပ်လျဉ်းပြီး) စသည်ဖြင့် ရုပ်ပုံ၊ ဓာတ်ပုံများကို ကြည့်ကာ အကြောင်းအရာ တစ်စုံတစ်ခုကို ရှင်းလင်းရေးသားခြင်း။ မူလတန်း အောက်ဆင့်တွင် ရိုးရှင်း လွယ်ကူသည်များ၊ အထက်ဆင့်တွင် အနည်းငယ်ရှုပ်ထွေးသည်များကို ရေးသားခြင်း။ သာဓက ။ ။ မူလတန်း အောက်ဆင့်တွင် ကစားစရာ ပြုလုပ်ပုံနှင့် ကစားနည်းစသည်တို့ သင့်လျော်သည်။ လက်တွေ့ လုပ်ဆောင်စေပြီးမှသာ ရေးသားသင့်သည်။ လုပ်ဆောင်ရမည့် အဆင့်ကို သတိပြုရေးသားစေမည်။	◎	◎
မှတ်စုရေးခြင်း	ဝါကျရှည်ဖြင့် ရေးသားခြင်းမျိုးမဟုတ်ဘဲ မိမိအတွက် လိုအပ်သောအချက်အလက်ကိုသာအကြမ်းရေးမှတ်ခြင်း၊ အရေးကြီးသော အချက်အလက်ကိုသာ မှတ်စုထုတ်ခြင်း။		◎
သတင်းရေးခြင်း	အဖွဲ့လိုက် သို့မဟုတ် တစ်ဦးချင်း သတင်းစာအသေးစားကို ရေးသားခြင်း။ ရှင်းလင်းဖော်ပြချက်နှင့် မိမိထင်မြင်ချက်ကို ရေးသားသော စာများကို လေ့ကျင့်ခြင်း။ A4 စာရွက် တစ်မျက်နှာခန့်ရှိသော သတင်းစာပြုလုပ်ခြင်း။		◎
စာတမ်းရေးခြင်း	စာရွက်စာတမ်း၊ အချက်အလက်များကို စုစည်းပြီး သက်သေအထောက်အထား အခြေခံကာ မိမိထင်မြင်ချက်ကို ရေးသားခြင်း။ ဆွေးနွေးတင်ပြလိုသော အကြောင်းအရာနှင့် အကြောင်းရင်းကို ရှင်းလင်းစွာ တင်ပြပြီး ကြောင်းကျိုးဆက်စပ်မှုကို အဓိကထားကာ ရေးသားခြင်း။		◎
အခြားရေးသားခြင်း	ကလေးများသည် မိမိကိုယ်တိုင် စာရေးသူအနေဖြင့် စာများကို အများအပြား ရေးသားစေသော နည်းလမ်း၊ ရေးသားရမည့် အကြောင်းအရာကို ကလေးကိုယ်တိုင်ဆုံးဖြတ်စေခြင်း။ ဝတ္ထု သာမက သုတစာပေများလည်း ရေးသားနိုင်ခြင်း။		◎

* မည်သည့်လုပ်ငန်းတွင်မဆို ကလေးများရေးသားလိုသော အကြောင်းအရာ သို့မဟုတ် ကလေးကိုယ်တိုင် ရှာဖွေထားသော ခေါင်းစဉ် ဖြစ်ရန် လိုအပ်သည် ။

DBE BOX – Copyright Protected

၇။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံအချက်များ

စစ်ဆေးအကဲဖြတ်ခြင်းကို အဘယ်ကြောင့် လုပ်ဆောင်ကြပါသနည်း။ စစ်ဆေးအကဲဖြတ်ရာတွင် ရည်ရွယ်ချက် ၃ ခုရှိသည်။

(၁) မိမိ၏စွမ်းရည်ကိုသိရှိကာ ပိုမိုတိုးတက်အောင် ကလေးများကိုယ်တိုင် လုပ်ဆောင်နိုင်ရန်

(၂) မိမိသင်ကြားပုံကိုသိရှိကာ သင်ကြားရေးလုပ်ငန်းများပိုမိုကောင်းမွန်အောင် ဆရာများ ဆောင်ရွက်ရန်

(၃) အတန်းတင်ပေးခြင်းစသည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

ရည်ရွယ်ချက် (၃) သည် အရေးကြီးသော်လည်း ရည်ရွယ်ချက် (၁) (၂) ကို သတိပြုကာ သင်ကြားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရေးကြီးသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် (၁) ကလေးများအတွက် (၂) ဆရာများအတွက် အကျိုးရှိခြင်း ရှိ မရှိကို အစဉ်သဖြင့်စဉ်းစားကာ လုပ်ဆောင်ရန် လိုအပ်သည်။

စာသင်ချိန်ကို အနှစ်ချုပ်ရာတွင် မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်ခြင်း ရှိ မရှိ၊ စာလုံးပေါင်းသတ်ပုံ နားလည်မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးရုံသာမက ကလေးများက မည်ကဲ့သို့ နားလည်ခဲ့သည်၊ တွေးတောခဲ့သည်ကို တစ်တန်းလုံးနှင့် မျှဝေရန်လိုအပ်သည်။ အရွှတ်အဖတ်သာမက တွေ့ကြုံရသည့် အခက်အခဲများကို ရေးသားတင်ပြပုံအပိုင်းတွင်လည်း ကလေးများကိုယ်တိုင် ဖန်တီးတွေးတောသည်များရှိသည်။ စာသင်ချိန် ရည်ရွယ်ချက်နှင့် ညှိနှိုင်းကာ စစ်ဆေးအကဲဖြတ်ရန် အရေးကြီးသော်လည်း ကျောင်းသားတစ်ဦးချင်းစီ၏ စဉ်းစားတွေးခေါ်ပုံ၊ ယခင်ကထက် ပိုမိုတတ်မြောက်လာပုံ စသည်ကိုလည်း အသိအမှတ်ပြုပေးရပါမည်။ ထို့ကြောင့် ကလေးများ၏ အခြေအနေကို အစဉ်သဖြင့် အကဲခတ်နေရန်လိုအပ်ပြီး ကလေးတစ်ဦးချင်းစီနှင့် စကားပြောရန်လည်း အရေးကြီးသည်။

မည်သည့်စစ်ဆေးအကဲဖြတ်ခြင်းတွင်မဆို ကလေးများ၏ သင်ယူမှုနှင့်သင်ယူလိုစိတ်ကိုမြှင့်ပေးရန် အရေးကြီးသည်။ ကလေးများ ယုံကြည်မှုရှိလာအောင် အားသာချက်၊ အားနည်းချက်များကို မည်ကဲ့သို့ ဟန်ချက်ညီညီ အသိပေးသင့်သည်ကို စဉ်းစားကြရမည်။

တစ်ဖန် စတုတ္ထတန်းတွင် စာမေးပွဲ ကျင်းပပြုလုပ်မည်ဖြစ်သော်လည်း မေးခွန်းထုတ်မည့်ဆရာသည် ကလေးများ သင်ယူထားသော အရာများကိုသာ စစ်ဆေးအကဲဖြတ်မိအောင် ဆရာလမ်းညွှန်နှင့် ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို လေ့လာကိုးကားရန် လိုအပ်ပါသည်။ စာမေးပွဲအပြင် အခြားစစ်ဆေးအကဲဖြတ်ပုံနည်းလမ်းအဖြစ် စတုတ္ထတန်းတွင်လည်း အခြားအတန်းများနည်းတူ ဇယားဖြင့်စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုနိုင်သည်။

မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း

နမူနာပုံစံ (၁)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ (၃) စေတနာ(ပုံပြင်)
သင်ယူမှုဦးတည်ချက်	♦ ပုံပြင်ပါစေတနာ၏အဓိပ္ပာယ်ကို သိရှိနားလည်ရန် ♦ ရှေးသုံး ခေတ်သုံးစကားများ၏ကွဲပြားခြားနားပုံကို လေ့လာသိရှိရန်

သိမှုအဆင့်	မှတ်မိခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေ

မေးခွန်း

၁။ မင်းသားနှင့်အဘိုးအို မည်သည့်နေရာတွင် တွေ့ခဲ့သနည်း။

၂။ အဘိုးအိုက မင်းသားကို မည်သည့်အရာနှင့် ဧည့်ခံသနည်း။

နမူနာအဖြေ

၁။ အဘိုးအို၏ ခြံရှေ့တွင် တွေ့ခဲ့ပါသည်။

၂။ အဘိုးအိုက မင်းသားကို လတ်ဆတ်၍ မွှေးကြိုင်ချိုမြိန်သော သရက်သီးဖြင့်ဧည့်ခံပါသည်။

DBE Box — Copyright Protected

သိမှုအဆင့်	နားလည်ခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေ

မေးခွန်း

၃။ "မိမိအတွက်အကျိုးမရှိသောအလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော"ဟု မင်းသားက အဘယ်ကြောင့် မေးသနည်း။

၄။ မင်းသားက အဘိုးအိုကို အဘယ်ကြောင့် ပတ္တမြားလက်စွပ်ကို ပေးခဲ့သနည်း။

၅။ ကလေးတို့ပြောနေသည့် စကားနှင့် ပုံပြင်ထဲက ပြောစကားဘယ်လိုကွာခြားသလဲ မေးခွန်းကို ပြောစေပါမည်။

နမူနာအဖြေ

၃။ မင်းသားက အဘိုးအို အသက်ကြီးပြီဖြစ်သည့်အတွက် ယခုမှ သရက်ပင်စိုက်နေခြင်းသည် အကျိုးမရှိဟု ထင်၍ မေးခြင်းဖြစ်ပါသည်။

၄။ မင်းသားက အဘိုးအိုကို ကျေးဇူးတင်သောကြောင့် ပတ္တမြား လက်စွပ်ကို ပေးခြင်းဖြစ်ပါသည်။

၅။ သား၊သမီးတို့က လူကြီးတွေကို စကားပြောလျှင် ကိုယ့်ကိုယ်ကိုယ် ကျွန်ုပ် ဟုမပြောပါ။ . . စသည်. ။

သိမှုအဆင့်	အသုံးချခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေ

မေးခွန်း

၆။ "လက်ငင်းပင် ပတ္တမြားသီး သီးလေပြီ"ဟု အဘိုးအိုက အဘယ်ကြောင့် ပြောခဲ့သနည်း။

၇။ မင်းသားသည် အဘိုးအိုထံမှ ထွက်သွားပြီးနောက် မည်သို့ ဆက်လုပ်မည် ထင်သနည်း။

နမူနာအဖြေ

၆။ ➢ အဘိုးအိုက သူ မင်းသားကို သရက်သီးကျွေးလိုက်သည့်အတွက် ပတ္တမြားလက်စွပ် ရခြင်းဖြစ်သည်ဟု ထင်သောကြောင့်ပြောခြင်းဖြစ်သည်။

➢ အဘိုးအိုက သူ့စေတနာကြောင့် ချက်ချင်း ကောင်းကျိုးရခြင်းဖြစ်ကြောင်းကို ပြောခြင်းဖြစ်ပါသည်။

၇။ ကလေးများကို လွတ်လပ်စွာတွေးတော ဖြေဆိုစေပါမည်။ နမူနာအဖြေမှာ အောက်ပါအတိုင်းဖြစ်သည်။

➢ အဘိုးအိုထံမှ ထွက်သွားပြီးနောက် နောင်လာနောက်သားတို့အတွက် သစ်ပင်စိုက်ရန် အခြားသူများကို ပြောမည်ထင်ပါသည်။

➢ အဘိုးအို ထံမှ ထွက်သွားပြီးနောက် အသိတရားများရရှိပြီး သူတစ်ပါးအကျိုးအတွက်ပိုမို ဆောင်ရွက်သွားမည်ထင်ပါသည်။

မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း

နမူနာပုံစံ (၂)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ (၁၉) မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း
သင်ယူမှုဦးတည်ချက်	♦ ဖတ်စာပါ အကြောင်းအရာများကို နားလည်ပြီး ကြက်ဥပြုတ်နှင့်ကြက်ဥစိမ်း ကွဲပြား ခြားနားမှုကို သိရှိစေရန် ♦ ဖတ်စာပါမေးခွန်းနှင့်အဖြေကို ယှဉ်တွဲဖတ်ရှုပြီး အနှစ်ချုပ်တတ်ရန်

သိမှုအဆင့်	မှတ်မိခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေ

မေးခွန်း

၁။ ကြက်ဥပြုတ်၏အတွင်းပိုင်းသည် မည်သို့ဖြစ်နေသနည်း။

၂။ ကြက်ဥစိမ်း၏အတွင်းပိုင်းသည် မည်သို့ဖြစ်နေသနည်း။

နမူနာအဖြေ

၁။ ကြက်ဥပြုတ်၏အတွင်းရှိအရာအားလုံးသည် အခဲဖြစ်ပြီး အကာသည်လည်းကြက်ဥခွံနှင့်ကပ်နေသည်။

၂။ ကြက်ဥစိမ်း၏အတွင်းပိုင်းသည် စေးပျစ်သောအရည်ဖြစ်နေသည်။

DBE Box – Copyright Protected

သိမှုအဆင့်	နားလည်ခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေ

မေးခွန်း

၁။ ပထမစာပိုဒ်မှာ ရှိတဲ့ "ထိုသို့"အသုံးက ဘာကို ညွှန်းတာလဲ။

၂။ တတိယစာပိုဒ်မှာ ရှိတဲ့ "ထိုသို့"အသုံးက ဘာကို ညွှန်းတာလဲ။

နမူနာအဖြေ

၁။ ပထမစာပိုဒ်တွင်ရှိသည့် "ထိုသို့"အသုံးသည် ကြက်ဥပြုတ်နှင့်ကြက်ဥစိမ်း၏အတွင်းပိုင်းကို ဖော်ပြသောစာကို ရည်ညွှန်းပါသည်။

၂။ တတိယစာပိုဒ်မှာရှိသည့် "ထိုသို့"အသုံးသည် ကြက်ဥပြုတ်ကိုပန်းကန်ပြားတွင် ပုံ(၂)အတိုင်း လက်ဖြင့်ဖြည်းဖြည်း လှည့်ကြည့်ပါဟူသော ဝါကျကိုရည်ညွှန်းသည်။

သိမှုအဆင့်	အသုံးချခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်မေး၊ နှုတ်ဖြေနှင့် ရေးဖြေ

အောက်ပါဇယားကိုဖြည့်ပါ။

	ကြက်ဥပြုတ်၊ ကြက်ဥစိမ်း အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန် တူ/မတူ	လည်ပုံ		အတွင်းပိုင်းပုံစံ
		နှေး	မြန်	
ကြက်ဥပြုတ်				
ကြက်ဥစိမ်း				

နမူနာအဖြေ

	ကြက်ဥပြုတ်၊ ကြက်ဥစိမ်း အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန် တူ/မတူ	လည်ပုံ		အတွင်းပိုင်းပုံစံ
		နှေး	မြန်	
ကြက်ဥပြုတ်	အတူတူပင် ဖြစ်သည်။	ကြက်ဥပြုတ်ကို လက်ဖြင့် လှည့်ပါက အဝိုင်းလေး လည်လာလိမ့်မည်။	မြန်မြန်လှည့်ပါက အဝိုင်းနှစ်ဝိုင်း ပေါ်လာပြီး ထောင်ကာ လည်လိမ့်မည်။ ဂျင်ကဲ့သို့ လည်လိမ့်မည်။	ကြက်ဥပြုတ်၏ အဖြူရောင်အကာသည်ခဲနေသော အဝါရောင်အနှစ်၏ ဘေးပတ်လည်တွင် ရှိနေပြီး အခွံနှင့် ကပ်နေသည်။
ကြက်ဥစိမ်း	အတူတူပင် ဖြစ်သည်။	ကြက်ဥစိမ်းကို လက်ဖြင့် လှည့်ပါက လှုပ်ပြီး ဖြည်းဖြည်းချင်း လည်ရုံသာ ရှိလိမ့်မည်။	မြန်မြန် လှည့်သည့်တိုင် မြန်မြန် လည်လာခြင်း မရှိပေ။	မပြုတ်ရသေးသော ကြက်ဥစိမ်းတွင် အကြည်ရောင် ပျစ်ခွဲသော အကာသည် ပျော့နေသော အဝါရောင်အနှစ်၏ ပတ်လည်တွင်ရှိနေသည်။

DBE Box – Copyright Protected

မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း

နမူနာပုံစံ (၃)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ(၂၈) ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ
သင်ယူမှုဦးတည်ချက်	♦ ဖတ်စာပါ အကြောင်းအရာများကိုဖတ်ပြီး ရာသီပန်းများ၏ ထူးခြားချက်များကို သိရှိ၍ ပြောပြတတ်ရန်။ ♦ ပုံနှင့်စာကို ယှဉ်တွဲဖတ်ရှုတတ်ရန်။ ♦ ရာသီအလိုက်ပွင့်သော ပန်းများကိုသိရှိပြီး အချိန်ရာသီကိုလိုက်၍ အမျိုးမျိုး ကွဲပြားခြားနားကြောင်းသိရှိရန်။

သိမှုအဆင့်	မှတ်မိခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်ဖြေ/ ရေးဖြေမေးခွန်း

၁။ ရုပ်ပုံများကို ကြည့်၍ မှန်ကန်သောအဖြေနှင့် ယှဉ်တွဲပါ။






သရဖီပန်း | ခဝဲပန်း | ကံ့ကော်ပန်း | သဇင်ပန်း

သိမှုအဆင့်	နားလည်ခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်ဖြေ/ ရေးဖြေမေးခွန်း

မေးခွန်း (၁) ပန်းမျိုးစုံညီဆယ့်နှစ်လရာသီမှာပါတဲ့ အကြောင်းအရာ၊ ဓာတ်ပုံတွေကို ကြည့်ပြီး အနှစ်ချုပ်ရေးကြရအောင်။

လအမည်	**ရာသီအလိုက်ပွင့်သောပန်း**	**အရောင်၊ ပုံသဏ္ဌာန်(ထူးခြားချက်)**
သီတင်းကျွတ်		
ပြာသို		
တပေါင်း		

နမူနာအဖြေ

လအမည်	**ရာသီအလိုက်ပွင့်သောပန်း**	**အရောင်၊ ပုံသဏ္ဌာန်(ထူးခြားချက်)**
သီတင်းကျွတ်	ကြာ	အရွက်ဝန်းတယ်။ အပွင့်အဖြူ အနီ ရောင်စုံရှိတယ်။ ရေမှာ ပေါက်တယ်။
ပြာသို	ခွာညို	အညိုရင့်ရောင် ပွင့်ချပ်တွေ ရှိတယ်။ ဖြူဖွေးတဲ့ ဝတ်ဆံတိုင် ရှိတယ်။
တပေါင်း	သရဖီ	အဖြူရောင်ပွင့်ချပ်တွေနဲ့ အဝါရောင် ဝတ်ဆံတွေရှိတယ်။

မေးခွန်း (၂) “ရာသီမသိ ပန်းနှင့်ညို ” ဟူသော ဆိုရိုးစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

နမူနာအဖြေ ။ ။ “ရာသီမသိ ပန်းနှင့်ညို ” ဟူသော ဆိုရိုးစကား၏ အဓိပ္ပာယ်မှာ အခါရာသီအလိုက်ပွင့်သောပန်းတို့ကို ကြည့်ပြီး မည်သည့်လ၊ မည်သည့်ရာသီရောက်ပြီကို ခန့်မှန်းတွက်ဆနိုင်ကြောင်း ဆိုလိုရင်းဖြစ်သည်။

DBE Box – Copyright Protected

သိမှုအဆင့်	အသုံးချခြင်း
စစ်ဆေးသည့်ပုံစံ	နှုတ်ဖြေ/ ရေးဖြေမေးခွန်း
မေးခွန်း (၁) ဆယ့်နှစ်လရာသီအလိုက်ပွင့်သောပန်းများအနက် အကြိုက်နှစ်သက်ဆုံးပန်းတစ်မျိုးကို ရွေး၍ အဘယ်ကြောင့် နှစ်သက်ရသည်ကို ဖော်ပြပါ။ နမူနာအဖြေ။။ ဆယ့်နှစ်လရာသီအလိုက်ပွင့်သောပန်းများအနက် အကြိုက်နှစ်သက်ဆုံးပန်းမှာ စံပယ်ပန်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စံပယ်ပန်းသည် ဖြူဖွေးသော အရောင်ရှိ၍ပုံသဏ္ဌာန်အားဖြင့်လည်း အမျိုးမျိုးရှိပါသည်။ မွှေးပျံ့သောရနံ့ရှိ၍ ဘုရားပန်းကပ်လှူခြင်း၊ ပန်ဆင်ခြင်း၊ အလှဆင်ခြင်း တို့ပြုလုပ်နိုင်သောကြောင့် စံပယ်ပန်းကို နှစ်သက်ရခြင်းဖြစ်ပါသည်။		

အမှတ်ပေးစံဇယားဖြင့် စစ်ဆေးအကဲဖြတ်ခြင်း

နမူနာပုံစံ (၁)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ(၂) စကားလုံးတွေသုံးကာ ရုပ်ပုံဆွဲပါ
သင်ယူမှုဦးတည်ချက်	♦ စကားလုံးများကိုသုံးပြီး မိမိစိတ်ကူးဖြင့် ရုပ်ပုံများဆွဲတတ်ရန် ♦ မိမိဆွဲထားသော ရုပ်ပုံအကြောင်းကို သူငယ်ချင်းနားလည်အောင် ပြောပြတတ်ရန် ♦ ရုပ်ပုံများကိုကြည့်ကာ တူသည့်အချက်၊ မတူညီသည့်အချက်များကို ခွဲခြားပြောတတ်ရန်

စာသင်ချိန်	ဒုတိယစာသင်ချိန်
စာသင်ချိန် ဦးတည်ချက်	♦ မိမိဆွဲထားသော ရုပ်ပုံအကြောင်းကို သူငယ်ချင်းနားလည်အောင် ပြောပြတတ်ရန်
လုပ်ငန်း	♦ ရေးဆွဲထားသောရုပ်ပုံအကြောင်း သူငယ်ချင်းကို ပြောကြားသောလုပ်ငန်း

၁။ ရှင်းလင်းတင်ပြပုံ စွမ်းရည်

ကျွမ်းကျင်မှု (၁) အကြောင်းအရာ တစ်ခုလုံးကို **ခြုံငုံပြောပြီး** အသေးစိတ်အချက်အလက်များပါအောင်ပြောနိုင်ခြင်း။

၂။ အပြောစွမ်းရည်

ကျွမ်းကျင်မှု (၁) မိမိဆွဲထားသောရုပ်ပုံများအကြောင်းကို ပြောရာတွင် အသံနေအသံထား အတိုးအကျယ်၊ အနှေးအမြန်ဖြင့် ပြောနိုင်ခြင်း။

ကျွမ်းကျင်မှု (၂) မိမိဆွဲထားသောရုပ်ပုံများအကြောင်းကို သူတစ်ပါးစိတ်ဝင်စားအောင် ပုံကိုလက်ဖြင့်ထောက်၍ ရှင်းလင်းပြောပြနိုင်ခြင်း။

စစ်ဆေးမည့်အချက်	**အလွန်ကောင်း**	**သင့်**	**ထပ်မံကြိုးစားရန်**
ရှင်းလင်းတင်ပြပုံ စွမ်းရည်	အကြောင်းအရာ တစ်ခုလုံးကို ခြုံငုံပြောပြီး အသေးစိတ် အချက်အလက်များ ဖွဲ့နွဲ့ပြောဆိုနိုင်သည်။	အကြောင်းအရာ တစ်ခုလုံးကို ခြုံငုံပြောပြီး အသေးစိတ် အချက်အလက်များ ပါအောင်ပြောသည်။	အကြောင်းအရာ တစ်ခုလုံး သို့မဟုတ် အသေးစိတ် အချက်အလက် တစ်မျိုးမျိုးကိုသာ ပြောနိုင်သည်။
အပြောစွမ်းရည်	မိမိဆွဲထားသောရုပ်ပုံကို ပြောရာတွင် အသံနေအသံထား အတိုးအကျယ်၊ အနှေးအမြန်ဖြင့် ပုံကိုလက်ဖြင့်ထောက်ကာ ရှင်းလင်းပြောကြားနိုင်သည်။	မိမိဆွဲထားသောရုပ်ပုံကို ပြောရာတွင် အသံနေအသံထား အတိုးအကျယ်၊ အနှေးအမြန်ဖြင့်ပြောခြင်း သို့မဟုတ် ပုံကိုလက်ဖြင့်ထောက်၍ ရှင်းလင်းပြောခြင်း စွမ်းရည်တစ်မျိုးကို အသုံးပြုပြောနိုင်သည်။	မိမိဆွဲထားသောရုပ်ပုံကို ပြောရာတွင် အသံတိုးသော်လည်း ပုံကို လက်ဖြင့်ထောက်ကာ ရှင်းပြသည်။

DBE Box – Copyright Protected

နမူနာပုံစံ (၂)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ(၁၉) မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း
သင်ယူမှုဦးတည်ချက်	♦ ဖတ်စာပါ အကြောင်းအရာများကို နားလည်ပြီး ကြက်ဥပြုတ်နှင့်ကြက်ဥစိမ်း ကွဲပြား ခြားနားမှုကို သိရှိစေရန် ♦ ဖတ်စာပါမေးခွန်းနှင့်အဖြေကို ယှဉ်တွဲဖတ်ရှုပြီး အနှစ်ချုပ်တတ်ရန်

စာသင်ချိန်	ဒုတိယစာသင်ချိန်
စာသင်ချိန် ဦးတည်ချက်	♦ ဖတ်စာပါ မေးခွန်းကို ရှာနိုင်ရန်
လုပ်ငန်း	♦ ဖတ်စာပါ မေးခွန်းကို ရှာဖွေသောလုပ်ငန်း

စစ်ဆေးမည့်အချက်	**အလွန်ကောင်း**	**သင့်**	**ထပ်မံကြိုးစားရန်**
ဖတ်စာပါ မေးခွန်းကို ရှာဖွေခြင်း	ဖတ်စာပါ အဓိကမေးခွန်း ၃ခုကို ရှာဖွေနိုင်သည်။	ဖတ်စာပါ အဓိကမေးခွန်း ၂ခုကို ရှာဖွေနိုင်သည်။	ဖတ်စာပါ အဓိကမေးခွန်း ၁ခု သို့မဟုတ် ၁ခုနှင့်အောက် ကိုသာ ရှာဖွေနိုင်သည်။

နမူနာပုံစံ (၃)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ(၂၈) ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ
သင်ယူမှုဦးတည်ချက်	♦ ဖတ်စာပါ အကြောင်းအရာများကိုဖတ်ပြီး ရာသီပန်းများ၏ ထူးခြားချက်များကို သိရှိ၍ ပြောပြတတ်ရန်။ ♦ ပုံနှင့်စာကို ယှဉ်တွဲဖတ်ရှုတတ်ရန်။ ♦ ရာသီအလိုက်ပွင့်သော ပန်းများကိုသိရှိပြီး အချိန်ရာသီကိုလိုက်၍ အမျိုးမျိုး ကွဲပြားခြားနားကြောင်းသိရှိရန်။

စာသင်ချိန်	သတ္တမစာသင်ချိန်
စာသင်ချိန် ဦးတည်ချက်	♦ ဖတ်စာပါ အကြောင်းအရာများကိုဖတ်ပြီး ရာသီပန်းများ၏ ထူးခြားချက်များကို သိရှိ၍ပြောပြတတ်ရန်။
လုပ်ငန်း	♦ ဆယ့်နှစ်လရာသီပန်းများထဲမှ နှစ်သက်ရာပန်းတစ်မျိုးကို ရွေးချယ်ကာ ကြိုက်နှစ်သက်ရသည့် အကြောင်းပြချက်ကို ရေးသားခြင်း

စစ်ဆေးမည့်အချက်	**အလွန်ကောင်း**	**သင့်**	**ထပ်မံကြိုးစားရန်**
နှစ်သက်ရာပန်းတစ်မျိုးကို ရွေးချယ်ကာ ပန်း၏ ထူးခြားချက်နှင့် ကြိုက်နှစ်သက်ရသည့် အကြောင်းရင်းတို့ကို ရေးသားခြင်း	ပန်းတစ်မျိုးကို ရွေးချယ်ပြီး သင့်လျော်သော အကြောင်းပြချက်ကို စကားဆက် အသုံးပြုရေးသားနိုင်သည်။	ပန်းတစ်မျိုးကို ရွေးချယ်ပြီး နှစ်သက်ရသည့် သင့်လျော်သော အကြောင်းပြချက်ကို ရေးသားနိုင်သည်။ (စကားဆက်မပါဝင်ပါ)	သင့်လျော်သော အကြောင်းပြချက်ကို ရေးသားနိုင်ခြင်း မရှိပါ။

DBE Box – Copyright Protected

နမူနာပုံစံ (၄)

စတုတ္ထတန်း	မြန်မာစာ
သင်ခန်းစာ	သင်ခန်းစာ (၃၃) မေးကြည့်ဖြေကြည့် အဖြေရှာကြည့်ပါ
သင်ယူမှုဦးတည်ချက်	♦သူတစ်ပါး နားလည်အောင် မေးခွန်းများ မေးတတ်ရန်

စာသင်ချိန်	ဒုတိယ ၊ တတိယ စာသင်ချိန်
စာသင်ချိန် ဦးတည်ချက်	♦ မေးခွန်းမေးပုံ မေးနည်းကို သိရှိပြီး မေးမြန်းတတ်ရန်
လုပ်ငန်း	♦ သူငယ်ချင်း နှစ်သက်သော တိရစ္ဆာန်ကို မေးခွန်းမေးခြင်း၊ မှတ်စုမှတ်ခြင်းပြုလုပ်ကာ ခန့်မှန်းသောလုပ်ငန်း

စစ်ဆေးမည့်အချက်	**အလွန်ကောင်း**	**သင့်**	**ထပ်မံကြိုးစားရန်**
သူငယ်ချင်း နှစ်သက်သော တိရစ္ဆာန်ကို ခန့်မှန်းနိုင်ရန် မေးခွန်းမေးခြင်း	သင့်လျော်သော မေးခွန်းမေးပုံကို စဉ်းစားကာ မေးနိုင်သည်။	မေးခွန်းအများအပြားကို စဉ်းစားကာ မေးနိုင်သည်။	မေးခွန်း မေးနိုင်ခြင်း မရှိပါ။

DBE Box – Copyright Protected

၈။ စတုတ္ထတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက် ဇယားနမူနာ

စတုတ္ထတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက်ဇယားကို နမူနာအဖြစ် ဖော်ပြထားပါသည်။

အခန်း	လ	သင်ချိန်	သင်ခန်းစာ	အကြောင်းအရာ
၁။	ဇွန်လ	၃	၁	ကြယ်နှင့်လ
၂။		၃	၂	စကားလုံးတွေသုံးကာ ရုပ်ပုံဆွဲပါ
၃။		၉	၃	စေတနာ
၄။		၃	၄	စကားလုံးသစ်ပင်
၅။		၁၀	၅	ဆား
၆။	ဇူလိုင်လ	၄	၆	ပြန်လှန်သင်ကြားခြင်း (၁)
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၇။		၃	၇	ပျားနှင့်ပိတုန်း
၈။		၃	၈	ဗဟုသုတရှာကြမယ် စာကြည့်တိုက်မှာကွယ်
၉။		၈	၉	အိုးကလေးနှစ်လုံး
၁၀။	ဩဂုတ်လ	၄	၁၀	ဓာတ်ပုံကြည့်ပြီး တွေးကြ ရေးကြမယ်
၁၁။		၁၀	၁၁	ဇာတ်မင်းသားကြီး ဦးဘိုးစိန်
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၁၂။		၃	၁၂	ဝေါဟာရကြွယ်ကြွယ်ကစားမယ်
	စက်တင်ဘာလ	၂	၁၃	ဝေါဟာရကြွယ်ကြွယ်ကစားမယ်
၁၄။		၁၀	၁၄	ပုဂံ
၁၅။		၃	၁၅	ဝါကျတွေချဲ့ထွင်ကြည့်ကြမယ်
၁၆။		၃	၁၆	အမှတ်စဉ်တပ်ကာ ပြောကြမယ်
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၁၇။	အောက်တိုဘာလ	၄	၁၇	ကွန်ပျူတာ
၁၈။		၃	၁၈	စကားဆက်
၁၉။		၅	၁၉	မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း
၂၀။		၃	၂၀	အကြောင်းအရာကို ပြည့်ပြည့်စုံစုံရေးခြင်း
၂၁။		၈	၂၁	ဆရာကာပြန် အာခေါင်လှံစူး
	နိုဝင်ဘာလ	၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၂၂။		၃	၂၂	ကျောင်းပိတ်ရက်ခရီးသည်
၂၃။		၉	၂၃	သီတင်းကျွတ်မီးထွန်းပွဲတော်
၂၄။		၃	၂၄	ဘာကြောင့်ကြိုက်တယ် အကြောင်းရင်းကို ပြောကြမယ်
၂၅။		၃	၂၅	ပုဒ်ဖြတ် ပုဒ်ရပ် သင်ကြမယ်

DBE Box – Copyright Protected

၂၆။	ဒီဇင်ဘာလ	၄	၂၆	ကိုယ်တိုင်ပုံပြောကြရအောင်
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၂၇။		၂	၂၇	စကားထာ
၂၈။		၁၀	၂၈	ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ
၂၉။	ဇန်နဝါရီလ	၄	၂၉	ပေးစာ
၃၀။		၄	၃၀	စကားပုံများ
၃၁။		၁၀	၃၁	သုံးပွင့်တစ်ခိုင်
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
၃၂။	ဖေဖော်ဝါရီလ	၃	၃၂	ဒိုးပတ်သံ
၃၃။		၄	၃၃	မေးကြည့် ဖြေကြည့် အဖြေရှာကြည့်ပါ
၃၄။		၅	၃၄	ကိုယ့်ငယ်ဘဝအကြောင်းမေးပြီး စာစီစာကုံးရေးကြရအောင်
၃၅။		၃	၃၅	ပြန်လှန်သင်ကြားခြင်း (၂)
၃၆။		၃	၃၆	မြန်မာ့သူရဲကောင်း
		၁၀		ပြန်လှန်လေ့ကျင့်ခြင်း
		၂၄၅	**စုစုပေါင်းစာသင်ချိန်**	
		၃၅	**အရန်စာသင်ချိန်**	
		၂၈၀	**စုစုပေါင်း**	

DBE Box – Copyright Protected

သင်ခန်းစာ (၁) ကြယ်နှင့်လ (ကဗျာ)
အကြိုပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ညကောင်းကင်၏သဘာဝအလှကို ခံစားပြီး ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်ရန်
- ကဗျာပါအကြောင်းအရာကိုနားလည်ပြီး မေးခွန်းများဖြေဆိုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ဒီနေ့တော့ ဆရာမ ကဗျာလေးတစ်ပုဒ်ကို ရွတ်ဆိုပြမယ်။ ကလေးတို့ မျက်လုံးကလေးတွေမှိတ်ပြီး နားထောင်ကြည့်ကြနော်" ဟုပြောပြီး ကြယ်နှင့်လ ကဗျာကို ရွတ်ဆိုပြကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကဗျာကို နားထောင်ရင်း ကလေးတို့ စိတ်ကူးထဲမှာ ဘယ်လိုမြင်ယောင်လာသလဲ။ ပြောကြည့်ပါအုံး"ဟု ကလေးများ၏ အမြင်ကို ပြောစေပါမည်။
- ကဗျာခေါင်းစဉ်ကို ဆရာက သင်ပုန်းတွင်ရေးပြီး ကလေးများ စဉ်းစားထားသည့် ထင်မြင်ချက်များကို သင်ပုန်းတွင် ရေးပါမည်။
- ဆရာက ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မေးပြီး ကလေးများပြောသော စကားလုံးကို ဆရာက သင်ပုန်းတွင် ရေးမှတ်ပါမည်။
- ⊙ "ကြယ်တွေဖွေးနေတဲ့ ကောင်းကင်နဲ့ ညအလှကို ကလေးတို့မြင်ဖူးသလား။ ဘယ်လိုညမျိုးတွေမှာ ထင်ထင်ရှားရှား တွေ့မြင်ကြရသလဲ။ ကြယ်တွေဝင်းနေတယ်ဆိုတာ ဘာကိုပြောတာလဲ" ဟု မေးပြီး ကလေးများကို ဖြေဆိုစေပါမည်။
- ⊙ ထို့နောက် "ထိန်ထိန်သာဆိုတဲ့ စကားလုံးက ဘာကိုပြောတာလဲ" ဟု မေး၍ ဖြေဆိုစေပါမည်။
- ကြယ်နှင့်လ ကဗျာတွင်ပါဝင်သော ကြယ်တာရာ ဆိုသည်မှာ ကောင်းကင်ပေါ်ရှိကြယ် ဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။



အဓိကအချက်များ

- ညအချိန် ကောင်းကင်၏ သဘာဝအလှကို ခံစားတတ်အောင် ဆရာက ပြောပြရပါမည်။
- ကဗျာပါ အကြောင်းအရာများကို နားလည်ပြီး မေးခွန်းများကို ဖြေဆိုတတ်ရပါမည်။

အရေးကြီးသောအချက်များ

- ခက်ခဲသော ဝေါဟာရများကို နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ဝီသစွာ ရွတ်ဆိုစေပါမည်။

နိဂုံးချုပ်ခြင်း

- ကဗျာကို ပြန်လည်ရွတ်ဆိုစေခြင်း၊ ကဗျာတွင်ပါဝင်သော အကြောင်းအရာများကို ပြန်လည်မေးမြန်းစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် ကဗျာတွင်ပါဝင်သောအကြောင်းအရာများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBF Box - Copyright Protected

သင်ခန်းစာ ၁ ကြယ်နှင့်လ (ကဗျာ)



အရေးကြီးသောအချက်များ

- ကဗျာပါ ညကောင်းကင်၏အလှကို ခံစားပြီး ရွတ်ဆိုစေပါမည်။
- မိမိတို့အတွေးများကို ကလေးများကိုယ်တိုင် ရေးစေပါမည်။
- ကလေးများ၏ ရေးသားချက်များကို ဆရာက အားပေးခြီးကျူးစကားပြောပေးရပါမည်။
- တတိယတန်း ပေးစာသင်ခန်းစာကို အခြေခံပြီး ကဗျာစာဆိုရွင်ထံ စာရေးစေပါမည်။
- ရေးရာတွင် မိမိထင်မြင်ချက်ကို အကြောင်းပြချက်နှင့်တကွ ရေးစေပါမည်။
- နမူနာ

  သို့ စာဆိုရွင်

  ကျွန်တော်ကတော့ လမင်းကြီးက ပိုကြီးတယ်လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လမင်းကြီးက ဝိုင်းဝိုင်းစက်စက်နဲ့ ကြယ်ကလေးတွေရဲ့အလယ်မှာ ထင်းထင်းကြီး မြင်နေရလို့ ဖြစ်ပါတယ်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ကြယ်နှင့်လ ကဗျာကို ပြန်ဆိုကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "ညအခါမှာ မြင်တွေ့ရတတ်တဲ့ ကြယ်နှင့်လကို စိတ်ထဲမှာ မြင်အောင်ခံစားပြီး ရွတ်ဆိုကြည့်ပါအုံး" ဟု ပြောပြီး ကဗျာကို အဖွဲ့လိုက် ရွတ်ဆိုစေပါမည်။
- "ကဗျာထဲမှာပါတဲ့ ဘယ်ဟာကကြီးပါလိမ့်။ ဘယ်ဟာကနီးပါလိမ့် ဆိုတဲ့အမေးကို ကဗျာစာဆိုဆီကို စာရေးပြီး ပေးကြရအောင်" ဟု ပြောပါမည်။
- ⊙ "မရေးခင် ဘယ်လိုရေးမလဲဆိုတာ စဉ်းစားကြည့်ပါအုံး" ဟု ပြောပြီး ကလေးတစ်ဦးချင်း စဉ်းစားစေပါမည်။
- ⊙ ထို့နောက် ကလေးအားလုံးကို မိမိတို့ စဉ်းစားထားသည်များကို ရေးစေပါမည်။
- ⊙ ကလေးများ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်း ပြောစေပါမည်။
- ဆရာက ကလေးများကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။ (၄၊ ၅ ဦးခန့်)

နိဂုံးချုပ်ခြင်း

- "ကလေးတို့ စာဆိုဆီကိုရေးတဲ့ စာလေးတွေက သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ။ နောက်တစ်ခါနှမှာ ကဗျာရွတ်ရင်း ကလေးတို့ ဘယ်လိုခံစားရသလဲဆိုတာ ပြောကြရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ မိမိတို့ထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိနှင့် စာဆိုရွင်ထံသို့မိမိတို့၏ အတွေးများကို ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “အရင်အချိန်တုန်းက စာဆိုဆီကို စာလေးတွေရေးခဲ့ကြတယ်။ ခုအချိန်မှာ ကဗျာတစ်ပုဒ်လုံးကို စဉ်းစားကြည့်ကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက “ကဗျာကို တစ်ခေါက်လောက် အတူတူ ရွတ်ဆိုကြည့်ပါအုံး” ဟုပြောပြီး ရွတ်ဆိုစေပါမည်။
- ⊙ “ကဗျာရဲ့ဆိုလိုရင်းနဲ့ ကဗျာရွတ်ဆိုရင်း ဘယ်လိုခံစားမိသလဲ ဆိုတာကို စဉ်းစားကြည့်ကြရအောင်” ဟုပြောပြီး တစ်ဦးချင်း စဉ်းစားစေပါမည်။
- ⊙ မိမိတို့ စဉ်းစားမိသောအချက်များကို မှတ်စုရေးစေပါမည်။
- ⊙ ကလေးများ၏ ထင်မြင်ယူဆချက်များကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ထို့နောက် ကလေးများကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။ (၃၊ ၄ ဦးခန့်)
- ဆရာက “ကြယ်နှင့်လ ကဗျာကို မရွတ်ဆိုခင်ခံစားမှုနဲ့ ကဗျာကို ရွတ်ဆိုပြီး ကလေးတို့ ခံစားချက် ထင်မြင်ယူဆချက် ဘယ်လို ကွာခြားသွားသလဲ”ဟုမေးပြီး ကလေးများကို ဖြေစေပါမည်။
- ထို့နောက် ကဗျာတစ်ပုဒ်လုံးကို အလွတ်ပြန်ဆိုနိုင်သူများရှိပါက အတန်းရှေ့ထွက်၍ ရွတ်ဆိုစေပါမည်။

နိဂုံးချုပ်ခြင်း

- “ညအချိန် ကောင်းကင်မှာ တွေ့တတ်တဲ့ ကြယ်နဲ့လရဲ့အလှကို ခံစားပြီး ကဗျာကို ရွတ်ဆိုရအောင်” ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာ၏ ဆိုလိုရင်းကို ရေးနိုင်ခြင်း ရှိ မရှိ၊ ကလေးများ၏ ခံစားချက်နှင့် ထင်မြင်ချက်ကို ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ကလေးများ စဉ်းစားမိသောအချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ပြောစေပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၂ စကားလုံးတွေသုံးကာ ရုပ်ပုံဆွဲပါ

ပေးထားတဲ့ နမူနာစကားလုံးတွေထဲက စကားလုံးသုံးလုံးကို ရွေးပြီး ရုပ်ပုံကားချပ်တစ်ခု ဆွဲကြရအောင်။

ပန်း	ခွေး	လှေ	ကြောင်
ကလေး	ရေကန်	သစ်ပင်	သစ်သီး
သင်္ဘော	လွယ်အိတ်	မြက်ခင်း	ငှက်ကလေး

သာဓက



၂

အဓိကအချက်များ

- မိမိဆွဲထားသော ရုပ်ပုံများအကြောင်းကို အခြားသူ နားလည်အောင် ရှင်းပြရပါမည်။
- မိမိဆွဲထားသည့် ရုပ်ပုံအကြောင်း သူငယ်ချင်းနားလည်အောင် မည်ကဲ့သို့ ရှင်းပြရမည်ကို သေသေချာချာ စဉ်းစားစေရပါမည်။
- ရုပ်ပုံများ၏ တူညီသည့်အချက်နှင့် မတူညီသည့်အချက်ကို ခွဲခြားပြောပြရပါမည်။

အရေးကြီးသောအချက်များ

- ပေးထားသော နမူနာစကားလုံးများထဲမှ မိမိကြိုက်နှစ်သက် သော စကားလုံးသုံးလုံးကိုသုံးကာ ရုပ်ပုံများ ရေးဆွဲရပါမည်။
- စကားလုံးသုံးလုံးထက်ပို၍ သုံးမည်ဆိုပါက သုံးနိုင်ပါသည်။
- ရုပ်ပုံများအကြောင်း အနှစ်ချုပ်ရေးသားရန် မလိုပါ။
- ဆရာဆွဲထားသည့် ရုပ်ပုံ၏ နမူနာအကြောင်းအရာ သာဓက ။ ။ "ဆရာမတို့ အိမ်နားမှာ ပန်းခြံတစ်ခုရှိတယ်။ အဲဒီပန်းခြံထဲမှာဆိုရင် ရေကန်လေးတစ်ကန် ရှိတယ်။ မြက်ခင်းလေးတွေကလဲ စိမ်းစိုနေပြီး ပန်းလေးတွေကလဲ ပွင့်နေကြတယ်"ဟု ဆရာက သူဆွဲထားသည့် ရုပ်ပုံအကြောင်းကို ပြောပြပေးရပါမည်။

သင်ခန်းစာ (၂) စကားလုံးတွေသုံးကာ ရုပ်ပုံဆွဲပါ အကြိမ်ပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- စကားလုံးများကိုသုံးပြီး မိမိစိတ်ကူးဖြင့် ရုပ်ပုံများဆွဲတတ်ရန်
- မိမိဆွဲထားသောရုပ်ပုံအကြောင်းကို သူငယ်ချင်းနားလည်အောင် ပြောပြတတ်ရန်
- ရုပ်ပုံများကိုကြည့်ကာ တူညီသည့်အချက်၊ မတူညီသည့်အချက်များကို ခွဲခြားပြောတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ရုပ်ပုံကလေးတွေ ဆွဲတတ်သလား။ စကားလုံးကလေးတွေသုံးပြီးတော့ရုပ်ပုံလေးတွေ မဆွဲချင်ဘူးလား" စသည်ဖြင့် မေးခွန်းများမေးကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သောစကားလုံးများကို ဖတ်စေပြီး ထိုစကားလုံးများဖြင့် ရုပ်ပုံများဆွဲကြရမည်ဖြစ်ကြောင်း ပြောပါမည်။
- ဆရာက ကျောင်းသုံးစာအုပ်တွင် ပါဝင်သော သာဓကရုပ်ပုံအကြောင်းကို ပြောပြပါမည်။
- ထို့နောက် ပေးထားသောစကားလုံးများထဲမှ ကြိုက်နှစ်သက်သော စကားလုံးသုံးလုံးကိုယူကာ ရုပ်ပုံဆွဲပြပါမည်။
- ⊙ ဆရာက"စကားလုံးတွေအများကြီးထဲက ရေကန်၊ မြက်ခင်း၊ ပန်းဆိုတဲ့ စကားလုံးသုံးလုံးကိုယူပြီး ရုပ်ပုံဆွဲပြမယ်။ ဆွဲတဲ့အခါ ရုပ်ပုံကားချပ်ကလေး တစ်ခုဖြစ်အောင် ဆွဲရမယ်" ဟုပြောကာ ရုပ်ပုံဆွဲပြပါမည်။
- ⊙ ရုပ်ပုံဆွဲပြပြီးပါက ဆွဲထားသော ရုပ်ပုံအကြောင်းကို သေသေချာချာ လက်ဖြင့်ထောက်ပြ၍ ရှင်းပြပါမည်။
- ထို့နောက် ကလေးများအား ပေးထားသော စကားလုံးများထဲမှ မိမိကြိုက်နှစ်သက်သော စကားလုံးကိုယူ၍ မှတ်စုစာအုပ်တွင် ရုပ်ပုံဆွဲစေပါမည်။
- ရုပ်ပုံများကိုရေးဆွဲနေစဉ် ဆရာက လိုက်လံကြည့်ရှုပေးရပါမည်။
- ကြည့်ရှုနေစဉ် ရုပ်ပုံကားချပ်တစ်ခုဖြစ်အောင် ရေးဆွဲရမည်ဖြစ်ကြောင်းပြောကာ သတိပေးရပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဒါန်းချုပ်ခြင်း

- "ကလေးတို့ ပေးထားတဲ့စကားလုံးတွေကို သုံးပြီး ရုပ်ပုံလေးတွေ ဆွဲတတ်ကြပြီ မဟုတ်လား။ နောက်တစ်ချိန်မှာ ကိုယ်ဆွဲထားတဲ့ ပုံကလေးအကြောင်း သူငယ်ချင်းကို ရှင်းပြရမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပေးထားသော စကားလုံးများကို သုံးကာ ရုပ်ပုံများကို ရေးဆွဲနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- "ပထမအချိန်တုန်းက ကလေးတို့ဆွဲထားတဲ့ ရုပ်ပုံကလေးအကြောင်းကို သူငယ်ချင်းကို ရှင်းပြကြရမယ်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ကျောင်းသုံးစာအုပ် စာမျက်နှာ (၃)ပါ ရုပ်ပုံ (၁) အကြောင်းအရာကို ဖတ်စေမည်။
- ကျောင်းသုံးစာအုပ်ပါ ကလေးနှစ်ယောက်ပြောသည့် စကားအတိုင်း အတန်းထဲက ကလေးနှစ်ယောက်ကို နမူနာပြောစေပါမည်။
- ထို့နောက် "ကလေးတို့ သူတို့နှစ်ယောက်ပြောတဲ့ စကားထဲမှာ တစ်ယောက်နဲ့ တစ်ယောက် ပြောတဲ့ပုံစံ တူသလား" "မတူညီတဲ့အချက်က ဘာဖြစ်မလဲ" ဟု ကလေးများကို မေး၍ ဖြေစေပါမည်။
- "ကျောင်းသုံးစာအုပ်ထဲက ကျောင်းသူလေးက သူ့ရုပ်ပုံအကြောင်းကို တစ်ချက်ချင်းစီပြောသွားတယ်။ ကျောင်းသားလေးကတော့ အကြောင်းအရာတစ်ခုလုံးကို ပြောသွားတယ်" ဟု ကလေးများကို ဖြေစေရပါမည်။
- ကလေးများဖြေဆိုချက် မပြည့်စုံပါက "ကိုယ်ဆွဲထားတဲ့ ရုပ်ပုံအကြောင်းကို ပြောတဲ့အခါ သူငယ်ချင်းတွေနားလည်အောင် အကြောင်းအရာတစ်ခုလုံးကို ခြုံငုံပြောပြီးမှ အသေးစိတ်အချက်အလက်ကို ပြောရမယ်နော်"ဟု ဆရာက ပြောပြရပါမည်။



အရေးကြီးသောအချက်များ

- မိမိရေးဆွဲထားသော ရုပ်ပုံအကြောင်းကို သူငယ်ချင်းများ နားလည်အောင် ရှင်းပြရပါမည်။
- မိမိရုပ်ပုံအကြောင်း ပြောပြရာတွင် အကြောင်းအရာ တစ်ခုလုံးကို ခြုံငုံပြောပြီးမှ အသေးစိတ်အချက်များကို ပြောပြရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောရာတွင် ကလေးများပြောနိုင်ရန် အချိန်လုံလောက်စွာ ပေးရပါမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက "တခြားသူများ မြင်သာအောင် ရုပ်ပုံလေးကို ထောက်ပြပြီး ပြောရမယ်။ ပြောတဲ့အခါ အသံနေအသံထားကိုလဲ တခြားသူကြားနိုင်တဲ့ အသံမျိုးနဲ့ ရှင်းရှင်းလင်းလင်း ပီပီသသ ပြောရမယ်"ဟု ဆရာက ပြောရပါမည်။

DBE Box - Copyright Protected



အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်အဆက်)

⊙ မိမိဆွဲထားသည့် ရုပ်ပုံအကြောင်းကိုမပြောမီ သူငယ်ချင်း နားလည်အောင် ဘယ်လိုရှင်းပြရင်ကောင်းမလဲ ဆိုသည့်အချက်ကိုပါ တစ်ဦးချင်း စဉ်းစားစေပါမည်။

♦ စဉ်းစားပြီးပါက မိမိဆွဲထားသော ရုပ်ပုံကလေးအကြောင်းကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ "တခြားသူများ မြင်သာအောင် ရုပ်ပုံလေးကို လက်နဲ့ ထောက်ပြပြီး ပြောရမယ်။ အသံနေအသံထားကိုလဲ တခြားသူကြားနိုင်တဲ့ အသံမျိုးနဲ့ ပြောရမယ်"ဟု ဆရာက ညွှန်ကြားပေးရပါမည်။

♦ ထို့နောက် ကလေး ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ မိမိရုပ်ပုံအကြောင်းကို ပြောစေပါမည်။

♦ ထိုသို့ ပြောရာတွင် မည်သည့်စိတ်ကူးမျိုးနှင့် ပြောခဲ့သည်ကို ထည့်သွင်းပြောကြားရပါမည်။

နိဂုံးချုပ်ခြင်း

♦ "ကလေးတို့ ကိုယ်ဆွဲထားတဲ့ ရုပ်ပုံအကြောင်းကို ပြောတဲ့အခါ ခြိုင်ခြိုင်ပြောပြီးမှ အသေးစိတ်အချက်အလက်ကို ပြောမယ်။ တခြားသူငယ်ချင်း နားလည်အောင် လက်နဲ့ထောက်ပြီးတော့ အသံနေအသံထား မှန်မှန်နဲ့ ကြားနိုင်အောင် ပြောရမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ရုပ်ပုံများအကြောင်းကို အခြားသူ နားလည်အောင် ခြိုင်ခြိုင်ပြောပြီးမှ အသေးစိတ်အချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ အရင်အချိန်တုန်းက ကိုယ်ဆွဲထားတဲ့ ရုပ်ပုံလေး အကြောင်းကို ပြောခဲ့ကြတယ်။ ဒီအချိန်မှာ ကိုယ်ဆွဲထားတဲ့ ရုပ်ပုံအကြောင်းကို သူငယ်ချင်းနားလည်အောင် ရှင်းပြရမယ်” ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက “ကိုယ်ဆွဲထားတဲ့ ရုပ်ပုံအကြောင်းကို သူငယ်ချင်းနားလည်အောင် ဘယ်လိုရှင်းပြရင်ကောင်းမလဲ ပြောကြည့်ပါအုံး”ဟု မေးရပါမည်။ ကလေးများကို လွတ်လပ်စွာ ဖြေစေပါမည်။
- ထို့နောက် သူငယ်ချင်းကို ရှင်းပြခဲ့သည့်ပုံစံအတိုင်း ကလေး ၁ဦး ၂ဦးကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။
- ⊙ အတန်းရှေ့ထွက်ပြောစဉ် “သူငယ်ချင်းနားလည်အောင် ဘယ်လို ရှင်းပြခဲ့သလဲ”ဟု ဆရာက မေးရပါမည်။
- ဆရာက “ ဟုတ်တယ် ကလေးတို့ပြောတုန်းက တခြားသူ မြင်သာအောင် ရုပ်ပုံလေးကို လက်နဲ့ထောက်ပြပြီး ပြောသွားတယ် မဟုတ်လား။ အသံနေအသံထားမှန်မှန်နဲ့ ပီပီသသ ခပ်နှေးနှေး ပြောသွားတယ်လေ။ ဒီလိုမျိုးလေး ပြောသွားတာကောင်းတယ်” ဟု ဆရာက မှတ်ချက်ပေးရပါမည်။
- ထို့နောက် ကျောင်းသုံးစာအုပ်တွင်ပါဝင်သော စာမျက်နှာ (၃) ပါ ရုပ်ပုံ (၂) အကြောင်းကို ကလေးများအားလုံး ဖတ်စေပါမည်။
- ဖတ်ပြီးပါက ကလေးများကို နှစ်ယောက်တစ်တွဲ တွဲစေကာ “ကိုယ့်ရဲ့ရုပ်ပုံလေးကို ဘယ်လိုစိတ်ကူးမျိုးနဲ့ ဆွဲထားကြောင်း” ဦးစွာ ပြောစေရပါမည်။
- ⊙ ပြောပြီးပါက သူငယ်ချင်းဆွဲထားသည့်ရုပ်ပုံနှင့် မိမိဆွဲထားသည့် ရုပ်ပုံတွင် တူညီသည့်အချက်၊ မတူညီသည့်အချက်ကိုရှာပြီး နှစ်ယောက်တစ်တွဲပြောစေပါမည်။
- နှစ်ယောက်တစ်တွဲပြောပြီးပါက အခြားသူများနှင့် တူညီသည့် အချက်၊ မတူညီသည့်အချက်များကို ထပ်မံပြောစေပါမည်။
- ထိုသို့ပြောရာတွင် ရုပ်ပုံနှစ်ခု၏ မတူညီသည့် အချက်များကို နှိုင်းယှဉ်ကာ ပြောပြရပါမည်။

  သာဓက ။ ။ “သူငယ်ချင်းရေ ငါတို့နှစ်ယောက်စလုံးရဲ့ပုံထဲမှာ ပန်းပွင့်တွေ ပါတာတူနေတယ်။ ဒါပေမဲ့ မင်းရဲ့ပုံထဲမှာတော့ ဘောလုံးမပါဘူးနော်”စသည်ဖြင့် ပြောရပါမည်။
- ထို့နောက် အတန်းရှေ့ထွက်၍ နှစ်ယောက်တစ်တွဲ မတူညီသည့် အချက်များကို ပြောစေပါမည်။



အရေးကြီးသောအချက်များ

- ကလေးများဆွဲထားသော ရုပ်ပုံများကိုကြည့်၍ တူညီသည့် အချက်များရှိသလို မတူညီသည့်အချက်များလည်း ရှိနိုင်ကြောင်း ဆရာက သေသေချာချာရှင်းပြပေးရပါမည်။
- မည်သို့သော စိတ်ကူးမျိုးနှင့် မိမိတို့၏ရုပ်ပုံကို ဆွဲထားကြောင်း ပြောပြရပါမည်။
- ကိုယ်ဆွဲထားတဲ့ရုပ်ပုံအကြောင်းကို သူငယ်ချင်း နားလည်အောင် ရှင်းပြရပါမည်။
- အခြားသူပြောနေစဉ် ကျန်ကလေးများကိုလည်း သေချာစွာ နားထောင်စေရပါမည်။
- ကျန်ကလေးများကလည်း မိမိဆွဲထားသော ပုံနှင့် နှိုင်းယှဉ်ကာ နားထောင်စေပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ စကားလုံးတွေသုံးပြီး ရုပ်ပုံဆွဲတဲ့အခါ တူတဲ့အချက်တွေရှိသလို မတူတဲ့အချက်တွေလဲရှိနိုင်တယ်” ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိရုပ်ပုံကို မည်သို့သော စိတ်ကူးမျိုးနှင့် ဆွဲထားကြောင်း ပြောနိုင်ခြင်း ရှိ မရှိနှင့် တူသည့်အချက်၊ မတူသည့် အချက်ကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

PDF Box - Copyright Protected

သင်ခန်းစာ ၃ စေတနာ (ပုံပြင်)

အဘိုးအိုတစ်ယောက်သည် မိမိ၏ခြံစည်းရိုးနားတွင် မြေကိုတူးဆွကာ သရက်ပင်ပေါက်လေးများကို စိုက်ပျိုးနေ၏။ အိမ်ရှေ့မင်းသားသည် တောကစား ထွက်လာစဉ် ထိုခြံစည်းရိုးအနားသို့ ရောက်လာ၏။



အဘိုးအိုလည်း မင်းသားကို ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြို ပြုပြီးလျှင် လတ်ဆတ်မွေးကြိုင်ချိုမြိန်သော သရက်သီးတို့ဖြင့် စည်ခံ၏။ မင်းသားလည်း မြိန်ရှက်စွာ သုံးဆောင်ပြီးသော်



အဓိကအချက်များ

- ပုံပြင်ပါ စေတနာ၏အဓိပ္ပာယ်ကို ကလေးများ နားလည်သဘောပေါက်အောင် ရှင်းပြရပါမည်။
- ပုံပြင်ပါ စေတနာ၏အဓိပ္ပာယ်ကို ကလေးများ နားလည်ပြီး ပြန်လည်ပြောတတ်ရပါမည်။
- သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းသည် လက်ငင်း ကောင်းကျိုးချမ်းသာ ပေးတတ်ကြောင်း ဆရာက ရှင်းပြရပါမည်။
- ရှေးသုံး ခေတ်သုံးစကားနှင့် အခြေအနေကိုလိုက်ပြီး မည်သို့ပြောဆို သုံးနှုန်းရမည်ကို ဆရာက ရှင်းပြရပါမည်။

အရေးကြီးသောအချက်များ

- ဆရာဖတ်ပြနေချိန်တွင် သေသေချာချာ နားထောင်၍ အဖြတ်အရပ်မှန်မှန်ဖတ်စေပါမည်။
- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ၏ ထင်မြင်ချက်များကို နှစ်ယောက်တစ်တွဲပြောကြားနိုင်ခြင်း ရှိ မရှိနှင့် ဆရာ့ နောက်မှ လိုက်ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ (၃) စေတနာ (ပုံပြင်)
အကြိပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ပုံပြင်ပါ စေတနာ၏အဓိပ္ပာယ်ကို သိရှိနားလည်ရန်
- ရှေးသုံး ခေတ်သုံးစကားများ၏ ကွဲပြားခြားနားပုံကို လေ့လာသိရှိရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "စေတနာဆိုတာ ကြားဖူးသလား။ ဘယ်လိုနေရာတွေမှာ ပြောကြသလဲ ပြောကြည့်ပါအုံး။ ဒီနေ့တော့ စေတနာနဲ့ ဆိုင်တဲ့ အကြောင်းအရာလေးကို သင်ကြမယ်" ဟု ဆရာက ပြောကာ နိဒါန်းပိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်ကို မေးပါမည်။
- "စေတနာဆိုတာ သူတစ်ပါးအတွက် ကောင်းစေချင်တဲ့စိတ်နဲ့ ပြုလုပ်ပြောဆို ဆောင်ရွက်ပေးတာကို ပြောတာဖြစ်တယ်" ဟု ဆရာက ပြောပြပါမည်။
- ⊙ ဆရာက ပုံပြင်တစ်ပုဒ်လုံးကို အဖြတ်အရပ်မှန်မှန် ဖတ်ပြပါမည်။
- ⊙ ကလေးများကို နောက်မှလိုက်၍ အဖြတ်အရပ်မှန်မှန် ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- "ပုံပြင်ထဲမှာ ဇာတ်ဆောင် ဘယ်နှယောက်ပါသလဲ။ သူတို့ ဘာအကြောင်းအရာတွေ ပြောနေကြသလဲ။ ကလေးတို့ ပြောနေတဲ့ စကားနဲ့ ပုံပြင်ထဲက ပြောစကားတွေက ဘယ်လိုကွာခြားသလဲ" စသည်ဖြင့် ကလေးများကို မေးပြီး ဖြေစေပါမည်။
- ⊙ "ပုံပြင်ဖတ်ပြီး ဘယ်လိုခံစားရသလဲ။ ပုံပြင်ထဲမှာ ဘယ်လို ထူးခြားချက်တွေ ပါသလဲ ပြောကြည့်ပါအုံး" စသည့် မေးခွန်းများကို မေးကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- နှစ်ယောက်တစ်တွဲ ပြောပြီးပါက ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "မင်းသားနဲ့ အဘိုးအို အပြန်အလှန် ပြောစကားတွေကို နောက်တစ်ချိန်မှာ အသေးစိတ် သင်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

DRE Box - Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ဆရာတို့ စေတနာပုံပြင်မှာပါတဲ့ အကြောင်းအရာတွေကို အပိုင်းလိုက် အသေးစိတ် ဖတ်ကြည့်ကြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ဆရာက ပုံပြင်ပါ ပထမစာပိုဒ် (အဘိုးအို တစ်ယောက်သည်. . . ရောက်လာ၏။) ကို ဖတ်ပြပါမည်။ ကလေးများကို သေသေချာချာ နားထောင်စေပါမည်။
- ⊙ ကလေးများ အားလုံး လိုက်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ♦ ဒုတိယစာပိုဒ် (အဘိုးအိုလည်း. . . မြိန်ရှက်စွာ သုံးဆောင်ပြီးသော်) အထိ ဖတ်ပြပြီး ကလေးများကို နောက်မှ လိုက်ဖတ်စေပါမည်။
- ♦ ထို့နောက် ကလေးတစ်ဦးချင်းစီ ဖတ်စေပြီး ခက်ခဲသော စကားလုံးများကို မျဉ်းသားစေကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများအား မေးရပါမည်။
- ♦ ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ရှင်းပြရပါမည်။
- ♦ ဆရာက ခက်ဆစ်စကားလုံး (၁) မှ (၃) အထိ စကားလုံး အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးပြပြီး ရှင်းပြပါမည်။
- ♦ ခက်ခဲသောစကားလုံး ရှေးသုံးစကားလုံးများကို ဆရာက ရှင်းပြပါမည်။
- ♦ ပုံပြင်ပါ ပထမစာပိုဒ်၊ ဒုတိယစာပိုဒ်တို့ကို ကလေးအားလုံး ဖတ်စေပါမည်။
- ⊙ ထို့နောက် လေ့ကျင့်ခန်း မေးခွန်း (၁) "မင်းသားနှင့် အဘိုးအို မည်သည့်နေရာတွင် တွေ့ခဲ့သနည်း"ကိုဖတ်စေပြီး နှစ်ယောက်တစ်တွဲစဉ်းစားကာ ဖြေစေပါမည်။
- ♦ လေ့ကျင့်ခန်း မေးခွန်း (၂) "အဘိုးအိုက မင်းသားကို မည်သည့် အရာနှင့် ဧည့်ခံသနည်း" ကိုလည်း နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ဖြေစေပါမည်။
- ♦ ထို့နောက် ကလေး ၃၊ ၄ဦးခန့်ကို အတန်းရှေ့ထွက်ကာ ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ လဲလှယ်ကာ ဖတ်စေပြီး"နောက်တစ်ချိန်မှာ ကျန်တဲ့ မေးခွန်းတွေကို ဖြေကြည့်ကြမယ်နော်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးနိုင်ခြင်း နှင့်ဖြည့်စွက်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ♦ တောကစား၊ ခရီးဦးကြို၊ မြိန်ရှက်စွာ စသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ♦ ကလေးများသိသော အဓိပ္ပာယ်ကို ဆရာက မှန်ကန်အောင် ဖြည့်စွက်ရှင်းပြရပါမည်။
- ♦ ပုံပြင်ဖတ်ရာတွင် အားနည်းသောကလေးများ ရှိပါက သူငယ်ချင်း အချင်းချင်း သို့မဟုတ် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ♦ မေးခွန်းများ၏ အဖြေကို ဖြေဆိုနိုင်ရန် ဆရာက ကူညီပေးရပါမည်။

DBE BOX – Copyright Protected



အရေးကြီးသောအချက်များ

- သုံးဆောင်၊ အရှင့်သား၊ မျှော်လင့်၊ သလော၊ လော၊ သင့်မြတ်၊ ဘိုးဘေး၊ နောင်လာနောက်သား စသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ကလေးများသိသော အဓိပ္ပာယ်ကို ဆရာက မှန်ကန်အောင် ဖြည့်စွက် ရှင်းပြရပါမည်။
- ပုံပြင်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါကသူငယ်ချင်းအချင်းချင်း သို့မဟုတ် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ဇာတ်ဆောင်တို့၏ ပြောစကားအတိုင်းပြောရာတွင် မင်းသားနေရာ၊ အဘိုးအိုနေရာ တို့၌ ခံစားပြီး ပြောစေပါမည်။

မေးခွန်း နံပါတ် (၃) နမူနာအဖြေ

- အဘိုးအို အသက်ကြီးပြီဖြစ်သည့်အတွက် ယခုမှ သရက်ပင် စိုက်နေခြင်းသည် အကျိုးမရှိဟု မင်းသားကထင်သောကြောင့် မေးခြင်း ဖြစ်ပါသည်။
- မင်းသားက သူသာဆိုလျှင် ကိုယ့်အတွက်အကျိုးမရှိသော အလုပ်ကိုလုပ်ခြင်းသည် အဓိပ္ပာယ်မရှိဘူး ဟုထင်သောကြောင့် မေးခြင်း ဖြစ်ပါသည်။

အကြေပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ဒီနေ့တော့ ကျန်နေသေးတဲ့စာမျက်နှာ(၅)က ပုံပြင်အကြောင်းအရာတွေကို ဆက်ပြီးဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "အရင်နေ့က ဖတ်ခဲ့တဲ့ အကြောင်းအရာထိ အားလုံး အတူတူ ဖတ်ကြည့်ပါအုံး" ပြောပြီး ကလေးအားလုံး ဖတ်စေပါမည်။
- ⊙ အဘိုးအို၊ မင်းသား ပြောစကား (သရက်သီးများ. . . နောင်လာနောက်သားများ စားသုံးနိုင်ကြပါလိမ့်မည်) အထိ ဆရာက ဖတ်ပြပြီး ကလေးများ ကိုလည်း ဖတ်စေပါမည်။
- ထို့နောက် ကလေးတစ်ဦးချင်းစီ ဖတ်စေပြီး ခက်ခဲသော စကားလုံးများကို မျဉ်းသားစေကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများအားမေး၍ ဖြေစေပါမည်။
- ခက်ခဲသောစကားလုံးများ၊ ရှေးသုံးစကားလုံးများကို ဆရာက ရှင်းပြပေးရပါမည်။
- ခက်ဆစ်စကားလုံး (၄) မှ (၁၀) အထိ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးပြပြီး ရှင်းပြပါမည်။
- ⊙ ကလေးများကို ဇာတ်ဆောင် (အဘိုးအို၊ မင်းသား)တို့ ပြော စကားအလိုက် အလှည့်ကျ ဖတ်စေပါမည်။
- လေ့ကျင့်ခန်း မေးခွန်း (၃) "မိမိအတွက် အကျိုးမရှိသော အလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော"ဟု မင်းသားက အဘယ်ကြောင့် မေးသနည်းကို ဖတ်စေပြီး တစ်ဦးချင်း စဉ်စားစေပါမည်။
- ထို့နောက် စဉ်းစားထားသည်များကို နှစ်ယောက်တစ်တွဲ ပြော စေပါမည်။
- ကလေး ၃၊ ၄ဦးခန့်ကို အတန်းရှေ့ထွက်ကာ ပြောစေပါမည်။
- မေးခွန်း နံပါတ် (၃)၏ အဖြေကိုဖြေရာတွင် ကလေးများ လွတ်လပ်စွာ ဖြေဆိုစေရပါမည်။

နိဂုံးချုပ်ခြင်း

- "ဒီတစ်ချိန်မှာတော့ မင်းသားက အဘိုးအိုကို မေးတဲ့မေးခွန်း နှစ်ခုအထိဖတ်ပြီး လေ့ကျင့်ခန်း မေးခွန်း (၃)ကို ဖြေခဲ့ကြ တယ်နော်။ နောက်တစ်ချိန်မှာ ကျန်နေတဲ့အပိုင်းကို ဆက်ဖတ် မယ်နော်"ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မင်းသားနှင့် အဘိုးအို တို့ ပြောစကားများကို အလှည့်ကျ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများကို နှစ်ယောက်တစ်တွဲ ဖြေဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ခုအခါခ်ိန်မှာတော့ ဖတ်ဖို့ ကျန်နေသေးတဲ့ အဘိုးအို၊ မင်းသား ပြောစကားတွေကို ဆက်ပြီး ဖတ်ကြမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ဆရာက ပုံပြင်ပါ (ထိုသို့အဘိုးအိုက . . . အဘိုးအားလည်း ပူဇော်ပါရစေ) အထိ မင်းသားပြောစကားအတိုင်း ဖတ်ပြပါမည်။
- ⊙ ထို့နောက် ကလေးတစ်ဦးချင်းစီ ဖတ်စေပြီး ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ♦ ဆရာက ခက်ဆစ်စကားလုံး (၁၁) နှင့် (၁၂)၏ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးပြပြီး ရှင်းပြပါမည်။
- ⊙ ကလေးများကို ဇာတ်ဆောင်(မင်းသား) ပြောစကားအလိုက် အလှည့်ကျ ဖတ်စေပါမည်။
- ♦ ထို့နောက် လေ့ကျင့်ခန်းမေးခွန်း (၄) " မင်းသားက အဘိုးအိုကို အဘယ်ကြောင့် ပတ္တမြားလက်စွပ် ပေးခဲ့သနည်း" ကို ဖတ်စေပြီး တစ်ဦးချင်း စဉ်းစားစေပါမည်။
- ♦ စဉ်းစားထားသည်များကို နှစ်ယောက်တစ်တွဲ ပြောစေကာ လွတ်လပ်စွာ ဖြေစေပါမည်။
- ⊙ ကလေးများ၏ အဖြေပေါ်မူတည်၍ "ဘာဖြစ်လို့ အဲဒီလို စဉ်းစားခဲ့တာလဲ ပြောကြည့်ပါအုံး" ဟုပြောကာ နှစ်ယောက်တစ်တွဲ ထပ်မံပြောစေပါမည်။
- ♦ ကလေး ၃၊ ၄ ဦးခန့်ကို မေးပြီး ဖြေစေပါမည်။
- ♦ ထို့နောက် စာမျက်နှာ (၅) (သရက်သီးများ သုံးဆောင်ရသည် မှာ. . . အဘိုးအား ပူဇော်ပါရစေ) အထိ ပြန်လည်ဖတ်စေပြီး မင်းသား၊ အဘိုး ပြောစကားအတိုင်း ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ "ဒီတစ်ခ်ိုန်မှာတော့ မင်းသားက အဘိုးအိုကို ပြောတဲ့စကားတွေ အထိဖတ်ပြီး လေ့ကျင့်ခန်း မေးခွန်း (၄)ကို ဖြေခဲ့ကြတယ်နော်။ နောက်တစ်ခ်ိုန်မှာ ကျန်နေတဲ့အပိုင်းကို ဆက်ဖတ်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မင်းသားနှင့် အဘိုးအို တို့၏ ပြောစကားများကို အလှည့်ကျ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေး အကဲဖြတ်ပါမည်။



၃။ စေတနာ (ပုံပြင်)

မင်းသား ။ ။ သရက်သီးများ သုံးဆောင်ရသည်မှာ အလွန်အရသာ ရှိလှပါသည်။ ကျွန်ုပ် တစ်ခုမေးပါရစေ။ ကျွန်ုပ်လာစဉ်က အဘိုးမည်သည့်အပင်များကို စိုက်နေပါသနည်း။

အဘိုးအို ။ ။ သရက်ပင်ပေါက်ငယ်များကို စိုက်ပျိုးနေပါသည်အရှင့်သား။

မင်းသား ။ ။ အဘိုး အသက်မည်မျှရှိပြီနည်း။

အဘိုးအို ။ ။ ကျွန်ုပ်အသက် ရှစ်ဆယ်ရှိပါပြီ။

မင်းသား ။ ။ အဘိုးအသက်သည် မည်မျှဆက်၍ ရှည်နေဦးမည်ဟု ထင်ပါသနည်း။ ယခု အဘိုးစိုက်ပျိုးသော သရက်သီးကို အဘိုးစားရန် မျှော်လင့်နေပါသေးသလော။ မိမိအတွက် အကျိုးမရှိနိုင်သည့်အလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော။

အဘိုးအို ။ ။ ယခု သရက်သီးကို အသင်မင်းသား စားသုံးနိုင်ခြင်းသည် ကျွန်ုပ်၏ ဘိုးဘေးများက စိုက်ပျိုးခဲ့သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်ယခုစိုက်ပျိုးနေသော သရက်ပင်ပေါက်များ ကြီးပြင်းလာသောအခါတွင် ကျွန်ုပ်၏သားမြေးနှင့် နောင်လာနောက်သားများ စားသုံးနိုင်ကြပါလိမ့်မည်။

ထိုသို့အဘိုးအိုက လျှောက်လေသော် အိမ်ရှေ့မင်းသားသည် များစွာသဘောကျသဖြင့်

မင်းသား ။ ။ အဘိုးအို၏စကားသည် မှတ်သားထိုက်ပေစွ။ ကျွန်ုပ် မစဉ်းစားမဆင်ခြင်ဘဲ ပြောမိခြင်းကို သည်းခံပါ။ ယနေ့မှစ၍ ကျွန်ုပ်သည် တစ်ဖို့တည်းကို မကြည့်တော့ပါ။ ကျွန်ုပ်နှင့်တကွ နောင်လာနောက်သားတို့ အကျိုးရှိမည့် အလုပ်မျိုးကိုသာ လုပ်ပါတော့မည်။

အဘိုးအားလည်း ပူဇော်ပါရစေ။

အရေးကြီးသောအချက်များ

- ♦ မှတ်သားထိုက်ပေစွ၊ တစ်ဖို့တည်း စသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ♦ ကလေးများသိသော အဓိပ္ပာယ်ကို ဆရာက မှန်ကန်အောင် ဖြည့်စွက် ရှင်းပြရပါမည်။
- ♦ ပုံပြင်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

BPE Boy / Copyright Protected

၃။ စေတနာ (ပုံပြင်)

ထိုသို့ဆို၍ အိမ်ရှေ့မင်းသား သည် ပတ္တမြားလက်စွပ်ကို ချွတ်ပေးခဲ့ ပြီး စီးတော်မြင်းကို နှင်ကာ ရွှင်လန်းစွာ ထွက်သွားလေ၏။

အဘိုးအိုက ငါ့စေတနာ အလျောက် စိုက်ပျိုးသော အပင် ကလေးများသည် ယခုလက်ငင်းပင် ပတ္တမြားသီး သီးပေပြီဟု ဝမ်းမြောက်ဝမ်းသာကျူးရင့်လေ၏။



ခက်ဆစ်

၁။	တောကစား	= မင်းညီ မင်းသားတို့ တော၌ အမဲလိုက်သည်။
၂။	ခရီးဦးကြို	= ရောက်လာသောဧည့်သည်ကို ဆီးကြိုခေါ်ယူသည်။
၃။	မြိန်ရှက်စွာ	= နှစ်မြို့က်အားရစွာ (စားသောက်သည်)။
၄။	သုံးဆောင်	= စားသောက်သည်။
၅။	အရှင့်သား	= ဘုရင့်သားတော်များကို ခေါ်သည့်စကား။
၆။	မျှော်လင့်	= ရည်မှန်း စောင့်စားသည်။
၇။	သလော၊လော	= အမေးစကား။
၈။	သင့်မြတ်	= သင့်လျော်သည်။
၉။	ဘိုးတော	= ဘိုးဘွားဆွေမျိုးအစဉ်အဆက်။
၁၀။	နောင်လာနောက်သား	= သားမြေးအစဉ်အဆက်။
၁၁။	မှတ်သားထိုက်ပေစွ	= စိတ်တွင် စွဲမှတ်ထားသင့်ပေ၏။
၁၂။	တစ်ဖို့တည်း	= တစ်စုံတစ်ဦး အတွက်သာ။
၁၃။	စီးတော်မြင်း	= ဘုရင် မင်းညီမင်းသားတို့ စီးသောမြင်း။
၁၄။	စေတနာ	= သူတစ်ပါးအကျိုးကို လိုလားသောစိတ်။
၁၅။	ကျူးရင့်	= ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုသည်။

အရေးကြီးသောအချက်များ

- နှင်ကာ၊ ကျူးရင့်စသည့် စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ကလေးများသိသော အဓိပ္ပာယ်ကို ဆရာက မှန်ကန်အောင် ဖြည့်စွက်ရှင်းပြရပါမည်။
- ပုံပြင်ဖတ်ရာတွင် အားနည်းသော ကလေးများ ရှိပါလျှင် ဆရာက ကူညီပံ့ပိုးပေးရပါမည်။

မေးခွန်း နံပါတ် (၅) နမူနာအဖြေ

- လက်ငင်းပင်ပတ္တမြားသီး သီးပေပြီ ဟု အဘိုးအိုက ပြောခြင်း မှာ သူ၏စေတနာအလျောက် လက်ငင်းပင် မင်းသား၏ ပတ္တမြား လက်စွပ် ချိုးမြွင့်ခြင်း ခံရသောကြောင့် ဖြစ်ပါသည်။
- လက်ငင်းပင်ပတ္တမြားသီး သီးပေပြီ ဟု အဘိုးအိုက ပြောခြင်းမှာ စေတနာအကျိုးကို ချက်ချင်းခံစားရသောကြောင့် ပြောခြင်း ဖြစ်ပါသည်။

အကြေပြုစာသင်ချိန် ၉ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ခုအချိန်မှာတော့ နောက်ဆုံးကျန်နေသေးတဲ့ အဘိုးအို နဲ့ မင်းသားတို့ ပြောစကားတွေကို ဆက်ပြီးဖတ်ကြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ "အရင်နေ့က ဖတ်ခဲ့တဲ့ အကြောင်းအရာထိ အားလုံး အတူတူ ဖတ်ကြည့်ပါအုံး" ပြောပြီး ကလေးအားလုံး ဖတ်စေပါမည်။
- ⊙ ဆရာက (ထိုသို့ဆို၍. . . ကျူးရင့်လေ၏)အထိ အဘိုးအို၏ ပြောစကား အတိုင်းဖတ်ပြပါမည်။
- ♦ ထို့နောက် ကလေးတစ်ဦးချင်းစီ ဖတ်စေပြီး ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ♦ ဆရာက ခက်ဆစ်စကားလုံး (၁၃) မှ (၁၅) အထိ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးပြပြီး ရှင်းပြပါမည်။
- ♦ ကလေးများကို နောက်ဆုံး ၂ ပိုဒ် အဘိုးအိုပြောစကားအလိုက် အလှည့်ကျ ဖတ်စေပါမည်။
- ⊙ ထို့နောက် လေ့ကျင့်ခန်း မေးခွန်း (၅) "လက်ငင်းပင်ပတ္တမြားသီး သီးပေပြီ ဟု အဘိုးအိုက အဘယ်ကြောင့် ပြောခဲ့သနည်း" ကို မေးကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။
- ♦ ကလေး ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ "ဒီတစ်ချိန်မှာတော့ နောက်ဆုံးနှစ်ပိုဒ်ကို ဖတ်ပြီး လေ့ကျင့်ခန်း မေးခွန်း (၅)ကို ဖြေခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ ကျန်နေတဲ့ အပိုင်းကို ဆက်ဖတ်မယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း အဘိုးအိုပြောသော စကားများကို ကလေး အားလုံး အလှည့်ကျ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ “ဒီနေ့တော့ ပုံပြင်ထဲမှာပါတဲ့ မေးခွန်းလေးတွေကို ဆက်ဖြေကြည့်ကြပြီး စေတနာပုံပြင်နဲ့ ပတ်သက်လို့ ကလေးတို့ရဲ့ အမြင်လေးတွေကို မေးချင်ပါတယ်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ပထမဦးစွာ ပုံပြင်တစ်ပုဒ်လုံးကို ကလေးအားလုံး ဖတ်စေပါမည်။

⊙ “စေတနာဆိုတာ ဘာလဲ။ ပုံပြင်မှာပါတဲ့ စေတနာက ဘာကို ပြောတာလဲ ပြောကြည့်ပါအုံး”ဟု ပြောကာ စဉ်းစားပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ထို့နောက် “ဘာကြောင့် ဒီပုံပြင်ကို စေတနာလို့ နာမည်ပေးတာလဲ ပြောကြည့်ပါအုံး”ဟု ပြောကာ တစ်ဦးချင်း စဉ်းစားပြီး ပြောစေပါမည်။

⊙ “ကလေးတို့ ဆိုရင်ရော ဒီပုံပြင်လေးကို ခေါင်းစဉ်ဘယ်လိုပေးမလဲ”ဟု မေးကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ စဉ်းစားပြီးပါက ကလေးများ နှစ်ယောက်တစ်တွဲစီ အတန်းရှေ့ထွက် ပြောစေပါမည်။

♦ လေ့ကျင့်ခန်း မေးခွန်း (၆) “မင်းသားသည် အဘိုးအိုထံမှ ထွက်သွားပြီးနောက် မည်သို့ဆက်လုပ်မည် ထင်သနည်း”ဟု မေးပြီး ကလေးများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေမည်။

⊙ ကလေးအားလုံး၏ ထင်မြင်ချက် အဖြေများကို လွတ်လပ်စွာ ပြောကြားစေပါမည်။

♦ ကလေး ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

♦ “စေတနာပုံပြင်နဲ့ဆိုင်တဲ့ မေးခွန်းလေးတွေကို အားလုံးဖြေခဲ့ကြတယ်နော်။ အခုလို မေးခွန်းလေးတွေကို စဉ်းစားပြီးဖြေရတာ ပျော်စရာကောင်းတယ်မဟုတ်လား”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မေးခွန်းများကို စဉ်းစားဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် မိမိစဉ်းစားထားသည်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

♦ မေးခွန်း (၆)၏အဖြေကို ကလေးများအား လွတ်လပ်စွာ စဉ်းစားဖြေဆိုစေမည်။

မေးခွန်း နံပါတ် (၆) နမူနာအဖြေ

♦ မင်းသားသည် အဘိုးအိုထံမှ ထွက်ခွာသွားပြီးသည့်နောက် အမြင်မှန်ရသွားပြီး နောင်လာနောက်သားတို့အတွက် အကျိုးရှိမည့် အလုပ်များကို ဆက်လက်လုပ်ဆောင်သွားမည်ထင်ပါသည်။

♦ မင်းသားသည် အဘိုးအိုထံမှ ထွက်ခွာသွားပြီးသည့်နောက် တံတားခင်းခြင်း၊ လမ်းဖောက်ခြင်းစသည့် အများအတွက် အကျိုးရှိမည့် အလုပ်များကို လုပ်ဆောင်သွားမည်ထင်ပါသည်။

DBE Box - Copyright Protected



၃။ စေတနာ (ပုံပြင်)

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ အဘိုးအိုက လက်ငင်းပင် ပတ္တမြားသီး သီးလေပြီဟု _____ လေသည်။
(ကျူးရင့်၊ ကြူးရင့်)

၂။ မနက်ဖြန်မနက်တွင် ဖေဖေပြန်လာမည်ဟု ကျွန်တော် _____ နေပါသည်။
(မြော်လင့်၊ မျှော်လင့်)

၃။ ညီမလေးသည် ဖေဖေဝယ်လာသော မုန့်များကို _____ စွာ စားနေပါသည်။
(မြိန်ယှက်၊ မြိန်ရှက်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စည်းရိုး၊ လက်ငင်း၊ ချမြှိန်၊ ဝမ်းမြောက်ဝမ်းသာ၊ သဘောကျ

သာဓက

စည်းရိုး ။ ။ ကျွန်တော်တို့ ခြံဝင်းကို စည်းရိုးများ ကာရံထားပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မင်းသားနှင့်အဘိုးအို မည်သည့်နေရာတွင် တွေ့ခဲ့သနည်း။

၂။ အဘိုးအိုက မင်းသားကို မည်သည့်အစားအစာဖြင့် ဧည့်ခံသနည်း။

၃။ "မိမိအတွက်အကျိုးမရှိသောအလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော"ဟု မင်းသားက အဘယ်ကြောင့် မေးသနည်း။

၄။ မင်းသားက အဘိုးအိုကို အဘယ်ကြောင့် ပတ္တမြားလက်စွပ် ပေးခဲ့သနည်း။

၅။ "လက်ငင်းပင် ပတ္တမြားသီး သီးလေပြီ"ဟု အဘိုးအိုက အဘယ်ကြောင့် ပြောခဲ့သနည်း။

၆။ မင်းသားသည် အဘိုးအိုထံမှ ထွက်သွားပြီးနောက် မည်သို့ ဆက်လုပ်မည်ထင်သနည်း။

၇

အရေးကြီးသောအချက်များ

- မိမိတို့၏ အတွေ့အကြုံများကို အချင်းချင်းပြောပြီး ရေးသားစေရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောကြားရာတွင်ကလေးများ လွတ်လပ်စွာ ပြောကြားစေရပါမည်။
- အခြားသူများ၏ စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများကို သေချာဖတ်ပြီး မှတ်သားစေရပါမည်။

အကြေပြုစာသင်ချိန် ၉ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့သူများကို စေတနာနဲ့ ကူညီပေးဖူးသလား။ ဒီတစ်ခါနှိန်မှာတော့ ကိုယ့်ရဲ့အတွေ့အကြုံလေးတွေကို ပြောကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ပုံပြင်တစ်ပုဒ်လုံးကို ပြန်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- "ကလေးတို့ တခြားသူကို စေတနာနဲ့ ကူညီပေးဖူးသလား။ ဒါမှမဟုတ် ကလေးတို့ကိုရော တခြားသူက စေတနာနဲ့ အကူအညီပေးတာ ခံရဖူးသလား"ဟု မေးကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။
- ထို့နောက် မိမိတို့ အတွေ့အကြုံများကို ၃၊ ၄ ဦးခန့် အတန်းသို့ ပြန်ပြောစေပါမည်။
- ပြောပြီးပါက မိမိတို့၏ အတွေ့အကြုံများကို တစ်ဦးချင်းစဉ်းစားပြီး ရေးစေပါမည်။
- ရေးပြီးပါက နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေကာ အကြံဉာဏ်ပေးစေရပါမည်။
- ထို့နောက် အခြားသူများနှင့်လည်း လဲလှယ်ဖတ်စေကာ မိမိ၏ အတွေ့အကြုံနှင့် တူသည့်သူများ ရှိ မရှိကို မှတ်စေပါမည်။
- "တခြားသူတွေနဲ့ လဲဖတ်တဲ့အခါ ကိုယ်နဲ့ အတွေ့အကြုံ တူတဲ့သူ ရှိသလား။ တခြားစိတ်ဝင်စားဖို့ကောင်းတာ ရှိသလားဆိုတာ မှတ်ထားရမယ်"ဟု ပြောကာ အတန်းတွင်းလှည့်ကာ ရေးထားသည်များကို ကလေးများအား ဖတ်စေပါမည်။
- ကလေး ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- မိမိတို့ရေးသားထားသော အတွေ့အကြုံများကို ကလေး ၃၊ ၄ဦးခန့် ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိတို့၏အတွေ့အကြုံများကို နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ ရှေးသုံးစကားလုံးတွေကို ဘယ်လိုအခါမျိုးမှာ ကြားဖူးသလဲ။ ဒီတစ်ခါမှာတော့ ပုံပြင်ထဲမှာပါတဲ့ ရှေးသုံးစကားလုံးလေးတွေကို ရှာကြည့်ကြရအောင်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများအားလုံး ပုံပြင်တစ်ပုဒ်လုံးကို ပြန်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⊙ ထို့နောက် ပုံပြင်တွင်ပါဝင်သော ရှေးသုံးစကားလုံးများကို တစ်ဦးချင်း ရှာဖွေ၍ မျဉ်းသားစေပါမည်။
- ကလေးများပြောသော စကားလုံးများကို ဆရာက သင်ပုန်းတွင် ရေးသားထားရပါမည်။
- “ ကလေးတို့ ဒီစကားလုံးလေးတွေကို အခုခေတ်အသုံးနဲ့ ပြောမယ်ဆိုရင် ဘယ်လို စကားလုံးမျိုးနဲ့ ပြောလို့ရသလဲ ပြောကြည့်ပါအုံး”ဟု ဆိုကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးပြောစေပါမည်။
- ⊙ ပြောပြီးပါက မိမိတို့ရှာဖွေထားသော စကားလုံးများကို ကလေး ၃၊ ၄ဦးခန့် အတန်းရှေ့ထွက်ပြောစေပါမည်။
- ထို့နောက် ကလေးများပြောထားသော စကားလုံးများနှင့် ပတ်သက်၍ အနှစ်ချုပ်ကာ ပြန်ပြောရပါမည်။
- အချိန်ရပါက ယခုခေတ်သုံးစကားများကို ပြောပြီး ရှေးခေတ်သုံးစကားလုံးများဖြင့် ပြန်ပြောစေရပါမည်။

နိဂုံးချုပ်ခြင်း

- “ပုံပြင်တစ်ပုဒ်လုံးကို ပြန်လည်ဖတ်စေပြီး ပုံပြင်ထဲမှာပါတဲ့ အဘိုးအို၊ မင်းသားတို့ရဲ့ ပြောစကားနဲ့ ကလေးတို့ အခုပြောနေတဲ့ စကားက ဘာကွာခြားလဲ” စသည့် မေးခွန်းများမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ပါ ရှေးသုံးစကားလုံးများနှင့် ယခုခေတ်စကားများ မည်သို့ကွာခြားပုံကို နှစ်ယောက်တစ်တွဲ ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ပုံပြင်ကို ဖတ်ပြီး ကလေးများကိုယ်တိုင် ရှေးသုံးစကားလုံးများ ကို ရှာဖွေတတ်ရပါမည်။
- မိမိတို့ရှာဖွေထားသော ရှေးသုံးစကားလုံးများအား ယခုခေတ်တွင် မည်သို့ သုံးစွဲပြောဆိုနေသည်ကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပြောပြရပါမည်။
- ကလေးများပြောသည့်အခါ လိုအပ်ချက်ရှိပါက ဆရာက ဖြည့်စွက်ပြောကြားပေးရပါမည်။

DBE Box - Copyright Protected



၃။ စေတနာ (ပုံပြင်)

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ အဘိုးအိုက လက်ငင်းပင် ပတ္တမြားသီး သီးလေပြီဟု _____ လေသည်။ (ကျူးရင့်၊ ကြူးရင့်)

၂။ မနက်ဖြန်မနက်တွင် ဖေဖေပြန်လာမည်ဟု ကျွန်တော် _____ နေပါသည်။ (မြော်လင့်၊ မျှော်လင့်)

၃။ ညီမလေးသည် ဖေဖေဝယ်လာသော မုန့်များကို _____ စွာ စားနေပါသည်။ (မြိန်ယှက်၊ မြိန်ရှက်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စည်းရိုး၊ လက်ငင်း၊ ချမြိန်၊ ဝမ်းမြောက်ဝမ်းသာ၊ သဘောကျ

သာဓက

စည်းရိုး ။ ။ ကျွန်တော်တို့ ခြံဝင်းကို စည်းရိုးများ ကာရံထားပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မင်းသားနှင့်အဘိုးအို မည်သည့်နေရာတွင် တွေ့ခဲ့သနည်း။

၂။ အဘိုးအိုက မင်းသားကို မည်သည့်အစားအစာဖြင့် ဧည့်ခံသနည်း။

၃။ "မိမိအတွက်အကျိုးမရှိသောအလုပ်ကို လုပ်ခြင်းသည် သင့်မြတ်ပါ၏လော"ဟု မင်းသားက အဘယ်ကြောင့် မေးသနည်း။

၄။ မင်းသားက အဘိုးအိုကို အဘယ်ကြောင့် ပတ္တမြားလက်စွပ် ပေးခဲ့သနည်း။

၅။ "လက်ငင်းပင် ပတ္တမြားသီး သီးလေပြီ"ဟု အဘိုးအိုက အဘယ်ကြောင့် ပြောခဲ့သနည်း။

၆။ မင်းသားသည် အဘိုးအိုထံမှ ထွက်သွားပြီးနောက် မည်သို့ ဆက်လုပ်မည်ထင်သနည်း။

၇

အရေးကြီးသောအချက်များ

- ဆရာက ကလေးများပြောထားသည်များ၊ ရေးသားထားသော ဝါကျများ၊ သတ်ပုံအမှန် ရွေးချယ်ခြင်း မှန်ကန်မှု ရှိ မရှိကို စစ်ဆေးပေးရပါမည်။
- ဝါကျများရေးဖွဲ့ရာတွင် မိမိစိတ်ကူးဖြင့် ဝါကျများတည်ဆောက်နိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ဝါကျဖွဲ့စာကြောင်းများ မှန်ကန်စေရန် ကလေးများရေးသားထားသော မှတ်စုများကို ဆရာက စစ်ဆေးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- "စေတနာပုံပြင်ကို ဖတ်ပြီးပြီ။ မေးခွန်းတွေလဲ ဖြေပြီးပြီဆိုတော့ ကလေးတို့မှာ ဘယ်လိုအတွေးတွေရသွားသလဲဆိုတာ ပြောကြည့်ကြပါအုံး" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာလုံးပေါင်းအမှန် ရွေးနိုင်ခြင်း ရှိ မရှိ၊ မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိနှင့် ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီအချိန်မှာတော့ လေ့ကျင့်ခန်းမှာပါတဲ့ စကားလုံးတွေနဲ့ ဝါကျဖွဲ့ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်တွင် ပါဝင်သော သတ်ပုံအမှန်ကို ရွေး၍ ကွက်လပ်ဖြည့်ပါမှ မေးခွန်းနံပါတ် (၁) စာကြောင်းကို ဖတ်ပြပါမည်။
- အဘိုးအိုက လက်ငင်းပင် ပတ္တမြားသီး သီးပေပြီဟု . . . လေသည်။ (ကျူးရင့်၊ ကြူးရင့်)
- ကလေးများကိုယ်တိုင်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- စာကြောင်းအဓိပ္ပာယ်ကို တစ်ဦးချင်း စဉ်းစားစေပါမည်။
- ရွေးချယ်ရမည့် စကားလုံးနှစ်လုံးကို ဖတ်စေကာ မည်သည်က သတ်ပုံအမှန်ဖြစ်မည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက စာလုံးအမှန်ကိုရွေးစေ၍ စာကြောင်းတွင် ဖြည့်စေပြီး မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- "ကျူး၊ ကြူး" စကားလုံးနှစ်လုံး၏ အသုံးမတူပုံကို ကလေးများအား မေးကာ ဖြေစေပါမည်။
- ကလေးများဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောရပါမည်။
- နံပါတ် (၂)၊ (၃) ကို အထက်ပါနည်းအတိုင်း သင်ကြားပါမည်။
- ထို့နောက် ဝါကျဖွဲ့ရန် စကားလုံးများကို ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။
- ဆရာက ခြံစည်းရိုး ဟူသော စကားလုံးကိုသုံးပြီး နမူနာဝါကျဖွဲ့ပြပါမည်။
- နမူနာ ပြောပြပြီးပါက "ဝမ်းမြောက်ဝမ်းသာဆိုတဲ့ စကားလုံးကို သုံးပြီး ဝါကျဖွဲ့ကြည့်ကြမယ်။ ဘယ်လိုစာကြောင်းမျိုး ရေးရင် ကောင်းမလဲ စဉ်းစားကြည့်ပါအုံး"ဟု ပြောကာ တစ်ဦးချင်း စဉ်းစား၍ မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ကျန်စကားလုံးများကိုလည်း တစ်ဦးချင်းစီ စဉ်းစား၍ မိမိတို့၏ မှတ်စုစာအုပ်တွင် ကိုယ်ပိုင်ဝါကျအဖြစ် ရေးစေပါမည်။
- ထို့နောက် မိမိတို့ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက အတန်းရှေ့ထွက်ပြီး ၂ဦး၊ ၃ဦးခန့်ကို ပြောစေပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ (၄) စကားလုံးသစ်ပင်
အကြမ်းဖြစ်သင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အမျိုးအစားတူ စကားလုံးများ၏ဝေါဟာရ ကြွယ်ဝစေရန်
- မျိုးတူစကားလုံးပေါ်မူတည်ပြီး အချင်းချင်းဆွေးနွေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- A 3 စာရွက်၊ ကော်ထုပ်၊ တိပ်၊ ကတ်ကြေး၊ ရောင်စုံခဲတံ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီနေ့ ကစားနည်းတစ်ခုနဲ့ကစားကြမယ်။ အဲဒီကစားနည်းမှာ ဆရာက စားဖိုမှူးလုပ်မယ်။ ကလေးတို့ အိမ်မှာ စားဖိုမှူးရှိသလား။ ဘယ်သူတွေက လုပ်သလဲ" ဟု မေးပြီး နိဒါန်းပို့ပါမည်။

လုပ်ငန်းစဉ်

- "စကားလုံးသစ်ပင်ဆိုတာ ဘယ်လိုဟာမျိုးဖြစ်မယ် ထင်သလဲ။ သစ်ပင်တွေက ဘာတွေရသလဲ"ဟု မေးပြီး ဖြေစေပါမည်။
  သာဓက။ ။ ပန်းသီးပင်က ဘာတွေရမယ်ထင်သလဲ။
  (ကလေးများကိုဖြေစေပြီးဆရာကသင်ပုန်းမှတ်ချက်ရေးပါမည်။)
- ⊙ "အဲဒီလိုပဲ စားဖိုမှူးသစ်ပင်ကနေ ဆရာက စကားလုံးလေးတွေ ခူးပေးမယ်။ ဒါကြောင့် ဆရာနဲ့အတူ စကားလုံးသစ်ပင် လုပ်ကြည့်ကြမယ်နော်"ဟု ပြောပြီး သစ်ပင်ပုံကို ဆရာက သင်ပုန်းတွင် ရေးဆွဲပြီး အမည်ပေးမည်။
- သစ်ပင်အမည်ကို ကလေးများအား ဖတ်ခိုင်းပြီးစဉ်းစားစေမည်။
- ⊙ ဆရာက စကားလုံးသစ်ပင်နှင့်သက်ဆိုင်သော မျိုးတူစကားလုံးများရေးရန် စာရွက်များကို ညှပ်ထားမည်။
- ညှပ်ထားသောစာရွက်တွင် သင်ခန်းစာပါ စကားလုံးများကို ရေးမည်။ ထို့နောက် သစ်ပင်ပုံဆွဲထားသော ရုပ်ပုံကားချပ်တွင် စကားလုံးများ ရေးထားသော စာရွက်ကိုကပ်မည်။
- ⊙ "ကြော်သည်" စကားလုံးက "ဘာကိုကြော်တာလဲ" ဟု ကလေးတစ်ဦးစီ စဉ်းစားစေပြီး ကလေးအချင်းချင်းပြောစေကာ ၃၊ ၄ဦးကို ဆရာက မေးပါမည်။
  သာဓက ။ ။ မေမေ ငါး ကြော်သည်။
  ဖေဖေ ကန်စွန်းရွက် ကြော်သည်။
- ဆရာပြုလုပ်ထားသော စားဖိုမှူးသစ်ပင်တွင် မပါဝင်သေးသော စကားလုံးများကို ကလေးများအား စဉ်းစားစေပြီးမှ ဆရာက မေးပါမည်။
  သာဓက။ ။ အသုပ်သုပ်သည်။



အဓိကအချက်များ

- စကားလုံးသစ်ပင်ဆိုသည်ကို သေချာစွာ ရှင်းပြရမည်။
- အမျိုးအစားတူ စကားလုံးများကို ခေါင်းစဉ်ပေါ်မူတည်၍ စဉ်းစားစေမည်။
- အဖွဲ့အတွင်း ကလေးအားလုံး ပူးပေါင်းပါဝင် ဆွေးနွေး လာအောင် ဆရာက ပြောပေးရမည်။
- ထပ်ဖြည့်လိုသော စကားလုံးများကို ကလေးများစဉ်းစားပြီး ပြောစေမည်။

အရေးကြီးသောအချက်များ

- A3 စာရွက်မရှိပါက A4 စာရွက် ၂ ရွက် အသုံးပြုရမည်။
- ပြက္ခဒိန် နောက်ကျောဘက်ကိုလည်း အသုံးပြုနိုင်သည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- အုပ်စုတွင် ခေါင်းစဉ်ရွေးချယ်ထားခြင်းမရှိပါက ဆရာက ညှိနှိုင်း ရွေးချယ်ပေးရမည်။
- စာရွက်ညှပ်ပြီး ပြုလုပ်နိုင်သည်။
- စာရွက်များကို ရောင်စုံဖြင့် ခြယ်နိုင်သည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ခေါင်းစဉ်နှင့်ပတ်သက်သော မျိုးတူစကားလုံးများကို စဉ်းစားရွေးချယ်၍ သစ်ပင်ပြုလုပ်နိုင်ခြင်း ရှိ မရှိနှင့် ကိုယ်ရေးထားသော စကားလုံးကို အချင်းချင်း ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

- ကလေးပြောသောစကားလုံးကို သစ်ပင်တွင်ကပ်ပြီး ဆရာက မေးခွန်းများ မေးပါမည်။

နိဂုံးချုပ်ခြင်း

- "ဒီနေ့ စားဖိုမှူးသစ်ပင် လုပ်ပြီးပြီနော်။ နောက်တစ်ချိန်ကျရင် စကားလုံးသစ်ပင်ကလေးတွေ ကိုယ်တိုင် လုပ်ကြည့်ရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဆရာနှင့်အတူကလေးများ စားဖိုမှူး သစ်ပင်ကို စိတ်ပါဝင်စားစွာ စဉ်းစားပြီး ပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် စကားလုံးအသစ်များထပ်ဖြည့် ပြောဆိုနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- "ဒုတိယအချိန်မှာ ကလေးတို့ကိုယ်တိုင် စကားလုံးသစ်ပင် ကလေးတွေ လုပ်ကြည့်ရအောင်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများကို အုပ်စုဖွဲ့ပေးပြီး အုပ်စုအတွင်း နှစ်သက်ရာ ခေါင်းစဉ်ကို ရွေးစေမည်။
- ⊙ ရွေးထားသောခေါင်းစဉ်နှင့် မျိုးတူသော စကားလုံးများကို ကလေးတစ်ဦးချင်းစီ စဉ်းစားပြီး ရေးသားစေမည်။ ကလေးများ ရေးသားပြီးပါက အုပ်စုအတွင်း အချင်းချင်း ဆွေးနွေးစေမည်။
- ဆရာက စာရွက်ကလေးများ ပြုလုပ်စေပြီး စာရွက်တွင် ခေါင်းစဉ်နှင့် သက်ဆိုင်သော မျိုးတူစကားလုံးများရေးစေပြီး သစ်ပင်တွင် ကပ်မည်။
- "ပြီးသွားတဲ့အုပ်စုတွေက ကိုယ်လုပ်ထားတဲ့ သစ်ပင်မှာပါတဲ့ စကားလုံးတွေကို ဝါကျဖွဲ့ကြည့်ရမယ်နော်"ဟု ပြောပါမည်။
- "အုပ်စုထဲမှာ ဘယ်သူက ဘယ်စကားလုံး ပြောမလဲ။ ဝါကျ ဘယ်လိုဖွဲ့မလဲ"ဆိုသည်ကို စဉ်းစားစေမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ နောက်တစ်ချိန်မှာ ကိုယ်လုပ်ထားတဲ့ စကားလုံး သစ်ပင်အကြောင်းကို ပြောပြရမယ်နော်။ ကိုယ်ပြောတဲ့ စကားလုံးနဲ့ ဝါကျဖွဲ့ထားတာကိုပါ ပြောပြရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

DBE Box – Copyright Protected

အကြမ်းပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ ကလေးတို့ ပြုလုပ်ထားတဲ့ စကားလုံးသစ်ပင်ကို အတန်းတွင်း ရှင်းပြကြရမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ဒုတိယအချိန်က ကလေးတို့ လုပ်ခဲ့တဲ့ စကားလုံးသစ်ပင်တွေရဲ့ အမည်လေးတွေကို မှတ်မိရဲ့လား။ ပြောပါအုံး"ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။
- "အုပ်စုလိုက် လုပ်ထားတဲ့ စကားလုံးသစ်ပင်တွေကို သင်ပုန်းမှာ လာကပ်ပါအုံး"ဟု ပြောပြီး ကလေးများကို ကပ်စေပါမည်။
- ⊙ သင်ပုန်းတွင် ကပ်ထားသော စကားလုံးများကို အုပ်စုတွင်း တစ်ဦးလျှင် စကားလုံးနှစ်လုံးစီ ပြောစေမည်။ ဝါကျကိုလည်း ပြောစေမည်။
- ⊙ "ရွေးထားတဲ့ ခေါင်းစဉ်နဲ့ အမျိုးအစားတူတဲ့ စကားလုံး ဟုတ်မဟုတ် ကလေးတို့ သေသေချာချာ နားထောင်ထားမယ်နော်" ဟု ပြောပါမည်။
- ⊙ ခေါင်းစဉ်တစ်ခုပြီးတိုင်း ထပ်ဖြည့်လိုသော စကားလုံးများကို စဉ်းစားပြီး ကလေးများအား ပြောစေမည်။
- ⊙ မိမိပြုလုပ်ထားသော စကားလုံးများဖြင့် ဝါကျများတည်ဆောက်စေမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ဒီနေ့ ကိုယ်ရေးထားတဲ့ ခေါင်းစဉ်သာမက သူငယ်ချင်းတွေရဲ့ ခေါင်းစဉ်ကိုလဲ နားထောင်ခဲ့တယ်နော်။ အားတဲ့အချိန်မှာ တခြားခေါင်းစဉ်တွေကို စဉ်းစားပြီး စကားလုံးသစ်ပင် ပြုလုပ်ကြရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ သူတစ်ပါးပြောစကားကို နားထောင်ပြီး စဉ်းစားကာ မျိုးတူစကားလုံးများ ထပ်ဖြည့်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ကလေးများအားလုံး သူတစ်ပါးပြောဆိုနေချိန် သေချာစွာ နားထောင်ရမည်။
- မိမိအဖွဲ့အတွင်း ရှင်းပြရမည့်အချက်များကို ရှင်းလင်းအောင် ပြောဆိုဆွေးနွေးတိုင်ပင်ရမည်။
- ကလေးများကိုယ်တိုင် ထပ်မံဖြည့်လိုသော စကားလုံးများကို ပြောစေမည်။
- ကလေးများ ကိုယ်တိုင်လည်း စကားလုံးသစ်ပင် ပြုလုပ်နိုင်ရ မည်။
- သစ်ပင်တွင်ပါသော စကားလုံးဖြင့် ဝါကျများတည်ဆောက်နိုင်ရမည်။

DBL Box – Copyright Protected

သင်ခန်းစာ ၅ ဆား



မိမိတို့နေ့စဉ်စားသုံးနေသော ဆားသည် အလွန်အသုံးဝင်သည်။ ဆားသည် မည်ကဲ့သို့ အသုံးဝင်သနည်း။ ဆား မည်ကဲ့သို့ ရရှိသည်ကို သိပါသလား။

ဆားမပါသောဟင်းသည် အရသာပေါ့ပြက်ပြက်ဖြစ်တတ်သည်။ အငန်ဓာတ် ပါဝင်သော ဆားသည် အစားအစာများကို အရသာရှိစေရုံမက ကျန်းမာရေးအတွက်ပါ အထောက်အကူ ပြုသည်။ ချွေးထွက်လျှင် ခန္ဓာကိုယ်အညစ်အကြေးတို့နှင့်တကွ ဆားဓာတ်ပါသွား၍ ကာယလုပ်သား များနှင့် အားကစားသမားများသည် သာမန်လူတို့ထက် ဆားဓာတ်ပိုမိုလိုအပ်သည်။ သို့သော် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ဆားအစားများလွန်းလျှင် ကျန်းမာရေးထိခိုက်နိုင်သည်။



အဓိကအချက်များ

- ဖတ်စာကိုဖတ်ပြီး ဆားအသုံးဝင်ပုံ၊ ထုတ်လုပ်ပုံ၊ ဆားထွက်သောဒေသကို သိရှိစေရန် သင်ကြားရပါမည်။
- ကျောင်းသုံးစာအုပ်ပါမေးခွန်းနှင့် အဖြေများကို ရှာဖွေနိုင်အောင် သင်ကြားရပါမည်။
- မြေပုံနှင့်ဖတ်စာကို ယှဉ်တွဲဖတ်ရှုနိုင်အောင် သင်ကြားရပါမည်။
- ကျောင်းသုံးစာအုပ်ပါအကြောင်းအရာကို မိမိစကားဖြင့် ပြန်လည်ပြောနိုင်ရန် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- ထင်မြင်ချက်ကိုပြောနိုင်ရန် ဆရာက ပံ့ပိုးပေးရမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာပြောစေပါမည်။

သင်ခန်းစာ (၅) ဆား
အကြိမ်ပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ဆားအသုံးဝင်ပုံနှင့် ထုတ်လုပ်ပုံကို သိရှိရန်
- အမေး အဖြေပါသည့် စာပိုဒ်တည်ဆောက်ပုံကို သိရှိရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ခေါင်းစဉ်ကို ဖတ်စေ၍ ဆားနေ့စဉ် အသုံးပြုပုံများကို မေးမြန်းပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများအား ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို လေ့လာစေပြီး ထင်မြင်ချက်ကိုမေးမြန်းပါမည်။
- ဆရာက စာတစ်ပုဒ်လုံး ဖတ်ပြပါမည်။
- ကလေးများကို နောက်ကလိုက်၍ ဖတ်စေမည်။
- ⊙ ကလေးများအား သင်ခန်းစာတစ်ပုဒ်လုံးကို အဖြတ်အရပ် မှန်မှန်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- "ဆားအကြောင်း သင်ခန်းစာမဖတ်ခင်ကလေးတို့သိတဲ့ အသိနဲ့ ဖတ်ပြီးတဲ့အခါ ကလေးတို့ရဲ့ ထင်မြင်ယူဆချက် အမြင်မတူတာတွေရှိသလား"ဟု မေးကာ လွတ်လပ်စွာပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ဆားအကြောင်းကို ကလေးတို့ ဖတ်ခဲ့ကြတယ်နော်။ နောက်အချိန်တွေကျရင် အကြောင်းအရာအသေးစိတ်ကို ဆက်လေ့လာကြမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ထင်မြင်ချက်များကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ပထမအချိန်က သင်ခန်းစာတစ်ပုဒ်လုံးကိုလဲ ဖတ်ပြပြီးပြီ။ အခု သင်ခန်းစာရဲ့ ပထမစာပိုဒ်နဲ့ ဒုတိယစာပိုဒ်ကို အသေးစိတ်ပြန်ဖတ်ကြမယ်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများကို သင်ခန်းစာတစ်ပုဒ်လုံး ဖတ်စေပါမည်။
- ပထမနှင့်ဒုတိယစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ပထမစာပိုဒ်နှင့်ဒုတိယစာပိုဒ်ကို တစ်ဦးချင်းစီဖတ်ကာ ခက်ခဲသောစကားလုံးများ၊ ဝါကျများ၊ မေးခွန်းများကို မျဉ်းသားစေမည်။
- သင်ခန်းစာပါ ခက်ဆစ်စကားလုံးများကို ဖတ်စေပါမည်။
- ထိုခက်ခဲသောစကားလုံးများ၊ ဝါကျများ၊ မေးခွန်းများ၏ အဓိပ္ပာယ်ကိုမေးမည်။
- ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားပြီး သင်ပုန်းတွင်ရေးသားပြမည်။
  သာဓက ။ ။ အရသာ = လျှာဖြင့်ထိတွေ့ ခံစားရသောအာရုံ။
- စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားကာ ပထမနှင့်ဒုတိယစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။
- "တန်ဆေး လွန်ဘေး စကားပုံကို ဘယ်လို အခြေနေမျိုးမှာသုံးပါသလဲ"ဟု မေးကာ ကလေးတစ်ဦးချင်း စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲပြောစေပါမည်။
- ကလေး ၃၊ ၄ ဦးခန့်အား အဖြေကို ပြောစေမည်။
- ⊙ လေ့ကျင့်ခန်းပါမေးခွန်း (၁) ကာယလုပ်သားများနှင့် အားကစားသမားများသည် အဘယ်ကြောင့် သာမန်လူတို့ထက် ဆားဓာတ်ပိုမိုလိုအပ်သနည်းဟုမေးကာ အဖြေကို ကလေးတစ်ဦးချင်းစဉ်းစားစေပြီး နှစ်ယောက်တစ်တွဲပြောစေပါမည်။
- အဖြေကို မှတ်စုတွင် ရေးစေမည်။
- ကလေး ၃၊ ၄ဦးခန့်အား အဖြေကို ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "ဆားက လူတို့အတွက် အရေးကြီးကြောင်းကို သိရှိကြပြီနော်။ နောက်တစ်ခါမှာလဲ ဆားရဲ့အသုံးဝင်ပုံတွေကို ဆက်လေ့လာကြမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။



အရေးကြီးသောအချက်များ

- ဆရာက ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ဆရာက မေးခွန်း၏ အဖြေ မှန် မမှန်ကို စစ်ဆေးပေးရပါမည်။
- တန်ဆေး လွန်ဘေး (စကားပုံ)
  မည်သည့်အရာကိုမဆို အလွန်အကျွံ ပြုလုပ်ခဲ့လျှင် ဘေးအန္တရာယ်နှင့် ကြုံရနိုင်ကြောင်း ဆိုလိုရင်းဖြစ်သည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကိုအဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ စကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကို နားလည်ခြင်းရှိ မရှိ၊ မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright protected



၅။ ဆား

ဆားသည် ခန္ဓာကိုယ်အတွက် အသုံးဝင်ရုံသာမက အသားငါးများ မပုပ်မသိုးဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက်စသည်တို့ ပြုလုပ်ရာတွင်လည်း အသုံးဝင်သည်။ ထို့ပြင် လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် ပလုတ်ကျင်းပေးလျှင် သက်သာနိုင်သည်။ ဆားဖြင့် သွားတိုက်ခြင်း၊ ပါးစပ်ဆေးခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။ ဆားကို အမျိုးမျိုးအသုံးပြုနိုင်သည်။

ဆားကို လူတို့သာ အလိုရှိသည်မဟုတ်။ တိရစ္ဆာန်နှင့်သစ်ပင်တို့သည်လည်း ဆားဓာတ် လိုကြောင်း သိပ္ပံနည်းအရ သိရှိရသည်။ တောတွင်းတိရစ္ဆာန်တို့သည် ဆားပေါက်သောမြေကို ရာဇွေးပြီး လျှာဖြင့်လျက်၍ စားကြသည်။

ဆားကို မြန်မာနိုင်ငံတွင်မည်သည့်အရပ်ဒေသမှ ရရှိပါသနည်း။ ရှေးအခါက ပဲခူးနယ်မှ ဆားအမြောက်အများ ထွက်ခဲ့ဖူးသည်။ ယခုအခါတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆားလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်လျက်ရှိကြသည်။ အာဘယ်ကြောင့် ထိုဒေသများတွင် ဆားလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။ ထိုဒေသများသည် ကမ်းရိုးတန်းဒေသများဖြစ်သည့်အတွက် ပင်လယ်ရေကို အလွယ်တကူ ရရှိသောကြောင့်ဖြစ်သည်။

ဆားထုတ်လုပ်ရာတွင် ပင်လယ်ရေကို ကျိုချက်၍ **ချက်ဆား**အဖြစ်လည်းကောင်း၊ ရေခန်းအောင် နေလှန်း၍ **နေလှန်းဆား**အဖြစ်လည်းကောင်း ပြုလုပ်ကြသည်။ အရပ်ဒေသအချို့တွင် ဆားပေါက်သောမြေကို ရေဖျော်၍လည်း ဆားထုတ်လုပ်ကြသည်။ အချို့နိုင်ငံများတွင် ဆားတောင်ကြီးများ၊ ဆားတွင်းကြီးများရှိနေသဖြင့် သတ္တုတူးဖော်သကဲ့သို့ ဆားတူးယူ၍ ဆားထုတ်လုပ်ကြသည်။

၁၂

အရေးကြီးသောအချက်များ

- ဆရာက ခက်ခဲသောစကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြပါမည်။
- ကလေးများ၏အဖြေကို ဆရာက စစ်ဆေးပေးရပါမည်။

၁။ အသား၊ ငါးများမပုပ်မသိုးအောင် မည်သို့ပြုလုပ်သနည်း။

နမူနာအဖြေ

အသား၊ ငါးများမပုပ်မသိုးအောင် ဆားဖြင့်နယ်၍ ငါးပိ၊ ငါးခြောက်တို့ကို ပြုလုပ်သည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ကလေးများအား ပထမစာပိုဒ်နှင့်ဒုတိယစာပိုဒ်ကို ပြန်လည်ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ တတိယစာပိုဒ်နှင့် စတုတ္ထစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။ (အတန်းလိုက်၊ အုပ်စုလိုက် ၊ တစ်ဦးချင်း)
- ⊙ တတိယစာပိုဒ်နှင့်စတုတ္ထစာပိုဒ်ကို တစ်ဦးချင်းစီဖတ်ကာ ခက်ခဲသော စကားလုံးများ၊ ဝါကျများကို မျဉ်းသားစေမည်။
- သင်ခန်းစာပါ ခက်ဆစ်စကားလုံးများကို ဖတ်စေပါမည်။
- ထိုခက်ခဲသော စကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကိုမေးမည်။
- ကလေးများဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးသားမည်။

သာဓက ။ ။ သိပ္ပံ = စနစ်တကျ လေ့လာစမ်းသပ် ဖော်ထုတ်ခြင်းဖြင့် ရရှိသောအတတ်ပညာ။

- စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားကာ တတိယစာပိုဒ်နှင့် စတုတ္ထစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။
- ဆရာက အောက်ပါမေးခွန်းများကို သင်ပုန်းပေါ်တွင် ရေး၍ မေးပါမည်။

၁။ အသား၊ ငါးများ မပုပ်မသိုးအောင် မည်သို့ပြုလုပ်သနည်း။

၂။ ကျောင်းသုံးစာအုပ်ပါ မေးခွန်းနံပါတ် (၂) နှစ်ဉ်ဆားအသုံးပြုပုံများကို ဖော်ပြပါ။

- ⊙ အဖြေကို ကလေးတစ်ဦးချင်း စဉ်းစားစေကာ နှစ်ယောက်တစ်တွဲပြောစေပါမည်။
- အဖြေကို မှတ်စုတွင် ရေးစေမည်။
- ကလေး ၃၊ ၄ဦးခန့်အား အဖြေကို ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "လူတွေ၊ တိရစ္ဆာန်တွေအတွက် ဆားအသုံးဝင်ပုံကို သိသွားကြပြီနော်။ နောက်တစ်ခါနှစ်မှာ ဆားထွက်တဲ့ဒေသတွေကို လေ့လာကြမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ စကားလုံးများ၏ အဓိပ္ပာယ်ကိုနားလည်ခြင်း ရှိမရှိ၊ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ ဆရာက ကလေးများအား ပထမစာပိုဒ်မှ စတုတ္ထစာပိုဒ်ထိ ပြန်လည်ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ကျောင်းသုံးစာအုပ်ပါ ပဉ္စမစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ ပဉ္စမစာပိုဒ်ကို တစ်ဦးချင်းဖတ်စေကာ ခက်ခဲသော စကားလုံးများ၊ ဝါကျများ၊ မေးခွန်းများကို မျဉ်းသားစေမည်။

♦ သင်ခန်းစာပါ ခက်ဆစ်စကားလုံးများကို ဖတ်စေပါမည်။

♦ ထိုစကားလုံးများ၊ ဝါကျများ၊ မေးခွန်းများ၏ အဓိပ္ပာယ်ကို မေးမည်။

♦ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများ၏ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးမည်။

သာဓက ။ ။ ကမ်းရိုးတန်း = ပင်လယ်ကမ်းစပ် တစ်လျှောက်။

♦ စကားလုံးများ၏အဓိပ္ပာယ်ကို စဉ်းစားကာ ပဉ္စမစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။

♦ ဆရာက မေးခွန်း (၂) ပုဒ်ကို သင်ပုန်းပေါ်တွင် ရေးပြပါမည်။

၁။ မြေပုံတွင် အရောင်ခြယ်ထားသော ဒေသများသည် မည်သည်ကို ဖော်ပြသနည်း။

၂။ ဆားလုပ်ငန်းကို အဘယ်ကြောင့် ကမ်းရိုးတန်းဒေသများတွင် လုပ်ကိုင်ကြသနည်း။

⊙ အဖြေကို ကလေးတစ်ဦးချင်းစဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ကလေး ၃၊ ၄ ဦးခန့်အား အဖြေကို ပြောစေမည်။

နိဂုံးချုပ်ခြင်း

♦ "နောက်တစ်ချိန်မှာ ဆားထုတ်လုပ်ပုံအသေးစိတ်ကို ဆက်လေ့လာကြမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ၊ စကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိ၊ မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

♦ ဆရာကခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြပါမည်။

♦ ကလေးများ၏အဖြေကို ဆရာကစစ်ဆေးပေးရပါမည်။

♦ ဆားထွက်ရှိရာ ဒေသများကို မြေပုံပေါ်တွင်ညွှန်ပြရာတွင် သင်ခန်းစာပါပုံအပြင် ကျောင်းရှိ သင်ထောက်ကူမြေပုံများကိုလည်း အသုံးပြုနိုင်သည်။

LBE Box - Copyright Protected



၅။ ဆား

ဆားသည် ခန္ဓာကိုယ်အတွက် အသုံးဝင်ရုံသာမက အသားငါးများ မပုပ်မသိုးဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက်စသည်တို့ ပြုလုပ်ရာတွင်လည်း အသုံးဝင်သည်။ ထို့ပြင် လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် ပလုတ်ကျင်းပေးလျှင် သက်သာနိုင်သည်။ ဆားဖြင့် သွားတိုက်ခြင်း၊ ပါးစပ်ဆေးခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။ ဆားကို အမျိုးမျိုးအသုံးပြုနိုင်သည်။

ဆားကို လူတို့သာ အလိုရှိသည်မဟုတ်။ တိရစ္ဆာန်နှင့်သစ်ပင်တို့သည်လည်း ဆားဓာတ်လိုကြောင်း သိပ္ပံနည်းအရ သိရှိရသည်။ တောတွင်းတိရစ္ဆာန်တို့သည် ဆားပေါက်သောမြေကို ရှာဖွေပြီး လျှာဖြင့်လျက်၍ စားကြသည်။

ဆားကို မြန်မာနိုင်ငံတွင်မည်သည့်အရပ်ဒေသမှ ရရှိပါသနည်း။

ရှေးအခါက ပဲခူးနယ်မှ ဆားအမြောက်အများ ထွက်ခဲ့ဖူးသည်။ ယခုအခါတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆားလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်လျက်ရှိကြသည်။ အဘယ်ကြောင့် ထိုဒေသများတွင် ဆားလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။ ထိုဒေသများသည် ကမ်းရိုးတန်းဒေသများဖြစ်သည့်အတွက် ပင်လယ်ရေကို အလွယ်တကူ ရရှိသောကြောင့်ဖြစ်သည်။

ဆားထုတ်လုပ်ရာတွင် ပင်လယ်ရေကို ကျိုချက်၍ **ချက်ဆား**အဖြစ်လည်းကောင်း၊ ရေခန်းအောင် နေလှန်း၍ **နေလှန်းဆား**အဖြစ်လည်းကောင်း ပြုလုပ်ကြသည်။ အရပ်ဒေသအချို့တွင် ဆားပေါက်သောမြေကို ရေဖျော်၍လည်း ဆားထုတ်လုပ်ကြသည်။ အချို့နိုင်ငံများတွင် ဆားတောင်ကြီးများ၊ ဆားတွင်းကြီးများရှိနေသဖြင့် သတ္တုတူးဖော်သကဲ့သို့ ဆားတူးယူ၍ ဆားထုတ်လုပ်ကြသည်။

၁၂

အရေးကြီးသောအချက်များ

- ဆရာက ခက်ခဲသောစကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ဆရာက မေးခွန်းနှင့်အဖြေ မှန် မမှန် စစ်ဆေးပေးရပါမည်။
- ဆားထုတ်လုပ်ပုံ၏ အဖြေနမူနာ

ဆားထုတ်လုပ်ပုံများ

ပင်လယ်ရေ	၁။ ကျိုချက်၍ ချက်ဆားပြုလုပ်နိုင်သည်။
	၂။ နေလှန်း၍ ဆားပြုလုပ်နိုင်သည်။
ဆားပေါက်သောမြေ	ရေဖျော်၍
ဆားတောင်၊ ဆားတွင်း	သတ္တုတူးဖော်သကဲ့သို့ တူးယူ၍

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ၊ စကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိ၊ မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ပထမစာပိုဒ်မှ ပဉ္စမစာပိုဒ်အထိ ကလေးတစ်ဦးကို တစ်ပိုဒ်စီ အလှည့်ကျ ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ကလေးများကို ကျန်ရှိသော ဆဋ္ဌမနှင့် သတ္တမစာပိုဒ်ကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ဆဋ္ဌမနှင့် သတ္တမ စာပိုဒ်ကို တစ်ဦးချင်းဖတ်ကာ ခက်ခဲသော စကားလုံးများ၊ ဝါကျများကို မျဉ်းသားစေပါမည်။
- သင်ခန်းစာပါ ခက်ဆစ်စကားလုံးများကို ဖတ်စေပါမည်။
- ထိုခက်ခဲသောစကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကိုမေးမည်။
- ကလေးများဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးသားမည်။

  သာဓက ။ ။ ချို့တဲ့ = လိုနေသည်။
- စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားကာ ဆဋ္ဌမနှင့်သတ္တမ စာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။
- ဆရာက ဆားထုတ်လုပ်ပုံများဖော်ပြသည့် ဇယားကို သင်ပုန်းပေါ်တွင်ရေးပြီး မေးမြန်းပါမည်။

ဆားထုတ်လုပ်ပုံများ

ပင်လယ်ရေ	၁။
	၂။
ဆားပေါက်သောမြေ	
ဆားတောင်၊ ဆားတွင်း	

- ⊙ အဖြေကို ကလေးတစ်ဦးချင်းစဉ်းစားစေကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အဖြေကို မှတ်စုတွင် ရေးစေမည်။
- ကလေး ၃၊ ၄ ဦးခန့်အား အဖြေကို ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "နောက်တစ်ချိန်မှာ ဆားလုံးဝမရှိတဲ့အခြေအနေမှာ ဘယ်လိုလုပ်ဆောင်ကြတယ်ဆိုတာ သိရအောင် ဆက်ပြီးလေ့လာကြမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

DRE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- သင်ကြားပြီး အကြောင်းအရာများကို ကလေးအားလုံး ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ကျန်နေသည့် စာပိုဒ်များကို ကလေးများအား ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ အဋ္ဌမနှင့်နဝမစာပိုဒ်ရှိ ခက်ခဲသော စကားလုံးများ၊ ဝါကျများ၊ မေးခွန်းများကို မျဉ်းသားစေပါမည်။

- သင်ခန်းစာပါ ခက်ဆစ်စကားလုံးများကို ဖတ်စေပါမည်။
- ထိုခက်ခဲသောစကားလုံးများ၊ ဝါကျများ၏အဓိပ္ပာယ်ကိုမေးမည်။
- ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားပြီး သင်ပုန်းတွင်ရေးသားပြပါမည်။
  သာဓက ။ ။ တီထွင် = စတင်ဖန်တီးပြုလုပ်သည်။
- စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားကာ အဋ္ဌမနှင့်နဝမစာပိုဒ်ကို ကလေးများအား ဖတ်စေပါမည်။

⊙ လေ့ကျင့်ခန်းပါ မေးခွန်း (၃) ဆားလုံးဝမရှိသော အရေးပေါ် အခြေအနေတွင် ဆားအလိုရှိပါက မည်ကဲ့သို့ လုပ်ဆောင်မည်နည်းကို မေးကာ ကလေးတစ်ဦးချင်းစီ စဉ်းစားစေ၍ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

- အဖြေကို မှတ်စုတွင် ရေးစေမည်။
- ကလေး ၃၊ ၄ ဦးခန့်အား အဖြေကို ပြောစေမည်။
- ဆားရရှိရန် လူတို့က မည်သို့ တီထွင်ကြံဆခဲ့ကြသနည်းကိုမေးကာ ကလေးတစ်ဦးချင်းစီ စဉ်းစားစေ၍ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ကလေး ၃၊ ၄ ဦးခန့်အား အဖြေကို ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့အားလုံး ဆားလုံးဝမရှိသော အရေးပေါ် အခြေအနေမှာဆိုရင် ဘယ်လို လုပ်ဆောင်ရမလဲဆိုတာ သိသွားကြပြီနော်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ၊ စကားလုံးများ၊ ဝါကျများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိ၊ မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အိုင်အိုဒင်းဓာတ်ချို့တဲ့သော လူတို့တွင် လည်ပင်းကြီးရောဂါဖြစ်တတ်သဖြင့် အိုင်အိုဒင်းဖြည့်စွက်ထားသော ဆားကိုလည်း သီးသန့်ထုတ်လုပ်ကြသည်။

အကယ်၍ ဆားလုံးဝမရှိပါက ဆားဓာတ်ရအောင် မည်သို့ပြုလုပ်နိုင်သနည်း။ ဆားလုံးဝမရှိတော့သော အရေးပေါ် အခြေအနေတွင် ဝါး စသည့် အပင်မျိုးကို မီးရှို့ပြီး ရလာသော ပြာကို ဆားအစား အသုံးပြုနိုင်သည်။ အဘယ်ကြောင့်နည်း။ သစ်ပင်မှရသော ပြာများတွင် အငန်ဓာတ် အနည်းငယ်ပါသောကြောင့်ဖြစ်သည်။

ထိုနည်းဖြင့် မိမိတို့နေ့စဉ်စားသုံးနေသော ဆားသည် အလွန်အသုံးဝင်ကြောင်းနှင့် ထိုဆားကို ရရှိရန် ရှေးယခင်ကပင် အမျိုးမျိုး တီထွင်ကြံဆခဲ့ကြောင်းကို သိရှိရပါသည်။

ခက်ဆစ်

၁။ အရသာပျော်ပြက်မြက် = အရသာမရှိဖြစ်လျက်။
၂။ သာမန် = အထူးမဟုတ်သော။
၃။ တန်ဆေးလွန်ဘေး = သင့်ရုံတန်ရုံ စားသောက်လျှင် ဆေးဖြစ်သည်။ အလွန်အကျွံ စားသောက်လျှင် ဘေးဖြစ်သည်။
၄။ ဆားပေါက်သောမြေ = ဆားဓာတ်ပါသောမြေ။

၁၃

အရေးကြီးသောအချက်များ

- ဆရာက ခက်ခဲသောစကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- ဆရာက မေးခွန်းနှင့်အဖြေ မှန် မမှန် စစ်ဆေးပေးရပါမည်။
- လည်ပင်းကြီးရောဂါဆိုသည်မှာ လည်ပင်း၏ရှေ့ပိုင်း လည်စေ့နှင့် ရင်ဘတ်ရိုးကြားရှိ လည်ပင်းအဆမတန် ကြီးထွားနေသော ရောဂါတစ်မျိုးဖြစ်ကြောင်း ဆရာက ရှင်းပြရပါမည်။

DPE Box - Copyright Protected

သင်ခန်းစာ ၅ ဆား



မိမိတို့နေ့စဉ်စားသုံးနေသော ဆားသည် အလွန်အသုံးဝင်သည်။ ဆားသည် မည်ကဲ့သို့ အသုံးဝင်သနည်း။ ဆား မည်ကဲ့သို့ ရရှိသည်ကို သိပါသလား။

ဆားမပါသောဟင်းသည် အရသာပေါ့ပြက်ပြက်ဖြစ်တတ်သည်။ အင်နဓာတ် ပါဝင်သော ဆားသည် အစားအစာများကို အရသာရှိစေရုံမက ကျန်းမာရေးအတွက်ပါ အထောက်အကူ ပြုသည်။ ချွေးထွက်လျှင် ခန္ဓာကိုယ်အညစ်အကြေးတို့နှင့်တကွ ဆားဓာတ်ပါသွား၍ ကာယလုပ်သား များနှင့် အားကစားသမားများသည် သာမန်လူတို့ထက် ဆားဓာတ်ပိုမိုလိုအပ်သည်။ သို့သော် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ဆားအစားများလွန်းလျှင် ကျန်းမာရေးထိခိုက်နိုင်သည်။



အရေးကြီးသောအချက်များ

- မေးခွန်းနှင့် အဖြေကို ရှာဖွေနိုင်ခြင်း မရှိသော ကလေးများအား အချင်းချင်း ကူညီရှာဖွေစေပါမည်။

နိဂုံးချုပ်ခြင်း

- သင်ခန်းစာပါ မေးခွန်းနှင့် အဖြေကို ပြန်လည်အဖြေတိုက်ကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများမေးခွန်းများကိုဆွေးနွေးနိုင်ခြင်း၊ ဖြေဆိုနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြိုပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီအချိန်မှာ သင်ခန်းစာမှာပါတဲ့ မေးခွန်းနဲ့ အဖြေတွေကို ရှာကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာ တစ်ပုဒ်လုံးကို တစ်တန်းလုံး ဖတ်စေပါမည်။
- ⊙ သင်ခန်းစာ တစ်ပုဒ်လုံးကို ကလေးတစ်ဦးချင်းစီ အသံတိတ် ဖတ်စေပြီး သင်ခန်းစာတွင်ပါဝင်သော မေးခွန်းနှင့် အဖြေများကို ရှာစေမည်။
- ⊙ အဖြေကို နှစ်ယောက်တစ်တွဲ ပြောစေမည်။
- ဆရာက ကလေးများအား အုပ်စုဖွဲ့ကာ အုပ်စုတွင်း အဖြေကို ဖလှယ်ပြောစေမည်။
- အဖွဲ့တစ်ဖွဲ့စီမှ ကိုယ်စားတစ်ဦးစီကို အတန်းသို့ ပြောစေမည်။
- ဆရာက ကလေးပြောသော အဖြေကို သင်ပုန်းမှတ်ချက် ရေးထားရပါမည်။
- မေးခွန်းနှင့် နမူနာအဖြေ

မေးခွန်း	အဖြေ
ဆားသည် မည်ကဲ့သို့ အသုံးဝင်သနည်း။	ဆားသည် အစားအစာများကို အရသာရှိစေရုံသာမက ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည်။
ဆား မည်ကဲ့သို့ ရရှိသည်ကို သိပါသလား။	ဆားသည် ပင်လယ်ရေကို ကျိုချက်၍လည်းကောင်း၊ နေလှန်း၍လည်းကောင်း၊ ဆားပေါက်သောမြေကို ရေဖျော်၍လည်းကောင်း၊ ထုတ်လုပ်ရရှိပါသည်။ ဆားတောင်၊ ဆားတွင်းမှ သတ္တုတူးဖော်သကဲ့သို့လည်း ထုတ်လုပ်ပါသည်။
ဆားကို မြန်မာနိုင်ငံတွင် မည်သည့်အရပ်ဒေသမှ ရရှိပါသနည်း။	ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး
အဘယ်ကြောင့် ထိုဒေသများတွင် ဆားလုပ်ငန်းကို လုပ်ကိုင်ကြသနည်း။	ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ရေကို အလွယ်တကူ ရရှိသောကြောင့်ဖြစ်သည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အခုအခါမှာ ဆားရဲ့ အသုံးဝင်ပုံကို အနှစ်ချုပ် ရေးကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ မေးခွန်း (၄) "ဆားအသုံးဝင်ပုံများကို ဖော်ပြပါ"ကို ဖတ်စေပါမည်။
- ⊙ သင်ခန်းစာကို ပြန်လည်ဖတ်ပြီး ဆား၏ အသုံးဝင်ပုံများကို တစ်ဦးချင်းစီ မှတ်စုတွင် ရေးစေပါမည်။
- ⊙ ရေးထားသည်များကို နှစ်ယောက်တစ်တွဲ လဲလှယ် ဖတ်စေမည်။
- ♦ မိမိရေးသားထားသည်များကို ပြင်ဆင်လိုပါက ပြင်ဆင်စေမည်။
- ♦ ကလေး ၃၊ ၄ ဦးခန့်ကို မိမိတို့ရေးသားထားသည်များအား အတန်းသို့ ပြောစေမည်။
- ♦ ဆရာက ပြောကြားချက်များကို သင်ပုန်းမှတ်ချက် ရေးထားရပါမည်။

နိဂုံးချုပ်ခြင်း

- ♦ ဆရာက သင်ပုန်းမှတ်ချက်ကို အခြေခံကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ဆားအသုံးဝင်ပုံများကို မိမိစကားဖြင့် အနှစ်ချုပ်ရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၅။ ဆား

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် _____ ပေးလျှင် သက်သာနိုင်သည်။ (ပလုတ်ကျင်း၊ ပလုပ်ကျင်း)

၂။ ရွေးအခါက ပဲခူးနယ်မှဆား _____ ထွက်ခဲ့ဖူးသည်။ (အမြောက်အမြား၊ အမြောက်အမျာ)

၃။ အသားငါးများ _____ ဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက် စသည်တို့ပြုလုပ်ကြသည်။ (မပုပ်မသိုး၊ မပုတ်မသိုး)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကြာရှည်၊ အထောက်အကူ၊ ခန္ဓာကိုယ်၊ အားကစား၊ တီထွင်

သာဓက

ကြာရှည် ။ ။ ငါးကို ကြာရှည်ခံအောင် ဆားဖြင့် နယ်၍ထားရမည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကာယလုပ်သားများနှင့်အားကစားသမားများသည် အဘယ်ကြောင့်သာမန်လူတို့ထက်ဆားဓာတ်ပိုမိုလိုအပ်သနည်း။

၂။ နေ့စဉ် ဆားအသုံးပြုပုံများကို ဖော်ပြပါ။

၃။ ဆားလုံးဝမရှိသော အရေးပေါ်အခြေအနေတွင် ဆားအလိုရှိပါက မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။

၄။ ဆား အသုံးဝင်ပုံများကို ဖော်ပြပါ။

၅။ ဆားအကြောင်းကိုလေ့လာပြီး ဆားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဇယားတွင် ဖြည့်ပါ။

စဉ်	အဓိကအချက်	အကြောင်းအရာများ
၁။	ထွက်ရှိရာနေရာ	
၂။	ထုတ်လုပ်ပုံ	

၁၄

အရေးကြီးသောအချက်များ

- ♦ ရေးသားနိုင်ခြင်း မရှိသော ကလေးများအား သူငယ်ချင်းအချင်းချင်း ကူညီစေမည်။
- ♦ အတန်းသို့ ပြောကြားရာတွင် အခြားမတူညီသော ဆားအသုံးပြုပုံကို သိရှိထားသော ကလေးများရှိပါက ပြောကြားစေမည်။

DBE Box – Copyright Protected



၅။ ဆား

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့် _____ ပေးလျှင် သက်သာနိုင်သည်။
(ပလုတ်ကျင်း၊ ပလုပ်ကျင်း)

၂။ ရှေးအခါက ပဲခူးနယ်မှဆား _____ ထွက်ခဲ့ဖူးသည်။
(အမြောက်အမြား၊ အမြောက်အများ)

၃။ အသားငါးများ _____ ဘဲ ကြာရှည်ခံအောင် ဆားနယ်၍ ငါးပိ၊ ငါးခြောက်၊ အသားခြောက် စသည်တို့ပြုလုပ်ကြသည်။ (မပုပ်မသိုး၊ မပုတ်မသိုး)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကြာရှည်၊ အထောက်အကူ၊ ခန္ဓာကိုယ်၊ အားကစား၊ တီထွင်

သာဓက

ကြာရှည် ။ ။ ငါးကို ကြာရှည်ခံအောင် ဆားဖြင့် နယ်၍ထားရသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကာယလုပ်သားများနှင့်အားကစားသမားများသည် အဘယ်ကြောင့်သာမန်လူတို့ထက်ဆားဓာတ်ပိုမိုလိုအပ်သနည်း။

၂။ နေ့စဉ် ဆားအသုံးပြုပုံများကို ဖော်ပြပါ။

၃။ ဆားလုံးဝမရှိသော အရေးပေါ်အခြေအနေတွင် ဆားအလိုရှိပါက မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။

၄။ ဆား အသုံးဝင်ပုံများကို ဖော်ပြပါ။

၅။ ဆားအကြောင်းကိုလေ့လာပြီး ဆားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဇယားတွင် ဖြည့်ပါ။

စဉ်	အဓိကအချက်	အကြောင်းအရာများ
၁။	ထွက်ရှိရာနေရာ	
၂။	ထုတ်လုပ်ပုံ	

၁၄

အရေးကြီးသောအချက်များ

- ဇယားဖြင့် အနှစ်ချုပ်ရေးသားရာတွင် ကျောင်းသုံးစာအုပ်ပါအတိုင်း ကူးရေးခြင်း မဟုတ်ဘဲ မိမိစကားဖြင့် အနှစ်ချုပ်ရေးရမည်ဖြစ်ကြောင်းပြောရပါမည်။
- အချိန်ရပါက တိရစ္ဆာန်များ၏ ဆားရှာဖွေပုံ၊ ဆားမရှိသော အခြေအနေတွင် အစားထိုး အသုံးပြုပုံများကိုပါ ရေးသားစေမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အခုအချိန်မှာ ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာကို ဇယားဖြင့် အနှစ်ချုပ် ရေးကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်း (၅) "ဆားအကြောင်းကို လေ့လာပြီး ဆားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဇယားတွင်ဖြည့်ပါ" မေးခွန်းမှ ဇယားကို သင်ပုန်းတွင် ရေးထားရပါမည်။
- ⊙ သင်ခန်းစာ တစ်ပုဒ်လုံးကို ကလေးတစ်ဦးချင်းစီ အသံတိတ်ဖတ်စေပြီး ဇယားကို မှတ်စုတွင်ရေးကာ အဖြေကိုလည်း ရေးသားစေမည်။
- ⊙ ရေးသားထားသော မှတ်စုကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေမည်။
- မိမိ ရေးသားထားသည်များကို ပြင်ဆင်လိုပါက ပြင်ဆင်စေမည်။
- ကလေး ၃၊ ၄ ဦးခန့်ကို အတန်းသို့ ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ သင်ခန်းစာပါ မေးခွန်းအားလုံးကို ဖြေဆိုတတ်ပြီနော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာကို ဇယားတွင် အနှစ်ချုပ်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီနေ့ သတ်ပုံနဲ့ ဝါကျတွေ လေ့ကျင့်ကြမယ်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများကို စာလုံးပေါင်း သတ်ပုံအမှန်များ ရွေးနိုင်စေရန် စာကြောင်းကို ဖတ်စေပါမည်။

  လည်ချောင်းနာ၊ သွားနာပါက ဆားရည်ဖြင့်. . . ပေးလျှင် သက်သာနိုင်သည်။ (ပလုတ်ကျင်း၊ ပလုပ်ကျင်း)

⊙ အဖြေမှန်ကို တစ်ဦးချင်းစဉ်းစား၍ ဖြည့်စေပါမည်။

- နှစ်ယောက်တစ်တွဲ ဖတ်စေပြီး သတ်ပုံအမှန်ကို ဆရာကမေးပါမည်။
- ကလေးများကို မှတ်စုစာအုပ်ထဲတွင် ဝါကျကို သတ်ပုံအမှန်ဖြည့်ကာ ရေးစေပါမည်။
- ပလုတ်ကျင်း၊ ပလုပ်ကျင်း စကားလုံးနှစ်လုံး၏ အသုံးမတူပုံကို ကလေးများအား ပြောစေပါမည်။ လိုအပ်ပါက ဆရာက ဖြည့်စွက်ပြောရပါမည်။
- ဆရာက မေးခွန်းမှကြွရှည်စကားလုံးကိုသုံး၍ နမူနာဝါကျဖွဲ့ပြပြီး ရှင်းပြပါမည်။

⊙ ကျန်စကားလုံးများကို ကလေးတစ်ဦးချင်း စဉ်းစား၍ မှတ်စုစာအုပ်တွင် ကိုယ်ပိုင်ဝါကျဖွဲ့စေပါမည်။

- နှစ်ယောက်တစ်တွဲ အချင်းချင်းပြောစေမည်။
- ဆရာက ကလေး ၃၊ ၄ဦးခန့်ကိုမေးပါမည်။ အတန်းရှေ့တွင် ပြောစေပါမည်။
- မှန် မမှန်ကို ကလေးများအား စစ်ဆေးစေပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ စာလုံးပေါင်းသတ်ပုံတွေလဲ နားလည်ကြပြီ။ ဝါကျတွေလဲ ဖွဲ့တတ်ကြပြီ။ ဆားအကြောင်းကိုလဲ အသေးစိတ်သိသွားကြပြီနော်”ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာလုံးပေါင်းသတ်ပုံကို မှန်ကန်စွာနှင့် ဝါကျဖွဲ့ရာတွင် ပါဝင်ဆွေးနွေးနိုင်မှု ဖြေဆိုနိုင်မှု ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- သတ်ပုံအမှန်ရွေးချယ်ခြင်း၊ ရေးသားထားသော ဝါကျများ မှန်ကန်ခြင်းရှိ မရှိ စစ်ဆေးပေးပါမည်။
- ကိုယ်ပိုင်ဝါကျဖွဲ့ထားသည်များကို အလွတ်ကျက်မှတ်ရန် မလိုပါ။

DBE Box – Copyright Protected

သင်ခန်းစာ ၆ ပြန်လှန်သင်ကြားခြင်း (၁)

သတ်ပုံသံပေါက်ကဗျာကို ဆိုကြရအောင်။



တသတ်	နသတ်
၁။ နုနု**ထွတ်ထွတ်**၊ ကွေးကွေး**ညွတ်** ဖက်**ဆွတ်**ကိုလည်း တသတ်မည်။	၁။ ရတနာ**စိန်**၊ ဝင်းလျှ**ထိန်** ရောင်**ရှိန်**ကိုလည်း နသတ်မည်။
၂။ ပွင့်ညွှာပွင့်**ဝတ်**၊ ပင်လုံး**ညွတ်** လှမ်း**ဆွတ်**ကိုလည်း တသတ်မည်။	၂။ ဝိတောက်**ပန်းမန်**၊ ခါ**သကြိန်** ဂိမှာ**နိ**ကိုလည်း နသတ်မည်။
၃။ ပြောဆို**တိတ်တိတိတ်**၊ နှုတ်သံ**ပိတ်** **ဆိတ်ဆိတ်**ကိုလည်း တသတ်မည်။	၃။ လူ**သုခမိန်**၊ ဖြက္ခဒိန် နှိုင်း**ချိန်**ကိုလည်း နသတ်မည်။
၄။ မျက်စိစုံ**မှိတ်**၊ လည်ကို**ညှိတ်** တို့**ဆိတ်**ကိုလည်း တသတ်မည်။	၄။ သချိုသောင်း**သိန်း**၊ ရေတွက်**ကိန်း** **ချိန်း**ချက်ကိုလည်း နသတ်မည်။

အဓိကအချက်များ

- သတ်ပုံသံပေါက်ကဗျာကို ရွတ်ဆိုတတ်ရပါမည်။
- အသတ်စာလုံးပေါင်း ၏ အသုံး ကို ခွဲခြားသိရှိရပါမည်။

အရေးကြီးသောအချက်များ

- တသတ်နှင့်ဆိုင်သော သတ်ပုံသံပေါက်ကို အသံမှန်မှန်ရွတ်ဆိုတတ်ရပါမည်။
- တသတ်အသုံးကို ကလေးများနားလည်လွယ်သော စကားလုံးများဖြင့် နားလည်အောင် ရှင်းပြရပါမည်။
- ကျောင်းသုံးစာအုပ်တွင်ပါဝင်သော တသတ်ပါသည့် စကားလုံးများကို ရှာဖွေရာတွင် အချိန်ကို ဆရာက သတ်မှတ်ပေးရပါမည်။

နိဒါန်းချုပ်ခြင်း

- ဆရာက "တသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်တွေကို ရွတ်ဆိုနိုင်ကြပြီမဟုတ်လား။နောက်ဆိုရင်အသံတူပြီးစာလုံးပေါင်းသတ်ပုံများနိုင်တဲ့ စကားလုံးတွေကို ကလေးတို့သတိထားပြီးမှတ်ထားရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း တသတ်နှင့် ဆိုင်သည့် သတ်ပုံ သံပေါက်ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် တသတ်စကားလုံးများကို အုပ်စုလိုက် ရှာဖွေနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ (၆) ပြန်လှန်သင်ကြားခြင်း (၁)
အကြိုပြစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- သံပေါက်ကဗျာကို မှန်မှန်ကန်ကန်ရွတ်ဆိုတတ်ရန်
- စာလုံးပေါင်းသတ်ပုံ အမှန်ကို သိရှိရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာကသင်ပုန်းတွင် အသတ်စကားလုံးတစ်လုံး၊ နှစ်လုံးကို ရေးပြကာ "ဒီစကားလုံးတွေမှာ ဘယ်အသတ်ကို သုံးထားသလဲ" ဟုမေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ပထမဦးစွာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော တသတ်နှင့်ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ပြပါမည်။

- ကလေးများကို သေသေချာချာ နားထောင်စေပါမည်။

⊙ ဆရာက နောက်တစ်ကြိမ် အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)

- ကလေးများကိုယ်တိုင် တသတ် သတ်ပုံသံပေါက်ကဗျာကို တစ်တန်းလုံး ရွတ်ဆိုစေပါမည်။ အဖွဲ့လိုက် ရွတ်ဆိုစေမည်။
- ရွတ်ဆိုပြီးပါက နားမလည်သော စကားလုံးများကို မျဉ်းသား၍ မှတ်ထားစေမည်။

⊙ ထို့နောက် ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးပြပြီး အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။

- "ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ဘယ်သူသိသလဲ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးများဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက် ရှင်းပြပေးရပါမည်။

⊙ ထို့နောက် "ဒီနေ့ တသတ်စာလုံးပေါင်း အသုံးကိုသိဖို့ တသတ် သတ်ပုံသံပေါက် ကို သင်ခဲ့တယ်။ ဒါကြောင့် တသတ်အသုံးကို ပိုပြီးသိဖို့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ တသတ်သုံးထားတဲ့ စကားလုံး ဘယ်နှလုံးရလဲဆိုတာ ရှာကြည့်ကြမယ်" ဟုပြောပြီး အုပ်စုလိုက် ရှာဖွေစေပါမည်။

- ရှာဖွေရာတွင် "ကလေးတို့သိထားတဲ့ တသတ်ပါတဲ့ စကားလုံးတွေကို ရေးနိုင်သလို ကျောင်းသုံးစာအုပ်နဲ့ တခြားစာအုပ်တွေကို ကိုသုံးပြီးလဲရှာနိုင်တယ်" ဟု ဆရာက ပြောရပါမည်။
- ထို့နောက် ရှာဖွေထားသော တသတ်ပါသည့် စကားလုံးများကို အုပ်စုတွင်းမှ တစ်ဦးက အတန်းရှေ့ထွက်၍ပြောစေရပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ "ဒီနေ့တော့ နသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်လေးကိုသင်ရင်း နသတ်ပါတဲ့ စကားလုံးတွေကို ရှာကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ပထမဦးစွာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော နသတ်နှင့် ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ပြပါမည်။

♦ ကလေးများကို သေသေချာချာ နားထောင်စေပါမည်။

⊙ ဆရာက အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် နသတ် သတ်ပုံသံပေါက်ကဗျာကို တစ်တန်းလုံး ရွတ်ဆိုစေပါမည်။ အဖွဲ့လိုက် ရွတ်ဆိုစေမည်။

♦ ရွတ်ဆိုပြီးပါက နားမလည်သော စကားလုံးများကို မျဉ်းသား၍ မှတ်ထားစေမည်။

⊙ ထို့နောက် ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင်ရေးပြပြီး အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။

♦ "ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ဘယ်သူသိသလဲ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။

♦ ကလေးများဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက် ရှင်းပြပေးရပါမည်။

⊙ ထို့နောက် "ဒီနေ့ နသတ်စာလုံးပေါင်း အသုံးကိုသိဖို့ နသတ်သတ်ပုံသံပေါက်ကို သင်ခဲ့တယ်။ ဒါကြောင့် နသတ်အသုံးကိုပိုပြီးသိဖို့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ နသတ်သုံးထားတဲ့ စကားလုံး ဘယ်နှလုံးရလဲဆိုတာ ရှာကြည့် ကြမယ်" ဟုပြောပြီး အုပ်စုလိုက် ရှာဖွေစေပါမည်။

♦ ရှာဖွေရာတွင် "ကလေးတို့သိထားတဲ့ နသတ်ပါတဲ့ စကားလုံးတွေကို ရေးနိုင်သလို ကျောင်းသုံးစာအုပ်နဲ့ တခြားစာအုပ်တွေကိုသုံးပြီးလဲရှာနိုင်တယ်" ဟု ဆရာက ပြောရပါမည်။

♦ ထို့နောက် ရှာဖွေထားသော နသတ်ပါသည့် စကားလုံးများကို အုပ်စုတွင်းမှ တစ်ဦးက အတန်းရှေ့ထွက်၍ ပြောစေရပါမည်။

နိဂုံးချုပ်ခြင်း

♦ ဆရာက "နသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်တွေကို ရွတ်ဆိုနိုင်ကြပြီမဟုတ်လား။ အချိန်ရရင်လဲ နသတ်ပါတဲ့ စကားလုံးတွေကို ထပ်ပြီးရှာထားလို့ရတယ်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။



အရေးကြီးသောအချက်များ

♦ နသတ်နှင့်ဆိုင်သော သတ်ပုံသံပေါက်ကို အသံမှန်မှန်ရွတ်ဆိုတတ်ရပါမည်။

♦ နသတ်အသုံးကို ကလေးများနားလည်လွယ်သော စကားလုံးများဖြင့် နားလည်အောင် ရှင်းပြရပါမည်။

♦ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော နသတ်ပါသည့် စကားလုံးများကို ရှာဖွေရာတွင် အချိန်ကို ဆရာက သတ်မှတ်ပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း နသတ်နှင့် ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် နသတ်စကားလုံးများကို အုပ်စုလိုက် ရှာဖွေနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။

DBE Box - Copyright Protected



ပသတ်	မသတ်
၁။ မကျဲမ**စိပ်**၊ သစ်ပင်**ရိုပ်** တိမ်**လိပ်**ကိုလည်း ပသတ်မည်။	၁။ လောကီစည်း**စိမ်**၊ နန်းရွှေ**အိမ်** ရိပ်**ငြိမ်**ကိုလည်း မသတ်မည်။
၂။ လက်ဖြင့်နယ်**သိပ်**၊ မြစ်ကမ်း**ထိပ်** ငါး**လိပ်**ကိုလည်း ပသတ်မည်။	၂။ ငယ်ငယ်**သိမ်သိမ်**၊ နန်းချည်**လိမ်** ပန်း**ထိမ်**ကိုလည်း မသတ်မည်။
၃။ ထမင်း**နပ်**၊ မီးမှော်**နပ်** ချဉ်**စပ်**ကိုလည်း ပသတ်မည်။	၃။ မဖျင်း**မသိမ်**၊ ရေမှော်**စိမ်** တင်း**တိမ်**ကိုလည်း မသတ်မည်။
၄။ ဆန်ကွဲဆန်**နပ်**၊ ဖွဲတစ်**ဆုပ်**၊ လက်**နုပ်**ကိုလည်း ပသတ်မည်။	၄။ စာပေမှော်**ကျမ်း** အိမ်မှော်**ကြမ်း** ခွဲ**ခြမ်း**ကိုလည်း မသတ်မည်။

၁၆

အရေးကြီးသောအချက်များ

- ပသတ်နှင့်ဆိုင်သော သတ်ပုံသံပေါက်ကို အသံမှန်မှန်ရွတ်ဆိုတတ်ရပါမည်။
- ပသတ်အသုံးကို ကလေးများနားလည်လွယ်သော စကားလုံးများဖြင့် နားလည်အောင် ရှင်းပြရပါမည်။
- ကျောင်းသုံးစာအုပ်တွင်ပါဝင်သော ပသတ်ပါသည့် စကားလုံးများကို ရွာဖွေရာတွင် အချိန်ကို ဆရာက သတ်မှတ်ပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပသတ်နှင့် ဆိုင်သည့် သတ်ပုံသံပေါက်ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် ပသတ်စကားလုံးများကို အုပ်စုလိုက် ရွာဖွေနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြိပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ ပသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်လေးကိုသင်ရင်း ပသတ်ပါတဲ့ စကားလုံးတွေကို ရှာကြမယ်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ပသတ်နှင့်ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ပြပါမည်။
- ကလေးများကို သေသေချာချာ နားထောင်စေပါမည်။
- ဆရာက အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ပသတ် သတ်ပုံသံပေါက်ကဗျာကို တစ်တန်းလုံး ရွတ်ဆိုစေပါမည်။ အဖွဲ့လိုက် ရွတ်ဆိုစေမည်။
- ရွတ်ဆိုပြီးပါက နားမလည်သော စကားလုံးများကို မျဉ်းသား၍ မှတ်ထားစေမည်။
- ထို့နောက် ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင်ရေးပြပြီး အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- "ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ဘယ်သူသိသလဲ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးများဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက် ရှင်းပြပေးရပါမည်။
- ထို့နောက် "ဒီနေ့ ပသတ်စာလုံးပေါင်းအသုံးကိုသိဖို့ ပသတ်သတ်ပုံသံပေါက်ကို သင်ခဲ့တယ်။ ဒါကြောင့် ပသတ်အသုံးကို ပိုပြီးသိဖို့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ ပသတ်သုံးထားတဲ့ စကားလုံး ဘယ်နှလုံးရလဲဆိုတာ ရှာကြည့်ကြမယ်" ဟုပြောပြီး အုပ်စုလိုက် ရွာဖွေစေပါမည်။
- ရွာဖွေရာတွင် "ကလေးတို့သိထားတဲ့ ပသတ်ပါတဲ့ စကားလုံးတွေကို ရေးနိုင်သလို ကျောင်းသုံးစာအုပ်နဲ့ တခြားစာအုပ်တွေကိုသုံးပြီးလဲရှာနိုင်တယ်" ဟု ဆရာက ပြောရပါမည်။
- ထို့နောက် ရွာဖွေထားသော ပသတ်ပါသည့် စကားလုံးများကို အုပ်စုတွင်းမှ တစ်ဦးက အတန်းရှေ့ထွက်၍ပြောစေရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက" ပသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်တွေကို ရွတ်ဆိုနိုင်ကြပြီမဟုတ်လား။ အချိန်ရရင်လဲ ပသတ်ပါတဲ့ စကားလုံးတွေကို ထပ်ပြီးရှာထားလို့ ရသလို နောက်တစ်ချိန်မှာသင်မဲ့ မသတ် စကားလုံးတွေကိုလဲ ကြိုပြီးရှာထားလို့ရတယ်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ “ဒီနေ့တော့ မသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်လေးကိုသင်ရင်း မသတ်ပါတဲ့ စကားလုံးတွေကို ရှာကြမယ်” ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ပထမဦးစွာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော မသတ်နှင့်ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ပြပါမည်။

♦ ကလေးများကို သေသေချာချာ နားထောင်စေပါမည်။

⊙ ဆရာက အသံနေအသံထားမှန်မှန် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)

♦ ကလေးများကိုယ်တိုင် မသတ် သတ်ပုံသံပေါက်ကဗျာကို တစ်တန်းလုံး ရွတ်ဆိုစေပါမည်။ အဖွဲ့လိုက် ရွတ်ဆိုစေမည်။

♦ ရွတ်ဆိုပြီးပါက နားမလည်သော စကားလုံးများကို မျဉ်းသား၍ မှတ်ထားစေမည်။

⊙ ထို့နောက် ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင်ရေးပြပြီး အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။

♦ “ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ဘယ်သူသိသလဲ ပြောကြည့်ပါအုံး” ဟု မေးကာ ကလေးများကို ဖြေစေပါမည်။

♦ ကလေးများဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက် ရှင်းပြပေးရပါမည်။

⊙ ထို့နောက် “ဒီနေ့ မသတ်စာလုံးပေါင်း အသုံးကိုသိဖို့ မသတ် သတ်ပုံသံပေါက်ကို သင်ခဲ့တယ်။ ဒါကြောင့် မသတ်အသုံးကို ပိုပြီးသိဖို့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ မသတ်သုံးထားတဲ့ စကားလုံး ဘယ်နှလုံးရလဲဆိုတာ ရှာကြည့် ကြမယ်” ဟုပြောပြီး အုပ်စုလိုက် ရှာဖွေစေပါမည်။

♦ ရှာဖွေရာတွင် “ကလေးတို့သိထားတဲ့ မသတ်ပါတဲ့ စကားလုံးတွေကို ရေးနိုင်သလို ကျောင်းသုံးဖတ်စာအုပ်နဲ့ တခြားစာအုပ်တွေကိုသုံးပြီးလဲရှာနိုင်တယ်” ဟု ဆရာက ပြောရပါမည်။

♦ ထို့နောက် ရှာဖွေထားသော မသတ်ပါသည့် စကားလုံးများကို အုပ်စုတွင်းမှ တစ်ဦးက အတန်းရှေ့ထွက်၍ပြောစေရပါမည်။



အရေးကြီးသောအချက်များ

♦ မသတ်နှင့်ဆိုင်သော သတ်ပုံသံပေါက်ကို အသံမှန်မှန်ရွတ်ဆိုတတ်ရပါမည်။

♦ မသတ်အသုံးကို ကလေးများနားလည်လွယ်သော စကားလုံးများဖြင့် နားလည်အောင် ရှင်းပြရပါမည်။

♦ ကျောင်းသုံးစာအုပ်တွင်ပါဝင်သော မသတ်ပါသည့် စကားလုံးများကို ရှာဖွေရာတွင် အချိန်ကို ဆရာက သတ်မှတ်ပေးရပါမည်။

နိဂုံးချုပ်ခြင်း

♦ ဆရာက “မသတ်နဲ့ဆိုင်တဲ့ သတ်ပုံသံပေါက်တွေကို ရွတ်ဆိုနိုင်ကြပြီမဟုတ်လား။ အချိန်ရရင်လဲ မသတ်ပါတဲ့ စကားလုံးတွေကို ထပ်ပြီးရှာထားလို့ ရတယ်” ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မသတ်နှင့် ဆိုင်သည့် သတ်ပုံသံပေါက် ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် မသတ်စကားလုံးများကို အုပ်စုလိုက် ရှာဖွေနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected



ပသတ်	မသတ်
၁။ မကျဲမ**စိပ်**၊ သစ်ပင်**ရိုပ်** တိမ်**လိပ်**ကိုလည်း ပသတ်မည်။	၁။ လောကီစည်း**စိမ်**၊ နန်းရွှေ**အိမ်** ရိပ်**ငြိမ်**ကိုလည်း မသတ်မည်။
၂။ လက်ဖြင့်နယ်**သိပ်**၊ မြစ်ကမ်း**ထိပ်** ငါး**လိပ်**ကိုလည်း ပသတ်မည်။	၂။ ငယ်ငယ်**သိမ်သိမ်**၊ နန်းချည်**လိမ်** ပန်း**ထိမ်**ကိုလည်း မသတ်မည်။
၃။ ထမင်း**နပ်**၊ မီးမှာ**နပ်** ချဉ်**စပ်**ကိုလည်း ပသတ်မည်။	၃။ မဖျင်း**မသိမ်**၊ ရေမှာ**စိမ်** တင်း**တိမ်**ကိုလည်း မသတ်မည်။
၄။ ဆန်ကွဲဆန်**နပ်**၊ ဖွဲတစ်**ဆုပ်**၊ လက်**နုပ်**ကိုလည်း ပသတ်မည်။	၄။ စာပေမှာ**ကျမ်း** အိမ်မှာ**ကြမ်း** ခွဲ**ခြမ်း**ကိုလည်း မသတ်မည်။

အရေးကြီးသောအချက်များ

- တသတ်၊ ပသတ်၊ နသတ်၊ မသတ် နှင့် ဆိုင်သော စကားလုံးများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို သိရှိစေရပါမည်။
- သံပေါက်ကဗျာတွင် ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ် ကို ဆရာကသိရှိပြီး ကလေးများနားလည်အောင် ရှင်းပြရပါ မည်။
- စကားလုံးများ၏ အဓိပ္ပာယ်ကို ကလေးများ အလွတ်ကျက်မှတ်ရန် မလိုပါ။

၁၀။ လိမ်၊ ကြိ- ၁၊ အရစ်အရစ် ခွေပတ်သည်။
၂၊ မဟုတ်မမှန် လှည့်ပတ် ပြောဆိုပြုမူသည်။ ညာသည်။
နဝိ- ရှစ်ခွေနေသော။

၁၁။ ပန်းထိမ် /ပဒိန်/ န- ရွှေ၊ ငွေကို လက်ဝတ်တန်ဆာ စသည် ပြုလုပ်သည့် အတတ်ပညာ။

၁၂။ သိမ်ဖျင်း၊ နဝိ - ညံ့ဖျင်းသော။

၁၃။ စိမ်၊ ကြိ - ရေတွင်ဖြစ်စေ၊ အရည်တွင်ဖြစ်စေ နှစ်ထားသည်။

၁၄။ တင်းတိမ်၊ ကြိ- ရောင့်ရဲသည်။ ကျေနပ်သည်။

၁၅။ ကျမ်း၊ ၂ ကျမ်းဂန်။ ကျမ်းဂန်၊ န- ၁၊ တစ်စောင် တစ်ဖွဲ့ဖြစ်အောင် ရေးထားသော ဂန္ထဝင်မြောက်စာပေ။ ၂ ဗုဒ္ဓဘာ သာဆိုင်ရာစာပေ။

၁၆။ ကြမ်း၊ န- ၁၊ အဆောက်အအုံ၏ အခင်းပြင်။

၁၇။ ခွဲခြမ်း/ခွဲဂျန်း/ န- အခြမ်းဖြစ်အောင် ခွဲထားသောထင်း။

အကြေပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်အဆက်)

၁။ ထွတ်၊ နဝိ - နုသော။

၂။ နုထွတ်၊ နဝိ - အလွန်နုနယ်ဖွံ့ထွားသော။

၃။ ညွှတ်၊ ကြို - ကိုင်းကျသည်။

၄။ ဆွတ်၊ ကြို - အသီး၊ အရွက် စသည်တို့ကိုခူးသည်။ ခြွေသည်

ဆွတ်၊ ကြို- စိုစွတ်အောင် လုပ်သည်။

၅။ ဖက်ဆွတ်၊ န - ကုန်းမြင့်ပိုင်းတွင် ပေါက်လေ့ရှိ၍ ရုန့်မွေးသော ပန်းခိုင်များပွင့်သည့် ပင်စောက်တစ်မျိုး။

၆။ ပွင့်ဝတ်၊ န - ပန်းဝတ်ဆံဝတ်မှုန်။

၇။ အညာ၊ န - အသီး၊ အပွင့်၊ အရွက် ထွက်ပေါ်ရာနေရာ။

၈။ တိတ်၊ ကြို - အသံမမြည်။ ငြိမ်သည်။ ဆိတ်သည်။

၉။ ပိတ်၊ ကြို - အပေါက်ကိုဆို့သည်။ ဖုံးသည်။ ကာဆီးသည်။

၁၀။ ဆိတ်၊ ကြို - အသံမရှိ။ တိတ်ငြိမ်သည်။

၁၁။ မှိတ်၊ ကြို - မျက်စိပိတ်သည်။

၁၂။ ညိတ်၊ ကြို - ဦးခေါင်းကို ရှေ့သို့ငိုက်ချသည်။

၁၃။ ထိန်၊ နဝိ - ထွန်းတောက်သည်။

၁၄။ ရှိန်၊ နဝိ - အပူငွေ့များသော။

၁၅။ ပန်းမန်၊ န - ပန်းအမျိုးမျိုး။

၁၆။ ဂိမ္ဘန်/ဂိန်မှန်/ န - နွေဥတု။

၁၇။ သုခမိန်၊ န - သိမ်မွေ့ထက်မြက်သော အသိအမြင်ရှိသူ။ပညာရှိ။

၁၈။ နှိုင်းချိန် (ချင့်ချိန်) ကြို- ကောင်းမကောင်း သင့်မသင့် စသည်တို့ကို တိုင်းဆဆင်ခြင်သည်။

၁၉။ ချိန်းချက်၊ ကြို- ချိန်းသည်။

၂၀။ စိပ်၊ နဝိ - မကျဲသော။

၂၁။ ရိပ်၊ ကြို - (နေရောင်) အားပျော့မှေးမှိန်သည်။
န- အရိပ်အယောင်။

၂၂။ သိပ်၊ ကြို - ၁၊ ပြည့်ကျပ်သည်။ ၂၊ ထည့်သွင်းဖိနှိပ်သည်။

၂၃။ ဆန်နုပ်၊ န - ဆန်ကွဲအောက်ငယ်သော ဆန်အကျိုးအပဲ့။

၂၄။ ဆုပ်၊ ကြို - ၁၊ လက်ချောင်းများကို ကျစ်ကျစ်ခေါက်သည်။
၂၊ တစ်စုံတစ်ရာကို ကိုင်ဆုပ်သည်။

၂၅။ ရိပ်၊ ကြို - (နေရောင်) အားပျော့မှေးမှိန်သည်။
ကြိဝိ - စောင်းချိတ်လျက်။ န - အရိပ်အယောင်။

၂၆။ ငြိမ်၊ ကြို - ၁၊ လှုပ်ရှားခြင်းမရှိ။ ၂။အသံမရှိတိတ်ဆိတ်သည်။

၂၇။ သိမ်၊ နဝိ - ကြိုသော။ လှီသော။ သေးသော။

၂၈။ နန်း၊ န - ရွှေ၊ ငွေ၊ ကြေး စသည်တို့ကိုနန်းဆွဲထားသောကြိုးမျှင်။

၂၉။ ချည်၊ န - ဝါ၊ ပိုးမျှင်စသည်ကို ကျစ်ထားသည့် အလွန်သေးငယ်သောကြိုး။ အလွန်သေးငယ်သော အမျှင်။
ကြို- ကြိုး၊ နွယ်စသည်ဖြင့် ရစ်ပတ်တုပ်နှောင်သည်။

DBF Box - Copyright Protected

သင်ခန်းစာ (၇) ပျားနှင့်ပိတုန်း (ကဗျာ)
အကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်
- ပန်းရနံ့လေးများကို ခံစားပြီး သီဆိုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း
နိဒါန်း
- "ကလေးတို့ ပန်းဥယျာဉ်လေးတစ်ခုကို စိတ်ကူးထဲ တွေးကြည့်ပါအုံး။ ကလေးတို့ရဲ့ စိတ်ကူးထဲက ပန်းဥယျာဉ်ကလေးထဲမှာ ပန်းလေးတွေစိုက်ပျိုးထားမယ်။ ပျားလေးတွေ ပိတုန်းလေးတွေ ပျံသန်းနေမယ်။ ပြီးတော့ ဘယ်လိုအပင်မျိုးလေးတွေ စိုက်ပျိုးချင်သေးသလဲ" စသည်ဖြင့် မေးခွန်းများမေးပြီး ဖြေစေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်
- ဆရာက"စိတ်ကူးလေးထဲမှာ ဥယျာဉ်လေးကို မြင်ယောင်ကြည့်ပြီးပြီဆိုတော့ ဒီကဗျာလေးကို ဖတ်ပြမယ်နော်။ ကလေးတို့ သေသေ ချာချာနားထောင်ကြနော်"ဟုပြောပြီး ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာ့နောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မေးပြီး ကလေးများ ပြောသော စကားလုံးကို ဆရာက သင်ပုန်းတွင် ရေးမှတ်ပါမည်။
- ကလေးများ ပြောသော စကားလုံး၏အဓိပ္ပာယ်ကို ကလေးအချင်းချင်း ဦးစွာရှင်းပြစေပြီး လိုအပ်လျှင် ဆရာက ရှင်းပြပါမည်။
- ထို့နောက် ကဗျာတစ်ပုဒ်လုံးကို အလွတ်ပြန်ဆိုနိုင်သူများကို အတန်းရှေ့ထွက်၍ ရွတ်ဆိုစေပါမည်။
- ကဗျာကို မှတ်စုစာအုပ်တွင် ကူးရေးစေပါမည်။

နိဂုံးချုပ်ခြင်း
- ကဗျာကို ပြန်လည်ရွတ်ဆိုစေခြင်း၊ ခက်ခဲသော စကားလုံးများကို ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။



အဓိကအချက်များ
- ကဗျာ၏ အဓိပ္ပာယ်ကို သိရှိပြီး ရွတ်ဆိုနိုင်အောင် သင်ကြားရပါမည်။
- ပန်းရနံ့လေးများကို ခံစားပြီး သီဆိုတတ်အောင် ဆရာက သင်ကြားပေးရပါမည်။
- ပျား၊ ပိတုန်းကလေးများ၏ ပြောစကားများကို တွေးတောကာ ပြောကြားစေရပါမည်။

အရေးကြီးသောအချက်များ
- ခက်ခဲသော ဝေါဟာရများကို နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ဝီသစွာ ရွတ်ဆိုစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း
- လုပ်ငန်းစဉ်အတွင်း မိမိစိတ်ကူးကို ပြောနိုင်ခြင်း ရှိ မရှိ၊ ကဗျာကို ရွတ်ဆိုနိုင်ခြင်းရှိ မရှိနှင့် ကဗျာတွင် ပါဝင်သော ခက်ခဲသော စကားလုံးများကို ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box_Copyright protected

သင်ခန်းစာ ၇ ပျားနှင့်ပိတုန်း (ကဗျာ)



အရေးကြီးသောအချက်များ

- အဓိပ္ပာယ်ကို စဉ်းစားရာတွင် ကလေးအားလုံး ပါဝင်အောင် ဆရာက ကြည့်ရှုပေးရပါမည်။
- ကဗျာ၏အဓိပ္ပာယ်ကို ပြောစေရာတွင်အချိန်ရလျှင်ရသလောက် ကလေးများကို ပြောစေပါမည်။
- အတန်းရှေ့ ပြောရာတွင် ကလေးအားလုံးပါဝင်အောင် ဆရာက ကြည့်ရှုပေးရပါမည်။
- ပန်းများ၏ ရနံ့ကို စဉ်းစားစေရာတွင် ကလေးများ လွတ်လပ်စွာ စဉ်းစားစေမည်။ ပန်းရနံ့ကို မသိပါက ပန်းအမည်မှတစ်ဆင့် တွေးတောစဉ်းစားစေမည်။
- ကလေးများ စဉ်းစားနိုင်ခြင်း မရှိပါက (. . . ဒီလိုအနံ့မျိုးလေ) အစရှိသည်ဖြင့် ဆရာက အရိပ်အမြွက်ပြောကာ ပံ့ပိုးပေးရပါမည်။

အကြိပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ပျားနှင့်ပိတုန်း ကဗျာကို ပြန်ဆိုကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက"ကဗျာကို ရွတ်ဆိုပြီးပြီ။ စကားလုံးလေးတွေရဲ့ အဓိပ္ပာယ်ကိုလဲ သိပြီးပြီဆိုတော့ ကဗျာကို တစ်ကြောင်း ချင်းစီ ဖတ်ပြီး အဓိပ္ပာယ်ကို စဉ်းစားကြည့်ကြရအောင်"ဟု ပြောပြီး နှစ်ယောက်တစ်တွဲစဉ်းစားကာ ပြောစေပါမည်။
- ထို့နောက် စဉ်းစားထားသည်များကို အတန်းရှေ့တွင် ပြောစေပါမည်။ (၅၊ ၆ ဦးခန့်)
- "ကဗျာမှာပါတဲ့ ပန်းလေးတွေရဲ့ရနံ့လေးတွေကို စဉ်းစားကြည့်ပါအုံး" ဟု ပြောပြီး နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။
- ထို့နောက် ကလေးများကို ပြောစေပါမည်။ (၄၊ ၅ ဦးခန့်)
- ထို့နောက် တစ်ဦးချင်းစီ မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ကလေးများ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်း ပြောစေပါမည်။
- ဆရာက အတန်းရှေ့ထွက်ပြီး ကလေးများကို ပြောစေပါမည်။ (၄၊ ၅ ဦးခန့်)

နိဂုံးချုပ်ခြင်း

- "ကဗျာရဲ့အဓိပ္ပာယ်ကိုလဲ စဉ်းစားပြီး ပြောပြီးကြပြီ။ ပန်းရနံ့လေးတွေကိုလဲ ခံစားတတ်ကြပြီနော်"ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပန်းရနံ့များကို ခံစားပြောဆိုနိုင်ခြင်း ရှိ မရှိ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBF Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ “ကဗျာလေးကို အဖွဲ့လိုက် ဖတ်ကြည့်ပါအုံး”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ “ပျားနဲ့ပိတုန်းက ဘာတွေပြောနေကြမယ်ထင်သလဲ။ စဉ်းစားကြည့်ပါအုံး”ဟု ပြောကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ပြောစေပါမည်။

⊙ စဉ်းစားထားသည်များကို မှတ်စုတွင်ရေးသားစေပါမည်။

♦ ကလေးများကိုယ်တိုင် ပျား၊ ပိတုန်းကဲ့သို့ ကဗျာကို သရုပ်ဆောင်ကာ ရွတ်ဆိုစေပါမည်။

♦ ထို့နောက် ပျား၊ ပိတုန်းကဲ့သို့ မည်သို့ သရုပ်ဆောင်ခဲ့သည်ကို ၃၊ ၄ တွဲခန့် အတန်းရှေ့သို့ ထွက်၍ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

♦ “ပျား၊ ပိတုန်းလေးတွေ ပြောတဲ့စကားတွေကို ပျော်ပျော်ရွှင်ရွှင် စဉ်းစားခဲ့ကြတယ်နော်။ ပျား၊ ပိတုန်းလေးတွေ ပြောနေတာကို စိတ်ထဲမြင်ယောင်ပြီး နောက်တစ်ကြိမ် ကဗျာကို ရွတ်ဆိုကြရအောင်” ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ပျား၊ ပိတုန်းလေးများ၏ စကားပြောကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီး မှတ်စုရေးသားနိုင်ခြင်း ရှိမရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၇ **ပျားနှင့်ပိတုန်း (ကဗျာ)**



အရေးကြီးသောအချက်များ

♦ ကလေးများ စဉ်းစားမိသောအချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ပြောစေပါမည်။

♦ နှစ်ယောက်တစ်တွဲ အတန်းသို့ ပြောကြားနေချိန်တွင် နားထောင်နေသူများက မှတ်ချက်ပေးရပါမည်။

DBE Box – Copyright protected

သင်ခန်းစာ ၈ ဗဟုသုတရှာကြမယ် စာကြည့်တိုက်မှာကွယ်



၁၈

အဓိကအချက်များ

- စာအုပ်ကိုဖတ်ရာတွင် စာအုပ်ခေါင်းစဉ်၊ မာတိကာ၊ စာရေးသူ စသည်တို့ကိုသိရှိ၍ စာအုပ်၏ဖွဲ့စည်းပုံကို သိရှိရပါမည်။
- ကလေးများကို မှတ်စုမှတ်သည့် အလေ့အကျင့်ဖြစ်အောင် သင်ကြား ပေးရပါမည်။
- မိမိတို့မှတ်သားထားသည်များကို သူငယ်ချင်းများအား မျှဝေ ပေးရပါမည်။
- မိမိဖတ်လိုသည့် စာအုပ်များကို လက်တွေ့ဘဝတွင် ရှာဖွေ ဖတ်နိုင်ပြီး စာဖတ်ချင်သည့် အလေ့အကျင့်ကောင်းများ ရရှိ အောင် သင်ကြားပေးရပါမည်။

အရေးကြီးသောအချက်များ

- မိမိဖတ်လိုသည့် စာအုပ်များကို ရှာဖွေရာတွင် မိမိသိလို သည့် အကြောင်းအရာများ သီးသန့်ရေးထားသည့် စာအုပ် များအပြင် အခြားစာအုပ်များတွင်လည်း ရှာဖွေဖတ်နိုင်ပါသည်။
- စာကြည့်တိုက်တွင် စာအုပ်များကို ဘာသာရပ်အလိုက် ခွဲထားပြီး အမျိုးအစားတူရာစုထားသည်ကို သိရှိစေရပါမည်။
- မာတိကာကိုကြည့်ကာ မိမိဖတ်ချင်သည့် အကြောင်းအရာကို အလွယ်တကူ ရှာဖွေဖတ်နိုင်ရပါမည်။

သင်ခန်းစာ (၈) ဗဟုသုတရှာကြမယ် စာကြည့်တိုက်မှာကွယ်
အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- စာကြည့်တိုက်တွင် မိမိအလိုရှိသောစာအုပ်ကို မည်ကဲ့သို့ ရှာဖွေ ရမည်ကိုသိရှိရန်
- စာအုပ်ခေါင်းစဉ်၊ မာတိကာ၊ စာရေးသူတို့ကိုသိရှိ၍ စာအုပ်၏ ဖွဲ့စည်းပုံကို သိရှိစေရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ကလေးတို့ “ရုပ်ပုံထဲမှာ ဘာတွေတွေ့ရသလဲ” “ဘယ်သူတွေပါ သလဲ” “သူတို့ဘာတွေ ပြောနေကြတယ်လို့ ထင်သလဲ”စသည့် မေးခွန်းများမေးပြီး “ဒီနေ့တော့ စာကြည့်တိုက်မှာ စာအုပ်တွေကို ဘယ်လို ရှာရမလဲဆိုတာ သင်ပေးမယ်”ဟု ပြောကာ နိဒါန်းပျိုး ပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၁၈)ကို နှစ်ယောက်တစ်တွဲ ဖတ်စေပါမည်။
- “ကလေးတို့သာဆိုရင် စာကြည့်တိုက်ကိုသွားပြီး ကိုယ်ဖတ်ချင် တဲ့ စာအုပ်ကို ဘယ်လိုရှာကြမလဲ”ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။
- ထို့နောက် စာမျက်နှာ (၁၉)တွင် ပါဝင်သော နံပါတ် (၁) ကို ဖတ်စေပါမည်။
- ⊙ ဖတ်ပြီးပါက “ဘာအကြောင်းအရာလေးဖြစ်မလဲ စဉ်းစားကြည့် ပါအုံး”ဟု ပြောကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- “စာကြည့်တိုက်မှာ စာအုပ်တွေကို ဘယ်လိုစနစ်တကျထားမယ် ထင်သလဲ ပြောကြည့်ပါအုံး”ဟု မေးကာ ကလေးများကို ဖြေစေ ပါမည်။
- ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက “စာကြည့်တိုက်မှာ စာအုပ်တွေကို ဘာသာရပ်အလိုက်ခွဲထားပြီး အမျိုးအစားတူရာ စုထားတယ်။ အနှောင့်မှာလဲ စာရေးသူ၊ စာအုပ်နာမည်နဲ့ ရှာဖွေရ လွယ်ကူစေဖို့ နံပါတ်စဉ်တွေပါတယ်”ဟု ပြောပြကာ စာကြည့်တိုက်တွင် စာအုပ်များထားရှိပုံနှင့် ပတ်သက်၍ ဆရာက အနည်းငယ် ရှင်းပြပေးရပါမည်။

UBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်အဆက်)

- စာမျက်နှာ (၂၀)ရှိ နံပါတ် (၂)ကို ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။
- "ဒီခေါင်းစဉ်လေးက ဘာအကြောင်းအရာကို ပြောထားတာလဲ စဉ်းစားကြည့်ပါအုံး"ဟု ပြောပြီး မိမိတို့ ထင်မြင်ချက်အတိုင်း ပြောစေပါမည်။
- "မာတိကာကိုကြည့်ပြီး အကြောင်းအရာကိုလဲ စဉ်းစားလို့ရတယ်။ မာတိကာမှာ ပါဝင်တဲ့အကြောင်းအရာတွေရဲ့ခေါင်းစဉ်နဲ့ စာမျက်နှာကို ဖော်ပြထားတယ်"ဟု ကလေးများကို ဖြေစေပါမည်။
- ကလေးများဖြေကြားချက်ပေါ်မူတည်ပြီး မာတိကာကြည့်ပုံနှင့် ပတ်သက်၍ ဆရာက ရှင်းပြရပါမည်။

⊙ စာမျက်နှာ (၂၁) တွင် ပါဝင်သော နံပါတ် (၃) ကို ဖတ်စေပါမည်။

- "ဒီခေါင်းစဉ်လေးက ဘာအကြောင်းအရာကို ပြောထားတာလဲ စဉ်းစားကြည့်ပါအုံး"ဟု ပြောကာ ကလေး ၁ ဦး ၂ ဦး ခန့်ကို မေးရပါမည်။
- "ဒီစာမျက်နှာမှာ ဘာအကြောင်းအရာ ရေးထားတာလဲဆိုတာ နှစ်ယောက်တစ်တွဲ ပြောကြည့်ပါအုံး" "ကြိုးကြာအကြောင်းက ဒီစာမျက်နှာရဲ့ ဘယ်နေရာမှာ ရှိနေတာလဲ ရှာကြည့်ကြပါအုံး" ဟု မေးကာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ရုပ်ပုံများကို ကြည့်စေပြီး ပြောစေပါမည်။
- ဆရာက"မာတိကာမှာပါတဲ့ ခေါင်းစဉ်နဲ့ အတွင်းစာမျက်နှာမှာပါတဲ့ အကြောင်းအရာက တူတယ်။ နမူနာစာအုပ်မှာပါတဲ့ စာမျက်နှာ (၄၃)မှာ ရှိတယ်ဆိုတာ တွေ့ကြတယ် မဟုတ်လား" ဟုပြောကာ ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ စာအုပ်ကိုဖတ်တဲ့အခါ ကိုယ်ဖတ်ချင်တဲ့ အကြောင်းအရာကို အလွယ်တကူ ရှာဖွေဖတ်နိုင်ဖို့ ဘယ်လို လုပ်ကြရမလဲ။ နံပါတ် (၁)၊ (၂)၊ (၃)ကို ပြန်ပြီးဖတ်ကြည့်ကြပါအုံး"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဆရာမေးသော မေးခွန်းများကို ဖြေကြားနိုင်ခြင်း ရှိ မရှိ၊ ဖတ်စာအုပ်ကို အသုံးပြု၍ လက်တွေ့ရှာဖွေကြည့်ရာတွင် လုပ်ဆောင်နိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက် တစ်တွဲ လုပ်ဆောင်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ကျောင်းသုံးစာအုပ်ကိုလည်း နမူနာအဖြစ်အသုံးပြု၍ရပါသည်။
- မာတိကာပါ ခေါင်းစဉ်များကိုကြည့်ပြီး ခေါင်းစဉ်အလိုက် မည်သည့်အကြောင်းအရာများ ဖြစ်သည်ကို စဉ်းစားတတ်ရပါမည်။
- မာတိကာတွင် ပါဝင်သော ခေါင်းစဉ်များသည် အတွင်းစာမျက်နှာတွင် ပါဝင်သော ခေါင်းစဉ်များနှင့် တူကြောင်းကိုလည်း သိရှိစေရပါမည်။
- မိမိရွေးထားသော ခေါင်းစဉ်ပါ အကြောင်းအရာများကိုလည်း သေချာဖတ်မှတ်စေရပါမည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- ကလေးများအသက်အရွယ်နှင့် ကိုက်ညီ၍ ဖတ်နိုင်သည့် စာအုပ်ကို သာ ရွေးဖတ်စေပါမည်။
- မိမိဖတ်ခဲ့သည့် စာအုပ်၏အမည်၊ စာရေးသူ၏အမည်၊ စာအုပ်ပါ အကြောင်းအရာ၊ ထိုအကြောင်းအရာသည်မည်သည့် စာမျက်နှာ၌ ပါသည်ကို မာတိကာတွင် ကြည့်၍ မှတ်သားထားရန် ကြိုတင် မှာကြားရပါမည်။
- စာကြည့်တိုက် မရှိပါက ဆရာက စာအုပ်၊ မဂ္ဂဇင်းစသည် တို့ကို စုဆောင်းယူလာပြီး ကလေးများကို ရွေးချယ်ဖတ်ရှုသည့် အလေ့အကျင့်ရရှိရန် ပံ့ပိုးပေးရပါမည်။
- စာအုပ်အလုံအလောက်မရှိပါက သို့မဟုတ် ဖတ်လိုသော စာအုပ်တူနေပါက အချင်းချင်း အတူတကွ ဖတ်စေရပါမည်။
- အချိန်မလုံလောက်၍ စာဖတ်ရန်ကျန်ရှိနေပါက မိမိတို့ အားလပ်ချိန်တွင် စာကြည့်တိုက်သို့သွားရောက်၍ ဖတ်နိုင် ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာကြည့်တိုက်တွင် စာအုပ်များကို ရွေးချယ် ဖတ်နိုင်ခြင်းရှိ မရှိနှင့် မှတ်စုတွင် ရေးမှတ်ထားခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီတစ်ချိန်မှာတော့ စာကြည့်တိုက်ကိုသွားပြီး စာအုပ်တွေ ဖတ်ကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ စာကြည့်တိုက်ကိုရောက်တဲ့အခါ ကိုယ်ဖတ်ချင်တဲ့ အကြောင်းအရာကို ဘယ်လိုရှာကြမလဲ ပြောကြည့်ပါအုံး" ဟု မေးပါမည်။
- ကလေးများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ဆရာက ပထမအချိန်တွင် သင်ခဲ့သည့်အချက် ၃ ချက်ကို ပြန်လည် ရှင်းပြရပါမည်။
- "စာကြည့်တိုက်ကို ရောက်တဲ့အခါ ကိုယ်ဖတ်ခဲ့တဲ့ စာအုပ်ရဲ့ နာမည်၊ စာရေးသူရဲ့နာမည်၊ အဲဒီစာအုပ်မှာပါတဲ့ အကြောင်း အရာ၊ အဲဒီအကြောင်းအရာက ဘယ်စာမျက်နှာမှာ ပါတယ် ဆိုတာ မာတိကာကိုကြည့်ပြီး နောက်တစ်ချိန်မှာ ပြန်ပြောရ မယ်။ သေချာမှတ်ခဲ့ရမယ်နော်"ဟု ဆရာက ကြိုတင်မှာကြား ရပါမည်။
- မှတ်သားရန်အတွက် မှတ်စုစာအုပ်ပါ ယူသွားရပါမည်။
- ဖတ်ခဲ့သည့် အကြောင်းအရာများကို မှတ်ရာတွင် အကြောင်း အရာ အားလုံးကို ကူးရေးရန်မလိုပါ။ ပြန်ပြောပြနိုင်ရန် အတွက် အချက်အလက် အနည်းငယ်ရေးရန်သာ လိုအပ်ပါ သည်။

⊙ မှတ်စုနမူနာပုံစံ

စာအုပ်အမည်	
စာရေးသူအမည်	
ဖတ်ခဲ့သည့် စာမျက်နှာ	
ဖတ်ခဲ့သည့်အကြောင်းအရာ	

- ထို့နောက် ကျောင်းတွင် စာကြည့်တိုက် သို့မဟုတ် စာဖတ်ခန်း ရှိပါက ဆရာနှင့်အတူ သွားရပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ စာကြည့်တိုက်ကိုသွားပြီး ကိုယ်ဖတ်ချင်တဲ့ စာအုပ် အကြောင်းကို သေသေချာချာမှတ်ခဲ့ရဲ့လား။ နောက်တစ်ချိန်မှာ ပြန်ပြောပြရမယ်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

DBL Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီအချိန်မှာတော့ ကလေးတို့ မှတ်ခဲ့တဲ့ စာအုပ်အကြောင်းကို သူငယ်ချင်းတွေနဲ့ပြောကြရမယ်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- “ကလေးတို့ စာဖတ်ခန်းမှာ ဘယ်စာအုပ်တွေဖတ်ခဲ့သလဲ”
  “ဘာအကြောင်းအရာတွေ ဖတ်ခဲ့တာလဲ”
  “ရေးတဲ့သူက ဘယ်သူလဲ” စသည့် မေးခွန်းများကို ကလေးတစ်ဦးချင်းစီအား မေးပါမည်။ (အနည်းဆုံး ၃ ဦးခန့်)
- ⊙ ထို့နောက် မိမိမှတ်ခဲ့သော မှတ်စုစာအုပ်ကိုကြည့်ကာ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောစေပါမည်။
- ပြောကြားရာတွင် မိမိတို့ဖတ်ခဲ့သည့် အကြောင်းအရာအကျဉ်းချုပ်ကိုသာ ပြောရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောပြီးပါက မိမိပြောပြလိုသော အခြားသူငယ်ချင်းကို အတန်းတွင်း လှည့်လည်ကာ ပြောစေပါမည်။
- ပြောလိုသောကလေးများ ရှိပါက အတန်းရှေ့ထွက်၍ ပြောစေပါမည်။ (အနည်းဆုံး ၂ ဦးခန့်)
- ကလေးတို့ “သူငယ်ချင်းတွေ ပြောတဲ့အကြောင်းအရာကို နားထောင်ပြီး ကိုယ်ဖတ်ချင်စိတ်ဖြစ်သွားတဲ့ စာအုပ်ရှိသလား။ ပြောကြည့်ပါအုံး” ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ထို့နောက် မိမိတို့ဖတ်ခဲ့သည့် အကြောင်းအရာကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။ (၃၊ ၄ ဦးခန့်)

နိဂုံးချုပ်ခြင်း

- “စာကြည့်တိုက်မှာ စာအုပ်သွားဖတ်ရတာ ပျော်စရာကောင်းသလား။ ကိုယ်ဖတ်ချင်တဲ့စာအုပ်ကို စာကြည့်တိုက်မှာရှာပြီး ဖတ်လို့ ရသလို တခြားနေရာတွေမှာလဲ ရှာပြီး ဖတ်လို့ရတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တွေရင်လဲ သူငယ်ချင်းကို ပြန်ပြောပြရမယ်နော်”ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဆရာမေးသော မေးခွန်းများကို ဖြေကြားနိုင်ခြင်း ရှိ မရှိ၊ ဖတ်စာအုပ်ကို အသုံးပြု၍ လက်တွေ့ရှာဖွေကြည့်ရာတွင် လုပ်ဆောင်နိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ လုပ်ဆောင်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- မိမိဖတ်ခဲ့သည့် စာအုပ်တွင် မည်သည့်အကြောင်းအရာက စိတ်ဝင်စားစရာကောင်းကြောင်း ပြောစေရပါမည်။
- မိမိမှတ်ခဲ့သော မှတ်စုကိုအခြေခံပြီး အခြားသူများကို ပြန်ပြောပြတတ်ရပါမည်။
- သူငယ်ချင်းပြောသည့် အကြောင်းအရာကို နားထောင်ပြီး ဖတ်ချင်သည့် စာအုပ်ရှိပါကလည်း မှတ်သားထားရပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ ၉ အိုးကလေးနှစ်လုံး (ပုံပြင်)



၂၇

အဓိကအချက်များ

- ပုံပြင်ကို အသံတိတ်ရွတ်ဖတ်ပြီး ပုံပြင်ပါအကြောင်းအရာများကို သိရှိစေရမည်။
- အက်နေသောအိုးကလေး၏ အသုံးဝင်ပုံ၊ အိုးကောင်းလေး၏ စိတ်သဘောထားပြောင်းလဲသွားပုံ အစရှိသည့် ပုံပြင်ပါဇာတ်ဆောင်များ၏ ကောင်းသောအချက်များကို စဉ်းစားစေမည်။
- မိမိနှင့် သူငယ်ချင်းများ၏ ကောင်းသောအချက်များကို စဉ်းစားနိုင်စေရန်သင်ကြားပေးရမည်။
- ပုံပြင်ကိုဖတ်ရှုပြီး မိမိထင်မြင်ချက်၊ လုပ်ဆောင်လိုသောအရာများကို ရေးသားနိုင်အောင် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- ကလေးများ သင်ခန်းစာပါ အကြောင်းအရာများကို လွတ်လပ်စွာ ပြောစေရမည်။
- စာဖတ်အားနည်းသော ကလေးများကို ဆရာကကူညီပံ့ပိုးပေးရမည်။
- ပုံပြင်ဖတ်နေစဉ် ကလေးများနားလည်ရန်ခက်ခဲသော စကားလုံးများကို ဆရာကရှင်းပြရမည်။

သင်ခန်းစာ (၉) အိုးကလေးနှစ်လုံး
အကြိပြုစာသင်ချိန် ၈ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- မည်သည့်အရာမဆို (သူ့နေရာနှင့်သူ) အသုံးဝင်ပြီးတန်ဖိုးရှိကြောင်းသိရှိရန်
- ပုံပြင်ပါ အကြောင်းအရာပေါ်မူတည်ပြီး မိမိအကြံဉာဏ်များနှင့် အချင်းချင်းဆွေးနွေးပြီး ထုတ်ဖော်ပြောပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ကိုဆရာက ဒီနေ့ အိုးကလေးနှစ်လုံးပုံပြင်ကို ပြောပြမယ်။ ဘယ်လိုပုံပြင်လေးဖြစ်မလဲဆိုတာ ကလေးတို့ သိချင်ကြသလား"ဟု မေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများကို ကျောင်းသုံးစာအုပ်ပါရုပ်ပုံများကို ကြည့်စေပြီး ကလေးများ၏ ထင်မြင်ချက်ကို ပြောစေပါမည်။
- ⊙ ပုံပြင်ကို ကလေးများအားလုံး အသံတိတ်ရွတ်ဖတ်စေမည်။
- "ဘယ်လိုအကြောင်းအရာဖြစ်မယ်ထင်သလဲ"ဟု ကလေး ၃၊ ၄ဦး ခန့်မေးပါမည်။
- ဆရာက ပုံပြင်တစ်ပုဒ်လုံးကို ဖတ်ပြပါမည်။
- ⊙ ဆရာက ပုံပြင်ကို အဖြတ်အရပ် မှန်မှန်ဖြင့်ဖတ်ပြရပါမည်။ (၂ ကြိမ်ခန့်)
- ထို့နောက် ဆရာကတတိယအကြိမ်ဖတ်ပြနေစဉ် ကလေးများက နောက်မှလိုက်၍ ဖတ်စေပါမည်။
- ဆရာဖတ်ပြီးပါက တစ်တန်းလုံး ပုံပြင်ကို အစအဆုံးဖတ်စေပါမည်။
- ⊙ ပုံပြင်ကို ဖတ်ပြီးပါက ဇာတ်ဆောင်၊ နေရာ၊ အဖြစ်အပျက် အစရှိသည့် ပုံပြင်ပါအကြောင်းအရာများကို ကလေး ၃၊ ၄ ဦး မေးပါမည်။
- ပုံပြင်ဖတ်ပြီး ထင်မြင်ချက်ကို ကလေး ၃၊ ၄ ဦးကိုမေးပါမည်။

နိဂုံးချုပ်ခြင်း

- "နောက်စာသင်ချိန်မှာ စာတစ်ပိုဒ်စီက အကြောင်းအရာတွေကို ဖတ်ကြည့်ကြမယ်နော်"ဟုပြောပြီးနိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံပြင်ကိုဖတ်ပြီး ပုံပြင်ပါအကြောင်းအရာများနှင့် မိမိထင်မြင်ချက် များကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “မနေ့က ပုံပြင်ကို တစ်တန်းလုံးဖတ်ခဲ့ကြတယ်နော်။ ဒီနေ့တော့ စာတစ်ပိုဒ်ချင်းစီဖတ်ကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ပထမစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (တစ်ဦးချင်း အုပ်စုလိုက်)
- ပထမစာပိုဒ် (လယ်တောတစ်ခုမှာ. . . ရေထမ်းတိုင်း အခေါက်ရေပိုပြီး ခပ်နေရတော့တာပေါ့) အထိဖတ်စေမည်။
- ⊙ ပထမစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို ကလေးများအား မေးပါမည်။
- ⊙ “ဒီစာပိုဒ်မှာ လယ်သမားကြီးက အိုးကလေးနှစ်လုံးကို ဘယ်နေရာမှာ သုံးသလဲ” ဟုမေးကာ ကလေးအချင်းချင်း ပြောစေမည်။
- ထို့နောက် ဆရာက အုပ်စုတစ်စုစီကိုမေးပါမည်။ (၃၊ ၄ဦးခန့်)
- “အိုးကလေးနှစ်လုံးက ဘယ်လိုကွဲပြားခြားနားသလဲ”ဟုမေးကာ ကလေးအချင်းချင်း ပြောစေပါမည်။
- ကလေးများအား မေးခွန်း (၁)ကိုဖတ်စေပြီး “လယ်သမားကြီးက ဘာကြောင့်ရေကို အခေါက်ခေါက် အခါခါခပ်နေရတာလဲ”ဟုမေးပြီး ကလေးအချင်းချင်းပြောစေမည်။
- ကလေးအချင်းချင်းပြောပြီးလျှင် ဆရာကအုပ်စုတစ်စုစီကို မေးပါမည်။
- ကလေးများပြောသောအဖြေကို ဆရာက ကျောက်သင်ပုန်းတွင် ရေးထားရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ပထမစာပိုဒ်ရှိ အကြောင်းအရာများကို ကလေးများအား မေးပြီး စာပိုဒ်ကိုပြန်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပထမစာပိုဒ်ရှိ အကြောင်းအရာများကို ပြောနိုင်ခြင်း ရှိ မရှိ၊ မေးခွန်း (၁) ကိုဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ကိုဖတ်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ပုံပြင်ကို ရွတ်ဖတ်ရာတွင် အားနည်းသောကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- အိုးနှစ်လုံး၏ ကွဲပြားခြားနားချက်ကို ကလေးများပြောဆိုနိုင်ရမည်။
- မေးခွန်း (၁) အဖြေကို ဆရာက သင်ပုန်းတွင်ရေးထားရမည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- ပုံပြင်ကို ရွတ်ဖတ်ရာတွင် အားနည်းသောကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ပုံပြင်ပါအကြောင်းအရာကို ကလေးများပြောကြားနိုင်စေရန် ဆရာကပံ့ပိုးပေးရပါမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းတွင်ရေးထားရမည်။
- မေးခွန်း (၃) ကိုဖြေဆိုရာတွင် ကလေးများကိုယ်တိုင် လွတ်လပ်စွာ ဖြေဆိုစေပါမည်။

အကြေပြုစာသင်ချိန် ၈ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီအချိန်မှာ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘယ်လိုပြောသလဲဆိုတာ ဒုတိယစာပိုဒ်ကိုဖတ်ပြီး လေ့လာကြည့်ရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဒုတိယစာပိုဒ်ကို တစ်တန်းလုံးအား ဖတ်စေပါမည်။
- ဒုတိယစာပိုဒ် (တစ်ရက်မှာ အိုးကောင်းကလေးက အောက်ခြေအက်နေတဲ့ အိုးကလေးကို . . . လယ်တောက ထွက်သွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်)အထိ ဖတ်စေပါမည်။
- ဒုတိယစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို ကလေးများအားမေးပါမည်။
- ⊙ ဒုတိယစာပိုဒ်ကိုဖတ်ပြီး "အိုးကောင်းကလေးက အိုးအက်ကလေးကိုဘယ်လိုပြောသလဲ" ကလေးအချင်းချင်း ဆွေးနွေးစေမည်။
- ဆွေးနွေးပြီးပါက အုပ်စုတစ်စုစီမှ ကလေး ၃၊ ၄ ဦးကိုမေးပါမည်။
- ထို့နောက် မေးခွန်း (၂) ကိုကလေးများဖတ်စေပြီးအုပ်စုတွင်းတိုင်ပင်ကာ အဖြေကို ကလေး ၃၊ ၄ဦးအား ပြောစေမည်။
- မေးခွန်း (၃)ကို ကလေးများအားလုံး ဖတ်စေပါမည်။
- "အိုးအက်ကလေးက ဘယ်လိုဆုံးဖြတ်သလဲ"ဟု မေးကာ ကလေးအချင်းချင်း ဆွေးနွေးစေပါမည်။
- ဆွေးနွေးပြီးပါက အုပ်စုတစ်စုစီမှတစ်ဦးစီကို ပြောစေပါမည်။
- ကလေးများပြောသော အဖြေကို ဆရာကသင်ပုန်းတွင်ရေးထားရမည်။

နိဂုံးချုပ်ခြင်း

- "အိုးကောင်းကလေးက အိုးအက်ကလေးကို ဘယ်လိုပြောသလဲ" ဟုမေးပြီး ဒုတိယစာပိုဒ်ကို ပြန်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၂)နှင့် (၃)ကို ဖြေဆိုနိုင်ခြင်း ရှိမရှိနှင့် ဒုတိယစာပိုဒ်ကို ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီအချိန်မှာ အိုးအက်ကလေးကို လယ်သမားကြီးက ဘယ်လိုပြောသလဲဆိုတာကို ဖတ်ပြီး လေ့လာကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- တတိယစာပိုဒ်ကိုဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- တတိယစာပိုဒ် (လယ်သမားကြီးကို အိုးအက်ကလေးက သူလယ်တောက ထွက်သွားတော့မယ် . . . ဟောဒီပန်းခင်းကလေး လှနေတာပေါ့ဆိုပြီး ရှင်းပြပါတယ်)အထိ ဖတ်စေမည်။
- တတိယစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို ကလေးများအား မေးပါမည်။
- ⊙ တတိယစာပိုဒ်ကိုဖတ်ပြီး "အိုးအက်ကလေးနဲ့ လယ်သမားကြီး တို့ဘယ်လိုပြောသလဲ" ဟုမေးကာ ကလေးအချင်းချင်း ဆွေးနွေးစေမည်။
- ဆွေးနွေးပြီးပါက အုပ်စုတစ်စုစီမှ ကလေး ၃၊ ၄ ဦးကိုမေးပါမည်။
- ထို့နောက် မေးခွန်း (၄) ကို ကလေးများဖတ်စေပြီး အဖြေကို ကလေးနှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ဆရာက အဖြေကို ကလေး ၃၊ ၄ဦးကို မေးပါမည်။
- မေးခွန်း (၅) ကို ကလေးများအားဖတ်စေပြီး အဖြေကို နှစ်ယောက်တစ်တွဲပြောစေပါမည်။
- ဆရာက အဖြေကို ကလေး ၃၊ ၄ဦး ကိုမေးပါမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းတွင် ရေးထားရမည်။

နိဂုံးချုပ်ခြင်း

- "အိုးအက်ကလေး စိတ်ဓာတ်ကျနေတာကို လယ်သမားကြီး ကဘယ်လိုပြောသလဲ"ဟုမေးပြီး တတိယစာပိုဒ်ကို ပြန်ဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကိုအဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ၊ စာပိုဒ်ပါအကြောင်းအရာများကို ဆွေးနွေးပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ပုံပြင်ကို ရွတ်ဖတ်ရာတွင် အားနည်းသော ကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းတွင်ရေးထားရမည်။

DBE Box - Copyright Protected

၉။ အိုးကလေးနှစ်လုံး (ပုံပြင်)



၆ သူငယ်ချင်းကို အသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းကလေးကလဲ သူ့ သူငယ်ချင်းက လယ်တောဝန်းကျင်ကို ဘယ်လိုအကျိုးပြုပေးနေတယ်ဆိုတာ နားလည်သွားခဲ့ပါပြီ။ အဲဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ကရေသယ်တစ်ယောက်က ရေလောင်းရင်း လယ်တောဝန်းကျင်ရဲ့ သာယာစိမ်းလန်းရေးကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါတော့တယ်။

စာရေးသူ – သံလွင်မြင့်
ကာတွန်းသရုပ်ဖော် – သီဟ(စခန်းသစ်)
သဒ်စတိုရီပရောဂျက်

လေ့ကျင့်ခန်း

၁။ လယ်သမားကြီးက ဘာကြောင့် အခေါက်ခေါက် အခါခါ ရေခပ်နေရတာလဲ။
၂။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့်အပြစ်တင်တာလဲ။
၃။ မင်းသာအိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။
၄။ အိုးအက်ကလေးက ဘာဖြစ်လို့ သူ့ကိုစွန့်ပစ်ပါလို့ပြောသလဲ။
၅။ အိုးအက်ကလေး စိတ်အားတက်အောင် လယ်သမားကြီးက ဘယ်လိုပြောသလဲ။
၆။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့ စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။
၇။ ပုံပြင်ပါ ဇာတ်ဆောင်သုံးဦး၏ ကောင်းတဲ့အချက်များကို ဖော်ပြပါ။
၈။ ကိုယ်ရဲ့ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကိုရွာဖွေပြီး ပြောပြပါ။

၂၆

အရေးကြီးသောအချက်များ

- ပုံပြင်ကို ရွတ်ဖတ်ရာတွင် အားနည်းသောကလေးများကို ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- စာပိုဒ်ပါအကြောင်းအရာကို ကလေးများပြောနိုင်ရမည်။
- ကလေးများပြောသောအဖြေကို သင်ပုန်းတွင်ရေးထားရမည်။

အကြံပြုစာသင်ချိန် ၈ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "စတုတ္ထစာပိုဒ်ကို ဖတ်ကြမယ်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- စတုတ္ထစာပိုဒ် (သူငယ်ချင်းကိုအသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းလေးကလဲ. . . လယ်တောရဲ့သာယာစိမ်းလန်းရေးကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါတော့တယ်) အထိဖတ်စေပါမည်။
- စတုတ္ထစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို ကလေးများအားမေးပါမည်။
- "ဒီစာပိုဒ်ကိုဖတ်ပြီး အိုးကောင်းကလေးက ဘယ်လိုနားလည်သွားသလဲ"ဆိုတာကို ကလေးနှစ်ယောက်တစ်တွဲပြောစေမည်။
- ⊙ "သူငယ်ချင်းနှစ်ယောက်က လယ်တောရဲ့သာယာရေးကို ဘယ်လိုလုပ်ဆောင်ကြသလဲ"ဟု နှစ်ယောက်တစ်တွဲပြောစေမည်။
- အတန်းရှေ့တွင် ကလေး ၃၊ ၄ဦးခန့်ကို ပြောစေပါမည်။
- မေးခွန်း (၆) ကို ဖတ်စေပြီး အဖြေကိုပြောစေမည်။ (၃၊ ၄ ဦးခန့်)
- ကလေးများပြောသောအဖြေကို သင်ပုန်းတွင်ရေးထားရမည်။

နိဂုံးချုပ်ခြင်း

- သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးအားလုံးဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်းမေးခွန်း (၆) ကို ဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် စတုတ္ထစာပိုဒ်ကို ဖတ်နိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြမ်းဖျဉ်းသင်ချိန် ၈ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ ပုံပြင်တစ်ပုဒ်လုံး အစမှအဆုံးထိ ဖတ်စေပြီးနိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ပုံပြင်တစ်ပုဒ်လုံးကို ဖတ်ရာတွင် အုပ်စုလိုက် တစ်ဦးချင်း ဖတ်စေမည်။

⊙ ပုံပြင်ကိုဖတ်ပြီး ပုံပြင်ပါဇာတ်ဆောင်များ၏ ကောင်းသောအချက်များကို အုပ်စုလိုက်ရှာဖွေစေမည်။

♦ ပထမဦးစွာ ဆရာက သင်ပုန်းတွင်ဇယားဆွဲမည်။

ပုံပြင်ပါဇာတ်ဆောင်များ၏ကောင်းသောအချက်များ	
လယ်သမားကြီး	
အိုးကောင်းကလေး	
အိုးအက်ကလေး	

♦ ပုံပြင်ထဲက လယ်သမားကြီး၊ အိုးကောင်းကလေး၊ အိုးအက်ကလေးတို့၏ ကောင်းသောအချက်ကို အုပ်စုအတွင်းပြောစေပြီး အဖြေကို ဇယားတွင် ရေးဖြည့်စေမည်။

♦ ဇယားတွင်ဖြည့်ပြီးပါက အုပ်စုတစ်စုစီမှ တစ်ဦးစီကို ပြောစေပါမည်။

♦ အုပ်စုတစ်စု ပြောနေချိန်တွင် ကျန်အုပ်စုများက သေချာစွာနားထောင်စေပါမည်။

နိဂုံးချုပ်ခြင်း

♦ လယ်သမားကြီး၊ အိုးကောင်းကလေး၊ အိုးအက်ကလေးတို့၏ ကောင်းသော အချက်များကိုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း လယ်သမားကြီး၊ အိုးကောင်းကလေး၊ အိုးအက်ကလေးတို့၏ ကောင်းသောအချက်ကို အဖွဲ့လိုက်ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



သူငယ်ချင်းကို အသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းကလေးကလဲ သူ့ သူငယ်ချင်းက လယ်တောဝန်းကျင်ကို ဘယ်လိုအကျိုးပြုပေးနေတယ်ဆိုတာ နားလည်သွားခဲ့ပါပြီ။ အဲဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ယောက်ရေသယ်တစ်ယောက်က ရေလောင်းရင်း လယ်တောဝန်းကျင်ရဲ့ သာယာစိမ်းလန်းလှရေးကို အတူတကွ ပူးပေါင်း လုပ်ဆောင်ကြပါတော့တယ်။

စာရေးသူ သံလွင်မြစ်
ကာတွန်းသရုပ်ဖော် – သိဟ(စနန်းသစ်)
သဒ္ဒတိုရီပရောဂျက်

လေ့ကျင့်ခန်း

၁။ လယ်သမားကြီးက ဘာကြောင့် အခေါက်ခေါက် အခါခါ ရေခပ်နေရတာလဲ။
၂။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့်အပြစ်တင်တာလဲ။
၃။ မင်းသာအိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။
၄။ အိုးအက်ကလေးက ဘာဖြစ်လို့ သူကိုစွန့်ပစ်ပါလို့ပြောသလဲ။
၅။ အိုးအက်ကလေး စိတ်အားတက်အောင် လယ်သမားကြီးက ဘယ်လိုပြောသလဲ။
၆။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့ စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။
၇။ ပုံပြင်ပါ ဇာတ်ဆောင်သုံးဦး၏ ကောင်းတဲ့အချက်များကို ဖော်ပြပါ။
၈။ ကိုယ်ရဲ့ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကိုရှာဖွေပြီး ပြောပြပါ။

အရေးကြီးသောအချက်များ

♦ ဇယားကွက်ကိုဖြည့်ရာတွင် လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်ပြောပေးရမည်။

♦ ဇာတ်ဆောင်များ၏ ကောင်းသောအချက်များကို သတိပြုမိစေရပါမည်။

♦ အဖွဲ့လိုက်ပြောနေချိန်တွင် သေချာစွာနားထောင်စေပါမည်။

DBE Box – Copyright Protected

၉။ အိုးကလေးနှစ်လုံး (ပုံပြင်)



သူငယ်ချင်းကို အသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းကလေးကလဲ သူ့ သူငယ်ချင်းက လယ်တောဝန်းကျင်ကို ဘယ်လိုအကျိုးပြုပေးနေတယ်ဆိုတာ နားလည်သွားခဲ့ပါပြီ။ အဲဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ကရေသယ်တစ်ယောက်က ရေလောင်းရင်း လယ်တောဝန်းကျင်ရဲ့ သာယာစိမ်းလန်းရေးကို အတူတကွ ပူးပေါင်း လုပ်ဆောင်ကြပါတော့တယ်။

စာရေးသူ – သံလွင်မြင့်
ကာတွန်းသရုပ်ဖော် – သီဟ(စခန်းသစ်)
သဒ်စတိုရီပရောဂျက်

လေ့ကျင့်ခန်း

၁။ လယ်သမားကြီးက ဘာကြောင့် အခေါက်ခေါက် အခါခါ ရေခပ်နေရတာလဲ။
၂။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့်အပြစ်တင်တာလဲ။
၃။ မင်းသာအိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။
၄။ အိုးအက်ကလေးက ဘာဖြစ်လို့ သူ့ကိုစွန့်ပစ်ပါလို့ပြောသလဲ။
၅။ အိုးအက်ကလေး စိတ်အားတက်အောင် လယ်သမားကြီးက ဘယ်လိုပြောသလဲ။
၆။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့ စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။
၇။ ပုံပြင်ပါ ဇာတ်ဆောင်သုံးဦး၏ ကောင်းတဲ့အချက်များကို ဖော်ပြပါ။
၈။ ကိုယ်ရဲ့ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကိုရှာဖွေပြီး ပြောပြပါ။

၂၆

အရေးကြီးသောအချက်များ

- မိမိ၏ ကောင်းသောအချက်နှင့် သူငယ်ချင်း၏ ကောင်းသောအချက်များကို ရေးသားနိုင်ရမည်။
- ကလေးများအားလုံး ပါဝင်ပြောဆိုရေးသားနိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရမည်။
- မိမိတို့၏ ထင်မြင်ချက်များကို အတန်းသို့ပြောကြားပြီးနောက် ကောင်းသောအချက်များကို နားထောင်သူများက ပြန်လည်ပြောစေပါမည်။

အကြိပြုစာသင်ချိန် ၈ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ ပုံပြင်တစ်ပုဒ်လုံးကို ပြန်ပြီး ဖတ်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပုံပြင်တစ်ပုဒ်လုံးကို ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ "ပုံပြင်ထဲက လယ်သမားကြီး၊ အိုးကောင်းကလေး၊ အိုးအက်ကလေးတို့ရဲ့ ကောင်းတဲ့အချက်ကိုရေးပြီးပြီနော်။ ဒါဆို ကလေးတို့ရဲ့ ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကို စဉ်းစားပြီး ရေးကြမယ်"ဟု ပြောပါမည်။
- ဆရာက ကလေးများကို နှစ်ယောက်တစ်တွဲတွဲပေးပြီး မိမိ၏ ကောင်းသောအချက်နှင့် သူငယ်ချင်း၏ ကောင်းသောအချက်များကို ရေးစေပါမည်။
- သာဓက။ ။ (ကိုယ့်ရဲ့ကောင်းတဲ့အချက်)
  ၁။ ကျွန်တော်က စာကို ကြိုးစားသင်ပါသည်။
  ၂။ သူငယ်ချင်းများနှင့် ချစ်ချစ်ခင်ခင်ကစားပါသည်။
  ၃။ မိဘနှင့်ဆရာတို့၏စကားကိုနားထောင်ပါသည်။
  (သူငယ်ချင်းရဲ့ကောင်းတဲ့အချက်)
  ၁။ ကျွန်တော်၏သူငယ်ချင်းသည်စာတော်ပါသည်။
  ၂။ သူငယ်ချင်းများနှင့် ချစ်ချစ်ခင်ခင် နေထိုင်ပါသည်။
  ၃။ သူပြောပြသောပုံပြင်များမှာ စိတ်ဝင်စားစရာကောင်းပါသည်။
  ၄။ သူသည် အားကစားလုပ်ရခြင်းကိုလည်း နှစ်သက်ပါသည်။
- ကလေးများရေးပြီးပါက နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်၍ မိမိရေးထားသော အချက်များကိုပြောစေမည်။
- ကလေးများပြောပြီးလျှင် ရေးထားသောစာရွက်များကို ဆရာက စာအုပ်ပုံစံချုပ်ထားရပါမည်။

နိဂုံးချုပ်ခြင်း

- မိမိရေးသားထားသော စာကြောင်းများကို နှစ်ယောက်တစ်တွဲ ဖတ်ပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်းမိမိ၏ ကောင်းသောအချက်များနှင့် သူငယ်ချင်း၏ ကောင်းသောအချက်များကို ပြောဆိုရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။

DBE BOX – Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (အဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီအချိန်မှာတော့ ပုံပြင်နဲ့ ပတ်သက်ပြီး ကလေးတို့ စိတ်ထဲမှာ ဘယ်လို ခံစားရသလဲဆိုတာကို ပြောကြည့်ကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးများအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ “ပုံပြင်ဖတ်ပြီး ကလေးတို့ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ”
- ⊙ “ကလေးတို့ ကိုယ်တိုင်လဲ နောက်ဆိုရင် သူငယ်ချင်းတွေနဲ့အတူ ဘယ်လိုလုပ်ဆောင်သွားချင်သလဲ” ဟုမေးကာ ကလေး ၃၊ ၄ ဦးခန့် ပြောစေပါမည်။
- မိမိတို့ စဉ်းစားထားသည်များကို မှတ်စုတွင်ရေးစေမည်။
- မိမိရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အတန်းရှေ့တွင်ပြောစေမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့လဲ အိုးကလေး နှစ်လုံးလိုပဲအချင်းချင်း နားလည်မှုရှိပြီး ကူညီကြရမယ်နော်” ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိထင်မြင်ချက်ကို ပြောနိုင်ခြင်း ရှိ မရှိ၊ သူငယ်ချင်းနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်လိုသောအရာကို ပြောကြားနိုင် ရေးသားနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



သူငယ်ချင်းကို အသုံးမကျဘူးဆိုပြီး စိတ်ဆိုးဒေါသထွက်နေတဲ့ အိုးကောင်းကလေးကလဲ သူ့ သူငယ်ချင်းက လယ်တောဝန်းကျင်ကို ဘယ်လိုအကျိုးပြုပေးနေတယ်ဆိုတာ နားလည်သွားခဲ့ပါပြီ။ အဲဒီနေ့ကစပြီး သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ကရေသယ် တစ်ယောက်က ရေလောင်းရင်း လယ်တောဝန်းကျင်ရဲ့ သာယာစိမ်းလန်းလှရေးကို အတူတကွ ပူးပေါင်း လုပ်ဆောင်ကြပါတော့တယ်။

စာရေးသူ သံလွင်မြစ်
ကာတွန်းသရုပ်ဖော် – သိဟ(စနန်းသစ်)
သဒ္ဒတိုရီပရောဂျက်

လေ့ကျင့်ခန်း

၁။ လယ်သမားကြီးက ဘာကြောင့် အခေါက်ခေါက် အခါခါ ရေခပ်နေရတာလဲ။
၂။ အိုးကောင်းကလေးက အိုးအက်ကလေးကို ဘာကြောင့်အပြစ်တင်တာလဲ။
၃။ မင်းသာအိုးကောင်းကလေးဆိုရင် အိုးအက်ကလေးကို ဘယ်လိုပြောမလဲ။
၄။ အိုးအက်ကလေးက ဘာဖြစ်လို့ သူ့ကိုစွန့်ပစ်ပါလို့ ပြောသလဲ။
၅။ အိုးအက်ကလေး စိတ်အားတက်အောင် လယ်သမားကြီးက ဘယ်လိုပြောသလဲ။
၆။ ပုံပြင်အဆုံးမှာ အိုးကောင်းကလေးရဲ့ စိတ်သဘောထား ဘယ်လိုပြောင်းလဲသွားသလဲ။
၇။ ပုံပြင်ပါ ဇာတ်ဆောင်သုံးဦး၏ ကောင်းတဲ့အချက်များကို ဖော်ပြပါ။
၈။ ကိုယ်ရဲ့ကောင်းတဲ့အချက်နဲ့ သူငယ်ချင်းရဲ့ ကောင်းတဲ့အချက်ကိုရွာဖွေပြီး ပြောပြပါ။

အရေးကြီးသောအချက်များ

- ကလေးများ မိမိ၏ထင်မြင်ချက်ကို လွတ်လပ်စွာဖြေဆိုစေပါမည်။
- ပုံပြင်ပါ ဇာတ်ဆောင်တို့၏ စိတ်သဘောထားပြောင်းလဲပုံကို မိမိတို့နှင့် တိုက်ဆိုင်ကာ စဉ်းစားစေရပါမည်။
- မိမိကိုယ်တိုင် သူငယ်ချင်းများနှင့်အတူ လုပ်ဆောင်ရန် အရေးကြီးကြောင်း သဘောပေါက်အောင် သင်ကြားပေးရမည်။

DBE Box - Copyright Protected

သင်ခန်းစာ ၁၀ ဓာတ်ပုံကြည့်ပြီး တွေးကြ ရေးကြမယ်

ဓာတ်ပုံလေးကိုကြည့်ပြီး တွေးကြည့်ကြရအောင်။



- အကြောင်းအရာအမျိုးမျိုးကို တွေးကြည့်လို့ရတယ်။



ဓာတ်ပုံတွင် တွေ့မြင်ရသော အကြောင်းအရာ	မိမိအတွေး
သာဓက • ကြောင် • လမ်းပေါ်မှာ	သာဓက • ကြောင်ကလေးတစ်ကောင် အိမ်ကထွက်ပြီး လမ်းပေါ်မှာ အိပ်နေတယ်။ • ကြောင်ကလေး ညက ကြွက်ခုပ်ရတော့ အိပ်ရေးပျက်လို့ အိပ်နေတာဖြစ်မယ်။

၂၇

သင်ခန်းစာ (၁၀) ဓာတ်ပုံကြည့်ပြီး တွေးကြရေးကြမယ် အကြမ်းဖျဉ်းစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ဓာတ်ပုံပါ အချက်အလက်နှင့် မိမိအတွေးကို ဆက်စပ်ပြီး အဘယ်ကြောင့်နှစ်သက်သည်ကို ပြောပြရေးသားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဓာတ်ပုံလေးတွေကို မြင်ဖူးကြသလား။ ကြည့်ဖူးကြရဲ့လား။ ဓာတ်ပုံလေးတွေကိုကြည့်ပြီး ပြောကြရအောင်" ဟု ပြောကာ နိဒါန်းပိုးပါမည်။

လုပ်ငန်းစဉ်

- "ဆရာက ဓာတ်ပုံကို သေသေချာချာကြည့်ပြီး ဘာတွေကို တွေ့ရသလဲ" ဟု မေးပါမည်။
- ကလေးတစ်ဦးစီ၏အမြင်ကိုမေးပြီး အချင်းချင်း ပြောစေပါမည်။
- "အခု ဓာတ်ပုံကို ကြည့်ပြီး ဘယ်လိုတွေးမိသလဲ" ဟု မေးကာ ကလေးများကို တွေးစေပြီး ဆရာက သင်ပုန်းတွင်ဇယားဆွဲပြမည်။
- ဆရာက"ဓာတ်ပုံထဲမှာ ကြောင်၊ လမ်းမကို တွေ့ရတယ်။ ဒါကြောင့် (တွေ့မြင်ရသော အကြောင်းအရာ) ဇယားကွက်မှာ ထည့်ရမယ်။ ကလေးတို့ရော ဘာတွေမြင်ရသေးသလဲ။ ပြောကြည့်ပါအုံး"ဟု ပြောကာ ကလေး ၃၊ ၄ ဦးခန့်ကို ပြောစေပါမည်။
- ဆရာက ကလေးများကို မှတ်စုတွင် ဇယားဆွဲစေမည်။
- ⊙ "ဓာတ်ပုံတွင် တွေ့မြင်ရသော အကြောင်းအရာ"ဟူသည့် ဇယားကွက်၌ မှတ်စုအရင်ရေးစေမည်။
- ဆရာက သူ၏အတွေးကို ကလေးများအား ပြောပြပြီး (မိမိအတွေး) ဇယားကွက်တွင် မှတ်စုရေးမည်။
- ထို့နောက် ဓာတ်ပုံကြည့်ပြီး မိမိတို့ မည်ကဲ့သို့ တွေးထားခဲ့သည်ကို စဉ်းစားစေပြီးနောက် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ကလေးများ တွေးထားသောအတွေးများကို "မိမိအတွေး" ဟူသည့် ဇယားကွက်တွင် ရေးစေပါမည်။
- ထို့နောက် ဆရာက မြင်တွေ့ရသော အကြောင်းအရာနှင့် အတွေး တို့ကို ပေါင်းပြီး ဓာတ်ပုံကို ခေါင်းစဉ်တပ်ပေးမည်။
- ⊙ "ကလေးတို့ရော ဘယ်လိုခေါင်းစဉ်ပေးမလဲ။ ဆရာနဲ့မတူတဲ့ ခေါင်းစဉ်ကို စဉ်းစားကြည့်ပါအုံး"ဟု ပြော၍ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ခေါင်းစဉ်တပ်ပြီးပါက ကျောင်းသုံးစာအုပ်တွင်ပါဝင်သော နမူနာကို ကလေးများအား ဖတ်စေပါမည်။

အဓိကအချက်များ

- ဓာတ်ပုံကြည့်ပြီး မြင်တွေ့ရသော အကြောင်းအရာနှင့် မိမိအတွေးကို ပြောဆိုနိုင်ရမည်။
- ဓာတ်ပုံကြည့်ပြီး မြင်တွေ့ရသော အကြောင်းအရာကိုတွေး၍ မှတ်စုရေးနိုင်အောင် သင်ကြားပေးရမည်။
- မိမိနှစ်သက်သော ဓာတ်ပုံကို အဘယ်ကြောင့် နှစ်သက်ရသည့် အကြောင်း ရေးသားနိုင်ဝအောင် သင်ကြားပေးရမည်။
- သူငယ်ချင်း၏ အကြံဉာဏ်ပေးမှုကို ပြန်ပြီးရေးသားနိုင်ရမည်။
- မှတ်စု မည်ကဲ့သို့ရေးရမည်ကို ဆရာက သင်ကြားပေးရမည်

အရေးကြီးသောအချက်များ

- မိမိတွေးထားသည့် အကြောင်းအရာကို ဇယားကွက်တွင် မှတ်စုရေးသားနိုင်ရမည်။
- ဓာတ်ပုံကိုကြည့်ပြီး ခေါင်းစဉ်ကို စဉ်းစားနိုင်ရမည်။
- မိမိတွေးထားသည့် အကြောင်းအရာများကို စာပိုဒ်အဖြစ် ပြောဆိုရေးသားနိုင်ရမည်။
- မှတ်စုရေးရာတွင် အချက်အလက်အကျဉ်းကိုသာ ရေးရမည်။
- မိမိအတွေးကိုရေးရာတွင် ဝါကျတိုများဖြင့် ရေးသားရမည်။

DPE Box - Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဂုံးချုပ်ခြင်း

♦ "ကြောင်ပုံလေးကိုကြည့်ပြီး တွေးခဲ့ကြပြီးပြီဆိုတော့ နောက်တစ်ချိန်မှာ ကိုယ်ကြိုက်တဲ့ပုံကို ရွေးပြီး တွေးကြည့်ကြမယ်နော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ဇယားကွက်တွင် ကလေးများမြင်တွေ့ရသော အကြောင်းအရာနှင့်အတွေးများကို ဖြည့်စွက်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

♦ "ကလေးတို့ မြင်တွေ့ခဲ့ရတဲ့ ဓာတ်ပုံလေးကို ကြည့်ပြီး ခေါင်းစဉ်ပေးပြီးပြီနော်။ ဓာတ်ပုံကို ဘာကြောင့်နှစ်သက်ရတယ်ဆိုတဲ့ အကြောင်း စဉ်းစားကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ဆရာက"ပုံ (၁)၊ (၂)၊ (၃)၊ (၄)က ဘယ်လိုပုံမျိုးတွေလဲ"ဟု မေးပြီး ကလေးများနှစ်သက်သောပုံကို ရွေးချယ်စေမည်။

⊙ ရွေးချယ်ပြီးပါက "ဘာကြောင့် ဒီပုံကို ရွေးရတာလဲ"ဟု မေးကာ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ တိုင်ပင်စေပါမည်။

♦ "ကလေးတို့ ကြိုက်တဲ့ပုံကို ရွေးပြီးရင် ဓာတ်ပုံထဲမှာ မြင်တွေ့ရတဲ့ အကြောင်းအရာဇယားကွက်မှာ မှတ်စုရေးရမယ်နော်" ဟု ပြောပါမည်။

♦ ထို့နောက် ကလေး ၃၊ ၄ ဦးခန့်ကို မေးပါမည်။

⊙ ဓာတ်ပုံပါ အကြောင်းအရာကို ရေးပြီးပါက မိမိတို့အတွေးများကို စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ ထို့နောက် မိမိအတွေးဟူသော ဇယားကွက်တွင် မှတ်စု ရေးသားစေမည်။

⊙ ဇယားကွက်တွင် အကြောင်းအရာနှင့် အတွေးကို ရေးပြီး ဓာတ်ပုံကို ခေါင်းစဉ်တပ်ရပါမည်။

♦ ကလေးများ စဉ်းစားထားသောခေါင်းစဉ်ကို ဆရာက မေးပါမည်။ (၃၊ ၄ ဦးခန့်)

♦ မိမိတို့ကိုယ်တိုင် ပေးထားသည့် ခေါင်းစဉ်ကို နှစ်ယောက်တစ်တွဲ ပြောစေမည်။

♦ မိမိဖြည့်ထားသော မှတ်စုပေါ်မူတည်ပြီး ခေါင်းစဉ်မည်သို့ ပေးထားသည်ကို ကလေး ၃၊ ၄ ဦးခန့် ပြောစေ၍အကြံဉာဏ်ပေးစေမည်။

♦ "သူငယ်ချင်းပေးတဲ့ အကြံဉာဏ်အပေါ်မှာ မူတည်ပြီး ခေါင်းစဉ်ကိုလဲ ပြင်နိုင်တယ်နော်" ဟု ပြောပါမည်။



အရေးကြီးသောအချက်များ

♦ မိမိတွေးထားသည့် အကြောင်းအရာကို ဇယားကွက်တွင် မှတ်စုရေးနိုင်ရမည်။

♦ ဓာတ်ပုံကြည့်ပြီး ခေါင်းစဉ်စဉ်းစားနိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရမည်။

♦ ရွေးထားသည့် ဓာတ်ပုံကို အဘယ်ကြောင့် နှစ်သက်ရသည်ကို စဉ်းစားနိုင်ရမည်။

♦ နှစ်ယောက်တစ်တွဲ ပြောသည့်အခါ အကြောင်းအရာနှင့် မိမိအတွေးဇယားကွက်တွင် ရေးထားသည့်အချက်များ မှန် မမှန် စစ်ဆေးရမည်။

♦ ဇယားကွက်တွင် မိမိ၏မှတ်စုကို ဖြည့်နိုင်ရမည်။

♦ မှတ်စုတွင် အဘယ်ကြောင့် နှစ်သက်ရသည့်အချက်ကို ပါဝင်အောင် ရေးရမည်။

နိဂုံးချုပ်ခြင်း

♦ "ကလေးတို့ ဓာတ်ပုံမှာ မြင်တွေ့ရတာတွေကို တွေးပြီး မှတ်စုရေးခဲ့ကြတယ်နော်။ ဘာကြောင့် နှစ်သက်တယ်ဆိုတာကိုလဲ စဉ်းစားထားကြတယ်။ နောက်တစ်ချိန်မှာ စာပိုဒ်အနေနဲ့ ရေးပြရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

DBE Box - Copyright Protected



၁၀။ ဓာတ်ပုံကြည့်ပြီး တွေးကြ ရေးကြမယ်

ကြိုက်တဲ့ ဓာတ်ပုံတစ်ပုံကိုရွေးပြီး ဘာအကြောင်းဖြစ်မလဲ တွေးကြည့်ကြရအောင်။

၁

၂

၃

၄

ကိုယ်တွေးထားတဲ့ အကြောင်းအရာကို ဇယားကွက်ထဲမှာ မှတ်စုရေးကြည့်ကြရအောင်။

ဓာတ်ပုံတွင် တွေ့မြင်ရသော အကြောင်းအရာ	မိမိအတွေး

ကိုယ်ရေးထားတဲ့အကြောင်းအရာတွေကို အချင်းချင်းပြောကြည့်ကြရအောင်။

- ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို ပြောနိုင်ခဲ့သလား။
- တခြားသူပြောတဲ့ အကြောင်းအရာကို သေသေချာချာ နားထောင်ကြရအောင်။
- ရွေးချယ်ထားတဲ့ ဓာတ်ပုံတူပေမဲ့ အတွေးတွေမတူညီပုံကို အချင်းချင်း ဆွေးနွေးကြရအောင်။

၂၉

အရေးကြီးသောအချက်များ

- မိမိအတွေးဖြင့် စာပိုဒ်ပုံစံ ရေးသားနိုင်အောင် ဆရာက ကူညီ ပံ့ပိုးပေးရမည်။
- နှစ်ယောက်တစ်တွဲ စစ်ဆေးသည့်အခါ အဘယ်ကြောင့် နှစ်သက်ကြောင်း အကြောင်းပြချက် ပါ မပါ စစ်ဆေးရမည်။
- ဓာတ်ပုံကြည့်ပြီးရေးသည့်အခါတွင် မိမိအတွေး ပါ မပါ ကြည့်ရမည်။
- မိမိနှစ်သက်သော အကြောင်းပြချက်ကို ရေးသောအခါ "ဘာဖြစ်လို့လဲ ဆိုတော့၊ . . . လို့" ဆိုသည့် စကားလုံးများကို သုံးပြီး ရေး၍ရကြောင်း ရှင်းပြရပါမည်။
- ဇယားကွက်တွင် မိမိ၏မှတ်စုကို ဖြည့်နိုင်ရမည်။
- မှတ်စုတွင် အဘယ်ကြောင့် နှစ်သက်ရသည့်အချက်ကို ပါဝင်အောင် ရေးရမည်။

အကြံပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

ဒုတိယအချိန်အဆက်

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ ဓာတ်ပုံကြည့်ပြီး မြင်တွေ့ရသည်ကို မှတ်စုရေးနိုင်ခြင်း ရှိ မရှိနှင့် အဘယ်ကြောင့် နှစ်သက်ရသည်ကို စဉ်းစားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ရပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

နိဒါန်း

- "ဒုတိယအချိန်က ဓာတ်ပုံကြည့်ပြီး မှတ်စုရေးခဲ့ကြတယ်နော်။ ဒီအချိန်မှာ စာပိုဒ်အဖြစ် ရေးကြည့်မယ်နော်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများအား နမူနာစာပိုဒ်ကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)

⊙ ထို့နောက် "ကလေးတို့ ရေးထားတဲ့ မှတ်စုကို အခြေခံပြီး စာပိုဒ်အနေနဲ့ ပြန်ရေးကြရမယ်။ စာပိုဒ်ရေးတဲ့အခါ မှတ်စုမှာ မှတ်ထားတဲ့ အချက်အလက်တွေကို ပါအောင် ရေးကြရမယ်။ ဘာကြောင့် နှစ်သက်တယ် ဆိုတဲ့အကြောင်းပြချက်ကိုပါ ထည့်ရေးရမယ်နော်"ဟု ပြောပြီး ရေးစေပါမည်။

- စာပိုဒ်ရေးပြီးပါက နှစ်ယောက်တစ်တွဲ လဲ၍ ဖတ်စေပါမည်။
- သူငယ်ချင်းရေးထားသော မှတ်စုတွင် "ဘာဖြစ်လို့လဲဆိုတော့" အကြောင်းပြချက် ထည့်ရေးထားခြင်း ရှိ မရှိ စစ်ဆေးပေးရမည်။
- မိမိမည်ကဲ့သို့အတွေးမျိုးဖြင့် ရေးထားသည်ကို သူငယ်ချင်းအချင်းချင်း ပြောစေမည်။

နိဂုံးချုပ်ခြင်း

- "မှတ်စုထဲမှာရေးထားတဲ့ အကြောင်းအရာတွေကို စာပိုဒ်ထဲမှာ ထည့်ပြီးရေးခဲ့ကြတယ်။ ကိုယ်ရေးထားတာတွေကိုသူငယ်ချင်းကို ရှင်းပြနိုင်တယ် မဟုတ်လား။ နောက်တစ်ချိန်ကျရင် သူငယ်ချင်းဘယ်လိုအတွေးနဲ့ ရေးထားတယ်ဆိုတာကို နားထောင်ကြည့်မယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မှတ်စုဇယားကို အခြေခံပြီး စာပိုဒ်အဖြစ် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဓာတ်ပုံကြည့်ပြီး ကိုယ်ဘယ်လိုစိတ်ကူးအတွေးနဲ့ ရေးထားခဲ့တယ် ဆိုတာကို အတန်းကို ပြန်ပြောကြည့်ကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ “ကလေးတို့ တူတဲ့ဓာတ်ပုံကို ရွေးထားခဲ့တဲ့သူအချင်းချင်း အုပ်စုဖွဲ့ကြမယ်” ဟု ပြောပြီး အုပ်စုဖွဲ့စေပါမည်။

- ဆရာက ဇယားကွက်ကို သင်ပုန်းတွင် ဆွဲပြီး ရှင်းပြရပါမည်။
- ပုံ (၁) အုပ်စု (၁)

တူညီသည့်အချက်	မတူညီသည့်အချက်

- “ဇယားကွက်ထဲမှာပါတဲ့ တူညီတဲ့အချက်နေရာမှာ ဓာတ်ပုံထဲမှာ မြင်တွေ့ရတဲ့ တူညီတဲ့အချက်တွေကို ကလေးတို့ ရေးရမယ်”
- “ဇယားကွက်ထဲမှာပါတဲ့ မတူညီတဲ့အချက်နေရာမှာ အုပ်စုထဲက မတူတဲ့အချက်တွေကို ရေးရမယ်နော်”ဟု ပြောပါမည်။
- ပုံ (၁) ကို အဘယ်ကြောင့် ရွေးချယ်ရသည်ကို ပြောစေမည်။
- အုပ်စုထဲတွင် ပါဝင်သော ကလေးတစ်ဦးချင်းစီက မိမိတို့ တွေးထားသည့် အကြောင်းအရာများကို ရှင်းပြရမည်။
- ဓာတ်ပုံတူသော်လည်း အတွေးများ မတူညီပုံကို ဆွေးနွေးစေပါမည်။

⊙ အုပ်စုတွင်း တစ်ဦးပြောနေချိန်တွင် ကျန်ကလေးများက မှတ်စုလိုက်မှတ်ရမည်။

- ဆွေးနွေးပြီးပါက အုပ်စု ၁ စုလျှင် တစ်ဦးစီထွက်ပြီး မိမိတို့ အတွေးဖြင့် ရေးထားသော စာပိုဒ်ကို အတန်းသို့ ဖတ်ပြစေမည်။
- မိမိရေးထားသော စာပိုဒ်ကို မဖတ်ခင် ဓာတ်ပုံတူသော်လည်း မိမိတွေးထားသော အချက်များ၏ တူညီပုံနှင့် မတူညီပုံတို့ကို အတန်းသို့ ဖတ်ပြမည်။
- ကလေးတစ်ဦး ဖတ်ပြနေစဉ် ကျန်ကလေးများ နားထောင်ရမည်။
- “ကလေးတို့ ရွေးချယ်ထားတဲ့ ဓာတ်ပုံတူပေမဲ့ အတွေးတွေ မတူတာကို သိသွားကြပြီနော်”ဟု ပြောပါမည်။



အရေးကြီးသောအချက်များ

- အခြားသူတစ်ဦး ပြောနေစဉ် သေချာစွာ နားထောင်ပြီး မှတ်စုရေးနိုင်ရမည်။
- ဓာတ်ပုံချင်းတူသော်လည်း တွေးထားသည့်အတွေး မတူညီပုံကို ရှင်းပြရမည်။
- ဓာတ်ပုံတစ်ပုံတည်းကို ရွေးချယ်ထားသူများပါက ဆရာက အုပ်စုခွဲ၍ ရေးစေပါမည်။

နိဂုံးချုပ်ခြင်း

- “မှတ်စုထဲမှာရေးထားတဲ့ အကြောင်းအရာတွေကို စာပိုဒ်ထဲမှာ ထည့်ပြီးရေးခဲ့ကြတယ်။ ကိုယ်ရေးထားတာတွေ သူငယ်ချင်းကို ရှင်းပြနိုင်တယ် မဟုတ်လား။ နောက်တစ်ချိန်ကျရင် သူငယ်ချင်း ဘယ်လိုအတွေးနဲ့ ရေးထားတယ်ဆိုတာကို နားထောင်ကြည့် မယ်နော်” ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မှတ်စုဇယားကို အခြေခံပြီး စာပိုဒ်အဖြစ် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ ၁၁ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)



ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် မြန်မာဇာတ်သဘင်ကို ခေတ်မီတိုးတက်စေခဲ့သော ဇာတ်သဘင်ပညာရှင်ကြီး ဖြစ်ပါသည်။ ဦးဘိုးစိန်ကို အိမ်မဲမြို့၊ ခလောက်သိုက်ရွာ၌ ၁၈၈၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် မွေးဖွားသည်။ မိဘများမှာ ရပ်ထဲရွာထဲက အကကောင်းသူ ဖခင် ပလို့ ကိုစံထွန်းနှင့် မိခင် ဇာတ်မင်းသမီး မရွှေရုပ်တို့ဖြစ်သည်။ ငယ်အမည်မှာမောင်သိုက် ဖြစ်ပါသည်။

မောင်သိုက်၏ မိဘနှစ်ပါးမှာ ဇာတ်မင်းသားမင်းသမီးများ ဖြစ်ကြသည်။ ညီအစ်ကို မောင်နှမတို့မှာလည်း သဘင်ပညာရှင်နှင့် ဆိုင်းပညာရှင်များဖြစ်ကြသည်။ မောင်သိုက်သည် ဇာတ်သဘင်လောကသို့ရောက်လျှင် မောင်ဘိုးစိန်ဟူသောအမည်ကိုယူသည်။ မောင်ဘိုးစိန်သည် ဇာတ်သဘင်ပညာကို အခြေခံမှစ၍ သင်ယူလေ့လာခဲ့သည်။ မန္တလေးတွင် ဇာတ်သဘင်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဦးဘိုးစိန်သည် တစ်စတစ်စ ကျော်ကြားလာခဲ့ပါသည်။ ဇာတ်သဘင်ပညာပြည့်ဝသော ယောကျ်ားမင်းသမီး အောင်ဗလနှင့်လည်းတွဲ၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် စိတ်ကူးကောင်းသည်။ မြန်မာဇာတ်သဘင် ခေတ်မီတိုးတက်အောင် ကြိစည်ဆောင်ရွက်ခဲ့သည်။ ရှေးအခါက သဘင်ပညာသည်တို့သည် ထိုးဇာတ်၊ လုပ်ဇာတ်တို့ကိုသာ ကပြခဲ့သော်လည်း ဦးဘိုးစိန်က ဇာတ်နိပါတ် ဗုဒ္ဓဝင်တို့မှ ကောင်းနိုးရာရာ ဇာတ်၊ ဝတ္ထုတို့ကို ရွေးချယ်၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် မင်းသားအကကို ပို၍ဆန်းသစ်အောင် အခုန်အပုံ ခြေထိုးခြေကတို့ဖြင့် ကြိုးစားကပြခဲ့သည်။ ရှေးက အရပ်သူတို့ စုံ၍ကသော ဟန်အကကို ဦးဘိုးစိန်က ယိမ်းအက အဖြစ် ခံညားလှပအောင် တီထွင်ဆန်းသစ်ကပြခဲ့သည်။ အဆိုအိုတို့ကိုလည်း တီထွင် ဆန်းသစ်စေခဲ့သည်။ ဘိုးစိန်အဆို၊ ဘိုးစိန်အကဟူ၍ တစ်မူထူးအောင် တီထွင်နိုင်ခဲ့သည်။

အဓိကအချက်များ

- "အတ္ထုပ္ပတ္တိ"ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ဘဝဖြစ်စဉ်၊ တစ်စုံတစ်ဦး၏ အကြောင်းအရာကိုဆိုလိုကြောင်း ရှင်းပြရမည်။
- ဇာတ်မင်းသားကြီး ဦးဘိုးစိန်၏မွေးသက္ကရာဇ်၊ မိဘ၊ သဘင်လောကရောက်ရှိပုံ၊ တီထွင်ဆန်းသစ်မှုများနှင့် ကွယ်လွန်ချိန်တို့ကို စာပိုဒ်များမှထုတ်နုတ်ပြီး ဇယားမှာ ဖော်ပြနိုင်အောင် သင်ကြားပေးရမည်။
- စာတစ်ပိုဒ်ချင်းစီတွင် ခက်ခဲသောစကားလုံးများနှင့် အတ္ထုပ္ပတ္တိရေးသားပုံကို သင်ကြားပေးရပါမည်။
- ဦးဘိုးစိန်သည် မည်သို့သောပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း သင်ကြားပေးရမည်။
- ဦးဘိုးစိန်အတ္ထုပ္ပတ္တိကိုဖတ်ပြီး ကလေးများ၏ ထင်မြင်ချက်အတိုင်း ရေးသားနိုင်ရမည်။

အရေးကြီးသောအချက်များ

- ကလေးများသင်ခန်းစာပါအကြောင်းအရာကို လွတ်လပ်စွာ ပြောစေရမည်။
- စာဖတ်အားနည်းသောကလေးများကိုလည်းဆရာနှင့် သူငယ်ချင်းအချင်းချင်းက ကူညီပံ့ပိုးပေးရမည်။
- ဆရာဖတ်ပြနေချိန်တွင် ကလေးများသေချာစွာနားထောင်ပြီး အဖြတ်အရပ် မှန်ကန်စွာဖတ်စေမည်။

သင်ခန်းစာ (၁၁) ဇာတ်မင်းသားကြီး ဦးဘိုးစိန် အကြမြစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- မြန်မာ့ဇာတ်သဘင်ကိုတိုးတက်အောင်ပြုလုပ်ခဲ့သောဇာတ်မင်းသားကြီးအကြောင်းသိရှိစေရန်
- အတ္ထုပ္ပတ္တိစာပေကို လေ့လာသိရှိစေရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဇာတ်မင်းသားကြီး ဦးဘိုးစိန်ကို ကြားဖူးသလား။ ဒီနေ့ဇာတ်မင်းသားကြီး ဦးဘိုးစိန်အကြောင်းကို ဆရာနဲ့အတူ ဖတ်ကြည့်ပြီး လေ့လာကြည့်ကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ "ကလေးတို့ ကျောင်းသုံးစာအုပ်က ပုံလေးတွေကို ကြည့်ပါ။ ဘာပုံလေးတွေကို တွေ့ရသလဲ"ဟု ကလေး ၃၊ ၄ဦးခန့်မေးပါမည်။
- ဆရာကစာတစ်ပုဒ်လုံးကို အဖြတ်အရပ်မှန်စွာ ဖတ်ပြပါမည်။ ကလေးများကို နားထောင်စေမည်။ (၂ ကြိမ်ခန့်)
- တတိယအကြိမ်ဆရာဖတ်ပြစဉ် ကလေးများက ဆရာ၏ နောက်မှ လိုက်ဖတ်ပါမည်။
- ဆရာဖတ်ပြီးပါက ကလေးများကို စာတစ်ပုဒ်လုံး ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ "ဦးဘိုးစိန်အကြောင်းဖတ်ပြီး ဘယ်နေရာက စိတ်ဝင်စားဖို့ကောင်းသလဲ။ ဦးဘိုးစိန်က မြန်မာဇာတ်သဘင် တိုးတက်အောင် ဘာတွေလုပ်ခဲ့သလဲ" နှစ်ယောက်တစ်တွဲ ပြောစေပြီး ကလေး ၃၊ ၄ဦးကို မေးပါမည်။
- ထို့နောက်ဆရာက အတ္ထုပ္ပတ္တိ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- ဇာတ်မင်းသားကြီးဦးဘိုးစိန် အကြောင်းကိုဖတ်ပြီးသွားပြီဆိုတော့ နောက်အချိန်မှာ စာတစ်ပိုဒ်ချင်းစီရဲ့ အကြောင်းအရာတွေကို ရှင်းပြမယ်နော်ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ပါအကြောင်းအရာများကို နှစ်ယောက်တစ်တွဲပြောနိုင်ခြင်း ရှိ မရှိ နှင့်ကလေးများ စာပိုဒ်များကို ဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ပထမအချိန်တုန်းက သင်ခန်းစာတစ်ပုဒ်လုံးကို ဖတ်ခဲ့ပြီးပြီဆိုတော့ ဒီအချိန်မှာ စာတစ်ပိုဒ်စီကို အသေးစိတ် ဖတ်ကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာကပထမစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည်. . . ငယ်အမည်မှာမောင်သိုက်ဖြစ်သည်)
- ⊙ ပထမစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကိုမျဉ်းသားစေမည်။
- ခက်ခဲသောစကားလုံးများကိုပြောစေပြီး ဆရာကသင်ပုန်းတွင် ရေးပြီးရှင်းပြပါမည်။
- ခက်ဆစ်စကားလုံး နံပါတ် (၁) ၏ အဓိပ္ပာယ်ကိုသင်ပုန်းတွင် ရေးပြီးရှင်းပြရမည်။
- ⊙ "ဦးဘိုးစိန်ရဲ့ဘယ်လိုအကြောင်းအရာတွေကို ရေးထားတာလဲ ဆိုတာစဉ်းစားကြရအောင်"ဟု ပြောပြီး ကလေးတစ်ဦးစီ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲပြောစေမည်။
- ထို့နောက်ဆရာက စာပိုဒ်တွင်ပါသောအကြောင်းအရာများကို မေးပါမည်။
- "ဦးဘိုးစိန်ကို မွေးဖွားတာဘယ်နှခုနှစ်ကလဲ။ မိဘအမည်က ဘယ်သူလဲ။ ငယ်အမည်ကဘာလဲ"စသည်ဖြင့်ကလေး ၂ဦး၊ ၃ဦးကိုမေးပါမည်။
- ဒုတိယစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (မောင်သိုက်၏ မိဘနှစ်ပါးမှာ. . . အောင်ဗလနှင့်လည်းတွဲ၍ကပြခဲ့သည်)
- ⊙ "ဒုတိယစာပိုဒ်မှာဘယ်လိုအကြောင်းအရာတွေရေးထားလဲဆိုတာ စဉ်းစားကြရအောင်"ဟုပြောပြီး ကလေးတစ်ဦးစီ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ဒုတိယစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကိုမျဉ်းသားစေမည်။
- ခက်ခဲသောစကားလုံးများကိုပြောစေပြီး ဆရာကသင်ပုန်းတွင် ရေးပြီးရှင်းပြပါမည်။
- ထို့နောက် "ဦးဘိုးစိန်ရဲ့ မိဘနှစ်ပါးက ဘာလုပ်သလဲ" "ဦးဘိုးစိန်ကဇာတ်သဘင်ပညာကို ဘယ်နေရာမှာ သင်ယူခဲ့သလဲ" "ယောက်ျားမင်းသမီးဆိုတာဘယ်လိုမျိုးလဲ"စသည်ဖြင့် မေးခွန်းများကို ကလေး ၂ဦး၊ ၃ဦးအားမေးပါမည်။
- လိုအပ်သောအကြောင်းအရာများကို ဆရာကဖြည့်စွက်ပြောပေးရပါမည်။

သင်ခန်းစာ ၁၁ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)



ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် မြန်မာဇာတ်သဘင်ကို ခေတ်မီတိုးတက်စေခဲ့သော ဇာတ်သဘင်ပညာရှင်ကြီး ဖြစ်ပါသည်။ ဦးဘိုးစိန်ကို အိမ်မဲမြို့၊ ခလောက်သိုက်ရွာ၌ ၁၈၈၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် မွေးဖွားသည်။ မိဘများမှာ ရပ်ထဲရွာထဲက အကကောင်းသူ ဖခင် ပလို့ ကိုစံထွန်းနှင့် မိခင် ဇာတ်မင်းသမီး မလွေရုပ်တို့ဖြစ်သည်။ ငယ်အမည်မှာမောင်သိုက် ဖြစ်ပါသည်။

မောင်သိုက်၏ မိဘနှစ်ပါးမှာ ဇာတ်မင်းသားမင်းသမီးများ ဖြစ်ကြသည်။ ညီအစ်ကို မောင်နှမတို့မှာလည်း သဘင်ပညာရှင်နှင့် ဆိုင်းပညာရှင်များဖြစ်ကြသည်။ မောင်သိုက်သည် ဇာတ်သဘင်လောကသို့ရောက်လျှင် မောင်ဘိုးစိန်ဟူသောအမည်ကိုယူသည်။ မောင်ဘိုးစိန်သည် ဇာတ်သဘင်ပညာကို အခြေခံမှစ၍ သင်ယူလေ့လာခဲ့သည်။ မန္တလေးတွင် ဇာတ်သဘင်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဦးဘိုးစိန်သည် တစ်စုတစ်စ ကျော်ကြားလာခဲ့ပါသည်။ ဇာတ်သဘင်ပညာပြည့်ဝသော ယောကျ်ားမင်းသမီး အောင်ဗလနှင့်လည်းတွဲ၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် စိတ်ကူးကောင်းသည်။ မြန်မာဇာတ်သဘင် ခေတ်မီတိုးတက်အောင် ကြိုးစည်ဆောင်ရွက်ခဲ့သည်။ ရှေးအခါက သဘင်ပညာသည်တို့သည် ထိုးဇာတ်၊ လုပ်ဇာတ်တို့ကိုသာ ကပြခဲ့သော်လည်း ဦးဘိုးစိန်က ဇာတ်နိပါတ် ဗုဒ္ဓဝင်တို့မှ ကောင်းမှုရာရာ ဇာတ်၊ ဝတ္ထုတို့ကို ရွေးချယ်၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် မင်းသားအကကို ပို၍ဆန်းသစ်အောင် အခုန်အပုံ ခြေထိုးခြေကတို့ဖြင့် ကြိုးစားကပြခဲ့သည်။ ရှေးက အရပ်သူတို့ စုံ၍ကသော ဟန်အကကို ဦးဘိုးစိန်က ယိမ်းအကအဖြစ် ခံညားလှုပ်အောင် တီထွင်ဆန်းသစ်ကပြခဲ့သည်။ အဆိုအိုတို့ကိုလည်း တီထွင် ဆန်းသစ်စေခဲ့သည်။ ဘိုးစိန်အဆို၊ ဘိုးစိန်အကဟူ၍ တစ်မူထူးအောင် တီထွင်နိုင်ခဲ့သည်။

အရေးကြီးသောအချက်များ

- ယောကျ်ားမင်းသမီးဆိုတာ ယောကျ်ားက မင်းသမီးအဝတ်အစားဝတ်ပြီး မင်းသမီးလို ကပြတာကိုခေါ်တာဖြစ်ကြောင်း ရှင်းပြရမည်။
- သင်ခန်းစာကို ရွတ်ဖတ်ရာတွင် အားနည်းသောကလေးများကို ဆရာနှင့် သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ရှိ အကြောင်းအရာများကို ကလေးများအားမေးပြီး စာပိုဒ်ကိုပြန်ဖတ်ခြင်းဖြင့်နိဂုံးချုပ်ပါမည်

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာဖတ်နိုင်ခြင်းရှိ မရှိနှင့် စာပိုဒ်ပါ အကြောင်းအရာများကို ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box - Copyright Protected

သင်ခန်းစာ ၁၁ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)



ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် မြန်မာဇာတ်သဘင်ကို ခေတ်မီတိုးတက်စေခဲ့သော ဇာတ်သဘင်ပညာရှင်ကြီး ဖြစ်ပါသည်။ ဦးဘိုးစိန်ကို အိမ်မဲမြို့၊ ခလောက်သိုက်ရွာ၌ ၁၈၈၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် မွေးဖွားသည်။ မိဘများမှာ ရပ်ထဲရွာထဲက အကကောင်းသူ ဖခင် ပလို့ ကိုစံထွန်းနှင့် မိခင် ဇာတ်မင်းသမီး မရွှေရုပ်တို့ဖြစ်သည်။ ငယ်အမည်မှာမောင်သိုက် ဖြစ်ပါသည်။

မောင်သိုက်၏ မိဘနှစ်ပါးမှာ ဇာတ်မင်းသားမင်းသမီးများ ဖြစ်ကြသည်။ ညီအစ်ကို မောင်နှမတို့မှာလည်း သဘင်ပညာရှင်နှင့် ဆိုင်းပညာရှင်များဖြစ်ကြသည်။ မောင်သိုက်သည် ဇာတ်သဘင်လောကသို့ရောက်လျှင် မောင်ဘိုးစိန်ဟူသောအမည်ကိုယူသည်။ မောင်ဘိုးစိန်သည် ဇာတ်သဘင်ပညာကို အခြေခံမှစ၍ သင်ယူလေ့လာခဲ့သည်။ မန္တလေးတွင် ဇာတ်သဘင်ပညာကို လေ့လာဆည်းပူးခဲ့ပါသည်။ ဦးဘိုးစိန်သည် တစ်စတစ်စ ကျော်ကြားလာခဲ့ပါသည်။ ဇာတ်သဘင်ပညာပြည့်ဝသော ယောကျ်ားမင်းသမီး အောင်ဗလနှင့်လည်းတွဲ၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် စိတ်ကူးကောင်းသည်။ မြန်မာဇာတ်သဘင် ခေတ်မီတိုးတက်အောင် ကြိုးစည်ဆောင်ရွက်ခဲ့သည်။ ရှေးအခါက သဘင်ပညာသည်တို့သည် ထိုးဇာတ်၊ လုပ်ဇာတ်တို့ကိုသာ ကပြခဲ့သော်လည်း ဦးဘိုးစိန်က ဇာတ်နိပါတ် ဗုဒ္ဓဝင်တို့မှ ကောင်းနိုးရာရာ ဇာတ်၊ ဝတ္ထုတို့ကို ရွေးချယ်၍ ကပြခဲ့သည်။

ဦးဘိုးစိန်သည် မင်းသားအကကို ပို၍ဆန်းသစ်အောင် အခုန်အပျံ၊ ခြေထိုးခြေကတို့ဖြင့် ကြိုးစားကပြခဲ့သည်။ ရှေးက အရပ်သူတို့ စုံ၍ကသော ဟန်အကကို ဦးဘိုးစိန်က ယိမ်းအက အဖြစ် ခံ့ညားလှပအောင် တီထွင်ဆန်းသစ်ကပြခဲ့သည်။ အဆိုအိုတို့ကိုလည်း တီထွင် ဆန်းသစ်စေခဲ့သည်။ ဘိုးစိန်အဆို၊ ဘိုးစိန်အကဟူ၍ တစ်မူထူးအောင် တီထွင်နိုင်ခဲ့သည်။

အရေးကြီးသောအချက်များ

- တတိယစာပိုဒ်နှင့် စတုတ္ထစာပိုဒ်ရှိ အကြောင်းအရာများကို ကလေးများ၏ထင်မြင်ချက်အတိုင်း ပြောစေပါမည်။
- သင်ခန်းစာရွတ်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါက သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပေးရန် ဆရာက ပြောပေးရမည်။

နိဂုံးချုပ်ခြင်း

- ဆရာက တတိယစာပိုဒ်နှင့် စတုတ္ထစာပိုဒ်ရှိ အကြောင်းအရာများကို မေးပြီး စာပိုဒ်ကိုပြန်ဖတ်စေခြင်း ဖြင့်နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း တတိယစာပိုဒ်နှင့်စတုတ္ထစာပိုဒ် အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်ပါအကြောင်းအရာများကို ဆွေးနွေးနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ပထမစာပိုဒ်နှင့် ဒုတိယစာပိုဒ်ကိုဖတ်စေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- တတိယစာပိုဒ်ကိုတစ်တန်းလုံးအားဖတ်စေပါမည်။ (ဦးဘိုးစိန်သည် စိတ်ကူး. . . ရွေးချယ်၍ကပြခဲ့သည်)
- ⊙ တတိယစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကိုမျဉ်းသားစေမည်။
- ခက်ခဲသောစကားလုံးများကို ပြောစေပြီးဆရာကသင်ပုန်းတွင် ရေးကာရှင်းပြမည်။
- ခက်ဆစ်စကားလုံး နံပါတ် (၂) မှ (၄) အထိ ခက်ဆစ်အဓိပ္ပာယ်ကို ရှင်းပြရမည်။
- ⊙ တတိယစာပိုဒ်တွင် ပါသောအကြောင်းအရာကို တစ်ဦးစီ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲပြောစေမည်။
- ထို့နောက် "ရှေးတုန်းက သဘင်ပညာသည်တွေဘယ်လိုကပြကြသလဲ" "ဦးဘိုးစိန်က အသစ်ထွင်ပြီး ဘယ်လိုပြောင်းလဲကပြသွားသလဲ"ဆိုတာ ကလေးများကိုမေးပါမည်။ (၂ဦး၊ ၃ဦး)
- "ဦးဘိုးစိန်အကတွေထဲက ထိုးဇာတ် လုပ်ဇာတ်ဆိုတာဘာကို ပြောတာလဲ။ ဇာတ်နိပါတ် ဗုဒ္ဓဝင်ဆိုတာ ဘာကိုပြောတာလဲ။ သိသူရှိပါက ပြောပါအုံး"စသည်ဖြင့် ကလေးများကိုမေးပါမည်။
- စတုတ္ထစာပိုဒ်ကို တစ်တန်းလုံးဖတ်စေမည်။ (ဦးဘိုးစိန်သည် မင်းသားအကကို. . . တီထွင်နိုင်ခဲ့သည်) စတုတ္ထစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို မျဉ်းသားစေမည်။
- ခက်ခဲသောစကားလုံးများကို ပြောစေပြီးဆရာကသင်ပုန်းတွင် ရေးကာရှင်းပြမည်။
- ခက်ဆစ်စကားလုံး နံပါတ် (၅) နှင့် (၆) ၏ ခက်ဆစ်အဓိပ္ပာယ်ကို ရှင်းပြရမည်။
- ⊙ စတုတ္ထစာပိုဒ်တွင် ပါသောအကြောင်းအရာကို တစ်ဦးစီ စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲပြောစေမည်
- "အခုန်အပျံ၊ ခြေထိုးခြေက ဆိုတာ ဘယ်လိုအကလို့ထင်သလဲ"
- "ဒီစာပိုဒ်မှာဦးဘိုးစိန် ဇာတ်ကရာမှာဘယ်လိုအကမျိုးကို ကခဲ့သလဲ"
- "ဟန်အက ယိမ်းအကဆိုတာဘယ်လိုအကမျိုးလဲ" စသည်ဖြင့် ကလေးများကိုမေးမည်။ (၃၊ ၄ဦး)
- ဒီစာပိုဒ်မှာ ဦးဘိုးစိန်က ဘယ်လိုအကမျိုးတွေကို တီထွင်ကြိုးစားကပြသလဲဆိုတာ ကလေးများကိုမေးပါမည်။ (၂ဦး၊ ၃ဦး)

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီအချိန်မှာ ပဉ္စမစာပိုဒ် ကိုဖတ်ပြီး လေ့လာကြမယ်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာကပဉ္စမစာပိုဒ်ကိုတစ်တန်းလုံးဖတ်စေပါမည်။ (ရှေးအခါက. . . ဘွဲ့ကိုရခဲ့သည်။)
- ⊙ ပဉ္စမစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကိုမျဉ်းသားစေမည်။
- ခက်ခဲသောစကားလုံးများကိုပြောစေပြီး ဆရာကသင်ပုန်းတွင် ရေးပြီးရှင်းပြရမည်။
- ခက်ဆစ်စကားလုံး နံပါတ် (၇) မှ (၉) အထိ ခက်ဆစ်အဓိပ္ပာယ် ကိုရှင်းပြရမည်။
- ပဉ္စမစာပိုဒ်တွင်ပါဝင်သော အကြောင်းအရာကို နှစ်ယောက် တစ်တွဲပြောစေပါမည်။
- "ရှေးခေတ်က ဇာတ်ကရာမှာဘာတွေနဲ့ မီးထွန်းကပြကြသလဲ။ အခုချိန်မှာ ဘာတွေနဲ့မီးထွန်းပြီး ကပြကြတာကိုမြင်ဖူးသလဲ" ဟုမေးပါမည်။
- ⊙ ဦးဘိုးစိန်က ဇာတ်သဘင်နှင့်ပတ်သက်ပြီး ဘယ်လိုအရာတွေကို တီထွင်ခဲ့သလဲဆိုတာ ကလေး၃၊ ၄ဦးခန့်ကိုမေးပါမည်။
- မြေပိုင်းဇာတ်သဘင်နဲ့စင်မြင့်ဇာတ်သဘင် ဘယ်လိုစွာခြားသလဲဆိုတာကိုနှစ်ယောက်တစ်တွဲပြောစေပြီး ကလေး ၃၊ ၄ဦးခန့်မေးပါမည်။
- "ဦးဘိုးစိန်က မင်းအစိုးရချီးမြှင့်ခဲ့တဲ့ ဘယ်လိုဘွဲ့မျိုးရရှိခဲ့သလဲ" ဆိုတာမေးပါမည်။
- "ဦးဘိုးစိန်ကျေးဇူးကြောင့် မြန်မာ့ဇာတ်သဘင် ဘယ်အဆင့်အထိ ရောက်ခဲ့သလဲ"ဟူသော မေးခွန်းကို ကလေးအချင်းချင်း ဆွေးနွေးစေပြီး အဖြေကို ပြောစေမည်။ (၃၊ ၄ဦး)

နိဂုံးချုပ်ခြင်း

- "ရှေးခေတ်ဇာတ်သဘင်နဲ့ ဦးဘိုးစိန်လက်ထက်ဇာတ်သဘင် အကြောင်းအရာတွေကို ဖြေခဲ့ကြတယ်နော်။ အဲဒီအကြောင်းအရာတွေဖြေခဲ့ရတာစိတ်ဝင်စားစရာကောင်းတယ်မဟုတ်လား"ဟုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ်မှန်ကန်စွာ ဖတ်နိုင်ခြင်းရှိ မရှိ စာပိုဒ်ပါ အကြောင်းအရာများကို ဆွေးနွေးပြောနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

ရှေးအခါက ဇာတ်ကရာတွင် ရေနံမီးတိုင်ကိုထွန်း၍ ကပြကြသည်။ ဦးဘိုးစိန်က အောက်လင်းဓာတ်မီး၊ လျှပ်စစ်မီး စသည်ဖြင့် ထွန်းညှိကပြခဲ့သည်။ ထို့အပြင် ဇာတ်ခုံအဆင်အပြင်၊ ဇာတ်ဝတ်ဇာတ်စား၊ ဆိုင်းအဆင်အပြင်တို့ကို ရိုးရာနှင့်လည်းညီညွတ်အောင်၊ ခေတ်လည်းမီအောင် တီထွင်ခဲ့သည်။ ဦးဘိုးစိန်လက်ထက်တွင် မြေပိုင်းဇာတ်သဘင်မှ စင်မြင့်ဇာတ်သဘင်အဆင့်သို့ ရောက်ရှိခဲ့သည်။ မင်းအစိုးရတို့ ချီးမြှင့်ခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ကို ရခဲ့သည်။


မြေပိုင်းဇာတ်


ဦးဘိုးစိန်လက်ထက် ဇာတ်သဘင်အငြင်အဆင်

ထိုအချိန်က ဦးဘိုးစိန်သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကိုယ်ပိုင်သင်္ဘော ကိုယ်ပိုင်ရွက်ထည်ရုံများကိုသုံး၍ ကပြခဲ့သည်။ ဇာတ်မင်းသားကြီးဦးဘိုးစိန်၏ ကျေးဇူးကြောင့် မြန်မာဇာတ်သဘင်သည် မြေပိုင်းဇာတ်သဘင်အဆင့်မှ ခေတ်မီသောဇာတ်သဘင်အဆင့်သို့ တိုးတက်ရောက်ရှိခဲ့သည်။ မြန်မာဇာတ်သဘင်ပညာကို အကျိုးပြုခဲ့သော ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

၃၁

အရေးကြီးသောအချက်များ

- သင်ခန်းစာကိုရွတ်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါက သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပေးရန် ဆရာက ပြောပေးရမည်။
- မြေပိုင်းဇာတ်သဘင်နှင့်စင်မြင့်ဇာတ်သဘင်ကွဲပြားပုံကို သင်ခန်းစာပါရုပ်ပုံကိုကြည့်ပြီးစဉ်းစားစေမည်။

DBE Box - Copyright

၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အထွေပွတ္တိ)

ရှေးအခါက ဇာတ်ကရာတွင် ရေနံမီးတိုင်ကို ထွန်း၍ ကပြကြသည်။ ဦးဘိုးစိန်က အောက်လင်းဓာတ်မီး၊ လျှပ်စစ်မီး စသည်ဖြင့် ထွန်းညှိကပြခဲ့သည်။ ထို့အပြင် ဇာတ်ခုံအဆင်အပြင်၊ ဇာတ်ဝတ်ဇာတ်စား၊ ဆိုင်းအဆင်အပြင်တို့ကို ရိုးရာနှင့်လည်းညီညွတ်အောင်၊ ခေတ်လည်း မီအောင် တီထွင်ခဲ့သည်။ ဦးဘိုးစိန်လက်ထက်တွင် မြေဝိုင်းဇာတ်သဘင်မှ စင်မြင့်ဇာတ်သဘင် အဆင့်သို့ ရောက်ရှိခဲ့သည်။ မင်းအစိုးရတို့ ချီးမြှင့်ခဲ့သော ဝဏ္ဏကျော်ထင်ဘွဲ့ကို ရခဲ့သည်။


မြေဝိုင်းစာတ်


ဦးဘိုးစိန်လက်ထက် စာတ်သဘင်အပြင်အဆင်

ထိုအချိန်က ဦးဘိုးစိန်သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကိုယ်ပိုင်သင်္ဘော ကိုယ်ပိုင် ရွှက်ထည်ရုံများကိုသုံး၍ ကပြခဲ့သည်။ ဇာတ်မင်းသားကြီးဦးဘိုးစိန်၏ ကျေးဇူးကြောင့် မြန်မာ ဇာတ်သဘင်သည် မြေဝိုင်းဇာတ်သဘင်အဆင့်မှ ခေတ်မီသောဇာတ်သဘင်အဆင့်သို့ တိုးတက် ရောက်ရှိခဲ့သည်။ မြန်မာဇာတ်သဘင်ပညာကို အကျိုးပြုခဲ့သော ဇာတ်မင်းသားကြီး ဦးဘိုးစိန်သည် ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

၃၁

အရေးကြီးသောအချက်များ

- သင်ခန်းစာရွတ်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါက သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပေးရန် ဆရာက ပြောပေးရမည်။
- စာပိုဒ်ပါအကြောင်းအရာကို ကလေးများပြောနိုင်ရမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ပထမစာပိုဒ်မှ ပဉ္စမစာပိုဒ်အထိဖတ်စေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆဋ္ဌမစာပိုဒ်ကို အုပ်စုလိုက် တစ်ဦးချင်းဖတ်စေမည်။
- ⊙ ဆဋ္ဌမစာပိုဒ်ရှိ ခက်ခဲသောစကားလုံးများကို မျဉ်းသားစေမည်။
- ⊙ ဦးဘိုးစိန်က "ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဘယ်လိုတွေ ကပြခဲ့သေးသလဲ"ဆိုတာကို နှစ်ယောက်တစ်တွဲပြောစေပြီး ၃၊ ၄ဦး ခန့်မေးပါမည်။
- ရွက်ထည်ရုံဆိုတာဘယ်လိုအရာမျိုးလဲဆိုတာကို မေးပါမည်။ သိသူရှိပါကပြောစေမည်။ လိုအပ်ပါကဆရာက ထပ်မံဖြည့်စွက်ပြောပေးရမည်။
- ဦးဘိုးစိန်လက်ထက်မှာ ဇာတ်သဘင် ဘယ်အထိတိုးတက်ခဲ့သလဲဆိုတာကို ကလေးအချင်းချင်းဆွေးနွေးပြီး ပြောစေပါမည်။ (၃၊ ၄ဦး)
- ဦးဘိုးစိန်က ဘယ်အချိန်မှာကွယ်လွန်ခဲ့သလဲဆိုတာကို နှစ်ယောက်တစ်တွဲပြောစေပြီး ၃၊ ၄ဦးမေးပါမည်။

နိဂုံးချုပ်ခြင်း

- ဦးဘိုးစိန်လက်ထက် မြန်မာ့ဇာတ်သဘင် တိုးတက်လာခြင်းအကြောင်းပြောပြီး သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးအားလုံးဖတ်စေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မြန်မာ့ဇာတ်သဘင်တိုးတက်အောင်ဦးဘိုးစိန် ပြုလုပ်ခဲ့သောအကြောင်းအရာများကို ပြောပြနိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဦးဘိုးစိန်မတိုင်မီဇာတ်သဘင်နဲ့ ဦးဘိုးစိန်လက်ထက် ဇာတ်သဘင်ဘယ်လိုကွာခြားသလဲဆိုတာလေ့လာကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးအားလုံးဖတ်စေမည်။
- ဆရာက ကလေးများကို အုပ်စုဖွဲ့ပေးမည်။ (၆ယောက် တစ်အုပ်စု)
- ဇယားကိုသင်ပုန်းတွင် ဆရာကရေးဆွဲမည်။
- ⊙ ထို့နောက် ဦးဘိုးစိန်လက်ထက်မှာ ဇာတ်သဘင်ဘယ်လိုပြောင်းလဲခဲ့သလဲဆိုတာကို နှစ်ယောက်တစ်တွဲ ပြောစေပြီး ၃၊ ၄ဦးကို မေးပါမည်။
- ဇယားတွင်ပါဝင်သောမေးခွန်းတစ်ခုကို ဆရာက ကလေးများအား မေးပြီးဖြေပေးရမည်။

  သာဓက။ ။ထိုးဇာတ်လုပ်ဇာတ်
  (ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ)
  ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်
  (ဦးဘိုးစိန်ခေတ် ဇာတ်သဘင်အခြေအနေ)

  သာဓကဖြေပြီးပါကကျန်သောမေးခွန်းများဖြေရန် ကလေးများ ဇယားကိုမှတ်စုတွင်ရေးဆွဲစေပြီးဖြည့်စေမည်။
- ⊙ ဇယားကွက်ကို ဖြည့်ပြီးပါက တစ်ဦးချင်းစီ၏အဖြေများကို ဖတ်ပြပြီး အမှားတွေ့ပါက အုပ်စုအတွင်း ဆွေးနွေးပြီး ပြင်စေပါမည်။
- ပြင်ပြီးပါက "ကိုယ်ဖြည့်ထားတာတွေ တစ်တန်းလုံးကို ပြောပြရမယ်နော်"ဟု ဆရာက ပြောပါမည်။
- အဖွဲ့လိုက်မတူညီသောအဖြေများရှိပါက ကလေးအချင်းချင်း ဆွေးနွေး၍ပြင်ဆင်စေမည်။
- ဇယားဖြည့်ပြီးပါကအုပ်စုတစ်စုစီမှ တစ်ဦးစီကိုပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေနှင့် ဦးဘိုးစိန်လက်ထက် ဇာတ်သဘင်အခြေအနေကွာခြားချက်ကို သိသွားကြပြီမဟုတ်လား"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဦးဘိုးစိန်မတိုင်မီဇာတ်သဘင်အခြေအနေနှင့် ဦးဘိုးစိန်လက်ထက်ဇာတ်သဘင်အခြေအနေ ကွာခြားချက်ကို ဇယားတွင်ဖြည့်နိုင်ခြင်း ရှိ မရှိနှင့် အုပ်စုအတွင်းဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

အောက်ပါစကားလုံးများဖြင့် ပါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

သာဓက

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ်မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ	ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ
(က) ထိုးဇာတ် လုပ်ဇာတ်	
(ခ) ဟန်အက	
(ဂ) ရေနံမီးတိုင်	
(ဃ) ရိုးရိုးအဝတ်အစား	
(င) မြေဝိုင်းဇာတ်သဘင်	

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

မွေးဖွားသည့်ခုနှစ်	
မိဘအမည်	
မွေးဖွားရာဒေသ	
ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ	
ရရှိခဲ့သောဘွဲ့	
ကွယ်လွန်သည့် ခုနှစ်	

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အတ္ထုပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

၃၃

အရေးကြီးသောအချက်များ

- ဆရာက ကျောင်းသုံးစာအုပ်ပါ ဇယားကွက်ကို သင်ပုန်းတွင် ရေးဆွဲထားပြီး ကလေးများပြောသောအဖြေကို ရေးထည့်ရမည်။
- ဇယားကွက်ကိုဖြည့်ရာတွင် လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်ပြောပေးရပါမည်။
- သင်ခန်းစာရွတ်ဖတ်ရာတွင် အားနည်းသောကလေးများရှိပါက ဆရာက သူငယ်ချင်းအချင်းချင်း ကူညီပံ့ပိုးပေးရန် ပြောရပါမည်။

DPE Box - Copyright Protected

၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

သာဓက

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ်မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ	ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ
(က) ထိုးဇာတ် လုပ်ဇာတ် (ခ) ဟန်အက (ဂ) ရေနံမီးတိုင် (ဃ) ရိုးရိုးအဝတ်အစား (င) မြေဝိုင်းဇာတ်သဘင်	

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

မွေးဖွားသည့်ခုနှစ်	
မိဘအမည်	
မွေးဖွားရာဒေသ	
ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ	
ရရှိခဲ့သောဘွဲ့	
ကွယ်လွန်သည့် ခုနှစ်	

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အတ္ထုပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

၃၃

အရေးကြီးသောအချက်များ

- ဇယားကွက်ကိုဖြည့်ရာတွင် လိုအပ်ချက်ရှိလျှင် ဆရာက ဖြည့်စွက်ပြောပေးရမည်။
- စာပိုဒ်အားလုံးကို ကလေးများဖတ်နိုင်အောင်ဆရာက ကူညီပံ့ပိုးပေးရမည်။
- မိမိအကြောင်းအကျဉ်းချုပ်ကိုရေးနိုင်အောင် ဆရာက (ကလေးတို့ ဘယ်နေရာမှာ မွေးတာလဲ၊ ကလေးတို့ရဲ့ ဝါသနာကဘာလဲ) စသည့် မေးခွန်းများ မေးပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ကိုယ်ရေးအကျဉ်းဆိုတာ ကြားဖူးလား။ ဒီနေ့ ဆရာနဲ့အတူ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ် ဖြည့်ကြည့်ကြရအောင်"ဟု ပြောပြီးနိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာတစ်ပုဒ်လုံးကို တစ်တန်းလုံးဖတ်စေပါမည်။
- ထို့နောက် လေ့ကျင့်ခန်း မေးခွန်း (၂)တွင် ပါဝင်သော ဇယားကွက်ကို ကလေးများအားဖတ်စေပြီး နှစ်ယောက်တစ်တွဲပြောစေပါမည်။
- ထို့နောက် ဆရာက ဇယားကွက်တွင် အဖြေများကို ဖြည့်စေမည်။
- ⊙ ကလေးများဖြည့်ပြီးပါက နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်ရှုစေမည်။
- မိမိတို့ဖြည့်ထားသောအချက်အလက်များကို ၃၊ ၄ဦးခန့်ပြောစေပါမည်။
- ကလေးများပြောသောအဖြေကို ဇယားတွင်ဖြည့်ပေးထားရမည်။
- ⊙ ဆရာက"လေ့ကျင့်ခန်းမေးခွန်း(၂)သည်ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ရေးထားတာဖြစ်တယ်။ ကလေးတို့လဲ ကလေးတို့အကြောင်းကို အကျဉ်းချုပ်ရေးကြည့်ပါအုံး" ဟုပြောပြီး ရေးစေပါမည်။

  မိမိအမည်၊
  မွေးဖွားသည့်ခုနှစ်
  မိဘအမည်
  မွေးဖွားရာဒေသ
  မိမိ၏ဝါသနာ
  မိမိဖြစ်ချင်သောဆန္ဒ စသည်တို့ကို မိမိမှတ်စုစာအုပ်တွင်ရေးစေပါမည်။
- ထို့နောက် ကလေးများရေးထားသည်ကို နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပါမည်။

နိဂုံးချုပ်ခြင်း

- "ဦးဘိုးစိန်အကြောင်း အကျဉ်းချုပ်ကိုလဲ ဖြည့်ခဲ့ကြတယ်။ မိမိအကြောင်းအကျဉ်းချုပ်ရေးနိုင်ခဲ့ကြရဲ့လား"ဟု မေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်နိုင်ခြင်းရှိ မရှိနှင့် မိမိအကြောင်း အကျဉ်းချုပ်ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ ဦးဘိုးစိန်က ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ တွေးကြည့်ကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးများအား ဖတ်စေပါမည်။
- ထို့နောက် လေ့ကျင့်ခန်း မေးခွန်း (၃) ကို ဖတ်စေပါမည်။ မေးခွန်း (၃) ကိုဖြေဆိုရာတွင် ကလေးတို့ကိုယ်တိုင်ဖြည့်ထားတဲ့ မေးခွန်း (၁) ကအဖြေကို ပြန်ကြည့်ပြီး ဦးဘိုးစိန်လုပ်ခဲ့တာတွေကို ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးရမယ်။
- ⊙ မေးခွန်း (၃) ဖြေပြီးပါက ကလေးများနှစ်ယောက်တစ်တွဲ လဲလှယ်စစ်ဆေးစေမည်။
- ထို့နောက်လေ့ကျင့်ခန်းမေးခွန်း (၄) ကိုဖတ်စေမည်။
- မေးခွန်းဖတ်ပြီးပါက အုပ်စုလိုက်စဉ်းစားစေမည်။
- ကလေးတို့ကိုယ်တိုင် မေးခွန်း (၃) ကအဖြေကိုပြန်ဖတ်ပြီး “ဦးဘိုးစိန်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်သလဲ”ဆိုတာ တွေးပြီး မှတ်စုရေးစေပါမည်။
- ⊙ “ရေးတဲ့အခါမှာ ကျွန်တော်၊ ကျွန်မကတော့ ဦးဘိုးစိန်သည် . . . လူမျိုးဖြစ်သည်ဟုထင်ပါသည်။ ဘာကြောင့်လဲဆိုတော့ . . . နှင့် . . . တွေကို လုပ်ဆောင်ခဲ့နိုင်သောကြောင့် ဖြစ်ပါသည်” ဟု ရေးသားရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ထို့နောက် ဆရာကအဖြေကို ကလေး ၃၊ ၄ဦး မေးပြီးကလေးများပြောသောအဖြေကို သင်ပုန်းတွင် ရေးပါမည်။

နိဂုံးချုပ်ခြင်း

- ကလေးများပြောသောအဖြေပေါ်မူတည်ပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ မေးခွန်းကို ဖြေဆိုနိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

အောက်ပါစကားလုံးများဖြင့် ပါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

သာဓက

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ်မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ	ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ
(က) ထိုးဇာတ် လုပ်ဇာတ် (ခ) ဟန်အက (ဂ) ရေနံမီးတိုင် (ဃ) ရိုးရိုးအဝတ်အစား (င) မြေဝိုင်းဇာတ်သဘင်	

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

မွေးဖွားသည့်ခုနှစ်	
မိဘအမည်	
မွေးဖွားရာဒေသ	
ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ	
ရရှိခဲ့သောဘွဲ့	
ကွယ်လွန်သည့် ခုနှစ်	

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အတ္ထုပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

၃၃

အရေးကြီးသောအချက်များ

- မေးခွန်းကို ကလေးများလွတ်လပ်စွာဖြေဆိုစေပါမည်။
- ဆရာက ကလေးများရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို မှတ်ချက်ပေးရပါမည်။

DBE Box – Copyright Protected

၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အတ္ထုပ္ပတ္တိ)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

သာဓက

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ်မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ	ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ
(က) ထိုးဇာတ် လုပ်ဇာတ် (ခ) ဟန်အက (ဂ) ရေနံမီးတိုင် (ဃ) ရိုးရိုးအဝတ်အစား (င) မြေဝိုင်းဇာတ်သဘင်	

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

မွေးဖွားသည့်ခုနှစ်	
မိဘအမည်	
မွေးဖွားရာဒေသ	
ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ	
ရရှိခဲ့သောဘွဲ့	
ကွယ်လွန်သည့် ခုနှစ်	

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အတ္ထုပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

၃၃

အရေးကြီးသောအချက်များ

- ကလေးများလွတ်လပ်စွာဖြေဆိုစေပါမည်။
- ဆရာက ကလေးများရေးသားထားသော မှတ်စုစာအုပ်မှ အဖြေများကို မှတ်ချက်ရေးပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီအခါခိုန်မှာ ဦးဘိုးစိန်ရဲ့ အတ္ထုပ္ပတ္တိကိုဖတ်ပြီး ကလေးတို့ရဲ့စိတ်ကူးလေးတွေ၊ ဘယ်လိုလုပ်ချင်တယ်ဆိုတာတွေကို စဉ်းစားကြည့်ရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးများအားဖတ်စေပါမည်။
- ဆရာက လေ့ကျင့်ခန်း မေးခွန်း (၅) ကိုကလေးများအား ဖတ်စေပါမည်။
- ⊙ မေးခွန်းဖတ်ပြီးပါက ကလေးတစ်ဦးချင်းစီစဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ ပြောစေမည်။
- ထို့နောက် ကလေး ၃၊ ၄ဦးကို မေးပါမည်။
- ကလေးများပြောသောအဖြေကို ဆရာက သင်ပုန်းတွင် ရေးပါမည်။ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပြောပေးရပါမည်။
- ⊙ ဦးဘိုးစိန် အတ္ထုပ္ပတ္တိဖတ်ပြီး မိမိ၏အမြင်ကိုရေးပြီးပြီဆိုရင် "ကလေးတို့ကိုယ်တိုင် ဦးဘိုးစိန်လို ကြိုးစားဆောင်ရွက်ချင်တဲ့ အရာတွေရှိသလား"ဆိုတာ တစ်ဦးချင်းစဉ်းစားပြီးနှစ်ယောက်တစ်တွဲပြောစေမည်။
- "ကလေးတို့ ကိုယ်တိုင်ကြိုးစားပြီး ဖြစ်ချင်တဲ့အရာတွေကို ရေးကြည့် ကြရမယ်"ဟု ပြောကာ ရေးစေပါမည်။
- "ကလေးတို့ရေးထားတာကို သူငယ်ချင်းနဲ့လဲဖတ်မယ်။ သူငယ်ချင်းပေးတဲ့ အကြံကိုယူပြီးပြန်ပြင်ရေးနိုင်တယ်နော်"ဟု ပြောကာ လဲလှယ်ဖတ်စေပါမည်။
- ထို့နောက် ကလေး ၃၊ ၄ဦးကို အတန်းရှေ့ထွက်ပြီး မိမိရေးထားသည်တို့ကို ဖတ်ပြစေမည်။

နိဂုံးချုပ်ခြင်း

- မှတ်စုစာအုပ်တွင် ရေးသားထားသော အဖြေကို ကလေးအချင်းချင်း အပြန်အလှန်စစ်ဆေးစေပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများမေးခွန်းကိုဖြေဆိုနိုင်ခြင်း ရှိ မရှိ နှင့် မိမိကြိုးစားဆောင်ရွက်ချင်သောအကြောင်းအရာများ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီတစ်ချိန်မှာတော့ သတ်ပုံနဲ့ဝါကျတွေ လေ့ကျင့်ကြရအောင်” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- လေ့ကျင့်ခန်းရှိ စာလုံးပေါင်း သတ်ပုံအမှန်များရွေးနိုင်ရန် ဦးစွာ စာကြောင်းကို ဖတ်စေပါမည်။
- ဦးဘိုးစိန်သည် အလွန် (ကြော်ကြား၊ ကျော်ကြား)သော ဇာတ်မင်းသားကြီးဖြစ်သည်။
- ⊙ တစ်ဦးချင်းစဉ်းစား၍ ဖြည့်စေပါမည်။
- ဖြည့်ပြီးပါက နှစ်ယောက်တစ်တွဲဆွေးနွေးစေပြီး ဆရာက သတ်ပုံမှန်ကို မေးပါမည်။
- ထို့နောက် မှတ်စုစာအုပ်တွင် သတ်ပုံအမှန်ကို ဖြည့်ကာ ရေးစေပါမည်။
- “ကြော်ကြား၊ ကျော်ကြား” စကားလုံးနှစ်လုံး၏ အသုံးမတူပုံကို ကလေးများအား ပြောစေပါမည်။
- လိုအပ်လျှင်ဆရာက ဖြည့်စွက်ပြောရပါမည်။
- ကျန်သောစာကြောင်းများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။
- ထို့နောက်ဆရာက “စိတ်ကူး”ဟူသော စကားလုံးကို ဝါကျဖွဲ့ပြမည်။
- ⊙ ကျန်စကားလုံးများကို ကလေးတစ်ဦးချင်းစဉ်းစား၍ မှတ်စုစာအုပ်တွင် ကိုယ်ပိုင်ဝါကျဖွဲ့စေပါမည်။
- နှစ်ယောက်တစ်တွဲ ကလေးအချင်းချင်းပြောစေပြီးနောက် ၂ဦး၊ ၃ဦးကို အတန်းရှေ့ထွက်ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- “ဦးဘိုးစိန်အကြောင်းသင်ပြီးပြီဆိုတော့ အထူပ္ပတ္တိမှာ ဘာတွေ ထူးခြားတာပါသလဲ။ ပြောကြည့်ပါအုံး”ဟု မေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သတ်ပုံ အမှန်ရွေးချယ်နိုင်ခြင်း ရှိ မရှိ နှင့်မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်မည်။



၁၁။ ဇာတ်မင်းသားကြီး ဦးဘိုးစိန် (အထူပ္ပတ္တိ)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

စိတ်ကူး၊ ယိမ်းအက၊ ဇာတ်သဘင်၊ ဆန်းသစ်၊ ဆည်းပူး၊ တီထွင်

သာဓက

စိတ်ကူး ။ ။ ဦးဘိုးစိန်သည် စိတ်ကူး ကောင်းသူဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အောက်ပါအချက်များပေါ်မူတည်ပြီး ဇယားတွင်ဖြည့်ပါ။

ဦးဘိုးစိန်မတိုင်မီ ဇာတ်သဘင်အခြေအနေ	ဦးဘိုးစိန်ခေတ်ဇာတ်သဘင်အခြေအနေ
(က) ထိုးဇာတ် လုပ်ဇာတ် (ခ) ဟန်အက (ဂ) ရေနံမီးတိုင် (ဃ) ရိုးရိုးအဝတ်အစား (င) မြေဝိုင်းဇာတ်သဘင်	

၂။ ဦးဘိုးစိန်အကြောင်းအကျဉ်းချုပ်ကို ဇယားတွင်ဖြည့်ပါ။

မွေးဖွားသည့်ခုနှစ်	
မိဘအမည်	
မွေးဖွားရာဒေသ	
ဇာတ်သဘင်ပညာ ဆည်းပူးခဲ့သည့်နေရာ	
ရရှိခဲ့သောဘွဲ့	
ကွယ်လွန်သည့် ခုနှစ်	

၃။ ဇာတ်သဘင်နှင့်ပတ်သက်၍ ဦးဘိုးစိန်တီထွင်ဆန်းသစ်လုပ်ဆောင်ခဲ့သော အရာများကို ဖော်ပြပါ။

၄။ ဦးဘိုးစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း။

၅။ ဦးဘိုးစိန် အထူပ္ပတ္တိကိုဖတ်ပြီး မိမိ၏အမြင်ကို ဖော်ပြပါ။

၃၃

အရေးကြီးသောအချက်များ

- ဆရာက သတ်ပုံအမှန်ရွေးချယ်ခြင်း၊ ရေးသားထားသော ဝါကျများမှန်ကန်ခြင်းရှိ မရှိ စစ်ဆေးပေးရပါမည်။
- ဝါကျဖွဲ့ထားသည်များကို အလွတ်ကျက်မှတ်ရန် မလိုပါ။

DBE Box – Copyright Protected

သင်ခန်းစာ ၁၂ အောင်ဆန်းစာနည် (ကဗျာ)



အဓိကအချက်များ

- ကလေးအားလုံး ပိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို သိရှိရပါမည်။
- ကဗျာပါစကားလုံးအားလုံးကို သိရှိစေရပါမည်။
- ပိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့်စကားများကို သိရှိစေရမည်။

အရေးကြီးသောအချက်များ

- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာပြောစေမည်။
- ကဗျာကိုအသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုတတ်ရပါမည်။
- ဆရာက ခက်ခဲသောစကားလုံးများ၏ အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးပြ၊ ပြောပြရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိနှင့် ကဗျာတွင် ပါဝင်သောအကြောင်းအရာများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ (၁၂) အောင်ဆန်းစာနည်(ကဗျာ)
အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ပိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို လေ့လာသိရှိရန်
- ပိုလ်ချုပ်အောင်ဆန်းကို လေးစားကြည်ညိုစိတ်နှင့် ရွတ်ဆိုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဆရာက လွတ်လပ်ရေးဖခင်ပိုလ်ချုပ်အောင်ဆန်းအကြောင်း ကဗျာကို လေ့လာကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကဗျာခေါင်းစဉ်ကိုသင်ပုန်းတွင်ရေးပြီး သင်ခန်းစာပါ ရုပ်ပုံကို ကလေးများအား လေ့လာစေပါမည်။
- ⊙ ကလေးများ၏ထင်မြင်ချက်များကို နှစ်ယောက်တစ်တွဲ လွတ်လပ်စွာ ပြောစေပါမည်။
- ဆရာက ကလေး ၃၊ ၄ ဦးခန့်၏ ထင်မြင်ချက်များကို မေးပါမည်။
- ဆရာက ကဗျာကိုအသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကို ဆရာ့နောက်မှ လိုက်၍ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသောစကားလုံးများကို မေးပြီး ကလေးများပြောသောစကားလုံးကို ဆရာက သင်ပုန်းတွင် ရေးမှတ်ပါမည်။

သာဓက ။ ။ ဇာတိ = မွေးဖွားရာအရပ်
တမလွန် = သေပြီးနောက်ဘဝ
ဘဝင် = စိတ်နှလုံး

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ကဗျာပါစကားလုံးတွေလဲ သိသွားကြပြီ။ ကဗျာကိုလဲ ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုခဲ့ကြတယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

DBE Box – Copyright Protected

အကြိုပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက “ကဗျာကိုပြန်ဆိုကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများ ကဗျာကို အဖွဲ့လိုက် ရွတ်ဆိုစေပါမည်။
- ⊙ ကဗျာပါဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ကလေးများတစ်ဦးချင်း စဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောစေပါမည်။
- ဆရာက ဗိုလ်ချုပ်အောင်ဆန်းအမည်ကို သင်ပုန်းတွင်ရေး၍ အရေးကြီးသောအချက်တွင် ဖော်ပြထားသော ပုံစံအတိုင်း မှတ်စုတွင် ရေးဆွဲကာ ကွက်လပ်များကို တစ်ဦးချင်း ဖြည့်စေပါမည်။
- မှတ်စုတွင် ပုံစံအတိုင်းဖြည့်ပြီးပါက နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်ရှုကာ လိုအပ်ပါက ပြင်ဆင်စေမည်။
- ⊙ မိမိသိထားသော ဗိုလ်ချုပ်၏ စွမ်းဆောင်ချက်များကိုလည်း ဖြည့်စွက်ရေးစေပါမည်။
- ကွက်လပ်ဖြည့်ပြီးပါက ကလေး ၄၊ ၅ ဦးခန့်အား အတန်းရှေ့တွင် ပြောစေပါမည်။
- ကလေးများရေးသားထားသည်များကို ဆရာက စစ်ဆေးပေးပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ကလေးများ ပြောထားသည်ကို ဖြည့်စွက်ပြောပြကာ “ဗိုလ်ချုပ်ရဲ့ကိုယ်ရေးအထွေပွတ္တိကိုလဲ သိသွားကြပြီနော်”ဟု ပြောကာနိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲဆွေးနွေးနိုင်ခြင်း ရှိ မရှိ၊ ပေးထားသောကွက်လပ်တွင် ဖြည့်စွက်နိုင်ခြင်းရှိ မရှိ၊ သိထားသော ဗိုလ်ချုပ်၏ စွမ်းဆောင်ချက်များကို ရေးနိုင်၊ ပြောနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၁၂ အောင်ဆန်းဇာနည် (ကဗျာ)



အရေးကြီးသောအချက်များ

- သင်ပုန်းတွင်ဇယားဆွဲကာ ခေါင်းစဉ်ကစ၍ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းပြပါမည်။



DBE Box – Copyright Protected

သင်ခန်းစာ ၁၂ အောင်ဆန်းစာနည် (ကဗျာ)



အရေးကြီးသောအချက်များ

- ကလေးများကို လွတ်လပ်စွာပြောစေပါမည်။
- ကလေးများရေးသားနိုင်ရန် လိုအပ်ပါကဆရာက ကူညီပေးရပါမည်။
- နှစ်ယောက်တစ်တွဲအပြန်အလှန်ပြောစေရာတွင် ကလေးအားလုံး ပါဝင်အောင် သတိပြုရပါမည်။
  (အောက်ပါအချက်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးဘဝဇာတ်ကြောင်းစာအုပ်မှ ကောက်နုတ်ချက်ဖြစ်ပါသည်။)
- ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြပေသည်။
- ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်ကို ကျော်၍ မြင်စွမ်းနိုင်ခြင်းကို ဆောင်နိုင်ရပေမည်။
- ပညာဆိုသည်မှာ စာအုပ်၊ စာတမ်းဖတ်၍ စာသိမှုကို ပညာဟု မဆိုသာပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြောနက်နဲလှပေသည်။

အကြိပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ကလေးတို့ ကဗျာထဲက ဗိုလ်ချုပ်ရဲ့အတ္ထုပ္ပတ္တိနဲ့ ကဗျာပါအကြောင်းအရာတွေကို သိသွားကြပြီနော်။ အခု ကဗျာတစ်ပုဒ်လုံး ပြန်ဆိုကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေး ၄၊ ၅ ဦးခန့်အား တစ်ဦးလျှင် ကဗျာကို တစ်ခေါက်စီ ဖတ်စေပါမည်။
- ⊙ ကလေးများအား ကဗျာပါ "ကောင်းစေချင်သည့်မှာစကား ငါတို့မမေ့အား"စာသား၏အဓိပ္ပာယ်ကို တစ်ဦးချင်း စဉ်းစားစေပါမည်။
- တစ်ဦးချင်းစဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ကလေး ၃၊ ၄ တွဲခန့်အား အတန်းရှေ့တွင်ပြောစေပါမည်။
- ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့်စကားများကို လေ့လာရန် တစ်ဦးချင်းစဉ်းစားစေပါမည်။ ရေးစေပါမည်။
- ⊙ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။ ဆွေးနွေးပြီးပါက ကလေးများအား အတန်းရှေ့တွင်ပြောစေပါမည်။
- ကလေးများပြောသည့် ဗိုလ်ချုပ်အောင်ဆန်းမှာကြားခဲ့သော စကားများကို ဆရာက သင်ပုန်းမှတ်ချက်ရေးသားရပါမည်။ လိုအပ်သည်များကို ဖြည့်စွက်ပြောရပါမည်။
- ဆရာက ဗိုလ်ချုပ်မှာကြားခဲ့သည့်စကားများ၊ လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဗိုလ်ချုပ်၏စိတ်ဓာတ်တို့ကို ကလေးများသိရှိအောင် ပြောကြားရမည်။

နိဂုံးချုပ်ခြင်း

- "ဗိုလ်ချုပ်ရဲ့ အတ္ထုပ္ပတ္တိ၊ မှာကြားခဲ့တဲ့စကား၊ တိုင်းပြည်လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံတွေကို သိလိုက်ရတဲ့အခါ ဗိုလ်ချုပ်ကို လေးစားကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာကြတယ် မဟုတ်လား"ဟု ဆရာက ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စဉ်းစားထားသည်များကို နှစ်ယောက်တစ်တွဲပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၁၃) ဝေါဟာရကြွယ်ကြွယ်ကစားမယ်
အကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- နွေ၊ မိုး၊ ဆောင်း ရာသီနှင့်သက်ဆိုင်သော စကားလုံးများကို အမျိုးအစားခွဲခြား ပြောပြီး ရေးသားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ကလေးများအား ခေါင်းစဉ်ကိုဖတ်စေပြီး "ဝေါဟာရဆိုတာဘာလဲ" ဟု မေးပြီး နမူနာဝါကျတစ်ကြောင်းကို သင်ပုန်းတွင် ရေးပြကာ "ဒီဝါကျမှာ ဘယ်လိုစကားလုံးတွေပါလဲ"ဟု ထပ်မံမေးပြီး ကလေးများကို ဖြေစေကာ "ဝေါဟာရဆိုတာ စကားလုံးကို ခေါ်တာဖြစ်တယ်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ပထမစာမျက်နှာကို ကြည့်ပါအုံး။ ဘယ်လိုအကြောင်းအရာ ကလေးဖြစ်မလဲ" ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။
- ထို့နောက်"ဒီနေ့တော့ ခေါင်းစဉ်လေးတစ်ခုကို နမူနာပေးမယ်။ ခေါင်းစဉ်နဲ့ကိုက်ညီတဲ့ ဝေါဟာရတွေကိုစဉ်းစားပြီး နွေ၊ မိုး၊ ဆောင်း ရာသီသုံးမျိုးနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ ဝေါဟာရတွေကို ဖြည့်ကြရမယ်" ဟု ဆရာက ပြောရပါမည်။
- "အဝတ်အစားဆိုတဲ့ ခေါင်းစဉ်ကလေးကို နမူနာပေးထားတယ်။ ရာသီအလိုက် ဘယ်လိုအဝတ်အစားတွေဝတ်ကြမလဲ ဆိုတာကို စဉ်းစားပြီး ဖြည့်ကြမယ်"ဟုပြောကာ ကျောင်းသုံးစာအုပ်တွင် ပါဝင်သော နမူနာပုံစံအတိုင်း သင်ပုန်းတွင် ရေးပြပြီး ရှင်းပြရပါမည်။
- "ထပ်ဖြည့်ချင်တဲ့ စကားလုံးတွေ ရှိသေးသလား"ဟု မေးကာ ကလေးများပြောသော စကားလုံးအချို့ကို ဆရာက သင်ပုန်းတွင် ဖြည့်ပြပါမည်။
- ⊙ ထို့နောက် ကလေးများသိထားသည့် စကားလုံးများကို တစ်ဦးချင်းစဉ်းစားစေပြီး ကျောင်းသုံးစာအုပ်ပါပုံစံတွင် ဖြည့်စေပါမည်။



အဓိကအချက်များ

- ခေါင်းစဉ်နှင့် ကိုက်ညီသော စကားလုံးများကို စဉ်းစားပြီး ရာသီအလိုက် အမျိုးအစားခွဲကာ ပြောပြရေးပြရပါမည်။
- ရာသီဥတုသုံးမျိုးစလုံးနှင့် သက်ဆိုင်သော ဝေါဟာရများကို သေချာစဉ်းစားစေပြီး ရေးစေရပါမည်။

DBE Box - Copyright Protected



အရေးကြီးသောအချက်များ

- ရာသီအလိုက် မည်သည့်အဝတ်အစားများ ဝတ်ရမည်ကို ခွဲခြားသိရှိရပါမည်။
- ပေးထားသောခေါင်းစဉ်နှင့် ကိုက်ညီသည့် စကားလုံးများကို ပြောပြတတ်ရပါမည်။
- ကလေးများရေးသားနေစဉ် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်ရှိနေသော ကလေးကို ဖေးမကူညီပေးရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်အဆက်)

- ဖြည့်ပြီးပါက "နွေ၊ မိုး၊ ဆောင်းအပြင် ရာသီသုံးခုလုံးနဲ့သက်ဆိုင်တဲ့ တခြားစကားလုံးတွေလဲ ရှိသေးတယ်"ဟု ပြောကာ ရာသီသုံးခုနှင့်သက်ဆိုင်သည့် စကားလုံးကို ဖြည့်ပြရပါမည်။
- "ရာသီသုံးခုနဲ့ဆိုင်တဲ့ ဝေါဟာရတွေရှိသေးသလား။ ပြောကြည့်ပါအုံး"ဟု မေးကာ ကလေးများပြောသော စကားလုံးကိုလည်း နမူနာဖြည့်ပြရပါမည်။
- ထို့နောက် စကားလုံးများကို တစ်ဦးချင်းစဉ်းစားစေပြီး ကျောင်းသုံးစာအုပ်တွင် ဖြည့်ကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ကလေး ၂ ဦး ၃ ဦးကို ခေါ်၍ မိမိတို့ဖြည့်ထားသည့် စကားလုံးများကို တစ်တန်းလုံးအား ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ရာသီအလိုက် သက်ဆိုင်တဲ့နေရာတွေမှာ ဝေါဟာရတွေကို ဖြည့်နိုင်ခဲ့ကြရဲ့လား" "ရာသီသုံးခုစလုံးနဲ့ သက်ဆိုင်တဲ့ စကားလုံးတွေကို ပြောကြည့်ပါအုံး" ဟု မေးကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ခေါင်းစဉ်နှင့်ကိုက်ညီသော စကားလုံးများကို စဉ်းစားပြီး ပြောနိုင်ခြင်း ရှိ မရှိနှင့် ထပ်မံဖြည့်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြမ်းဖြစ်စာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ မနေ့က ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ နမူနာကို ကြည့်ပြီးတော့ စကားလုံးတွေကို စဉ်းစားပြီး ရေးခဲ့ကြတယ်။ ဒီတစ်ချိန်မှာပေးထားတဲ့ခေါင်းစဉ်တွေထဲက ကြိုက်ရာခေါင်းစဉ်ကို ရွေးပြီး အဖွဲ့လိုက် ဆွေးနွေးကြမယ်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကျောင်းသားဦးရေပေါ်မူတည်၍ အုပ်စုများဖွဲ့ပေးပြီး တစ်အုပ်စုလျှင် စာရွက်တစ်ရွက်စီကို ဝေပေးပါမည်။
- စာရွက်ဝေပေးနေစဉ် “ကလေးတို့ ဒီတစ်ချိန်မှာ တစ်ယောက်ချင်းစီ မရေးရတော့ဘူး။ အုပ်စုလိုက် လုပ်ဆောင်ကြရမယ်။ အုပ်စုတွင်း တိုင်ပင်ပြီး တစ်ယောက်က ဦးဆောင်ပြီး ရေးပေးရမယ်”ဟု ဆရာက ပြောကြားထားရပါမည်။
- စာမျက်နှာ (၃၆) တွင် ပါဝင်သောခေါင်းစဉ်များကို ဖတ်စေပြီး ဆရာက ခေါင်းစဉ်ပါအကြောင်းအရာကို နမူနာ ပြောပြရပါမည်။
- မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်တစ်ခုကို အုပ်စုတွင်း ရွေးစေပါမည်။
- ⊙ ရွေးထားသောခေါင်းစဉ်နှင့် ကိုက်ညီသောစကားလုံး များကို တစ်ဦးချင်း စဉ်းစားစေပြီး မိမိတို့ မှတ်စုစာအုပ်တွင် ဦးစွာ ရေးစေပါမည်။
- ⊙ ရေးပြီးပါက ပေးထားသော စာရွက်ပေါ်တွင် ရွေးထားသော ခေါင်းစဉ်ကိုရေးကာ နမူနာပုံစံအတိုင်း မိမိတို့ မှတ်စုစာအုပ်ကို ကြည့်၍ ဝေါဟာရများကို အဖွဲ့လိုက် ရေးစေပါမည်။
- တူညီသော ဝေါဟာရများရှိပါက တစ်လုံးသာယူရမည်ဖြစ်ကြောင်း ဆရာက ပြောပြထားရပါမည်။
- ဦးစွာ ရေးပြီးနေသော အုပ်စုရှိပါက နောက်ထပ်ခေါင်းစဉ် တစ်ခုကို ထပ်မံရွေးစေပြီး စာရွက်ပေးကာ ရေးစေပါမည်။
- ကလေးများ နောက်ထပ်ခေါင်းစဉ်များကို ရွေးချယ်စေနိုင်ရန် ဆရာက တိုက်တွန်းပေးရပါမည်။
- ကလေးများရေးသားနေစဉ် ဆရာက လိုက်လံကြည့်ရှုရပါမည်။



အရေးကြီးသောအချက်များ

- ကလေးများကိုယ်တိုင် ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များကို ရွေးချယ်ရပါမည်။
- ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုကာ အရင်ဆုံး ရေးသားပြီးနေသော အုပ်စုရှိပါက နောက်ထပ်ခေါင်းစဉ်များကို ရေးသားစေရပါမည်။
- အုပ်စုပေါ်မူတည်၍ ခေါင်းစဉ်များ ထပ်မံရွေးစေကာ ရေးသားနိုင်သည်အထိ ဝေါဟာရများကို အုပ်စုလိုက် ရေးစေပါမည်။
- ကလေးများရေးရန် နမူနာပုံစံ

နေထိုင်မှုပုံစံ (ကျောင်းတွင်း ကျောင်းပြင်)		
နွေ	မိုး	ဆောင်း
ကျောင်းပိတ်သကြန်ပွဲ	ကျောင်းဖွင့်သစ်ပင်စိုက်ပွဲ	ဒီဇင်ဘာကျောင်းပိတ်ရက်လွတ်လပ်ရေးပွဲ
နွေ၊ မိုး၊ ဆောင်း ခရီးသွားခြင်း		

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- အတန်းရှေ့တွင် မပြောမီ ရေးသားထားသော ဝေါဟာရများကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရပါမည်။
- အတန်းရှေ့ထွက်၍ ပြောရာတွင် တစ်အုပ်စုလျှင် တစ်ဦးစီ ရွေး၍ ပြောစေပါမည်။ ကျောင်းသားအခြေအနေပေါ်မူတည်၍ တစ်ဦးထက်ပိုပါကလည်း ပိုနိုင်ပါသည်။
- အတန်းရှေ့ထွက်ပြောရာတွင် ဝေါဟာရအရေအတွက် အနည်းငယ်သာရှိပါက ဆရာက တစ်ဦးလျှင် စကားလုံးတစ်လုံး သို့မဟုတ် နှစ်လုံး စသည်ဖြင့် သတ်မှတ်ပေးရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

ဒုတိယအချိန်အဆက်

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ခေါင်းစဉ်နဲ့ကိုက်ညီတဲ့ ဝေါဟာရတွေကို သေချာစဉ်းစားခဲ့ကြရဲ့လား။ ရာသီတစ်ခုစီအပြင် ရာသီသုံးမျိုးစလုံးနဲ့ သက်ဆိုင်တဲ့ ဝေါဟာရတွေကိုရော ရေးနိုင်ခဲ့ကြရဲ့လား။ နောက်တစ်ချိန်မှာ ကိုယ်ရေးထားတဲ့ ဝေါဟာရတွေကို အတန်းရှေ့ထွက်ပြီး ပြောရမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အုပ်စုတွင်း ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

နိဒါန်း

- "ကလေးတို့ ဒီတစ်ချိန်မှာတော့ ကိုယ်ရွေးထားတဲ့ခေါင်းစဉ်အောက်မှာပါတဲ့ ဝေါဟာရတွေကို အုပ်စုလိုက် အတန်းရှေ့ထွက်ပြီး ပြောရမယ်နော်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ မိမိတို့ရေးသားထားသော ဝေါဟာရများကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးစေပါမည်။
- ဆွေးနွေးထားသော အကြောင်းအရာများကို အတန်းရှေ့ထွက်ပြောရန် တစ်အုပ်စုလျှင် တစ်ဦးရွေးစေပါမည်။
- ထို့နောက် "သစ်ပင်ပန်းမန်များအကြောင်း ရေးထားတဲ့ အဖွဲ့ထဲက တစ်ဖွဲ့တစ်ယောက် အတန်းရှေ့ထွက်ခဲ့ပါ"ဟု ဆရာက ပြောရပါမည်။
- ကလေးများပြောရာတွင် နွေရာသီနှင့်သက်ဆိုင်သည့် ဝေါဟာရများကိုသာ အရင်ဆုံးပြောရမည် ဖြစ်ကြောင်း ပြောရပါမည်။
- "ပြောတဲ့အခါ တစ်ဦးကိုစကားလုံး နှစ်လုံးပဲ ပြောရပါမယ်။ ပထမတစ်ဦးပြောတဲ့ စကားလုံးနဲ့ မတူတဲ့ တခြားစကားလုံးကို နောက်တစ်ဦးက ပြောရပါမယ်"ဟု ဆရာက ပြောရပါမည်။
- ⊙ ထို့နောက် နွေရာသီနှင့်ဆိုင်သည့် ဝေါဟာရများကိုအလှည့်ကျ ပြောစေရပါမည်။
- " ကျွန်တော်တို့ အဖွဲ့ကတော့ နွေရာသီမှာဆိုရင် ပိတောက်ပန်း၊ ငုဝါပန်း တွေကိုရေးထားပါတယ်"ဟု ပြောကာ ကျန်အဖွဲ့များကလည်း ဆက်လက်ပြောစေရပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်အဆက်)

- "နွေရာသီနဲ့ဆိုင်တဲ့ စကားလုံးတွေ နောက်ထပ်ပြောဖို့ကျန်သေးသလား။ သူတို့ပြောသွားတာအပြင် ကလေးတို့ရော ဘာတွေထပ်ဖြည့်ချင်သေးသလဲ"ဟု ဆရာက မေးရပါမည်။
- ထို့နောက် ကျန်ရှိနေသော မိုးရာသီ၊ ဆောင်းရာသီ၊ ရာသီသုံးခုလုံးနှင့်သက်ဆိုင်သည့် ဝေါဟာရများကို ဆက်လက်ပြောစေပါမည်။
- ⊙ ကျန်ရှိနေသော ခေါင်းစဉ်များကိုလည်း အထက်ပါပုံစံအတိုင်း အတန်းရှေ့ထွက်၍ အလှည့်ကျပြောစေပါမည်။
- ကလေးများ ရွေးချယ်ရန်ကျန်ခဲ့သော ခေါင်းစဉ်ရှိနေပါက ဆရာက ထိုခေါင်းစဉ်နှင့် ပတ်သက်၍ နောက်တစ်ကြိမ် ရှင်းပြကာ ဆရာနှင့်အတူ ဝေါဟာရများကို ပြောစေရပါမည်။

နိဂုံးချုပ်ခြင်း

- ကလေးတို့ "ဝေါဟာရတွေကို သက်ဆိုင်ရာခေါင်းစဉ်တွေနဲ့ကိုက်ညီအောင် ပြောနိုင် ရေးနိုင်ကြရဲ့လား။ ရာသီဥတုသုံးမျိုးစလုံးနဲ့ဆိုင်တဲ့ ဝေါဟာရတွေကို သိဖို့ကလဲ အရေးကြီးတယ်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိတို့ရေးသားထားသော ဝေါဟာရများကို အဖွဲ့တွင်း ပြန်လည်ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် အတန်းရှေ့ထွက်ကာပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- အတန်းရှေ့ထွက်ပြီးပြောနေစဉ် ကျန်ကလေးများကို"ကလေးတို့ ဝေါဟာရတွေနဲ့ သူတို့ပြောတဲ့ ဝေါဟာရတွေ မတူတာတွေ ပါလားဆိုတာ သေချာနားထောင်ရမယ်နော်"ဟု ဆရာက ပြောထားရပါမည်။
- အုပ်စုတစ်စုသာ ရွေးချယ်ထားသော ခေါင်းစဉ်ရှိနေပါက အတန်းရှေ့ထွက်ပြောရာတွင် ကျန်ကလေးများကို သေချာစွာနားထောင်စေပြီး ဝေါဟာရများတိုးလာစေရန် ထပ်ဖြည့်ပြောစေရပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၁၄ ပုဂံ



ကျွန်မတို့မိသားစုသည် နွေရာသီကျောင်းပိတ်ရက်က ပုဂံမြို့သို့ ဘုရားဖူး လေ့လာရေး ခရီးသွားခဲ့ကြပါသည်။ ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ်၌ တည်ရှိပါသည်။ ပုဂံမြို့ဟောင်း၏အဝင်ဝတွင် သရပါတံခါး၊ ကျုံးဟောင်းနှင့် မြို့ရိုးဟောင်းရှိပါသည်။ ထိုမြို့ရိုးကို မြန်မာသက္ကရာဇ်၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းက တည်ခဲ့သည်ဟု ဖေဖေကပြောပါသည်။

ပုဂံမြို့သည် မြန်မာတို့၏ အလွန်ခမ်းနားကြီးကျယ်သော သမိုင်းဝင်ရှေးဟောင်းမြို့တော်ကြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က တည်ခဲ့သော မြို့တော်ပုဂံတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ အနုပညာလက်ရာများ ထွန်းကားခဲ့ပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံကို မြတ်နိုးကြခြင်းဖြစ်ကြောင်း ဖေဖေက ကျွန်မတို့ကို ရှင်းပြပါသည်။

ရှေးခေတ်ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ်မြန်မာတိုင်းရင်းသားတို့က စည်းလုံးညီညွတ်စွာ စုပေါင်းတည်ထောင်ခဲ့သည်ဟု ကျွန်မတို့ မှတ်သားရပါသည်။


သရပါတံခါး

ပုဂံသည် အနော်ရထာမင်း လက်ထက်မှစ၍ ထင်ရှားလာခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ ဩဝါဒဖြင့် ဗုဒ္ဓသာသနာ ထွန်းကားအောင် စွမ်းဆောင်ခဲ့ပါသည်။

အဓိကအချက်များ

- စကားလုံးအသစ်များကို သတ်ပုံခေါ်ခြင်းတွင် ဆရာက ဖြည်းဖြည်းမှန်မှန်ရွတ်ဆိုခေါ်ပေးရပါမည်။
- ပုဂံသင်ခန်းစာတစ်ပိုဒ်ချင်းစီ၏ဆိုလိုရင်းကို ပြောပြ ရေးပြတတ်ရပါမည်။
- ပုဂံသင်ခန်းစာကို ဖတ်ရှုပြီးအဓိကအချက်များ၊ စိတ်ဝင်စားသော အချက်များကို ကလေးများ နားလည်အောင် သင်ကြားရပါမည်။
- ပုဂံသည် မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူစရာ၊ မှတ်သားစရာ ဖြစ်ကြောင်းကို ကလေးများပြောကြားနိုင်အောင် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- ဆရာဖတ်ပြခြင်းတွင် အဖြတ်အရပ် နေရာများကို မှတ်သားထားစေမည်။
- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။

သင်ခန်းစာ (၁၄) ပုဂံ
အကြိမ်စာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ပုဂံသင်ခန်းစာပါ အကြောင်းအရာကို သိရှိရန်
- စာပိုဒ်များ၏ ဆိုလိုရင်းကိုပြောတတ်ရေးသားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက “ကလေးတို့ပုဂံကို ရောက်ဖူးကြသလား။ ကြားဖူးကြသလား။ ဘယ်လိုနေရာတွေရောက်ဖူးသလဲ” ဟုမေးပြီး ဖြေစေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာ၏ ပထမဆုံးရုပ်ပုံကို ကြည့်စေပြီး ကလေးများကို “ဘာတွေ တွေ့သလဲ။ ကလေးတို့ ဘယ်လိုထင်သလဲ။ ပြောကြည့်ကြရအောင်”ဟုပြောပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ကလေးများပြောကြားသည်များကို သင်ပုန်းမှတ်ချက်ရေးထားရပါမည်။
- ⊙ ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြကာ အဖြတ်အရပ် နေရာများကို မှတ်သားထားစေမည်။
- ကလေးများ ဆရာဖတ်ပြသည့်အတိုင်း နောက်မှလိုက်ကာ ဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- တစ်တန်းလုံး အစအဆုံး ဖတ်စေပြီးမှ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။
- ⊙ ဆရာက“ပုဂံအကြောင်း ဖတ်ကြည့်လိုက်တဲ့အခါ ကလေးတို့ တွေးထားတာနဲ့တူရဲ့လား။ အခုဖတ်ပြီးတဲ့အခါမှာ ကလေးတို့ရဲ့ထင်မြင်ချက်ကိုပြောပါအုံး”ဟု မေးပါမည်။

နိဂုံးချုပ်ခြင်း

- “ပုဂံအကြောင်း နောက်စာသင်ချိန်မှာ အကြောင်းအရာ အသေးစိတ်ကို ဆက်ပြောကြမယ်နော်” ဟု ပြော၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိထင်မြင်ချက်များ ပြောနိုင်ခြင်း ရှိ မရှိနှင့် သင်ခန်းစာကိုဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်စာသင်ခဲ့ကြပြီနော်။ အခုစာတစ်ပိုဒ်ချင်းစီကို ဖတ်ကြည့်ရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ပထမစာပိုဒ်ကို ဖတ်ပြပါမည်။ ကလေးများ ဆရာ့နောက်မှ ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများ ပြောသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါကဆရာကဖြည့်စွက်ပြောကြားမည်။ ခက်ဆစ်စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။
- ဆရာက ပထမစာပိုဒ်၏အနှစ်ချုပ်ကိုမေး၍ နားလည်သလို တစ်ဦးချင်းဖြေစေပါမည်။
- ⊙ ထို့နောက်ဆရာက ပထမဆုံးပုံနှင့် သရပါတံခါးပုံကိုကြည့်စေကာ "ရောဝတီမြစ်က ဘယ်နေရာမှာလဲ။ ဘာတွေတွေ့ရသလဲ"ဟု မေးပါမည်။
- ⊙ မေးခွန်း (၁) ဖြစ်သော ပုဂံမြို့တည်နေရာကိုမေး၍ ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ပထမစာပိုဒ်၏အနှစ်ချုပ်ကို ဖြည့်စွက်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၁) ကို မှန်ကန်စွာ ဖြေနိုင်ခြင်း ရှိမရှိနှင့် ပထမစာပိုဒ်ကိုနားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၁၄ ပုဂံ



၁ ကျွန်မတို့မိသားစုသည် နွေရာသီကျောင်းပိတ်ရက်က ပုဂံမြို့သို့ ဘုရားဖူး လေ့လာရေး ခရီးသွားခဲ့ကြပါသည်။ ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ရောဝတီမြစ် အရှေ့ဘက်ကမ်းပေါ်၌ တည်ရှိပါသည်။ ပုဂံမြို့ဟောင်း၏အဝင်ဝတွင် သရပါတံခါး၊ ကျုံးဟောင်းနှင့် မြို့ရိုးဟောင်းရှိပါသည်။ ထိုမြို့ရိုးကို မြန်မာသက္ကရာဇ်၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းက တည်ခဲ့သည်ဟု ဖေဖေကပြောပါသည်။

ပုဂံမြို့သည် မြန်မာတို့၏ အလွန်ခမ်းနားကြီးကျယ်သော သမိုင်းဝင်ရှေးဟောင်းမြို့တော်ကြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က တည်ခဲ့သော မြို့တော်ပုဂံတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ အနုပညာလက်ရာများ ထွန်းကားခဲ့ပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံကို မြတ်နိုးကြွေးမြော်စိတ်ဖြစ်ကြောင်း ဖေဖေက ကျွန်မတို့ကို ရှင်းပြပါသည်။

ရှေးခေတ်ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ်မြန်မာတိုင်းရင်းသားတို့က စည်းလုံးညီညွတ်စွာ စုပေါင်းတည်ထောင်ခဲ့သည်ဟု ကျွန်မတို့ မှတ်သားရပါသည်။ ပုဂံသည် အနော်ရထာမင်းလက်ထက်မှစ၍ ထင်ရှားလာခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ ဩဝါဒဖြင့် ဗုဒ္ဓသာသနာ့ ထွန်းကားအောင် စွမ်းဆောင်ခဲ့ပါသည်။


သရပါတံခါး

အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- ခက်ခဲသောပါဠိဆင့် စကားလုံးများ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။
- စကားလုံးများ ရေးသားနေချိန်တွင် ဆရာက အတန်းတွင်းလှည့်လည်ကြည့်ရှုမည်။

DBE Box - Copyright Protected

သင်ခန်းစာ ၁၄ ပုဂံ



ကျွန်မတို့မိသားစုသည် နွေရာသီကျောင်းပိတ်ရက်က ပုဂံမြို့သို့ ဘုရားဖူး လေ့လာရေး ခရီးသွားခဲ့ကြပါသည်။ ပုဂံမြို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ရောဝတီမြစ် အရှေ့ဘက်ကမ်းပေါ်၌ တည်ရှိပါသည်။ ပုဂံမြို့ဟောင်း၏အဝင်ဝတွင် သရပါတံခါး၊ ကျုံးဟောင်းနှင့် မြို့ရိုးဟောင်းရှိပါသည်။ ထိုမြို့ရိုးကို မြန်မာသက္ကရာဇ်၂၁၁ ခုနှစ်တွင် ပျဉ်ပြားမင်းက တည်ခဲ့သည်ဟု ဖေဖောပြောပါသည်။

J ပုဂံမြို့သည် မြန်မာတို့၏ အလွန်ခမ်းနားကြီးကျယ်သော သမိုင်းဝင်ရှေးဟောင်းမြို့တော်ကြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်က တည်ခဲ့သော မြို့တော်ပုဂံတွင် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ အနုပညာလက်ရာများ ထွန်းကားခဲ့ပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံကို မြတ်နိုးကြခြင်းဖြစ်ကြောင်း ဖေဖော ကျွန်မတို့ကို ရှင်းပြပါသည်။

ရွှေဂေတ်ပုဂံပြည်ကြီးသည် မြန်မာတို့၏ ပထမမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပုဂံခေတ် မြန်မာနိုင်ငံကို ထိုခေတ်မြန်မာတိုင်းရင်းသားတို့က စည်းလုံးညီညွတ်စွာ စုပေါင်းတည်ထောင်ခဲ့သည်ဟု ကျွန်မတို့ မှတ်သားရပါသည်။



ပုဂံသည် အနော်ရထာမင်း လက်ထက်မှစ၍ ထင်ရှားလာခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ ဩဝါဒဖြင့် ဗုဒ္ဓသာသနာ ထွန်းကားအောင် စွမ်းဆောင်ခဲ့ပါသည်။

အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေပါမည်။
- ဆရာက အောက်ပါစကားလုံးများ မပါဝင်ပါက ဖြည့်စွက်ပြောမည်။
  စပ်လျဉ်း၊ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဓမ္မရာဇက
- စကားလုံးများရေးသားနေချိန်တွင် ဆရာက အတန်းတွင်းလှည့်လည်ကြည့်ရှုမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ဒုတိယစာပိုဒ်ကိုဖတ်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ဒုတိယစာပိုဒ်ကို ဖတ်ပြပါမည်။ ကလေးများ ဆရာ့နောက်မှ ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသည့် စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ဖြေဆိုချက်မပြည့်စုံပါက ဆရာကဖြည့်စွက်ပြောကြားမည်။ စကားလုံးများကို မှတ်စုစာအုပ်တွင် ရေးသားစေမည်။
- ⊙ ဆရာက ဒုတိယစာပိုဒ်တွင်ပါဝင်သော အကြောင်းအရာထဲမှ "မြန်မာတို့က ဘာကြောင့်ပုဂံကိုမြတ်နိုးကြတာလဲ"ဟူသော မေးခွန်းကိုမေး၍ ကလေးတစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ⊙ မေးခွန်း(၂) ဖြစ်သော ပုဂံနိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့သော မင်းကောင်းမင်းမြတ် အမည်များကို မေး၍ ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ဒုတိယစာပိုဒ်တွင်ပါဝင်သောအကြောင်းအရာကို ဖြည့်စွက်ပြောပြခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း(၂)ကို မှန်ကန်စွာ ဖြေနိုင်ခြင်း ရှိမရှိနှင့် ဒုတိယစာပိုဒ်ကို နားလည်သလို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ပုဂံအကြောင်း တတိယစာပိုဒ်ကို ဆက်ပြီး ဖတ်ကြည့်ကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက တတိယစာပိုဒ်ကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများကို မှတ်စုတွင် ရေးစေမည်။
- ထို့နောက် တတိယစာပိုဒ်မှ “မင်းနဲ့ ပြည်သူ ဘယ်လိုလက်တွဲကူသလဲ”ဟုမေးကာ ကလေးတစ်ဦးချင်း နားလည်သလို ပြောစေပါမည်။ (ပူးပေါင်းဆောင်ရွက်သည်ဟူသော အဖြေမှန်သမျှ မှန်သည်ဟု ယူဆရပါမည်။)
- မေးခွန်း (၃)နှင့် (၄) ကိုမေး၍ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက တတိယစာပိုဒ်အနှစ်ချုပ်ကို ဖြည့်စွက်ပြောပြကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၃) နှင့် (၄) ကို မှန်ကန်စွာဖြေနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်အနှစ်ချုပ်ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၁၄။ ပုဂံ

၂ ဗုဒ္ဓဘာသာကို ပုဂံသားတို့ သက်ဝင်ယုံကြည်သဖြင့် ဘုရားပုထိုးစေတီမြောက်မြားစွာ တည်ထားကိုးကွယ်ခဲ့ကြသည်။ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူစသည့် မင်းကောင်းမင်းမြတ်တို့သည် ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း ကျွန်မတို့ မှတ်သားရပါသည်။

၃ ကျွန်မတို့မိသားစုသည် ရှေးခေတ် ပုဂံပြည်ကြီး စည်ပင်သာယာပုံနှင့် စပ်လျဉ်း၍ ပုဂံမြို့ဟောင်း ဒေသတစ်ဝိုက်တွင် ရှေးဟောင်းဘုရားပုထိုးစေတီများ လက်ညှိုးထိုးမလွဲမြောက်မြားစွာ တည်ရှိနေသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ပုဂံမြို့ရှိ ဘုရားပုထိုးများမှာ ငလျင်ဒဏ်များကြောင့် ပြိုပျက်ခဲ့သည်။ မင်းနှင့်ပြည်သူလက်တွဲကူ၍ ခေတ်အဆက်ဆက် ပြန်လည်မွမ်းမံခဲ့ကြသည်ဟု သိရပါသည်။

ရွှေစည်းခုံ
အာနန္ဒာ
ဓမ္မရံကြီး
သဗ္ဗညု

ကျွန်မတို့သည် ပုဂံရှိထင်ရှားသော ဘုရားများဖြစ်သည့် ဗူးဘုရား၊ ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ လောကနန္ဒာ၊ မနူဟာ၊ ကန်တော့ပလ္လင်၊ ဓမ္မရံကြီး၊ အလိုတော်ပြည့်၊ ဓမ္မရာဇက စသောဘုရားပုထိုးများကို ကြည်ညိုစွာ ဖူးမြော်ခဲ့ပါသည်။ ပုဂံဒေသတွင် သဗ္ဗညုသည် ဉာဏ်တော်အမြင့်ဆုံး၊ ဓမ္မရံကြီးသည် ထုထည်အကြီးဆုံး၊ အာနန္ဒာသည် အနုပညာလက်ရာ အမြောက်ဆုံး၊ ရွှေစည်းခုံ ဘုရားကြီးမှာ တန်ခိုးအကြီးအဆုံးဖြစ်ကြောင်း “ထု ဓမ္မရံ၊ ဉာဏ် သဗ္ဗညု၊ အနု အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ”ဟူ၍ အစဉ်အလာစကားအဆိုရှိခဲ့ပါသည်။ ထိုဘုရားပုထိုးများတွင် ပုဂံခေတ် ဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီများကိုလည်း အံ့သြဖွယ်တွေ့မြင်ခဲ့ပါသည်။

၃၈

အရေးကြီးသောအချက်များ

- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- မေးခွန်းများကို လွတ်လပ်စွာ ဖြေဆိုခွင့်ပေးရပါမည်။
- မေးခွန်း (၃)နှင့် (၄) ကို ကလေးများအား လွတ်လပ်စွာပြောစေကာ ဆရာက ဖြည့်စွက်ပြောစေမည်။

DBE Box – Copyright Protected


နံရံဆေးရေးပန်းချီ


စိသုကာလက်ရာ

၄ ကျွန်မတို့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်ရှိ ရာဇကုမာရ်ကျောက်စာကို ကြည့်ရှုခဲ့ပါသည်။ ယွန်းသိပ္ပံကောလိပ်သို့လည်းဝင်၍ လေ့လာခဲ့ပါသည်။ ပုဂံဒေသလက်ဆောင်အဖြစ် ယွန်းထည်ပစ္စည်း၊ သနပ်ခါး၊ ပုံးရည်ကြီးနှင့် အခြား အမှတ်တရပစ္စည်းများကိုလည်း ဝယ်ယူနိုင်ပါသည်။ ပုဂံတွင် ဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသည်များလည်း မြန်မာ့ယဉ်ကျေးမှုကို လေ့လာကြပါသည်။ ကမ္ဘာလှည့်ခရီးသည်တို့သည် ယဉ်ကျေးမှုအနုပညာလက်ရာနှင့် ပုဂံ၏ ဆည်းဆာအလှကိုလည်း ခံစားကြည့်ရှုကြပါသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက်စကို)က ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ပုဂံနှင့်ပတ်သက်၍ ကျွန်မတို့ ဆက်လက်လေ့လာရဦးမည်ဟု ဖေဖေမှာကြားပါသည်။ ကျွန်မသည် ပုဂံမြို့တောင်းကို လေ့လာရင်း ရှေးခေတ်ပုဂံပြည်သားတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများအတွက် ဂုဏ်ယူမိပါသည်။ ကျွန်မတို့သည် ပုဂံတွင် လေ့လာပြီးနောက် ပျော်ရွှင်စွာ ပြန်ခဲ့ကြပါသည်။


ရာဇကုမာရ်ကျောက်စာ


ပုဂံဒေသလက်ဆောင်


ပုဂံရှေးဟောင်းသုတေသနပြတိုက်

အရေးကြီးသောအချက်များ

- ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက ဖြည့်စွက်ပြောရပါမည်။
- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- မေးခွန်းများကို လွတ်လပ်စွာ ဖြေဆိုခွင့်ပေးရပါမည်။
- ကလေးများဖြေဆိုရာတွင် မိမိတို့အပြောစကားပုံစံအတိုင်း လွတ်လပ်စွာဖြေဆိုစေပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက စတုတ္ထစာပိုဒ်ကို ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- စတုတ္ထစာပိုဒ်ကို ဖတ်စေပါမည်။
  (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင် ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများကို မှတ်စုတွင် ရေးစေမည်။
- ⊙ ထို့နောက် စတုတ္ထစာပိုဒ်မှ "ကမ္ဘာလှည့်ခရီးသည်တွေက ယဉ်ကျေးမှုအနုပညာလက်ရာနဲ့ ပုဂံရဲ့ဆည်းဆာအလှကို ဘာကြောင့်ခံစားကြည့်ရှုကြတာလဲ"ဟု မေး၍ တစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ⊙ မေးခွန်း (၅) ဖြစ်သော ပုဂံဒေသလက်ဆောင်များကို မေး၍ ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက စတုတ္ထစာပိုဒ်၏အနှစ်ချုပ်ကို ဖြည့်စွက်ပြောပြကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၅)ကိုမှန်ကန်စွာ ဖြေနိုင်ခြင်း ရှိမရှိနှင့် စတုတ္ထစာပိုဒ်ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ နောက်ဆုံးစာပိုဒ်ကို ဖတ်ကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- နောက်ဆုံးစာပိုဒ်ကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသော စကားလုံးများကို သင်ပုန်းတွင်ရေးကာ ထိုစကားလုံးများ၏ အဓိပ္ပာယ်ကို မေးမည်။
- ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားမည်။ စကားလုံးများကိုမှတ်စုတွင် ရေးသားစေမည်။
- ထို့နောက် နောက်ဆုံးစာပိုဒ်ကို ကလေးတစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ⊙ ဆရာက မေးခွန်း (၆) ဖြစ်သော ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေ့ကို မေး၍ ဖြေစေပါမည်။
- ⊙ ထို့နောက်ဆရာက "ပုဂံကဘာကြောင့်ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရတာလဲ"ဟု မေး၍ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက စတုတ္ထစာပိုဒ်၏ဆိုလိုရင်းကို ဖြည့်စွက်ပြောပြကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၆) ကိုမှန်ကန်စွာဖြေနိုင်ခြင်း ရှိမရှိ နှင့်နောက်ဆုံး စာပိုဒ်ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။





၄ ကျွန်မတို့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်ရှိ ရာဇကုမာရ်ကျောက်စာကို ကြည့်ရှုခဲ့ပါသည်။ ယွန်းသိပ္ပံကောလိပ်သို့လည်းဝင်၍ လေ့လာခဲ့ပါသည်။ ပုဂံဒေသလက်ဆောင်အဖြစ် ယွန်းထည်ပစ္စည်း၊ သနပ်ခါး၊ ပုံရည်ကြီးနှင့် အခြား အမှတ်တရပစ္စည်းများကိုလည်း ဝယ်ယူနိုင်ပါသည်။ ပုဂံတွင် ဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသည်များလည်း မြန်မာ့ယဉ်ကျေးမှုကို လေ့လာကြပါသည်။ ကမ္ဘာလှည့်ခရီးသည်တို့သည် ယဉ်ကျေးမှုအနုပညာလက်ရာနှင့် ပုဂံ၏ ဆည်းဆာအလှကိုလည်း ခံစားကြည့်ရှုကြပါသည်။

၅ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက်စကို)က ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ ပုဂံနှင့်ပတ်သက်၍ ကျွန်မတို့ ဆက်လက်လေ့လာရဦးမည်ဟု ဖေဖေကမှာကြားပါသည်။ ကျွန်မသည် ပုဂံမြို့ဟောင်းကို လေ့လာရင်း ရှေးခေတ်ပုဂံပြည်သားတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများအတွက် ဂုဏ်ယူမိပါသည်။ ကျွန်မတို့သည် ပုဂံတွင် လေ့လာပြီးနောက် မော်လ္မွှင်စွာပြန်ခဲ့ကြပါသည်။







အရေးကြီးသောအချက်များ

- ကလေးများဖြေဆိုရာတွင် မိမိတို့အပြောစကားပုံစံအတိုင်း လွတ်လပ်စွာဖြေဆိုစေပါမည်။
- ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားစေကာ တစ်တန်းလုံး၊ အဖွဲ့လိုက် ဖတ်စေမည်။
- မေးခွန်းများကို လွတ်လပ်စွာ ဖြေဆိုခွင့်ပေးရပါမည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- ခက်ခဲသောပါဠိဆင့် စကားလုံးများ၊ စာကြောင်းများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။
- ပါဠိဆင့်စကားလုံးများကို မှန်ကန်စွာ ရေးသားနိုင်ရန် လေ့ကျင့်မည်။ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဓမ္မရာဇာ၊ ယွန်းထည်ပစ္စည်း
- မှတ်စုစာအုပ်၏အဖြေများကို စစ်ဆေးမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ သင်ခန်းစာထဲက ပါဠိဆင့်စကားလုံးတွေရဲ့ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ကြရအောင်"ဟု ပြော၍ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပါဠိဆင့်စကားလုံးများမှ "အာနန္ဒာ"ဟူသော စကားလုံးသည် အာနန်ဒါမှ အာနန္ဒာ ဟုပြောင်းလဲရေးသားခြင်း ကိုရှင်းပြပါမည်။
- စကားလုံးပြောင်းလဲရေးသားပုံကိုသင်ပုန်းတွင်ရှင်းပြရမည်။
- ဆရာက လေ့ကျင့်ခန်းတွင်ပါဝင်သော ကျန်ပါဠိဆင့်များကို ဆက်၍ရှင်းပြပါမည်။
- သင်ခန်းစာတွင်ပါဝင်သော ပါဠိဆင့်စကားလုံးများကို မှတ်စုတွင် ရေးစေပါမည်။

နိဂုံးချုပ်ခြင်း

- စာအုပ်များကိုလဲလှယ်ကာ နှစ်ယောက်တစ်တွဲ စစ်ဆေးစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပါဠိဆင့်စကားလုံးများကို မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီနေ့တော့ ဝါကျတွေလေ့ကျင့်ကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက “သမိုင်းဝင် ” ဟူသော စကားလုံးကို ဝါကျဖွဲ့ပြီး နမူနာ စာကြောင်း ဖွဲ့ပြမည်။
- “မြို့တော်” ဟူသော စကားလုံးကို နှစ်သက်ရာ ဝါကျ ဖွဲ့စေမည်။
- ⊙ ကလေးများပြောသော ဝါကျများကို သင်ပုန်းတွင်ရေးကာ သဒ္ဒါမှားယွင်းပါက ဆရာက ပြင်ပေးမည်။
- ဆရာရေးထားသော စာကြောင်းများကို မှတ်စုစာအုပ်တွင် ကူးရေးစေမည်။
- ကျန်စကားလုံးများကို ဝါကျများဖွဲ့စေကာ အချင်းချင်းပြော ပြီးနောက် မှတ်စုတွင် ရေးသားစေမည်။
- ရေးသားထားသော ဝါကျများကို ပြောစေကာ မှားယွင်းနေပါက ဆရာက ပြင်ဆင်ပေးမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ပုဂံအကြောင်း တစ်တန်းလုံး ဖတ်စေခြင်းဖြင့် နိဂုံးချုပ် ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၁၄။ ပုဂံ

ဧက်ဆစ်

၁။ မြို့ပိုး = နန်းတော်တည်ရှိရာ မြို့ပတ်လည်တွင် ကာရံထားသည့်တံတိုင်း။
၂။ သမိုင်းဝင် = သမိုင်းတွင်မှတ်တမ်းတင်ခံရသော။
၃။ ဩဝါဒ = ဆုံးမစကား။
၄။ ဗိသုကာလက်ရာ = ဆောက်လုပ်မှုဆိုင်ရာပညာ။
၅။ နံရံဆေးရေးပန်းချီ = ဂူဘုရားအတွင်းရှိ နံရံများတွင် ဆေးရောင်စုံဖြင့် ရေးခြယ်သော ပန်းချီ။
၆။ သုတေသန = တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း။
၇။ ဆည်းဆာ = နေဝင်ချိန်။

လေ့ကျင့်ခန်း

အောက်ပါ ပါဠိဆင့်စကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဓမ္မရာဇာ၊ ယွန်းထည်ပစ္စည်း

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
သမိုင်းဝင်၊ မြို့တော်၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဩဝါဒ

သာဓက
သမိုင်းဝင် ။ ။ ပုဂံမြို့သည် ရှေးဟောင်းသမိုင်းဝင်မြို့ဟောင်းဖြစ်သည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
၁။ ပုဂံမြို့၏ တည်နေရာကို ဖော်ပြပါ။
၂။ ပုဂံပြည်ကြီးတွင် ထီးနန်းစိုက်ကာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မင်းကောင်းမင်းမြတ် အမည်များကို ဖော်ပြပါ။
၃။ ရှေးဟောင်းပုဂံမြို့မှ ထင်ရှားသော ဘုရားများကိုဖော်ပြပါ။
၄။ “ထို ဓမ္မရာ၊ ဉာဏ် သဗ္ဗညု၊ အနု အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ”ဟူသည့် စကား၏ အဓိပ္ပာယ်ကိုရေးပါ။
၅။ ပုဂံဒေသ လက်ဆောင်များကို ဖော်ပြပါ။
၆။ ပုဂံဒေသကို မည်သည့် ခုနှစ်၊ လ၊ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် မည်သည့်အဖွဲ့အစည်းက သတ်မှတ်ခဲ့သနည်း။
၇။ ပုဂံမြို့သည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့် ဂုဏ်ယူစရာကောင်းသနည်း။

၄၀

အရေးကြီးသောအချက်များ

- ဆရာက ကလေးများ ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးမည်။

DBE Box - Copyright Protected



အရေးကြီးသောအချက်များ

- ကလေးများဖြေဆိုရာတွင် မိမိတို့အပြောစကားပုံစံအတိုင်း လွတ်လပ်စွာဖြေဆိုစေပါမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ပုဂံအကြောင်းက စိတ်ဝင်စားစရာအချက်တွေကို ပြောကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများကို စာတစ်ပုဒ်လုံးဖတ်စေပြီး ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများကို ကြည့်စေပါမည်။
- ⊙ ဆရာက "ပုဂံနဲ့ပတ်သက်ပြီး ရုပ်ပုံတွေအများကြီးပဲရှိတယ်။ အဲဒီပုံထဲက ဘယ်နေရာကိုသွားချင်သလဲ" "ဘာလုပ်ဖို့ သွားချင်သလဲ" "ဘာ့ကြောင့်သွားချင်သလဲ" "ဘာတွေရှိမယ်ထင်မလဲ" ဟူသော မေးခွန်းများကို တစ်ခုစီမေး၍ ကလေးများကို ဖြေစေပါမည်။
- ⊙ ဖြေဆိုရာတွင် တစ်ဦးချင်းစီ မိမိသွားချင်သော စိတ်ဝင်စားသော နေရာများကိုမှတ်စုတွင်ရေးသားစေပါမည်။
- ထို့နောက် မှတ်စုကိုအခြေခံကာ နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- ရေးသားပြီးပါက ကလေးဦး ၃ဦးကို ဖြေစေပါမည်။
- ⊙ ကလေးများ၏အဖြေကို ဆရာကသင်ပုန်းမှတ်ချက် ရေးထားရပါမည်။
- ⊙ သွားရောက်လိုသောနေရာ၊ စိတ်ဝင်စားသောနေရာ တူညီနေသော ကျောင်းသားများရှိပါက အကြောင်းရင်းကိုပါ ပြောစေရပါမည်။

နိဂုံးချုပ်ခြင်း

- "နောက်တစ်ချိန်မှာ မေးခွန်း (၇) ကို ဖြေကြည့်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိစိတ်ဝင်စားသောနေရာအကြောင်းကို အကြောင်းရင်းနှင့်တကွပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြမ်းပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့မေးခွန်းနံပါတ် (၇)ကို ဆက်ဖြေကြည့်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးမည်။

လုပ်ငန်းစဉ်

- မေးခွန်း (၇) ကိုဖြေနိုင်ရန် ပုဂံအကြောင်း အစအဆုံး ပြန်ဖတ်စေပါမည်။
- တစ်ဦးစီကို တစ်ပိုဒ်စီဖတ်စေပြီး အားလုံးကို နားထောင်စေပါမည်။
- မေးခွန်း (၇) ကို ဖတ်စေပြီး ကလေးများကိုတစ်ဦးချင်း စဉ်းစားစေပါမည်။
- ⊙ ဆရာက "ပုဂံအကြောင်းကို ဖတ်တဲ့အခါ ဘယ်အကြောင်းအရာတွေက စိတ်ဝင်စားဖို့ကောင်းသလဲ။ ဂုဏ်ယူစရာကောင်းတဲ့အချက်တွေက ဘာတွေလို့ထင်သလဲ"ဟူသော မေးခွန်းများကို မေးရပါမည်။
- ⊙ ထို့နောက် နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပြီး ထင်မြင်ချက်ကို ပြောစေပါမည်။
- နှစ်ယောက်တစ်တွဲ စဉ်းစားထားသော အဖြေကို ကလေး ၃၊ ၄ဦးအား အတန်းရှေ့တွင် ပြောစေပါမည်။
- ထို့နောက် မှတ်စုစာအုပ်တွင် ရေးစေပြီး ဆရာက စစ်ဆေးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ပုဂံဒေသသည် ဂုဏ်ယူစရာ ယဉ်ကျေးမှုနယ်မြေဖြစ်ကြောင်း ပြောပြပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေး၍ မေးခွန်းကို ဖြေဆိုနိုင်ခြင်း၊ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- မေးခွန်းများကို နှစ်ယောက်တစ်တွဲ စဉ်းစားကာ ဖြေကြားစေမည်။
- မဖြေဆိုနိုင်သော ကလေးများ ရှိပါက ဆရာက ကူညီပေးမည်။
- ဆရာက မှတ်စုစာအုပ်၏အဖြေများကို စစ်ဆေးမည်။

မေးခွန်း (၇) နမူနာအဖြေ

ပုဂံယဉ်ကျေးမှုနယ်မြေသည် ရှေးနှစ်ပေါင်းတစ်ထောင်ခန့်က တည်ခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာနယ်မြေဖြစ်၍မြန်မာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာလက်ရာများထွန်းကားသောဒေသဖြစ်သဖြင့်မြန်မာနိုင်ငံအတွက် အလွန်ဂုဏ်ယူစရာကောင်းပါသည်။

DBE Box – Copyright Protected

သင်ခန်းစာ ၁၅ ဝါကျတွေချဲ့ထွင်ကြည့်ကြမယ်

နမူနာ စာကြောင်းကို ကြည့်ပြီး ဝါကျတွေချဲ့ထွင်ဖြေကြမယ်။

ကျော်ကျော် သွားတယ်။



(က) ကျော်ကျော် **ကျောင်းကို** သွားတယ်။ (**ဘယ်နေရာ**)

(ခ) ကျော်ကျော် ကျောင်းကို **ကားနဲ့** သွားတယ်။ (**ဘယ်နေရာ၊ ဘာနဲ့**)

(ဂ) ကျော်ကျော် ကျောင်းကို **မနက် ၈ နာရီမှာ** ကားနဲ့ သွားတယ်။
(**ဘယ်နေရာ၊ ဘယ်အချိန်၊ ဘာနဲ့**)

(ဃ) ကျော်ကျော် ကျောင်းကို **ညီမလေးနဲ့** မနက် ၈ နာရီမှာ သွားတယ်။
(**ဘယ်နေရာ၊ ဘယ်သူနဲ့၊ ဘယ်အချိန်**)



ပေးထားတဲ့ နမူနာဝါကျတွေဟာ တစ်ကြောင်းနဲ့တစ်ကြောင်း ဘယ်လိုကွာခြားသွားသလဲ စဉ်းစားကြည့်ရအောင်

ဝါကျတွေကို ဘယ်လိုချဲ့ထွင်ရေးလို့ရသလဲဆိုတာ ဓယားကိုကြည့်ပြီး စဉ်းစားကြရအောင်။

ဘယ်သူက	ဘယ်နေရာကို ဘယ်အချိန်မှာ ဘယ်သူနဲ့ ဘာနဲ့	သွားခဲ့သလဲ။

သင်ခန်းစာ (၁၅) ဝါကျတွေချဲ့ထွင်ကြည့်ကြမယ်
အကြေပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ပေးထားသော ဝါကျကို ချဲ့ထွင်ရေးသားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ သင်ခန်းစာထဲမှာ ဝါကျတွေ ဘယ်လိုချဲ့ထွင်ရမလဲ ဆိုတာ လေ့လာကြည့်ကြရအောင်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပေးထားသော ဝါကျကို ဆရာက ဖတ်ပြမည်။
- ဆရာဖတ်ပြီးပါက ကလေးများကိုဖတ်စေမည်။
- ဆရာကပေးထားတဲ့နမူနာဝါကျတွေမှာဝါကျ တစ်ကြောင်းနဲ့တစ်ကြောင်း ဘယ်လိုကွာခြားသွားသလဲဆိုတာ စဉ်းစားကြည့်ရအောင်။
- ဆရာကသင်ခန်းစာပါ ဝါကျများကိုသင်ပုန်းတွင်ရေးပြမည်။
- ဝါကျများတွင် မည်ကဲ့သို့ စကားလုံးများ ထပ်ဖြည့်သည်ကို ကလေးတစ်ဦးချင်းစီ လေ့လာစေပြီး အချင်းချင်းတိုင်ပင်စေမည်။
- "ပထမဝါကျမှ စတုတ္ထဝါကျအထိ မည်သည့်စကားလုံးများ ထပ်ဖြည့်၍ ဝါကျချဲ့ထွင်ထားသည်ကို တစ်ဦးချင်းစီ လေ့လာစေပြီး ကလေးများကို မေးပါမည်။
- ထို့နောက် ဆရာက ဇယားကိုသင်ပုန်းတွင်ရေးပြီး ရှင်းပြရပါမည်။
- "ပေးထားတဲ့ဝါကျကို ချဲ့ထွင်ရေးဖို့ ဘယ်နေရာ၊ ဘာနဲ့ ဘယ်အချိန်၊ ဘယ်သူနဲ့ဆိုတဲ့ စကားလုံးလေးတွေ အသုံးပြုပြီး ရေးကြရမယ်နော်"ဟု ပြောပါမည်။

နိဂုံးချုပ်ခြင်း

- "နောက်အချိန်မှာ ပေးထားတဲ့ ဝါကျတွေကို တစ်ဦးစီ စဉ်းစားပြီး ချဲ့ထွင်ရေးကြည့်ကြမယ်နော်။ ဝါကျတွေကို ချဲ့ထွင်ရေးဖို့ ဆိုရင် ခုလိုစကားဆက်လေးတွေကိုအသုံးပြုပြီး ချဲ့ထွင်ရေးရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

အဓိကအချက်များ

- ဝါကျများကိုချဲ့ထွင်ရေးတတ်အောင်ဆရာကရှင်းပြရမည်။
- ဝါကျများကို ဘယ်သူက၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘာနဲ့၊ ဘယ်သူနဲ့ စကားလုံးတွေနဲ့ ဝါကျတွေကိုချဲ့ထွင် ရေးထားကြောင်း အသေးစိတ်ရှင်းပြရမည်။
- ဝါကျတွေကို ကလေးများကိုယ်တိုင် ချဲ့ထွင်ရေးသားတတ်ရမည်။

အရေးကြီးသောအချက်များ

- "ကျော်ကျော် ကျောင်းကိုသွားတယ်"ဟူသော ဝါကျတွင် ကျောင်းကိုသည် ဘယ်နေရာကို ဖော်ပြပြီး ရေးထားကြောင်း ရှင်းပြရမည်။
- "ကျော်ကျော် ကျောင်းကို ကားနဲ့သွားတယ်"ဟူသော ဝါကျတွင် ကားနဲ့သည် ဘာနဲ့ကိုဖော်ပြပြီး ရေးထားကြောင်း ရှင်းပြရမည်။
- "ကျော်ကျော် ကျောင်းကို မနက် ၈ နာရီမှာ ကားနဲ့သွားတယ်" ဟူသော ဝါကျတွင် မနက် ၈ နာရီသည် ဘယ်အချိန်ကို ဖော်ပြပြီး ရေးထားကြောင်း ရှင်းပြရမည်။
- "ကျော်ကျော် ကျောင်းကို ညီမလေးနဲ့ မနက် ၈ နာရီမှာ ကားနဲ့ သွားတယ်"ဟူသော ဝါကျတွင် ညီမလေးနဲ့သည် ဘယ်သူနဲ့ကို ဖော်ပြပြီး ရေးထားကြောင်း ရှင်းပြရမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သင်ခန်းစာပါ“ကျော်ကျော်သွားတယ်” ဆိုသော ဝါကျကို ဘယ်နေရာ၊ ဘာနဲ့၊ ဘယ်အချိန်၊ ဘယ်သူနဲ့ ဟူသော စကားလုံးများဖြင့် ဝါကျချဲ့ထွင် ရေးထားကြောင်း ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- “ဒုတိယအချိန်မှာ ကလေးတို့ကိုယ်တိုင် ဝါကျတွေ ချဲ့ထွင် ရေးကြည့်ရအောင်နော်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- အရင်အချိန်က“ ဘယ်နေရာ၊ ဘာနဲ့၊ ဘယ်အချိန်၊ ဘယ်သူနဲ့စတဲ့ မေးခွန်းတွေသုံးပြီး ဝါကျတွေ ဘယ်လို ချဲ့ထွင်ရေးခဲ့သလဲ ပြောပါအုံး” ဟုမေးပါမည်။
- ဆရာက ဝါကျတစ်ကြောင်းကိုရေးပြကာ ကလေးတစ်ဦးချင်းစဉ်းစားစေပြီး အချင်းချင်း တိုင်ပင်စေမည်။
- “သူဇာစားတယ်”ဆိုသော ဝါကျတစ်ကြောင်းကို ဆရာက ရေးပြီးရှင်းပြမယ်။ ကျန်တဲ့ဝါကျတွေကို ကလေးတို့ကိုယ်တိုင် စဉ်းစားပြီးရေးကြရမယ်နော်” ဟုပြောပါမည်။
- “ပထမဦးဆုံးရေးတဲ့အခါမှာ ဘယ်နေရာဆိုတာကိုအရင် စဉ်းစားစေပြီးရေးရမယ်”
- “ဒုတိယ ဝါကျမှာ ဘာနဲ့ဆိုတာကိုထပ်ဖြည့်ပြီးရေးရမယ်”
- “တတိယ ဝါကျမှာဘယ်အချိန်ဆိုတာထပ်ဖြည့်ပြီးရေးရမယ်”
- “စတုတ္ထဝါကျမှာ ဘယ်သူနဲ့ဆိုတာ ထပ်ဖြည့်ပြီးရေးရမယ်နော်” ဟုပြောပြီးရှင်းပြရမည်။
- ကလေးများပြောသောဝါကျများကိုဆရာကသင်ပုန်းတွင်ရေးပြထားရမည်။
- “သာဓကဝါကျရေးပြီးရင် သင်ခန်းစာပါ ဝါကျတွေကိုလဲ ဘာနဲ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူနဲ့ ဆိုတဲ့ စကားလုံး သုံးပြီး ချဲ့ထွင်ရေးကြည့်ရမယ်နော်”ဟု ပြောပါမည်။
- (က၊ ခ၊ ဂ၊ ဃ)တို့ကို ပေးထားတဲ့ သာဓကအတိုင်း ဝါကျလေးကြောင်းရေးရမယ်နော်။ (င၊ စ) ကို ဘယ်နေရာ၊ ဘာနဲ့၊ ဘယ်အချိန်၊ ဘယ်သူနဲ့ စကားလုံးတွေပါဝင်တဲ့ ဝါကျတစ်ကြောင်းတည်းနဲ့ ပြည့်စုံအောင် ရေးရမယ်နော်”ဟု ပြောပါမည်။

⊙ ထို့နောက် ကလေးတစ်ဦးချင်းစီ စဉ်းစားပြီး မှတ်စုစာအုပ်ထဲတွင် ရေးစေပါမည်။



အရေးကြီးသောအချက်များ

- ပေးထားသော ဝါကျများကို ချဲ့ထွင်ရေးသားနိုင်အောင် ဆရာက ကူညီပေးရမည်။
- အားနည်းသောကလေးများရှိပါက ဆရာက ကူညီပံ့ပိုး ပေးရမည်။
- ဝါကျကို ဘယ်နေရာ ၊ဘယ်အချိန်၊ ဘာနဲ့၊ ဘယ်သူနဲ့ စသည်တို့ဖြင့် ပြည့်စုံအောင်ချဲ့ထွင်ရေးသားထားလျှင် ဆရာက ချီးကျူးစကားပြောပေးရပါမည်။
- ပုံပါအတိုင်းကြည့်ရေးတာမဟုတ်ဘဲ မိမိစိတ်ကူးဖြင့်ရေးနိုင်ကြောင်း ဆရာက ပြောပေးရပါမည်။
- အချိန်မလောက်ပါက အိမ်တွင်ရေးခဲ့ရန်ပြောပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ နောက်တစ်ချိန်မှာ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်သူနဲ့၊ ဘာနဲ့ ကိုယ်တိုင်ဝါကျတွေ ချဲ့ထွင်ရေးထားတာကို အတန်းကို ပြောပြရမယ်နော်”ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများကိုယ်တိုင် နေရာ၊ အချိန် စသည်တို့ကိုထည့်ပြီး ဝါကျများ ချဲ့ထွင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected



၄၂

အရေးကြီးသောအချက်များ

- မိမိချဲ့ထွင်ရေးလိုသည့် ဝါကျများတွင် ဘယ်သူက၊ ဘာနဲ့၊ ဘယ်နေရာ၊ ဘယ်အချိန်တို့ကို ထည့်၍ပြောဆိုနိုင်ရမည်။
- ကလေးအားလုံး သူတစ်ပါးပြောဆိုနေချိန်သေချာစွာနားထောင်ရမည်။
- ဝါကျတစ်ကြောင်းကို ချဲ့ထွင်ရေးလိုလျှင် ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာနဲ့ စသည်တို့အပြင် ဘယ်သူပါလဲဆိုတာ ရေးသားနိုင်ရမည်။
- သူငယ်ချင်းရေးထားသော ဝါကျကိုကလေးများစစ်ဆေးရာတွင် ဘယ်နေရာ၊ ဘယ်အချိန်၊ ဘာနဲ့၊ ဘယ်သူနဲ့ စသော စကားလုံးများဖြင့် ရေးသားထားသည်ကို စစ်ဆေးပေးရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ကလေးတို့ ကိုယ်တိုင်ဝါကျတွေ ဘယ်လိုချဲ့ထွင်ရေးခဲ့တယ်ဆိုတာ သိပြီးပြီ။ ရေးလဲရေးခဲ့တယ်နော်။ ကိုယ်ရေးထားတဲ့ ဝါကျတွေကို အတန်းတွင်း ရှင်းပြကြရမယ်နော်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ကလေးများရေးထားသော ဝါကျများကိုနှစ်ယောက်တစ်တွဲ ဖတ်စေပါမည်။

"(ငါ၊ စ) ဝါကျနှစ်ကြောင်းကိုရေးတဲ့အခါမှာ ဇယားကွက်ထဲကအတိုင်း ချဲ့ထွင်ရေးထားသလားဆိုတာကို စစ်ဆေးရမယ်နော်"ဟု ပြောပြီး လဲလှယ်ဖတ်ရှုစေပါမည်။

- "သူငယ်ချင်းရေးထားတဲ့ ဝါကျမှာ ဘယ်လိုချဲ့ထွင်ရေးထားတယ်ဆိုတာ လေ့လာပြီးအတန်းကိုပြောပြရမယ်နော်"ဟု ပြောပါမည်။
- ကလေးများပြောပြီးပါက အခြားဝါကျသစ်များကို ကိုယ်တိုင် စဉ်းစားပြီး ရေးစေမည်။
- ထို့နောက် ကလေးများကို အတန်းရှေ့သို့ ထွက်စေပြီး မိမိမည်ကဲ့သို့ ရေးထားကြောင်းအတန်းကို ပြောစေမည်။
- ကလေးများရေးသားထားသော ဝါကျများကို ဆရာက စစ်ဆေးပေးရမည်။
- ရေးသားချက်များလိုအပ်နေပါက ဆရာက ဖြည့်စွက်ပေးရမည်။
- ဝါကျရေးရန် အားနည်းသောကလေးများရှိလျှင် ဆရာက ထပ်မံရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- "ကိုယ်ချဲ့ထွင်ရေးထားတဲ့ဝါကျတွေကို သူငယ်ချင်းအချင်းချင်း လဲလှယ်ဖတ်ပြီး အတန်းရှေ့မှာထွက်ပြောခဲ့ကြတယ်နော်။ နောက်ဆိုရင် ကိုယ်ပြောချင်ရေးချင်တဲ့စကားတွေကိုလဲ အခုလို မျိုးချဲ့ထွင် ရေးကြည့်ကြနော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပေးထားသည့် ဝါကျများကို ချဲ့ထွင်ပြီး စာကြောင်းရှည်ရေးနိုင်ခြင်း ရှိ မရှိ၊ ကလေးအချင်းချင်း ချဲ့ထွင်ရေးထားသော ဝါကျများကို ပြောပြနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၁၆) အမှတ်စဉ်တပ်ကာ ပြောကြမယ်
အကြိမ်ကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အမှတ်စဉ်တပ်ပြောခြင်းဖြင့် ပို၍ရှင်းလင်းလွယ်ကူကြောင်း သိရှိရန်
- အကြောင်းအရာတစ်ခုကို ပြောရာတွင် ဘာကြောင့်နှစ်သက်ရသည်ဆိုသည့် အကြောင်းပြချက် ပေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ ဆရာမကြိုက်နှစ်သက်တဲ့ အစားအစာတွေကို ပြောပြမယ်။ သေသေချာချာ နားထောင်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ ပုံစံ (၁)ကို ဖြည်းဖြည်းမှန်မှန် ဖတ်ပြပါမည်။
- ထို့နောက် ကလေးများကို "ဆရာမကြိုက်တဲ့ အစားအစာတွေက ဘာတွေလဲ။ ကလေးတို့ သေသေချာချာ ကြားလိုက်ရဲ့လား။ ပြန်ပြောကြည့်ပါအုံး"ဟု မေးပြီး ဖြေစေပါမည်။ ကလေးများ၏ အဖြေများကို သင်ပုန်းမှတ်ချက်ရေးပါမည်။
- "ကဲ ဒီတစ်ခါ ဆရာမက ကလေးတို့ပိုပြီး နားလည်ရလွယ်ကူအောင် နောက်ထပ်ပုံစံတစ်မျိုးနဲ့ ပြောပြမယ်"ဟု ပြောပြီး ပုံစံ (၂) ကို ဖတ်ပြပါမည်။
- "ကဲ ခုတစ်ခါ ဆရာမ ပြောပြတာကို သေသေချာချာ ကြားလိုက်ရဲ့လား။ ပြန်ပြောကြည့်ပါအုံး"ဟု မေးပြီး ဖြေစေပါမည်။ ကလေးများ ၏အဖြေများကို သင်ပုန်းမှတ်ချက်ရေးပါမည်။
- "ဆရာမဖတ်ပြတဲ့ နမူနာပုံစံနှစ်မျိုးမှာ ဘယ်ပုံစံကနားလွယ်ရလွယ်ကူသလဲ။ ဘာကြောင့်လဲ"ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။
- "ဆရာမကြိုက်နှစ်သက်တဲ့ ပန်း ၃ မျိုးကို ပုံစံ (၁) အတိုင်း ပြောပြမယ်။ ကလေးတို့က နားထောင်ထားပြီး ပုံစံ (၂) အတိုင်းပြောကြည့် ကြမယ်နော်"ဟု ပြောပြီး ကလေးများကို နားထောင်စေပါမည်။

⊙ ကလေးများ နံပါတ်စဉ်တပ်ပြီး ပြောနိုင်ရန် နှစ်ယောက်တစ်တွဲ စဉ်းစားစေပါမည်။

⊙ ထို့နောက် တစ်ဦးစီကို နံပါတ်စဉ်တပ်ပြီး ပြောစေပါမည်။



အဓိကအချက်များ

- အရေအတွက် ၂ ခုထက်ပိုပါက အမှတ်စဉ်တပ်ပြီး ပြောခြင်း သည် ပိုမိုနားလည်လွယ်ကြောင်း ပြောပြပါမည်။
- ကိုယ်နှစ်သက်တဲ့အကြောင်းအရာတစ်ခုကို ပြောတဲ့အခါမှာ ဘာကြောင့်ကြိုက်နှစ်သက်သလဲ ဆိုသည်ကိုပါ ထည့်ပြောရ မည် ဖြစ်ကြောင်း ပြောပြရပါမည်။
- အဖွဲ့လိုက်၊ တစ်ဦးချင်း အမှတ်စဉ်တပ်၍ ပြောကြားနိုင်အောင် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- စာကို ဖြည်းဖြည်းမှန်မှန် ဖတ်ပြရပါမည်။
- ပုံစံ (၁)၊ ပုံစံ (၂) ဖတ်ပြရာတွင် လိုအပ်ပါက ဆရာက ထပ်မံဖတ်ပြ ရပါမည်။
- အုပ်စုထဲမှ တစ်ဦးသာမက အချိန်ရပါက တစ်ဦးထက် မနည်း ပြောရပါမည်။
- ဆရာပြောကြားမည့် နမူနာ (ကြိုက်နှစ်သက်သောပန်း) "ဆရာမကပိတောက်ပန်းကိုနှစ်သက်တယ် ခေါင်းမှာ ပန်တာလဲ ရှိသလို ရင်ဘတ်မှာ ထိုးတာလဲရှိတယ်။ နောက်ပြီး စံပယ်ပန်းက ပန်ထားရင်မွှေးနေလို့ သူ့ကိုလဲနှစ်သက်တယ်။ နှင်းဆီပန်းကို ပန်းအိုးမှာ ထိုးရတာလဲ နှစ်သက်တယ်။"

DBF Box - Copyright Protected



အရေးကြီးသောအချက်များ

- အုပ်စုဖွဲ့ရာတွင် ကလေးအရေအတွက်ပေါ်မူတည်၍ ၃ ဦး ထက်ပို၍ အုပ်စုဖွဲ့နိုင်ပါသည်။
- ကလေးအရေအတွက်ပေါ်မူတည်ပြီး ပထမတစ်ခုကတော့. . . ၊ ဒုတိယတစ်ခုကတော့. . . ၊ တတိယတစ်ခုကတော့. . . ၊ စတုတ္ထ တစ်ခုကတော့. . . စသည်ဖြင့် ပြောစေရပါမည်။

နိဒါန်းပျိုးခြင်း

- "ကိုယ်နှစ်သက်တဲ့ အကြောင်းအရာကို အုပ်စုလိုက် တစ်ခုချင်းစီ ပြောပြီးပြီဆိုတော့ နောက်တစ်ချိန်မှာ တစ်ဦးချင်းစီ ပြောကြည့်ကြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အုပ်စုလိုက် ခေါင်းစဉ်ရွေးချယ်ရာတွင် ပါဝင်ခြင်း ရှိ မရှိ၊ ဆွေးနွေးနိုင်ခြင်း ရှိ မရှိ၊ ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဒါန်းပျိုးခြင်း

- "ကလေးတို့ အကြောင်းအရာတစ်ခုထက်ပိုရင် နံပါတ်စဉ်တပ်ပြီး ပြောတာက နားထောင်တဲ့အခါမှာ ပိုမိုရှင်းလင်း လွယ်ကူတယ်နော်။ နောက်တစ်ချိန်ကျရင် ကျောင်းသုံးစာအုပ်ထဲက ကလေးတို့ နှစ်သက်တဲ့ အကြောင်းအရာတစ်ခုကို ရွေးပြီး ပြောကြရမယ်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဆရာဖတ်ပြနေချိန် သေသေချာချာ နားထောင်ခြင်း ရှိ မရှိ၊ ဆရာမေးသော မေးခွန်းများကို ဖြေကြားနိုင်ခြင်း ရှိ မရှိ၊ ဆရာပြောပြသော ပန်း ၃ မျိုး အကြောင်းကို နံပါတ်စဉ်တပ်၍ ပြောနိုင်ရန် အုပ်စုလိုက် ဆွေးနွေးစေရာတွင် ပါဝင်ဆွေးနွေးခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- "ဒီနေ့တော့ ကျောင်းသုံးစာအုပ်ထဲက ကလေးတို့နှစ်သက်တဲ့ အကြောင်းအရာတစ်ခုကို ရွေးပြီး ပုံစံ (၂) အတိုင်း ပြောကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ နှစ်သက်တဲ့ အကြောင်းအရာကို ပြောတဲ့အခါမှာ အကြောင်းအရာ တစ်ခုထက်ပိုရင် အမှတ်စဉ်တပ်ပြီးတော့ ပြောရမယ်နော်။ အဲဒီအကြောင်းအရာကို ဘာဖြစ်လို့ကြိုက်နှစ်သက်ရတာလဲ ဆိုတာကိုပါ ပြောကြရမယ်နော်" ဟု ပြောပါမည်။
- ကလေး ၃ ဦး လျှင် တစ်အုပ်စုစီ ဖွဲ့ပေးပါမည်။
- ကလေးများကို နှစ်သက်ရာခေါင်းစဉ်တစ်ခုစီ ရွေးစေပါမည်။
- မိမိအဖွဲ့က ရွေးထားသော ခေါင်းစဉ်ကို အတန်းသို့ ပြောပြရပါမည်။ ဆရာက သင်ပုန်းမှတ်ချက်ရေးထားရပါမည်။
- ⊙ ထို့နောက် ကလေးများ စဉ်းစားထားသော ခေါင်းစဉ်ကို အုပ်စုလိုက် ဆွေးနွေးစေပါမည်။
- ထိုသို့ဆွေးနွေးပြီးပါက အတန်းရှေ့တွင် ပြောစေရပါမည်။
- အချိန်ရပါက နှစ်သက်ရာခေါင်းစဉ်တစ်မျိုးစီကို ထပ်မံရွေးချယ်စေပြီး အထက်ပါအတိုင်း ထပ်မံလုပ်ဆောင်စေပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ “ဒီနေ့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ အကြောင်းအရာလေးတွေကို တစ်ဦးချင်းစီ မှတ်စုရေးပြီး ပြောကြည့်ကြရအောင်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ကလေးများကို ကျောင်းသုံးစာအုပ်ပါ ကြိုက်နှစ်သက်သော ခေါင်းစဉ် တစ်ခုချင်းစီကို စဉ်းစားကာ မှတ်စုရေးစေပါမည်။

⊙ မှတ်စုရေးရာတွင် ပေးထားသော နမူနာပုံစံ (၂)အတိုင်း အမှတ်စဉ်တပ်ကာ စာပိုဒ်ခွဲပြီး အကြောင်းပြချက်ပါ ထည့်သွင်းရေးစေမည်။

⊙ ထို့နောက် မှတ်စုကို အခြေခံပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ တစ်ဦးပြောသည်ကို ကျန်တစ်ဦးက နားထောင်ပြီးအကြံဉာဏ် ပေးစေပါမည်။

♦ ကလေး ၃၊ ၄ဦးခန့်ကို အတန်းသို့ ပြောစေပါမည်။

♦ ကျန်ကလေးများကို မှတ်ချက်ပေးစေပါမည်။

နိဂုံးချုပ်ခြင်း

♦ “ကလေးတို့ မိမိပြောကြားလိုတဲ့အကြောင်းအရာကို အမှတ်စဉ်တပ်ပြီးပြောရမယ်။ အကြောင်းရင်းကိုလဲ ထည့်သွင်းပြောရမယ်။ ဒါဆိုရင် တစ်ဖက်လူက ပိုပြီး နားလည်ရလွယ်ကူတယ်နော်”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း နှစ်သက်ရာ အကြောင်းအရာတစ်ခုကို ရွေးချယ်ပြောနိုင်ခြင်း ရှိ မရှိ၊ နှစ်ယောက်တစ်တွဲ ဆွေးနွေးရာတွင် ပါဝင်ခြင်း ရှိ မရှိ၊ သူငယ်ချင်းကို အကြံဉာဏ်ပေးနိုင်ခြင်း ရှိ မရှိနှင့် အတန်းရှေ့ထွက်ပြောရာတွင် ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

♦ နမူနာပုံစံကို ကြည့်ပြီး တစ်ဦးချင်းစီ ခေါင်းစဉ်ရွေးချယ်ခြင်း ဖြစ်၍ ကလေးနှစ်သက်ရာခေါင်းစဉ်ကို ရွေးချယ်ခွင့် ပေးပါ မည်။

♦ တစ်ဦးချင်းစီ စဉ်းစားစေရာတွင် ကလေးအမှန်တကယ် စဉ်းစားခြင်း ရှိ မရှိ ဆရာက ကြည့်ရှုပေးရပါမည်။

♦ နှစ်ယောက်တစ်တွဲ ပြောကြားချိန်တွင်လည်း မိမိစဉ်းစားထား သော အကြောင်းအရာကို တစ်ယောက်တစ်လှည့်စီ ပြောကြား ခြင်း ရှိ မရှိနှင့် တစ်ဦးနှင့် တစ်ဦး အကြံဉာဏ်ပေးခြင်း ရှိ မရှိ ဆရာက ကြည့်ပေးရပါမည်။

♦ နှစ်ယောက်တစ်တွဲပြောရာတွင် ကလေးတစ်ဦးတည်း ကျန်ပါက ဆရာက အစားထိုးပြောပေးခြင်း သို့မဟုတ် သင့်လျော်သော အဖွဲ့တွင် ၃ဦးပြောစေခြင်းများ ပြုလုပ်ပေးရပါမည်။

♦ အချိန်ရပါက ၂ ဦး၊ ၃ ဦးထက်မနည်း ပြောကြားစေပါမည်။

DBE Box _ Copyright Protected

သင်ခန်းစာ ၁၇ ကွန်ပျူတာ (ကဗျာ)



အဓိကအချက်များ

- ကဗျာပါ ကွန်ပျူတာ၏ အသုံးဝင်ပုံကို ကလေးများအား သိရှိစေရပါမည်။
- ကဗျာပါတင်စားထားသောစကားလုံးများထဲမှ တစ်မျိုးကို ဆရာက သင်ပြပေး၍ ကျန်သောစကားလုံး ၂ ခုကို တပည့်များကိုယ်တိုင် စဉ်းစားရေးသားစေရပါမည်။

အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- ကလေးများ၏ထင်မြင်ချက်ကို လွတ်လပ်စွာပြောစေမည်။

  မဟော်သဓာ = ဘုရားလောင်းပညာရှိ။

  မှော်ဆရာ = စုန်းပယောဂ စသည်တို့နှင့်ပတ်သက်သော လောကီပညာရပ်ကို တတ်သောသူ။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်းကလေးများအားလုံး နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်း ရှိ မရှိနှင့် ကဗျာကိုရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ (၁၇) ကွန်ပျူတာ (ကဗျာ)
အကြိပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ကွန်ပျူတာအသုံးဝင်ပုံကိုသိရှိနိုင်ရန်
- ကဗျာကို အသံနေအသံထား မှန်မှန် ရွတ်ဆိုတတ်ရန်
- ကဗျာတွင်ပါဝင်သော တင်စားထားသည့် စကားလုံးများကို သိရှိပြီး ကဗျာပါအကြောင်းအရာကိုချဲ့ထွင်စဉ်းစားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ရုပ်ပုံကို ကြည့်၍ထင်မြင်သည့်အတိုင်း လွတ်လပ်စွာ ပြောစေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကဗျာခေါင်းစဉ်ကိုသင်ပုန်းတွင်ရေးပြီး ကလေးများကို "ကွန်ပျူတာနဲ့ပတ်သက်ပြီးဘာတွေသိထားတာရှိသလဲ" ဟု မေးကာ ရုပ်ပုံကိုကြည့်၍ထင်မြင်သည့်အတိုင်း လွတ်လပ်စွာ ပြောစေပါမည်။
- ဆရာက ကဗျာကိုအသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ကြိမ်ခန့်)
- ကလေးများကို ဆရာ့နောက်မှ လိုက်၍ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၃ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ကဗျာနှင့်ပတ်သက်ပြီး ကလေးများ၏ထင်မြင်ချက်ကို နှစ်ယောက်တစ်တွဲပြောစေပါမည်။ ထိုသို့ပြောရာတွင် ကဗျာ၏ နားမလည်သောနေရာနှင့် စိတ်ဝင်စားသောနေရာများကို ပြောစေပါမည်။ ကလေး ၃၊ ၄ ဦးကိုအတန်းရှေ့ပြောစေပါမည်။
- ဆရာက ကလေးမသိနိုင်သော စကားလုံးများကို ပြောပေးရပါမည်။ သာဓက ။ ။ မဟော်သဓာ၊ မှော်ဆရာ
- ထို့နောက်ဆရာက မဟော်သဓာ၊ မှော်ဆရာ စကားလုံးအဓိပ္ပာယ်ကို ကလေးများအား ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ကဗျာပါ စကားလုံးများကို ဆရာက ဖြည့်စွက်ပြောပြခြင်းဖြင့် နိဂုံးချုပ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ကဗျာကိုပြန်ဆိုကြရအောင်" ဟုပြောပြီး ရွတ်ဆိုစေကာ "ကဗျာမှာ ပုဒ်မချထားတဲ့ ကဗျာနှစ်ကြောင်းစီရဲ့ အဓိပ္ပာယ်ကိုတွေးပြီးရေးကြည့်ကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "အရင်ဆုံးကဗျာမှာပါတဲ့ တင်စားထားတဲ့စကားလုံးတွေကိုအရင်ဆွေးနွေးကြရအောင်"ဟု ပြောပါမည်။
- ⊙ ထို့နောက်ဆရာက"ပညာရှိ ဆိုတဲ့အဓိပ္ပာယ်ကို တွေးကြည့်ကြရအောင်"ဟု ပြောကာ သင်ပုန်းပေါ်တွင် ရေးပြရပါမည်။
- ⊙ ဆရာက "ဘယ်လိုလူမျိုးကိုပညာရှိလို့ခေါ်သလဲ"ဟု မေးကာ ကလေးများပြောသည်ကို ရေးပြရပါမည်။



- ⊙ ထို့နောက်ဆရာက"ပညာရှိလို တိကျပြန်ဆိုတာက ဘာကိုဆိုလိုတာလဲ"ဟု ထပ်မံမေးပါမည်။
- ⊙ ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးပြောသည့်အချက်များကို သင်ပုန်းပေါ်တွင် ဆရာက ရေးရပါမည်။
- ♦ ထို့နောက်"ရွာဆိုတဲ့အဓိပ္ပာယ်ကို တွေးကြည့်ကြရအောင်"ဟု ပြောကာ သင်ပုန်းပေါ်တွင်ရေးပြရပါမည်။ တစ်ဦးချင်းစဉ်းစားရေးကာ နှစ်ယောက်စာစီတွဲ ပြောစေပါမည်။
- ♦ ထို့နောက် ဆရာက "ကွန်ပျူတာက ကမ္ဘာကြီးကို ရွာလေးတစ်ရွာလိုပဲ ကျဉ်းနိုင်တယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ" ဟု မေးကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးရေးစေပါမည်။
- ♦ အတန်းရှေ့တွင် ၃၊ ၄ ဦးပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ ဆရာက ကလေးများ ပြောထားသည်ကို ဖြည့်စွက် ပြောပြကာ နိဂုံးချုပ်ပါမည်။

သင်ခန်းစာ ၁၇ ကွန်ပျူတာ (ကဗျာ)



၄၆

အရေးကြီးသောအချက်များ

- ♦ ပညာရှိဟူသောစကားလုံးကို ဆရာက အပြည့်အစုံ ရှင်းပြရပါမည်။
- ♦ ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက လိုအပ်သည်ကို ဖြည့်စွက်ပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၁၇ ကွန်ပျူတာ (ကဗျာ)

ကွန်ပျူတာ

ကျွန်တော့်နာမည် ကွန်ပျူတာ
ခေတ်သစ် မဟော်သဓာ။
သိလိုရာ ဖွေရှာကြည့်
အဖြေပေးနိုင်ဘိ။
ပညာရှိလို တိကျပြန်
အချက်အလက် မှန်မှန်ကန်။
မြန်မြန်ဆန်ဆန် ဆက်သွယ်သတင်း
စာပေ ရုပ်ရှင် ဂီတ သီချင်း။
ကမ္ဘာကြီးကို ကျဉ်းနိုင်တာ
ရွာလေးတစ်ရွာပမာ။
မှော်ဆရာလို အစွမ်းထက်
သိပ္ပံဦးနှောက်စက်။

မင်းချမ်းမွန်









ကွန်ပျူတာက ဘယ်လိုအသုံးဝင်သလဲဆိုတာ ကဗျာလေးကို ဖတ်ကြည့်ရင်း ပုံဖော်ကြည့်ကြရအောင်

အရေးကြီးသောအချက်များ

- ကလေးများကို လွတ်လပ်စွာပြောစေပါမည်။
- ကလေးများရေးသားရာတွင်အပြောပုံစံဖြင့်ဖြစ်စေ၊ အရေးပုံစံဖြင့်ဖြစ်စေ ဆရာက လက်ခံပေးရပါမည်။
- ရေးသားရာတွင် ကလေးအတွေးပါဝင်စေရန် သတိပြုရပါမည်။
- ဆရာက ရေးသားထားသည်ကို ဖတ်ရှုပြီး ခွီးကျူးပေးရပါမည်။

အကြေပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ကလေးတို့အခုကဗျာတစ်ပုဒ်လုံး ပြန်ဆိုကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- တစ်တန်းလုံး ကဗျာကို ရွတ်ဆိုစေပါမည်။
- ထို့နောက် "မှော်ဆရာဆိုတဲ့ အဓိပ္ပာယ်ကို တွေးကြည့်ကြရအောင်" ဟု ပြောကာ သင်ပုန်းပေါ်တွင်ရေးပြရပါမည်။
- ပညာရှိဟူသော စကားလုံးကိုသင်ကြားသကဲ့သို့ တစ်ဦးချင်းစဉ်းစားရေးကာ နှစ်ယောက်တစ်တွဲပြောစေပါမည်။
- "မှော်ဆရာလို အစွမ်းထက်"ဟူသောစကားလုံးကို လည်းအထက်ပါအတိုင်း နှစ်ယောက်တစ်တွဲ စဉ်းစားရေးစေပါမည်။
- အတန်းရှေ့တွင် ၃၊ ၄ ဦးပြောစေပါမည်။
- ⊙ ထို့နောက် ဆရာကကလေးများကို"ကျွန်တော်နံမည် ကွန်ပျူတာ" နေရာတွင် "သူ့နံမည်ကတော့ ကွန်ပျူတာ"ဟု ပြောင်းရေးရမည်။
- ⊙ တစ်ဦးချင်းတွေးတောစဉ်းစားစေပြီး ကဗျာစာသား၏အဓိပ္ပာယ်ကို ရေးသားစေရာတွင် ကဗျာပါအချက်များ အပြည့်အစုံမပါသော်လည်း လုပ်ဆောင်ချက်နှင့် အသုံးဝင်ပုံကို ရေးသားစေပါမည်။
- ရေးသားရာတွင် တွေးထားသော အချက်အလက်များ ပါဝင်စေရန် ဆရာက ပြောရပါမည်။
- ရေးသားပြီးနောက် နှစ်ယောက်တစ်တွဲ အပြန်အလှန် လွတ်လပ်စွာပြောစေပါမည်။
- ထို့နောက် ကလေးများ၏မှတ်စုစာအုပ်တွင် တစ်ဦးချင်းရေးစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ကလေးများရေးသားချက်များကိုနားထောင်ပြီး လိုအပ်သည်ကို ဖြည့်စွက်ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စဉ်းစားထားသည်များကို နှစ်ယောက်တစ်တွဲပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြိုပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ "ကလေးတို့ ရေးထားတဲ့ ကဗျာအကြောင်းအရာကို နှစ်ယောက်တစ်တွဲဖတ်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ရေးသားထားသောအချက်အလက်များကို နှစ်ယောက်တစ်တွဲ အပြန်အလှန် လွတ်လပ်စွာပြောစေပါမည်။

♦ လိုအပ်ချက်များရှိပါက အပြန်အလှန် ပြင်ဆင်ပေးရန် ဆရာက ပြောရပါမည်။

♦ ထို့နောက် အတန်းရှေ့တွင် ၃၊ ၄ ဦးပြောစေပါမည်။

⊙ ထို့နောက်ဆရာက "ပညာရှိလို တိကျပြန်"ဟု သင်ပုန်းတွင် ရေးပြပါမည်။

ပညာရှိလို တိကျပြန်
. . . လို တိကျပြန်
. . . လို တိကျပြန်
. . . လို တိကျပြန်
. . . လို တိကျပြန်

⊙ ကွက်လပ်နေရာတွင် ဆရာက"ဘာစာလုံးတွေထည့်လို့ရသလဲ" ဟုစဉ်းစားကာဖြည့်စေပါမည်။

♦ ထို့နောက်ဆရာက"မှော်ဆရာလို အစွမ်းထက်"ဟု သင်ပုန်းတွင် ရေးပြပါမည်။

မှော်ဆရာလို အစွမ်းထက်
. . . လို အစွမ်းထက်
. . . လို အစွမ်းထက်
. . . လို အစွမ်းထက်
. . . လို အစွမ်းထက်

⊙ ကွက်လပ်နေရာတွင် ဆရာက "ဘာစာလုံးတွေ ထည့်လို့ရသလဲ" ဟုစဉ်းစားကာ ဖြည့်စေပါမည်။

♦ ကလေးတစ်ဦးချင်း စဉ်းစားရသမျှကို အတန်းရှေ့တွင် ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

♦ ဆရာက ကလေးများရေးသားချက်များကိုနားထောင်ပြီး လိုအပ်သည်ကို ဖြည့်စွက် ပြောပြပြီး နိဂုံးချုပ်ပါမည်။



အရေးကြီးသောအချက်များ

♦ ကလေးများကို လွတ်လပ်စွာပြောစေပါမည်။

♦ ကလေးများရေးသားသမျှကိုဆရာကဖြည့်စွက် လက်ခံပေးရပါမည်။

♦ ရေးစေရာတွင်ကလေးအတွေးပါဝင်စေရန် သတိပြုရပါမည်။

♦ ဆရာက ရေးသားထားသည်ကို ဖတ်ရှုပြီး ခီးကျူးပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စဉ်းစားထားသည်များကို ပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DPE Box – Copyright Protected



သင်ခန်းစာ (၁၈) စကားဆက် အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်အသုံးကို သိရှိပြီး သုံးနှုန်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီနေ့ ဆရာက စကားဆက်အသုံးကို သင်မယ်။ စကားဆက်အသုံးကိုမသင်ခင် ဝါကျတွေ ဘယ်လိုရေးတယ်ဆိုတာ လေ့လာကြည့်ကြမယ်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သင်ခန်းစာပါ နမူနာ ဝါကျများကို ကလေးများအား ဖတ်စေမည်။
  - ⊙ ဆရာက ဝါကျ ၃ ကြောင်း ဘယ်လိုကွာခြားနေသလဲဆိုတာ ကလေးများကို မေးပါမည်။
  - ⊙ "ဘယ်လို စကားလုံးလေးတွေ ထည့်ထားတာတွေ့ရသလဲ" ဟု ကလေးတစ်ဦးချင်း စဉ်းစားစေပြီး ၃၊ ၄ဦး ခန့်ကို ပြောစေမည်။
- ဆရာက "ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့"စကားဆက်အသုံးကို ရှင်းပြပါမည်။

နိဂုံးချုပ်ခြင်း

- "ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့" အသုံးကို ပြန်လည်မေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်အသုံးကို ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အဓိကအချက်များ

- ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်အသုံးကို နားလည်အောင် သင်ကြားပေးရမည်။
- စကားဆက်အသုံးပြုပြီး ကိုယ်ပိုင်ဝါကျများ ရေးတတ်ရမည်။

အရေးကြီးသောအချက်များ

- ဝါကျများ၏မတူညီပုံကို ကလေးများ သိရှိစေရမည်။
- "ဒါကြောင့်"သည် စာကြောင်း ၂ ကြောင်းကို အဓိပ္ပာယ် ဆက်စပ်လိုသည့်အခါတွင်သုံးကြောင်း သိစေရပါမည်။
- "ဒါပေမဲ့"သည် ရှေ့တွင် ရေးထားသော ဝါကျကို ဆန့်ကျင်သည့် အခါသုံးကြောင်း သိစေရပါမည်။
- "ဘာဖြစ်လို့ဆိုတော့"သည် ရှေ့တွင် ရေးထားသော ဝါကျကို အကြောင်းပြချက်ဖြင့် ဖော်ပြလိုသောအခါ သုံးကြောင်း သိစေရပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ ဒီအချိန်မှာ ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်လေးတွေ အသုံးပြုပြီး ဝါကျတွေ ရေးကြည့်ကြရအောင်” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- “ကလေးတို့ ပေးထားတဲ့ ဝါကျတွေကို စကားဆက်သုံးပြီး ရေးကြမယ်” ဟု ပြောပါမည်။
- ဆရာက သာဓက ရေးပြမည်။
  ဒီနေ့ မိုးရွာတယ်။ ဒါကြောင့်. . .
  ဒီနေ့ မိုးရွာတယ်။ ဒါပေမဲ့. . .
  ဒီနေ့ မိုးရွာတယ်။ ဘာဖြစ်လို့လဲဆိုတော့. . .
- ဆရာရေးပြထားတဲ့ သာဓကကို တစ်ဦးချင်း စဉ်းစားစေမည်။
- ကလေးများ ပြောသောဝါကျများကို သင်ပုန်းတွင် ရေးပြမည်။
- “ကျန်တဲ့ဝါကျတွေကိုလည်း ကိုယ့်ရဲ့စိတ်ကူးနဲ့ စဉ်းစားပြီးရေးကြရမယ်နော်” ဟု ပြောပြီး အုပ်စုခွဲပေးပါမည်။
- ⊙ ဆရာက ၄ဦး၊ ၆ ဦးခန့် တစ်အုပ်စုခွဲကာ အုပ်စု တစ်စုကို ဝါကျတစ်ကြောင်းစီ ပေးပြီးစဉ်းစားစေမည်။
- “ဝါကျတွေမှာ ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်ကို သုံးပြီး ဝါကျတွေ စဉ်းစားပြီး ရေးကြရမယ်နော်” ဟု ပြောကာ အရင်ဆုံး တစ်ဦးချင်းစီ စဉ်းစားစေမည်။
- ⊙ မိမိတို့စဉ်းစားထားသော ဝါကျများကို မှတ်စုစာအုပ်တွင် ရေးစေမည်။
- အုပ်စုအတွင်း မိမိ ရေးထားသော စာကြောင်းများကို တစ်ဦးချင်းစီ ပြောစေပါမည်။
- နောက်တစ်ချိန်မှာ အတန်းတွင်းပြောမည့် ဝါကျသုံးကြောင်းကို အဖွဲ့အတွင်းဆွေးနွေးရွေးချယ်စေမည်။

နိဂုံးချုပ်ခြင်း

- “စကားဆက်အသုံးပြုပြီး ဝါကျတွေကို တစ်ဦးချင်း စဉ်းစားကာ ရေးခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ ကလေးတို့ ရေးထားတဲ့ ဝါကျတွေကို အတန်းထဲမှာ ပြန်ပြောရမယ်နော်”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိစာအုပ်တွင် စကားဆက်အသုံးပြုပြီး ဝါကျများရေးနိုင်ခြင်း ရှိ မရှိနှင့် ကျန်သော ဝါကျများကိုလည်း စကားဆက် အသုံးပြု၍ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်ကို အသုံးပြုပြီး ဝါကျများ ရေးနိုင်အောင် ဆရာက ကူညီပေးရမည်။
- အားနည်းသော ကလေးများရှိပါလျှင် ဆရာက ကူညီပံ့ပိုးပေးရမည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- အတန်းရှေ့တွင် မိမိရေးသားထားသော ဝါကျများကိုပြောဆိုနိုင်ရမည်။
- ပေးထားသောဝါကျများတွင် စကားဆက်ကို အသုံးပြုပြီး ကလေးအားလုံး ရေးသားနိုင်ရမည်။
- ဝါကျအထားအသို မှားယွင်းနေလျှင် ဆရာက ပြင်ပေးရမည်။
- ကလေးများစိတ်ကူးဖြင့် ရေးထားသော ဝါကျများတွင် စကားဆက်သုံးမျိုးကို အသုံးပြုရေးသားစေမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီအချိန်မှာ ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်လေးတွေနဲ့ ရေးထားတဲ့ ဝါကျကို အတန်းကို ပြန်ပြောပြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကိုယ့်အုပ်စုမှာ ဘယ်သူက ပြောမယ်ဆိုတာကို ရွေးထားရမယ်နော်။ သူငယ်ချင်း ပြောတာကိုလဲ သေသေချာချာနားထောင်ရမယ်နော်"ဟု ပြောကာ အုပ်စုတွင်းရွေးချယ်သတ်မှတ်စေမည်။
- အုပ်စု ၁ စုမှ တစ်ဦးစီထွက်၍ အတန်းရှေ့မှာ မိမိတို့ ရေးထားသော ဝါကျများကို ပြောစေမည်။
- အဖွဲ့လိုက်လုပ်ငန်းကို နောက်တစ်ကြိမ်ထပ်မံလုပ်ဆောင်စေမည်။ဒုတိယအကြိမ်တွင် ပြောကြားသူသည် ပထမအကြိမ်တွင်ပြောကြားထားသော ကလေးမဖြစ်စေရပါ။
- ⊙ သင်ခန်းစာပါ ဝါကျများ ပြောပြီးလျှင် ဆရာက ကလေးများ၏ စိတ်ကူးနှင့် ဝါကျကို စဉ်းစားပြီး စကားဆက်သုံးပြီး ဝါကျများ ရေးစေမည်။
- ဝါကျတစ်ကြောင်းကို စကားဆက်သုံးမျိုးဖြင့် ရေးစေမည်။
- ကလေးများ ရေးပြီးလျှင် ဆရာက စစ်ဆေးပေးရမည်။
- သဒ္ဒါအထားအသို မှားယွင်းနေလျှင် ဆရာက ပြင်ပေးရပါမည်။

နိဂုံးချုပ်ခြင်း

- "နေ့စဉ် စကားပြောတာပဲဖြစ်ဖြစ်၊ စာရေးတာပဲဖြစ်ဖြစ် ဒါကြောင့်၊ ဒါပေမဲ့၊ ဘာဖြစ်လို့လဲဆိုတော့ စကားဆက်တွေကို အသုံးပြုလို့ရတယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စကားဆက်အသုံးပြုပြီး ဝါကျများ ရေးသားထားသည်များကို ကလေးအချင်းချင်း ပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် အုပ်စုဖွဲ့ဆောင်ရွက်ရာတွင် ပါဝင်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၁၉) မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း အကြိုပြုစာသင်ချိန် ၅ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- သင်ခန်းစာပါ အကြောင်းအရာများကိုနားလည်ပြီး ကြက်ဥပြုတ်နှင့် ကြက်ဥစိမ်း ကွဲပြားခြားနားမှုကို သိရှိစေရန်
- သင်ခန်းစာပါ မေးခွန်းနှင့်အဖြေကိုယှဉ်တွဲဖတ်ရှုပြီး အနှစ်ချုပ် တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ
- ကြက်ဥပြုတ်နှင့် ကြက်ဥစိမ်း

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက“ကလေးတို့ရေ ဒီနေ့တော့လူတိုင်းစားဖူးတဲ့ ကြက်ဥ သင်ခန်းစာကိုကြည့်ကြရအောင်။ အရင်ဆုံးဆရာမလက်ထဲမှာ ရှိတဲ့ကြက်ဥကို အစိမ်းလား အပြုတ်လား ခွဲခြားကြည့်ပါအုံး”ဟု မေးပြီး ထင်မြင်သည့်အတိုင်း ဖြေစေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- “ကလေးတို့ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်းဆိုတဲ့ ကျောင်းသုံးစာအုပ်ပါအကြောင်းအရာကို ဖတ်ကြည့်ကြရအောင်” ဟုပြော၍ ဆရာက ဖြည်းဖြည်းမှန်မှန်ဖတ်ပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ⊙ ဆရာက ကလေးများကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသောစကားလုံးများရှိလျှင် မျဉ်းသားစေပြီး ကလေးများကို ပြောစေကာ သင်ပုန်းတွင်ရေးထားရပါမည်။
- ⊙ ခက်ခဲသောစကားလုံးများ၏ အဓိပ္ပာယ်ကို နှစ်ယောက်တစ်တွဲ စဉ်းစားစေမည်။
- စဉ်းစားထားသော အဓိပ္ပာယ်ကိုပြောစေပြီး မသိလျှင်ဆရာက ရှင်းပြရပါမည်။
- ⊙ “သင်ခန်းစာကို ဖတ်ကြည့်လိုက်တဲ့အခါ ကလေးတို့အရင်က တွေးထားတာနဲ့တူသေးရဲ့လား” ဟု ဆရာကမေးကာ ကလေးများ၏ ထင်မြင်ချက်များကို မေး၍ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- “သင်ခန်းစာကို ဖတ်ကြည့်လိုက်တဲ့အခါ ကလေးတို့ တွေးထားတာနဲ့တူရဲ့လား။ နောက်စာသင်ချိန်မှာ အကြောင်းအရာအသေးစိတ်ကို ဆက်သင်ကြမယ်နော်” ဟုပြော၍ နိဂုံးချုပ်ပါမည်။

သင်ခန်းစာ ၁၉ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း

ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို မည်သို့ခွဲခြားမည်နည်း။ ပုံနှင့်စာကို ယှဉ်တွဲဖတ်ရှုကြရအောင်။

ကလေးတို့ ကြက်ဥအခွံကိုခွဲပြီး အတွင်းပိုင်းကို ကြည့်ဖူးပါသလား။ ကြက်ဥပြုတ်၏ အဖြူရောင်အကာသည် ခဲနေသောအဝါရောင်အနှစ်၏ ဘေးပတ်လည်တွင်ရှိနေပြီး အခွံနှင့် ကပ်နေသည်။ မပြုတ်ရသေးသော ကြက်ဥစိမ်းတွင်မူ အကြည်ရောင် ပျစ်ခွဲသောအကာသည် ပျော့နေသော အဝါရောင်အနှစ်၏ ပတ်လည်တွင်ရှိနေသည်။ ထိုသို့ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်၏ အတွင်းပိုင်း ကွာခြားသည်။

ထိုသို့ဆိုလျှင် ကြက်ဥအခွံကိုမခွဲဘဲ မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ပါမည်လား။ ဦးစွာ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို လက်တစ်ဖက်စီတွင်တင်ကာ နှိုင်းယှဉ်ကြည့်မည်။ ကြက်ဥနှစ်လုံးမှာ အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန်အတူတူပင်ဖြစ်သည်။ ထို့ကြောင့် အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန်ဖြင့် ခွဲခြားရန် ခက်ခဲသည်။



ပုံ (၁) မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း။

ထို့အတွက် ကြက်ဥနှစ်လုံးကို လှည့်ကာ မတူညီသောအချက် ရှိ မရှိကို ရှာကြည့်ကြမည်။



ပုံ (၂) ကြက်ဥလှည့်ပုံ

အဓိကအချက်များ

- မေးခွန်းနှင့်အဖြေကို ယှဉ်တွဲဖတ်ရှုနိုင်ရပါမည်။
- ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာကိုဖတ်ရှုပြီး ဇယားဖြင့် အနှစ်ချုပ် ရေးသားတတ်ရပါမည်။
- ကျောင်းသုံးစာအုပ်ပါမေးခွန်းများကို စဉ်းစားစေမည်။
- ပုံကိုကြည့်၍ သင့်လျော်သော ရှင်းလင်းချက်ကို ရေးသားနိုင်ရန် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- သင်ခန်းစာမစမီ မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ဟူသော ထင်မြင်ချက်ကို သင်ပုန်းမှတ်ချက် ရေးထားရပါမည်။
- ဆရာက ဖြည်းဖြည်းမှန်မှန်ဖတ်ပြစဉ် ကလေးများကို သေသေချာချာ နားထောင်စေရပါမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ဟူသော ထင်မြင်ချက်များကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

ကြက်ဥပြုတ်ကို ပန်းကန်ပြားတွင် ပုံ (၂) အတိုင်း လက်ဖြင့်ဖြည်းဖြည်းလှည့်ကြည့်ပါ။ ထိုသို့ လှည့်ပါက အဝိုင်းလေးလည်လာလိမ့်မည်။ ထို့ထက်ပို၍ မြန်မြန်လှည့်ပါက အဝိုင်းနှစ်ဝိုင်း ပေါ်လာပြီး ထောင်ကာ လည်လိမ့်မည်။ ဂျင်ကဲ့သို့ လည်လိမ့်မည်။ ကြက်ဥစိမ်းကို ထိုလုပ်ပုံလုပ်နည်းအတိုင်း ပြုလုပ်ပါက မည်သို့ဖြစ်မည်နည်း။ လှုပ်ပြီး ဖြည်းဖြည်းချင်း လည်ရုံသာ ရှိလိမ့်မည်။ မြန်မြန်လှည့်သည့်တိုင် မြန်မြန်လည်လာခြင်း မရှိပေ။



ပုံ (၃) ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ် လည်ပုံချင်း မတူညီပုံ

ထိုကဲ့သို့ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ် လည်ပုံချင်းမတူညီသည်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်။ ထိုလည်ပုံ ကွဲပြားမှုသည် မည်သည့် ကြက်ဥစိမ်း၊ ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလား။ အတူတူဖြစ်ပါက လက်ဖြင့်လှည့်ကြည့်ရုံမျှဖြင့် ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားသိရှိနိုင်ပေလိမ့်မည်။

ထို့ကြောင့် ကြက်ဥစိမ်း ၅ လုံးနှင့် ကြက်ဥပြုတ် ၅ လုံးယူကာ အထက်ပါနည်းအတိုင်း လှည့်ကြည့်သည်။ ကြက်ဥစိမ်းတိုင်းသည် ဖြည်းညင်းစွာလည်သည်။ ကြက်ဥပြုတ်တိုင်း ဂျင်ကဲ့သို့ လျင်မြန်စွာလည်သည်။

အရေးကြီးသောအချက်များ

- အဓိကမေးခွန်း (၃) ခုကို ကလေးများရှာဖွေပြောနိုင်ရန် ဆရာက ကူညီပေးရပါမည်။
- ကြက်ဥစိမ်း ၁ လုံး ကြက်ဥပြုတ် ၁ လုံးကို ပုံ၂ အတိုင်း လှည့်ပြရပါမည်။
- မေးခွန်း (၂) ထိုလည်ပုံကွဲပြားမှုသည် မည်သည့်ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလား။
- မေးခွန်း (၃) အဘယ်ကြောင့် ကြက်ဥအခွံကိုမခွဲဘဲ လည်ပုံကို ကြည့်၍ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားနိုင်သနည်း။
- ပထမစာမျက်နှာနှင့် ဒုတိယစာမျက်နှာတွင် ကလေးများမေးခွန်း (၂) ခု ဖြေခဲ့လျှင် မည်သည်ကအဓိကမေးခွန်းဖြစ်သည်ကို ထပ်မံ မေးရပါမည်။

အကြေပြုစာသင်ချိန် ၅ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်အချိန်ကကြက်ဥအကြောင်း အစအဆုံး ဖတ်ပြီးကြပြီ။ အခု စာတစ်မျက်နှာစီကို ဖတ်ကြည့်ရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ "အခုဖတ်တဲ့ပထမစာမျက်နှာမှာရှိတဲ့ အဓိကမေးခွန်းကို ရှာကြည့်ကြရအောင်"ဟု ဆရာကပြောကာ ကလေးများအား ပထမစာမျက်နှာကို ဖတ်စေပါမည်။
- ဦးစွာ တစ်ဦးချင်းစဉ်းစားပြီးနောက် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။ တစ်ဦးချင်းမေးပါမည်။
- မေးခွန်း(၂)ခု (၃)ခုတွေ့သည်ကို ပြောသည့်အချိန်တွင် မည်သည့်မေးခွန်းက အဓိကမေးခွန်းဖြစ်သည်ကို ဆရာက ထပ်မံ မေးပါမည်။
- ကလေး ၃ ၊ ၄ ဦးကိုမေးကာ မေးခွန်း(၁)ကို သင်ပုန်းတွင် ရေးထားမည်။
- မေးခွန်း (၁) "ထိုသို့ဆိုလျှင် မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ပါမည်လား"
- ဆရာက ဒုတိယစာမျက်နှာနှင့် တတိယစာမျက်နှာကို အထက်ပါနည်းအတိုင်း သင်ကြားပါမည်။
- ဆရာက"ဒီမေးခွန်းတွေဖြေနိုင်ဖို့ ကြက်ဥတွေကို ကိုယ်တိုင်လှည့်ကြည့်ရအောင်" ဟု ပြောပါမည်။
- ⊙ ထို့နောက်ဆရာက ပုံ (၂) အတိုင်း လှည့်ပြပြီး ကြက်ဥစိမ်း၊ ကြက်ဥပြုတ်ကို ခွဲခြားသိရှိစေပါမည်။
- ကလေးတစ်ဦးချင်းကို ခေါ်၍လည်း ကိုယ်တိုင်လှည့်စေပါမည်။
- "ကြက်ဥစိမ်းနဲ့ ကြက်ဥပြုတ်လည်တာကိုလဲ မြင်တွေ့ကြပြီ ဆိုတော့မေးခွန်းတွေကို ဖြေနိုင်ကြတယ်မဟုတ်လား" ဟု ဆရာက ပြောပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက " ကလေးတို့ ဖတ်ခဲ့တဲ့ ကြက်ဥအကြောင်းမှာ အဓိကမေးခွန်း (၃) ခုရှိတာ တွေ့ကြတယ်မဟုတ်လား" "ဒီမေးခွန်း (၃) ခု ရဲ့ အဖြေကို မသိချင်ကြဘူးလား" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အဓိကမေးခွန်း (၃) ခုကို မှန်ကန်စွာရှာဖွေနိုင်ခြင်းနှင့် နှစ်ယောက်တစ်တွဲပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၅ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကြက်ဥအကြောင်းမှာ မေးခွန်း ၃ ခုရှိတယ်။ ဒီမေးခွန်း ၃ ခုကို ဖြေဆိုနိုင်ဖို့ ဖတ်စာတစ်ပုဒ်လုံးကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ဆရာက မေးခွန်း ၃ ခုကိုမဖြေမီ "လေ့ကျင့်ခန်းရှိ မေးခွန်း (၆) ဇယားကို အရင်ဖြည့်ကြည့်ကြမယ်"ဟုပြောကာ ဇယားကို သင်ပုန်းတွင် ရေးဆွဲထားရပါမည်။

	အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန် တူ/မတူ	လည်ပုံ		အတွင်းပိုင်း ပုံစံ
		နှေး	မြန်	
ကြက်ဥစိမ်း				
ကြက်ဥပြုတ်				

- ကလေးများ တစ်ဦးချင်းစီ ဇယားကိုမှတ်စုတွင် ရေးကာ ဖြည့်စေမည်။

⊙ ဖြည့်ထားသောဇယားကို နှစ်ယောက်တစ်တွဲပြောစေပြီး လဲလှယ် ဖတ်စေမည်။

- ဇယားတွင် ပြင်ဆင်လိုသည်များကို ပြန်လည်ပြင်ဆင်စေမည်။
- ၃၊ ၄ ဦးခန့် ပြောစေကာ ကလေးများပြောထားသည်များကို ဇယားတွင်ဖြည့်ပြီး အဖြေကိုတိုက်ဆိုင်စစ်ဆေးပါမည်။
- ဆရာက မေးခွန်း (၁) "ကြက်ဥအခွံမခွဲဘဲမည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို မည်သို့ခွဲခြား သိရှိနိုင်ပါသနည်း"ကို ဖတ်ပြပြီး ကလေးများအား မေးပါမည်။

⊙ မေးခွန်း (၁) အဖြေကို တစ်ဦးချင်း စဉ်းစားစေပါမည်။

- ထို့နောက် နှစ်ယောက်တစ်တွဲ အချင်းချင်းပြောစေပါမည်။ အုပ်စုထဲတွင် ပြောစေပြီး အတန်းရှေ့တွင် ၃၊ ၄ ဦးပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ကြက်ဥအခွံမခွဲဘဲ မည်သည်က ကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို ခွဲခြားသိကြပြီနော်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၁) ၏ အဖြေကို စာပိုဒ်တွင် ကလေးများရှာနိုင်ခြင်း ရှိ မရှိနှင့် ဇယားတွင်ဖြည့်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

ကြက်ဥအခွံမခွဲဘဲ လည်ပုံကိုကြည့်၍ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားနိုင်သည်။ အဘယ်ကြောင့် ထိုသို့ခွဲခြားနိုင်သနည်း။ ကြက်ဥအတွင်းတွင် လျှို့ဝှက်ချက်ရှိနေသောကြောင့် ဖြစ်သည်။



ပုံ (၄) ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်၏ အတွင်းပိုင်းပုံ

ကြက်ဥပြုတ်တွင် အတွင်းရှိအရာအားလုံးသည် အခဲဖြစ်ပြီး အကာသည်လည်း ကြက်ဥခွံနှင့်ကပ်နေသည်။ ထို့ကြောင့် ကြက်ဥပြုတ်သည် အကာနှင့်အနှစ် တစ်သားတည်းဖြစ်နေသောကြောင့် ဂျင်ကဲ့သို့ လည်နိုင်ခြင်းဖြစ်သည်။

ကြက်ဥစိမ်းတွင် အတွင်းပိုင်းသည် စေးပျစ်သော အရည်ဖြစ်နေသည်။ ထို့ကြောင့် ကြက်ဥခွံကို အားစိုက်ကာလှည့်သော်လည်း ကြက်ဥပြုတ်ကဲ့သို့ အတွင်းပိုင်းသည် မလည်ဘဲ အဟန့်အတားဖြစ်နေသည်။ ဤသို့ဖြင့် ကြက်ဥစိမ်း၏ အတွင်းပိုင်းသည် လည်ပတ်မှုကို အရှိန်တန့်သွားစေသည်။ ကြက်ဥစိမ်း၏ အတွင်းပိုင်း ထိုသို့ဖြစ်တည်နေသည်မှာ ကြက်ငယ် အကောင်ပေါက်လာမည့်အရာဖြစ်သောကြောင့် လည်ပတ်မှု အရှိန်မပြင်းဘဲ အန္တရာယ်ကင်းစေရန် သဘာဝက စီမံပေးထားခြင်းဖြစ်သည်။

အရေးကြီးသောအချက်များ

- မေးခွန်း (၆) ဇယားကို ဖြည့်စွက်ရာတွင် ကလေးများအားလုံးကို မေးပြီးမှ တစ်ဦးချင်းဖြေဆိုစေပါမည်။
- ဆရာက နှစ်ယောက်တစ်တွဲ ပြောစေရာတွင် လှည့်လည် ကြည့်ရှုပေးရမည်။

DBE Box - Copyright Protected



၁၉။ မည်သည်က ကြက်ဥစိမ်းဖြစ်သနည်း

လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကြက်ဥအခွံကိုမခွဲဘဲ မည်သည်ကကြက်ဥစိမ်းဖြစ်သည် မည်သည်က ကြက်ဥပြုတ်ဖြစ်သည်ကို မည်သို့ ခွဲခြားသိရှိနိုင်ပါသနည်း။

၂။ လည်ပုံကွဲပြားမှုသည် မည်သည့်ကြက်ဥစိမ်း၊ ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလော။

၃။ အဘယ်ကြောင့် ကြက်ဥအခွံကိုမခွဲဘဲ လည်ပုံကိုကြည့်၍ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားနိုင်သနည်း။

၄။ ကြက်ဥပြုတ်သည် အဘယ်ကြောင့် မြန်မြန်လည်သနည်း။

၅။ ကြက်ဥစိမ်းက အဘယ်ကြောင့် နေးနေးလည်သနည်း။

၆။ အောက်ပါဇယားကို ဖြည့်ပါ။

	အရောင်၊ ပုံသဏ္ဌာန်၊ အလေးချိန်	လည်ပုံ		အတွင်းပိုင်းပုံစံ
ကြက်ဥစိမ်း				
ကြက်ဥပြုတ်				

၁၂

အရေးကြီးသောအချက်များ

- "ကြက်ဥပြုတ် ၅ လုံးနဲ့ကြက်ဥစိမ်း ၅ လုံးဘာကြောင့် လှည့်ကြည့်တယ်ထင်သလဲ"ဟူသောမေးခွန်း၏ အဖြေကိုပြောစေရာတွင် ကလေးများအား လွတ်လပ်စွာပြောစေ၍ လိုအပ်လျှင် ဆရာက ဖြည့်စွက်ပြောရပါမည်။
- ကြက်ဥပြုတ် ၅ လုံးနှင့် ကြက်ဥစိမ်း ၅ လုံး မစမ်းသပ်နိုင်လျှင် ကြက်ဥပြုတ် ၁ လုံးနှင့် ကြက်ဥစိမ်း ၁ လုံးစီဖြင့်လည်း စမ်းသပ်နိုင်ပါသည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကြက်ဥပြုတ်နှင့်ကြက်ဥစိမ်း အတွင်းပိုင်းမတူညီသည်ကို ပြောနိုင်ခြင်း ရှိ မရှိနှင့် နောက်ဆုံးဝါကျ၏အဖြေကို ဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြံပြုစာသင်ချိန် ၅ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့မေးခွန်း(၂) ရဲ့အမေးအဖြေကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ဖတ်စာကို ကလေးများအားဖတ်စေပါမည်။
- ဆရာက မေးခွန်း(၂)ကို ကလေးများအား ဖတ်စေပါမည်။ "လည်ပုံ ကွဲပြားခြားနားမှုသည် မည်သည့်ကြက်ဥစိမ်း၊ ကြက်ဥပြုတ်တွင်မဆို အတူတူပင်ဖြစ်ပါသလား"ဟု မေးပါမည်။
- ကလေးများက "အတူတူပင်ဖြစ်ပါတယ်" ဟု ဖြေကြပါမည်။
- ထိုအခါ "ဘာဖြစ်လို့ အတူတူလို့ပြောနိုင်တာလဲ" ဟု ဆရာက မေးပါမည်။
- ⊙ အထက်ပါမေးခွန်း၏အဖြေကို တစ်ဦးချင်းရှာစေပါမည်။
- နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတန်းရှေ့တွင် ၃၊ ၄ ဦးကို မေးခွန်း၏အဖြေပြောစေပါမည်။
- ⊙ ထို့နောက်ဆရာက "ကြက်ဥပြုတ် ၅ လုံးနဲ့ ကြက်ဥစိမ်း ၅ လုံး ဘာကြောင့် လှည့်ကြည့်တယ်ထင်သလဲ" ဟု မေး၍ဖြေစေပါမည်။
- "ကလေးတို့ရော ဘယ်နခေါက်လောက်လှည့်ရင် လည်တာတူတယ်လို့ လက်ခံမလဲ"ဟု ထပ်မံမေး၍ဖြေစေပါမည်။
- ဆရာက မေးခွန်း (၃) ဖြစ်သော"အဘယ်ကြောင့် ကြက်ဥအခွံကိုမခွဲဘဲ လည်ပုံကိုကြည့်၍ ကြက်ဥစိမ်းနှင့် ကြက်ဥပြုတ်ကို ခွဲခြားနိုင်သနည်း" ဟုမေးပါမည်။
- ကလေးများ ဖြေသည့်အတိုင်း လက်ခံပေးရပါမည်။
- ⊙ ထို့နောက် "လည်ပတ်မှုအရှိန်မပြင်းဘဲ အန္တရာယ်ကင်းစေရန် သဘာဝက စီမံပေးထားတယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ" ဟု မေးရပါမည်။
- ⊙ ကလေးများကို လွတ်လပ်စွာဖြေစေပြီးနောက် ဆရာက "တကယ်လို့လည်တာ အရှိန်ပြင်းရင် ဘယ်လိုဖြစ်မယ်ထင်သလဲ" ဟု ထပ်မံမေး၍ လွတ်လပ်စွာဖြေဆိုစေပါမည်။
- မေးခွန်း (၄) "ကြက်ဥပြုတ်ကဘာလို့မြန်မြန်လည်တာလဲ"
- မေးခွန်း (၅) "ဘာကြောင့်ကြက်ဥစိမ်းကနှေးနှေးလည်တာလဲ" ဟူသောမေးခွန်းကိုလည်း မေး၍ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ကလေးများ၏အဖြေကို နားထောင်ပြီးမှ "ဘယ်ကြက်ဥပြုတ် ကြက်ဥစိမ်းတွေကိုမဆို ခွဲခြားနိုင်ပြီမဟုတ်လား" ဟု မေး၍ နိဂုံးချုပ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၅ ချိန် (ပဋမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီနေ့ လေ့ကျင့်ခန်းကို ဆက်ဖြေကြရအောင်” ဟု ပြောပြီး ဖော်ပြထားသောပုံကို ကြည့်စေ၍ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ဖော်ပြထားသောပုံနှင့် စာကိုကြည့်စေပါမည်။
- ⊙ ပထမပုံနှင့် ယှဉ်တွဲဖော်ပြထားသောစာကို ဖတ်စေပြီး ဆက်ရေးရမည့်အကြောင်းကို တစ်ဦးချင်းရှာစေပါမည်။
- ထို့နောက် နှစ်ယောက်တစ်တွဲကို ပြောစေပါမည်။
- ကလေးတစ်ဦးချင်းပြောသည်ကို ဆရာက ဖြည့်စွက်ပေးရပါမည်။ စာကြောင်းများကို မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ⊙ ကျန်သောပုံများကိုလည်း ထိုနည်းအတိုင်းပင် လုပ်ဆောင်စေပါမည်။
- ထို့နောက် နှစ်ယောက်တစ်တွဲကို ပြောစေပါမည်။
- အားလုံးဖြေဆိုပြီးလျှင် ၃၊ ၄ ဦးခန့် မိမိတို့ရေးသားထားသည်များကို အတန်းသို့ ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ လဲလှယ်ကာ ဖတ်စေပြီး “ကြက်ဥပြုတ်နဲ့ ကြက်ဥစိမ်းရဲ့ ကွာခြားချက်ကို မိဘတွေကိုလဲ ပြန်ရှင်းပြလို့ ရတယ်နော်” ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးနိုင်ခြင်းနှင့် ဖြည့်စွက်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ဆရာက ကလေးများပြောကြားထားသည်များနှင့် ရေးသားထားသောဝါကျများ မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးမည်။
- ကလေးများ စာကြောင်းကိုဆက်၍ ဖြေဆိုတတ်ရန် ဆရာက ကူညီပေးရပါမည်။
- ကျောင်းသုံးစာအုပ်ပါ စာကြောင်းကို ကူးရေးခြင်းမဟုတ်ဘဲ မိမိစကားဖြင့် ရှင်းပြရမည်ဖြစ်ကြောင်းကို ဆရာက ပြောပြရပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ ၂၀ အကြောင်းအရာကို ပြည့်ပြည့်စုံစုံရေးခြင်း

မိမိပြုလုပ်တာတွေထဲက အမှတ်ရဆုံး အဖြစ်အပျက်တစ်ခုကို အသေးစိတ်ဖြေပြီး ရေးကြည့်ကြရအောင်။

ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျောင်းမှာ အသင်းလိုက် ဘောလုံးပြိုင်ပွဲ လုပ်ခဲ့တယ်။

ဖြုလုပ်ခဲ့တဲ့ အဖြစ်အပျက်

ဗန္ဓုလအသင်းနဲ့ ကစားခဲ့တဲ့အခါမှာ တို့ကတော့ ကျွန်စစ်သားအသင်းဘက်က ဂိုးသမားအနေနဲ့ ပါခဲ့တယ်။ ပွဲမစခင် သွေးပူလေ့ကျင့်ခန်းတွေလဲ လုပ်ရသေးတယ်။ ဂိုးသမားဆိုတော့ တခြားအသင်းက ကန်သွင်းလိုက်တဲ့ ဘောလုံးတွေကို မိအောင်ဖမ်းရတာပေါ့။ ဗန္ဓုလအသင်းရဲ့ ရှေ့တန်းကလဲကောင်းတော့ သူတို့ဂိုးမရအောင်အတော်လေး ကာကွယ်ရတယ်။ နောက်ဆုံးမှာတော့ တို့ကျွန်စစ်သားအသင်းက ဗန္ဓုလအသင်းကို ၂ ဂိုး ၁ ဂိုး နဲ့ အနိုင်ရခဲ့တယ်။

အဖြစ်အပျက် အပြည့်အစုံ

ဂိုးသမားလုပ်ခွင့်ရခဲ့တဲ့အတွက် တို့ သိပ်ကိုပျော်တယ်။ တို့အသင်းနိုင်တဲ့အတွက်လဲ ဂုဏ်ယူမိပါတယ်။

စိတ်ခံစားချက်

- အမှတ်ရဆုံး အကြောင်းအရာတစ်ခုကို ပထမဆုံးစဉ်းစားရမယ်နော်။
- ရေးတဲ့အခါမှာ စာပိုဒ်သုံးပိုဒ်နဲ့ ရေးရမယ်။
- ပထမစာပိုဒ်မှာ ကိုယ်လုပ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုအကြောင်း ပါရမယ်။
- ဒုတိယစာပိုဒ်မှာ ကိုယ်လုပ်ခဲ့တဲ့ အဖြစ်အပျက်အပြည့်အစုံ ပါရမယ်။
- တတိယစာပိုဒ်မှာတော့ ကိုယ်ပြုလုပ်ခဲ့တာနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရတယ်ဆိုတာ ရေးရမယ်။

အဓိကအချက်များ

- မိမိတို့တွေ့ကြုံခဲ့သည့် အကြောင်းအရာတစ်ခုကို စာပိုဒ်သုံးပိုဒ်နှင့် မည်သို့ရေးရမည်ကို စဉ်းစားတတ်ရပါမည်။
- ရေးသားလိုသော အကြောင်းအရာကို ပိုမိုရှင်းလင်းလွယ်ကူစွာ ဖတ်ရှုနိုင်စေရန် စာပိုဒ်များခွဲ၍ ရေးရခြင်းကိုလည်း သိရှိစေရပါမည်။
- သူငယ်ချင်းပေးသော အကြံဉာဏ်ကိုယူပြီး ပြန်လည်ရေးသားတတ်ရပါမည်။

အရေးကြီးသောအချက်များ

- စဉ်းစားချိန်ကို ကလေးများအခြေအနေပေါ်မူတည်၍ ဆရာက သတ်မှတ်ပေးရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောချိန်ကိုလည်း ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဆရာက သတ်မှတ်ပေးရပါမည်။
- ကျောင်းသုံးစာအုပ်ပါ ပုံစံအတိုင်း စာပိုဒ် ၃ ပိုဒ်ဖြင့် ရေးသားရမည်ကို ဆရာက ရှင်းပြရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောကြားချိန်တွင် နားထောင်သူက အဖြစ်အပျက်၊ အကြောင်းအရာ အသေးစိတ်၊ စိတ်ခံစားချက်တို့ပါဝင်ခြင်းရှိ မရှိ နားထောင်ပေးရမည်။

သင်ခန်းစာ (၂၀) အကြောင်းအရာကို ပြည့်ပြည့်စုံစုံ ရေးခြင်း
အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အကြောင်းအရာတစ်ခုကို အသေးစိတ် ရေးသားတတ်ရန်
- ရေးသားရာတွင် စာပိုဒ်သုံးပိုဒ်ဖြင့် ရေးသားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- "မနှစ်က ကလေးတို့ရဲ့တစ်နေ့တာ အဖြစ်အပျက်လေးတွေ ကို ရေးခဲ့ကြပြီးပြီ။ ဒီနှစ်တော့ ကလေးတို့ တွေ့ကြုံခဲ့ဖူးတဲ့ အကြောင်းအရာလေးတစ်ခုကို ပြန်စဉ်းစားကြည့်ရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ မစဉ်းစားခင် ကျောင်းသုံးစာအုပ်မှာပါတဲ့ အကြောင်းအရာကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး ဖတ်စေပါမည်။
- နမူနာ စာပိုဒ်သုံးပိုဒ်ကို ဖတ်စေပြီး မည်သည့်အကြောင်းအရာဖြစ်သည်ကို ပြောစေမည်။
- "ကလေးတို့ကိုယ်တိုင် ဖတ်ကြည့်ပြီးပြီဆိုတော့ အကြောင်းအရာတစ်ခုကို ရေးမယ်လို့ စဉ်းစားတဲ့အခါမှာ ဘယ်လို အကြောင်းအရာတွေ ပါရမယ် ထင်သလဲ" ဟု မေးပြီး ကလေးများ၏အဖြေကို သင်ပုန်းမှတ်ချက် ရေးရပါမည်။
- ⊙ "အကြောင်းအရာတစ်ခုကို စဉ်းစားတဲ့အခါမှာ ကလေးတို့ ကြုံခဲ့ဖူးတဲ့ ပထမစာပိုဒ်မှာ အဖြစ်အပျက်တစ်ခုကို စဉ်းစားရမယ်။ ဒုတိယစာပိုဒ်မှာ အဲဒီအဖြစ်အပျက်အပြည့်အစုံကိုစဉ်းစားရမယ်။ တတိယစာပိုဒ်မှာ အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ကလေးတို့ ဘယ်လို ခံစားခဲ့ရသလဲ ဆိုတာကိုပါ ထည့်စဉ်းစားရမှာနော်" ဟု ပြောပြီး စဉ်းစားကာ မှတ်စုရေးစေမည်။
- ⊙ ကလေးများရေးသားထားသော မှတ်စုကို အခြေခံပြီး ၂ယောက်တစ်တွဲ ပြောစေမည်။
- ထို့နောက် အတန်းရှေ့တွင် ကလေး ၃၊ ၄ ဦးခန့်ကို ပြောစေပါမည်။

DBE Box - Copyright Protected

အကြိမ်ပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

♦ "သူပြောသွားတာက ဘာအကြောင်းလဲ။ သူရဲ့အဖြစ်အပျက် က ဘာတွေလဲ။ သူဘယ်လိုခံစားရသလဲ" စသည်ဖြင့် ဆရာက မေးပြီး ကလေးများကို ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

♦ "နောက်တစ်ချိန်မှာ ကလေးတို့ စဉ်းစားထားတဲ့ အကြောင်းအရာကို ရေးကြည့်ကြမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မိမိရေးရမည့် အကြောင်းအရာကို စဉ်းစားနိုင်ခြင်း ရှိ မရှိ၊ နှစ်ယောက်တစ်တွဲ ပြောဆိုခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

♦ "မနေ့က ရေးရမဲ့အကြောင်းအရာလေးတွေကို စဉ်းစားခဲ့ကြပြီးပြီဆိုတော့ ဒီနေ့ ကလေးတို့ စဉ်းစားထားတာလေးတွေကို ရေးကြည့်ရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ "အခု နှစ်ယောက်တစ်တွဲ ပြောကြည့်ပြီးပြီဆိုတော့ ကလေးတို့ စဉ်းစားထားတဲ့အဖြစ်အပျက်ကို ကလေးတို့ရေးကြည့်ကြရအောင်။ ရေးကြည့်တဲ့အခါမှာ ပထမဆုံးစာပိုဒ်မှာ ကိုယ်ပြုလုပ်ခဲ့တဲ့ အဖြစ်အပျက်ကို ရေးရမယ်။ ဒုတိယစာပိုဒ်မှာ အဖြစ်အပျက် အပြည့်အစုံရေးပြီး တတိယစာပိုဒ်မှာတော့ ကလေးတို့ရဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ စိတ်ခံစားချက်ကို ရေးကြရမယ်နော်" ဟု ပြောပြပါမည်။

⊙ "ရေးတဲ့အခါမှာ စာပိုဒ်သုံးပိုဒ်နဲ့ ရေးကြရမယ်နော်" ဟု ပြောပြီး ရေးစေပါမည်။

⊙ ရေးပြီးလျှင် ကလေးနှစ်ယောက်တစ်တွဲ လဲဖတ်စေပါမည်။

♦ "ကလေးတို့ ရေးထားတဲ့အကြောင်းအရာလေးတွေကို လဲဖတ်တဲ့အခါမှာ စောစောက ဆွေးနွေးထားတဲ့သူနဲ့လဲ ဖတ်တာမျိုးမဟုတ်ဘဲ တခြားတစ်ယောက်နဲ့ လဲဖတ်ကြ ရမယ်နော်"ဟု ပြောပြီး လဲလှယ်ဖတ်စေပါမည်။

⊙ နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်စေပြီးနောက် အတန်းတွင်း လှည့်လည်ပြီး မိမိရေးထားသော အကြောင်းအရာ အတွေ့အကြုံကို အတန်းတွင်း တစ်ဦးနှင့်တစ်ဦး လဲလှယ်ဖတ်စေပါမည်။

♦ တစ်ဦးနှင့် တစ်ဦး အကြံဉာဏ်များ ပေးစေပါမည်။



အရေးကြီးသောအချက်များ

♦ ပထမ၊ ဒုတိယ၊ တတိယစာပိုဒ်များတွင် မည်ကဲ့သို့ ရေးရမည်ကို ကလေးများ နားလည်သည်အထိ ရှင်းပြရပါမည်။

♦ နှစ်ယောက်တစ်တွဲ လဲလှယ်ဖတ်ရှုခြင်းကို ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဆရာက သတ်မှတ်ပေးရပါမည်။

♦ အတန်းတွင်း လဲလှယ်ဖတ်ရှုခြင်းကို ကလေးများ၏ အခြေအနေပေါ်မူတည်၍ ဆရာက သတ်မှတ်ပေးရပါမည်။

♦ သူငယ်ချင်းကို အကြံဉာဏ်ပေးရာတွင် ပြုလုပ်ခဲ့တဲ့ အဖြစ်အပျက်၊ အဖြစ်အပျက်အပြည့်အစုံနှင့် စိတ်ခံစားချက်ပါဝင်မှု ရှိ မရှိ ဆရာက သတိထားပြီး ကြည့်ပေးရပါမည်။ မပါလျှင် ဆရာက သတိပေးပြီး ဖြည့်ရေးစေရပါမည်။

UBE Box – Copyright Protected



အရေးကြီးသောအချက်များ

- သူငယ်ချင်း၏ အကြံဉာဏ်ကိုယူပြီး ပြန်လည်ပြင်ဆင်ရာတွင် ကလေးများ၏ အခြေအနေပေါ် မူတည်၍ ဆရာက အချိန်သတ်မှတ်ပေးရပါမည်။
- အတန်းတွင်း ပြောချိန်ကိုလည်း ကလေးများ၏ အခြေအနေပေါ် မူတည်၍ ဆရာက သတ်မှတ်ပေးရပါမည်။
- ပြန်လည်ပြင်ဆင် ရေးသားရာတွင် ဆရာ၏ပံ့ပိုးကူညီမှုသည် အဓိကကျပါသည်။
- ထို့ကြောင့် လိုအပ်ချက်ရှိသော ကလေးများကို ဆရာက သေချာစွာ ကြည့်ရှုပေးရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

ဒုတိယအချိန်အဆက်

နိဂုံးချုပ်ခြင်း

- "နောက်တစ်ချိန်မှာ သူငယ်ချင်းတွေပေးတဲ့ အကြံဉာဏ်ယူပြီး ကိုယ်ရေးထားတဲ့ အကြောင်းအရာလေးကို ပြန်ရေးကြည့်ကြရမယ်နော်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အကြောင်းအရာတစ်ခုကို ရေးသားနိုင် ခြင်း ရှိ မရှိ၊ နှစ်ယောက်တစ်တွဲ ပြောဆိုခြင်း ရှိ မရှိနှင့် အတန်းတွင်း လှည့်လည်ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (တတိယအချိန်)

နိဒါန်း

- "သူငယ်ချင်းတွေရဲ့အကြံဉာဏ်ကိုယူပြီး ပြန်ပြင်ရေးကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ယခင် စာသင်ချိန်က သူငယ်ချင်းများထံမှ ရရှိသော အကြံဉာဏ်များကိုယူပြီး မိမိရေးသားထားသော အကြောင်းအရာကို ပြန်လည်ပြင်ဆင် ရေးသားစေပါမည်။
- ထို့နောက် ကလေးများကို အတန်းရှေ့တွင် ပြောစေပါမည်။ (၃၊ ၄ ဦးခန့်)
- ⊙ ထိုသို့ပြောရာတွင် မည်သည့်နေရာကို မည်သို့ပြင်ဆင်ရန် အကြံဉာဏ်များ ပေးခဲ့သည်ကိုပါ ထည့်ပြောရပါမည်။
- လိုအပ်ချက်များရှိလျှင် ဆရာက ဖြည့်စွက်ပြောကြားပေးပါမည်။
- ထို့နောက်ယခင်စာသင်ချိန်က မပြောရသေးသည့် သူငယ်ချင်းများနှင့် အတန်းတွင်း လှည့်လည်ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ အကြောင်းအရာတစ်ခုကို စာပိုဒ်တွေခွဲပြီး ရေးမယ်ဆိုရင် ဖတ်တဲ့သူက နားလည်ရပိုလွယ်တယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိရေးသားထားသောအကြောင်းအရာ ကို သူငယ်ချင်း၏ အကြံဉာဏ်ယူပြီး ပြန်လည်ပြင်ဆင် ရေးသားနိုင်ခြင်း ရှိ မရှိနှင့် အတန်းတွင်းလှည့်လည် ပြောဆိုခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ (၂၁) ဆရာကာပြန် အာခေါင်လှံစူး အကြမ်းဖြူစာသင်ချိန် ၈ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ကျေးဇူးကို မမေ့သင့်ကြောင်း သိရှိရန်
- သင်ခန်းစာပါ ရှေးသုံးစကားလုံးများကို နားလည်သိရှိပြီး မှန်မှန်ကန်ကန် ဖတ်တတ်ရန်
- စကားပုံ၏အဓိပ္ပာယ်ကို နားလည်ပြီး ထိုစကားပုံကိုသုံး၍ စာကြောင်းများရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ကလေးတို့ ဒီနေ့ သင်ခန်းစာရဲ့ ခေါင်းစဉ်ကို ကြားဖူးကြသလား။ ဘယ်သူ့ဆီကကြားဖူးသလဲ" ဟုဖြေစေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ဆရာက စာတစ်ပုဒ်လုံးကို ဖတ်ပြကာ အဖြတ်အရပ်နေရာများအား မှတ်သားထားစေမည်။

- ကလေးများ ဆရာဖတ်ပြသည့်အတိုင်း နောက်မှလိုက်ကာဖတ်စေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)

⊙ တစ်တန်းလုံး အစအဆုံး ဖတ်စေပြီးမှ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေပါမည်။

- ထို့နောက်ခက်ခဲသော စကားလုံးများကို ပြောစေပြီး ဖတ်စာအုပ်တွင်ပါသော ခက်ဆစ်အဓိပ္ပာယ်များကို ကလေးများအား ဖတ်စေပါမည်။
- ခက်ဆစ်ဖော်ပြရာတွင် မပါသည့်စကားလုံးအတွက် တစ်ဦးစီ စဉ်းစားပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။ ဆရာက ဖြည့်စွက်ပြောရပါမည်။

⊙ ပုံပြင်ကို ကလေးများထင်မြင်သည့်အတိုင်း ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ပုံပြင်ရဲ့ အကြောင်းအရာအသေးစိတ်ကို နောက်စာသင်ချိန်မှာ ဆက်ပြောကြမယ်နော်" ဟုပြော၍ နိဂုံးချုပ်ပါမည်။

သင်ခန်းစာ ၂၁ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)



လွန်လေပြီးသောအခါ လုလင်တစ်ယောက်သည် ကတွတ်ပေါက်တစ်ခုၦ ငါးကိုမြွောက်၍ ကစားနေသော ဗျိုင်းတစ်ကောင်ကို မြင်လေ၏။ ထိုဗျိုင်းသည် ငါးကို ကတွတ်ပေါက်မှစောင့်၍ နူတ်သီးဖြင့်ဖမ်းယူကာ အထက်သို့ပစ်၏။ ငါး ပြန်ကျလာသောအခါ မြေသို့မရောက်မီ နူတ်သီးဖြင့်ကိုက်၍ ဖမ်း၏။ ထို့နောက် ရှေးနည်းတူ ကစားပြန်၏။ ဤသို့ ငါးကိုအကြိမ်ကြိမ် ပစ်မြွောက်ဖမ်းယူကစားနေသော ဗျိုင်း၏ကျွမ်းကျင်မှုကို လုလင်သည် အလွန်အားကျလေ၏။ မိမိလည်း တုတ်၊ ဓား၊ လှံ စသည်ကို ဗျိုင်းကဲ့သို့ အထက်သို့ပစ်၍ ပါးစပ်ဖြင့် ကိုက်ဖမ်းနိုင်လျှင် ကောင်းလေစွတဲ့ တွေးမိ၏။

လုလင်သည် ဗျိုင်းကိုတွေ့ခဲ့ပြီးနောက် အိမ်သို့ရောက်သော် ဗျိုင်းကိုအတုယူကာ သစ်ချွန်များကို အထက်သို့မြှောက်တင်၍ မြေသို့မကျမီ ပါးစပ်ဖြင့်ကိုက်ဖမ်း၏။ ဤသို့ အကြိမ်ကြိမ်ပြုလုပ်လေကျင့်ဖန်များသော် လုလင်သည် သစ်ချွန်တို့ကို လျှာနှင့်မျှပင် မထိအောင် ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်လာလေ၏။ ထိုအခါ အုတ်၊ ခဲ စသည်တို့နှင့်လည်းကောင်း၊

အဓိကအချက်များ

- အဖြစ်အပျက်မှ စကားပုံ ဖြစ်လာသည်ကိုပြောပြတတ်ရပါမည်။
- သင်ခန်းစာပါအချက်များကို ကလေးများ နားလည်သလို ပြောပြရပါမည်။

အရေးကြီးသောအချက်များ

- ဆရာဖတ်ပြချိန်တွင် အဖြတ်အရပ် နေရာများကို မှတ်သားထားစေမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိထင်မြင်ချက်များ ပြောနိုင်ခြင်း ရှိ မရှိနှင့် သင်ခန်းစာကိုဖတ်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Free

သင်ခန်းစာ ၂၁ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)



၁ လွန်လေပြီးသောအခါ လုလင်တစ်ယောက်သည် ကတွတ်ပေါက်တစ်ခုခွဲ ငါးကိုမြှောက်၍ ကစားနေသော ဗျိုင်းတစ်ကောင်ကို မြင်လေ၏။ ထိုဗျိုင်းသည် ငါးကို ကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့်ဖမ်းယူကာ အထက်သို့ပစ်၏။ ငါး ပြန်ကျလာသောအခါ မြေသို့မရောက်မီ နှုတ်သီးဖြင့်ကိုက်၍ ဖမ်း၏။ ထို့နောက် ရှေးနည်းတူ ကစားပြန်၏။ ဤသို့ ငါးကိုအကြိမ်ကြိမ် ပစ်မြောက်ဖမ်းယူကစားနေသော ဗျိုင်း၏ကျွမ်းကျင်မှုကို လုလင်သည် အလွန်အားကျလေ၏။ မိမိလည်း တုတ်၊ ဓား၊ လှံ စသည်ကို ဗျိုင်းကဲ့သို့ အထက်သို့ပစ်၍ ပါးစပ်ဖြင့် ကိုက်ဖမ်းနိုင်လျှင် ကောင်းလေစွဟု တွေးမိ၏။

လုလင်သည် ဗျိုင်းကိုတွေ့ခဲ့ပြီးနောက် အိမ်သို့ရောက်သော် ဗျိုင်းကိုအတုယူကာ သစ်ချွန်များကို အထက်သို့မြှောက်တင်၍ မြေသို့မကျမီ ပါးစပ်ဖြင့်ကိုက်ဖမ်း၏။ ဤသို့ အကြိမ်ကြိမ်ပြုလုပ်လေ့ကျင့်ဖန်များသော် လုလင်သည် သစ်ချွန်တို့ကို လျှာနှင့်မှပင် မထိအောင် ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်လာလေ၏။ ထိုအခါ အုတ်၊ ခဲ စသည်တို့နှင့်လည်းကောင်း၊

အရေးကြီးသောအချက်များ

- ဗျိုင်းနှင့် လုလင်နေရာကို သရုပ်ဆောင်စေရာတွင် ဖတ်စာကိုဖတ်ပြီး လွတ်လပ်စွာသရုပ်ဆောင်စေပါမည်။

အကြေပြုစာသင်ချိန် ၈ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်စာသင်ခဲ့နှင်ကသင်ခန်းစာ အစအဆုံး ဖတ်ပြီးကြပြီနော်။ အခုစာတစ်ပိုဒ်ချင်းစီကို ဖတ်ကြည့်ရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ပုံပြင်၏ပထမစာပိုဒ်ကိုဖတ်ပြပြီး ကလေးများကိုလည်း ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေပါမည်။
- ကလေးများပြောသည့် စကားလုံး၏အဓိပ္ပာယ်ကို ကျောင်းသုံးစာအုပ်တွင် ဖတ်စေပြီး မှတ်စုစာအုပ်တွင် ရေးသားစေပါမည်။ (ကာပြန်၊ လုလင်၊ ကတွတ်ပေါက်)
- ပထမစာပိုဒ်တွင် ပါဝင်သောအကြောင်းအရာကို ကလေးတစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ဆရာက လေ့ကျင့်ခန်းရှိ မေးခွန်း (၁) ကို တစ်ဦးချင်း စဉ်းစားရှာဖွေ ပြောစေပါမည်။
- စာပိုဒ်ကို ပိုမိုနားလည်စေရန် ဗျိုင်းနှင့် လုလင်နေရာကို နှစ်ယောက်တစ်တွဲ သရုပ်ဆောင်စေကာ လုလင်ကဗျိုင်း၏ ကျွမ်းကျင်ပုံကို ခီးကျူးစကားပြောကာ မှတ်ချက်ပေးစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက မေးခွန်း (၁) ၏ အဖြေကိုပြောစေကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်းမေးခွန်း (၁) ကို မှန်ကန်စွာ ဖြေနိုင်ခြင်း ရှိမရှိနှင့် ပထမစာပိုဒ်ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ♦ ဆရာက ပထမစာပိုဒ်ကို ပြန်ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ♦ ဆရာက ဒုတိယစာပိုဒ်ကို ဖတ်ပြပါမည်။ ကလေးများ ဆရာနောက်မှ လိုက်ဖတ်စေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ♦ ကလေးများပြောသည့် စကားလုံး၏အဓိပ္ပာယ်ကို ကျောင်းသုံးစာအုပ်တွင် ဖတ်စေပြီး မှတ်စုစာအုပ်တွင် ရေးသားစေမည်။ (အတုယူ၊ ကျွမ်းကျင်၊ ပြိုင်ဘက်ကင်း)
- ♦ ဆရာက ဒုတိယစာပိုဒ်တွင် ပါဝင်သောအကြောင်းအရာကို ကလေးတစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ♦ ဆရာက မေးခွန်း (၂) ကို တစ်ဦးချင်း စဉ်းစားရှာဖွေပြောစေပါမည်။ (လုလင်သည် ဗျိုင်းကို အတုယူ၍ မည်သို့လေ့ကျင့်သနည်း။)
- ⊙ လုလင်လေ့ကျင့်ခဲ့သည့် အဆင့် ၃ ဆင့်ကိုမေးပြီး သင်ပုန်းတွင် ဇယားဆွဲ၍ ဖြည့်စေပါမည်။
- ♦ အရေးကြီးသောအချက်တွင် ဖော်ပြထားသည့် ဇယားပုံစံကို ဆရာက ရေးဆွဲပြရပါမည်။
- ⊙ အဘယ်ကြောင့် ထိုအဆင့်အတိုင်း စဉ်းစားထားသည်ကိုပါ ပြောစေပါမည်။
- ♦ ထို့နောက်ဆရာက "လုလင်သည် ပြိုင်ဘက်ကင်းလာတဲ့အခါ ဘယ်လိုပြောမယ် ထင်သလဲ" ဟုကလေးများကိုမေးပါမည်။ သာဓက ။ ။ "ဗျိုင်းလို ငါလုပ်နိုင်ပြီ"ဟူသောစကားမျိုး
- ♦ ကလေးများကို လွတ်လပ်စွာဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ ဆရာက မေးခွန်း (၂) ၏အဖြေကို ပြောပြခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း မေးခွန်း (၂) ကို မှန်ကန်စွာ ဖြေနိုင်ခြင်း ရှိ မရှိနှင့် ဒုတိယစာပိုဒ်ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၂၁။ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)

သင်ခန်းစာ ၂၁ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)



လွန်လေပြီးသောအခါ လုလင်တစ်ယောက်သည် ကတွတ်ပေါက်တစ်ခု၌ ငါးကိုမြှောက်၍ ကစားနေသော ဗျိုင်းတစ်ကောင်ကို မြင်လေ၏။ ထို့ဗျိုင်းသည် ငါးကို ကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့်ဖမ်းယူကာ အထက်သို့ပစ်၏။ ငါး ပြန်ကျလာသောအခါ မြေသို့မရောက်မီ နှုတ်သီးဖြင့်ကိုက်၍ ဖမ်း၏။ ထို့နောက် ရှေးနည်းတူ ကစားပြန်၏။ ဤသို့ ငါးကိုအကြိမ်ကြိမ် ပစ်မြှောက်ဖမ်းယူကစားနေသော ဗျိုင်း၏ကျွမ်းကျင်မှုကို လုလင်သည် အလွန်အားကျလေ၏။ မိမိလည်း တုတ်၊ ဓား၊ လှံ စသည်ကို ဗျိုင်းကဲ့သို့ အထက်သို့ပစ်၍ ပါးစပ်ဖြင့် ကိုက်ဖမ်းနိုင်လျှင် ကောင်းလေစွဟု တွေးမိ၏။

၂ လုလင်သည် ဗျိုင်းကိုတွေ့ခဲ့ပြီးနောက် အိမ်သို့ရောက်သော် ဗျိုင်းကိုအတုယူကာ သစ်ချန်များကို အထက်သို့မြှောက်တင်၍ မြေသို့မကျမီ ပါးစပ်ဖြင့်ကိုက်ဖမ်း၏။ ဤသို့ အကြိမ်ကြိမ်ပြုလုပ်လေ့ကျင့်ဖန်များသော် လုလင်သည် သစ်ချန်တို့ကို လျှာနှင့်မျှပင် မထိအောင် ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်လာလေ၏။ ထိုအခါ အုတ်၊ ခဲ စသည်တို့နှင့်လည်းကောင်း၊

၅၆

အရေးကြီးသောအချက်များ

- ♦ လုလင်လေ့ကျင့်ခဲ့သည့် အဆင့် ၃ ဆင့်ကို ကလေးများအားမေးပြီးမှ ဖြည့်စေရပါမည်။

လုလင်လေ့ကျင့်ပုံ

ပထမအဆင့်	
ဒုတိယအဆင့်	
တတိယအဆင့်	

DBE Box – Copyright Protected

၂၁။ ဆရာကာပြန် အာခေါင်လှုံးစူး (ပုံပြင်)

လုံတံကြီး ငယ်တို့နှင့်လည်းကောင်း၊ အသွားထက်စွာ သွေးထားသည့် သန်လျက်နှင့်လည်းကောင်း လေ့ကျင့်၏။ ယင်းလက်နက်တို့ကိုလည်း သစ်ချွန်များနှင့် ကစားသကဲ့သို့ ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်၏။ ဤအတတ်၌ လုလင်သည် ပြိုင်ဘက်ကင်းသူ ဖြစ်လာလေ၏။

လုလင်သည် မိမိအစွမ်းကို ရွာခံရွေးဦးစွာပြ၏။ ရွာသားပရိသတ်တို့လည်း များစွာ နှစ်သက်ကြ၍ ဆုလာဘ်များကို အကြိမ်ကြိမ် အထပ်ထပ် ပေးကြ၏။ လုလင်သည် ထို့ရွာမှ တစ်ဆင့် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့သို့ သွားလာကာ မိမိအစွမ်းကိုပြ၏။ ထိုအခါ၌လည်း ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ ဆုလာဘ်များစွာ ပေးကြ၏။

လုလင်၏အစွမ်းကို မင်းကြီးကြားသော် လုလင်ကိုခေါ်၍ မင်းရင်ပြင်၌ ကစားစေ၏။ လုလင်သည် မိမိအစွမ်းကိုပြ၏။ မင်းကြီးနှစ်သက်အားရတော်မူလှ၍ ကြေးငွေစွာ၊ ဆုလာဘ်များစွာ ချီးမြှင့်တော်မူ၏။ လုလင်အားလည်း မင်းရင်ပြင်၌ မကြာခဏ ကစားပြစေ၏။ နောင်တွင် မင်းကြီးနှင့်လုလင်တို့သည် တဖြည်းဖြည်း ခင်မင်ရင်းနှီးလာကြ၏။

တစ်နေ့တွင် မင်းကြီးက "အမောင်လုလင်၊ ဤအတတ်ပညာကို အဘယ်ဆရာ့ထံတွင် လေ့လာဆည်းပူးခဲ့သနည်း။ သင်၏ဆရာကား အဘယ်သူနည်း" ဟု မေး၏။ ထိုအခါ လုလင်သည် "ငါ၏ဆရာသည် ဗျိုင်းဖြစ်ပါသည်ဟု လျှောက်တင်မိပါက ငါသည် တိရစ္ဆာန်ဗျိုင်း၏ တပည့်ဖြစ်သည်ဟူ၍ အထင်အမြင်သေးတန်ရာ၏။ ထိုအခါ ငါ၏ဂုဏ်သိက္ခာလည်း ညှိုးနွမ်းလိမ့်မည်။ လာဘ်လာဘလည်း ဆုတ်ယုတ်လိမ့်မည်" ဟူ၍ တွေးတောစိုးရိမ်မိသဖြင့် "အရှင်မင်းကြီး၊ ကျွန်တော်မျိုးခဲ့ ဆရာမရှိပါ" ဟု လျှောက်တင်မိလေ၏။ ထို့နောက်တွင် လုလင်သည် ရှေးနည်းအတူ လုံတံနှင့်ကစားသောအခါ မိအောင် မဖမ်းနိုင်တော့ဘဲ အာခေါင်ကို လုံတံ ဖောက်ထွင်းသွား၍ အသက်ဆုံးရှုံးရလေ၏။

အလိမ္မာပုံပြင်များ

ဓက်ဆစ်

၁။	လုလင်	= ပျိုရွယ်သောယောကျ်ား။
၂။	ကာပြန်	= ကျေးဇူးရှင်ကို ဖက်ပြိုင်ခုခံသည်။
၃။	ကတွတ်ပေါက်	= ကန်သင်းမိုးရှိ ရေထွက်ရန်အပေါက်။
၄။	သန်လျက်	= တစ်ဖက်သွား နှစ်ဖက်သွားရှိသော ဓားလက်နက်တစ်မျိုး။
၅။	ဆုလာဘ်	= ကြိုးပမ်းလုပ်ဆောင်မှုအတွက် ရသောဆု။
၆။	ဂုဏ်သိက္ခာ	= စောင့်စည်းထိန်းသိမ်းအပ်သောဂုဏ်။

၁၇

အရေးကြီးသောအချက်များ

- လုလင်၏အစွမ်းပြပုံကို ဇယားတွင် မှန်ကန်စွာ ရေးသားနိုင်ရန် ဆရာကကူညီပေးရပါမည်။
- ကလေးများကို လုလင်၏အစွမ်းပြပုံပြောရာတွင် အပြောစကားဖြင့် လွတ်လပ်စွာပြောစေပါမည်။
- မေးခွန်း (၃) နမူနာအဖြေ
  "လုလင်၏အစွမ်းပြပုံကို အလွန်ကြိုက်နှစ်သက်လို့ဖြစ်ပါတယ်"

လုလင်၏အစွမ်းပြပုံ

ရွာတွင်အစွမ်းပြပုံ	
မင်းရင်ပြင်တွင် အစွမ်းပြပုံ	

အကြေပြုစာသင်ချိန် ၈ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- " တတိယစာပိုဒ်ကို ဆက်ပြီး ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက တတိယစာပိုဒ်နှင့် စတုတ္ထစာပိုဒ်ကို တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း ဖတ်စေမည်။
- ခက်ခဲသော စကားလုံးများကို မျဉ်းသားစေမည်။
- ကလေးများပြောသည့် စကားလုံး၏အဓိပ္ပာယ်ကို ကျောင်းသုံးစာအုပ်တွင် ဖတ်စေပြီး မှတ်စုစာအုပ်တွင် ရေးသားစေမည်။ (သန်လျက်၊ ဆုလာဘ်၊ ချီးမြှင့်၊ ရင်ပြင်)
- ထို့နောက်စာပိုဒ်၏အကြောင်းအရာကို ကလေးတစ်ဦးချင်း နားလည်သလိုပြောစေပါမည်။
- ဆရာက ဇယားဆွဲ၍ လုလင်၏ အစွမ်းပြပုံကို အပြောစကားဖြင့် ဖြည့်စေပါမည်။
- ဇယားတွင်ဖြည့်ပြီးမှ မေးခွန်း (၃)ကို ဖြေဆိုစေပါမည်။
- ဆရာက မေးခွန်း (၃) ကို ကလေးများ နားလည်သလို ပြောစေပါမည်။ (လုလင်သည်အဘယ်ကြောင့် ဆုလာဘ်များစွာ ချီးမြှင့်ခြင်း ခံရသနည်း။)
- ဆရာက ထပ်ဆင့်မေးရပါမည်။
  "ရွာသားပရိသတ်က ဘာကိုနှစ်သက်တယ်ထင်သလဲ"
  "ဘာကြောင့်ဆုလာဘ်တွေပေးတာလဲ"
  "လုလင်ပြထားတဲ့အစွမ်းတွေမှာ ဘယ်လိုအစွမ်းကို နှစ်သက်မယ်ထင်သလဲ"
- ကလေးများကို နှစ်ယောက်တစ်တွဲပြောစေပါမည်။
- အတန်းရှေ့တွင် ကလေး ၃၊ ၄ဦးခန့် ဖြေစေကာ သင်ပုန်းမှတ်ချက်ရေးထားရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက မေးခွန်း(၃) ၏အဖြေကိုပြောပြခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၃) ကို မှန်ကန်စွာ ဖြေနိုင်ခြင်း ရှိ မရှိနှင့် စာပိုဒ်အကြောင်းအရာကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box - Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (ပဋိမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ မေးခွန်း (၄) ကို ဖြေကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- မေးခွန်း (၄) ကိုဖြေနိုင်ရန် နောက်ဆုံးစာပိုဒ်ကို ဖတ်စေပါမည်။
- တစ်ဦးချင်းစဉ်းစားစေ၍ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ဆရာက မေးခွန်း(၄)ကို ဖတ်စေပါမည်။ (လုလင်သည် သူ၏ ဆရာမှာ ဗျိုင်းဖြစ်ကြောင်းအဘယ်ကြောင့် မပြောလိုသနည်း။)
- ⊙ ကလေးများကို တစ်ဦးချင်းဖြေစေပါမည်။ ကလေးများ အဖြေတူလျှင်"တခြားအဖြေရှိသေးသလား"ဟု ဆရာကထပ်မေးကာ ထင်မြင်သလို ဖြေစေရပါမည်။
- ⊙ ထို့နောက်ဆရာက "အဘယ်ကြောင့် လုံတံကိုရှေးနည်းတူ မဖမ်းနိုင်သနည်း" ဟူသောမေးခွန်းကို ထပ်မံမေးရပါမည်။
- ကလေးများကို လွတ်လပ်စွာဖြေစေပြီး ဆရာက မှတ်ချက်ပေးရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ဆရာကာပြန် အာခေါင်လုံစူး ဆိုတဲ့စကားပုံ ဖြစ်လာရတဲ့အကြောင်းကို သိသွားကြပြီမဟုတ်လား" "ကလေးတို့ရောဘယ်လိုထင်သလဲ" ဟု မေး၍ ဖြေစေကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၄) ကို ဖြေဆိုရာ၌ ကလေးများ လွတ်လပ်စွာ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

လုံတံကြီး ငယ်တို့နှင့်လည်းကောင်း၊ အသွားထက်စွာ သွေးထားသည့် သန်လျက်နှင့်လည်းကောင်း လေ့ကျင့်၏။ ယင်းလက်နက်တို့ကိုလည်း သစ်ချွန်များနှင့် ကစားသကဲ့သို့ ကျွမ်းကျင်စွာကိုက်၍ ဖမ်းနိုင်၏။ ဤအတတ်၌ လုလင်သည် ပြိုင်ဘက်ကင်းသူ ဖြစ်လာလေ၏။

လုလင်သည် မိမိအစွမ်းကို ရွာ၌ရှေးဦးစွာပြ၏။ ရွာသားပရိသတ်တို့လည်း များစွာ နှစ်သက်ကြ၍ ဆုလာဘ်များကို အကြိမ်ကြိမ် အထပ်ထပ် ပေးကြ၏။ လုလင်သည် ထိုရွာမှ တစ်ဆင့် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့သို့ သွားလာကာ မိမိအစွမ်းကိုပြ၏။ ထိုအခါ၌လည်း ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ ဆုလာဘ်များစွာ ပေးကြ၏။

လုလင်၏အစွမ်းကို မင်းကြီးကြားသော် လုလင်ကိုခေါ်၍ မင်းရင်ပြင်၌ ကစားစေ၏။ လုလင်သည် မိမိအစွမ်းကိုပြ၏။ မင်းကြီးနှစ်သက်အားရတော်မူလှ၍ ကြေးငွေဥစ္စာ၊ ဆုလာဘ်များစွာ ခီးမြှင့်တော်မူ၏။ လုလင်အားလည်း မင်းရင်ပြင်၌ မကြာခဏ ကစားပြစေ၏။ နောင်တွင် မင်းကြီးနှင့်လုလင်တို့သည် တဖြည်းဖြည်း ခင်မင်ရင်းနှီးလာကြ၏။

၄ တစ်နေ့တွင် မင်းကြီးက "အမောင်လုလင်၊ ဤအတတ်ပညာကို အဘယ်ဆရာ့ထံတွင် လေ့လာဆည်းပူးခဲ့သနည်း။ သင်၏ဆရာကား အဘယ်သူနည်း" ဟု မေး၏။ ထိုအခါ လုလင်သည် "ငါ၏ဆရာသည် ဗျိုင်းဖြစ်ပါသည်ဟု လျှောက်တင်မိပါက ငါသည် တိရစ္ဆာန်ဗျိုင်း၏ တပည့်ဖြစ်သည်ဟူ၍ အထင်အမြင်သေးတန်ရာ၏။ ထိုအခါ ငါ၏ဂုဏ်သိက္ခာလည်း ညှိုးနွမ်းလိမ့်မည်။ လာဘ်လာဘလည်း ဆုတ်ယုတ်လိမ့်မည်" ဟူ၍ တွေးတောဝန်းရံမိသဖြင့်"အရှင်မင်းကြီး၊ ကျွန်တော်မျိုးခဲ့ ဆရာမရှိပါ" ဟု လျှောက်တင်မိလေ၏။ ထို့နောက်တွင် လုလင်သည် ရှေးနည်းအတူ လုံတံနှင့်ကစားသောအခါ မိအောင် မဖမ်းနိုင်တော့ဘဲ အာခေါင်ကို လုံတံ ဖောက်ထွင်းသွား၍ အသက်ဆုံးရှုံးရလေ၏။

အလိမ္မာပုံပြင်များ

ဓက်ဆစ်

၁။ လုလင် - ပျိုရွယ်သောယောကျ်ား။
၂။ ကာပြန် - ကျေးဇူးရှင်ကို ဖက်ပြိုင်ခုခံသည်။
၃။ ကတ္တုတ်ပေါက် - ကန်သင်းရိုးရှိ ရေထွက်ရန်အပေါက်။
၄။ သန်လျက် - တစ်ဖက်သွား နှစ်ဖက်သွားရှိသော ဓားလက်နက်တစ်မျိုး။
၅။ ဆုလာဘ် - ကြိုးပမ်းလုပ်ဆောင်မှုအတွက် ရသောဆု။
၆။ ဂုဏ်သိက္ခာ - စောင့်စည်းထိန်းသိမ်းအပ်သောဂုဏ်။

အရေးကြီးသောအချက်များ

- ဆရာက ကလေးများကို လွတ်လပ်စွာ ဖြေဆိုစေပါမည်။
- မေးခွန်း၏အဓိပ္ပာယ်ကို စဉ်းစားစေရာတွင် ပုံပြင်၏အဖြစ်အပျက်ကို ပြန်ဖတ်စေရပါမည်။

DBE Book – Copyright Protected

၂၁။ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ဗျိုင်းသည် ငါးကိုကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့် ဖမ်းယူကာ အထက်သို့ _____ ၏။ (ပစ်၊ ပြစ်)

၂။ လုလင်က ဗျိုင်းသည် ငါ၏ဆရာဖြစ်လျှင် ဂုဏ်သိက္ခာ _____ လိမ့်မည်ဟု တွေးမိ၏။ (ညိုးနွမ်း၊ ညှိုးနွမ်း)

၃။ ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ _____ များစွာ ပေးကြ၏။ (ဆုလာဘ်၊ ဆုလဒ်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကတွတ်ပေါက်၊ အားကျ၊ အတုယူ၊ ချီးမြှင့်၊ လေ့လာ

သာဓက

ကတွတ်ပေါက် ။ ။ ဗျိုင်းသည် ကတွတ်ပေါက်တစ်ခုၦ ငါးကို စောင့်၍ဖမ်းသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ လုလင်မြင်ခဲ့သော ဗျိုင်း၏ကျွမ်းကျင်မှုကို ဖော်ပြပါ။

၂။ လုလင်သည် ဗျိုင်းကိုအတုယူ၍မည်သို့လေ့ကျင့်သနည်း။

၃။ လုလင်သည် အဘယ်ကြောင့်ဆုလာဘ်များစွာချီးမြှင့်ခံရသနည်း။

၄။ လုလင်သည် သူ၏ဆရာမှာ ဗျိုင်းဖြစ်ကြောင်း အဘယ်ကြောင့် မပြောလိုသနည်း။

၅။ ဆရာကာပြန် အာခေါင်လှံစူးဆိုသည့် စကားပုံကိုမည်သည့်အခြေအနေမျိုးတွင် အသုံးပြုသနည်း။

၆။ ဆရာကာပြန် အာခေါင်လှံစူး ပုံပြင်သင်ကြားရခြင်းဖြင့် မည်သည့်သင်ခန်းစာကို ရရှိသနည်း။

၅၈

အရေးကြီးသောအချက်များ

- သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုသည်မှာ မည်သူတို့ဖြစ်သည်ကို ကလေးများအား စဉ်းစားစေပါမည်။
- ဆရာက ကလေးများရေးသားသည်ကို မှန်ကန်ခြင်း ရှိ မရှိ စစ်ဆေးပေးရပါမည်။
- သင်ဆရာ၊မြင်ဆရာ၊ကြားဆရာ၏အဓိပ္ပာယ်ကို ဆရာကရှင်းပြရပါမည်။

အကြံပြုစာသင်ချိန် ၈ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ မေးခွန်း (၅) ကို ဖြေကြည့်ကြရအောင်" ဟု နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သင်ခန်းစာတစ်ပုဒ်လုံးကို တစ်တန်းလုံး ဖတ်စေပါမည်။
- ထို့နောက် ဆရာက "စကားပုံရဲ့အဓိပ္ပာယ်ကဘာလဲ" ဟု မေးကာ တစ်ဦးချင်းစဉ်းစား၍ ပြောစေပါမည်။
- ဆရာက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ရှိကြောင်း ရှင်းပြ၍ ဗျိုင်းသည် လုလင်၏ မြင်ဆရာဖြစ်ကြောင်း ပြောပြရပါမည်။
- ထို့နောက်ဆရာက မေးခွန်း (၅)ကို တစ်တန်းလုံး ဖတ်စေပါမည်။ (ဆရာကာပြန် အာခေါင်လှံစူးဆိုသည့်စကားပုံကို မည်သည့် အခြေအနေမျိုးတွင် အသုံးပြုသနည်း။)
- ကလေးများကို ထင်မြင်သည့်အတိုင်း လွတ်လပ်စွာပြောစေပါမည်။ သာဓက ။ ။ ဆရာစကားနားမထောင်ဘဲ အာခံပြောဆိုခြင်း
- ကလေးများ စဉ်းစားထားသည်များကို မှတ်စုတွင် ရေးသားကာ နှစ်ယောက်တစ်တွဲ အပြန်အလှန်ဖတ်ရှုစေပါမည်။
- ကလေး ၃၊ ၄ဦးခန့်ကို အတန်းသို့ပြောစေပါမည်။
- ဆရာက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ရှိသေလေးစားသင့်ကြောင်း၊ အကျိုးအကြောင်းပြ ပြောသည်မှာ အပြစ်ဟု မဆိုကြောင်း၊ သင်ကြားပေးသော ဆရာရှိပါလျက်နှင့် မရှိဘူးဟုပြောခြင်း၊ ဆရာကို ရိုင်းပြစွာပြောဆိုခြင်း၊ မထီမဲ့မြင်ပြုလုပ်ခြင်းသည် အပြစ်ဖြစ်ကြောင်းကို ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာကမေးခွန်း (၅)၏ အဖြေကိုဖြည့်စွက်ပြောပြကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၅)ကို နားလည်သလိုပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၈ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဆရာက မေးခွန်း (၆)ကို ဖြေကြည့်ကြရအောင်" ဟု နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သင်ခန်းစာတစ်ပုဒ်လုံးကို တစ်တန်းလုံး ဖတ်စေပါမည်။
- ⊙ "လုလင်နေရာမှာ ကလေးတို့သာဆိုရင် ဘယ်လိုပြန်ပြောမလဲ" ဟု မေး၍ ထင်မြင်သည့်အတိုင်း ပြောစေပါမည်။
- ထို့နောက် မေးခွန်း (၆)ကို ကလေးများအားဖြေစေပါမည်။ (ဆရာကာပြန် အာခေါင်လုံစူး ပုံပြင်သင်ကြားရခြင်းဖြင့် မည်သည့် သင်ခန်းစာများရရှိသနည်း။)
- ကလေးများကို ထင်မြင်သည့်အတိုင်း လွတ်လပ်စွာပြောစေပါမည်။
- ကလေးတစ်ဦးချင်း စဉ်းစားထားသည်များကို မှတ်စုတွင် ရေးသားကာ နှစ်ယောက်တစ်တွဲ အပြန်အလှန်ဖတ်ရှုစေပါမည်။
- ကလေး ၃၊ ၄ ဦးခန့်ကို အတန်းသို့ပြောစေပါမည်။
- ⊙ ဆရာကမေးခွန်း (၆)အတွက် ပုံပြင်၏သင်ခန်းစာပြောရာတွင် ပုံပြင်ထဲက လုလင်ကဲ့သို့ "ဆရာမရှိပါ"ဟု မပြောသင့်ကြောင်း၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ရိုသေလေးစားသင့်ကြောင်း၊ ကျေးဇူးတရားကို မမေ့သင့်ကြောင်း ဖြည့်စွက်ပြောပြပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက ကျောင်းရှိဆရာများအပြင် မိမိပတ်ဝန်းကျင်တွင်လည်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများရှိကြောင်း ပြောပြကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်း (၆) ၏အဖြေကို နားလည်သလို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၂။ ဆရာကာပြန် အာခေါင်လုံစူး (ပုံပြင်)

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ဗျိုင်းသည် ငါးကိုကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့် ဖမ်းယူကာ အထက်သို့ _____ ၏။ (ပစ်၊ ပြစ်)

၂။ လုလင်က ဗျိုင်းသည် ငါ၏ဆရာဖြစ်လျှင် ဂုဏ်သိက္ခာ _____ လိမ့်မည်ဟု တွေးမိ၏။ (ညိုးနွမ်း၊ ညှိုးနွမ်း)

၃။ ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ _____ များစွာ ပေးကြ၏။ (ဆုလာဘ်၊ ဆုလဒ်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကတွတ်ပေါက်၊ အားကျ၊ အတုယူ၊ ချီးမြှင့်၊ လေ့လာ

သာဓက

ကတွတ်ပေါက် ။ ။ ဗျိုင်းသည် ကတွတ်ပေါက်တစ်ခုခု ငါးကို စောင့်၍ဖမ်းသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ လုလင်မြင်ခဲ့သော ဗျိုင်း၏ကျွမ်းကျင်မှုကို ဖော်ပြပါ။

၂။ လုလင်သည် ဗျိုင်းကိုအတုယူ၍မည်သို့လေ့ကျင့်သနည်း။

၃။ လုလင်သည် အဘယ်ကြောင့်ဆုလာဘ်များစွာချီးမြှင့်ခံရသနည်း။

၄။ လုလင်သည် သူ၏ဆရာမှာ ဗျိုင်းဖြစ်ကြောင်း အဘယ်ကြောင့် မပြောလိုသနည်း။

၅။ ဆရာကာပြန် အာခေါင်လုံစူးဆိုသည့် စကားပုံကိုမည်သည့်အခြေအနေမျိုးတွင် အသုံးပြုသနည်း။

၆။ ဆရာကာပြန် အာခေါင်လုံစူး ပုံပြင်သင်ကြားရခြင်းဖြင့် မည်သည့်သင်ခန်းစာကို ရရှိသနည်း။

၅၈

အရေးကြီးသောအချက်များ

- ထို့နောက် "ဆရာကာပြန် အာခေါင်လုံစူး" ပုံပြင်မှရရှိသော သင်ခန်းစာများကိုဖြေဆိုရာတွင် ဆရာက ကလေးများ ဖြေဆိုသည်ကို နားထောင်ပြီးမှ ဖြည့်စွက်ပြောပြရပါမည်။

DBE Box - Copyright Protected



၂၁။ ဆရာကာပြန် အာခေါင်လှံစူး (ပုံပြင်)

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ဗျိုင်းသည် ငါးကိုကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့် ဖမ်းယူကာ အထက်သို့ _____ ၏။ (ပစ်၊ ပြစ်)

၂။ လုလင်က ဗျိုင်းသည် ငါ၏ဆရာဖြစ်လျှင် ဂုဏ်သိက္ခာ _____ လိမ့်မည်ဟု တွေးမိ၏။ (ညှိုးနွမ်း၊ ညှိုးနွမ်း)

၃။ ပရိသတ်တို့သည် လွန်စွာနှစ်သက်ကြ၍ _____ များစွာ ပေးကြ၏။ (ဆုလာဘ်၊ ဆုလဒ်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကတွတ်ပေါက်၊ အားကျ၊ အတုယူ၊ ချီးမြှင့်၊ လေ့လာ

သာဓက

ကတွတ်ပေါက် ။ ။ ဗျိုင်းသည် ကတွတ်ပေါက်တစ်ခုၦ ငါးကို စောင့်၍ဖမ်းသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ လုလင်မြင်ခဲ့သော ဗျိုင်း၏ကျွမ်းကျင်မှုကို ဖော်ပြပါ။

၂။ လုလင်သည် ဗျိုင်းကိုအတုယူ၍မည်သို့လေ့ကျင့်သနည်း။

၃။ လုလင်သည် အဘယ်ကြောင့်ဆုလာဘ်များစွာချီးမြှင့်ခံရသနည်း။

၄။ လုလင်သည် သူ၏ဆရာမှာ ဗျိုင်းဖြစ်ကြောင်း အဘယ်ကြောင့် မပြောလိုသနည်း။

၅။ ဆရာကာပြန် အာခေါင်လှံစူးဆိုသည့် စကားပုံကိုမည်သည့်အခြေအနေမျိုးတွင် အသုံးပြုသနည်း။

၆။ ဆရာကာပြန် အာခေါင်လှံစူး ပုံပြင်သင်ကြားရခြင်းဖြင့် မည်သည့်သင်ခန်းစာကို ရရှိသနည်း။

၅၈

အရေးကြီးသောအချက်များ

- ဆရာက သတ်ပုံအမှန်ရွေးချယ်ခြင်း၊ ကလေးများ ရေးသားထားသော ဝါကျများ မှန်ကန်ခြင်း ရှိ မရှိကို စစ်ဆေးပေးရပါမည်။

အကြံပြုစာသင်ချိန် ၈ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ သတ်ပုံနဲ့ ဝါကျတွေ လေ့ကျင့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- လေ့ကျင့်ခန်းရှိ စာလုံးပေါင်းသတ်ပုံအမှန်များကိုရွေးနိုင်ရန် ဦးစွာစာကြောင်းကိုဖတ်စေပါမည်။
  "ဗျိုင်းသည် ငါးကို ကတွတ်ပေါက်မှစောင့်၍ နှုတ်သီးဖြင့် ဖမ်းယူကာ အထက်သို့ (ပစ်၊ ပြစ်) ၏။"
- ⊙ တစ်ဦးချင်းစဉ်းစား၍ ဖြည့်စေပါမည်။
- ⊙ နှစ်ယောက်တစ်တွဲဖတ်စေပြီးမှ သတ်ပုံအမှန်ကို ဆရာက မေးပါမည်။
- ⊙ ထို့နောက် မှတ်စုစာအုပ်တွင် ဝါကျကိုသတ်ပုံအမှန်ဖြည့်ကာ ရေးစေပါမည်။
- ⊙ "ပစ်၊ ပြစ်" စကားလုံးနှစ်လုံး၏အသုံးမတူပုံကို ကလေးများအား ပြောစေပါမည်။
- လိုအပ်လျှင် ဆရာက ဖြည့်စွက်ပြောရပါမည်။
- ကျန်သောစာကြောင်းများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။
- ထို့နောက်ဆရာက "ကတွတ်ပေါက် " ဟူသော စကားလုံးကို ကျောင်းသုံးစာအုပ်တွင် ဝါကျဖွဲ့ထားပြီးဖြစ်ကြောင်း ပြောပါမည်။
- ⊙ "အားကျ" ဟူသော စကားလုံးကို နှစ်သက်ရာ ဝါကျဖွဲ့စေပါမည်။ ကလေးများပြောကြားသော ဝါကျများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတန်းရှေ့ထွက်ပြီး ကလေး ၂ဦး၊ ၃ဦးခန့် ပြောစေပါမည်။
- ကျန်စကားလုံးများကို ဝါကျများဖွဲ့စေကာ အချင်းချင်းပြောပြီးနောက် မှတ်စုစာအုပ်တွင် ရေးစေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ဆရာကာပြန် အာခေါင်လှံစူး ဆိုတဲ့ပုံပြင်ထဲမှာ ရွေးသုံးစကားလုံးတွေလဲ ပါတယ်ဆိုတာ သိကြပြီမဟုတ်လား" ဟု မေး၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စာလုံးပေါင်းသတ်ပုံ အမှားအမှန် ရွေးနိုင်ခြင်း၊ မှန်ကန်စွာ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ (၂၂) ကျောင်းပိတ်ရက်ခရီးသည် (ကဗျာ)
အကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ယာဉ်များ၏မြည်သံကိုသိရှိစေပြီး ကဗျာကို ရွတ်ဆိုတတ်ရန်
- မြည်သံစွဲ စကားလုံးများကိုသိရှိစေရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ကဗျာ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ကျောင်းပိတ်ရက်တွေမှာ ခရီးသွားဖူးသလား။ ဒီနေ့တော့ ဘာယာဉ်တွေနဲ့ခရီးသွားကြရင်ကောင်းမလဲဆိုတာ ကဗျာကိုဖတ်ရင်း စဉ်းစားကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကဗျာခေါင်းစဉ်ကိုသင်ပုန်းတွင်ရေးပြီး "ဘယ်လို ကဗျာလေး ဖြစ်မယ်ထင်သလဲ" ဟု ကလေးများ၏ထင်မြင်ချက်ကို မေးပါမည်။
- ဆရာက ကဗျာကို အသံအဖြတ်အရပ်မှန်မှန်ဖြင့်ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ⊙ ဆရာက ကဗျာကိုရွတ်ဆိုပြီး ကလေးများကို နောက်မှလိုက်၍ဆိုစေမည်။ (အနည်းဆုံး ၃ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ကဗျာကို ပြန်လည်ရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ကဗျာဖတ်ပြီးလျှင် ခက်ခဲသောစကားလုံးများကို ဆရာက သင်ပုန်းတွင်ရေးကာ အဓိပ္ပာယ်ကို ပြောစေမည်။
- ကလေးတို့"ကဗျာထဲမှာ ဘယ်လိုယာဉ်တွေပါသလဲ" ဆိုတာကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပြီး ဖြေဆိုစေပါမည်။ (၃၊ ၄ ဦးခန့်)

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ကဗျာကိုသီဆိုရတာပျော်ရဲ့လား"ဟုမေးကာ ကဗျာတွင်ပါသော ယာဉ်များကိုပြောစေပြီးကဗျာကို ရွတ်ဆိုကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာတွင်ပါဝင်သော ယာဉ်များကိုပြောဆိုနိုင်ခြင်း ရှိ မရှိနှင့် ကဗျာကိုရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲ ဖြတ်ပါမည်။



အဓိကအချက်များ

- ကလေးများ ကဗျာကို လွတ်လပ်စွာ ရွတ်ဆိုစေရမည်။
- ကဗျာပါယာဉ်များ၏ မြည်သံကို စဉ်းစားနိုင်ရမည်။
- ခရီးသွားရာတွင် အသုံးပြုကြသော ယာဉ်များကိုပြောဆိုနိုင်ပြီး မြည်သံကို ပြောဆိုနိုင်ရမည်။

အရေးကြီးသောအချက်များ

- ကဗျာရွတ်ဆိုရာတွင် အားနည်းချက်ရှိသော ကလေးရှိလျှင် ဆရာက ကူညီပံ့ပိုးပေးရမည်။
- ကဗျာရွတ်ဆိုရာတွင် ကဗျာပါမြည်သံစွဲ စကားလုံးများကို ပီသစွာ သတိထားပြီး ရွတ်ဆိုပြရပါမည်။

DBE Box – Copyright protected

သင်ခန်းစာ ၂၂ ကျောင်းပိတ်ရက်ခရီးသည် (ကဗျာ)

ကျောင်းပိတ်ရက်ခရီးသည်

ကျောင်းပိတ်ရက်မှာ တို့တစ်တွေ
ခရီးထွက်ဖို့လေ။
ရေကြောင်းနဲ့လား ကုန်းကြောင်းလား
လေကြောင်း သွားမှာလား။
လှည်းယဉ်ကလေး ဂလုန်ဂလုန်
ခြုံလုံးတေးသံစုံ။
မြင်းလှည်းလေး ခွပ်ခွပ်
အပြေး သူမရပ်။
စက်ဘီးကလေး ကလင်ကလင်
လမ်းကြို လမ်းကြားဝင်။
မော်တော်ကားကြီး ဝီးဝီး
တူပျော်ပျော် ခရီး။
သင်္ဘောကြီး တူတူ
မီးခိုး တလူလူ။
ငှက်သမွှန် ကျိုကျို
လှိုင်းက တအိအိ။
လေယာဉ်ပျံ ဝီဝီ
ကောင်းကင်ထဲမှာမြည်။
မီးရထားကြီး ဂျုန်းဂျုန်း
လိုက်ပါရစေအုံး။

တင်မိုး



အရေးကြီးသောအချက်များ

- ကလေးများ ကဗျာကို အသံနေအသံထားမှန်မှန် ရွတ်ဆိုတတ်ရမည်။
- ယာဉ်များ၏ အသံကွဲပြားခြားနားကြောင်း ယာဉ်အမျိုးအစားတူသော်လည်း တစ်ခုနှင့် တစ်ခုကြားရသောမြည်သံ ကွဲပြားခြားနားကြောင်း သိစေရပါမည်။
- အဖွဲ့လိုက်ယာဉ်များ၏ အသံကို စဉ်းစားရာတွင် အချိန်ရလျှင် အခြားယာဉ်များ၏ မြည်သံကိုပါ စဉ်းစားစေမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ကဗျာကိုရွတ်ဆိုရအောင်ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကဗျာကို ကလေးများအား ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- "ကလေးတို့ ကဗျာထဲကယာဉ်တွေရဲ့အသံက ဘယ်လိုထွက်သလဲ"ဟုမေးကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီးပြောစေမည်။
- ထို့နောက် ကလေး ၃၊ ၄ဦးကို မေးပါမည်။
- "ဒါဆိုကလေးတို့ ကဗျာထဲက ယာဉ်တွေရဲ့အသံတွေကို မျဉ်းသားကြရအောင်" ဟု ပြောကာ ကလေးများကိုယ်တိုင် မျဉ်းသားစေပါမည်။
- မျဉ်းသားပြီးလျှင်နှစ်ယောက်တစ်တွဲ လဲလှယ်စစ်ဆေးစေမည်။
- ထို့နောက်ကလေး ၃၊ ၄ ဦးကို အတန်းသို့ပြောစေမည်။
- "မော်တော်ကားတွေရဲ့ အသံတွေကတူရဲ့လား။ ကလေးတို့ဆိုရင် ယာဉ်တွေရဲ့ အသံတွေကိုဘယ်လို ကြားသလဲ" ဟုမေးကာ အုပ်စုတွင်း အချင်းချင်းပြောစေမည်။
- ထို့နောက် ကလေးတစ်ဦးစီအတန်းရှေ့ထွက်ပြီး မိမိတို့ထင်မြင်သောယာဉ်များ၏ အသံကိုပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ကဗျာတွင်ပါဝင်သောယာဉ်များ၏အသံကိုမေးပြီး ကဗျာကိုပြန်လည်ရွတ်ဆိုကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများကိုယ်တိုင် ကဗျာကို ရွတ်ဆိုနိုင်ခြင်း ရှိ မရှိ နှင့် ကဗျာပါယာဉ်များ၏မြည်သံကို ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ကဗျာကိုရွတ်ဆိုစေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများကိုယ်တိုင် ကဗျာကိုရွတ်ဆိုစေမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ကဗျာဖတ်ပြီးလျှင် "ကလေးတို့ကိုယ်တိုင် သွားချင်တဲ့ခရီးတစ်ခုကို ဘယ်လိုယာဉ်တွေနဲ့ သွားချင်သလဲ"ဟုမေးကာ နှစ်ယောက်တစ်တွဲ ပြောစေမည်။
- "နှစ်ယောက်တစ်တွဲပြောပြီးရင် ယာဉ်တွေရဲ့အသံများကိုရေးရမယ်နော်။ ရေးတဲ့အခါမှာကလေးတို့သွားတဲ့ခရီးက ယာဉ်တွေရဲ့ အသံက ဘယ်လိုမြည်သလဲဆိုတာကို ထည့်ရေးရမယ်နော်"ဟု ပြောပြီးရေးစေပါမည်။
- ဆရာက "ကိုယ်ခရီးသွားတဲ့အခါမှာ အသုံးပြုတဲ့ ယာဉ်တွေရဲ့ အသံကို နှစ်ယောက်တစ်တွဲပြောပြီးရင် တစ်တန်းလုံးကို ပြောရမယ်နော်"ဟု ပြောပါမည်။
- ထို့နောက် နားထောင်နေသော ကလေးများအား ကဗျာတွင် မပါသော ယာဉ်များ၏ အမည်နှင့်အသံကို ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ကလေးများအား သွားလိုသောခရီးတွင် အသုံးပြုသောယာဉ်များ၏ အသံကိုမေးပြီး ကဗျာကို တစ်တန်းလုံးရွတ်ဆိုစေကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိသွားချင်သောခရီးတစ်ခုတွင် အသုံးပြုသောယာဉ်နှင့် ထိုယာဉ်တို့၏ အသံတွေကို ပြောနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၂၂ ကျောင်းပိတ်ရက်ခရီးသည် (ကဗျာ)

ကျောင်းပိတ်ရက်ခရီးသည်

ကျောင်းပိတ်ရက်မှာ တို့တစ်တွေ
ခရီးထွက်ဖို့လေ။
ရေကြောင်းနဲ့လား ကုန်းကြောင်းလား
လေကြောင်း သွားမှာလား။
လှည်းယဉ်ကလေး ဂလုန်ဂလုန်
ခြုံလုံးတေးသံစုံ။
မြင်းလှည်းလေး ခွပ်ခွပ်
အပြေး သူမရပ်။
စက်ဘီးကလေး ကလင်ကလင်
လမ်းကြို့ လမ်းကြားဝင်။
မော်တော်ကားကြီး ဝီးဝီး
တူပျော်ပျော် ခရီး။
သဘော်ကြီး တူတူ
မီးခိုး တလူလူ။
ဌက်သမွန် ကျွိကျွိ
လှိုင်းက တအိအို။
လေယာဉ်ပျံ ဝိုဝို
ကောင်းကင်ထဲမှာမြည်။
မီးရထားကြီး ဂျုန်းဂျုန်း
လိုက်ပါရစေအုံး။

တင်မိုး



အရေးကြီးသောအချက်များ

- မိမိသွားလိုသောခရီးတွင် မည်သည့်ယာဉ်ကိုအသုံးပြုလိုသည့် အကြောင်းပြောနိုင်ရမည်။
- မိမိသွားချင်သောခရီးတွင် အသုံးပြုသောယာဉ်များ၏ အသံကို စဉ်းစားနိုင်ရပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၂၃ သီတင်းကျွတ်မီးထွန်းပွဲတော်



သီတင်းကျွတ်လပြည့်နေ့၌ ရောစုံမီးပုံးများ၊ ဖယောင်းတိုင်များ၊ ဆီမီးခွက်များ ထွန်းညှိ၍ မီးထွန်းပွဲတော်ကို ဆင်နွှဲကြပါသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအား မွေးကျေးဇူးဆပ်သည့်အနေဖြင့် တရားဟောဒီးနောက် သီတင်းကျွတ်လပြည့်ညဉ့် တာဝတိံသာနတ်ပြည်မှ လူပြည်သို့ ပြန်လည်ဆင်းသက်တော်မူသောအခါ လူ၊ နတ်၊ ဗြဟ္မာတို့က မီးအလင်းရောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။ ဤသို့ မီးအလင်းရောင်ဖြင့် ပူဇော်ခဲ့ကြသည်ကို ရည်စူး၍ မီးထွန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါသည်။

သီတင်းကျွတ်လသည် မိုးလေကင်းလွတ်သောလဖြစ်၍ ရာသီဥတု သာယာလှပါသည်။ ကျေးလက်ရှိ ရွာသူရွာသားများမှာလည်း လယ်လုပ်ငန်းများ အားလပ်ခိုက်ဖြစ်သဖြင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြပါသည်။

အဓိကအချက်များ

- ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကို ဖတ်ပြီး နားလည်စေရမည်။
- ကလေးများတွေ့ကြုံဖူးသည့် သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်းကို ပြောနိုင်ရေးသားတင်ပြနိုင်ရမည်။
- ကလေးများရေးသားထားသည်များကို သူငယ်ချင်းအချင်းချင်း အကြံဉာဏ်ယူပြီး ပြင်ဆင်ရေးသားနိုင်ရပါမည်။

အရေးကြီးသောအချက်များ

- ထင်မြင်ချက်ကိုနှစ်ယောက်တစ်တွဲ ပြောနိုင်ရန် ဆရာက ကြည့်ရှုပေးရမည်။
- သင်ခန်းစာပါ အကြောင်းအရာကို အဖြတ်အရပ်မှန်မှန် ဖတ်ပြရမည်။

သင်ခန်းစာ (၂၃) သီတင်းကျွတ်မီးထွန်းပွဲတော် အကြေပြုစာသင်ချိန် ၉ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ကျောင်းသုံးစာအုပ်ပါအကြောင်းအရာကို နားလည်ပြီး မိမိ၏ အတွေ့အကြုံကို ဆွေးနွေးရေးသားတတ်ရန်
- သီတင်းကျွတ်ပွဲတော်အကြောင်းကို သိရှိရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- ဆရာက "ကလေးတို့ သီတင်းကျွတ်မီးထွန်းပွဲတော်ဆိုတာ သိကြသလား" ဟု မေးပြီး ကလေးများကို ဖြေစေခြင်းဖြင့် နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "သီတင်းကျွတ်မီးထွန်းပွဲတော်မှာဆိုရင် ဆရာသမားလူကြီးမိဘတွေကို ကန်တော့ကြတယ်။ ဘုရား၊ ကျောင်းကန်တွေမှာလဲ ဆီမီးထွန်းလှူ ပူဇော်ကြတဲ့ပွဲဖြစ်တယ်" ဟု ကလေးများအား ပြောပြကာ သင်ခန်းစာပါ ရုပ်ပုံကိုတစ်ဦးချင်း လေ့လာစေမည်။
- ⊙ လေ့လာပြီးပါက ကလေးများအား နှစ်ယောက်တစ်တွဲ ထင်မြင်ချက်ကို ပြောစေပါမည်။
- ဆရာက ကလေးဉ၊ ၄ဦးခန့်အား ထင်မြင်ချက်ကိုမေးမြန်းပါမည်။
- ဆရာက ကျောင်းသုံးစာအုပ်ပါ စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ဆရာက ရှေ့ကဖတ်ပြပြီး ကလေးများကို နောက်ကလိုက်၍ ဖတ်စေမည်။
- ⊙ ကလေးများအား သင်ခန်းစာတစ်ပုဒ်လုံးကို အဖြတ်အရပ် မှန်မှန်ဖတ်စေရပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- "သင်ခန်းစာတစ်ခုလုံးကိုဖတ်ပြီး သိလိုက်ရတဲ့ အကြောင်းအရာတွေက ဘာတွေလဲ။ နောက်ထပ်သိချင်တဲ့အချက်တွေရော ရှိသေးသလား" ဟု မေးမြန်းပြီး ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ သင်ခန်းစာပါ အကြောင်းအရာတွေကို သိသွားကြပြီဆိုတော့ နောက်တစ်ချိန်မှာ စာပိုဒ်တစ်ပိုဒ်ချင်းစီကို လေ့လာကြမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ထင်မြင်ချက်များကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ၊ သင်ခန်းစာပါ အကြောင်းအရာကို ပြောနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ "ကလေးတို့ ပထမအချိန်က သင်ခန်းစာတစ်ပုဒ်လုံးကို ဖတ်ခဲ့ကြတယ်။ အခု သင်ခန်းစာရဲ့ စာမျက်နှာ(၆၀)ကို အသေးစိတ်ပြန်ဖတ်ကြမယ်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ သင်ခန်းစာ၏ စာမျက်နှာ (၆၀) ကို ဖတ်စေပါမည်။
(တစ်တန်းလုံး၊ အဖွဲ့လိုက်၊ တစ်ဦးချင်း)

⊙ ကလေးများအား စာမျက်နှာ (၆၀)ရှိ ခက်ခဲသော စကားလုံးများ၊ ဝါကျများကို မျဉ်းသား၍ မှတ်သားစေပါမည်။

♦ မျဉ်းသားထားသော စကားလုံးများ၊ ဝါကျများကို ကလေးများအားမေး၍ ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ကာ ထိုစကားလုံးများ၊ ဝါကျများ၏အဓိပ္ပာယ် ထင်မြင်ချက်ကို မေးပါမည်။

♦ ကလေးများ၏ ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားပြီး သင်ပုန်းပေါ်တွင် ရေးသားပြပါမည်။
သာဓက ။ ။ ဗြဟ္မာ = နတ်ပြည်ခြောက်ထပ်၏ အထက်မြင့်မြတ်သည့်ဘုံ၌ဖြစ်သောပုဂ္ဂိုလ်။

♦ သင်ပုန်းပေါ်တွင် ရေးသားထားသည်များကို ကလေးများအား မှတ်စုတွင် ရေးမှတ်စေပါမည်။

♦ သင်ခန်းစာပါခက်ဆစ် အဓိပ္ပာယ်များကို ဖတ်စေပါမည်။

♦ လေ့ကျင့်ခန်းပါ မေးခွန်း (၁) ကို ဆရာက ဖတ်ပြပါမည်။ အဖြေကိုကလေးတစ်ဦးချင်း စဉ်းစားကာ စာပိုဒ်တွင် ရှာစေပါမည်။

⊙ တစ်ဦးချင်းစဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲပြောစေပါမည်။

♦ မေးခွန်း (၁) အဖြေကို ကလေး ၃၊ ၄ ဦးခန့်အား မေးပါမည်။ ဆရာက အဖြေမှန်ကိုတိုက်ပေးပါမည်။

♦ လေ့ကျင့်ခန်းပါ မေးခွန်း (၂) ကိုလည်း မေးခွန်း (၁) အတိုင်း ဖြေဆိုစေပါမည်။

♦ မေးခွန်း (၁) နှင့် (၂) အမေး၊ အဖြေများကို မှတ်စုတွင် ရေးသားစေပါမည်။

♦ ဆရာကအဖြေမှန်စေရန် စစ်ဆေးပေးပါမည်။

နိဂုံးချုပ်ခြင်း

♦ "စာမျက်နှာ (၆၀)မှာရှိတဲ့ ခက်ခဲတဲ့စကားလုံးတွေ ဝါကျတွေရဲ့ အဓိပ္ပာယ်ကိုလဲ သိသွားကြပြီ။ စာပိုဒ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေကိုလဲ ဖြေတတ်ကြပြီနော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

၂၃။ သီတင်းကျွတ်မီးထွန်းပွဲတော်

သင်ခန်းစာ ၂၃ သီတင်းကျွတ်မီးထွန်းပွဲတော်



သီတင်းကျွတ်လပြည့်နေ့၌ ရောင်စုံမီးပုံးများ၊ ဖယောင်းတိုင်များ၊ ဆီမီးခွက်များ ထွန်းညှိ၍ မီးထွန်းပွဲတော်ကို ဆင်နွှဲကြပါသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအား မွေးကျေးဇူးဆပ်သည့်အနေဖြင့် တရားဟောခဲ့၏။ တရားဟောပြီးနောက် သီတင်းကျွတ်လပြည့်ညဉ့် တာဝတိံသာနတ်ပြည်မှ လူပြည်သို့ ပြန်လည်ဆင်းသက်တော်မူသောအခါ လူ၊ နတ်၊ ဗြဟ္မာတို့က မီးအလင်းရောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။ ဤသို့ မီးအလင်းရောင်ဖြင့် ပူဇော်ခဲ့ကြသည်ကို ရည်စူး၍ မီးထွန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါသည်။

သီတင်းကျွတ်လသည် မိုးလေကင်းလွတ်သောလဖြစ်၍ရာသီဥတု သာယာလှပါသည်။ ကျေးလက်ရှိ ရွာသူရွာသားများမှာလည်း လယ်လုပ်ငန်းများ အားလပ်ခိုက်ဖြစ်သဖြင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြပါသည်။

၆၀

အရေးကြီးသောအချက်များ

♦ ဆရာက မေးခွန်းနှင့်အဖြေ မှန် မမှန်စစ်ဆေးပေးရပါမည်။

♦ ဆရာက ခက်ခဲသောစကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ မေးခွန်း (၁) နှင့် (၂) ကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ၊ စကားလုံးများ၏ အဓိပ္ပာယ်ကို နားလည်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Pro

မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွှဲသလဲ။

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမျှဝေပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူအားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားမမှျား ဟောကြားဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ကြပါသည်။ ဘိုးဘွားများက ရေလိုးအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝ ပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အား မုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီးရှိပြာသော ဂိတစင်တင်ပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

ကလေးတို့ရော သီတင်းကျွတ်ပွဲတော်မှာဘယ်လို ပါဝင်ဆင်နွှဲကြသလဲ။

ခက်ဆစ်

၁။	တာဝတိံသာ	= နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။
၂။	ပူဇော်	= ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။
၃။	ရည်စူး	= စူးစိုက်မှန်းရွယ်သည်။
၄။	ကန်တော့	= လက်အုပ်ချီ၍ အရိုအသေပြုသည်။
၅။	ကျေးဇူး	= တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။

အရေးကြီးသောအချက်များ

- ဆရာက မေးခွန်းနှင့်အဖြေမှန် မမှန်စစ်ဆေးပေးရပါမည်။
- ဆရာက ခက်ခဲသောစကားလုံးများ၏အဓိပ္ပာယ်ကို ရှင်းပြရပါမည်။
- "စာပိုဒ်ပါ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်"ဆိုသည့် ဝါကျ၏ အဓိပ္ပာယ်ကို ကလေးများလွတ်လပ်စွာ ဖြေဆိုစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း ရှိ မရှိ၊ မေးခွန်းများကိုဖြေဆိုနိုင်ခြင်း ရှိ မရှိနှင့် စကားလုံးများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၉ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ကလေးများအား စာမျက်နှာ(၆၀)ကို ပြန်လည် ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများကို စာမျက်နှာ (၆၁) ရှိ (မောင်မောင်က သီတင်းကျွတ်ပွဲတော်ကိုဘယ်လိုပါဝင်ဆင်နွှဲသလဲ။ . . . ပြန်လည်ဆုတောင်းကြပါသည်) အထိကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အဖွဲ့လိုက်၊ တစ်ဦးချင်း)
- ⊙ ကလေးများအား စာမျက်နှာ (၆၁)ရှိ ခက်ခဲသော စကားလုံးများ၊ ဝါကျများကို မျဉ်းသား၍ မှတ်သားစေပါမည်။
- မျဉ်းသားထားသော စကားလုံးများ၊ ဝါကျများကို ကလေးများအားမေး၍ ဆရာက သင်ပုန်းပေါ်တွင် ရေးမှတ်ကာ ထိုစကားလုံးများ၊ ဝါကျများ၏အဓိပ္ပာယ် ထင်မြင်ချက်ကို မေးပါမည်။
- ကလေးများ၏ ဖြေဆိုချက်မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားစေမည်။ စကားလုံးများ၏အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးသားစေမည်။

  သာဓက။ ။ အမျှဝေပြု = အမျှဝေထားသည်။
  အကြီးအကဲအဖြစ် ဆောင်ရွက်သည်။
- သင်ပုန်းပေါ်တွင် ရေးသားထားသည်များကို ကလေးများအားမှတ်စုတွင် ရေးမှတ်စေပါမည်။
- ခက်ဆစ်စကားလုံးများ၏ အဓိပ္ပာယ်ကို ဖတ်စေရပါမည်။
- ဆရာကအဖြေမှန်စေရန် စစ်ဆေးပေးပါမည်။
- စာပိုဒ်ပါ "ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက်လေးစားမိလာပါသည် ဆိုသည့်ဝါကျသည် ဘာကိုဆိုလိုပါသလဲ။ဘာကိုပြောပါသလဲ" ဟု ဆရာက မေးပါမည်။
- ⊙ အဖြေကိုတစ်ဦးချင်း စဉ်းစားစေမည်။ စဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲပြောစေပါမည်။
- အဖြေကို ကလေး ၃ ဦး၊ ၄ ဦးခန့်အား မေးပါမည်။ လိုအပ်ပါက ဆရာကဖြည့်စွက်ပြောကြားပါမည်။

နိဂုံးချုပ်ခြင်း

- "စာပိုဒ်မှာပါတဲ့ ခက်ခဲတဲ့စကားလုံးတွေ ဝါကျတွေရဲ့ အဓိပ္ပာယ်ကိုလဲ သိသွားကြပြီ။ စာပိုဒ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေကိုလဲ ဖြေတတ်ခဲ့ကြပြီနော်"ဟုပြောကာ နိဂုံးချုပ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ကလေးများကို အသေးစိတ်လေ့လာခဲ့ပြီးသော သီတင်းကျွတ် မီးထွန်းပွဲတော်ခေါင်းစဉ်ပါ စာပိုဒ်များကို ပြန်လည်ဖတ်စေကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများအား အသေးစိတ်လေ့လာရန် ကျန်ရှိသော စာမျက်နှာ (၆၁)ရှိ (သီတင်းကျွတ်လပြည့်နေ့နံနက်၌. . . အလွန်ပျော်စရာကောင်းလှပါသည်) စာပိုဒ်ကို ဖတ်ပြပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်း)
- ⊙ ထို့နောက် ကလေးများအား ထိုစာပိုဒ်ရှိ ခက်ခဲသော စကားလုံးများ၊ ဝါကျများကို မျဉ်းသားစေပါမည်။
- ♦ မျဉ်းသားထားသောစကားလုံးများ၊ ဝါကျများကို ကလေးများအားမေး၍ ဆရာက သင်ပုန်းပေါ်တွင်ရေးမှတ်ကာ ထိုစကားလုံးများ၊ ဝါကျများအဓိပ္ပာယ်ကို မေးမည်။
- ♦ ကလေးများ၏ဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောကြားပေးမည်။ စကားလုံးများ၏အဓိပ္ပာယ်ကို သင်ပုန်းတွင် ရေးမှတ်ရမည်။

  သာဓက ။ ။ သီလ = ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော စောင့်ထိန်းအပ်သောကျင့်ဝတ်။

- ♦ သင်ပုန်းပေါ်တွင် ရေးသားထားသည်များကို ကလေးများအား မှတ်စုတွင် ရေးသားစေပါမည်။
- ♦ လေ့ကျင့်ခန်းပါ မေးခွန်း (၃) ကို ဆရာက ဖတ်ပြပါမည်။ အဖြေကိုကလေးတစ်ဦးချင်း စဉ်းစားကာ စာပိုဒ်တွင် ရှာစေပါမည်။
- ⊙ တစ်ဦးချင်းစဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲပြောစေပါမည်။
- ♦ မေးခွန်း (၃) အဖြေကို ကလေး ၃၊ ၄ ဦးခန့်အား မေးပါမည်။ ဆရာက အဖြေမှန်ကို တိုက်ပေးပါမည်။
- ♦ လေ့ကျင့်ခန်းပါ မေးခွန်း (၄) ကိုလည်း မေးခွန်း (၃) အတိုင်း ဖြေဆိုစေပါမည်။
- ♦ မေးခွန်း (၃)နှင့် (၄)အမေး၊ အဖြေများကို မှတ်စုတွင် ရေးသားစေပါမည်။
- ♦ ဆရာကအဖြေမှန်စေရန် စစ်ဆေးပေးပါမည်။

နိဂုံးချုပ်ခြင်း

- ♦ "ကျောင်းသုံးစာအုပ်ပါ စာတစ်ပုဒ်လုံးကို အသေးစိတ်လေ့လာခဲ့ကြပြီးပြီ။ စာပိုဒ်မှာပါတဲ့ ခက်ခဲတဲ့စကားလုံးတွေ ဝါကျတွေရဲ့ အဓိပ္ပာယ်ကိုလဲ သိသွားကြပြီ။ စာပိုဒ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေကိုလဲ ဖြေတတ်ကြပြီနော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။



၂၃။ သီတင်းကျွတ်မီးထွန်းပွဲတော်

မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွှဲသလဲ။

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမျှဝေပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူအားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျွန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားဓမ္မများ ဟောကြားဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ကြပါသည်။ ဘိုးဘွားများက ရေလိုအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အားမုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီး၌ပြဿော ဂီတစင်တာပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

ကလေးတို့ရော သီတင်းကျွတ်ပွဲတော်ကိုမှာဘယ်လို ပါဝင်ဆင်နွှဲကြသလဲ။

ခက်ဆစ်

၁။ တာဝတိံသာ = နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။
၂။ ပူဇော် = ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။
၃။ ရည်စူး = စူးစိုက်မှန်းရွယ်သည်။
၄။ ကန်တော့ = လက်အုပ်ချီ၍ အရိုအသေပြုသည်။
၅။ ကျေးဇူး = တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။

၆၁

အရေးကြီးသောအချက်များ

- ♦ ခက်ခဲသောစကားလုံးများကို ကလေးများအား လွတ်လပ်စွာ ပြောစေပါမည်။
- ♦ ဆရာက မေးခွန်းနှင့် အဖြေ မှန် မမှန်စစ်ဆေးပေးရပါမည်။
- ♦ ဆရာက ခက်ခဲသော စကားလုံးများ၏ အဓိပ္ပာယ်ကို ရှင်းပြရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ စာပိုဒ်ကို အဖြတ်အရပ် မှန်ကန်စွာ ဖတ်နိုင်ခြင်း၊ မေးခွန်းများကို ဖြေဆိုနိုင်ခြင်း ရှိ မရှိ၊ စကားလုံးများ၏ အဓိပ္ပာယ်ကို မှန်ကန်စွာ ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected



၂၃။ သီတင်းကျွတ်မီးထွန်းပွဲတော်

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ကျွန်တော်တို့သည် _____ အခါတွင် စာဖတ်ပြီးမှ အိပ်လေ့ရှိသည်။ (ညခြမ်း၊ ညချမ်း)

၂။ သီတင်းကျွတ်လပြည့်နေ့တွင် ဘိုးဘွားများနှင့်လူကြီးမိဘများကို _____ ကန်တော့ကြပါသည်။ (လှည့်လည်၊ လှည့်လယ်)

၃။ ဒေါ်ဒေါ်တို့သည် စတုဒိသာကျွေးရန်အတွက် မုန့် _____ များ လုပ်နေကြပါသည်။ (ဖက်ထုပ်၊ ဖက်ထုတ်)

အောက်ပါ စကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကြည့်ရှု၊ ပူဇော်၊ ဆင်နွှဲ၊ ကျေးဇူး၊ ဝေငှ

သာဓက

ကြည့်ရှု ။ ။ ကျွန်မတို့သည် သီတင်းကျွတ်လပြည့်နေ့ည၌ ရုပ်သေးပွဲကို သွားရောက် ကြည့်ရှုပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ သီတင်းကျွတ်လပြည့်နေ့၌ မီးထွန်းပွဲတော်ကို မည်သို့ဆင်နွှဲကြပါသနည်း။

၂။ သီတင်းကျွတ်လပြည့်နေ့ည၌ မီးထွန်းပွဲတော်ကို အဘယ်ကြောင့် ကျင်းပကြသနည်း။

၃။ သီတင်းကျွတ် မီးထွန်းပွဲတော်တွင် ကျောင်းသားလူငယ်များသည် မည်သူတို့ကို ကန်တော့ကြသနည်း။

၄။ ကန်တော့ကြသော လူငယ်များအား ဘိုးဘွားများက မည်သို့ဆုပေးကြသနည်း။

၅။ သင်တွေ့ခဲ့ဖူးသည့် သီတင်းကျွတ် မီးထွန်းပွဲတော်တစ်ခုအကြောင်းရေးပါ။

၆၂

အရေးကြီးသောအချက်များ

- ကလေးများအား မေးခွန်းများ၏အဖြေများကို လွတ်လပ်စွာ ပြောစေပါမည်။
- ဆရာက ကလေးများ ဖြေဆိုရာတွင် လိုအပ်ပါက ဖြည့်စွက်ပြော ပေးပါမည်။

စဉ်	အချိန်	ပါဝင်ဆင်နွှဲခဲ့ကြပုံ	ခံစားမှု
၁	သီတင်းကျွတ် ကျောင်းမပိတ်မီတစ်ရက်		
၂	သီတင်းကျွတ် လပြည့်နေ့ နံနက်		
၃	သီတင်းကျွတ် လပြည့်နေ့ ညချမ်း		

အကြံပြုစာသင်ချိန် ၉ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ကလေးများအား စာမျက်နှာ (၆၁)ကို ပြန်လည်ဖတ်စေပြီး၊ "သီတင်းကျွတ်ပွဲတော်မှာ မောင်မောင်ဘယ်လို ပါဝင်ဆင်နွှဲခဲ့သလဲဆိုတာ လေ့လာကြည့်ရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "မောင်မောင် သီတင်းကျွတ်ပွဲတော်မှာ ဘယ်လိုပါဝင် ဆင်နွှဲခဲ့သလဲဆိုတာ ပြန်ပြီးလေ့လာကြရအောင်" ဟု ဆရာက ပြောပါမည်။
- မောင်မောင် သီတင်းကျွတ် ကျောင်းမပိတ်ခင် တစ်ရက်က ဆရာကန်တော့ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ပုံ၊ သီတင်းကျွတ်လပြည့်နေ့နံနက်၌ မောင်မောင်တွေ့မြင်ခဲ့ရသည့် မြင်ကွင်း၊ ညချမ်းအခါ၌ သူကိုယ်တိုင်ပါဝင်ခဲ့ပုံနှင့် ပွဲတော်မှ ရရှိခဲ့သော မောင်မောင်၏ ခံစားချက်ကိုပြောစေပါမည်။
- ကလေး ၃၊ ၄ဦးခန့်ကို မေးပါမည်။
- ဆရာက အချိန်အစီအစဉ်အတိုင်း ရေးသားထားကြောင်း ဖြည့်စွက် ပြောကြားပါသည်။
- ကလေးများလေ့လာပြီးပါက အရေးကြီးသောအချက်တွင် ပါဝင်သောဇယားပုံစံအတိုင်း မှတ်စုစာအုပ်တွင် တစ်ဦးချင်း ရေးသားစေမည်။
- ရေးသားပြီးပါက နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ရေးသားထားချက်ကို ကလေး ၃၊ ၄ ဦးခန့်အား အတန်းရှေ့တွင် ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "မောင်မောင် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ပုံကို လေ့လာပြီး ဇယားမှာလဲ ဖြည့်ခဲ့ကြတယ်။ နောက်တစ်ချိန်မှာ ကလေးတို့ကိုယ်တိုင် သီတင်းကျွတ် မီးထွန်းပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ကြပုံကို လေ့လာကြမယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မောင်မောင် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပါဝင် ဆင်နွှဲခဲ့ပုံကို လေ့လာ၍ ဇယားတွင် ရေးသားနိုင်ခြင်း ရှိမရှိနှင့် တင်ပြနိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ကလေးတို့ကိုယ်တိုင် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ဘယ်လိုပါဝင်ဆင်နွှဲခဲ့ကြသလဲဆိုတာ စဉ်းစားကြမယ်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ကိုယ်တိုင် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ပုံကို စဉ်းစားပြီးရင် ဇယားပုံစံမှာ ဖြည့်ကြည့်ကြရမယ်" ဟုပြောပြီး ဇယားနမူနာကို ဆရာက ဆွဲပြပါမည်။
- "မောင်မောင် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ပုံကို အခြေခံပြီး ကိုယ်တိုင်ပါဝင်ဆင်နွှဲပုံကို တစ်ဦးချင်း အသေးစိတ် စဉ်းစားရမယ်"ဟု ဆရာက ပြောပါမည်။
- စဉ်းစားပြီးပါက တစ်ဦးချင်း ဇယားပုံစံအတိုင်း မှတ်စုတွင် ရေးသားစေပါမည်။
- "မှတ်စုတွင်ရေးသားတဲ့အခါ သင်ခန်းစာထဲက မောင်မောင့်လိုပဲ အချိန်အစီအစဉ်အလိုက် ရေးသားရမယ်"ဟု ဆရာက ပြောပါမည်။
- ⊙ ရေးသားချက်ကို နှစ်ယောက်တစ်တွဲ ဖတ်စေမည်။ လိုအပ်ပါက သူငယ်ချင်း၏ အကြံဉာဏ်အတိုင်း အပြန်အလှန် ပြင်ဆင်ဖြည့်စွက် ပေးရပါမည်။

နိဂုံးချုပ်ခြင်း

- "သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ပုံကို မှတ်စုမှာရေးပြီး နှစ်ယောက်တစ်တွဲ ပြောခဲ့ကြတယ်။ လိုအပ်တာတွေကို ပြင်ခဲ့ကြတယ်နော်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သီတင်းကျွတ် မီးထွန်းပွဲတော်တွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲပုံကို မှတ်စုရေးနိုင်ခြင်း၊ နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်းရှိ မရှိနှင့် အချင်းချင်းလိုအပ်ချက်ကို ပြင်ဆင်ပေးနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွှဲသလဲ။

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမျှဝေပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူအားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပို့မိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားဓမ္မများ ဟောကြားဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ကြပါသည်။ ဘိုးဘွားများက ရေလိုအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အားမုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီး၌ပြဿသော ဂီတစင်တင်ပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

ကလေးတို့ရော သီတင်းကျွတ်ပွဲတော်မှာဘယ်လို ပါဝင်ဆင်နွှဲကြသလဲ။

ခက်ဆစ်

၁။ တာဝတိံသာ = နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။
၂။ ပူဇော် = ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။
၃။ ရည်စူး = စူးစိုက်မှန်းရွယ်သည်။
၄။ ကန်တော့ = လက်အုပ်ချီ၍ အရိုအသေပြုသည်။
၅။ ကျေးဇူး = တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။

အရေးကြီးသောအချက်များ

- ကလေးများ သီတင်းကျွတ်ပွဲတော်တွင် ကိုယ်တိုင် ပါဝင်တွေ့ကြုံခဲ့ဖူးခြင်း မရှိပါက တွေ့ကြုံဖူးသည့်ပွဲတော် အကြောင်းကို ရေးရန် သတိပေးရပါမည်။
- ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို ဦးစားပေး၍ လွတ်လပ်စွာ ရေးသား စေရပါမည်။
- ကလေးများ ပြောကြားနေချိန်တွင် လိုအပ်ချက်များရှိနေပါက ဆရာက ဖြည့်စွက်ပြောကြားပေးရပါမည်။
- ဆရာက သင်ပုန်းတွင် ဇယားနမူနာကို ဆွဲပြပါမည်။

စဉ်	အချိန်	ပါဝင်ဆင်နွှဲခဲ့ကြပုံ	ခံစားမှု
၁	သီတင်းကျွတ် ကျောင်းမပိတ်မီတစ်ရက်		
၂	သီတင်းကျွတ် လပြည့်နေ့ နံနက်		
၃	သီတင်းကျွတ် လပြည့်နေ့ ညချမ်း		

DRE Box – Copyright Protected

၂၃။ သီတင်းကျွတ်မီးထွန်းပွဲတော်

မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွဲ့သလဲ။

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမှူးပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူ အားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီး ကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားမွေများ ဟောကြား ဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ ကြပါသည်။ ဘိုးဘွားများက ရေလိုအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝ ပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစား ခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အား မုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖက်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီး၌ပြသသော ဂီတစင်တင် ပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွဲ့ရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

ကလေးတို့ရော သီတင်းကျွတ်ပွဲတော်မှာဘယ်လို ပါဝင်ဆင်နွဲ့ကြသလဲ။

ခက်ဆစ်

၁။	တာဝတီသာ	=	နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။
၂။	ပူဇော်	=	ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။
၃။	ရည်စူး	=	စူးစိုက်မှန်းရွယ်သည်။
၄။	ကန်တော့	=	လက်အုပ်ချီ၍ အရိုအသေပြုသည်။
၅။	ကျေးဇူး	=	တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။

၆၁

အရေးကြီးသောအချက်များ

- ဆရာက ကလေးများရေးသားသည်ကို စစ်ဆေးရာတွင် နိဒါန်းပါ မပါ၊ အချိန်အစီအစဉ်အတိုင်း ရေးသားထားခြင်း ရှိ မရှိ၊ အသေးစိတ်ရေးသားထားခြင်း ရှိ မရှိ၊ မိမိခံစားချက်ကို ရေးသား ထားခြင်း ရှိ မရှိကို စစ်ဆေးပေးရပါမည်။
- ကလေးများ သီတင်းကျွတ်ပွဲတော်ကို ကိုယ်တိုင်ပါဝင်တွေ့ကြုံ ဖူးခြင်း မရှိပါက တွေ့ကြုံဖူးသည့်ပွဲတော်အကြောင်းကိုရေးရန်ပြော ရပါမည်။

အကြံပြုစာသင်ချိန် ၉ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ကလေးများအား သင်ခန်းစာတစ်ပုဒ်လုံးကို ပြန်လည်ဖတ်စေပြီး၊ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကလေးများအား မေးခွန်းနံပါတ်(၅)ကို ဖတ်စေပါမည်။ တစ်ဦးချင်း မည်သို့ဖြေဆိုရမည်ကို စဉ်းစားစေပါမည်။
- စဉ်းစားပြီးပါက နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ကလေး ၃၊ ၄ဦးခန့်အားပြောစေပါမည်။
- မေးခွန်းနံပါတ် (၅)ရှိ ကလေးများရေးသားခဲ့သည့် ဇယားကို အခြေခံပြီးရေးသားရမည်ဖြစ်ကြောင်း ဆရာက ဖြည့်စွက်ပြော ရပါမည်။
- ရေးသားရာတွင် ပထမဆုံး ကျွန်တော်(သို့မဟုတ်) ကျွန်မတို့သည် သီတင်းကျွတ်ပွဲတော်တွင် အောက်ပါအတိုင်း ပါဝင်ဆင်နွဲ့ခဲ့ပါ သည်ဟု စတင်ရေးသားကြရမည်ဖြစ်ကြောင်း ဆရာက ပြောရပါ မည်။
- ကလေးများ ရေးထားသည့်မှတ်စုကို အခြေခံ၍ တစ်ဦးချင်း ရေးစေပါမည်။
- တစ်ဦးချင်းရေးသားပြီးပါက နှစ်ယောက်တစ်တွဲဖတ်စေပါမည်။ လိုအပ်ပါက အကြံဉာဏ်ပေးရပါမည်။
- သူငယ်ချင်း၏အကြံဉာဏ်ကို ရယူကာလိုအပ်သည်များကို ပြင်ဆင်ပါမည်။
- ပြင်ဆင်ပြီးပါက ဆရာက စစ်ဆေးပေးပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ကိုယ်တိုင် တွေ့ကြုံဖူးတဲ့ ပွဲတော်တစ်ခုအကြောင်းကို နိဒါန်းနဲ့တကွ စာပိုဒ်ခွဲပြီး ရေးခဲ့ကြတယ်။ ခံစားချက်ကိုလဲ ထည့်သွင်းရေးသားခဲ့ကြတယ်။ ကိုယ်ပိုင် စာသားတွေ ဖန်တီး ရေးသားတတ်ကြပြီနော်။ နောက်တစ်ချိန်မှာ ကိုယ်ရေးထားတာကို အတန်းကို ပြောပြရမယ်"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပါဝင် ဆင်နွဲ့ခဲ့ပုံကို ရေးသားနိုင်ခြင်း ရှိ မရှိနှင့် အကြံဉာဏ်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၉ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ မေးခွန်းနံပါတ် (၅)ဖြစ်တဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ပုံကို ရေးခဲ့ကြတယ်။ သူငယ်ချင်းနဲ့ ဆွေးနွေးပြီးလိုအပ်တာကိုပြင်ခဲ့ကြတယ်။ ဆရာလဲ စစ်ပေးပြီးပြီ။ အခုအချိန်မှာတော့ ကိုယ်ရေးထားတဲ့ အချက်တွေကို အဖွဲ့လိုက် ပြောပြရမယ်နော်”ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေး ၅ ဦးလျှင် အုပ်စုတစ်စု ဖွဲ့ပေးပါမည်။ အုပ်စုအတွင်း တစ်ဦးက မိမိရေးသားထားသည်ကို ဖတ်ပြရပါမည်။ ကျန် ၄ ဦးက နားထောင်ကာ လိုအပ်ချက်ရှိပါက မှတ်ထားရပါမည်။
- ⊙ တစ်ဦးဖတ်ပြီးပါက နားထောင်သူ ၄ ဦးက အကြံဉာဏ်များ ပေးရပါမည်။
- လိုအပ်ပါက သူငယ်ချင်း၏ အကြံဉာဏ်ကို မူတည်ပြီး ပြင်ဆင်ရေးစေရပါမည်။

နိဂုံးချုပ်ခြင်း

- “သီတင်းကျွတ်မီးထွန်းပွဲတော်မှာ ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ကြပုံတွေကို အုပ်စုလိုက်ဆွေးနွေးပြီး အတွေ့အကြုံတွေကို ဖတ်ပြခဲ့ကြတယ်။ အဲဒီလို ကိုယ့်အတွေ့အကြုံတွေကို စာရေးပြီး ပြန်ပြောရတာ ပျော်စရာကောင်းတယ် မဟုတ်လား”ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ပုံကို ဖတ်ပြနိုင်ခြင်း ရှိ မရှိနှင့် အခြားသူများကို အကြံဉာဏ်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

မောင်မောင်က သီတင်းကျွတ်ပွဲတော်ကို ဘယ်လို ပါဝင်ဆင်နွှဲသလဲ။

ကျွန်တော်တို့ကျောင်းတွင် သီတင်းကျွတ် ကျောင်းမပိတ်ခင်တစ်ရက်က ဆရာကန်တော့ပွဲ ကျင်းပပါသည်။

ကျောင်းအုပ်ဆရာကြီးအမျှဝေပြုသည့် ဆရာ၊ ဆရာမများကို ကျောင်းသား ကျောင်းသူအားလုံးက ရိုသေလေးစားစွာ ကန်တော့ကြပါသည်။ ကန်တော့နေစဉ်ပင် ဆရာများ၏ ဂုဏ်ကျေးဇူးကို ပိုမိုသဘောပေါက် လေးစားမိလာပါသည်။ ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြော၍ တပည့်များကို ကျွန်းမာကြပါစေ၊ အောင်မြင်ကြပါစေဟု ဆုပေးလိုက်သောအခါ ကျွန်တော်တို့သည် ပေးသည့်ဆုနှင့် ပြည့်ပါစေဟု ဝမ်းသာစွာ ပြန်လည်ဆုတောင်းကြပါသည်။

သီတင်းကျွတ်လပြည့်နေ့နံနက်၌ လူကြီးမိဘများသည် သီလယူရန် ဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ ဆရာတော်ဘုရားက သီလပေး၍ တရားမဟောများ ဟောကြားဆုံးမတော်မူပါသည်။

ညချမ်းတွင် ကျွန်တော်တို့သည် ဘိုးဘွားများနှင့်လူကြီးမိဘများအား လှည့်လည်ကန်တော့ကြပါသည်။ ဘိုးဘွားများက ရေလိုအေးကြပါစေ၊ ပန်းလိုမွှေးကြပါစေ၊ လိုရာဆန္ဒ တစ်လုံးတစ်ဝပြည့်စုံကြပါစေဟု ဝမ်းမြောက်ကြည်နူးစွာ ဆုပေးပါသည်။ လူကြီးမိဘများအား ရိုသေလေးစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည် ဟူ၍လည်း ဆုံးမကြပါသည်။ ကျွန်တော်တို့အားမုန့်ပဲသရေစာများကိုလည်း ကျွေးလိုက်ကြပါသည်။

ရပ်ကွက်ထဲတွင် ကုသိုလ်ရှင်၊ စေတနာရှင်များကလည်း မုန့်ဖုတ်ထုပ်နှင့် မုန့်ဆီကြော်များ ဝေငှပါသည်။ ကျွန်တော်တို့သည် မုန့်စားပြီးလျှင် အေးစေတီအနီး၌ပြသော ဂီတစင်တာပွဲသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်စရာ ကောင်းလှပါသည်။

ကလေးတို့ရော သီတင်းကျွတ်ပွဲတော်မှာဘယ်လို ပါဝင်ဆင်နွှဲကြသလဲ။

ခက်ဆစ်

၁။	တာဝတိံသာ	= နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။
၂။	ပူဇော်	= ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။
၃။	ရည်စူး	= စူးစိုက်မှန်းရွယ်သည်။
၄။	ကန်တော့	= လက်အုပ်ချီ၍ အရိုအသေပြုသည်။
၅။	ကျေးဇူး	= တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။

အရေးကြီးသောအချက်များ

- ကလေးများ အုပ်စုအတွင်းပြောရာတွင် အချိန်အစီအစဉ်အတိုင်း ရေးသားထားခြင်း ရှိ မရှိ၊ အကြောင်းအရာအသေးစိတ် ရေးသားထားခြင်း ရှိ မရှိ၊ စိတ်ခံစားချက်ကို ရေးသားထားခြင်း ရှိ မရှိ နားထောင်ရပါမည်။
- သူငယ်ချင်းပြောသည့်အချက်များမှ အားသာချက် အားနည်းချက်ကိုလည်း ပြောနိုင်ရပါမည်။
- အခြားသူများစိတ်ဝင်စားအောင် အသံကျယ်ကျယ်ဖြင့် ပြောကြားရမည်။
- ကလေးများရေးသားထားသော မှတ်စုကို ဆရာက စစ်ဆေးပြီး မှတ်ချက်ရေးကာ ပြန်လည်ပေးရပါမည်။

DBF Box - Copyright Protected



၂၃။ သီတင်းကျွတ်မီးထွန်းပွဲတော်

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ ကျွန်တော်တို့သည် _____ အခါတွင် စာဖတ်ပြီးမှ အိပ်လေ့ရှိသည်။ (ညခြမ်း၊ ညချမ်း)

၂။ သီတင်းကျွတ်လပြည့်နေ့တွင် ဘိုးဘွားများနှင့်လူကြီးမိဘများကို _____ ကန်တော့ကြပါသည်။ (လှည့်လည်၊ လှည်လယ်)

၃။ ဒေါ်ဒေါ်တို့သည် စတုဒိသာကျွေးရန်အတွက် မုန့် _____ များ လုပ်နေကြပါသည်။ (ဖက်ထုပ်၊ ဖက်ထုတ်)

အောက်ပါ စကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကြည့်ရှု၊ ပူဇော်၊ ဆင်နွှဲ၊ ကျေးဇူး၊ ဝေငှ

သာဓက

ကြည့်ရှု ။ ။ ကျွန်မတို့သည် သီတင်းကျွတ်လပြည့်နေ့ည၌ ရုပ်သေးပွဲကို သွားရောက် ကြည့်ရှုပါသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ သီတင်းကျွတ်လပြည့်နေ့၌ မီးထွန်းပွဲတော်ကို မည်သို့ဆင်နွှဲကြပါသနည်း။

၂။ သီတင်းကျွတ်လပြည့်နေ့ည၌ မီးထွန်းပွဲတော်ကို အဘယ်ကြောင့် ကျင်းပကြသနည်း။

၃။ သီတင်းကျွတ် မီးထွန်းပွဲတော်တွင် ကျောင်းသားလူငယ်များသည် မည်သူတို့ကို ကန်တော့ကြသနည်း။

၄။ ကန်တော့ကြသော လူငယ်များအား ဘိုးဘွားများက မည်သို့ဆုပေးကြသနည်း။

၅။ သင်တွေ့ခဲ့ဖူးသည့် သီတင်းကျွတ် မီးထွန်းပွဲတော်တစ်ခုအကြောင်းရေးပါ။

၆၂

အရေးကြီးသောအချက်များ

- ရေးသားရာတွင် ကလေးများ စာလုံးပေါင်းသတ်ပုံမှန်အောင် ရေးသားစေရပါမည်။
- ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို ဦးစားပေး၍ ရေးသားစေရပါမည်။
- ဆရာက ကလေးများ၏ မှတ်စုကို စစ်ဆေးပေးရပါမည်။

အကြေပြုစာသင်ချိန် ၉ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက သင့်လျော်ရာ ကလေးတစ်ဦးစီကို ခေါ်၍ စာတစ်ပုဒ်လုံးကို တစ်ပိုဒ်စီဖတ်စေပြီး "ဒီနေ့ သတ်ပုံနဲ့ ဝါကျတွေ လေ့ကျင့်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက လေ့ကျင့်ခန်းပါ စာလုံးပေါင်းသတ်ပုံအမှန်များကို ရွေးနိုင်ရန်ဦးစွာ မေးခွန်း (၁) ကိုဖတ်စေပါမည်။

⊙ တစ်ဦးချင်း စဉ်းစား၍ ဖြည့်စေပါမည်။ နှစ်ယောက်တစ်တွဲ ဖတ်စေပြီး သတ်ပုံအမှန်ကို ဆရာက မေးပါမည်။

- ကလေးများအား မှတ်စုစာအုပ်တွင် သတ်ပုံအမှန်ကိုရွေး၍ ဝါကျကို ရေးစေပါမည်။
- ညခြမ်း၊ ညချမ်းအသုံးမတူပုံကို ကလေးများအားမေးပါမည်။ လိုအပ်ပါက ဆရာကဖြည့်စွက်ပြောပေးပါမည်။ ကျန်သော စာကြောင်းများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။
- ကလေးများ၏ ဖြေဆိုချက် လိုအပ်ပါက ဆရာက ဖြည့်စွက်ပြောရပါမည်။ ကျန်သောစာကြောင်းများကိုလည်း အထက်ပါအတိုင်း သင်ကြားပါမည်။
- ဆရာက အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ မေးခွန်းမှ "ကြည့်ရှု" စကားလုံးကိုသုံး၍ နမူနာဝါကျဖွဲ့ပြပါမည်။ ရှင်းပြပါမည်။

⊙ ကလေးများကို "ပူဇော်" ဟူသော စကားလုံးဖြင့် နှစ်သက်ရာ ဝါကျကို ပြောစေပါမည်။

- ကျန်စကားလုံးများကို ကလေးတစ်ဦးချင်းစဉ်းစား၍ မှတ်စုစာအုပ်တွင် ကိုယ်ပိုင်ဝါကျဖွဲ့စေပါမည်။ နှစ်ယောက်တစ်တွဲ ပြောပြီး နောက်အတန်းရှေ့တွင် ကလေး ၃၊ ၄ဦးခန့်ကို ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "သင်ခန်းစာမှာပါတဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်းကိုလဲ သိခဲ့ပြီ။ မီးထွန်းပွဲတော်နဲ့ဆက်စပ်ပြီး သတ်ပုံအမှန်လဲ ရွေးတတ်ကြပြီ။ ဝါကျတွေလဲ ဖွဲ့တတ်ကြပြီနော်"ဟု ပြောကာ နိဂုံးချုပ် ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သတ်ပုံအမှန်ကို ရွေးနိုင်ခြင်း ရှိ မရှိ၊ ဝါကျဖွဲ့နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၂၄) ဘာကြောင့်ကြိုက်တယ် အကြောင်းရင်းကို ပြောကြမယ်

အကြိမ်ပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အကြောင်းအရာတစ်ခုကို အကြောင်းပြချက်နှင့်တင်ပြဆွေးနွေးတတ်ရန်
- အခြားသူတင်ပြဆွေးနွေးချက်ကို နားထောင်တတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ အပြင်မှာကစားမယ်ဆိုရင် မိုးရွာတဲ့နေ့မှာ ကစားရတာကြိုက်တဲ့သူ လက်ထောင်ပါ။ ဒါမှမဟုတ် နေသာတဲ့နေ့မှာ ကစားရတာ ကြိုက်တဲ့သူလက်ထောင်ပါ"ဟုမေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာပါ "ကစားနေတဲ့ကလေးတွေအကြောင်း ဖတ်ကြရအောင်" ဟုပြောပါမည်။
- မိုးရွာထဲမှာ ကစားရတာကြိုက်သောကလေးများထဲမှ တစ်ယောက်ကို ပုံ ၁ တွင်ပါရှိသော အကြောင်းအရာကို ဖတ်စေပါမည်။
- နေသာတဲ့နေ့မှာ ကစားရတာ ကြိုက်တယ်ဟု လက်ထောင်သော ကလေးများထဲမှ တစ်ယောက်ကို ပုံ ၂ တွင်ပါရှိသော အကြောင်းအရာကို ဖတ်စေပါမည်။
- ⊙ "ကလေးတို့ စဉ်းစားတဲ့အခါ ဘာဖြစ်လို့လဲဆိုတော့. . . ၊ . . . လို့ ဆိုတဲ့စကားလုံးတွေသုံးပြီး အကြောင်းပြချက်နဲ့ စဉ်းစားရမယ်။ သင်ခန်းစာမှာပါတဲ့အချက်တွေမဟုတ်ဘဲ တခြားအချက်တွေကို စဉ်းစားရမယ်"ဟုပြောပါမည်။
- မိုးရွာထဲမှာ ကစားရတာကြိုက်သော ကလေးများထဲက တစ်ယောက်ကို ပုံ ၃ တွင်ပါရှိသောအကြောင်းအရာကို ဖတ်စေ၍ ဘာဖြစ်လို့လဲဆိုတော့. . . နောက်တွင် မိမိစဉ်းစားထားသည့် အကြောင်းကိုထည့်ပြောစေမည်။



အဓိကအချက်များ

- ဆရာက သင်ခန်းစာပါ နမူနာ မေးခွန်းနှင့်အဖြေများကို ဖတ်ရှုပြီး ခေါင်းစဉ်ပေါ်မူတည်၍ အကြောင်းရင်းနှင့်ဖြေဆိုတတ်အောင် ပံ့ပိုးရပါမည်။
- အုပ်စုလိုက်ဆွေးနွေးပြီးဆောင်ရွက်ရာတွင်မိမိနှစ်သက်ရသည့် အကြောင်းကိုအကြောင်းရင်းနှင့်တကွ ဖြေဆိုတတ်အောင် ပံ့ပိုးပေးပါမည်။
- အဖွဲ့လိုက်ဆွေးနွေးရာတွင် သူတစ်ပါးပြောကြားသည်များကို နားထောင်ကာ မှတ်စုမှတ်နိုင်ရမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၂၄ ဘာကြောင့်ကြိုက်တယ် အကြောင်းရင်းကို ပြောကြမယ်

ကလေးတို့ အကြည်ဆင်တွေ ဖြောကြရအောင်။



- ကလေးတို့ပြောတဲ့အခါ ဘယ်ဟာက ပိုကောင်းတယ် ထင်သလဲဆိုတဲ့ အကြောင်းရင်းကို စဉ်းစားပြီး ပြောကြရအောင်။
- အကြောင်းရင်းကို ပြောတဲ့အခါ ဘာဖြစ်လို့လဲဆိုတော့ ...၊ ...လို့ ဆိုတဲ့ စကားလုံးတွေကို သုံးရမယ်။

၆၃

အရေးကြီးသောအချက်များ

- တစ်ဦးချင်း သင်ခန်းစာအကြောင်းအရာကို ဖတ်သည့်အခါနှင့် စဉ်းစားထားသည်ကိုပြောရာတွင်တစ်တန်းလုံးကြားနိုင်အောင် ပြောရမည်။
- ကလေးအားလုံး အခြားသူပြောကြားချက်များကို ဂရုစိုက်နားထောင် စေရမည်။
- အကြောင်းရင်း(အကြောင်းပြချက်)နဲ့ပြောတဲ့အခါ ဘာဖြစ်လို့လဲ ဆိုတော့...၊လို့ ဆိုတဲ့စကားလုံးတွေကိုသုံးရမည်။

မိုးရွာသောနေ့	နေသာသောနေ့

အကြံပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်အဆက်)

- နေသာသည့်နေ့က ကစားရတာပိုကောင်းသည်ဟု လက်ထောင်သော ကလေးများထဲမှ တစ်ယောက်ကို ပုံ ၄ တွင်ပါရှိသော အကြောင်းအရာကို ဖတ်စေ၍ ဘာဖြစ်လို့လဲဆိုတော့... နောက်တွင် မိမိစဉ်းစားထားသည့်အကြောင်းကို ထည့်သွင်းပြော စေရပါမည်။
- ⊙ ကလေးများကို တစ်ဦးချင်းစီ စဉ်းစားစေကာ အဖွဲ့တွင်း ပြောစေ ပါမည်။
- ဆရာက သင်ပုန်းပေါ်တွင် အရေးကြီးသောအချက်ရှိ ဇယားကို ရေးသားထားပါမည်။
- ကလေးများပြောကြားချက်ကို ကလေး ၄၊ ၅ ဦးခန့်အား တစ်လှည့်စီမေးပြီး သင်ပုန်းပေါ်တွင်ရေးသားထားရပါမည်။
- "အခုပြောထားတဲ့ စိတ်ကူးအပြင် နောက်ထပ် ပြောချင်တာတွေ ရှိသေးသလား"ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ဘာကြောင့်ကြိုက်တယ်ဆိုတာကို အကြောင်းပြချက်နဲ့ ပြောရင် တစ်ဖက်လူကပိုနားလည်သွားတယ်။ နားထောင်တဲ့ သူကလဲ ပိုပြီးတော့ လွယ်ကူရှင်းလင်းသွားတယ်မဟုတ်လား"ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အကြောင်းပြချက်နှင့်ပြောနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box_Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်အခါကို အကြောင်းပြချက်နဲ့ ပြောရမယ်ဆိုတာ ပြောခဲ့ကြတယ်။ အဲဒီလို ပြောတဲ့အခါမှာ ဘာဖြစ်လို့လဲဆိုတော့၊ လို့ . . . ဆိုတဲ့ စကားလုံးတွေ ထည့်သုံးရမယ်နော်"ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ကလေးများအား အဖွဲ့လိုက်ဆွေးနွေးရာတွင် သင်ခန်းစာပါ အချက် ၅ ချက်ကို တစ်ချက်ချင်းဖတ်စေမည်။

- ဆရာက အတန်းရှိ ကျောင်းသားဦးရေပေါ်မူတည်၍ အုပ်စုဖွဲ့ပေးပါမည်။
- ဆရာက သင်ခန်းစာပါ ခေါင်းစဉ် ၄ ခုကို သင်ပုန်းတွင်ရေးပြပြီး ကလေးအားလုံးဖတ်စေပါမည်။
- ခေါင်းစဉ် ၄ ခုကိုအုပ်စုတစ်စုလျှင် ခေါင်းစဉ်တစ်ခုရွေးစေပါမည်။ (သာဓက။ ကျောင်းကို သူငယ်ချင်းနဲ့သွားရတာ ကြိုက်သလား။ တစ်ယောက်တည်းသွားရတာကြိုက်သလား။)

⊙ ခေါင်းစဉ်တစ်ခုစီ ရွေးချယ်ပြီးပါက မိမိနှစ်သက်ရာကို အကြောင်းပြချက်နှင့် ဖြေဆိုတတ်အောင် တစ်ဦးချင်းစဉ်းစားစေပါမည်။

- မည်သည်ကပို ကောင်းသည်ဟူသော အကြောင်းပြချက်ကို ကလေးတစ်ဦးချင်းစဉ်းစားပြီး မှတ်စုတွင်ရေးမှတ်စေပါမည်။
- တစ်ဦးချင်း ရေးမှတ်ထားသည်များကို အုပ်စုအတွင်း ရှင်းပြရမည်။
- ရှင်းပြချက်များကိုအုပ်စုအတွင်းဆွေးနွေးကာ အကောင်းဆုံးအချက် ၃၊ ၄ချက်ကိုရွေးစေပါမည်။

နိဂုံးချုပ်ခြင်း

- "အုပ်စုအတွင်းဆွေးနွေးထားတဲ့ အချက်တွေကို နောက်အချိန်ကျရင် အတန်းကို တင်ပြကြမယ်နော်"ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်သက်ရာကို အကြောင်းပြချက်နှင့် ပြောနိုင်ခြင်း ရှိ မရှိ၊ မှတ်စုတွင်ရေးသားနိုင်ခြင်းရှိ မရှိ ပေါ်မူတည်၍စစ်ဆေးအကဲဖြတ်ပါမည်။



၂၄။ ဘာကြောင့်ကြိုက်တယ် အကြောင်းရင်းကို ပြောကြမယ်

အဖွဲ့လိုက် ဆွေးနွေးကြည့်ကြရအောင်။

အဖွဲ့လိုက်ဆွေးနွေးရာတွင်

၁။ ခေါင်းစဉ်ကို အုပ်စုက ရွေးချယ်သတ်မှတ်ပေးရမယ်။
၂။ ဘယ်ဟာကပိုကောင်းတယ်ဆိုတဲ့ အကြောင်းရင်းကို တစ်ဦးချင်းစီ စဉ်းစားပြီး မှတ်စုမှာ ရေးမှတ်ရမယ်။
၃။ အဖွဲ့ထဲက တစ်ယောက်ချင်းစီ ပြောရမယ်။ ပြောတဲ့အခါ ကိုယ်စဉ်းစားထားတဲ့ အကြောင်းရင်း ၂ ခု၊ ၃ ခု နဲ့ကို ထည့်ပြီး ရှင်းပြရမယ်။
၄။ အကြောင်းရင်း တစ်ခုထက် ပိုသွားရင် အမှတ်စဉ်တပ်ပြီး ပြောရမယ်။
သာဓက ။ ။ ပထမတစ်ခုက . . .
ဒုတိယတစ်ခုမှာ . . .
၅။ အားလုံးပြောပြီးရင် ဘယ်အကြောင်းအရာက စိတ်ဝင်စားဖို့ ကောင်းတယ်။ လက်ခံနိုင်တယ်ဆိုတာကို ပိုင်းပြီး ဆွေးနွေးကြရမယ်။

ကလေးတို့ အနှစ်သက်ဆုံး တစ်ခုကို ရွေးကြမယ်။

၁။ ကျောင်းကို သူငယ်ချင်းနဲ့သွားရတာ ကြိုက်သလား။ ကျောင်းကို တစ်ယောက်တည်း သွားရတာ ကြိုက်သလား။
၂။ မိုးရွာတဲ့အခါ မိုးကာအင်္ကျီဝတ်ပြီး ကျောင်းသွားရတာ ကြိုက်သလား။ ထီးဆောင်းရတာ ကြိုက်သလား။
၃။ ကျောင်းပိတ်ရက်မှာ အိမ်မှာနေရတာ ကြိုက်သလား။ ခရီးသွားရတာ ကြိုက်သလား။
၄။ ကဗျာဆိုရတာ ကြိုက်သလား။ ပုံပြင်ပြောရတာ ကြိုက်သလား။

- ဘာကြောင့်ကြိုက်တယ်ဆိုတဲ့ အကြောင်းရင်းကို ပြောနိုင်ကြရဲ့လား။
- သူယေချင်း ပြောတဲ့အကြောင်းကို သေသေချာချာနားထောင်ရဲ့လား။

၆၄

အရေးကြီးသောအချက်များ

- ခေါင်းစဉ်ကို ကလေးများကိုယ်တိုင်ရွေးချယ်ရပါမည်။
- အဖွဲ့တစ်ဖွဲ့တွင် ၄ ယောက်မှ ၆ ယောက်ခန့်အတွင်း ထားရှိရမည်။ (ကျောင်းသားဦးရေပေါ်မူတည်၍ အဆင်ပြေသလို အုပ်စုဖွဲ့နိုင်ပါသည်။)
- အုပ်စုတစ်စုချင်း ရွေးထားသည့်ခေါင်းစဉ်ကို သင်ပုန်းတွင် မှတ်သားစေမည်။
- ကလေးအားလုံး မှတ်စုတွင်ရေးသားနိုင်အောင် ဆရာက ကြည့်ရှုပေးရမည်။
- အုပ်စုတွင်း ရှင်းပြချက်များကို အားလုံးနားထောင်စေရန် ကူညီပေးရမည်။

DBE Box - Copyright Protected

အဖွဲ့.လိုက်ဆွေးနွေးထားတာကို ပြောကြရအောင်။

ကျွန်တော်/ကျွန်မတို့အုပ်စုက ၄ ယောက်ရှိပါတယ်။ အဲဒီအထဲက ၂ ယောက်က မိုးရွာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်လို့ပြောပါတယ်။ ၂ ယောက်က နေသာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်လို့ ပြောပါတယ်။

မိုးရွာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ၃ ချက်ရှိပါတယ်။ ပထမတစ်ချက်က မိုးရွာထဲမှာ ပြေးလွှားဆော့ရလို့၊ ဒုတိယတစ်ချက်က စိတ်ကို လန်းဆန်းစေလို့၊ တတိယတစ်ချက်က သူငယ်ချင်းတွေနဲ့ ဘောလုံးကန်ရလို့ ဖြစ်ပါတယ်။

နေသာတဲ့နေ့မှာ ကစားရတာ ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် ၃ ချက်ရှိပါတယ်။ ပထမတစ်ချက်က ရာသီဥတုသာယာလို့၊ ဒုတိယတစ်ချက်က စက်ဘီးစီးရလို့၊ တတိယတစ်ချက်က စွန်လွှတ်တမ်းကစားရလို့ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

အဖွဲ့.လိုက်ဆွေးနွေးထားတာကို နမူနာပုံစံမှာ ဖြည့်ပြီး ပြောကြရအောင်။

ကျွန်တော်/ကျွန်မတို့အုပ်စုက _____ ယောက်ရှိပါတယ်။ အဲဒီအထဲက _____ ယောက်က _____ ပိုကောင်းတယ်လို့ပြောပါတယ်။ _____ ယောက်က _____ ပိုကောင်းတယ်လို့ ပြောပါတယ်။

_____ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် _____ ချက်ရှိပါတယ်။ ပထမတစ်ချက်က _____၊ ဒုတိယတစ်ချက်က _____၊ တတိယတစ်ချက်က _____ ဖြစ်ပါတယ်။

_____ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက် _____ ချက်ရှိပါတယ်။ ပထမတစ်ချက်က _____၊ ဒုတိယတစ်ချက်က _____၊ တတိယတစ်ချက်က _____ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

အရေးကြီးသောအချက်များ

- ဆရာက အုပ်စုကိုယ်စား တစ်ဦး သို့မဟုတ်နှစ်ဦးခန့် အတန်းကို ပြောပြတတ်အောင် ပံ့ပိုးပေးရမည်။
- အတန်းကိုပြောရာတွင် တစ်တန်းလုံးကြားနိုင်အောင် ပြောရပါမည်။
- အခြားသူများပြောကြားချက်ကို နားထောင်ပြီး မတူညီသော ထင်မြင်ချက်ရှိပါက ပြောနိုင်အောင် ဆရာက ပံ့ပိုးပေးရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အခုအချိန်မှာ ကလေးတို့အုပ်စုလိုက်ဆွေးနွေးထားတာကို နမူနာပုံစံမှာ ဖြည့်ပြီး အတန်းကို တင်ပြကြမယ်နော်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "အဖွဲ့.လိုက် ဆွေးနွေးထားတာကို ပြောကြရအောင်" ဟုပြောကာ သင်ခန်းစာပါပုံစံကိုဖတ်ပြပါမည်။ ရှင်းပြပါမည်။
- ⊙ အုပ်စုအလိုက် ရွေးချယ်ထားသည့် ခေါင်းစဉ်ကို သင်ခန်းစာပါ နမူနာပုံစံအတိုင်းတစ်အုပ်စုလျှင်တစ်ရွက်ရေးသားရပါမည်။
- ⊙ အုပ်စုတစ်စုချင်းစီမှ ၁ဦး သို့မဟုတ် ၂ဦးအတန်းရှေ့ထွက်၍ ဖြည့်စွက်ထားသောပုံစံအတိုင်း အကြောင်းရင်းနှင့် ဖြေဆိုထားပုံကို ပြောပြရပါမည်။
- တစ်ဖွဲ့ပြောပြီးပါက နားထောင်နေသူများက မတူညီသော အကြောင်းပြချက်ရှိပါက အတန်းကို ပြောပြရပါမည်။
- ကျန်အုပ်စုများကလည်း ထိုနည်းအတိုင်း အတန်းကို ပြောပြရပါမည်။
- နားထောင်နေသူများမှတစ်ဦးက ထိုနည်းအတိုင်း နှစ်သက်ကြောင်းပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "နှစ်သက်ရာအကြောင်းတစ်ခုကို အကြောင်းပြချက်နဲ့တကွ အတန်းကိုပြောတတ်ကြပြီ။ သူငယ်ချင်းတွေပြောပြတာလဲ စိတ်ဝင်စားဖို့ကောင်းတယ်မဟုတ်လား"ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများသင်ခန်းစာပါ နမူနာပုံစံအတိုင်း အတန်းကိုတင်ပြနိုင်ခြင်းရှိမရှိ၊ အခြားသူပြောကြားချက်ကို နားထောင်ကာ မတူညီသော အကြံဉာဏ်များရှိကြောင်း ပြောနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၂၅) ပုဒ်ဖြတ် ပုဒ်ရပ် သင်ကြေမယ်
အကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်
- ပုဒ်ကလေး၊ ပုဒ်မအသုံးကို မှန်ကန်စွာ အသုံးပြုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း
နိဒါန်း
- "ကလေးတို့ ပုဒ်ကလေး၊ ပုဒ်မတွေကို မြန်မာစာရေးတဲ့အခါ အသုံးပြုကြတာတွေ့ဖူးကြတယ်မဟုတ်လား" ဟု ဆရာကပြောပြီး ပထမစာပိုဒ်ကို ဖတ်စေ၍ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်
- ဆရာက "ပုဒ်ကလေး ဘယ်လိုထည့်ရမလဲဆိုတာကို နမူနာဝါကျတွေနဲ့ နှိုင်းယှဉ်ကြည့်ကြရအောင်" ဟုပြောပြီး ကလေးများကို ဖတ်စေပါမည်။
- ထို့နောက် နမူနာဝါကျများကို ကြည့်စေပြီးဆရာက "နှိုင်းယှဉ်ပြထားတဲ့ ဝါကျ ၂ကြောင်းမှာ ဘာတွေမတူညီဘူးလဲ။ မတူတဲ့နေရာကို ဝိုင်းပေးပါ" ဟု ပြောရပါမည်။
- "ကလေးတို့ ဘယ်နေရာတွေ မတူညီတာလဲ"ဟုမေးပြီး ကလေးများပြောသည်ကို သင်ပုန်းတွင် ရေးရပါမည်။
- ထို့နောက် "ဝါကျအဆုံးမှာပါတဲ့ ပုဒ်မ (နှစ်ချောင်းပုဒ်)ကတော့ စာကြောင်းဆုံးရင် သုံးတယ်ဆိုတာအားလုံး သိကြတယ်မဟုတ်လား" ဟု ပြောပါမည်။
- "။" ကို နာမည်ဘယ်လိုခေါ်သလဲ မေး၍ ပုဒ်မ ဟု ဖြေစေပါမည်။
- "၊" ကို နာမည်ဘယ်လိုခေါ်သလဲ မေး၍ ပုဒ်ကလေးဟု ဖြေစေပါမည်။
- ဆရာက"ပုဒ်မကိုဘယ်မှာသုံးသလဲ" "ပုဒ်ကလေးကို ဘယ်မှာသုံးသလဲ" ဟု မေး၍ ကလေးများပြောသည်ကို သင်ပုန်းမှတ်ချက်ရေးပါမည်။
- သာဓက (၁)ရှိ ဝါကျများကို ကြည့်စေမည်။ မည်သည့် နေရာတွင် ပုဒ်ကလေး ထည့်ထားသည်ကို နှစ်ယောက်တစ်တွဲ ဆွေးနွေး စေမည်။ ဆရာက ကလေး၏ ထင်မြင်ချက်ကို အတန်းသို့ ပြောစေ မည်။
- ထို့နောက် လေ့ကျင့်ကြမယ် (၁)ရှိ ဝါကျများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီးပုဒ်ကလေး၊ ပုဒ်မ ထည့်စေပါမည်။ ထို့နောက် လေ့ကျင့်ခန်းစာအုပ်တွင် ရေးသားစေပါမည်။



အဓိကအချက်များ
- ကျောင်းသုံးစာအုပ်ပါနမူနာကိုကြည့်ကာ ပုဒ်ကလေး၊ ပုဒ်မ အသုံးကို နားလည်အောင် သင်ကြားရပါမည်။
- ကျောင်းသုံးစာအုပ်ပါ ဝါကျများတွင် ပုဒ်ကလေး၊ ပုဒ်မကို မှန်ကန်စွာထည့်သွင်းနိုင်အောင် သင်ကြားရပါမည်။
- မိမိရေးသားထားသော ဝါကျများတွင် ပုဒ်ကလေး၊ ပုဒ်မကို မှန်ကန်စွာထည့်သွင်းနိုင်အောင် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ
- မှတ်စုစာအုပ်ပါ ဝါကျများ၊ စာပိုဒ်များကို ပြန်ကြည့်စေရာတွင် ပုဒ်ဖြတ်ပုဒ်ရပ် ထည့်ထားပုံများ အပြန်အလှန် လိုအပ် သည်ကို ပြောစေပါမည်။
- တစ်ချောင်းပုဒ် "၊" သည် ပုဒ်ကလေးဟုခေါ်ကြောင်း၊ နှစ်ချောင်းပုဒ် "။" သည် ပုဒ်မဟုခေါ်ကြောင်း ရှင်းပြရပါမည်။
- ပုဒ်ကလေးအသုံးမှာ အမျိုးအမည်များ၊ အချက်အလက်များကြားတွင် ထည့်ရသည်ကို သိစေပါမည်။
- နှစ်ယောက်တစ်တွဲ ပြောကြားစေရာတွင် ကျောင်းသားအားလုံး ပြောစေရန် ဂရုပြုရပါမည်။
- မှတ်စုတွင် ပုဒ်ကလေး၊ ပုဒ်မအသုံးများယွင်းနေပါက ပြင်ဆင် စစ်ဆေးပေးရပါမည်။

PBE Box - Copyright Protected

ပုဒ်ကလေး ဘယ်လိုထည့်သလဲ ကြည့်ကြရအောင်။

သာဓက (၁)

၁။ ဒေါ်ခင်မာလာသည် စျေးသို့သွား၍ ကြက်သား၊ ငါး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သခွားသီးနှင့် လိမ္မော်သီးများ ဝယ်လာသည်။

၂။ မြန်မာနိုင်ငံတွင် နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဟူ၍ ဥတုသုံးပါး ရှိပါသည်။

လေ့ကျင့်ကြမယ် (၁)

၁။ ဦးဦးသည် စျေးထဲမှ သကြားနို့မှုန့်ဘဉ်ဓာတ်ခဲနှင့် ဆပ်ပြာခဲ ဝယ်လာသည်

၂။ မေမေသည် စာအုပ်ဆိုင်သို့သွား၍ ပုံပြင်စာအုပ်ကာတွန်းစာအုပ်ပုံဆွဲစာအုပ်နှင့် ဉာဏ်စမ်းစာအုပ်များကို ဝယ်လာပါသည်

၃။ မော်မော်တို့ ဒြံထဲတွင် စံပယ်ပင်နှင်းဆီပင်သနပ်ခါးပင်ယုဇနပင်ဇီဇဝါပင်နှင့် သစ်ခွပင်များ ရှိပါသည်

ပုဒ်ကလေး ဘယ်လိုထည့်မလဲဆိုတာ ဆက်ပြီးလေ့လာကြမယ်။

သာဓက (၂)

၁။ စာဖတ်ခြင်းသည် လူငယ်တို့အတွက် ဗဟုသုတရရန်၊ စာဖတ်မြန်ရန်၊ စာပေအရသာခံစားတတ်ရန်၊ အတုယူစရာများနှင့် ရှောင်ကြဉ်စရာများကို သိရှိထားရန်ဖြစ်သည်။

၂။ ကျွန်တော်တို့ကျောင်းတွင် ဘောလုံးကစားခြင်း၊ ဘော်လီဘောကစားခြင်း၊ ကြိုက်တောင်ခိုက်ခြင်း၊ ထုပ်ဆီးတိုးခြင်းနှင့် ခြင်းလုံးခတ်ခြင်းစသည့် ကစားနည်းများ ကစားကြပါသည်။

လေ့ကျင့်ကြမယ် (၂)

၁။ ပုံပြင်ဖတ်ရန်ကဗျာဖတ်ရန်ဝတ္ထုဖတ်ရန်ဂျာနယ်ဖတ်ရန်နှင့် သတင်းစာဖတ်ရန် စာကြည့်တိုက်ထဲတွင် စာအုပ်အမျိုးအစားစုံစုံလင်လင် ရှိပါသည်

၂။ မမသည် စာဖတ်ခြင်းသီချင်းဆိုခြင်းရေကူးခြင်းနှင့်ဘော်လီဘောကစားခြင်းတို့ကို ဝါသနာပါသည်

အရေးကြီးသောအချက်များ

- ပထမအချိန်တွင် ရေးခဲ့သော ဝါကျများနှင့် ဒုတိယအချိန်တွင် ရေးခဲ့သော ဝါကျများ၏ဝါကျပုံစံ မတူညီသည်ကို ပြောစေရာတွင် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- နှစ်ယောက်တစ်တွဲ ပြောကြားစေရာတွင် ကျောင်းသားအားလုံး ပါဝင်စေရန် ဂရုပြုရပါမည်။
- နောက်ထပ် စာသင်ချိန်တွင် စာအုပ်ကုန်သွား၍ စာအုပ်အသစ် ထုတ်ထားသူများရှိပါက စာအုပ်အဟောင်းများ ပြန်လည် ယူလာရန် ဆရာက မှာကြားရပါမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

- ထို့နောက် ကိုယ်တိုင်ရေးသားထားသည်များကို ၂၊ ၃ဦး အတန်းရှေ့တွင် ပြောပြစေပြီး ကလေးများရေးသားထားသည်များကို ဆရာက စစ်ဆေးပေးပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "နောက်အချိန်မှာ ပုဒ်စုတွေအကြား ပုဒ်ကလေး၊ ပုဒ်မကို ဆက်ပြီးလေ့ကျင့်ကြမယ်"ဟုပြော၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီး မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- ဆရာက"ပုဒ်စုတွေအကြား ပုဒ်ကလေးဘယ်လို ထည့်ရမလဲ ဆိုတာကို နမူနာစာကြောင်းတွေနဲ့ ကြည့်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သာဓက(၂) ရှိ ဝါကျများကို ကလေးများအား ကြည့်စေပါမည်။
- မည်သည့်နေရာတွင် ပုဒ်ကလေးထည့်ထားသည်ကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။ ဆရာက ကလေးများ၏ ထင်မြင်ချက်ကို အတန်းသို့ ပြောစေပါမည်။
- သာဓက(၂) ရှိ ဝါကျများကို ကြည့်စေပြီး သာဓက (၁)ရှိ ဝါကျများနှင့် နှိုင်းယှဉ်ကာ မတူညီသည်ကို ပြောစေပါမည်။
- ကလေးများပြောပြီးပါက ဆရာက အနှစ်ချုပ်ပြောရပါမည်။
- ⊙ လေ့ကျင့်ကြမယ်(၂) ရှိ ဝါကျများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီး ပုဒ်ကလေးပုဒ်မ ထည့်စေပါမည်။
- ⊙ ထို့နောက် လေ့ကျင့်ခန်းစာအုပ်တွင် ရေးသားစေပါမည်။
- ကလေးများ ရေးသားထားသည်များကို ဆရာက စစ်ဆေးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ဝါကျတွေမှာ ပုဒ်ကလေးလို့ခေါ်တဲ့ တစ်ချောင်းပုဒ် (၊) ကို ဝါကျမှာပါတဲ့ အမျိုးအမည်တွေကြားရယ်၊ "ခြင်း" "ရန်" . . . စသည်တို့ပါတဲ့ အချက်အလက်တွေမှာလဲ သုံးလို့ရတယ်" ဟုပြော၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီး မှန်ကန်စွာ ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "ပုဒ်ကလေး၊ ပုဒ်မတွေနဲ့ ဝါကျတွေကို ကိုယ်တိုင်ရေးကြရအောင်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "ကျောင်းသုံးစာအုပ်မှာ မေးထားတဲ့မေးခွန်းတွေကို ပုဒ်ကလေးသုံးပြီး ရေးကြရမယ်"ဟု ပြောပြီး သင်ပုန်းတွင် မေးခွန်းရေးပြပါမည်။
- ⊙ ဝါကျများကို တစ်ဦးချင်း မှတ်စုတွင် ရေးစေပါမည်။
- ကလေးများ ရေးသားထားသည့်ဝါကျများတွင် ပုဒ်ကလေး (၊)၊ ပုဒ်မ (။) ထည့်၍ ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ လဲလှယ် စစ်ဆေးစေပါမည်။
- အတန်းရှေ့တွင် ၃၊ ၄ဦးခန့်ကို မည်သည့် နေရာတွင် ပုဒ်ကလေး ထည့်ထားသည်ကို ပြောစေပါမည်။
- ထို့နောက် ဆရာက **"စာတ်မင်းသားကြီးဦးဘိုးစိန်" "ပုဂံ"**နဲ့ **"ဆား" "ဓာတ်ပုံကြည့်ပြီးတွေးကြရေးကြမယ်"**စတဲ့ သင်ခန်းစာ တွေကနေ မှတ်စုရေးထားတာတွေကို ပြန်ကြည့်ကြရအောင်" ဟုပြောပါမည်။
- ⊙ ထို့နောက် ဆရာက ယခင်က တစ်ဦးချင်း ရေးထားသည့် မှတ်စု စာအုပ်ရှိ ဝါကျများကို ကြည့်စေ၍ နှစ်ယောက်တစ်တွဲ ပြောစေ ပါမည်။
- ⊙ ထိုသို့ကြည့်စေရာတွင် "ဘယ်စာပိုဒ်မှာ ပုဒ်ကလေး၊ ပုဒ်မတွေ ကျန်ခဲ့သလဲ ကြည့်ကြရမယ်။ စာပိုဒ်တွေကို သေသေချာချာ ပြန်ကြည့်ပါ" ဟု ဆရာက ပြောရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ကလေးတို့ကိုယ်တိုင် ရေးထားတဲ့ ဝါကျတွေမှာ ပုဒ်ကလေး၊ ပုဒ်မအသုံးမှန်အောင် ရေးတတ်ကြပြီမဟုတ်လား" ဟုပြော၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဝါကျများကို မှန်ကန်စွာ ရေးသားပြီး နှစ်ယောက်တစ်တွဲဆွေးနွေးနိုင်ခြင်း ရှိ မရှိနှင့် ယခင်ရေးထား သည်များတွင်ပုဒ်ကလေး၊ ပုဒ်မကို ဖြည့်စွက် နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲ ပြောကြားစေရာတွင် ကျောင်းသားအားလုံး ပြောစေရန် ဂရုပြုရပါမည်။
- မှတ်စုစာအုပ်တွင် ရေးသားထားသည်များကို ပြန်ကြည့်စေရာတွင် ဆရာက သင်ကြားပြီးသင်ခန်းစာခေါင်းစဉ်ကို ပြောပြရပါမည်။
- ဖော်ပြထားသည့်သင်ခန်းစာအပြင် ထပ်မံဖြည့်စွက်နိုင်ပါသည်။
- မှတ်စုစာအုပ်ပါ စာပိုဒ်များကို ပြန်ကြည့်စေရာတွင် ပုဒ်ကလေး၊ ပုဒ်မ လိုအပ်ပါက ပြန်ဖြည့်စေပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၂၆ ကိုယ်တိုင်ပုံဖြောကြရအောင်



အဓိကအချက်များ

- ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာပေါ်မူတည်ပြီး မိမိတို့စိတ်ကူးဖြင့် ပုံပြင်တစ်ပုဒ် ဖန်တီးပြောနိုင်၊ ရေးနိုင်အောင် သင်ကြားရမည်။
- ပေးထားသည့် စကားလုံးကို အသုံးပြုပြီး ပုံပြင်အဆက်ကို ဖန်တီးပြောတတ်ရပါမည်။
- ပေးထားသည့် ပုံပြင်ပါ အချက်အလက်ပေါ်မူတည်ပြီး ပုံပြင်တစ်ပုဒ် ဖန်တီးကာ မှတ်စုရေးသားတတ်အောင် ရှင်းပြရမည်။
- ကလေးများ ကိုယ်တိုင်ရေးထားသည့် ပုံပြင်ကို သူတစ်ပါး နားလည်အောင် ဖတ်ပြတတ်ရပါမည်။

အရေးကြီးသောအချက်များ

- ပုံပြင်ကို စဉ်းစားပြီး ဆက်စပ်ပြောနိုင်သော ကလေးများ ရှိပါက ဆရာက နမူနာမေးခွန်းများမေးပြီး ကူညီပေးရပါမည်။
- နှစ်ယောက်တစ်တွဲ လုပ်ငန်းများလုပ်ဆောင်နေစဉ် ပါဝင်မှုအားနည်းသော ကလေးများရှိပါက ဆရာက ပါဝင်လာ နိုင်အောင် စီစဉ်ပေးရပါမည်။

သင်ခန်းစာ (၂၆) ကိုယ်တိုင်ပုံဖြောကြရအောင်
အကြိပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ပုံပြင်အဆက်ကို စဉ်းစားကာပြောတတ်ရန်
- ကျောင်းသုံးစာအုပ်ပါ စကားလုံးသုံးလုံးကို အသုံးပြုပြီး ပုံပြင်ဖန်တီးရေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- "ကလေးတို့ရေ တတိယတန်းတုန်းက စကားလုံးလေးတွေပေါ်မူတည်ပြီး ပုံပြင်ဖန်တီး ပြောခဲ့ကြတယ်နော်။ ဒီနေ့လဲ ကိုယ်ပိုင် ပုံပြင်တစ်ပုဒ်ကို ဖန်တီးပြီး ပြောကြည့်ကြရအောင်"ဟု ပြောကာ နိဒါန်းပိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ကိုယ်တိုင် ပုံမပြောခင် ကျောင်းသုံးစာအုပ်စာမျက်နှာ (၆၉)ပါတဲ့ ရုပ်ပုံနဲ့ ဆက်စပ်ပြီး ဘယ်လိုပုံပြင်လေးဖြစ်မလဲဆိုတာ အရင် စဉ်းစားကြမယ်နော်"ဟု ပြောပြီး ရုပ်ပုံများကို ကြည့်စေပါမည်။
- "ဘယ်သူတွေ အကြောင်းရေးထားတဲ့ ပုံပြင်လေးဖြစ်မလဲ" ဟု ကလေး ၂ ဦးခန့်ကို မေးပါမည်။
- ⊙ "ကိုရွှေကြက်နဲ့ ဖားကလေးမျက်ပြူးတို့ ဘာဆက်ဖြစ်ကြမယ်ဆိုတာ" တစ်ဦးချင်း စဉ်းစားစေပါမည်။
- ⊙ စဉ်းစားစေသည့် အခါတွင် ဇယားတွင်ပြထားသည့် အချိန်၊ နေရာ၊ ဇာတ်ဆောင်၊ အဖြစ်အပျက်၊ အဆုံးသတ်အချက်များ ပေါ်မူတည်ပြီး စဉ်းစားစေပါမည်။
- ⊙ ကလေးအားလုံး စဉ်းစားပြီးပါက ဆရာက ကလေးများ၏ ထင်မြင်ချက် အတွေးကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ဆရာက ကလေး ၃၊ ၄ ဦးခန့်ကို မေးပြီး ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ဒီအချိန်မှာ ပုံပြင်တစ်ပုဒ်ကို စဉ်းစားပြီး ပြောခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ ကလေးတို့ စဉ်းစားထားတာလေးတွေကို မှတ်စုရေးကြရမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိစဉ်းစားထားသည့်ပုံပြင်ကို နှစ်ယောက်တစ်တွဲ ဖန်တီးပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ပြီးခဲ့တဲ့ စာသင်ခိုန်တုန်းက ကိုယ်တိုင် ပုံပြင်တစ်ပုဒ်ကို ဖန်တီးပြောခဲ့ကြတယ်နော်။ ဒီအခိုန်မှာ ကိုယ်စဉ်းစားထားတဲ့ အကြောင်းအရာလေးတွေကို မှတ်စုရေးကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ဆရာက ပုံပြင်ပါ စကားလုံး သုံးလုံးကို အသုံးပြုပြီး မှတ်စုမည်သို့ရေးရမည်ကို ဇယားဖြင့်ရှင်းပြပါမည်။
- ♦ ဆရာစဉ်းစားထားသည့် ပုံပြင်ကို ရေးပြီး ရှင်းပြပါမည်။
- ♦ "မှတ်စု ဆိုတာ ပါဝင်ရမဲ့ အချက်အလက်ကို အတိုရေးနည်းနဲ့ ရေးခြင်းဖြစ်ကြောင်း" ဆရာက ပြောပြရပါမည်။
- ♦ ရှင်းပြရာတွင် မှတ်စုရေးမှတ်ပုံရေးမှတ်နည်းကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။
- ♦ မှတ်စုမရေးခင်"မှတ်စု ဘယ်လိုရေးရမယ်ဆိုတာ ပြောပါအုံး"ဟု ကလေး ၁ ဦး ၂ ဦးခန့်ကို ပြောစေပါမည်။
- ♦ မှတ်စုရေးစေရာတွင် အခိုန်၊ နေရာ၊ ဇာတ်ဆောင်၊ အဖြစ်အပျက်၊ အဆုံးသတ် ပါဝင်အောင် ရေးစေပါမည်။
- ⊙ ကလေးအားလုံး မိမိတို့ စဉ်းစားထားသည့်ပုံပြင်ကို မှတ်စုရေးစေမည်။
- ⊙ ကလေးများ ရေးထားသည့် မှတ်စုကို ကလေး ၂ ဦး ၃ ဦးခန့် ပြောစေပါမည်။
- ♦ အချက်အလက် ပြည့်စုံအောင် မရေးနိုင်သော ကလေးများ ရှိပါက မှတ်စုရေးနိုင်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ♦ ကလေးအချင်းချင်း မှတ်စုအပြန်အလှန် လဲလှယ်စစ်ဆေးပြီး ပြင်ဆင်လိုသော အချက်များရှိပါက ပြင်ဆင်စေပါမည်။
- ♦ ကလေးများ ရေးထားသော မှတ်စုကို ဆရာက စစ်ဆေးပေးရမည်။

နိဂုံးချုပ်ခြင်း

- ♦ "ကိုယ်တွေးထားတဲ့ ပုံပြင်ကို မှတ်စုရေးမှတ်ခဲ့ကြတယ်။ နောက်တစ်ခိုန်မှာ မှတ်စုက တစ်ဆင့် ပုံပြင်တစ်ပုဒ် ဖန်တီး ရေးကြရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မှတ်စုရေးမှတ်နိုင်ခြင်း ရှိမရှိနှင့် အားလုံးပါဝင် ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၂၆။ ကိုယ်တိုင်ပုံပြောကြရအောင်

ပုံပြင်ကိုစဉ်းစားရာမှာ ဇယားပေါ်အခြေခံပြီး စဉ်းစားကြရအောင်။

	မိမိစဉ်းစားထားသောပုံပြင်
အခိုန်	မနက်ခင်း
နေရာ	ရေကန်ဘေး
ဇာတ်ဆောင်	ဖားကလေးမျက်ပြူး၊ ကိုရွှေကြက်
အဖြစ်အပျက်	
အဆုံးသတ်	

ပုံပြင်တစ်ပုဒ်ကို ဖန်တီးရေးနိုင်ခဲ့ကြရဲ့လား။

၇၀

အရေးကြီးသောအချက်များ

- ♦ ဆရာက မှတ်စုရေးနည်းကို ရှင်းပြရာတွင် မိမိစဉ်းစားထား သော နမူနာပုံပြင်ကိုရေးပြီး ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

အခိုန်	မနက်ခင်း
နေရာ	ရေကန်ဘေး
ဇာတ်ဆောင်	ဖားကလေးမျက်ပြူး၊ ကိုရွှေကြက်
အဖြစ်အပျက်	မနက်ခင်းတစ်ခု ကိုရွှေကြက် ရေဆာ၊ ရေကန်ဘေးသွား၊ ဖားနဲ့တွေ့၊ ဖားအော်သံကို ကိုရွှေကြက်ကြား၊ ဖားက သူ့အသံကောင်းလို့ ကြွားဝါ၊ ကြက်ကပြန်ပြော၊ ငြင်းခုံ. . .
အဆုံးသတ်	ရေကန်ကြီးက နှစ်ယောက်စလုံး အသံကောင်းတယ်လို့ပြော၊ ကျေနပ်

- ♦ ပုံပြင်ကို ဖန်တီးရေးစေရာတွင် ကလေးများ လွတ်လပ်စွာ စဉ်းစားပြီး မှတ်စုရေးစေပါမည်။
- ♦ မှတ်စုရေးရန် အားနည်းသော ကလေးများရှိပါက ဆရာက ပံ့ပိုးပေးရပါမည်။

DBE Box – Copyright Protected

၂၆။ ကိုယ်တိုင်ပုံပြောကြရအောင်

ပုံပြင်တစ်ပုဒ်ဖန်တီးရေးကြရအောင်။

ကိုယ်ရေးထားတဲ့ ပုံပြင်လေးကို သူငယ်ချင်းနဲ့အတူတူ ဖြေကြည့်ကြရအောင်။



၇၁

အရေးကြီးသောအချက်များ

- ဆရာ့မှတ်စုနမူနာ
  မနက်ခင်းတစ်ခုမှာ ကိုရွှေကြက်နဲ့ ဖားကလေး မျက်ပြူးတို့ ရောက်နေဘေးမှာတွေ့ခဲ့ကြတယ်။ ဖားကလေးက "အုံး အွမ်" ဆိုပြီး အော်လိုက်တဲ့ အသံကို ကိုရွှေကြက်တာ ကြားလိုက်တော့ ခိုးကျူးလိုက်တယ် . . .
- ကိုယ်တိုင် ပုံပြင်ဖန်တီးရေးရတာ ပျော်စရာကောင်းသည် ဆိုသည့် အချက်ကို ပြောနိုင်ရမည်။
- မိမိရေးချင်သည့် ပုံပြင်အကြောင်းအရာကို မှတ်စုပါ အချက်အလက်များပေါ်မူတည်ပြီး ရေးစေပါမည်။
- ပုံပြင်ရေးရာတွင် မှတ်စုပါ အချက်အလက်များ ပါဝင်အောင် ရေးစေရန် ရှင်းပြရပါမည်။
- ပုံပြင်ရေးရာတွင် နိဒါန်း၊ အဖြစ်အပျက်၊ အဆုံးသတ် စာပိုဒ် ခွဲရေးစေပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်အခါနှစ်က စကားလုံးသုံးလုံး သုံးပြီး မှတ်စုရေးခဲ့ကြတယ်နော်။ မှတ်မိသေးသလား" ဟုမေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ဖတ်စာတွင် ပါဝင်သော နမူနာစာကြောင်းကို ရေးပြပြီး ကလေးများ ရေးထားသော မှတ်စုကို ပါကျ တစ်ကြောင်းချင်းစီ ဆက်ပြီး မည်သို့ရေးရမည်ကို ရှင်းပြပါမည်။
- ရှင်းပြရာတွင် ဆရာရေးထားသည့် မှတ်စုနမူနာပေါ်မူတည်ပြီး မည်သို့ ရေးရမည်ကို ရှင်းပြရပါမည်။
- ⊙ မရေးခင် ဆရာရေးထားသည့် မှတ်စုပေါ်မူတည်ပြီး မည်သို့ ရေးရမည်ကို ကလေးတစ်ဦးချင်း စဉ်းစားပြီး ပြောစေပါမည်။
- ⊙ စဉ်းစားရာတွင် မှတ်စုပေါ်မူတည်ပြီး ပုံပြင်ကို မည်သို့ ဖန်တီးရေးရမည်ကို စဉ်းစားစေပါမည်။
- ⊙ ထို့နောက် ဆရာက စဉ်းစားထားသည့် အချက်များပေါ်မူတည်ပြီး ပုံပြင်တစ်ပုဒ် ဖန်တီးရေးစေပါမည်။
- ပုံပြင် ဖန်တီးရေးစေရာတွင် စာကြောင်းများကို ဆက်စပ်ပြီး ရေးစေပါမည်။
- ရေးသားရန် အားနည်းသော ကလေးများရှိပါက ဆရာက ပံ့ပိုးပေးရပါမည်။
- ကျောင်းတက်ပျက်ကွက်သော ကလေးများရှိပါက ပုံပြင်အကြောင်းအရာကို ပြန်ရှင်းပြပြီး သူငယ်ချင်းနှင့်အတူ ဆွေးနွေးစေပါမည်။
- မိမိတို့ ရေးထားသည့် ပုံပြင်ကို ပြန်ဖတ်ပြီး ပြင်ဆင်လိုသည်များရှိပါက ပြန်လည် ပြင်ဆင်စေပါမည်။

နိဂုံးချုပ်ခြင်း

- "ကိုယ်ရေးထားတဲ့ မှတ်စုပေါ်မူတည်ပြီး ကိုယ်တိုင်ပုံပြင်တစ်ပုဒ် ရေးခဲ့ကြတယ်နော်။ အဲဒီလိုရေးရတာ ဘယ်လိုခံစားရသလဲ" ဟုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများ မှတ်စုကို အခြေခံပြီး ပုံပြင်ဖန်တီးရေးသားနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "မနေ့က ကိုယ်တိုင်ပုံပြင်လေးတစ်ပုဒ်ကို ဖန်တီးရေးခဲ့ကြတယ်။ ဒီနေ့ ကိုယ်ရေးထားတဲ့ ပုံပြင်ကို အားလုံးကြားအောင် ဖတ်ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ပုံပြင်ကို ဖတ်မပြခင် ကိုယ်ရေးထားတဲ့ ပုံပြင်ကို သူငယ်ချင်းနားလည်အောင် ဘယ်လိုပြောမလဲဆိုတာ အရင်စဉ်းစားကြည့်ကြရအောင်" ဟု ပြောပါမည်။
- ဆရာက နမူနာပုံစံ ပြောပြရပါမည်။ (ကျွန်မရေးထားတဲ့ပုံပြင်ကလေးကတော့ . . . ဖြစ်ပါတယ်)
- ⊙ အခြားသူနားလည်အောင် မည်သို့ ပြောရမည်ကို ကလေးတစ်ဦးချင်းစီ စဉ်းစားစေပါမည်။
- ⊙ စဉ်းစားပြီးပါက ကလေးနှစ်ယောက်တစ်တွဲ သတ်မှတ်ပြီး ပြောစေပြီး မှတ်ချက်ပေးစေပါမည်။
- ♦ ကလေး ၂ ဦး ၃ ဦးကို အတန်းရှေ့ ထွက်ပြီး ပြောစေပါမည်။
- ⊙ ထို့နောက် ကလေးများရေးထားသည့် ပုံပြင်ကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောစေပါမည်။
- ⊙ တစ်ဦးက ပုံပြင်ဖတ်ပြနေစဉ် တစ်ဦးက သေသေချာချာ နားထောင်စေပါမည်။
- ♦ အတန်းရှေ့ထွက်ပြီး ကလေး ၂ ဦးခန့်ကို ပြောစေပါမည်။
- ♦ ကလေးအားလုံးကို သေသေချာချာ နားထောင်စေပါမည်။
- ⊙ သူငယ်ချင်း၏ ပြောကြားချက်ကို မှတ်ချက် ပေးရပါမည်။ (သာဓက။ ။ သူငယ်ချင်းရဲ့ပုံပြင်လေးက စိတ်ဝင်စားဖို့ကောင်းလိုက်တာ စသည်ဖြင့်)
- ♦ ကလေးအားလုံး ဖတ်ပြီးပါက ဆရာက ကလေးများ ပြောကြားချက်များအပေါ် အားပေး ခွီးကျူးစကား ပြောရပါမည်။

နိဂုံးချုပ်ခြင်း

- "ပုံပြင်လေးတွေ ကိုယ်တိုင်ရေးပြီး ပြောခဲ့ကြတယ်နော်။ ခုလို ပြောရရေးရတာ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ။ နောက်ဆို ကလေးတို့ ကိုယ်တိုင် ဖန်တီးပြီး ပုံပြင်ပြောကြရမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မိမိတို့ ရေးထားသည့် ပုံပြင်ကို ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ အပြန်အလှန် မှတ်ချက်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ♦ ပုံပြင်ကို အခြားသူများနားလည်အောင် ဖတ်ပြရာတွင် အသံကျယ်ကျယ်၊ ပီပီသသ၊ အဖြတ်အရပ်မှန်မှန်၊ ပုံပြင်ပါဇာတ်ဆောင်တို့၏လေသံအတိုင်း သရုပ်ပေါ်အောင် ပြောနိုင်ရန် ရှင်းပြရပါမည်။
- ♦ ကိုယ်တိုင် ပုံပြင်ရေးပြီး ပြောရသည်မှာ ပျော်စရာကောင်းသည်ဆိုသည့်အချက်ကို ပြောနိုင်ရမည်။
- ♦ ပုံပြောရာတွင် မှတ်စုပါ အချက်အလက်များ ပါဝင်အောင် ပြောနိုင်စေရန် ရှင်းပြရမည်။

DEE Box - Copyright Protected



အဓိကအချက်များ

- ကျောင်းသုံးစာအုပ်တွင် ပါဝင်သော စကားထာများအပြင် ကလေးများ သိရှိထားသော စကားထာများနှင့် အခြား စကားထာကို ဗဟုသုတအဖြစ် သိရှိစေရန် ဖြစ်ပါသည်။
- ရုပ်ပုံကိုကြည့်ပြီး စကားထာ၏အဖြေကို ရရန်အတွက် သူငယ်ချင်းအချင်းချင်း ဆွေးနွေးစေရပါမည်။

အရေးကြီးသောအချက်များ

- ကလေးများ အဖြေဖော်ရန် ခက်ခဲပါက ဆရာက ဦးဆောင်ရှင်းပြပြီး စဉ်းစားစေရပါမည်။
- စကားထာကို မေးသည်ဟု မပြောဘဲ စကားထာဝှက်သည်ဟု သုံးနှုန်းကြောင်း ဆရာက ပြောပြရပါမည်။
- လုပ်ငန်းစဉ်တွင် ဖော်ပြထားသော စကားထာအပြင် အခြား စကားထာတစ်ခုခုကိုလည်း ပြောင်းလဲသင်ကြားနိုင်ပါသည်။
- အဖြေမှန်ခြင်း မမှန်ခြင်းထက် ကလေးများ အဖြေကို မည်ကဲ့သို့ ရရှိသည်ကို ပြောပြတတ်ရန်နှင့် စဉ်းစားတတ်ရန်သာ အရေးကြီးပါသည်။

သင်ခန်းစာ (၂၇) စကားထာ
အကြိပြုစာသင်ချိန် ၂ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ဘာသာစကားလေ့လာမှုတွင် ရိုးရာစကားထာများကို သိရှိရန်
- ကလေးအချင်းချင်း စကားထာများကို အမေးအဖြေ ပြုလုပ်စေခြင်းဖြင့် စဉ်းစားဉာဏ်ရင့်သန်လာရန်နှင့် ပျော်ပျော်ရွှင်ရွှင် သင်ယူနိုင်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- "တတိယတန်းတုန်းက စကားထာလေးတွေ သင်ခဲ့ကြတယ်နော်။ ဒီနှစ်လဲ ကျန်တဲ့ရိုးရာစကားထာလေးတွေ သင်ကြမယ်နော်" ဟု ပြောပြီး နိဒါန်းပျိုးပါသည်။

လုပ်ငန်းစဉ်

- "မနှစ်ကသင်ခဲ့တဲ့ စကားထာလေးတွေထဲက မှတ်မိတဲ့ စကားထာတစ်ခုကို ပြန်ပြောပါအုံး"ဟုပြောပြီး ကလေးများကို ပြောစေပါမည်။
- "ဆရာက စကားထာအသစ်တစ်ခုကို ပြောပြမယ်။ စဉ်းစားကြည့်ကြနော်။ ခဲထက်လေး၍ ဝွမ်းထက်ပေါ့သောအရာဆိုတဲ့ စကားထာလေးကို စဉ်းစားကြည့်ပါအုံး" ဟု ပြောပြီး စဉ်းစားစေပါမည်။
- ကလေးများ စဉ်းစားပြီးပါက "ဒီအဖြေ ဘယ်လိုရတာလဲ။ ဘာကြောင့် ဒီအဖြေကို ပြောတာလဲ" ဟု မေးပါမည်။
- ⊙ ပထမစာမျက်နှာရှိ စကားထာတစ်ခုချင်းစီကို ဖတ်စေပြီး ရုပ်ပုံကိုကြည့်ကာ တစ်ဦးချင်းစဉ်းစားစေပါမည်။
- ⊙ ကလေးများ စဉ်းစားထားသည့်အဖြေနှင့် ဘာကြောင့်ထိုအဖြေရသည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- အတန်းရှေ့တွင် ကလေး ၂ တွဲ၊ ၃ တွဲခန့်ကို ပြောစေပါမည်။
- ကလေးများပြောသော အဖြေကို သင်ပုန်းမှတ်ချက်ရေးထားရပါမည်။
- ကလေးများ ဖြေထားသော အဖြေနှင့် တူ မတူ အဖြေမှန်များကို ဆရာက ပြောပြရပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၂ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဒါန်းချုပ်ခြင်း

♦ "နောက်တစ်ချိန်မှာ ဒုတိယစာမျက်နှာက စကားထာတွေနဲ့ ကလေးတို့သိတဲ့ စကားထာလေးတွေကို ဖြေကြည့်မယ်။ ကလေးတို့ရဲ့အိမ်က လူကြီးတွေကိုလဲ တခြားစကားထာတွေကို မေးကြည့်ခဲ့ကြနော်" ဟု ပြောပြီး နိဒါန်းချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း စကားထာ၏ အဖြေနှင့် အကြောင်းရင်းကို ပြောနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

♦ ဆရာက "စကားထာအသစ်လေးတွေ ထပ်ဝှက်ကြည့်ရင်း ကလေးတို့သိထားတဲ့ စကားထာလေးတွေကိုပါ ပြောကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ စာမျက်နှာ(၇၃)ရှိ ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံနှင့် စကားထာ တစ်ခုချင်းစီကို ကြည့်စေပြီး တစ်ဦးချင်း စဉ်းစားစေပါမည်။

⊙ ကလေးများ စဉ်းစားထားသည့်အဖြေနှင့် အဘယ့်ကြောင့် ဤ အဖြေရသည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

♦ အတန်းရှေ့တွင် ၂ဦး၊ ၃ ဦးခန့်ကို ပြောစေပြီး ကလေးများပြော သည်များကို ဆရာက သင်ပုန်းမှတ်ချက်ရေးသားထားရပါမည်။

♦ ဆရာက "ကလေးတို့ဖြေထားတဲ့အဖြေနဲ့ ဆရာပြောမဲ့ အဖြေ တူသလားဆိုတာ မသိချင်ဘူးလား" ဟုမေးပြီး ဆရာက အဖြေ မှန်များကို ပြောပြရပါမည်။

♦ ကလေးများကို "ကျောင်းသုံးစာအုပ်ထဲက စကားထာလေး တွေကို ဝှက်ကြည့်ပြီးပြီနော်။ ကလေးတို့ စဉ်းစားလာတဲ့ စကားထာလေးတွေကိုလဲ သူငယ်ချင်းအချင်းချင်း မေးကြည့် ကြရအောင်" ဟု ပြောပါမည်။ ကလေးမေးသော စကားထာကို တစ်တန်းလုံးကိုပြောပြီး နှစ်ယောက်တစ်တွဲစဉ်းစားစေပါမည်။

နိဂုံးချုပ်ခြင်း

♦ "ကလေးတို့ အချင်းချင်း စကားထာဝှက်တမ်း ကစားလို့ရတယ် နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကျောင်းသုံးစာအုပ်ပါ စကားထာနှင့် ကလေးအချင်းချင်းပြောသော စကားထာများကို စဉ်းစားကာ သူငယ်ချင်းများနှင့် ပြောဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေး အကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

♦ ကလေးများကို စဉ်းစားစေခဲ့သော စကားထာများကို ချက်ချင်း မပြောနိုင်သေးပါက ဆရာက ဦးဆောင်ပြီး စကားထာ အချို့ကို ဝှက်ပြရပါမည်။

♦ စကားထာ၏အဖြေများ

၁။ ဗုံ (ကယား)
၂။ လျှာ (ဂျိန်းဖော)
၃။ မျက်တောင် (ပအိုဝ်း)
၄။ မွှေ (တောင်ရိုးခန့)
၅။ မင်းကွတ်သီး (ထားဝယ်)
၆။ ကြက်ဖ (ရခိုင်)
၇။ ခရု (ကရင်)
၈။ ကြက်ဥ (မွန်)

DBE Box – Copyright Protected

သင်ခန်းစာ ၂၈ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ဆယ့်နှစ်လရာသီအလိုက်ပွင့်တဲ့ ပန်းကလေးတွေအကြောင်း ဖတ်ကြရအောင်။

မြန်မာစကားတွင် "ရာသီမသိ ပန်းနှင့်ညို" ဟူသော ဆိုရိုးစကားရှိသည်။ အခါရာသီအလိုက် ပွင့်သောပန်းတို့ကို ကြည့်ပြီး မည်သည့်လ၊ မည်သည့်ရာသီရောက်ပြီကို ခန့်မှန်းတွက်ဆနိုင်ပြီဟု ဆိုလိုခြင်းဖြစ်သည်။ ရာသီအလိုက်ပွင့်သောပန်းများသည် မည်သို့ ကွဲပြားခြားနားကြသနည်း။





မြန်မာနှစ်ဦးတန်ဆူးလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် အဖြူရောင်ပွင့်ချပ် လေးခုတို့အလယ်၌ ရွှေဝါရောင်ဝတ်ဆံတို့ဖြင့် လှပစွာပွင့်လန်းလာကြသည်။ ကံ့ကော်ပန်းနှင့်အတူ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ပိတောက်ပန်းဝါဝါတို့ကလည်း ဝေဝေဆာဆာဖြင့် ဖူးပွင့်လာကြပေသည်။ မြန်မာနှစ်သစ်ခိုနှစ်ခါတွင် ကံ့ကော်ပန်းနှင့် ပိတောက်ပန်းရနံ့တို့က မွှေးပျံ့လျက်ရှိနေသည်။



ကဆုန်လ၏ရာသီပန်းမှာ စံကားဝါပန်းဖြစ်သည်။ ကဆုန်လသို့ရောက်သည်နှင့် ရွှေဝါရောင် စံကားဝါပန်းတို့ လှိုင်လှိုင်ပွင့်ကြသည်။ စံကားဝါပန်း၏ပွင့်ဖတ်တို့မှာ နူးညံ့လှပေသည်။ ပုပွားဒေသသည် စံကားဝါပန်းများ ပွင့် ရာမြေဖြစ်သောကြောင့် စံကားဝါမြေဟုပင် တင်စားခေါ်ဝေါ်သည်။



နွေအကုန်မိုးအစကာလ နယုန်လတွင် စံပယ်ပန်းများ လှိုင်လှိုင်ပွင့်သောကြောင့် စံပယ်ပန်းကို နယုန်လ၏ ရာသီပန်းဟု သတ်မှတ်ကြသည်။ အစိမ်းရောင်ချဲ့ခွယ်ပင်ဝေါ်တွင် ပွင့်နေသော ဖြူဖြူဖွေးဖွေး စံပယ်ပန်း ကလေးများ၏ရနံ့သည် ဝန်းကျင်တစ်ခွင်သို့ သင်းပျံ့မွှေးလျက်ရှိသည်။

အဓိကအချက်များ

- ကျောင်းသုံးစာအုပ်ပါ အကြောင်းအရာများကိုနားလည်ကာ ဆယ့်နှစ်ရာသီအလိုက်ပွင့်သော ရာသီပန်းများ၏ ထူးခြားချက်များကို ဇယားဖြင့် အနှစ်ချုပ်နိုင်အောင် သင်ကြားရပါမည်။
- ပုံနှင့်စာကိုယှဉ်တွဲကာ ဖတ်ရှုနိုင်အောင် သင်ကြားရပါမည်။
- သင်ခန်းစာတွင် ပါဝင်သော ဝေဝေဆာဆာ၊ ဖြူဖြူဖွေးဖွေး၊ ရှည်သွယ်သွယ် စသည့် စကားလုံးများကို ကလေးများ နားလည်အောင် သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- ဆရာဖတ်ပြနေချိန်တွင် သေချာစွာနားထောင်၍ အဖြတ်အရပ်နေရာများကို မှတ်သားထားရပါမည်။
- ဖတ်နေချိန်တွင် ကျန်အဖွဲ့များက သေချာစွာ နားထောင်နေရပါမည်။
- မိမိဒေသပေါ်မူတည်ပြီး ပွင့်သောပန်းများကို သိရှိထားရပါမည်။
- အချို့ရာသီပန်းများသည် ဒေသအလိုက် အခေါ်အဝေါ်များကွဲလွဲနိုင်သည့်အတွက် မိမိဒေသ၏အခေါ်အဝေါ်ကိုပါ သင်ကြားပေးရပါမည်။
- ဆိုရိုး = အစဉ်အလာတည်ရှိနေသော အဆိုအမိန့်

သင်ခန်းစာ (၂၈) ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ အကြေပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- သင်ခန်းစာပါ အကြောင်းအရာများကိုဖတ်ပြီး ရာသီပန်းများ၏ ထူးခြားချက်များကို သိရှိ၍ပြောပြတတ်ရန်
- ပုံနှင့်စာကို ယှဉ်တွဲဖတ်ရှုတတ်ရန်
- ရာသီအလိုက်ပွင့်သော ပန်းများကိုသိရှိပြီး အချိန်ရာသီကိုလိုက်၍ အမျိုးမျိုးကွဲပြားခြားနားကြောင်း သိရှိရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ပတ်ဝန်းကျင်မှာ ဘာပန်းတွေမြင်ဖူးသလဲ။ အဲဒီပန်းတွေက ဘယ်လိုပုံစံရှိသလဲ။ ဘာအရောင်တွေလဲပြောကြည့်ပါအုံး" ဟုမေးကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကျောင်းသုံးစာအုပ်တွင်ပါသော ခေါင်းစဉ်ကိုရေးပြကာ " ဘယ်လိုအကြောင်းအရာဖြစ်မလဲ "ဟုမေးကာ ကလေးများကို ဖြေစေပါမည်။
- ထို့နောက် ဆရာက ဖတ်စာတစ်ပုဒ်လုံးကို ဖတ်ပြပါမည်။
- ⊙ ဆရာဖတ်ပြနေချိန်တွင် ကလေးများကို သေချာစွာ နားထောင်စေပြီး နားမလည်သည့် စကားလုံးများရှိပါက မှတ်သားထားရပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။
- အုပ်စုလိုက် စာတစ်ပိုဒ်ချင်းစီကို ဖတ်စေပါမည်။
- ⊙ ထို့နောက် ဖတ်စာတွင်ပါဝင်သော အကြောင်းအရာများကို အုပ်စုတွင်း ဆွေးနွေးစေပါမည်။
- ⊙ ဆွေးနွေးပြီးပါက မိမိတို့၏ ထင်မြင်ချက်များကို အုပ်စုလိုက် ပြောစေပါမည်။
- ကလေးများပြောသော အကြောင်းအရာများကိုဆရာကသင်ပုန်းတွင် ရေးသားထားရပါမည်။
- ⊙ မေးခွန်းနံပါတ် (၂) (ရာသီမသိ ပန်းနှင့်ညို ဆိုတဲ့စကားက ဘာကိုပြောတာလဲ။) "ဆိုရိုးစကားဆိုတာ ဘာလဲ သိတဲ့သူ ဖြေကြည့်ပါအုံး"ဟုပြောကာ ကလေး ၃၊ ၄ ဦးခန့်ကို ဖြေစေပါမည်။

DPE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဒါန်းချုပ်ခြင်း

- "သင်ခန်းစာပါ အကြောင်းအရာတွေကို သိသွားကြပြီနော်။ နောက်တစ်ချိန်မှာ တစ်ပိုဒ်ချင်း လေ့လာကြမယ်နော်" ဟု ပြောကာ နိဒါန်းချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သင်ခန်းစာပါအကြောင်းအရာများကို ဖတ်နိုင်ခြင်း ရှိ မရှိနှင့် သင်ခန်းစာပါအကြောင်းအရာများကို ပြောကြား နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

- "ကလေးတို့ ဒီအချိန်မှာတော့ရာသီတစ်ခုချင်းစီမှာပွင့်တဲ့ ပန်းလေးတွေရဲ့ မတူညီပုံတွေကို ကြည့်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာပါ ပထမစာပိုဒ်မှ နယုန်လအထိ ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ခက်ခဲသော စကားလုံးများ၊ နားမလည်သော စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။
  (အတန်းလိုက်၊ အုပ်စုလိုက်)
- ထို့နောက် နားမလည်သော စကားလုံးများကို ပြောစေကာ သင်ပုန်းတွင်ရေးသားထားရပါမည်။
- "ဒီစကားလုံးရဲ့အဓိပ္ပာယ်ကို သိတဲ့သူရှိသလား။ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးဖြေဆိုချက်မပြည့်စုံပါက ဆရာကထပ်မံဖြည့်စွက်ပြောပြရပါမည်။

⊙ ပထမစာပိုဒ်တွင်ပါဝင်သော "ရာသီအလိုက်ပွင့်သော ပန်းများသည် မည်သို့ ကွဲပြားခြားနားကြသနည်းဆိုတဲ့ မေးခွန်းက ဘာကို ပြောတာလဲ"ဟု မေးကာ ကလေးများကို စဉ်းစား၍ ပြောစေပါမည်။

- ထို့နောက် ပုံနှင့်စာကို ယှဉ်တွဲကြည့်ကာ တစ်ဦးချင်း အသံတိတ်ဖတ်စေပါမည်။



အရေးကြီးသောအချက်များ

- စာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သော အကြောင်းအရာများကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။
- ကလေးများအား ပုံနှင့်စာများကို ယှဉ်တွဲ၍ ဖတ်ရှုတတ်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ခတ်ပုံများကိုကြည့်ပြီး ဇယားတွင်ဖြည့်ရာ၌ ကလေးများ၏ အမြင်အတိုင်းဖြည့်စေရပါမည်။

DBE Box – Copyright Free

သင်ခန်းစာ ၂၈ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ဆယ့်နှစ်လရာသီအလိုက်ပွင့်တဲ့ ပန်းကလေးတွေအကြောင်း ဖတ်ကြရအောင်။

မြန်မာစကားတွင် "ရာသီမသိ ပန်းနှင့်ညီ" ဟူသော ဆိုရိုးစကားရှိသည်။ အခါရာသီအလိုက် ပွင့်သောပန်းတို့ကို ကြည့်ပြီး မည်သည့်လ၊ မည်သည့်ရာသီရောက်ပြီကို ခန့်မှန်းတွက်ဆနိုင်ပြီဟု ဆိုလိုခြင်းဖြစ်သည်။ ရာသီအလိုက်ပွင့်သောပန်းများသည် မည်သို့ ကွဲပြားခြားနားကြသနည်း။





မြန်မာနှစ်ဦးတန်ဆူးလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် အဖြူရောင်ပွင့်ချပ် လေးခုတို့အလယ်၌ ရွှေဝါရောင်ဝတ်ဆံတို့ဖြင့် လှပစွာပွင့်လန်းလာကြသည်။ ကံ့ကော်ပန်းနှင့်အတူ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ပိတောက်ပန်း၀ါ၀ါတို့ကလည်း ဝေဝေဆာဆာဖြင့် ဖူးပွင့်လာကြပေသည်။ မြန်မာနှစ်သစ်ခိုနှစ်ခါတွင် ကံ့ကော်ပန်းနှင့် ပိတောက်ပန်းရနံ့တို့က မွှေးပျံ့လျက်ရှိနေသည်။



ကဆုန်လ၏ရာသီပန်းမှာ စံကား၀ါပန်းဖြစ်သည်။ ကဆုန်လသို့ရောက်သည်နှင့် ရွှေဝါရောင် စံကား၀ါပန်းတို့ လှိုင်လှိုင်ပွင့်ကြသည်။ စံကား၀ါပန်း၏ပွင့်ဖတ်တို့မှာ နူးညံ့လှပေသည်။ ပုပွားဒေသသည် စံကား၀ါပန်းများ ပွင့် ရာမြေဖြစ်သောကြောင့် စံကား၀ါမြေဟုပင် တင်စားခေါ်ဝေါ်သည်။



နွေအကုန်မိုးအစကာလ နယုန်လတွင် စံပယ်ပန်းများ လှိုင်လှိုင်ပွင့်သောကြောင့် စံပယ်ပန်းကို နယုန်လ၏ ရာသီပန်းဟု သတ်မှတ်ကြသည်။ အစိမ်းရောင်ချဲ့နွယ်ပင်ပေါ်တွင် ပွင့်နေသော ဖြူဖြူဖွေးဖွေး စံပယ်ပန်းကလေးများ၏ရနံ့သည် ဝန်းကျင်တစ်ခွင်သို့ သင်းပျံ့မွှေးလျက်ရှိသည်။

အရေးကြီးသောအချက်များ

- အချို့သောရာသီပန်းများသည် ဖတ်စာတွင် ဖော်ပြထားသည့် ပုံစံအတိုင်းမဟုတ်ဘဲ နေရာဒေသပေါ် မူတည်ပြီး အပွင့်ပုံစံကွဲများ၊ အရောင်ကွဲများ ရှိနိုင်သည်ကို ဆရာက ပြောပြပေးရပါမည်။
  - ၁။ ကံ့ကော် /ဂန့်ဂေါ်/ပွင့်ချပ်ဖြူ၊ ဝတ်ဆံ၀ါ၊ ရနံ့မွှေးသော အပွင့်ပွင့်သည့် တန်ဆူးလ၏ ရာသီပန်းပင်။
  - ၂။ ပိတောက် /ဗဒေါက်/ အနံ့မွှေးသောရွှေဝါရောင်ပန်းပွင့်ငယ် အခိုင်လိုက်ပွင့်သော ပင်စောက်။
  - ၃။ စံကား /ဇကား/ အနံ့မွှေးသည့် ပန်းပွင့်သော အမြဲစိမ်း ပင်စောက်တစ်မျိုး။
  - ၄။ စံပယ် /ဇဗယ်/ မွှေးသောအပွင့်ဖြူငယ်များ ပွင့်သည့် ချုပင်တစ်မျိုး။

အကြေပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်အဆက်)

⊙ သင်ခန်းစာပါ ဇယားကို သင်ပုန်းတွင်ဆွဲပြကာ ကလေးများနှင့် အတူ နမူနာ ဖြည့်ပြပါမည်။

လအမည်	ရာသီအလိုက် ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
တန်ဆူး		
ကဆုန်		
နယုန်		

- ♦ ဇယားတွင် ဖြည့်ထားသော အကြောင်းအရာများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ♦ ပြောပြီးပါက ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- ♦ ထို့နောက် ပထမစာပိုဒ်မှ နယုန်လထိ အကြောင်းအရာကိုဆရာက အနှစ်ချုပ်ပြီး ပြန်လည်ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- ♦ "ဒီနေ့ သင်သွားတဲ့ ပန်းပွင့်တွေက တစ်ပွင့်နဲ့တစ်ပွင့် တူကြသလား။ သင်ခန်းစာပါ အပွင့်တွေအပြင် ကလေးတို့မြင်ဖူးတဲ့ အပွင့်ပုံစံကွဲ တွေရော ရှိသေးသလား။ အဲဒီရာသီတွေမှာ တခြားပွင့်တဲ့ပန်းတွေရော ရှိသေးသလား" စသည့်မေးခွန်းများကို မေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း ပုံနှင့်စာကို ဖတ်ရှုကာ ဇယားတွင် မိမိတို့အမြင်အတိုင်း အနှစ်ချုပ်ကာ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ နယုန်လရဲ့ရာသီပန်းအကြောင်းသင်ပြီးပြီ။ နယုန်လပြီးတော့ ဘာလဖြစ်မယ်ထင်သလဲ။ ဒီလရာသီပန်းက ဘာပန်းဖြစ်မယ်ထင်သလဲ" ဟုမေးကာနိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာပါ ဝါဆိုလမှ တော်သလင်းလအထိ အကြောင်းအရာများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ခက်ခဲသော စကားလုံးများ၊ နားမလည်သော စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။
  (အတန်းလိုက်၊ အုပ်စုလိုက်)
- နားမလည်သော စကားလုံးများကို ပြောစေပါမည်။
- "ဒီစကားလုံးရဲ့အဓိပ္ပာယ်ကို သိတဲ့သူရှိသလား။ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးဖြေဆိုချက်မပြည့်စုံပါက ဆရာကထပ်မံဖြည့်စွက်ပြောပြရပါမည်။
- ⊙ "ပန်းပွင့်တွေက တစ်ပွင့်နဲ့တစ်ပွင့်တူသလား။ ဘာတွေကွာခြားသလဲ" ဟုမေးကာ ဖြေစေပါမည်။
- ⊙ ထို့နောက် ပုံနှင့်စာကို ယှဉ်တွဲကြည့်ကာ တစ်ဦးချင်း အသံတိတ်ဖတ်ပြီး မိမိတို့၏အမြင်အတိုင်း ဇယားတွင်ဖြည့်စေပါမည်။

လအမည်	ရာသီအလိုက်ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
ဝါဆို		
ဝါခေါင်		
တော်သလင်း		

- ဖြည့်ပြီးပါက နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ထို့နောက် ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါ မည်။
- ဝါဆိုလမှ တော်သလင်းလအထိ အကြောင်းအရာကို ဆရာက အနှစ်ချုပ်ပြီး ပြန်လည်ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- ဝါဆိုလမှ တော်သလင်းလအထိ အကြောင်းအရာများကိုပြန်လည်ဖတ်စေကာ ပန်းပွင့်များ၏အရောင်များ၊ ပုံသဏ္ဌာန်များကို မေးပြီး နိဂုံးချုပ်ပါမည်။



အရေးကြီးသောအချက်များ

- ဝါဆိုလမှ နယုန်လအထိ စာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သော အကြောင်းအရာများကို ဆရာက သေသေချာချာ ရှင်းပြရပါ မည်။
- ကလေးများအား ပုံနှင့်စာများကို ယှဉ်တွဲ၍ ဖတ်ရှုတတ်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- အချို့သောရာသီပန်းများသည် သင်ခန်းစာတွင် ဖော်ပြထားသည့် ပုံစံအတိုင်းမဟုတ်ဘဲ နေရာဒေသပေါ် မူတည်ပြီး အပွင့်ပုံစံကွဲများ၊ အရောင်ကွဲများ ရှိနိုင်သည်ကို ဆရာက ပြောပြပေးရပါမည်။
  ၅။ ပုန်းညက်၊ အနံ့မွှေးသောအဖြူရောင်ပန်းအခိုင်လိုက်ပွင့်သည့် ပင်စောက်တစ်မျိုး။
  ၆။ မြတ်လေး၊ မုလေး /မလေး/ အလွန်မွှေးသော အဖြူရောင် အပွင့်ငယ်များပွင့်သော ပန်းပင်တစ်မျိုး။
  ၇။ ရင်းမာ၊ အခက်လိုက်ရွက်တံထွက်၍ တော်သလင်းလတွင် ပွင့်ခိုင်များပွင့်သော သစ်မာပင်ကြီး။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံနှင့်စာကို ဖတ်ရှုကာ ဇယားတွင် မိမိတို့ အမြင်အတိုင်း အနှစ်ချုပ်ကာ ရေးနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected


၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ဝါဆိုလတွင် မြတ်လေးပန်း၊ ပုန်းညက်ပန်းတို့ ပွင့်ကြသည်။ မြတ်လေးပန်းသည် ဝါဆိုလ၏ရာသီပန်းဖြစ်သည်။ ချဉ်နှယ်ပင်ဖြစ်သည့် မြတ်လေးပန်းသည် စံပယ်ပန်းပွင့်နှင့် အပွင့်ပုံသဏ္ဌာန်အားဖြင့်တူသည်။ ရှေးယခင်ကပင် မြတ်လေးပန်းကို ပန်းတကာတို့တွင် အမွှေးဆုံးပန်းဟု သတ်မှတ်ခဲ့ကြသည်။ အဖြူရောင်၊ အနီရောင်၊ အဝါရောင် သုံးမျိုးရှိသည်။

ဝါခေါင်လ၏ရာသီပန်းမှာ ခတ္တာပန်းဖြစ်သည်။ ခတ္တာပန်း၏အသွင်မှာ ရှည်သွယ်သွယ် အဖြူရောင်ပွင့်ဖတ်တို့ဖြင့် ဖြာကော တင့်တယ်စွာပွင့်ကြသည်။ အပွင့်ပုံစံကွဲသော ခတ္တာပန်းရောင်စုံများလည်းရှိသည်။

တော်သလင်းလတွင် စိမ်းဝါရောင် ရင်းမာပန်းတို့ အဆုပ်လိုက်ပွင့်ကြသည်။ အပင်၏ အကိုင်း အခက်အလက်တို့တွင် ကပ်၍ ပွင့်လေ့ရှိပုံမှာ ထူးခြားလှသည်။ ရင်းမာပန်းကို တော်သလင်းလ၏ရာသီပန်းဟု သတ်မှတ်ထားကြသည်။

ဝါလကင်းလွတ် သီတင်းကျွတ်လတွင် ကြာပန်းများ ဖူးပွင့်ကြသောကြောင့် ကြာပန်းကို သီတင်းကျွတ်လ၏ ရာသီပန်းအဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။ ထိုကာလတွင် လယ်ကွင်း၊ ချောင်း၊ ကန်တို့တွင် ကြာမျိုးစုံ ဖူးပွင့်အလှဆင်ကြပါသည်။

တန်ဆောင်မုန်းလ၏ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလရောက်လျှင် ခဝဲပန်း ဝါဝါလေးများ ပွင့်လန်းလာကြသည်။ နွယ်ပင်ဖြစ်ပြီး အရွက်စိမ်းများနှင့် လိုက်ဖက်တင့်တယ်စွာ ပွင့်လေ့ရှိသည်။

၃၅

အရေးကြီးသောအချက်များ

- သီတင်းကျွတ်လမှ နတ်တော်လအထိ စာတစ်ပိုဒ်ချင်းစီတွင် ပါဝင်သော အကြောင်းအရာများကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။
- ကလေးများအား ပုံနှင့်စာများကို ယှဉ်တွဲ၍ ဖတ်ရှုတတ်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။

၈။ ကြာ၊ အရွက်ဝန်း၍ အပွင့် အဖြူအနီစသည်ပွင့်သော ရေတွင်ပေါက်သည့် အပင်တစ်မျိုး။ (ကုမုဒြာကြာ၊ ကြာပုဏ္ဍရိက်၊ ပဒုမ္မာကြာ၊ ကြာနီ၊ ကြာညိုဟူ၍ ငါးမျိုးရှိသည်။)

၉။ ခဝဲ၊ တန်ဆောင်မုန်းလ၏ ရာသီပန်းပင် တစ်မျိုး။

၁၀။ သဇင် /သဇင်/ ဥမှပွင့်တံထွက်ပြီး တစ်နှစ်မှတစ်ခါ ဆောင်းရာသီ၌ပွင့်လေ့ရှိသော သစ်ခွမျိုးဝင်အပင်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီအချိန်မှာတော့ရာသီတစ်ခုချင်းစီမှာပွင့်တဲ့ပန်းလေးတွေရဲ့ မတူညီပုံတွေကို ကြည့်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာပါ သီတင်းကျွတ်လမှ နတ်တော်လအထိ အကြောင်းအရာများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ခက်ခဲသော စကားလုံးများ၊ နားမလည်သော စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှ လိုက်၍ ရွတ်ဖတ်စေပါမည်။ (အတန်းလိုက်၊ အုပ်စုလိုက်)
- ထို့နောက် နားမလည်သော စကားလုံးများကို ပြောစေကာ သင်ပုန်းတွင်ရေးသားထားရပါမည်။
- "ဒီစကားလုံးရဲ့အဓိပ္ပာယ်ကို သိတဲ့သူရှိသလား။ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးဖြေဆိုချက်မပြည့်စုံပါက ဆရာကထပ်မံဖြည့်စွက်ပြောပြရပါမည်။
- ထို့နောက် ပုံနှင့်စာကို ယှဉ်တွဲကြည့်ကာ တစ်ဦးချင်း အသံတိတ်ဖတ်စေပါမည်။
- "ကြာပန်းလေးရဲ့အရောင်က ဘာအရောင်လဲ။ တခြားမတူတဲ့အရောင်တွေရောရှိသေးသလား" ဟုမေးပြီး ခဝဲပန်း၊ သဇင်ပန်းများအကြောင်းထပ်မံမေးကာ ကလေးများကို ဖြေစေပါမည်။
- ဇယားဖြည့်ရာတွင် မိမိတို့၏အမြင်အတိုင်း ဖြည့်ရမည်ကို ဆရာက ပြောပြထားရပါမည်။

လအမည်	ရာသီအလိုက် ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
သီတင်းကျွတ်		
တန်ဆောင်မုန်း		
နတ်တော်		

DBF Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဌမအချိန်)

စတုတ္ထအချိန်အဆက်

- ဇယားတွင် ဖြည့်ထားသော အကြောင်းအရာများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါ မည်။
- သီတင်းကျွတ်လမှ နတ်တော်လအထိ အကြောင်းအရာများကို ဆရာက အနှစ်ချုပ်ပြီး ပြန်လည်ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- သီတင်းကျွတ်လမှ နတ်တော်လအထိ အကြောင်းအရာများကို ပြန်လည်ဖတ်စေကာ ပန်းပွင့်များ၏အရောင်များ၊ ပုံသဏ္ဌာန်များကိုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံနှင့်စာကို ဖတ်ရှုကာ ဇယားတွင် မိမိတို့အမြင်အတိုင်း အနှစ်ချုပ်ကာ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ပဌမအချိန်)

နိဒါန်း

- "ကလေးတို့ နတ်တော်လပြီးတော့ ဘာလဲ။ ဒီတစ်ခါမှာတော့ ကျန်နေသေးတဲ့ ပန်းလေးတွေအကြောင်းကို သင်ကြရအောင်" ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာပါ ပြာသိုလမှ တပေါင်းလအထိ အကြောင်းအရာများကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ခက်ခဲသော စကားလုံးများ၊ နားမလည်သော စာကြောင်းများရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ရွတ်ဖတ်စေပါမည်။
  (အတန်းလိုက်၊ အုပ်စုလိုက်)
- ထို့နောက် နားမလည်သော စကားလုံးများကို ပြောစေကာ သင်ပုန်းတွင်ရေးသားထားရပါမည်။
- "ဒီစကားလုံးရဲ့အဓိပ္ပာယ်ကို သိတဲ့သူရှိသလား။ ပြောကြည့်ပါအုံး" ဟု မေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးဖြေဆိုချက်မပြည့်စုံပါက ဆရာကထပ်မံဖြည့်စွက်ပြောပြရပါမည်။
- ⊙ ပုံနှင့်စာကို ယှဉ်တွဲကြည့်ကာ တစ်ဦးချင်း အသံတိတ် ဖတ်စေပါမည်။



ဆောင်းလရာသီတွင်ပါဝင်သော နတ်တော်လ၏ ရာသီပန်းကို သဇင်ပန်းဟု သတ်မှတ်ကြသည်။ ရိုးတံရှည်တွင် အပွင့်ဖြူဖြူသေးသေးကလေးများ အစီအရီသွယ်တန်းကာ ပွင့်နေသည့်ပုံသဏ္ဌာန်မှာ နွဲ့နွဲ့နောင်းနောင်းရှိလှသည်။



ပြာသိုလ၏ရာသီပန်းမှာ ခွာညိုပန်းဖြစ်သည်။ ပြာသိုလရောက်လျှင် အညိုရင့်ရောင်ပွင့်ချပ်တို့ အလယ်တွင် ဖြူဖွေးသော ဝတ်ဆံတိုင်များပါသည့် ခွာညိုပန်းများက လှပသည့် အဖူးအပုံများနှင့်အတူ ဖူးပွင့်လာကြပါသည်။ ခွာညိုပန်း၏ ရနံ့မှာလည်း သင်းပျံ့ပျံ့ရနံ့ဖြစ်သည်။



တပို့တွဲလ၏ရာသီပန်းကို ပေါက်ပန်းနှင့် လဲပန်းဟု သတ်မှတ်ထားကြသည်။ လဲဆိုသည်မှာ လက်ံပင့်ကို ဆိုလိုခြင်းဖြစ်သည်။ ရဲရဲနီနေသော ပေါက်ပန်း၊ လဲပန်းကလေးများသည် အရွက်စိမ်းများကြားတွင် လှပစွာ ပွင့်လန်းလာကြသည်။





ဆောင်းအကုန်နွေအကူး အပူရှိန်အလွန်ပြင်းသော ကာလဖြစ်သည့် တပေါင်းလ၏ရာသီပန်းသည် သရဖီပန်းဖြစ်သည်။ ဝတ်ဆံဝါဝါ ပွင့်ချပ်ဖြူဖြူနှင့် မွှေးပျံ့သည့် သရဖီပန်းများသည် အပင်၏အကိုင်းအခက်တွင် ယှက်ကာ ပွင့်တတ်ပုံမှာ ထူးခြားလှပါသည်။ မွှေးပျံ့သော သရဖီပန်းရနံ့က ရင်ကိုအေးမြစေပါသည်။

အရေးကြီးသောအချက်များ

- ပြာသိုလမှ တပေါင်းလအထိ စာတစ်ပိုဒ်ချင်းစီတွင်ပါဝင်သော အကြောင်းအရာများကို ဆရာက သေသေချာချာ ရှင်းပြရပါ မည်။
- ကလေးများအား ပုံနှင့်စာများကို ယှဉ်တွဲ၍ ဖတ်ရှုတတ်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ဓာတ်ပုံများကိုကြည့်ပြီး ဇယားတွင်ဖြည့်ရာ၌ ကလေးများ၏ အမြင်အတိုင်းဖြည့်စေရပါမည်။

DBE Box – Copyright Protected



ဆောင်းလရာသီတွင်ပါဝင်သော နတ်တော်လ၏ ရာသီပန်းကို သဇင်ပန်းဟု သတ်မှတ်ကြသည်။ ရိုးတံရှည်တွင် အပွင့်ဖြူဖြူသေးသေးကလေးများ အစီအရီသွယ်တန်းကာ ပွင့်နေသည့်ပုံသဏ္ဌာန်မှာ နွဲ့နွဲ့နောင်းနောင်းရှိလှသည်။



ပြာသိုလ၏ရာသီပန်းမှာ ခွာညိပန်းဖြစ်သည်။ ပြာသိုလ ရောက်လျှင် အညိရင့်ရောင်ပွင့်ချပ်တို့ အလယ်တွင် ဖြူဖွေး သော ဝတ်ဆံတိုင်များပါသည့် ခွာညိပန်းများက လှပသည့် အဖူးအငုံများနှင့်အတူ ဖူးပွင့်လာကြပါသည်။ ခွာညိပန်း၏ ရနံ့မှာလည်း သင်းပျံ့ပျံ့ရနံ့ဖြစ်သည်။





တပို့တွဲလ၏ရာသီပန်းကို ပေါက်ပန်းနှင့် လဲပန်းဟု သတ်မှတ်ထားကြသည်။ လဲဆိုသည်မှာ လက်ပံပင်ကို ဆိုလိုခြင်းဖြစ်သည်။ ရဲရဲနီနေသော ပေါက်ပန်း၊ လဲပန်းကလေးများသည် အရွက်စိမ်းများကြားတွင် လှပစွာ ပွင့်လန်းလာကြသည်။



ဆောင်းအကုန်နွေအကူး အပူရှိန်အလွန်ပြင်းသော ကာလဖြစ်သည့် တပေါင်းလ၏ရာသီပန်းသည် သရဖီပန်း ဖြစ်သည်။ ဝတ်ဆံဝါဝါ ပွင့်ချပ်ဖြူဖြူနှင့် မွှေးပျံ့သည့် သရဖီပန်းများသည် အပင်၏အကိုင်းအခက်တွင် ယှက်ကာ ပွင့်တတ်ပုံမှာ ထူးခြားလှပါသည်။ မွှေးပျံ့သော သရဖီပန်းရနံ့က ရင်ကိုအေးမြစေပါသည်။

အရေးကြီးသောအချက်များ

- အချို့သောရာသီပန်းများသည် သင်ခန်းစာတွင် ဖော်ပြထားသည့် ပုံစံအတိုင်းမဟုတ်ဘဲ နေရာဒေသပေါ် မူတည်ပြီး အပွင့်ပုံစံကွဲများ၊ အရောင်ကွဲများ ရှိနိုင်သည်ကို ဆရာက ပြောပြပေးရပါမည်။

၁၁။ ခွာညို၊ ပြာသိုလ၏ ရာသီပန်းဖြစ်သည့် ညိုပြာရောင်ပန်း ပွင့်လေ့ရှိသော နွယ်ပင်။

၁၂။ ပေါက်၊ တပို့တွဲလ၌ အနီရောင်အပွင့်များ ပင်လုံးကျွတ် ပွင့်သောပင်စောက်ကြီး တစ်မျိုး။

၁၃။ လဲ၊ လက်ပံ= လဲမို့ထွက်သော အသီးသီးသည့်ပင်စောက်ကြီး တစ်မျိုး။

၁၄။ သရဖီ /သရဖီ/အဖြူရောင်ပွင့်ဖတ်နှင့်အဝါရောင်ဝတ်ဆံရှိ အပွင့်ငယ်ပွင့်သော ပင်စောက်တစ်မျိုး။

အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်အဆက်)

⊙ ဇယားဖြည့်ရာတွင် မိမိတို့၏အမြင်အတိုင်း ဖြည့်ရမည်ကို ဆရာက ပြောပြထားရပါမည်။

လအမည်	ရာသီအလိုက် ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
ပြာသို		
တပို့တွဲ		
တပေါင်း		

- ဇယားတွင် ဖြည့်ထားသော အကြောင်းအရာများကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက ၃၊ ၄ ဦးခန့်ကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- ပြာသိုလမှ တပေါင်းလအထိ အကြောင်းအရာများကို ဆရာက အနှစ်ချုပ်ပြီး ပြန်လည်ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- ပြာသိုလမှ တပေါင်းလအထိ အကြောင်းအရာများကို ပြန်လည် ဖတ်စေကာ ပန်းပွင့်များ၏အရောင်များ၊ ပုံသဏ္ဌာန်များ ကိုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ပုံနှင့်စာကို ဖတ်ရှုကာ ဇယားတွင် မိမိတို့ အမြင်အတိုင်း အနှစ်ချုပ်ကာ ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ ဒီတစ်ချိန်မှာတော့ သင်ခန်းစာပါ ကဗျာလေးကို ရွတ်ဆို ရင်း ကဗျာထဲမှာပါတဲ့ ပန်းပွင့်လေးတွေကို ရှာကြည့်ကြရအောင်” ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- စာမျက်နှာ ၇၇ ပါ ကဗျာနှင့် နောက်ဆုံးစာပိုဒ်ကို ဆရာက ဖတ်ပြပါမည်။
- ဆရာဖတ်ပြနေချိန်တွင် ခက်ခဲသော စကားလုံးများ၊ နားမလည်သော စာကြောင်းများ ရှိပါက မျဉ်းသားထားရန် ပြောပါမည်။
- ဆရာက နောက်တစ်ကြိမ် ဖတ်ပြပါမည်။ ကလေးများကို နောက်မှ လိုက်၍ ရွတ်ဖတ်စေပါမည်။ (အတန်းလိုက်၊ အုပ်စုလိုက်)
- ထို့နောက် “ ကဗျာထဲမှာပါတဲ့ ပန်းအမည်လေးတွေကို ရှာကြည့်ပါအုံး။ အဲဒီပန်းတွေက ဘယ်လတွေကို ညွှန်းထားတာလဲ” စသည့် မေးခွန်းများကို မေးကာ နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ဖြေစေပါမည်။
- ကလေးများပြောသည့်အကြောင်းအရာများကို ဆရာက သင်ပုန်းတွင်ရေးသားထားရပါမည်။
- “စကားလုံးရဲ့အဓိပ္ပာယ်ကို သိတဲ့သူရှိသလား။ ပြောကြည့်ပါအုံး” ဟုမေးကာ ကလေးများကို ဖြေစေပါမည်။
- ကလေးဖြေဆိုချက်မပြည့်စုံပါက ဆရာကထပ်မံဖြည့်စွက် ပြောပြရပါမည်။
- ထို့နောက် “ ကဗျာထဲမှာပါတဲ့ ဖွဲ့စနှင်းလျှံ ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်က ဘာကိုပြောတာလဲ စဉ်းစားပြီး ပြောကြည့်ပါအုံး” ဟု မေးကာ ကဗျာတွင်ပါဝင်သော စကားလုံးများ၏ အဓိပ္ပာယ်ကို စဉ်းစားပြီး နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ထို့နောက် ဆရာက သင်ခန်းစာ တစ်ခုလုံးကို ပြန်လည်အနှစ်ချုပ်ပြောပြရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက “ဖတ်စာထဲမှာပါတဲ့ ဆယ့်နှစ်လရာသီပန်းကဗျာကို ဘယ်သူရေးခဲ့တာလဲ။ ရာသီအလိုက် ပွင့်တဲ့ပန်းလေးတွေရဲ့ ပုံသဏ္ဌာန်၊ အရောင်တွေကရောတူသလား။ ဘယ်လိုတွေ ကွဲပြားသလဲ” စသည့် မေးခွန်းများကို မေးကာ နိဂုံးချုပ်ပါမည်။

၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ထို့ကြောင့် ဆယ့်နှစ်လရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီးက

“ပန်းကံ့ကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မြတ်လေး ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ
ဖွဲ့စနှင်းလျှံ။
သဇင်ကျန်၊ ခွာတံ ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ”ဟူ၍
စာဖွဲ့ခဲ့ပါသည်။



မြန်မာ့ရေမြေတောတောင် သဘာဝနှင့်အညီ ရာသီအလိုက်ဖူးပွင့်ကြသည့်ပန်းများသည် မတူညီကြသော်လည်း ဆယ့်နှစ်လရာသီပတ်လုံးမပြတ်အောင် အရောင်အသွေးစုံလင်စွာ ဖူးပွင့်ကာအလှဆင်ကြပါသည်။ ရာသီအလိုက်ပွင့်သောပန်းများသည် ပွင့်သည့် အချိန်ရာသီအလိုက် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့ အမျိုးမျိုးကွဲပြားခြားနားကြောင်း သိရှိရပါသည်။ ထို့ကြောင့် သဘာဝတရား၏ အလှတရားများကို လူသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ရန် လိုအပ်လှပါသည်။

ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီမှာပါတဲ့ အကြောင်းအရာ၊ ဓာတ်ပုံတွေကိုကြည့်ပြီး အနှစ်ချုပ်ရေးကြရအောင်။

လအမည်	ရာသီအလိုက်ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
တန်ခူး	ကံ့ကော်ပန်း	အဖြူရောင်ပွင့်ချပ် ၄ ခုနဲ့ ရွှေဝါရောင်ဝတ်ဆံလေးတွေရှိတယ်။
ကဆုန်		
နယုန်		

၇၇

အရေးကြီးသောအချက်များ

- ကဗျာတွင် ရေးဖွဲ့ထားသော ရာသီပန်းများသည် မည်သည့်လကို ရည်ညွှန်းကြောင်း သိရှိရပါမည်။
- သင်ခန်းစာပါ ဆယ့်နှစ်ရာသီပန်းဖွဲ့ ကဗျာကို ရေးဖွဲ့သူ၏ အမည်ကိုလည်း သိရှိရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကဗျာကိုဖတ်ရှုပြီး ကဗျာတွင်ရေးဖွဲ့ထားသော ပန်းအမည်များသည် မည်သည့်လရာသီကို ညွှန်ပြထားကြောင်း ပြောပြနိုင်ခြင်း ရှိ မရှိနှင့် စာတစ်ပုဒ်လုံးကို အုပ်စုတွင်းပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ထို့ကြောင့် ဆယ့်နှစ်လရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီးက



"ပန်းကံ့ကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မြတ်လေး ခတ္တာနှင့်
ရွှေရင်းမာ ကြာခဲ
ဖွဲ့စနှင်းလျှံ။
သဇင်ကျန်၊ ခွာတံ ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ့"ဟူ၍
စာဖွဲ့ခဲ့ပါသည်။

မြန်မာ့ရေမြေတောတောင် သဘာဝနှင့်အညီ ရာသီအလိုက်ဖူးပွင့်ကြသည့်ပန်းများသည် မတူညီကြသော်လည်း ဆယ့်နှစ်လရာသီပတ်လုံးမပြတ်အောင် အရောင်အသွေးစုံလင်စွာ ဖူးပွင့်ကာအလှဆင်ကြပါသည်။ ရာသီအလိုက်ပွင့်သောပန်းများသည် ပွင့်သည့် အချိန်ရာသီအလိုက် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့ အမျိုးမျိုးကွဲပြားခြားနားကြောင်း သိရှိရပါသည်။ ထို့ကြောင့် သဘာဝတရား၏ အလှတရားများကို လူသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ရန် လိုအပ်လှပါသည်။

ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီမှာပါတဲ့ အကြောင်းအရာ၊ ဓာတ်ပုံတွေကိုကြည့်ပြီး အနှစ်ချုပ်ရေးကြရအောင်။

လအမည်	ရာသီအလိုက်ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
တန်ခူး	ကံ့ကော်ပန်း	အဖြူရောင်ပွင့်ချပ် ၄ ခုနဲ့ ရွှေဝါရောင် ဝတ်ဆံလေးတွေရှိတယ်။
ကဆုန်		
နယုန်		

၇၇

အရေးကြီးသောအချက်များ

- နှစ်ယောက်တစ်တွဲပြောကြားရာတွင် ကျောင်းသုံးစာအုပ်ကို အသုံးပြု၍ ပြောကြားရပါမည်။
- မိမိတို့နှစ်သက်သည့်အကြောင်းရေးသားရာတွင် ကျောင်းသုံးစာအုပ်ပါပုံကို ကြည့်၍ ရေးသားနိုင်သကဲ့သို့ မိမိတို့ သိမြင်ထားသည့် အကြောင်းကိုပါ ထည့်သွင်းရေးသားနိုင်ပါသည်။
- ကလေးများ၏ အဖြေမတူညီနိုင်သောကြောင့် ဆရာက ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီတစ်ခါနှစ်မှာတော့ သင်ခန်းစာ တစ်ပုဒ်လုံးကိုပြန်ဖတ်ရင်း မေးခွန်းလေး ဖြေကြည့်ကြရအောင်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- သင်ခန်းစာတစ်ပုဒ်လုံးကို ကလေးများအား ဖတ်စေပါမည်။ (အုပ်စုလိုက်၊ တစ်တန်းလုံး)
- ဆရာက ကလေးများအား လေ့ကျင့်ခန်းပါ မေးခွန်းနံပါတ် ၃ (ဆယ့်နှစ်လရာသီအလိုက်ပွင့်သောပန်းများအနက် အကြိုက်နှစ်သက်ဆုံးပန်း၏ အမည်ကို ဖော်ပြ၍ အဘယ်ကြောင့် နှစ်သက်ရသည်ကို ရေးပါ။)ကို ဖတ်စေပါမည်။
- မေးခွန်းကို ဖတ်ပြီးပါက အဖြေကို တစ်ဦးချင်းစီ စဉ်းစားစေပါမည်။
- ⊙ စဉ်းစားပြီးပါက မိမိကြိုက်နှစ်သက်သည့် ရာသီပန်းပွင့်အကြောင်း ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ⊙ ထို့နောက် မိမိတို့ မှတ်စုစာအုပ်တွင်ရေးစေပါမည်။
- ကလေးများရေးသားနေချိန်တွင် "သင်ခန်းစာမှာပါတဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး ရေးသားလို့ရသလို ကလေးတို့သိထားတဲ့ အသိတွေကိုလဲ ရေးလို့ရတယ်" ဟုပြောကာ ကလေးများသတိပြုမိလာအောင် ဆရာက ပြောပြရပါမည်။
- ရေးသားပြီးပါက မိမိတို့ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ အချင်းချင်းအပြန်အလှန် စစ်ဆေးစေပါမည်။
- ကလေးများရေးသားထားသော အဖြေများကို ဆရာက ဂရုစိုက်၍ စစ်ဆေးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- မိမိရေးသားထားသော မှတ်စုများကို သူငယ်ချင်းများနှင့် လဲလှယ် ဖတ်ရှုစေကာ ရာသီအလိုက်ပွင့်သောရာသီပန်းများ၏ ကွဲပြားခြားနားချက်များကို ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်းကိုဖြေဆိုရာတွင် နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်း ရှိ မရှိနှင့် ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Book – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ရေ ဒီတစ်ခါနှစ်မှာတော့ မေးခွန်း ၄ ကို ဖြေကြည့်ကြရအောင်” ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- မေးခွန်း နံပါတ် (၄) (သင်တို့နေထိုင်ရာ အရပ်ဒေသအလိုက် ထင်ရှားသော ပန်းအမည်များကို ဖော်ပြပါ။) ကို ဖတ်စေပါမည်။
- မေးခွန်းဖတ်ပြီးပါက မိမိတို့ အရပ်ဒေသအလိုက် ထင်ရှားတဲ့ ပန်းအမည်များကို နှစ်ယောက်တစ်တွဲပြောစေပါမည်။
- ပြောပြီးပါက အဖြေကို မှတ်စုစာအုပ်တွင် ရေးစေပါမည်။
- ⊙ “ ကလေးတို့ ရေးထားတဲ့ ပန်းအမည်တွေထဲက ပန်းတစ်ပွင့် အကြောင်းကို ပြောရမယ်။ ပြောတဲ့အခါ အဲဒီပန်းပွင့်ရဲ့ အရောင်၊ ပုံသဏ္ဌာန်နဲ့ ထူးခြားချက်တွေကိုပါ ပြောပြရမယ်” ဟု ပြောကာ အုပ်စုတွင်း ပြောစေပါမည်။
- ထို့နောက် ကလေးတစ်ဦးစီအား စာရွက်တစ်ရွက်စီဝေပေးပါမည်။
- ⊙ “ကလေးတို့ ကိုယ်ပြောထားတဲ့ပန်းပွင့်ရဲ့အကြောင်းကို စာရွက်မှာ ပုံလေးဆွဲပြီး ရေးရမယ်နော်” ဟုပြောကာ တစ်ဦးချင်းရေးစေပါမည်။
- ⊙ မိမိတို့ရေးထားသည်များကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ထို့နောက် အတန်းရှေ့ထွက်၍ ၃၊ ၄ ဦးခန့်ကို ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ တွေ့ဖူးတဲ့ပန်းတွေကို ပြောကြည့်ပါအုံး။ သူတို့ရဲ့ပုံသဏ္ဌာန်တွေကရော တူကြလား။ ဘယ်လိုကွာခြားသလဲ” စသည့် မေးခွန်းများမေးကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိတို့ဒေသတွင်ရှိသော ထင်ရှားသည့် ပန်းအမည်များကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ကြိုက်နှစ်သက်သည့် ပန်းတစ်ပွင့်အကြောင်းကို ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

ထို့ကြောင့် ဆယ့်နှစ်လရာသီပန်းများအကြောင်းကို ကင်းဝန်မင်းကြီးက

“ပန်းကံ့ကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မြတ်လေး ခတ္တာနှင့်
ရွှေရင်းမာ ကြာခဝဲ
ဖွဲ့စနှင်းလျှံ။
သဇင်ကျန်၊ ခွာတံ ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ့”ဟူ၍
စာဖွဲ့ခဲ့ပါသည်။

မြန်မာ့ရေမြေတောတောင် သဘာဝနှင့်အညီ ရာသီအလိုက်ဖူးပွင့်ကြသည့်ပန်းများသည် မတူညီကြသော်လည်း ဆယ့်နှစ်လရာသီပတ်လုံးမပြတ်အောင် အရောင်အသွေးစုံလင်စွာ ဖူးပွင့်ကာအလှဆင်ကြပါသည်။ ရာသီအလိုက်ပွင့်သောပန်းများသည် ပွင့်သည့် အချိန်ရာသီအလိုက် ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့ အမိုးမိုးကွဲပြားခြားနားကြောင်း သိရှိရပါသည်။ ထို့ကြောင့် သဘာဝတရား၏ အလှတရားများကို လူသားတိုင်း တန်ဖိုးထားမြတ်နိုးတတ်ရန် လိုအပ်လှပါသည်။

ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီမှာပါတဲ့ အကြောင်းအရာ၊ ဓာတ်ပုံတွေကိုကြည့်ပြီး အနှစ်ချုပ်ရေးကြရအောင်။

လအမည်	ရာသီအလိုက်ပွင့်သောပန်း	အရောင်၊ ပုံသဏ္ဌာန် (ထူးခြားချက်)
တန်ခူး	ကံ့ကော်ပန်း	အဖြူရောင်ပွင့်ချပ် ၄ ခုနဲ့ ရွှေဝါရောင် ဝတ်ဆံလေးတွေရှိတယ်။
ကဆုန်		
နယုန်		

၂၃

အရေးကြီးသောအချက်များ

- မိမိတို့၏ဒေသ ပတ်ဝန်းကျင်တွင်ပွင့်သော ပန်းများအကြောင်းကို သိရှိထားရပါမည်။
- မိမိတို့ကြိုက်နှစ်သက်သည့် ပန်းပွင့်အကြောင်းကို ရေးသားနိုင်ရန် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ပန်းပွင့်များ၏ မတူညီပုံများကို သူငယ်ချင်းအချင်းချင်း ပြောနိုင်ရပါမည်။

DRL Box - Copyright Protected



၂၈။ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ

လေ့ကျင့်ခန်း

သတ်ပုံအမှန်ကိုရွေးချယ်၍ ကွက်လပ်ဖြည့်ပါ။

၁။ နှင်းဆီပန်း၏ _____ တို့မှာ နူးညံ့လှပေသည်။ (ပွင့်ဖတ်၊ ပွင့်ဖက်)

၂။ မနေ့က မိုးရွာထား၍ မြေသင်းရနံ့များ _____ နေသည်။ (သင်းပျံ့၊ သင်းပြန့်)

၃။ ပန်းပွင့်များ၏ အရောင်အဆင်း _____ သည် တစ်ခုနှင့် တစ်ခု ကွဲပြားခြားနားကြသည်။ (ပုံသဏ္ဌာန်၊ ပုံသဏ္ဌာန်)

အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ဝေဝေဆာဆာ၊ ဖြူဖြူဖွေးဖွေး၊ အစီအရီ၊ နွဲ့နွဲ့နောင်းနောင်း၊ ရဲရဲနီ

သာဓက

ဝေဝေဆာဆာ။ ။ ခြံထဲတွင် စံပယ်ပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဆယ့်နှစ်လရာသီဘွဲ့ကဗျာပါ ရာသီအလိုက်ပွင့်သော ပန်းအမည်များကို ဖော်ပြပါ။

၂။ "ရာသီမသိပန်းနှင့်ညို"ဟူသော ဆိုရိုးစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

၃။ ဆယ့်နှစ်လရာသီအလိုက်ပွင့်သောပန်းများအနက် အကြိုက်နှစ်သက်ဆုံးပန်း၏ အမည်ကိုဖော်ပြ၍ အဘယ်ကြောင့် နှစ်သက်ရသည်ကို ရေးပါ။

၄။ သင်တို့နေထိုင်ရာ အရပ်ဒေသအလိုက် ထင်ရှားသော ပန်းအမည်များကို ဖော်ပြပါ။

၇၈

အရေးကြီးသောအချက်များ

- မိမိတို့ရေးသားထားသည့် စာရွက်ပေါ်ရှိ အကြောင်းချက်များကို အုပ်စုတွင်း ပြောပြနိုင်ရပါမည်။
- အမျိုးအစားတူညီသည့် ပန်းပွင့်များကို စုစည်း၍ ရေးသားရာတွင် အုပ်စုတွင်း ကလေးအားလုံးပါဝင်နိုင်အောင် ဆရာက ကြည့်ရှု စစ်ဆေးပေးရပါမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ အရင်အခါနှင်တုန်းက တစ်ယောက်ချင်းဆွဲထားတဲ့ ပန်းပွင့်လေးတွေအကြောင်းကို အုပ်စုလိုက်ပြန်ဆွေးနွေးကြမယ်" ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက ပန်းပွင့်တူရာများကို စုခိုင်းပါမည်။ သာဓက ။ ။ နှင်းဆီပန်း
- ⊙ ပန်းပွင့်တူရာစုပြီးပါက မိမိတို့ရေးသားထားသည်များကို အုပ်စုတွင်း လဲလှယ်၍ ပြောစေပါမည်။
- ပြောပြီးပါက စာရွက်ကြီးစာစ်ရွက်ပေါ်တွင် မိမိတို့ရေးထားသည့် စာရွက်များကို ကပ်စေပါမည်။
- ⊙ "ရေးထားတဲ့အချက်တွေထဲက တူတဲ့အချက်တွေရှိရင် တစ်ချက်ပဲ ရေးပြီး မတူညီတဲ့အချက်တွေကို စုပြီးတော့ အုပ်စုတစ်စုကို တစ်ရွက်ထဲရေးရမယ်"ဟုပြောကာ အုပ်စုလိုက် ပြန်ရေးစေပါမည်။
- ⊙ ရေးသားရာတွင် တစ်ဦးက ဦးဆောင်ပြီး ရေးပေးရပါမည်။
- ထို့နောက် အုပ်စုထဲမှတစ်ယောက်က အတန်းရှေ့ထွက်၍ ပြောစေပါမည်။
- ⊙ ပြောကြားနေစဉ် ကျန်ကလေးများက သေချာနားထောင်နေရပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ ရာသီအလိုက်ပွင့်တဲ့ ပန်းတွေအပြင်မိမိတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ပန်းတွေရဲ့မတူညီပုံကို သိကြပြီမဟုတ်လား။ နေရာဒေသ ပေါ်မူတည်ပြီးတော့လဲ အခေါ်အဝေါ် မတူညီတာ တွေရှိတယ်" ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မိမိတို့ ရေးသားထားသည်များကို အုပ်စုတွင်း ပြောကြားနိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြမ်းပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့တော့ လေ့ကျင့်ခန်းမှာပါတဲ့ သတ်ပုံတွေကို လေ့ကျင့်ရင်း ဝါကျလေးတွေဖွဲ့ကြည့်ကြရအောင်"ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်တွင် ပါဝင်သော သတ်ပုံအမှန်ကို ရွေး၍ ကွက်လပ်ဖြည့်ပါမှ နံပါတ် ၁ စာကြောင်းကို ဖတ်ပြပါမည်။
  နှင်းဆီပန်း၏ ....တို့မှာ နူးညံ့လှပေသည်။ (ပွင့်ဖတ်၊ ပွင့်ဖက်)
- ကလေးများကို ယ်တိုင်ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⊙ စာကြောင်းအဓိပ္ပာယ်ကို တစ်ဦးချင်း စဉ်းစားစေပါမည်။
- ⊙ ရွေးချယ်ရမည့် စကားလုံးနှစ်လုံးကို ဖတ်စေကာ မည်သည်က သတ်ပုံ အမှန်ဖြစ်မည်ကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက စာလုံးအမှန်ကို ရွေးစေ၍ စာကြောင်းတွင် ဖြည့်စေပြီး မှတ်စုစာအုပ်တွင်ရေးစေပါမည်။
- ⊙ "ဖတ်၊ ဖက်" စကားလုံးနှစ်လုံး၏ အသုံးမတူပုံကို ကလေးများအား မေးကာ ဖြေစေပါမည်။
- ကလေးများဖြေဆိုချက် မပြည့်စုံပါက ဆရာက ဖြည့်စွက်ပြောရပါမည်။
- နံပါတ် ၂၊ ၃ ကို အထက်ပါနည်းအတိုင်း သင်ကြားပါမည်။
- ထို့နောက် ဝါကျဖွဲ့ရန် စကားလုံးများကို ကလေးများ ကိုယ်တိုင် ဖတ်စေပါမည်။
- ဆရာက **ဝေဝေဆာဆာ** ဟူသော စကားလုံးကို နမူနာအနေဖြင့် ဝါကျဖွဲ့ပြပါမည်။
- ⊙ နမူနာ ပြောပြပြီးပါက **"ဖြူဖြူဖွေးဖွေး** ဆိုတဲ့ စကားလုံးကိုသုံးပြီး ဝါကျဖွဲ့ကြည့်ကြမယ်။ ဘယ်လို စာကြောင်းမျိုးရေးရင်ကောင်းမလဲ စဉ်းစားကြည့်ပါအုံး" ဟုပြောကာ တစ်ဦးချင်း စဉ်းစား၍ မှတ်စုစာအုပ်တွင်ရေးစေပါမည်။
- ကျန်စကားလုံးများကိုလည်း တစ်ဦးချင်းစီ စဉ်းစား၍ မိမိတို့၏ မှတ်စုစာအုပ်တွင် ကိုယ်ပိုင်ဝါကျအဖြစ်ရေးစေပါမည်။
- ထို့နောက် မိမိတို့ရေးသားထားသည်များကို နှစ်ယောက်တစ်တွဲ ပြောစေပါမည်။



အရေးကြီးသောအချက်များ

- ဝါကျများရေးဖွဲ့ရာတွင် မိမိစိတ်ကူးဖြင့် ဝါကျများတည်ဆောက်နိုင်အောင် ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ဝါကျဖွဲ့ထားသောစာကြောင်းများ မှန်ကန်စေရန် ကလေးများ ရေးသားထားသော မှတ်စုများကို ဆရာက စစ်ဆေးပေးရပါမည်။
- ရွေးချယ်ထားသော သတ်ပုံအဖြေမှန်ကို ဆရာက စစ်ဆေးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- မိမိရေးသားထားသော သတ်ပုံများ ဝါကျဖွဲ့သည်များကို ပြန်လည်ပြောစေခြင်း၊ ရာသီအလိုက်ပွင့်သောပန်းများကို ပြန်လည်ပြောစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သတ်ပုံများ၊ ဝါကျဖွဲ့များကို ပြောနိုင်ခြင်း ရှိ မရှိနှင့် ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected



အဓိကအချက်များ

- စာအိတ်တွင် လိပ်စာ တပ်ပုံတပ်နည်းကို နားလည်ပြီး မှန်ကန်စွာ ရေးတတ်ရပါမည်။
- နမူနာ ဖိတ်ခေါ်စာကိုဖတ်ပြီး မိမိရေးချင်သည့်အကြောင်းအရာ၊ ပါဝင်ရမည့် အချက်အလက်များနှင့် မည်သို့ရေးရမည်ကို နားလည်ရပါမည်။
- မိမိဖိတ်ခေါ်ချင်သည့် အကြောင်းအရာကို သူတစ်ပါး နားလည်အောင် စနစ်တကျ ရေးသားတတ်ရပါမည်။
- မိမိရေးထားသည်များကို အချင်းချင်း အပြန်အလှန် ဆွေးနွေးတတ်ရပါမည်။
- ဖိတ်ခေါ်စာကို အပြန်အလှန် ရေးသားတတ်၊ ဖတ်ပြတတ်ရပါမည်။

အရေးကြီးသောအချက်များ

- ဆရာက ပေးစာပေးပို့ရာတွင် လိပ်စာ မည်သို့တပ်ရမည်၊ ရေးရမည်ကို ကလေးအားလုံး နားလည်အောင် ရှင်းပြရပါမည်။
- လိပ်စာရေးရာတွင် စာလက်ခံမည့်သူ အမည်လိပ်စာကိုစာအိတ်အလယ်တွင် ရေးစေပြီး ပေးပို့သူအမည်လိပ်စာကို သိသာထင်ရှားစွာ ရေးစေပါမည်။
- နမူနာပေးစာတွင် ပါဝင်သည့်အကြောင်းအရာ၊ ထည့်သွင်းရေးသားရမည့် အချက်များကို ဆရာက ကလေးအားလုံး နားလည်အောင် ရှင်းပြရပါမည်။

သင်ခန်းစာ (၂၉) ပေးစာ
အကြိမ်စာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အလည်လာရန် ဖိတ်ခေါ်စာရေးနည်း သဘောသဘာဝကို နားလည်ပြီး စနစ်တကျ ရေးသားတတ်ရန်
- အချင်းချင်း ဖိတ်ခေါ်စာရေးသားရာတွင် ပါဝင်ရမည့် အချက်အလက်များကို အပြန်အလှန် စစ်ဆေးတတ်၊ ဖတ်ပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- "ကလေးတို့ရေ ဒီနေ့တော့ သူငယ်ချင်းအချင်းချင်း ကိုယ့် ဒေသကို အလည်လာဖို့ ဖိတ်ခေါ်စာတွေ ရေးကြရအောင်။ မရေးခင် လိပ်စာ ဘယ်လိုရေးရမလဲဆိုတာ ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်း ပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက စာအိတ်ပုံစံကို ကြည့်စေပြီး "ဘယ်သူက ဘယ်သူ့ဆီကို ရေးထားတာလဲ။ လိပ်စာကို ဘယ်လိုရေးထားသလဲ" ဟု မေးပြီး ကလေးများကို ဖတ်ကြည့်စေပါမည်။
- စာအိတ်ပေါ်တွင် ရေးထားသည့် စာလက်ခံမည့်သူ၊ ပေးပို့သူ နမူနာပုံစံကို ဆရာက သင်ပုန်းတွင် ရေးပြီး ရှင်းပြပါမည်။
- လိပ်စာတပ်ရာတွင် သို့၊ မှ အသုံး၊ အမည်၊ နေရပ်၊ ပေးပို့မည့်သူ၊ လက်ခံမည့်သူ ရေးရမည့်ပုံစံကို သေသေချာချာ ရှင်းပြပါမည်။
- ⊙ ကလေးအားလုံးကို မှတ်စုစာအုပ်တွင် လိပ်စာ ရေးသားစေပါမည်။
- လိပ်စာရေးသားစေရာတွင် နေရပ်လိပ်စာ မှန်မှန်ကန်ကန် မရေးတတ်သူများ ရှိပါက ဆရာက နမူနာရေးပြပြီး ရေးသားစေပါမည်။
- ထို့နောက် နမူနာစာပိုဒ်ကို ကလေးအားလုံး ဖတ်စေပါမည်။
- "ဘယ်သူက ဘယ်သူ့ဆီကို ဖိတ်ခေါ်တာလဲ။ ဘာအကြောင်းအရာတွေပါသလဲ" ဟု မေးခွန်းများ မေးပါမည်။
- ထို့နောက် ပေးစာရေးရမည့်ပုံစံ၊ ပါဝင်ရမည့် အကြောင်းအရာများကို ဆရာက သင်ပုန်းတွင်ရေးကာ ရှင်းပြပါမည်။ (ရေးသားသည့်ရက်စွဲ၊ လက်ခံမည့်သူအမည်၊ နှုတ်ခွန်းဆက်စကား၊ အကြောင်းအရာ၊ နှုတ်ဆက်စကား၊ ရေးသားသူအမည်)

DBE Box Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဒါန်းချုပ်ခြင်း

♦ “ကလေးတို့ခုအချိန်မှာ သူငယ်ချင်းဆီ စာပို့ရင် လိပ်စာဘယ်လို ရေးမယ်။ ဘယ်လိုပုံစံ ရေးရမယ်ဆိုတာ သင်ခဲ့ကြတယ်။ နောက်တစ်ချိန်မှာ သူငယ်ချင်းဆီကို ပေးစာလေးတွေ ရေးကြရအောင်နော်” ဟု ပြောပြီး နိဒါးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ပေးစာရေးရာတွင် လိပ်စာ မည်သို့တပ်ရမည်၊ မည်သည့်အချက်များ ပါဝင်အောင် ရေးရ မည်ကို နားလည်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ် ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

♦ “ကလေးတို့ အရင်အချိန်တုန်းက ပေးစာရေးတဲ့အခါ ပါဝင်ရမဲ့ အချက်တွေကို သင်ခဲ့ကြတယ်နော်။ ဒီအချိန်မှာ သူငယ်ချင်းဆီကို ပေးစာလေးတွေ ရေးကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ “ပေးစာတွေမရေးခင် စာရေးတဲ့အခါ ပါဝင်ရမဲ့အချက်တွေကို ပြောကြည့်ပါအုံး” ဟု ကလေး ၂ ဦး ၃ ဦးခန့်ကို ပြောစေပါမည်။

♦ ပေးပို့မည့်သူကို စဉ်းစားစေရာတွင် သူငယ်ချင်းအပြင် ဆွေမျိုး မောင်နှမများကိုပါ ပေးပို့၍ရကြောင်း စဉ်းစားစေပါမည်။

⊙ မိမိထံသို့ ဖိတ်ခေါ်မည့်အကြောင်းအရာကို ကလေးတစ်ဦးချင်းစီ စဉ်းစားစေမည်။

♦ ဖိတ်ခေါ်စာရေးရာတွင် ပေးထားသည့် သာဓကအကြောင်းအရာ အပြင် အခြားမိမိတို့ရေးလိုသော အကြောင်းအရာများကို ပြော စေပါမည်။

⊙ ထို့နောက် နှစ်ယောက်တစ်တွဲ ပြောစေပါမည်။

⊙ မိမိတို့ရေးလိုသော အကြောင်းအရာကို မှတ်စုစာအုပ်တွင် ကလေး တစ်ဦးချင်းစီ ရေးစေပါမည်။

♦ စာရေးရာတွင် သူငယ်ချင်းပေးသည့် အကြံဉာဏ်ကို ယူပြီး ထည့်ရေးစေပါမည်။

နိဂုံးချုပ်ခြင်း

♦ “ကလေးတို့အားလုံး ဖိတ်ခေါ်စာလေးတွေ ရေးခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ အချောရေးပြီး လိပ်စာတပ် ပို့ကြရအောင်နော်။ ခုလိုရေးရတာ ပျော်ရဲ့လား။ ဘယ်လို ခံစားရသလဲ” ဟု မေးပြီး နိဂုံးချုပ်ပါမည်။



အရေးကြီးသောအချက်များ

♦ ရေးသားစေရာတွင် မှတ်စုတွင် ဦးစွာရေးစေပါမည်။

♦ စာရေးသားရန် အားနည်းသော ကလေးများရှိပါက ဆရာက ထပ်မံ နားလည်အောင်ရှင်းပြပြီး ပံ့ပိုးကူညီပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ဖိတ်ခေါ်စာရေးရာတွင် မိမိရေးလိုသည့် အကြောင်းအရာကို စဉ်းစားပြီး ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected



အရေးကြီးသောအချက်များ

- ပထမအချိန်တွင် လိပ်စာမသိသောသူများက မိဘကိုမေးပြီး လိပ်စာအမှန်ကို ရေးစေပါမည်။
- မှတ်စုတွင် ရေးထားသည့် အကြောင်းအရာကို ဆွေးနွေးစေပြီး အချောကူးရေးစေပါမည်။
- အချင်းချင်းစစ်ဆေးရာတွင် လက်ရေး လှ မလှ၊ စာလုံးပေါင်း သတ်ပုံမှန်ကန်မှု ရှိ မရှိကို စစ်ဆေးစေပါမည်။
- လိပ်စာရေးရာတွင် စာလက်ခံမည့်သူ၏ အမည်နှင့်လိပ်စာကို စာအိတ်အလယ်တွင် ရေးစေပြီး စာအိတ်၏ နောက်ကျောတွင် ပေးပို့သူ၏ အမည်နှင့် လိပ်စာကို သိသာထင်ရှားစွာ ရေးစေပါမည်။

အကြံပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်အချိန်တုန်းက ကလေးတို့ကိုယ်တိုင် အလည်လာဖို့ ဖိတ်ခေါ်စာလေးတွေ ရေးခဲ့ကြတယ်နော်။ အခု ကလေးတို့ ကိုယ်တိုင် စာရွက်ထဲမှာ အချောကူးရေးကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ အချောမရေးခင် မှတ်စုထဲတွင်ရေးထားသည့် ပေးစာကို နှစ်ယောက်တစ်တွဲ ဖတ်စေပါမည်။
- အချင်းချင်း (နှစ်ယောက်တစ်တွဲ) ဖတ်စေပြီး ရေးထားသည့် အကြောင်းအရာများကို ဆွေးနွေးစေပါမည်။
- ဆွေးနွေးစေရာတွင် မည်သူဆီရေးသည်၊ မည်သည့်အကြောင်း အရာများ ပါဝင်သည်ကို ဆွေးနွေးစေပါမည်။
- ⊙ အချင်းချင်းဆွေးနွေးပြီးနောက် အချောရေးစေပါမည်။
- ကျောင်းသုံးစာအုပ် စာအိတ်ပုံစံပေါ်တွင် စာလက်ခံမည့်သူ၊ ပေးပို့သူ အမည်လိပ်စာကို ရေးစေပါမည်။
- စာလက်ခံမည့်သူလိပ်စာ မှန် မမှန်ကို ကလေးအချင်းချင်း လဲလှယ်ကြည့်ရှုစေပါမည်။
- ကြည့်ရှုစေရာတွင် စာလုံးပေါင်း သတ်ပုံ မှန်ကန်ခြင်း ရှိ မရှိ၊ လိပ်စာကို မှန်ကန်စွာ ရေးထားခြင်း ရှိ မရှိကို ကြည့်ရှုစေပါမည်။

နိဂုံးချုပ်ခြင်း

- "ပေးစာတွေ ရေးခဲ့ကြပြီးပြီ။ နောက်တစ်ချိန်မှာ သူငယ်ချင်းက ဘယ်လို ဖိတ်ခေါ်စာလေးတွေ ဘယ်သူ့ဆီကို ရေးထားသလဲ ဆိုတာ ဖတ်ကြည့်ကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ဖိတ်ခေါ်စာရေးရာတွင် မိမိရေးချင်သည့် အကြောင်းအရာကို ၁ မှ ၆ အထိ အချက်များ ပါဝင်အောင်ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ "ဒီအခန်းမှာတော့ သူငယ်ချင်းတွေ ရေးထားတဲ့ဖိတ်ခေါ်စာကလေးတွေကို ဖတ်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ဆရာက "ကိုယ်ဘာအကြောင်းအရာတွေ ရေးထားသလဲဆိုတာ အားလုံးကြားအောင် ဖတ်ပြရမယ်နော်" ဟု ပြောပြီး တစ်ဦးချင်း အတန်းရှေ့ထွက်ပြီး ဖတ်စေပါမည်။

⊙ ကလေးတစ်ဦးချင်းစီ ဖတ်နေစဉ် ကလေးအားလုံး နားထောင်စေပြီး မှတ်ချက်ပေးရပါမည်။ (ဥပမာ။ ။ သူငယ်ချင်းရေးထားတာလေးက စိတ်ဝင်စားဖို့ကောင်းတယ်နော်။ သူငယ်ချင်းတို့ ဒေသမှာ ဘာတွေပေါသလဲ စသည်)

♦ အတန်းတွင်းပေးသော ပေးစာများရှိလျှင် အချင်းချင်း ဝေငှစေပါမည်။

♦ အဝေးသို့ ပေးစာများကို ဆရာက သင်ပုန်း သို့မဟုတ် နံရံတွင် ကပ်စေပါမည်။

♦ ထို့နောက်"ဆရာက ဘယ်သူ့ဆီရေးချင်သေးလဲ။ ဘာတွေထပ်ရေးချင်သေးသလဲ"ဟု မေးပြီး ကလေး ၂ ဦး၊ ၃ ဦးခန့်ကို ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

♦ "ကလေးတို့ ရေးချင်တဲ့အကြောင်းအရာတွေကို ရေးရတာ၊ ဖတ်ပြရ တာ ဘယ်လိုခံစားရသလဲ။ နောက်လဲ ရေးစရာတွေရှိရင် အခုလိုပဲ ပေးစာရေးလို့ရတယ်။ ရေးပြီးရင် စာပို့ကြည့်လို့ ရတယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း မိမိရေးထားသည့်စာကို ဖတ်ကြားနိုင်ခြင်း ရှိ မရှိနှင့် သူငယ်ချင်းရေးထားသည့်စာကို မှတ်ချက်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

♦ စာရေးရတာ ပျော်ရွှင်သည် (စိတ်ဝင်စားစရာကောင်းသည်) ဆိုသည့်အချက်ကို ပြောနိုင်ရပါမည်။

♦ အတန်းရှေ့ ထွက်ပြောရာတွင် အားလုံးကြားအောင် ဖတ်ပြ နိုင်ရပါမည်။

♦ မိမိရေးထားသည့် အကြောင်းအရာကို မှန်ကန်စွာ ဖတ်နိုင်ရပါမည်။

♦ သူငယ်ချင်းရေးထားသည့် အကြောင်းအရာပေါ်မူတည်ပြီး မှတ်ချက်ရေးနိုင်ရပါမည်။

♦ အပြန်အလှန်ပြောနေချိန်တွင် သေချာစွာ စူးစိုက်နားထောင်တတ်ရပါမည်။

DBE BOX - Copyright Protected

သင်ခန်းစာ ၃၀ စကားပုံများ

ရုပ်ပုံကလေးတွေကြည့်ပြီး စကားပုံဖြေကြမယ်။

၁။ လမင်းကြီးသာနေတဲ့အချိန်မှာ မိန်းမပျိုလေး ဘာလုပ်နေသလဲ။



လသာတုန်းဗိုင်းငင့်

ဆိုလိုရင်း - အခြေအနေပေးလာသည့်အခါတွင် အခွင့်ကောင်းယူ၍ အလုပ်လုပ်ကြရပုံကို ဆိုလိုရင်း ဖြစ်သည်။

ခိုင်းနှိုင်းပုံ - ရှေးအခါ လျှပ်စစ်မီးမရှိသေးခင်က ညဘက်အလုပ်လုပ်လိုလျှင် ထိန်ထိန်သာသည့် လရောင်ကို အားကိုး၍လုပ်ရသည်။ လမင်းကြီးသည်အမြဲတမ်း ထိန်ထိန်မသာနိုင်ချေ။ ထို့ကြောင့်လသာတုန်းကို မိမိလုပ်လိုသော ဗိုင်းငင့်သည့် အလုပ်ကို လသာချိန်တွင် လုပ်ရကြောင်း ခိုင်းနှိုင်းဖော်ပြသည်။

ဘယ်လိုနေရာမျိုးမှာ ဒီလိုစကားပုံလေးကို အသုံးပြုကြသလဲ။



လသာတုန်းဗိုင်းငင့်ဆိုသလို ကျောင်းသူလေး အေးမိုးဟာ အချိန်ကို အကျိုးရှိရှိနဲ့ အသုံးချခဲ့တဲ့အတွက် စာမေးပွဲကို အခက်အခဲမရှိ အောင်မြင်ခဲ့တယ်။ ဒါကြောင့် အခွင့်အခါကောင်းကြုံနေချိန်မှာ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်တာကို ပြောချင်ရင် ဒီစကားပုံကို သုံးလို့ရတယ်

အဓိကအချက်များ

- စကားပုံကို ဖတ်ပြီး အကြောင်းအရာကို နားလည်ရမည်။
- စကားပုံကို အသုံးပြုပြီး မိမိထင်မြင်ချက်များကို ခိုင်းနှိုင်းပြောဆိုတတ်ရပါမည်။
- နေ့စဉ်ပြောစကားများတွင် စကားပုံကို အသုံးပြု ပြောနိုင် ကြောင်း သိနားလည်ရပါမည်။

အရေးကြီးသောအချက်များ

- လသာတုန်းဗိုင်းငင့် စကားပုံ၏ အဓိပ္ပာယ်ကို ကလေးများအား စဉ်းစားစေရာတွင် ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေရပါမည်။
- စကားပုံပါ နားလည်ရန်ခက်ခဲသော စကားလုံးများကိုဆရာက ရှင်းပြရပါမည်။
  သာဓက ။ ။ ဗိုင်းငင့်၊ ခိုင်းနှိုင်း
- စကားပုံကို အသုံးပြုပြီး ခိုင်းနှိုင်းပြောဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ကလေးများ ပြောရာတွင် လသာတုန်းဗိုင်းငင့် စကားပုံပါ အဓိပ္ပာယ်နှင့် ကိုက်ညီမှု ရှိ မရှိကို ကျန်ကလေးများက မှတ်ချက်ပေးစေပါမည်။

သင်ခန်းစာ (၃၀) စကားပုံများ
အကြေပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- စကားပုံ၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ပြန်လည် ပြောဆိုတတ်ရန်
- စကားပုံကို အသုံးပြုပြီး သာဓကနှင့်ခိုင်းနှိုင်းပြောဆိုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းနိဒါန်း

- "ကလေးတို့ရေ မနှစ်ကတုန်းက ပိုနေမြကျားနေမြ ဆိုတဲ့ စကားပုံပုံပြင်ကို သင်ခဲ့ကြတယ်နော်။ ဒီနေ့တော့ စကားပုံကို အသုံးပြုပြီး ဘယ်လိုခိုင်းနှိုင်းပြောဆိုကြသလဲဆိုတာ သင်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက"စကားပုံဆိုတာ လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်း ပြောဆိုလေ့ရှိသောစကားဖြစ်ကြောင်း" ရှင်းပြရပါမည်။
- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈၃)မှ ရုပ်ပုံ (၁) ကို ကြည့်စေပြီး "ရုပ်ပုံထဲက မိန်းကလေး ဘာလုပ်နေသလဲ" ဟု မေးပါမည်။
- ⊙ "လသာတုန်းဗိုင်းငင့် ဆိုတာဘာကိုပြောတာလဲ"ဟု စဉ်းစားပြီး ပြောစေပါမည်။
- စကားပုံပါအကြောင်းအရာကို ဆရာက အဖြတ်အရပ်မှန်မှန် ဖတ်ပြပြီး ကလေးအားလုံးကို ဖတ်စေပါမည်။
- ဆရာက စကားပုံ၏ ဆိုလိုရင်းနှင့် ခိုင်းနှိုင်းပြောဆိုပုံကို ရှင်းပြပါမည်။
- လသာတုန်းဗိုင်းငင့် စကားပုံကို အသုံးပြုပြီး နေ့စဉ်ဘဝတွင် ခိုင်းနှိုင်းပြောဆိုကြပုံကို သင်ခန်းစာပါ သာဓကနှင့်တကွ ရှင်းပြပါမည်။
- ⊙ "တခြားဘယ်လိုနေရာမျိုးမှာ ဒီလိုစကားပုံကို အသုံးပြု ကြသလဲ" ဟု ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး မိမိပြောချင်သော အကြောင်းအရာကို မှတ်စုရေးစေပါမည်။
- ကလေး ၂ ဦး ၃ဦးခန့်ကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။
- ⊙ ကလေးများ ပြောရာတွင် လသာတုန်းဗိုင်းငင့် စကားပုံပါ အဓိပ္ပာယ်နှင့် ကိုက်ညီမှု ရှိ မရှိကို ကျန်ကလေးများက ပြောစေပါမည်။
- ⊙ ကလေးအားလုံး နားထောင်စေပြီး မှတ်ချက်ပေးရပါမည်။ (သူငယ်ချင်းက အချိန်ကို အကျိုးရှိရှိ အသုံးချတတ်တာပဲ။ တို့လဲနောက်ဆို. . .)

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

ပထမအချိန်အဆက်

နိဂုံးချုပ်ခြင်း

♦ "ဒီနေ့ စကားပုံကို အသုံးပြုပြီး နေ့စဉ်သုံးစကားလေးတွေမှာ ဘယ်လိုထည့်ပြောလို့ ရတယ်ဆိုတာ ကိုယ်တိုင်ပြောခဲ့ကြတယ်နော်။ ခုလိုပြောရတာ ကလေးတို့စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ။ ပျော်စရာကောင်းသလား" ဟုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး စကားပုံကို နားလည်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

သင်ကြားသင်ယူမှုလုပ်ငန်း (ဒုတိယအချိန်)

နိဒါန်း

♦ "ဒီအချိန်မှာတော့ စကားပုံအသစ်တစ်ပုဒ်ကို ဖတ်ကြရအောင် စကားပုံကိုသုံးပြီး ဘယ်လို ခိုင်းနှိုင်းပြောဆိုကြသလဲဆိုတာ ရုပ်ပုံလေးကို အရင်ကြည့်ကြည့်ပါအုံး"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈၄)မှ ရုပ်ပုံ (၂)ကို ကြည့်စေပြီး "သစ်ပင်တစ်ပင် အနားမှာ ငှက်တွေအများကြီး ဘာလို့ နားနေနိုင်တာလဲ"ဟု မေးပါမည်။

♦ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ စကားပုံပါ အကြောင်းအရာကို ကလေးအားလုံးကို ဖတ်စေပါမည်။

♦ ထို့နောက် ကလေးများ၏ ထင်မြင်ချက်ကိုမေးပြီး လွတ်လပ်စွာ ဖြေဆိုစေပါမည်။

♦ ဆရာက စကားပုံ၏ ဆိုလိုရင်းနှင့် ခိုင်းနှိုင်းပြောဆိုပုံကို ရှင်းပြပါမည်။

♦ စကားပုံကို အသုံးပြုပြီးနေ့စဉ်ဘဝတွင် ခိုင်းနှိုင်းပြောဆိုကြပုံ ကို သင်ခန်းစာပါသာဓကနှင့်တကွ ရှင်းပြပါမည်။

⊙ "တခြားဘယ်လိုနေရာမျိုးမှာ ဒီ စကားပုံကို အသုံးပြုကြသလဲ" ဟု ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး မိမိပြောချင်သော အကြောင်းအရာကို မှတ်စုရေးစေပါမည်။

♦ ပြောရာတွင် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ စကားပုံပါ အဓိပ္ပာယ်နှင့် ကိုက်ညီမှု ရှိ မရှိကို ပြောစေပါမည်။

♦ ကလေး ၂ ဦး ၃ ဦးခန့်ကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။ ပြောနေစဉ် ကလေးအားလုံး နားထောင်စေပြီး မှတ်ချက်ပေးရပါမည်။ (သူငယ်ချင်းက သူများကို ကူညီတတ်တာပဲ။ တို့လဲနောက်ဆို ဒီစကားပုံထဲကလို. .)



အရေးကြီးသောအချက်များ

♦ ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေရပါမည်။

♦ စကားပုံပါ နားလည်ရန်ခက်ခဲသော စကားလုံးများကို ဆရာက ရှင်းပြရပါမည်။
သာဓက။ ။ ဥစ္စာစီးပွား၊ ရာထူးဂုဏ်သိန်၊ အရိပ်အာဝါသ

♦ စကားပုံကို အသုံးပြုပြီး ခိုင်းနှိုင်းပြောဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

♦ ပြောရာတွင် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ စကားပုံပါ အဓိပ္ပာယ်နှင့် ကိုက်ညီမှု ရှိ မရှိကို မှတ်ချက်ပေးရပါမည်။

နိဂုံးချုပ်ခြင်း

♦ "ဒီနေ့ စကားပုံကို နေ့စဉ်သုံး စကားလေးတွေမှာ ဘယ်လိုထည့်ပြောလို့ ရတယ်ဆိုတာ ကိုယ်တိုင် ပြောခဲ့ကြတယ်နော်။ စကားပုံတိုင်းမှာ အဓိပ္ပာယ် အမျိုးမျိုးရှိကြတယ်။ နောက် တစ်ချိန်မှာ ဘယ်လိုစကားပုံ ဖြစ်မလဲဆိုတာ ဆက်ပြီး လေ့လာကြမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မိမိတို့ ထင်မြင်ချက်များ ကို ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

၃။ လမ်းသွားနေရင်း ဘာဖြစ်သွားသလဲ။



ခလုတ်ထိမှ အမိတ

ဆိုလိုရင်း - ဒုက္ခဆင်းရဲနှင့် အမှန်တကယ်ကြုံတွေ့ရသောအခါ မိခင်ကို တမ်းတမိတတ်သည့်အကြောင်း ဆိုလိုခြင်းဖြစ်သည်။

ခိုင်းနှိုင်းပုံ - ခလုတ်ထိမှ အမိတတတ်ပုံဖြင့် ခိုင်းနှိုင်း ဖော်ပြသည်။



မေမေက သမီးရေ မေမေလှီးထားတဲ့ သရက်သီးတွေပဲစားနော်လို့ မှာခဲ့တယ်။ သရက်သီးတွေချိုလွန်းတော့ လှီးထားတဲ့သရက်သီးကို စားရတာနဲ့ အားမရဘူး။ ဒါနဲ့ မလှီးရသေးတဲ့ သရက်သီးကို ယူပြီး ခေါင်းလှီးလိုက်တာ လက်ကို ဓားထိသွားတယ်။ အား. . . မေမေရေ နာလိုက်တာ သွေးတွေထွက်လာပြီ။ မေမေ့စကား နားမထောင်မိတော့ လက်မှာ ဒဏ်ရာရသွားပြီဆိုပြီး အော်ငိုမိတော့တယ်။ ခလုတ်ထိမှ အမိတ မိတော့တာပါပဲ

တခြားဘယ်လိုနေရာမျိုးတွေမှာ ဒီလိုစကားပုံမျိုးကို အသုံးပြုကြသလဲ။

အရေးကြီးသောအချက်များ

- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လွတ်လပ်လပ် ပြောစေရပါမည်။
- စကားပုံပါ နားလည်ရန်ခက်ခဲသော စကားလုံးများကို ဆရာက ရှင်းပြရပါမည်။
  သာဓက။ ။ ခလုတ်ထိ၊ တမ်းတမိတတ်
- စကားပုံကို အသုံးပြုပြီး ခိုင်းနှိုင်းပြောဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီ ပံ့ပိုးပေးရပါမည်။

အကြံပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့စကားပုံ အသစ်တစ်ပုဒ်ကို ဖတ်ကြရအောင်။ စကားပုံကတစ်ဆင့် ဘယ်လိုခိုင်းနှိုင်း ပြောဆိုကြသလဲ ဆိုတာ ရှုပ်ပုံလေးကို အရင်ကြည့်ကြည့်ပါအုံး" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈၅) ရှုပ်ပုံ (၃) ကို ကြည့်စေပြီး "လမ်းသွားရင်း မိန်းကလေး ဘာဖြစ်သွားသလဲ။ ကလေးတို့ရော အဲဒီလို ဖြစ်ဖူးသလား" ဟု မေးပါမည်။
- ခလုတ်ထိမှအမိတ စကားပုံပါ အကြောင်းအရာကို ကလေးအားလုံးကို ဖတ်စေပါမည်။
- ထို့နောက် ကလေးများ၏ ထင်မြင်ချက်ကိုမေးပြီး မိမိတို့ နားလည်သလို လွတ်လပ်စွာ ဖြေဆိုစေပါမည်။
- ဆရာက စကားပုံ၏ဆိုလိုရင်းနှင့် ခိုင်းနှိုင်းပြောဆိုပုံကို ရှင်းပြပါမည်။
- စကားပုံကို အသုံးပြုပြီး နေ့စဉ်ဘဝတွင် ခိုင်းနှိုင်းပြောဆိုကြ ပုံကို သင်ခန်းစာပါ သာဓကနှင့်တကွ ရှင်းပြပါမည်။
- ⊙ ဆရာက"စကားပြောတဲ့အခါမှာ စကားပုံကို ထည့်ပြီး ဘယ်လို ပြောတတ်ကြသလဲ" ဆိုတာ ကလေးများ နှစ်ယောက်တစ်တွဲ စဉ်းစားစေပြီး မိမိပြောချင်သော အကြောင်းအရာကို မှတ်စုရေးစေပါမည်။
- ထို့နောက် ကလေး ၂ ဦး ၃ ဦးခန့်ကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။
- ပြောနေစဉ် ကလေးအားလုံး နားထောင်စေပြီး မှတ်ချက် ပေးရပါမည်။ (တို့လဲ တစ်ခုခုဖြစ်ပြီဆို အမြဲတမ်း အမေ့ကို တမ်းတမိတတ်တယ်)

နိဂုံးချုပ်ခြင်း

- "ဒီနေ့ စကားပြောတဲ့အခါ စကားပုံကိုအသုံးပြုပြီး ပြောရတာ ပျော်စရာ ကောင်းသလား။ ဒါမှမဟုတ် စိတ်ဝင်စားစရာ ကောင်းသလား" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မိမိတို့ ထင်မြင်ချက်များကို ပြောကြားနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီနေ့တော့ နောက်ဆုံးစကားပုံလေးကို ဖတ်ကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ စာမျက်နှာ (၈၆)မှ ရုပ်ပုံ (၄) ကို ကြည့်စေပြီး "လယ်သမား ကြီး လယ်ထဲကိုဘယ်လိုသွားနေသလဲ။ ကလေးတို့ကော အဲဒီလိုပုံစံ အပြင်မှာ မြင်ဖူးသလား" ဟု မေးပါမည်။
- လယ်ထွန်သွားနွားမွေ့ စကားပုံပါအကြောင်းအရာကို ကလေးအားလုံးကို ဖတ်စေပါမည်။
- ထို့နောက် ကလေးများ၏ ထင်မြင်ချက်ကိုမေးပြီး မိမိတို့နားလည်သလို လွတ်လပ်စွာ ဖြေဆိုစေပါမည်။
- ဆရာက စကားပုံ၏ ဆိုလိုရင်းနှင့် ခိုင်းနှိုင်းပြောဆိုပုံကို ရှင်းပြပါမည်။
- ⊙ ဆရာက"စကားပြောတဲ့အခါမှာ စကားပုံကိုထည့်ပြီး ဘယ်လိုပြောတတ်ကြသလဲ" ဆိုတာ ကလေးများ နှစ်ယောက်တစ်တွဲစဉ်းစားစေပြီး မိမိပြောချင်သော အကြောင်းအရာကို မှတ်စုရေးစေပါမည်။
- ထို့နောက် ကလေး ၂၃ဦး ခုဦးကို အတန်းရှေ့ထွက်ပြီး ပြောစေပါမည်။
- ပြောနေစဉ် ကလေး အားလုံးနားထောင်စေပြီး မှတ်ချက်ပေးရပါမည်။ (ဥပမာ။ ။ ဟုတ်တယ်။ တို့လဲခရီးသွားတုန်းက ကားလက်မှတ်မေ့ကျန်ခဲ့လို့ ပြန်ယူခဲ့ရတယ်။ ဒီစကားပုံ လိုပါပဲ။ ။)

နိဂုံးချုပ်ခြင်း

- "ဒီနေ့ စကားပုံလေးတွေ အများကြီးသင်ခဲ့ကြပြီးပြီ။ နောက်ဆိုကလေးတို့ ကိုယ်တိုင် စကားပြောတဲ့အခါမှာ စကားပုံလေးတွေကို အသုံးပြုပြီး ပြောလို့ရတယ် ပြောကြည့်ပါ" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မိမိတို့ ထင်မြင်ချက်များကို ပြောကြားနိုင်ခြင်း ရှိ မရှိ နှင့် နှစ်ယောက်တစ်တွဲ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ ပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လွတ်လပ်လပ် ပြောစေရပါမည်။
- စကားပုံပါ နားလည်ရန်ခက်ခဲသော စကားလုံးများကို ဆရာက ရှင်းပြရပါမည်။
  သာဓက ။ ။ အလုပ်ကိစ္စ
- စကားပုံကို အသုံးပြုပြီး ခိုင်းနှိုင်းပြောဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၃၁ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ပါဝင်သူများ


ဦးမြတ်ကျော်
အငြိမ်းစားကျောင်းအုပ်ကြီး


ဒေါ်ခင်မိုးပွင့်
ဦးမြတ်ကျော်၏သမီး


ဒေါ်ခတ္တာ
မူလတန်းပြဆရာမ


သူသူမွန်
ဒေါ်ခင်မိုးပွင့်၏သမီး
စတုတ္ထတန်းကျောင်းသူ

ဈာတ်စင်



ကားလိပ်ဖွင့်

ဒေါ်ခတ္တာ — ဆရာကြီး ရှိပါသလားရှင့်။
(အိမ်ဝင်းတံခါးမှ လှမ်း၍ ခေါ်စေ)

ဒေါ်ခင်မိုးပွင့် — သြော် - ဆရာမပါလား။ ဆရာကြီး ရှိပါတယ်ရှင့်၊ ဝင်ခဲ့ပါ။ ဟဲ့ သမီး မွန်မွန်။ သမီးရဲ့ဆရာမ လာနေတယ်။

သူသူမွန် — (ပြေးလွှားရင်း) တီချယ်က သမီးတို့အိမ် လာတယ်နော်။ သမီးကို ဘာပြောချင်လို့လဲ။

အဓိကအချက်များ

- ဇာတ်ညွှန်း၏ ထူးခြားချက်များကို သင်ခန်းစာမှတစ်ဆင့် သိရှိအောင် သင်ကြားရပါမည်။
- ပြဇာတ်ပါအကြောင်းအရာများကို နားလည်အောင်ရှင်းပြရမည်။
- ဇာတ်ဆောင်တို့၏ပြောစကားကို အမူအရာနှင့်တကွ အသံနေအသံထား လေယူလေသိမ်းမှန်မှန် ရွတ်ဖတ်သရုပ်ဆောင်နိုင်ရမည်။

အရေးကြီးသောအချက်များ

- ပြဇာတ်တစ်ပုဒ်တွင် ပါဝင်မည့်သူများ၊ ဇာတ်စင်၊ ကားလိပ်ဖွင့်၊ ကားလိပ်ချ၊ ဇာတ်ညွှန်းတို့သည် မဖြစ်မနေပါဝင်ရမည့် အချက်များဖြစ်ကြောင်းရှင်းပြရပါမည်။
- ဇာတ်ညွှန်းဆိုသည်မှာ ဇာတ်လမ်း၊ ဇာတ်ကွက်ကို သရုပ်ဖော်နိုင်စေရန် အသေးစိတ်ရေးသားညွှန်ကြားထားသည့် စာဖြစ်သည်။
- ကလေးများ၏အဖြေ မပြည့်စုံပါက ဆရာက ပံ့ပိုးပေးရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း သင်ခန်းစာကို ဖတ်နေစဉ် အားလုံးစိတ်ပါဝင်စားစွာ ဇာတ်ဆောင်တို့ ၏ ပြောစကားအတိုင်း လိုက်ဖတ်နိုင်ခြင်း ရှိ မရှိနှင့် မေးခွန်းများဖြေကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ (၃၁) သုံးပွင့်တစ်ခိုင် (ပြဇာတ်)
အကြိပြုစာသင်ချိန် ၁၀ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရေးအတွက် ပိုမိုအကျိုးကျေးဇူး ရရှိနိုင်ကြောင်း သိရှိစေရန်
- ပြဇာတ်တည်ဆောက်ပုံကို သိရှိစေရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ မနှစ်ကလေ ပြဇာတ်တစ်ပုဒ်ကို သင်ခဲ့ပြီးပြီဆိုတော့ ဒီနေ့ သင်ခန်းစာအသစ်တစ်ခုဖြစ်တဲ့ သုံးပွင့်တစ်ခိုင်ဆိုတဲ့ ပြဇာတ်ကိုသင်ကြရအောင်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

⊙ ဆရာက သင်ခန်းစာပါအကြောင်းအရာကို တစ်ခေါက် ဖတ်ပြပါမည်။ ဖတ်ပြရာတွင် ဇာတ်ဆောင် ပြောစကားများကိုသာ ဖတ်ပြရပါမည်။

- ဆရာနှင့်အတူ တစ်ခေါက်လိုက်ဖတ်စေပါမည်။
- ဆရာက ဇာတ်ညွှန်းအတိုင်း ဇာတ်ဆောင်တို့၏ ပြောစကား အမူအရာကို ဖတ်ပြပြီး ကလေးများကို ဆရာနှင့်အတူ လိုက်ဖတ်စေပါမည်။

⊙ "သုံးပွင့်တစ်ခိုင်ပြဇာတ်ထဲက သူတို့ပြောစကားတွေက စိတ်ဝင်စားဖို့ကောင်းသလား။ သူတို့ပြောစကားတွေကို နားထောင်ရတာ ဖတ်ရတာ ဘယ်လိုထင်သလဲ"ဟုမေးပါမည်။

- ကလေးအားလုံးဇာတ်ဆောင်ပြောစကားအတိုင်းဖတ်စေပါမည်။
- မေးခွန်းနံပါတ် (၁) နှင့်(၂) ဖြစ်သည့် ပြဇာတ်ကပြရာတွင် ပုံဖော်မည့်သူများနှင့် ပြင်ဆင်ပါဝင်ရမည့် အချက်များကို မေးပြီး ကလေးများ၏ အဖြေကိုပြောစေပါမည်။

⊙ မေးခွန်း (၃)" ဇာတ်ညွှန်းဆိုသည်မှာ အဘယ်နည်း" ကို မေးပြီး ကလေး ၃၊ ၄ ဦး၏ အဖြေကို ပြောစေမည်။

- "ပြဇာတ်ကိုမသင်ခင် ပြဇာတ် ခေါင်းစဉ်ဖြစ်တဲ့ သုံးပွင့်တစ်ခိုင်ထဲက ပန်းသုံးပွင့်ဆိုတာဘာလဲ။ ဘယ်လို အဓိပ္ပာယ်ထင်လဲ ပြောကြည့်ပါအုံး"ဟုမေးပြီး ကလေးများကို ဖြေဆိုစေပါမည်။

နိဂုံးချုပ်ခြင်း

- "ပြဇာတ်တစ်ပုဒ်လုံးကို ဇာတ်ဆောင်တွေရဲ့ပြောစကားအတိုင်း ဖတ်ရတာ စိတ်ဝင်စားစရာကောင်းသလား။ နောက်တစ်ချိန်မှာ အသေးစိတ်ဖတ်ကြရအောင်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

DRL Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီနေ့ဆရာတို့ သုံးပွင့်တစ်ခိုင်ပြဇာတ်မှာပါတဲ့ အကြောင်းအရာတွေကို အပိုင်းလိုက် အသေးစိတ် ဖတ်ကြည့်ကြမယ်နော်” ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ပထမဦးဆုံး ဇာတ်ဆောင်ဒေါ်ခတ္တာပြောသည့် **“ဆရာကြီး ရှိပါသလားရှင့်”မှစ၍ “ဆရာကြီးကိုလဲ စာမေးပါရစေရှင့်”**အထိ တစ်ခေါက် ဖတ်ပြပါမည်။ ကလေးအားလုံးကို သေသေချာချာ နားထောင်စေပါမည်။
- ကလေးများကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⊙ ဆရာက ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား(ဇာတ်ညွှန်း) အတိုင်း အလှည့်ကျ ဖတ်ပြပါမည်။ ဘယ်လိုပြောသလဲ ဆိုသည်ကို သေသေချာချာနားထောင်စေပြီး ကလေးအားလုံး မှတ်သားစေပါမည်။
- ⊙ ထို့နောက် ကလေးအားလုံး ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကားအတိုင်း လိုက်ဖတ်စေပါမည်။
- ⊙ ဖတ်စေရာတွင်ဇာတ်ညွှန်းပါ လမ်းညွှန်ချက်အတိုင်း အသံနေအသံထားဖြင့် ဖတ်စေပါမည်။
- အတန်းလိုက် အလှည့်ကျ ဇာတ်ဆောင် ၄ဦး ပြောစကားအတိုင်း ဖတ်စေပါမည်။ ရွတ်ဖတ်မှု မမှန်ကန်ပါက ဆရာက တစ်ခေါက် ထပ်ဖတ်ပြပြီး ကလေးများကို ဖတ်စေပါမည်။
- “သူသူမွန်က တီချယ်က ဘိုးဘိုးဆီစာမေးချင်လို့ ဟုတ်လား တီချယ် လို့ ဘာကြောင့်မေးခဲ့တာလဲ။ ကလေးတို့ ဘယ်လိုထင်လဲ ဖြေကြည့်ပါအုံး”ဟုမေးပါမည်။
- “သူသူမွန်က ဘာဖြစ်လို့ရှောင်ဖယ်ဖယ် လုပ်နေတာလဲ။ စိတ်မပါဘဲ မိခင်နားဘာလို့ မှီနေရတာလဲ ဖြေကြည့်ပါအုံး”ဟု မေးပြီး ကလေးများကို ဖြေစေပါမည်။
- ဆရာက ပြဇာတ်ပါ ဖတ်ပြခဲ့သည့် အပိုင်းအထိ ကလေးအားလုံးကို ဇာတ်ညွှန်းအတိုင်း ဖတ်စေပါမည်။

နိဂုံးချုပ်ခြင်း

- “ ဒီအချိန်မှာတော့ ပြဇာတ် အစကနေ ဆရာမဒေါ်ခတ္တာက စာမေးပါရစေရှင့် ဆိုတဲ့အထိ ဖတ်ခဲ့ပြီး မေးခွန်းတွေ ဖြေခဲ့ကြတယ်။ နောက်တစ်ချိန်မှာ သူတို့ဘာတွေ ဆက်ပြောကြမလဲ ဆိုတာဆက်ဖတ်ကြမယ်နော်” ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

၃။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ဒေါ်ခတ္တာ — သမီးဘိုးဘိုး ဦးမြတ်ကျော်ဆီ လာတာပါ။ ကန်တော့ရင်းနဲ့ စာမေးချင်လို့ပေါ့။

သူသူမွန် — တီချယ်က ဘိုးဘိုးဆီမှာ စာမေးချင်လို့။ ဟုတ်လား တီချယ်။ (သူသူမွန်က အံ့သြဟန်ပြုနေမည်။)

ဦးမြတ်ကျော် — ဟဲ့ ခတ္တာ၊ အထဲကို ဝင်ခဲ့လေ။ ကုလားထိုင်ပေါ်ထိုင်ဟဲ့။ ကိစ္စများရှိလို့လား။

ဒေါ်ခတ္တာ — မရောက်တာလဲကြာ၊ ဆရာ့ကိုလဲ ကန်တော့ချင်၊ စာမေးချင်တာလဲ ပါပါတယ် ဆရာကြီး။ (ဆရာမ၊ ဒေါ်ခင်မိုးပွင့်တို့ ဝင်ထိုင်ကြမည်။ သူသူမွန်က ရှောင်ဖယ်ဖယ် လုပ်နေမည်။)

ဒေါ်ခင်မိုးပွင့် — သမီးလေး... သမီးလဲ လာလေ။ သမီးဆရာမကို ည့ှဲခံရမယ်လေ။ (သူသူမွန်က စိတ်မပါဟန်ဖြင့်လာရင်း မိခင် ဒေါ်ခင်မိုးပွင့်ကို မှီနေစေ။)

ဒေါ်ခတ္တာ — ကဲ...ပထမဆုံး ဆရာကြီးကို ကျွန်မကန်တော့ပါရစေ။ (ဒေါ်ခတ္တာက ဖယောင်းတိုင်ထုပ်နှင့်မုန့်ထုပ်ကို ဆရာကြီးရှေ့ ချရင်း လက်အုပ်ချီ ကန်တော့မည်။)

ဦးမြတ်ကျော် — ကန်တော့ရတဲ့ အကျိုးအတွက် ကျန်းမာ ချမ်းသာပါစေ။ လိုရာဆန္ဒပြည့်ဝပါစေ။ ကဲ... ခတ္တာရေ၊ တွေ့ရတုန်း ဆုံးမရအုံးမယ်။

ဒေါ်ခတ္တာ — ဟုတ်ကဲ့ပါ ဆရာကြီး။ ဆရာကြီးကိုလဲ စာမေးပါရစေရှင့်။

ဦးမြတ်ကျော် — အေး။ ခတ္တာက ငါ့မြေးမလေး တတိယတန်းတုန်းကလဲ စာသင်ပေးရတယ်ဆို။ လယ်စောင့်တဲလေး ကဗျာကို သင်တဲ့အခါ **လယ်စောင့်တဲလေး ခြေတံရှေ့ မိုးကုပ်အောက်မှာနေ** လို့သင်တယ်ဆို။

ဒေါ်ခတ္တာ — ဒီလိုပါ ဆရာကြီး၊ ကဗျာကို ရွတ်တဲ့အခါ ကလေးတွေ နားလည်လွယ်အောင် **ခြေတံရှေ့လို့၊ အောက်မှာနေ**လို့ ရွတ်ခိုင်းတာပါ။

၈၈

အရေးကြီးသောအချက်များ

- ပြဇာတ်ကိုဖတ်ရာတွင် အားနည်းသောကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ပြဇာတ်တွင် ပါဝင်သည့် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား အကြောင်းအရာများကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ဇာတ်ဆောင် ၄ ဦးတို့၏ ပြောစကားများကို ဇာတ်ညွှန်းအတိုင်း အလှည့်ကျဖတ်နိုင်ခြင်းရှိမရှိနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DEE Box / Copyright Protected

၃၁။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ဦးမြတ်ကျော် — မဟုတ်ဘူးကွဲ့။ ကဗျာဆိုတာက အသံသာအောင်လို့ကာရန်နဲ့ ချိတ်ထားတာ၊ ရွတ်ရာမှာလဲ ကာရန်အတိုင်း ရွတ်ရမယ်။ ဒီကဗျာမှာ **ခြေတံ ရှည်၊ အောက်မှာ တည်**တို့နဲ့ အသံညီအောင် ကြာနီဆိုတာ ပါသေးတယ်၊ ပါတဲ့အတိုင်း ရွတ်ခိုင်းရမယ်။ အဓိပ္ပာယ် ရှင်းပြရာမှာတော့ နားလည်လွယ်မဲ့ စကားလုံးနဲ့ ရှင်းပြပေါ့ကွဲ့။ ဟုတ်လား။

သူသူမွန် — (အသံတိုးတိုးဖြင့်) မေမေ ဘိုးဘိုးက ဆရာလဲ မဟုတ်ဘဲနဲ့ တီချယ်ကို ဘာလို့ သင်နေရတာလဲ။

ဒေါ်ခင်မိုးပွင့် — သင်တတ်လို့ သင်တာပေါ့ သမီးရဲ့။

ဦးမြတ်ကျော် — သင်ခန်းစာတွေကို ကြိုတင်ပြင်ဆင်ထား၊ မမှားအောင်လဲ ဂရုစိုက်။ မှားရင်တော့ ငယ်ငယ်တုန်းကလို ခတ္တာကို ဆူရမှာပဲ။

ဒေါ်ခတ္တာ — ဟုတ်ကဲ့ပါ ဆရာကြီး။

သူသူမွန် — တီချယ်ကို ဘိုးဘိုးကဆူရင် တီချယ်သနားပါတယ် မေမေ။

ဒေါ်ခင်မိုးပွင့် — ဆရာက တပည့်ကို လိမ္မာအောင် ဆုံးမတာ ဝမ်းသာရမှာပေါ့ သမီးရဲ့။

သူသူမွန် — ဘိုးဘိုးက တီချယ်ထက် တတ်ရော တတ်လို့လား။ (တိုးတိုးပြော)

ဒေါ်ခတ္တာ — (ဆရာမက သူသူမွန်ကို ကြည့်ရင်း) သူသူမွန် သမီးလေး။ ဘိုးဘိုးက တီချယ်ထက် ပိုတတ်တယ်ကွဲ့။ သမီးလေးလဲ ဘိုးဘိုး သင်ပြတာတွေကို မှတ်ထားရမယ်။ မှတ်ထားပြီး တီချယ်ကိုလဲ ပြန်ပြောရမယ်နော်။

ဦးမြတ်ကျော် — ငါ့မြေးရော ခတ္တာရော တီချယ်လို့ မပြောဘဲ မြန်မာဆန်ဆန် ဆရာမလို့ ပြောကြပါလား. . . ကဲ...မြေးလေး သူသူမွန်။ ဆရာမ မှာတာတွေ မှတ်ထားရမယ်နော်။

၈၉

အရေးကြီးသောအချက်များ

- ပြဇာတ်ကိုဖတ်ရာတွင် အားနည်းသော ကလေးများ ရှိပါက ဆရာက ကူညီ ပံ့ပိုးပေးရပါမည်။
- ပြဇာတ်တွင် ပါဝင်သည့် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား အကြောင်းအရာများကို ကလေးများ နားလည်အောင် ရှင်းပြရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ဇာတ်ဆောင် ၄ ဦးတို့၏ ပြောစကားများကို ဇာတ်ညွှန်းအတိုင်း အလှည့်ကျ ဖတ်နိုင်ခြင်းရှိ မရှိနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေး အကဲဖြတ်ပါမည်။

အကြေပြုစာသင်ချိန် ၁၀ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီတစ်ခါနှစ်မှာတော့ သူတို့တွေဘာဆက်ပြီးပြောကြသလဲ ဆိုတာ ဆက်ပြီးဖတ်ကြမယ်နော်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "အရင်အခါနှစ်ကဖတ်ခဲ့တဲ့အထိ ပြန်ဖတ်ပြပါအုံး" ဟုပြောပြီး ကလေးများကိုဖတ်စေပါမည်။
- ဆရာက **"ဆရာကြီး ဦးမြတ်ကျော် ပြောသည့် အေး။ ခတ္တာက ငါ့မြေးမလေး တတိယတန်းတုန်းက...ဒေါ်ခင်မိုးပွင့်ပြောသည့် သင်တတ်လို့သင်တာပေါ့သမီးရဲ့"** အထိ ဖတ်ပြပြီး ကလေး အားလုံးကို သေသေချာချာ နားထောင်စေပါမည်။
- ကလေးများအားလုံး ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ⊙ ဆရာက ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား (ဇာတ်ညွှန်း) အတိုင်း အလှည့်ကျ ဖတ်ပြပါမည်။ ဘယ်လိုပြောသလဲ ဆိုသည်ကို သေသေချာချာနားထောင်စေပြီး ကလေး အားလုံး မှတ်သား စေပါမည်။
- ⊙ ထို့နောက် ကလေးအားလုံး ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကားအတိုင်း လိုက်ဖတ်စေပါမည်။ ဖတ်စေရာတွင် ဇာတ်ညွှန်းပါ လမ်းညွှန်ချက်အတိုင်း အသံနေအသံထားဖြင့် ဖတ်စေပါမည်။
- ⊙ အတန်းလိုက် အလှည့်ကျ ဇာတ်ဆောင် ၄ဦး ပြောစကားအတိုင်း ဖတ်စေပါမည်။ ရွတ်ဖတ်မှု မမှန်ကန်ပါက ဆရာက တစ်ခေါက် ထပ်ဖတ်ပြပြီး ကလေးများကို ဖတ်စေပါမည်။
- "ဆရာကြီး ဦးမြတ်ကျော်က ဒေါ်ခတ္တာကို ဘာဖြစ်လို့ ကဗျာ အကြောင်းကို ရှင်းပြသလဲ ဖြေကြည့်ပါအုံး"ဟု မေးပါမည်။
- မေးခွန်း(၄)သူသူမွန်ကအဘိုးဖြစ်သူနှင့်ဆရာမတို့ နှစ်ဦးတွင်မည် သူကို ပို၍အလေးထားသနည်းကို ဖြေစေပါမည်။ ကလေး ၃၊ ၄ ဦး၏အဖြေကို ပြောစေပါမည်။
- ဆရာက ပြဇာတ်ပါ ဖတ်ပြခဲ့သည့် အပိုင်းအထိ ကလေးအား လုံးကို ဇာတ်ညွှန်းအတိုင်း ဖတ်စေပါမည်။

နိဂုံးချုပ်ခြင်း

- " ခုအခါနှစ်မှာ ဆရာကြီးဦးမြတ်ကျော်က ကဗျာနဲ့ပတ်သက်လို့ သူ့တပည့် ဒေါ်ခတ္တာကို ရှင်းပြတဲ့အထိ ဖတ်ခဲ့၊ မေးခွန်းတွေ ဖြေခဲ့ကြတယ်။ နောက်တစ်ခါနှစ်မှာ သူတို့ဘာတွေဆက်ပြီး ပြောကြမလဲဆိုတာ ဆက်ဖတ်ကြမယ်နော်"ဟုပြောပြီး နိဂုံးချုပ် ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ဒီတစ်ခါနှစ်မှာလဲ ဆရာကြီးဦးမြတ်ကျော်က တပည့်ဆရာမလေးကို သွန်သင်တဲ့ အပိုင်းကနေ နောက်ဆုံးအပိုင်းထိ ဆက်ပြီး ဖတ်ကြမယ်နော်”ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- “အရင်အခါနှစ်က ဖတ်ခဲ့တဲ့အထိ ပြန်ဖတ်ပြပါအုံး”ဟု ပြောပြီး ကလေးများကို ဖတ်စေပါမည်။
- ဆရာက **“ဆရာကြီး ဦးမြတ်ကျော် ပြောသည့် သင်ခန်းစာတွေကိုကြိုတင်ဖြင်ဆင်ထား... မှ ကားလိပ်ချ ပြီးပါပြီ”** အထိ ဖတ်ပြပြီး ကလေးအားလုံးကို သေသေချာချာ နားထောင်စေပါမည်။
- ကလေးများကို ဖတ်စေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)

⊙ ဆရာက ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား(ဇာတ်ညွှန်း) အတိုင်း အလှည့်ကျဖတ်ပြပါမည်။ ဘယ်လို ပြောသလဲ ဆိုသည်ကို သေသေချာချာနားထောင်စေပြီး ကလေးအားလုံး မှတ်သားစေပါမည်။

⊙ ထို့နောက် ကလေးအားလုံး ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကားအတိုင်း လိုက်ဖတ်စေပါမည်။ ဖတ်စေရာတွင် ဇာတ်ညွှန်းပါလမ်းညွှန်ချက်အတိုင်း အသံနေအသံထားဖြင့် ဖတ်စေပါမည်။

⊙ အတန်းလိုက် အလှည့်ကျ ဇာတ်ဆောင် ၄ ဦး ပြောစကားအတိုင်း ဖတ်စေပါမည်။ ရွတ်ဖတ်မှု မမှန်ကန်ပါက ဆရာက တစ်ခေါက် ထပ်ဖတ်ပြပြီး ကလေးများကို ဖတ်စေပါမည်။

- “ဆရာကြီး ဦးမြတ်ကျော်က ကဲ. . . ဆရာမရေ၊ ကြိုတင် ဇာတ်တိုက်ထားလို့ ဇာတ်လမ်းကတော့ ဖြောင့်သွားပြီလို့ ဘာဖြစ်လို့ ပြောတာလဲဖြေကြည့်ပါအုံး”ဟုမေးပါမည်။
- မေးခွန်း (၅) အဘိုးဖြစ်သူကို ဆရာမက ရိုသေစွာဆက်ဆံသော အခါ မြေးလေး၏စိတ်တွင် မည်သို့ဖြစ်နေသနည်း” ဖြေစေပါမည်။ ကလေး ၃၊ ၄ဦး၏ အဖြေကို ပြောစေပါမည်။
- ဆရာက ပြဇာတ်ပါ ဖတ်ပြခဲ့သည့် အပိုင်းအထိ ကလေးအားလုံးကို ဇာတ်ညွှန်းအတိုင်း ဖတ်စေပါမည်။



၃၁။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

သူသူမွန် — ဟုတ်ကဲ့ပါ။ တီချယ်မှာတာ အဲလေ...ဆရာမ မှာတာကို မှတ်ထားပါ့မယ် ဘိုးဘိုး။

ဒေါ်ခင်မိုးပွင့် — ကဲ လာသမီး။ ဆရာမဖို့ ကော်ဖီဖျော်ကြစို့။ (ဒေါ်ခင်မိုးပွင့်က သူသူမွန်ကို အိမ်ထဲခေါ်သွားမည်။)

ဦးမြတ်ကျော် — ကဲ...ဆရာမရေ၊ ကြိုတင်ဇာတ်တိုက်ထားလို့ ဇာတ်လမ်းကတော့ ဖြောင့်သွားပြီ။ နို့မဟုတ်ရင် ဒို့များက ဘာကိုပဲ ပြောပြော၊ ဘာကိုပဲသင်သင်၊ တီချယ်လောက် မတတ်ဘူးချည်း ငြင်းနေတာပဲ။ ခုတော့ အဆင်ပြေကောင်းပါရဲ့။

ဒေါ်ခင်ထွာ — ကောင်းပါတယ် ဆရာကြီး၊ ခုလို ဆရာရယ်၊ မိဘရယ်၊ ကျောင်းသားရယ် ညှိနှိုင်းလုပ်တော့ ပညာရေးမှာ ပိုအောင်မြင်နိုင်တာပေါ့။

ကားလိပ်ချ — ပြီးပါပြီ။

စာတိုဆရာ ကိုမြန်စာ

လေ့ကျင့်ခန်း

၁။ ပြဇာတ်ကပြရာတွင် ပုံဖော်ပေးသူများကို ဖော်ပြပါ။
၂။ ပြဇာတ်ကပြရာတွင် ပြင်ဆင်ပါဝင်ရမည့် အချက်များကို ဖော်ပြပါ။
၃။ ဇာတ်ညွှန်းဆိုသည်မှာ အဘယ်နည်း။
၄။ သူသူမွန်က အဘိုးဖြစ်သူနှင့် ဆရာမတို့ နှစ်ဦးတွင် မည်သူကို ပို၍ အလေးထားသနည်း။
၅။ အဘိုးဖြစ်သူကို ဆရာမက ရိုသေစွာဆက်ဆံသောအခါ မြေးမလေး၏ စိတ်တွင် မည်သို့ဖြစ်နေသနည်း။
၆။ သူသူမွန်၏စိတ် ပြောင်းလဲသွားစေရန် အဘိုးဖြစ်သူက မည်သို့ စီစဉ်ခဲ့သနည်း။
၇။ ပညာရေး ပိုမိုအောင်မြင်နိုင်အောင် မည်သို့ လုပ်ဆောင်သင့်သနည်း။

၉၀

အရေးကြီးသောအချက်များ

- ဆရာက ဇာတ်တိုက်ဆိုသည့်အသုံးကို ရှင်းပြရပါမည်။
- ပြဇာတ်ကိုဖတ်ရာတွင် အားနည်းသောကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။
- ပြဇာတ်တွင်ပါဝင်သည့် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား အကြောင်းအရာများကို ကလေးများနားလည်အောင် ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- “ခုအချိန်မှာ ပြဇာတ်နောက်ဆုံးပိုင်းအထိ အသေးစိတ်ဖတ်ခဲ့၊ မေးခွန်းတွေ ဖြေခဲ့ကြတယ်။ နောက်တစ်ချိန်မှာ ပြဇာတ်တစ်ပုဒ်လုံးကို သေသေချာချာ ဇာတ်ညွှန်းအတိုင်းပြန်ဖတ်ပြီး ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ အပြောအဆို အပြုအမူတွေကို လေ့လာကြမယ်နော်” ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ဇာတ်ဆောင် ၄ ဦးတို့၏ ပြောစကားများကို ဇာတ်ညွှန်းအတိုင်း အလှည့်ကျဖတ်နိုင်ခြင်းရှိ မရှိနှင့် မေးခွန်းများ ဖြေဆိုနိုင်ခြင်း ရှိ မရှိပေါ် မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

URF Box – Copyright Protected

သင်ခန်းစာ ၃၁ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ပါဝင်သူများ






ဦးမြတ်ကျော် | ဒေါ်ခင်မိုးပွင့် | ဒေါ်ခတ္တာ | သူသူမွန်

အငြိမ်းစားကျောင်းအုပ်ကြီး | ဦးမြတ်ကျော်၏သမီး | မူလတန်းပြဆရာမ | ဒေါ်ခင်မိုးပွင့်၏သမီး စတုတ္ထတန်းကျောင်းသူ

ဈာတ်စင်



ကားလိပ်ဖွင့်

ဒေါ်ခတ္တာ — ဆရာကြီး ရှိပါသလားရှင့်။
(အိမ်ဝင်းတံခါးမှ လှမ်း၍ခေါ်စေ)

ဒေါ်ခင်မိုးပွင့် — သြော် - ဆရာမပါလား။ ဆရာကြီး ရှိပါတယ်ရှင့်၊ ဝင်ခဲ့ပါ။ ဟဲ့ သမီး မွန်မွန်။ သမီးရဲ့ဆရာမ လာနေတယ်။

သူသူမွန် — (ပြေးလွှားရင်း) တိချယ်က သမီးတို့အိမ် လာတယ်နော်။ သမီးကို ဘာပြောချင်လို့လဲ။

အရေးကြီးသောအချက်များ

- ဇာတ်ဆောင်တို့၏ ပြောစကားပေါ်မူတည်ပြီး တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာ မည်သို့စဉ်းစားရမည်ကို ဆရာက သေသေချာချာ ရှင်းပြရပါမည်။
- ကလေးအားလုံး ပါဝင်ဆွေးနွေးနိုင်အောင် ဆရာက စီစဉ်ပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (ပဉ္စမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီအချိန်မှာတော့ ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ အပြုအမူ စရိုက်တွေကို လေ့လာကြည့်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုး ပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ပြဇာတ် တစ်ပုဒ်လုံးကို ဇာတ်ဆောင်တွေရဲ့ ပြော စကားအတိုင်း ဖတ်ကြည့်ပါအုံး"ဟု ပြောပြီး ကလေးအားလုံးကို ဖတ်စေပါမည်။
- ⊙ "ဇာတ်ဆောင်တစ်ဦးချင်းစီမှာ ဘယ်လိုစရိုက် အပြုအမူတွေ ရှိကြသလဲဆိုတာ စာကို သေသေချာချာဖတ်ရင်း စဉ်းစားကြည့် ပါအုံး"ဟု ပြောပြီး အုပ်စုဖွဲ့စဉ်းစားစေပါမည်။
- အုပ်စုဖွဲ့ပြီး ဇာတ်ဆောင်တစ်ဦးစီ၏ စိတ်နေသဘောထား အပြုအမူကို မစဉ်းစားခင် တစ်ဦးချင်းစီ၏ပြောစကားကို သေသေချာချာဖတ်စေပါမည်။
- ⊙ မိမိတို့ထင်မြင်ယူဆချက်များကို မှတ်စုရေးစေပြီး အချင်းချင်း ဆွေးနွေးစေပါမည်။
- ထို့နောက်အပြန်အလှန်အဖွဲ့လိုက် မိမိတို့ ထင်မြင်ယူဆချက် များကို ပြောစေပါမည်။
- ပြောစေရာတွင် "ဆရာကြီးဦးမြတ်ကျော်ကတော့ စည်းစနစ်ကြီး တယ်လို့ တို့အဖွဲ့ကတော့ထင်တယ် ဘာဖြစ်လို့ လဲဆိုတော့. . . " "ဆရာမ ဒေါ်ခတ္တာကိုတော့ ဆရာသမားကို ရိုသေလေးစား တတ်သူလို့ သူ့ပြောစကားတွေအရ သိရတယ် . . . "စသည်ဖြင့် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ စရိုက်သဘာဝ ကို ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ပြောသွားတဲ့ ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ စရိုက် သဘာဝ၊ ထင်မြင်ယူဆချက်တွေကို နားထောင်ရတာ သိပ် စိတ်ဝင်စားဖို့ကောင်းတာပဲ။ နောက်တစ်ခါနှစ်မှာ ကိုယ် ကိုယ်တိုင် သူတို့နေရာမှာဆို ဘယ်လိုသရုပ်ဆောင်မလဲဆိုတာ စဉ်းစား ကြည့်ကြမယ်နော်"ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး မိမိတို့ထင်မြင်ယူဆချက် များကို ပါဝင်ဆွေးနွေး နိုင်ခြင်း ရှိ မရှိနှင့် ပြန်လည်ပြောကြား နိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဆဋ္ဌမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “အရင်အချိန်တုန်းက ဇာတ်ဆောင်တစ်ဦးချင်းစီရဲ့ အပြုအမူ စရိုက်သဘာဝတွေကို ဆွေးနွေးခဲ့ကြပြီးပြီ။ ခုအချိန်မှာ ကိုယ်သာသူတို့နေရာမှာဆို ဘယ်လိုသရုပ်ဆောင်ကြမလဲဆိုတာ စဉ်းစားကြရအောင်”ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ပြဇာတ် တစ်ပုဒ်လုံးကို ဇာတ်ဆောင်တွေရဲ့ ပြောစကား အသံနေအသံထားအတိုင်း ဖတ်ပြပါမည်။ ကလေးများကို နောက်မှလိုက်၍ ဖတ်စေပါမည်။
- ⊙ “ဇာတ်ဆောင်တစ်ဦးချင်းစီက သူတို့ဘယ်လို အသံနေအသံထားနဲ့ စကားပြောကြသလဲဆိုတာ ဖတ်ကြည့်ပြီး စဉ်းစားကြည့်ပါအုံး” ဟုပြောပြီး အုပ်စုဖွဲ့စဉ်းစားစေပါမည်။
- အုပ်စုဖွဲ့ရာတွင် ၄ ယောက်တစ်အုပ်စုဖွဲ့ပြီး မည်သူက မည်သည့် နေရာတွင် သရုပ်ဆောင်မည်ကို အဖွဲ့တွင်းရွေးပြီး စဉ်းစားစေပါမည်။
- မိမိတာဝန်ယူထားသည့် ဇာတ်ဆောင်ပြောစကားအလိုက် မည်သို့ သရုပ်ဆောင်ရမည်ကို တစ်ဦးချင်း စဉ်းစားစေမည်။
- ထို့နောက် အဖွဲ့တွင် မိမိတို့ ထင်မြင်ယူဆချက်များကို အပြန်အလှန်ပြောစေပါမည်။
- ပြောစေရာတွင် သာဓက“ငါက ဒေါ်ခတ္တာနေရာမှာဆိုတော့ သူ့ရဲ့ဆရာမဟန်ပန်အမူအရာအတိုင်း ဒီလို သရုပ်ဆောင်ကြည့်မယ်လို့ စဉ်းစားထားတယ် သူငယ်ချင်းတို့ ဘယ်လိုသဘောရသလဲ” စသည်ဖြင့် အချင်းချင်းဆွေးနွေးစေပါမည်။
- ⊙ သူငယ်ချင်းပေးသည့် အကြံဉာဏ်များကိုယူပြီး အချင်းချင်း စဉ်းစားဆွေးနွေးစေပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ အဖွဲ့လိုက်ဘယ်လိုသရုပ်ဆောင်ကြမလဲဆိုတာ စဉ်းစားခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ အဖွဲ့လိုက် သရုပ်ဆောင်နိုင်ဖို့လေ့ကျင့်ကြရမယ်နော်” ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်းကလေးအားလုံး ပါဝင်ဆွေးနွေးနိုင်ခြင်း ရှိမရှိနှင့် မိမိတို့စဉ်းစားထားသည်များကို ပြန်လည်ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

၃၁။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ဒေါ်ခတ္တာ — သမီးဘိုးဘိုး ဦးမြတ်ကျော်ဆီ လာတာပါ။ ကန်တော့ရင်းနဲ့ စာမေးချင်လို့ပေါ့။

သူသူမွန် — တီချယ်က ဘိုးဘိုးဆီမှာ စာမေးချင်လို့။ ဟုတ်လား တီချယ်။ (သူသူမွန်က အံ့သြဟန်ပြုနေမည်။)

ဦးမြတ်ကျော် — ဟဲ့ ခတ္တာ၊ အထဲကို ဝင်ခဲ့လေ။ ကုလားထိုင်ပေါ်ထိုင်ဟဲ့။ ကိစ္စများရှိလို့လား။

ဒေါ်ခတ္တာ — မရောက်တာလဲကြာ၊ ဆရာ့ကိုလဲ ကန်တော့ချင်၊ စာမေးချင်တာလဲ ပါပါတယ် ဆရာကြီး။ (ဆရာမ၊ ဒေါ်ခင်မိုးပွင့်တို့ ဝင်ထိုင်ကြမည်။ သူသူမွန်က ရှောင်ဖယ်ဖယ် လုပ်နေမည်။)

ဒေါ်ခင်မိုးပွင့် — သမီးလေး... သမီးလဲ လာလေ။ သမီးဆရာမကို ဧည့်ခံရမယ်လေ။ (သူသူမွန်က စိတ်မပါဟန်ဖြင့်လာရင်း မိခင် ဒေါ်ခင်မိုးပွင့်ကို ပို့နေစေ။)

ဒေါ်ခတ္တာ — ကဲ...ပထမဆုံး ဆရာကြီးကို ကျွန်မကန်တော့ပါရစေ။ (ဒေါ်ခတ္တာက ဖယောင်းတိုင်ထုပ်နှင့်မုန့်ထုပ်ကို ဆရာကြီးရှေ့ ချရင်း လက်အုပ်ချီ ကန်တော့မည်။)

ဦးမြတ်ကျော် — ကန်တော့ရတဲ့ အကျိုးအတွက် ကျန်းမာ ချမ်းသာပါစေ။ လိုရာဆန္ဒပြည့်ဝပါစေ။ ကဲ... ခတ္တာရေ၊ တွေ့ရတုန်း ဆုံးမရအုံးမယ်။

ဒေါ်ခတ္တာ — ဟုတ်ကဲ့ပါ ဆရာကြီး။ ဆရာကြီးကိုလဲ စာမေးပါရစေရှင့်။

ဦးမြတ်ကျော် — အေး။ ခတ္တာက ငါ့မြေးမလေး တတိယတန်းတုန်းကလဲ စာသင်ပေးရတယ်ဆို။ လယ်စောင့်တဲလေး ကဗျာကို သင်တဲ့အခါ **လယ်စောင့်တဲလေး ခြေတံရှေ့ မိုးကုပ်အောက်မှာနေ** လို့သင်တယ်ဆို။

ဒေါ်ခတ္တာ — ဒီလိုပါ ဆရာကြီး၊ ကဗျာကို ရွတ်တဲ့အခါ ကလေးတွေ နားလည် လွယ်အောင် **ခြေတံရှေ့လို့၊ အောက်မှာနေ**လို့ ရွတ်ခိုင်းတာပါ။

၈၈

အရေးကြီးသောအချက်များ

- ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကားအလိုက် မည်သို့ သရုပ်ဆောင်ရမည်ကို ကလေးအားလုံး စဉ်းစားစေပါမည်။
- ကလေးအားလုံး ပါဝင်ဆွေးနွေးနိုင်အောင် ဆရာက စီစဉ်ပေးရပါမည်။

DRE Box - Copyright Protected

၃၁။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ဦးမြတ်ကျော် — မဟုတ်ဘူးကွဲ့။ ကဗျာဆိုတာက အသံသာအောင်လို့ကာရန်နဲ့ ချိတ်ထားတာ၊ ရွတ်ရာမှာလဲ ကာရန်အတိုင်း ရွတ်ရမယ်။ ဒီကဗျာမှာ **ခြေတံ ရှည်၊ အောက်မှာ တည်**တို့နဲ့ အသံညီအောင် ကြာနီဆိုတာ ပါသေးတယ်၊ ပါတဲ့အတိုင်း ရွတ်ခိုင်းရမယ်။ အဓိပ္ပာယ် ရှင်းပြရာမှာတော့ နားလည်လွယ်မဲ့ စကားလုံးနဲ့ ရှင်းပြပေါ့ကွဲ့။ ဟုတ်လား။

သူသူမွန် — (အသံတိုးတိုးဖြင့်) မေမေ ဘိုးဘိုးက ဆရာလဲ မဟုတ်ဘဲနဲ့ တီချယ်ကို ဘာလို့ သင်နေရတာလဲ။

ဒေါ်ခင်မိုးပွင့် — သင်တတ်လို့ သင်တာပေါ့ သမီးရဲ့။

ဦးမြတ်ကျော် — သင်ခန်းစာတွေကို ကြိုတင်ပြင်ဆင်ထား၊ မမှားအောင်လဲ ဂရုစိုက်။ မှားရင်တော့ ငယ်ငယ်တုန်းကလို ခတ္တာကို ဆူရမှာပဲ။

ဒေါ်ခတ္တာ — ဟုတ်ကဲ့ပါ ဆရာကြီး။

သူသူမွန် — တီချယ်ကို ဘိုးဘိုးကဆူရင် တီချယ်သနားပါတယ် မေမေ။

ဒေါ်ခင်မိုးပွင့် — ဆရာက တပည့်ကို လိမ္မာအောင် ဆုံးမတာ ဝမ်းသာရမှာပေါ့ သမီးရဲ့။

သူသူမွန် — ဘိုးဘိုးက တီချယ်ထက် တတ်ရော တတ်လို့လား။ (တိုးတိုးပြော)

ဒေါ်ခတ္တာ — (ဆရာမက သူသူမွန်ကို ကြည့်ရင်း) သူသူမွန် သမီးလေး။ ဘိုးဘိုးက တီချယ်ထက် ပိုတတ်တယ်ကွဲ့။ သမီးလေးလဲ ဘိုးဘိုး သင်ပြတာတွေကို မှတ်ထားရမယ်။ မှတ်ထားပြီး တီချယ်ကိုလဲ ပြန်ပြောရမယ်နော်။

ဦးမြတ်ကျော် — ငါ့မြေးရော ခတ္တာရော တီချယ်လို့ မပြောဘဲ မြန်မာဆန်ဆန် ဆရာမလို့ ပြောကြပါလား. . . ကဲ...မြေးလေး သူသူမွန်။ ဆရာမ မှာတာတွေ မှတ်ထားရမယ်နော်။

၈၉

အရေးကြီးသောအချက်များ

- ပြဇာတ်ကပြရာတွင် ပြဇာတ်ကိုပုံဖော်နိုင်ဖို့ ဇာတ်စင်အပြင်အဆင်၊ ဇာတ်ဆောင်၊ ကားလိပ်ဖွင့်၊ ကားလိပ်ချ။ သရုပ်ဆောင်ပြောနိုင်ရန် အညွှန်းစကားအချက်များ မဖြစ်မနေ ပါဝင်ရမည်ဖြစ်ကြောင်း ရှင်းပြရပါမည်။
- ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကားအလိုက် မည်သို့ သရုပ်ဆောင်ရမည်ကို ကလေးအားလုံး လေ့ကျင့်စေပါမည်။
- ကလေးအားလုံးပါဝင်ဆွေးနွေးနိုင်အောင် ဆရာက စီစဉ်ပေးရပါမည်။
- သရုပ်ဆောင်နိုင်ရန် လေ့ကျင့်မှုအားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (သတ္တမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ဒီအချိန်မှာတော့ ဇာတ်ဆောင်တွေ ဘယ်လို ပြောပြီး သရုပ်ဆောင်ရမလဲဆိုတာ မနေ့က စဉ်းစားထားတဲ့ အတိုင်း သရုပ်ဆောင်ကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုး ပါမည်။

လုပ်ငန်းစဉ်

- ရှေးဦးစွာ ဆရာက ပြဇာတ်တစ်ပုဒ်လုံးကို ကလေးအားလုံး ပြန်ဖတ်စေပါမည်။
- "မနေ့ကအုပ်စုဖွဲ့ထားတဲ့အတိုင်း ကိုယ်ကဘယ်နေရာမှာ ပါဝင် သရုပ်ဆောင်ကြမလဲဆိုတာ ဇာတ်ညွှန်းအတိုင်း လေ့ကျင့် ကြည့်ကြရအောင်" ဟုပြောပါမည်။
- ⊙ အဖွဲ့လိုက်လေ့ကျင့်စေရာတွင် ဇာတ်ဆောင်တစ်ဦးချင်းစီ၏ ပြောစကား၊ ဟန်ပန်အမူအရာ၊ အသံနေအသံထားအတိုင်း လေ့ကျင့်စေပါမည်။
- ⊙ ဆရာက"လေ့ကျင့်တဲ့နေရာမှာ သွက်သွက်လက်လက် ပြောနိုင် အောင် ဇာတ်ဆောင်ပြောစကားကို သေသေချာချာ ဖတ်မှတ် ရမယ်" ဟုပြောပါမည်။
- ကလေးအားလုံး အဖွဲ့လိုက် လေ့ကျင့်စေပါမည်။
- ဆရာက "ပြဇာတ်ကပြရာတွင် ပြဇာတ်ကို ပုံဖော်နိုင်အောင် ဘယ်လိုပြင်ဆင်သင့်သလဲဆိုတာ ဖြေကြည့်ပါအုံး" ဟုမေးပါမည်။
- ကလေး ၃၊ ၄ ဦးခန့်၏ အဖြေကို ပြောစေပါမည်။
- လိုအပ်ချက်များရှိပါက ဆရာက လမ်းညွှန်ပေးရပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့အားလုံး ဘယ်လိုသရုပ်ဆောင်ကြမလဲဆိုတာ အဖွဲ့လိုက် လေ့ကျင့်ခဲ့ကြတယ်နော်။ အဲဒီလို သရုပ်ဆောင်ဖို့ ကြိုတင်လေ့ကျင့်ရတာပျော်စရာကောင်းသလား"ဟုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး အဖွဲ့လိုက် လေ့ကျင့်နိုင်မှု ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box - Copyright Protected

အကြံပြုစာသင်ချိန် ၁၀ ချိန် (အဋ္ဌမအချိန်၊ နဝမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ရေ ခုအချိန်မှာတော့ အရင်နေ့တွေက လေ့ကျင့်ထားတဲ့အတိုင်း အဖွဲ့လိုက် အလှည့်ကျ သရုပ်ဆောင်ပြီး ပြဇာတ် ကကြရအောင်” ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- “ကလေးတို့ကိုယ်တိုင် သရုပ်မဆောင်ခင် အတန်းလိုက် သရုပ်ဆောင်တွေရဲ့ပြောစကားတွေကို ဖတ်ကြည့်ပါအုံး”ဟု ပြောပြီး အတန်းလိုက် ဖတ်စေပါမည်။
- အဖွဲ့လိုက်သရုပ်မဆောင်ခင် အဖွဲ့အမည်(အဖွဲ့ ၁၊ ၂) သတ်မှတ်ပေးပြီး မဲလိပ်နှိုက်၍ မည်သည့်အဖွဲ့က စတင်သရုပ်ဆောင်မည်ကို သတ်မှတ်ပေးပါမည်။
- ⊙ အဖွဲ့လိုက် သရုပ်ဆောင်စေပါမည်။ (တစ်ဖွဲ့သရုပ်ဆောင်နေစဉ် အခြားအဖွဲ့ဝင်များကို ကြည့်စေပါမည်။)
- အဖွဲ့လိုက် ဘယ်လိုသရုပ်ဆောင်တာကို ကြိုက်သလဲဆိုသည့် အချက်ကို ပြောစေပါမည်။ သာဓက “တို့ကတော့အဖွဲ့. . . သရုပ်ဆောင်တာ ပိုကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ညီညီညွတ်ညွတ်နဲ့ သရုပ်ဆောင်သွားလို့ဖြစ်တယ်”
- ကလေးများ၏ပြောကြားချက်ကို ဆရာကသင်ပုန်းမှတ်ချက် ရေးရပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ကိုယ်တိုင် ပြဇာတ်သင်ခန်းစာထဲမှာပါတဲ့ ဇာတ်ဆောင်တွေအတိုင်း သရုပ်ဆောင်ခဲ့ကြတယ်နော်။ အဲဒီလို သရုပ်ဆောင်ပြောရတာ စိတ်ထဲမှာဘယ်လိုခံစားရသလဲ” ဟုမေးပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး ပါဝင်ဆွေးနွေးနိုင်ခြင်း ရှိမရှိနှင့် မိမိတို့စဉ်းစားထားသည်များကို ပြန်လည်ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၃၁ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

ပါဝင်သူများ



ဦးမြတ်ကျော် အငြိမ်းစားကျောင်းအုပ်ကြီး

ဒေါ်ခင်မိုးပွင့် ဦးမြတ်ကျော်၏သမီး

ဒေါ်ခတ္တာ မူလတန်းပြဆရာမ

သူသူမွန် ဒေါ်ခင်မိုးပွင့်၏သမီး စတုတ္ထတန်းကျောင်းသူ

ဇာတ်စင်



ကားလိပ်ဖွင့်

ဒေါ်ခတ္တာ ဆရာကြီး ရှိပါသလားရှင့်။
(အိမ်ဝင်းတံခါးမှ လှမ်း၍ခေါ်စေ)

ဒေါ်ခင်မိုးပွင့် ဩော် - ဆရာမပါလား။ ဆရာကြီး ရှိပါတယ်ရှင့်၊ ဝင်ခဲ့ပါ။ ဟဲ့ သမီး မွန်မွန်။ သမီးရဲ့ဆရာမ လာနေတယ်။

သူသူမွန် (ပြေးလွှားရင်း) တီချယ်က သမီးတို့အိမ် လာတယ်နော်။ သမီးကို ဘာပြောချင်လို့လဲ။

အရေးကြီးသောအချက်များ

- ကလေးများ အလှည့်ကျသရုပ်ဆောင်နေစဉ် ဆရာက အားပေးခြီးကျူးစကား ပြောပေးရပါမည်။
- သရုပ်ဆောင်ရာတွင် ကလေးအားလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် သရုပ်ဆောင်တတ်ရန် အရေးကြီးပါသည်။

DBE Box – Copyright Protected

၃၁။ သုံးပွင့်တစ်ခိုင် (ပြဇာတ်)

သူသူမွန် — ဟုတ်ကဲ့ပါ။ တီချယ်မှာတာ အဲလေ...ဆရာမ မှာတာကို မှတ်ထားပါ့မယ် ဘိုးဘိုး။

ဒေါ်ခင်မိုးပွင့် — ကဲ လာသမီး။ ဆရာမဖို့ ကော်ဖီဖျော်ကြစို့။
(ဒေါ်ခင်မိုးပွင့်က သူသူမွန်ကို အိမ်ထဲခေါ်သွားမည်။)

ဦးမြတ်ကျော် — ကဲ...ဆရာမရေ၊ ကြိုတင်ဇာတ်တိုက်ထားလို့ ဇာတ်လမ်းကတော့ ဖြောင့်သွားပြီ။ နို့မဟုတ်ရင် ဒို့များက ဘာကိုပဲ ပြောပြော၊ ဘာကိုပဲသင်သင်၊ တီချယ်လောက် မတတ်ဘူးချည်း ငြင်းနေတာပဲ။ ခုတော့ အဆင်ပြေကောင်းပါရဲ့။

ဒေါ်ခတ္တာ — ကောင်းပါတယ် ဆရာကြီး၊ ခုလို ဆရာရယ်၊ မိဘရယ်၊ ကျောင်းသားရယ် ညှိနှိုင်းလုပ်တော့ ပညာရေးမှာ ပိုအောင်မြင်နိုင်တာပေါ့။

ကားလိပ်ချ — ပြီးပါပြီ။

ဇာတ်ဆရာ ကိုမြန့်စာ

လေ့ကျင့်ခန်း

၁။ ပြဇာတ်ကပြရာတွင် ပုံဖော်ပေးသူများကို ဖော်ပြပါ။
၂။ ပြဇာတ်ကပြရာတွင် ပြင်ဆင်ပါဝင်ရမည့် အချက်များကို ဖော်ပြပါ။
၃။ ဇာတ်ညွှန်းဆိုသည်မှာ အဘယ်နည်း။
၄။ သူသူမွန်က အဘိုးဖြစ်သူနှင့် ဆရာမတို့ နှစ်ဦးတွင် မည်သူကို ပို၍ အလေးထားသနည်း။
၅။ အဘိုးဖြစ်သူကို ဆရာမက ရိုသေစွာဆက်ဆံသောအခါ မြေးမလေး၏ စိတ်တွင် မည်သို့ဖြစ်နေသနည်း။
၆။ သူသူမွန်၏စိတ် ပြောင်းလဲသွားစေရန် အဘိုးဖြစ်သူက မည်သို့ စီစဉ်ခဲ့သနည်း။
၇။ ပညာရေး ပိုမိုအောင်မြင်နိုင်အောင် မည်သို့ လုပ်ဆောင်သင့်သနည်း။

၉၀

အရေးကြီးသောအချက်များ

- ဆရာက ပြဇာတ်ရေးထားသည့်ပုံစံက အခြားစာပေ ပုံစံနှင့်မတူကြောင်း သရုပ်ဆောင်က လုပ်ဆောင်ရမည့်အချက်ပေါ်မူတည်ပြီး ရေးထားသည့် စာအမျိုးအစားဖြစ်ကြောင်း ရှင်းပြရပါမည်။
- မေးခွန်းများဖြေဆိုစေရာတွင် ကလေး၏ စိတ်ကူးအတွေး အဖြေကို လက်ခံပေးရပါမည်။
- ဖြေဆိုရန် အားနည်းသော ကလေးများရှိပါက ဆရာက ကူညီပံ့ပိုးပေးရပါမည်။

အကြံပြုစာသင်ချိန် ၁၀ ချိန် (ဒသမအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "မနေ့က ပြဇာတ်သင်ခန်းစာကို သရုပ်ဆောင်ပြီးပြောခဲ့ကြတယ်နော်။ ဒီအချိန်မှာတော့ ပြဇာတ်ထဲမှာပါတဲ့ မေးခွန်းလေးကိုဖြေကြည့်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- မေးခွန်း (၆) သူသူမွန်၏စိတ် ပြောင်းလဲသွားစေရန်အဘိုးဖြစ်သူက မည်သို့စီစဉ်ခဲ့သနည်း ကို မေးပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- အတန်းရှေ့ထွက်၍ မေးခွန်း (၆)၏အဖြေကို ကလေး ၃၊ ၄ ဦးခန့်အား ပြောစေပါမည်။
- မေးခွန်း (၇) "ပညာရေးပိုမိုကောင်းမွန်အောင် မည်သို့လုပ်ဆောင်သင့်သနည်း"ဟုမေးပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါမည်။
- အတန်းရှေ့ထွက်၍ မေးခွန်း (၇) ၏အဖြေကို ကလေး ၃၊ ၄ ဦးခန့် ပြောစေပါမည်။
- ကလေးများ၏ အဖြေကို ဆရာက သင်ပုန်းမှတ်ချက်ရေးပါမည်။
- ဆရာက "ပုံပြင်တွေရေးထားတာနဲ့ပြဇာတ်ရေးထားတာ ဘယ်လိုကွာခြားသလဲ။ ဘာဖြစ်လို့ ဒီလိုရေးထားတာလို့ထင်သလဲ" ဟုမေးပြီး ကလေးများကိုဖြေစေပါမည်။
- ကလေးများ၏အဖြေ မပြည့်စုံပါက ဆရာကဖြည့်စွက် ရှင်းပြရပါမည်။

နိဂုံးချုပ်ခြင်း

- "ဒီပြဇာတ်ကို သင်ပြီး ကလေးတို့အတွေးတွေ အများကြီးရခဲ့ကြတယ်။ ကလေးတို့ ကိုယ်တိုင်လဲ ဆရာမိဘ ကျောင်းသားပူးပေါင်းဆောင်ရွက်ရင် အကျိုးကျေးဇူးရှိတယ်ဆိုတာ သိသွားကြပြီနော်"ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်းများဖြေစေရာတွင် ကလေးများ၏ ထင်မြင်ချက်များ ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၃၂) ဒိုးပတ်သံ (သံချပ်)
အကြိမ်စာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်
- သံချပ်၏ သဘောသဘာဝကို သိရှိပြီး ရွတ်ဆိုတတ်ရန်
- ပျော်ပျော်ရွှင်ရွှင်နှင့် စုပေါင်းသီဆိုတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း
- ကျောင်းသုံးစာအုပ်ပါရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း
နိဒါန်း
- "ကလေးတို့ သံချပ်ဆိုတာဘာလဲ။ သံချပ်ဆိုတာ ကြားဖူးသလား" ဟု မေးကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်
- ပထမဦးစွာ ဆရာက ကျောင်းသုံးစာအုပ်တွင် ပါဝင်သော ဒိုးပတ်သံ (သံချပ်)ကို ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ကလေးများကို သေချာနားထောင်စေပါမည်။
- ထို့နောက် ကလေးများကို ဆရာနောက်မှလိုက်၍ ရွတ်ဆိုစေပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ကလေးများကိုယ်တိုင် ရွတ်ဆိုစေပါမည်။ (တစ်တန်းလုံး၊ အုပ်စုလိုက်)
- ရွတ်ဆိုပြီးပါက ဆရာက "သံချပ်ဆိုတာ အိုးစည်၊ ဒိုးပတ်ဝိုင်းတွေမှာ အတိုင်အဖောက်နဲ့ ရွတ်ဆိုရတဲ့ ကဗျာတစ်မျိုးဖြစ်တယ်"ဟုရှင်းပြကာ ဆရာက အသံနေအသံထားဖြင့် ရွတ်ဆိုပြပါမည်။
- ဆရာရွတ်ဆိုနေစဉ် ကလေးများ သေချာစွာ နားထောင်စေပါမည်။

နိဂုံးချုပ်ခြင်း
- "ကလေးတို့ သံချပ်ဆိုပုံဆိုနည်းကို သိပြီးပြီဆိုတော့ နောက်တစ်ခါနှစ်မှာ အဖွဲ့လိုက် လေ့ကျင့်ရင်း ဆိုကြည့်ကြမယ်" ဟုပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း
- လုပ်ငန်းစဉ်အတွင်း သံချပ်ကဗျာကို တစ်တန်းလုံး၊ အုပ်စုလိုက် မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၃၂ ဒိုးပတ်သံ (သံချပ်)



(အမျိုးနေ့ တကယ်မြတ်ပါတဲ့ ကိုးနဝရတ် ရောင်စုံခြယ်)[၂] (ဒိုးပတ်ကိုတဲ့လွယ်ပါတယ်၊ မြန်မြည်နယ် ကျော်ကြား)[၂] (တီးလိုက်မယ်ကွဲ့ ရွှေဒိုးသံကို)[၃] မိုးထက်ယံ နတ်ထံကကြား၊ အလိုရှင်/အလိုဗျာ နတ်ထံကကြား။

သံချပ်

လုပ်အားပေးဖို့ ထွက်လို့လာ၊ ညီညီညာညာ လာကြလာကြ။
တစ်ယောက်တစ်လက် ပိုင်းလို့ကူ၊ အများပြည်သူ ကောင်းဖို့ကောင်းဖို့။
ရပ်ရွာအကျိုး သယ်ပိုးတာ၊ ဝမြိုးသာယာ ကျန်းမာဖို့ပဲ။
လက်တွေ့ဖို့ဖြိုး မမေ့ပါ၊ စုကာပေါင်းကာ လုပ်ကြကိုင်ကြ။
တံတားခင်းပါ လမ်းပြင်ပါ၊ အလုပ်ဆိုတာ ဂုဏ်ရှိတာပဲ။
ပေါက်ပြားကိုင်ကာ မြေဆွေပါ၊ မြေပဒေသာ စိုက်ကြပျိုးကြ။
တို့ကျောင်းတော်ကြီး သန့်ရှင်းအောင်၊ ငါတို့မယ်မောင် ရှင်းကြလင်းကြ။
ကျောင်းရင်ပွေ့များ နီးကြားပါ၊ တိုးပွားမြန်မာ ရွှေပြည်သစ်သို့။
ပညာရွှန်အောင် ကြိုးစားမှာ၊ ဖြိုးကြွားနောင်ခါ ချမ်းသာမလွဲ။
မိဘဆရာတို့ မေတ္တာရေ၊ ကျွန်ုပ်တို့တစ်တွေ ခံယူပါ၏။
(ဟေ့ စိန်လား၊ ဟေ့ မြလား)[၂] ဟေးလား မောင် / မယ် ရှိ၀ါး။

အဓိကအချက်များ
- သံချပ် ရွတ်ဆိုပုံ ရွတ်ဆိုနည်းကို ကလေးများသေချာစွာ သိရှိနားလည်အောင် သင်ကြားရပါမည်။
- သံချပ်ပါစာသား၏ အဓိပ္ပာယ်ကို နားလည်ကာ သီဆိုနိုင်အောင် သင်ကြားရပါမည်။
- အဖွဲ့လိုက် အတူတကွပူးပေါင်းသီဆိုနိုင်စေရန် သင်ကြားပေးရပါမည်။

အရေးကြီးသောအချက်များ
- ခက်ခဲသော ဝေါဟာရများကို နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။
- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ပီသစွာ ရွတ်ဆိုစေပါမည်။

DEE Box - Copyright Protected

သင်ခန်းစာ ၃၂ ဒိုးပတ်သံ (သံချပ်)



(အမျိုးနေ့ တကယ်မြတ်ပါတဲ့ ကိုးနဝရတ် ရောင်စုံခြယ်)[၂] (ဒိုးပတ်ကိုတဲ့လွယ်ပါတယ်၊ မြန်ပြည်နယ် ကျော်ကြား)[၂] (တီးလိုက်မယ်တဲ့ ရွှေဒိုးသံကို)[၃] မိုးထက်ယံ နတ်ထံကကြား၊ အလိုရှင်/အလိုဗျာ နတ်ထံကကြား။

သံချပ်

လုပ်အားပေးဖို့ ထွက်လို့လာ၊ ညီညီညာညာ လာကြလာကြ။
တစ်ယောက်တစ်လက် ဝိုင်းလို့ကူ၊ အများပြည်သူ ကောင်းဖို့ကောင်းဖို့။
ရပ်ရွာအကျိုး သယ်ပိုးတာ၊ ဝဖြိုးသာယာ ကျန်းမာဖို့ပဲ။
လက်တွေ့ဖွံ့ဖြိုး မမှေပါ၊ စုကာပေါင်းကာ လုပ်ကြကိုင်ကြ။
တံတားခင်းပါ လမ်းပြင်ပါ၊ အလုပ်ဆိုတာ ဂုဏ်ရှိတာပဲ။
ပေါက်ပြားကိုင်ကာ မြေဆွပါ၊ မြေပဒေသာ စိုက်ကြပျိုးကြ။
တို့ကျောင်းတော်ကြီး သန့်ရှင်းအောင်၊ ငါတို့မယ်မောင် ရှင်းကြလင်းကြ။
ကျောင်းရင်သွေးများ နိုးကြားပါ၊ တိုးမွားမြန်မာ ရွှေပြည်သစ်သို့။
ပညာချွန်အောင် ကြိုးစားမှာ၊ ဖြိုးကြွားနောင်ခါ ချမ်းသာမလွဲ။
မိဘဆရာတို့ မေတ္တာရေ၊ ကျွန်ုပ်တို့တစ်တွေ ခံယူပါ၏။
(ဟေ့ စိန်လား၊ ဟေ့ မြလား)[၂] ဟေးလား မောင် / မယ် ရှိ၀ါး။

အရေးကြီးသောအချက်များ

- သံချပ်ဆိုပုံဆိုနည်းကို ကလေးများနားလည်အောင် ဆရာက ပြောပြပေးရပါမည်။
- အဖွဲ့တွင်း လေ့ကျင့်ရာတွင် မည်သို့ဆိုရမည်ကို အချင်းချင်း တိုင်ပင်ပြီး လေ့ကျင့်စေရပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အဖွဲ့လိုက်ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အကြိပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ ဒီတစ်ချိန်မှာတော့ သံချပ်ကဗျာကို အဖွဲ့လိုက် ရွတ်ဆိုရင်း လေ့ကျင့်ကြရအောင်"ဟုပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက သံချပ်ကဗျာကို အသံနေအသံထားမှန်မှန်ဖြင့် ရွတ်ဆိုပြပါမည်။ (အနည်းဆုံး ၂ ကြိမ်ခန့်)
- ရွတ်ဆိုရာတွင် သံချပ် ဆိုပုံဆိုနည်းကိုပါ ပြောပြသွားရပါမည်။ ကလေးများ နောက်မှလိုက် ဆိုစေပါမည်။
- ထို့နောက် ဆရာက "ကဗျာထဲမှာပါတဲ့ စာကြောင်းတွေက ဘာကိုပြောတာလဲ။ အဓိပ္ပာယ်ကိုရောသိကြသလား။ စဉ်းစားကြည့်ပါအုံး" ဟုပြောကာ နှစ်ယောက်တစ်တွဲ ပြောစေပါမည်။
- ပြောပြီးပါက ၃၊ ၄ ယောက်ခန့်ကို ပြောစေပါမည်။
- ထို့နောက် ဆရာက ကဗျာပါအကြောင်းအရာကို ရှင်းပြပါမည်။
- ရှင်းပြပြီးပါက "အသင်းငါးသင်းရှိတယ်။ တစ်သင်းကို တစ်ဖွဲ့ဖွဲ့မေးမယ်။ ကိုယ့်အဖွဲ့နဲ့ကိုယ် သံချပ်ကို လေ့ကျင့်ကြမယ်" ဟု ပြောကာ ကလေးများကို လေ့ကျင့်စေပါမည်။
- လေ့ကျင့်ရာတွင် "ပထမဆုံးအပိုဒ်ကို တစ်ယောက်ပဲ ဆိုရမယ်။ ကျန်တဲ့ စာသားတွေကိုတော့ အလှည့်ကျဆိုရမယ်"
- လုပ်အားပေးဖို့ ထွက်လို့လာ၊ ညီညီညာညာ လာကြလာကြ
  (တစ်ယောက်) (အများ)
  ညီညီညာညာ လာကြလာကြ၊ လုပ်အားပေးဖို့ ထွက်လို့လာ
  (တစ်ယောက်) (အများ)
  တစ်ယောက်တစ်လက် ဝိုင်းလို့ကူ၊ အများပြည်သူ ကောင်းဖို့ ကောင်းဖို့
  (တစ်ယောက်) (အများ)
  အများပြည်သူ ကောင်းဖို့ကောင်းဖို့၊ တစ်ယောက်တစ်လက် ဝိုင်းလို့ကူ
  (တစ်ယောက်) (အများ)
- စသည်ဖြင့် ကျန်ရှိနေသေးသော သံချပ်ကဗျာကို ထိုနည်းအတိုင်း အဖွဲ့တွင်း လေ့ကျင့်စေပါမည်။

နိဂုံးချုပ်ခြင်း

- "ကလေးတို့ သံချပ်ဆိုပုံကို လေ့ကျင့်ပြီးပြီဆိုတော့ နောက်တစ်ချိန်မှာ အဖွဲ့လိုက်ပြိုင်ပြီးဆိုရမယ်" ဟု ပြောကာနိဂုံးချုပ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- “ကလေးတို့ အရင်အချိန်က လေ့ကျင့်ပြီးပြီဆိုတော့ ဒီတစ်ချိန်မှာတော့ အဖွဲ့လိုက် ဆိုကြည့်ကြရအောင်” ဟု ပြောကာ နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ပထမဦးစွာ ဆရာက အသင်းတစ်သင်းကို တစ်ဖွဲ့ ဖွဲ့ပေးပါမည်။
- ⊙ အဖွဲ့လိုက် မပြိုင်မီ အဖွဲ့တွင်း ပြန်လည်လေ့ကျင့်စေပါမည်။
- ဆရာက လေ့ကျင့်ချိန်အနည်းငယ်ကို သတ်မှတ်ပေးရပါမည်။
- ဆရာက အဖွဲ့တစ်ဖွဲ့စီအတွက် စာရွက်တစ်ရွက်ဝေပေးကာ “ပထမအဖွဲ့ဆိုနေချိန်မှာ ကျန်တဲ့အဖွဲ့တွေက သေချာနားထောင်နေရမယ်။ သူတို့ဆိုပြီးတဲ့အချိန်မှာ ကောင်းတဲ့အချက်၊ အားနည်းတဲ့အချက်တွေကို ကျန်တဲ့အဖွဲ့တွေက ရေးပေးရမယ်” ဟု ပြောကာ သေချာနားထောင်စေပါမည်။
- ထို့နောက် အဖွဲ့လိုက် ယှဉ်ပြိုင်စေပါမည်။
- ⊙ အဖွဲ့အားလုံး ယှဉ်ပြိုင်ပြီးပါက ရေးသားထားသည်များကို အဖွဲ့တွင်းဆွေးနွေးပြီး တစ်ဦးက အတန်းသို့ ပြောပြရပါမည်။
- ⊙ ထိုသို့ ပြောကြားရာတွင် အဖွဲ့အားလုံးအတွက် မပြောဘဲ အဖွဲ့တစ်ဖွဲ့အတွက်သာ ပြောရပါမည်။
- “ဒီအဖွဲ့က အနော်ရထာအဖွဲ့ဆိုသွားတဲ့အပေါ် ကောင်းတဲ့အချက်နဲ့ အားနည်းတဲ့အချက်တွေကို ပြောသွားခဲ့တယ်။ ကျန်တဲ့အဖွဲ့တွေကရော ဘာတွေထပ်ဖြည့်ပြောချင်သေးလဲ”ဟု မေးကာ ကလေးများကို ပြောစေပါမည်။
- ထို့နောက် ကျန်စစ်သားအသင်း သီဆိုပုံကိုပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- “ကလေးတို့ သံချပ်ကဗျာလေးကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဆိုနိုင်ကြရဲ့လား။ သံချပ် ကဗျာကို ရွတ်ဆိုတဲ့အခါ စည်းစည်းလုံးလုံးနဲ့ အဖွဲ့လိုက် ရွတ်ဆိုကြရမယ်” ဟု ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးများအဖွဲ့လိုက် ပူးပေါင်းကာ သီဆိုနိုင်ခြင်း ရှိ မရှိနှင့် အခြားအဖွဲ့များ သီဆိုမှုကို မှတ်ချက်ပေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

သင်ခန်းစာ ၃၂ ဒိုးပတ်သံ (သံချပ်)



(အမျိုးနေ၁ တကယ်မြတ်ပါတဲ့ ကိုးနဝရတ် ရောင်စုံခြယ်)[၂] (ဒိုးပတ်ကိုတဲ့လွယ်ပါတယ်၊ မြန်မြည်နယ် ကျော်ကြား)[၂] (တီးလိုက်မယ်ကွဲ့ ရွှေဒိုးသံကို)[၃] မိုးထက်ယံ နတ်ထံကကြား၊ အလိုရှင်/အလိုဗျာ နတ်ထံကကြား။

သံချပ်

လုပ်အားပေးဖို့ ထွက်လို့လာ၊ ညီညီညာညာ လာကြလာကြ။
တစ်ယောက်တစ်လက် ပိုင်းလို့ကူ၊ အများပြည်သူ ကောင်းဖို့ကောင်းဖို့။
ရပ်ရွာအကျိုး သယ်ပိုးတာ၊ ဝတ္ထိုးသာယာ ကျန်းမာဖို့ပဲ။
လက်တွေ့ဖို့ဖြိုး မမေ့ပါ၊ စုကာပေါင်းကာ လုပ်ကြကိုင်ကြ။
တံတားခင်းပါ လမ်းပြင်ပါ၊ အလုပ်ဆိုတာ ဂုဏ်ရှိတာပဲ။
ပေါက်ပြားကိုင်ကာ မြေဆွေပါ၊ မြေပဒေသာ စိုက်ကြပျိုးကြ။
တို့ကျောင်းတော်ကြီး သန့်ရှင်းအောင်၊ ငါတို့မယ်မောင် ရှင်းကြလင်းကြ။
ကျောင်းရင်ပွေ့များ နီးကြားပါ၊ တိုးပွားမြန်မာ ရွှေပြည်သစ်သို့။
ပညာရွှန်အောင် ကြိုးစားမှာ၊ ဖြိုးကြွားနောင်ခါ ချမ်းသာမလွဲ။
မိဘဆရာတို့ မေတ္တာရေ၊ ကျွန်ုပ်တို့တစ်တွေ ခံယူပါ၏။
(မော့ စိန်လား၊ မော့ မြလား)[၂] ဟေးလား မောင် / မယ် ရှိ၀ါး။

အရေးကြီးသောအချက်များ

- သံချပ်ကဗျာကို အဖွဲ့လိုက် သေချာစွာလေ့ကျင့်ရပါမည်။
- အခြားအဖွဲ့ဆိုနေချိန်တွင် ဂရုစိုက်၍နားထောင်ကာ မှတ်သားထားရပါမည်။

DBE Box - Copyright Protected



သင်ခန်းစာ (၃၃) မေးကြည့် ဖြေကြည့် အဖြေရှာကြည့်ပါ
အကြိပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- သူတစ်ပါးနားလည်အောင် မေးခွန်းများ မေးတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ မေးခွန်းမေးတမ်း ကစားကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပိုးပါမည်။

လုပ်ငန်းစဉ်

- "ကလေးတို့ ကျောင်းသုံးစာအုပ်ထဲက သူငယ်ချင်းက မေးခွန်းမေးတမ်း ဘယ်လိုကစားသလဲဆိုတာ သိရအောင် အုပ်စုနှစ်စုခွဲပြီး ဖတ်ကြည့်ကြမယ်နော်"ဟုပြောကာ အုပ်စုဖွဲ့ပေးပါမည်။
- "အုပ်စု (၁) က ကျောင်းသားလေးနေရာကနေ ဖတ်ကြည့်မယ်။ အုပ်စု (၂) က ကျောင်းသူလေးနေရာက ဖတ်ကြည့်မယ်နော်။" ဟုပြောကာ ဖတ်စေပါမည်။
- ဒီတစ်ခါ ဆရာက "ကစားနည်းတစ်မျိုးရဲ့အမည်ကို ရေးထားမယ်။ ကလေးတို့က မေးခွန်းလေးတွေ မေးကြည့်ကြနော်။ မေးခွန်း ၁၀ ခုမေးရမယ်။ ဆရာက "ဟုတ်တယ်" "မဟုတ်ဘူး" ပြန်ဖြေမယ်။" ဟု ရှင်းပြပါမည်။
- ⊙ မေးခွန်း (၁၀)ခုပြည့်ပါက ကလေးများကို အဖြေစဉ်းစားပြီး မှတ်စုတွင် ရေးစေပါမည်။
- ဆရာမှတ်ထားသော အဖြေကို ပြောပြကာ အဖြေတိုက်ဆိုင်စစ်ဆေးပါမည်။
- ⊙ ထို့နောက် ကလေးတစ်ဦးကို အတန်းရှေ့ထွက်၍ နှစ်သက်ရာ ကစားနည်းတစ်မျိုး၏အမည်ကိုမှတ်ထားစေပြီး တစ်တန်းလုံး နောက်တစ်ကြိမ် လုပ်ဆောင်စေမည်။

နိဂုံးချုပ်ခြင်း

- ကလေးအားလုံး မေးခွန်းများမေးပြီးပါက ကလေးများ မှတ်ထားသောအဖြေကို ပြောပြစေခြင်းဖြင့် နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်းမေးရာတွင် ကိုယ်တိုင်စဉ်းစားခြင်း ရှိ မရှိ၊ မေးမြန်းခြင်း ရှိ မရှိနှင့် ပါဝင်ဆွေးနွေးခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

အဓိကအချက်များ

- မေးခွန်းမေးတတ်အောင် လေ့ကျင့်ပေးသော သင်ခန်းစာဖြစ်၍ ကလေးများ မေးခွန်းကို မေးရဲအောင် ပံ့ပိုးကူညီပေးရပါမည်။

အရေးကြီးသောအချက်များ

- အမေးအဖြေ ပြုလုပ်ပုံအဆင့်ဆင့်ကို ကလေးများ နားလည်သည်အထိပြောပြရမည်။
- အချိန်ရပါက အခြားကလေးတစ်ယောက်ကို အတန်းရှေ့ထွက်စေပြီး တစ်တန်းလုံးဖြင့် နောက်တစ်ကြိမ် လုပ်ဆောင်စေမည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အခုအချိန်မှာ ကလေးတို့အချင်းချင်း မေးခွန်းလေးတွေ မေးကြည့် ဖြေကြည့်ကြမယ်နော်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- "ဒီတစ်ခါ ကလေးတို့ နှစ်သက်တဲ့ တိရစ္ဆာန်အကြောင်း မေးခွန်းလေးတွေကို အဖွဲ့လိုက် မေးကြည့်ဖြေကြည့်ကြမယ်နော်" ဟု ပြောကာ ဆရာက အမေးအဖြေ ပြုလုပ်ပုံ အဆင့်ဆင့်ကို ဖတ်ပြပါမည်။
- ကလေးများကို ဖတ်စေကာ နားလည် သဘောပေါက်သည်အထိ ရှင်းပြရပါမည်။
- မေးခွန်းမေးရန် အုပ်စုဖွဲ့ပေးပါမည်။
- သင်ခန်းစာပါအတိုင်း မေးခွန်းမေးသူ ၁ဦး သို့မဟုတ် ၂ဦး၊ ဖြေဆိုသူ ၁ဦး၊ မေးခွန်းနှင့်အဖြေများကို မှတ်စုမှတ်သူ ၁ဦး ကို အဖွဲ့တွင်း တာဝန်ခွဲဝေသတ်မှတ်စေမည်။
- ⊙ အုပ်စုတွင်း မေးခွန်းမေးစေ၊ ဖြေစေပါမည်။
- ဖြေဆိုသူကိုပြောင်းလဲကာ နောက်ထပ် အချိန်ရသလောက် လုပ်ဆောင်စေပါမည်။

နိဂုံးချုပ်ခြင်း

- " နောက်တစ်ချိန်မှာ တခြားအကြောင်းအရာလေးတွေကို ထပ်ပြီး မေးကြည့် ဖြေကြည့်ကြမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အဖွဲ့တွင်း စိတ်ဝင်တစားပါဝင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အရေးကြီးသောအချက်များ

- အမေးအဖြေပြုလုပ်ပုံ အဆင့်ဆင့်ကို သေချာစွာ နားလည်အောင် ရှင်းပြရပါမည်။
- မေးခွန်းမေးသူ၊ ဖြေဆိုသူ၊ မှတ်စုမှတ်သူနေရာကို ကလေးများက အနည်းဆုံး ၁ကြိမ်နှင့်အထက် လုပ်ဆောင်ခွင့်ရစေရန် ပြုလုပ်ပေးရပါမည်။
- အမေးအဖြေပြုလုပ်ပုံအဆင့်ဆင့်၏ နံပါတ် (၁) တွင် ကွင်းခတ်ရေးသားထားသော စာကြောင်းကို ဖတ်ရန်မလိုအပ်ပါ။ တတိယအချိန်တွင် အချိန်ရပါက ထည့်သွင်းမေးမြန်းရန်ဖြစ်ပါသည်။

DBE Box - Copyright Protected

အမေးအဖြေ ပြုလုပ်ပုံ အဆင့်ဆင့်

၁။ ဖြေကြားမည့်သူသည် မိမိနှစ်သက်ရာ တိရစ္ဆာန်၏ အမည်ကို မှတ်စုတွင်ရေးကာ ဝှက်ထားမည်။
(နှစ်သက်သော ပန်း၊ နှစ်သက်သော အစားအစာကို အဖြေအဖြစ် ဝှက်ထားနိုင်သည်။)

၂။ မေးခွန်းမေးမည့်သူသည် မေးခွန်းများကို စဉ်းစားကာမေးမည်။ မေးခွန်းမေးမည့်သူ ၂ ယောက်အထက် ရှိနေပါက တစ်လှည့်စီ မေးမည်။

၃။ မှတ်စုမှတ်မည့်သူသည် အမေး၊ အဖြေတို့ကို အခြားသူများ မြင်သာအောင် ရေးမည်။

၄။ မေးခွန်း ၁၀ ခုပြည့်ပါက မေးခွန်းမေးသူသည် မှတ်စုကို ကြည့်ကာ အဖြေကို စဉ်းစားပြီး မိမိမှတ်စုစာအုပ်တွင်ရေးမည်။

၅။ နောက်ဆုံးတွင် ဖြေကြားသူက ဝှက်ထားသော အဖြေကို ပြောကြားမည်။



အဖွဲ့တွင်းပါဝင်သူအားလုံးက မေးခွန်းမေးသူ၊ ဖြေဆိုသူ၊ မှတ်စုမှတ်သူ နေရာကို တစ်လှည့်စီ တာဝန်ယူ လုပ်ဆောင်ကြရအောင်

- မေးခွန်းတွေ အများကြီးမေးလို့ရတယ်။
- ဘယ်လိုမေးခွန်းတွေ မေးရင်ကောင်းမလဲဆိုတာ စဉ်းစားလို့ရတယ်။

အရေးကြီးသောအချက်များ

- မေးခွန်းမေးပုံကို စဉ်းစားစေရာတွင် ကလေးများကို လွတ်လပ်စွာ ဖြေဆိုစေပါမည်။

အကြိပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "အရင်အခါနှစ်က နှစ်သက်တဲ့ တိရစ္ဆာန်လေးအမည်ကို အမေးအဖြေ လုပ်ခဲ့ကြတယ်နော်။ ဒီအခါနှစ်မှာတော့ နှစ်သက်ရာပန်း ဒါမှမဟုတ် အစားအစာ တစ်မျိုးမျိုးကို အမေးအဖြေ လုပ်ကြရအောင်"ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- မေးခွန်းမေးသူ၊ ဖြေဆိုသူ၊ မှတ်စုမှတ်သူကို သတ်မှတ်စေကာ အဖွဲ့လိုက် နောက်တစ်ကြိမ် အမေးအဖြေပြုလုပ်စေမည်။

⊙ "ကလေးတို့ အမေးအဖြေတွေ ပြုလုပ်ခဲ့ကြတယ်နော်။ ဘယ်လို မေးရင် သူတစ်ပါး ပိုနားလည်မလဲ။ အဖြေနဲ့ပိုနီးစပ်မလဲ ဆိုတာ စဉ်းစားကြည့်ကြမယ်"ဟု ပြောကာ မိမိတို့ ထင်မြင်ချက်ကို အဖွဲ့အတွင်း လဲလှယ်ပြောစေမည်။

⊙ အဖွဲ့လိုက် ထင်မြင်ချက်များကို အတန်းသို့ပြောစေမည်။ သာဓက။ ။ အသံကျယ်ကျယ် မေးမယ်
သူတစ်ပါး မမေးရသေးတဲ့မေးခွန်းကို စဉ်းစားမယ်
စသည်

- ဆရာကကလေးပြောကြားချက်များကို သင်ပုန်းမှတ်ချက်ရေးထားမည်။

နိဂုံးချုပ်ခြင်း

- ကလေးများ၏ ပြောကြားချက်များကို ပြန်လည် အနှစ်ချုပ်ပြောကာ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း မေးခွန်းမေးပုံမေးနည်းကို စဉ်းစားကာ ပြောကြားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ (၃၄) ကိုယ့်ငယ်ဘဝအကြောင်းမေးပြီး စာစီစာကုံး ရေးကြရအောင်

အကြံပြုစာသင်ချိန် ၄ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- ကိုယ့်ငယ်ဘဝအကြောင်းကိုမေးပြီးသိရှိရန်
- သိရှိလာသောအကြောင်းကိုတစ်ဆင့်ပြန်ပြောပြရေးပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ဒီနေ့ ကလေးတို့ကို ဇော်သက်ပိုင်ရဲ့ငယ်ငယ်လေးတုန်းက အကြောင်းကို ပြောပြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ကျောင်းသုံးစာအုပ်ပါ စာပိုဒ်ကို ဆရာကဖြည်းဖြည်းမှန်မှန် ဖတ်ပြပါမည်။ (၂ ကြိမ်ခန့်)
- ဆရာက "ကလေးတို့ သေသေချာချာ ပြန်ဖတ်ကြည့်ပါအုံး" ဟု ပြော၍ ဖတ်စေပါမည်။
- ⊙ ထို့နောက် ကလေးများကို မေးခွန်းမေးပါမည်။ "စာပိုဒ် ဘယ်နှပိုဒ်ပါသလဲ" "စာပိုဒ်က ဘယ်သူ့ကိုမေးပြီး ရေးထားတာလဲ"ဟု ဆရာကမေး၍ ကလေး ၃၊ ၄ဦးကို ဖြေစေပါမည်။
- ထို့နောက် "ဇော်သက်ပိုင်ငယ်ငယ်က ဘယ်လိုကလေးမျိုးလဲ" ဆရာကမေး၍ဖြေစေပြီး သင်ပုန်းမှတ်ချက်ရေးရပါမည်။ "ဇော်သက်ပိုင်က စာစီစာကုံးရေးနိုင်အောင် မေမေ့ကို ဘယ်လို မေးခွန်းတွေ မေးခဲ့သလဲဆိုတာ တစ်ဦးချင်းစဉ်းစားကြည့်ကြမယ်" ဟုပြောပြီး ကျောင်းသုံးစာအုပ်တွင်ပါသော အချက်အလက်များကို ရှင်းပြရပါမည်။ (သာဓက ။ ။ သားကို ဘယ်မှာ မွေးခဲ့တာလဲ။ သားငယ်ငယ်ကဘယ်လို အိပ်ရတာကိုကြိုက်သလဲ အစရှိသည်ဖြင့် မေးခွန်းများမေးခဲ့သည်ကို တစ်ဦးချင်းစဉ်းစားပြီး မှတ်စုတွင် ရေးစေပါမည်။)
- ⊙ ရေးပြီးလျှင်နှစ်ယောက်တစ်တွဲ အပြန်အလှန်ဖတ်စေပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "ကလေးတို့လဲ ဇော်သက်ပိုင်လို ငယ်ငယ်လေးတုန်းက အကြောင်း မိသားစုကိုပြန်မေးပြီး ရေးကြရမယ်"ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ဇော်သက်ပိုင်မေးခဲ့သော မေးခွန်းကို ကလေးများပြောနိုင် ရေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။



အဓိကအချက်များ

- ဇော်သက်ပိုင်ကသူ၏အမေအား မည်သို့မေးခဲ့သည်ကို ကလေးများသိရှိစေရမည်။
- ကလေးများကိုယ်တိုင် ရေးသားနိုင်ရန် မေးလိုသည့် မေးခွန်းများကို စဉ်းစားကာရေးစေရမည်။
- စာပိုဒ်၃ပိုဒ် ရေးနိုင်ရန်မေးထားသည့် အချက်ပေါ်အခြေခံပြီး မှတ်စုရေးသားတတ်ရမည်။
- မှတ်စုအခြေခံပြီးစာစီစာကုံးပုံစံ(နိဒါန်း၊ စာကိုယ်၊ နိဂုံး) ရေးတတ်ရမည်။

အရေးကြီးသောအချက်များ

- စာပိုဒ်တွင်ရေးသားနိုင်ရန် မေးရမည့် အချက်များကို သေသေချာချာ ရှင်းပြရပါမည်။
- ကလေးများစာစီစာကုံးရေးသားတတ်ရန် အစပျိုးခြင်းဖြစ်ကြောင်း စာပိုဒ် ၃ပိုဒ်ဖြင့်ဖော်ပြထားသည်ကိုဆရာကသိရှိရပါမည်။
- မိသားစုထဲမှတစ်ဦးကိုမေး၍ ရေးထားသည်ကို ကလေးများသိရှိစေရပါမည်။

DEBox - Copyright Protected



အရေးကြီးသောအချက်များ

- မှတ်စုနမူနာတွင် ပါသည့်အချက်အပြင် တစ်ဦးချင်းစီ ကလေးမေးလိုသည့် မေးခွန်းကို လွတ်လပ်စွာ စဉ်းစားစေရပါမည်။
- တစ်ဦးချင်းစီ စဉ်းစားစေရာတွင် ကလေးအမှန်တကယ် စဉ်းစားခြင်းရှိ မရှိ ဆရာက ကြည့်ရှုပေးရပါမည်။
- အတန်းရှေ့ပြောကြားရာတွင် အချိန်ရပါက ၂ ဦး ၃ ဦးထက်မနည်း ပြောကြားစေပါမည်။
- မိမိအိမ်တွင် မေးလိုသည့် မေးခွန်းကိုမေးပြီး အဖြေကိုမှတ်သားခဲ့ရန် ဆရာက မှာကြားရပါမည်။

အကြံပြုစာသင်ချိန် ၄ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက ဇော်သက်ပိုင်၏ အကြောင်းကို ပြန်မေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက "ကိုယ့်အကြောင်းကိုမေးတဲ့အခါမှာ ကိုယ်မမှတ်မိနိုင်တဲ့ ကျောင်းမတက်ခင်အချိန်ကအကြောင်းကို ဘယ်လိုမေးခွန်းမေးရမလဲဆိုတာ စဉ်းစားကြမယ်"ဟုပြောပြီး နိဒါန်းပျိုးပါမည်။
- ⊙ ဆရာက "ဘယ်သူ့ကိုဘယ်လိုမေးခွန်း မေးမလဲဆိုတာ မှတ်စုစာအုပ်မှာရေးကြရအောင်"ဟုပြော၍ ကလေးတစ်ဦးချင်းစဉ်းစားထားသော မေးခွန်းများကို ရေးမှတ်စေပါမည်။
- ⊙ စဉ်းစားထားသောမေးခွန်းများကို ရေးမှတ်စေရာတွင် မောင်ဝင်းခိုင်၏ မှတ်စုနမူနာကို ကြည့်စေပါမည်။
- ♦ ရေးမှတ်ရာတွင် မိမိသိပြီးသား မေးခွန်း၏အဖြေကိုရေးသားထားစေပါမည်။

  သာဓက ။ ။ အမည်၊ မွေးရပ်ဇာတိ၏အဖြေ
- ⊙ ထို့နောက် နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောစေပါမည်။
- ♦ သူငယ်ချင်းကို အကြံဉာဏ်ပေးကာ ဖြည့်စွက်ပြင်ဆင်စေပါမည်။
- ♦ ထိုနောက်အတန်းရှေ့တွင် ၃၊ ၄ဦးကို ပြောစေပါမည်။
- ♦ ဆရာကကျန်ကလေးများကို "သူငယ်ချင်းပြောတဲ့အချက်တွေအပြင် ဘာတွေထပ်ဖြည့်ချင်သလဲ"ဟုမေးကာ အတန်းရှေ့တွင် ပြောသော ကလေးများ၏မေးခွန်းနှင့်မတူသောအချက်များကျန်ရှိနေပါက ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ "ကိုယ်မေးချင်တဲ့မေးခွန်းကို အခြေခံပြီးတော့ အိမ်ကမိသားစုဝင်တစ်ဦးကို ပြန်မေးပြီးရေးခဲ့ကြရမယ်" ဟု ပြောပြီးနိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း မိမိမေးလိုသောမေးခွန်းကို စဉ်းစားနိုင်ခြင်းရှိ မရှိနှင့် သူငယ်ချင်းပြောသော အကြံဉာဏ်ကို ဖြည့်စွက်နိုင်ခြင်းရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါသည်။

DBE Box – Copyright Protected

အကြံပြုစာသင်ချိန် ၄ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- အိမ်က မိသားစုကိုမေးပြီး ရေးလာတဲ့အချက်တွေကို ကြည့်ကာ "အရင်ကမသိဘဲ အခုမှသိလာတဲ့အကြောင်းတွေ ရှိသလား"ဟု ဆရာကမေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကလေးများပြောသောအကြောင်းကို နားထောင်ပြီးမှ နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့တွင်မည်သည့်အချက်များ ပါဝင်သည်ကို ဖြည့်စွက်နိုင်ရန် သင်ခန်းစာပါ နံပါတ် (၄) ဇယားကို ဆရာက ရှင်းပြရပါမည်။
- ⊙ ထို့နောက် မိမိငယ်ဘဝအကြောင်းကို စာစီစာကုံးရေးနိုင်ရန် မှတ်သား ရေးလာသည့်အချက်များမှ နိဒါန်းတွင် ထည့်ရမည့်အချက်၊ စာကိုယ်တွင်ထည့်ရမည့်အချက်နှင့် နိဂုံးတွင် ထည့်ရမည့်အချက်များကို တစ်ဦးချင်းစဉ်းစားစေပါမည်။
- စဉ်းစားရေးသားပြီးလျှင် အုပ်စုထဲတွင် တစ်ဦးချင်းရေးသားစေပါမည်။
- ⊙ တစ်ဦးချင်း စဉ်းစားရေးသားစေပြီးမှ နှစ်ယောက်တစ်တွဲ အပြန်အလှန် ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

- "ကိုယ့်ငယ်ဘဝအကြောင်းအရာကို နောက်တစ်ချိန်မှာရေးပြီး သူငယ်ချင်းနဲ့ ပြောကြရမယ်နော်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း အုပ်စုလိုက် ဆွေးနွေးရာတွင် ပါဝင်ခြင်း ရှိမရှိနှင့် တစ်ဦးချင်းစဉ်းစား ရေးသားနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍စစ်ဆေးအကဲဖြတ်ပါသည်။



အရေးကြီးသောအချက်များ

- အိမ်တွင် မေးမြန်းခဲ့သည့် အဖြေကို အခြေခံရေးသားရမည်ဖြစ်ကြောင်း ဆရာက သတိပေးရပါမည်။
- အပြန်အလှန်မပြောမီ နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးပိုဒ်ပါစေရန် သတိပြုစေရမည်။

DBE Box – Copyright Protected

၄။ မေးထားတဲ့ အချက်တွေကို အခြေခံပြီး ဘယ်လိုစာစီစာကုံးရေးရမယ်ဆိုတာကို စဉ်းစားကြရအောင်။

နိဒါန်း	မိမိအမည်ကို စတင်မိတ်ဆက်ရေးသားမည် မည်သည့်အကြောင်းအရာကို ရေးသားမည် မည်သူ့ကို မေးမြန်းခဲ့သည် (သာဓက။ ။ မေမေ့ကို)
စာကိုယ်	• မွေးရပ်ဇာတိ • အနေအထိုင်အပြုအမူ • လူကြီးမိဘတွေရဲ့ ချစ်ခင်ကြင်နာတဲ့ အပြုအမူ • ထူးခြားချက်များ • နှစ်သက်သော အရုပ် • နှစ်သက်သော အစားအစာ • ငယ်စဉ်က ဖြစ်ချင်ခဲ့သောအရာ စသည်
နိဂုံး	• ငယ်ငယ်ကနှင့်ယခု မတူတော့သည့်အချက် • သိပြီး အံ့အားသင့်ရသည့်အချက်အလက် စသည်

၅။ ရေးမဲ့အကြောင်းအရာကို အဖွဲ့ထဲမှာ ပြောကြည့်ကြရအောင်။



၆။ ကိုယ့်ရဲ့ငယ်ဘဝအကြောင်းကို စာစီစာကုံး ရေးကြည့်ကြရအောင်။ (ဇော်သက်ပိုင်၏ စာစီစာကုံးကို နမူနာကြည့်ရှုနိုင်သည်။)



၇။ ရေးထားတာတွေကို သူငယ်ချင်းတွေနဲ့အပြန်အလှန် လဲလှယ်ဖတ်ကြည့်ကြရအောင်။



အရေးကြီးသောအချက်များ

- အပြန်အလှန်မပြောမီ နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးပိုဒ်ပါစေရန် သတိပြုစေရမည်။
- ဆရာက မိမိငယ်ဘဝအကြောင်းကိုအတန်းရှေ့တွင် ပြောစေရာတွင် လိုအပ်လျှင် ဖြည့်စွက်ပြောပေးရပါမည်။
- နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးပိုဒ်ပါသော စာစီစာကုံးပုံစံဖြစ်စေရန် ဇော်သက်ပိုင်၏ စာစီစာကုံးကို နမူနာကြည့်စေရပါမည်။

အကြံပြုစာသင်ချိန် ၄ ချိန် (စတုတ္ထအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "မနေ့က မှတ်စုမှတ်ထားတဲ့ ကိုယ့်ငယ်ဘဝအကြောင်းကို စာပိုဒ်အဖြစ်ရေးကြမယ်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ထို့နောက်မိမိငယ်ဘဝအကြောင်းကို တစ်ဦးချင်းစာစီစာကုံးရေးစေပါမည်။ (နိဒါန်း၊ စာကိုယ်၊ နိဂုံး)
- ♦ ရေးသားရာတွင် ဇော်သက်ပိုင်၏စာစီစာကုံးကို နမူနာကြည့်စေ၍ရေးစေပါမည်။
- ⊙ ရေးထားသည့် အကြောင်းအရာကို နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောစေ ဆွေးနွေးစေပါမည်။
- ⊙ အပြန်အလှန်မပြောမီ နိဒါန်း၊ စာကိုယ်၊ နိဂုံး သုံးပိုဒ်ပါသော စာစီစာကုံးဖြစ်မဖြစ်ကို ကြည့်စေရပါမည်။
- ♦ ထို့နောက်မိမိငယ်ဘဝအကြောင်းကို အတန်းရှေ့တွင် ပြောစေပါမည်။ (၂ဦး၊ ၃ဦးခန့်)

နိဂုံးချုပ်ခြင်း

- ♦ "ကိုယ့်ငယ်ဘဝအကြောင်းအရာကိုမေးပြီး ရေးတတ်ကြပြီ မဟုတ်လား" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးနိုင်ခြင်း ရှိမရှိနှင့် ရေးသားနိုင်ခြင်း ရှိမရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၃၅) ပြန်လှန်သင်ကြားခြင်း (၂)
အကြမ်းဖျဉ်းသင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- တစ်နှစ်တာသင်ကြားခဲ့သည်များကိုပိုမိုမှတ်မိစေရန်
- မှတ်မိသိရှိသည်များကို ပြန်လည်ပြောပြပြီးရေးပြတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက "တစ်နှစ်လုံးမြန်မာစာသင်လာတာ ဘယ်သင်ခန်းစာက စိတ်ဝင်စားဖို့ကောင်းသလဲ" ဟု မေးပြီးဖြေစေကာနိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက ကျောင်းသုံးစာအုပ်ရှိ မေးခွန်း ၁ ဖြစ်သော "တစ်နှစ်တာလုံး ဘာတွေသင်ခဲ့ကြသလဲဆိုတာစဉ်းစားကြည့်ကြရအောင်"ဟုမေးပါမည်။
- ကလေးများကို "ကျောင်းသုံးစာအုပ်နဲ့ မှတ်စုစာအုပ်ပေါ်မူတည်ပြီး စဉ်းစားကြမယ်" ဟု ပြောပါမည်။

⊙ မှတ်မိသိရှိသည်များကိုကလေးများအား ပြောစေပါမည်။ (၄၊ ၅ဦးခန့်)

- ဆရာက ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၂) ဖြစ်သော "ကိုယ်မှတ်မိနေတဲ့ သင်ခန်းစာ၊ ပုံပြင်တွေကို သူငယ်ချင်းနဲ့ ပြောကြည့်ကြရအောင်"ဟုပြောပါမည်။
- ဆရာက "မှတ်မိနေတဲ့ သင်ခန်းစာတွေ ပြောတဲ့အခါ ကျောင်းသုံးစာအုပ်မှာပါတဲ့ မေးခွန်းအတိုင်းဖြေကြရမယ်" ဟုပြောပြီး ကလေးများအား မေးခွန်းများကိုဖတ်စေပါမည်။
  "ဘယ်သင်ခန်းစာကို မှတ်မိသလဲ" "ဘာကြောင့် မှတ်မိတာလဲ" "ဘာတွေထူးခြားသလဲ" "သင်ခန်းစာက တစ်ဆင့်ဘာတွေပိုပြီး တတ်မြောက်သွားသလဲ"

⊙ မေးခွန်းများကိုတစ်ဦးချင်းစဉ်းစားစေပါမည်။

- ထို့နောက် နှစ်ယောက်တစ်တွဲအပြန်အလှန် အမေးအဖြေပြုလုပ်စေပါမည်။



အဓိကအချက်များ

- တစ်နှစ်တာလုံး သင်ထားသည်များကို တွေးပြီးရှင်းပြနိုင်အောင် သင်ကြားရပါမည်။
- စတုတ္ထတန်းသင်ခန်းစာများမှ ကြိုးစားလုပ်ဆောင်ခဲ့သည်များကို ပြောစေပါမည်။
- စတုတ္ထတန်းတွင် သင်ယူခဲ့သောသင်ခန်းစာများ၏ထူးခြားချက်များနှင့် ထင်မြင်ချက်များကို ရေးစေပါမည်။
- ပဉ္စမတန်းတွင် သင်ကြားသင်ယူလိုသည်များကို ရေးစေရပါမည်။

DBE Box – Copyright Protected

သင်ခန်းစာ ၃၅ ပြန်လှန်သင်ကြားခြင်း (၂)

၁။ တစ်နှစ်တာလုံး ဘာတွေသင်ကြားခဲ့သလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။



- ကျောင်းသုံးစာအုပ်နဲ့မှတ်စုစာအုပ်ပေါ်မူတည်ပြီးစဉ်းစားကြမယ်။

၂။ ကိုယ်မှတ်မိနေတဲ့ သင်ခန်းစာတွေကို သူငယ်ချင်းနဲ့ပြောကြည့်ကြရအောင်။



- ဘယ်သင်ခန်းစာကို မှတ်မိသလဲ။
- ဘာကြောင့် မှတ်မိတာလဲ။
- ဘာတွေထူးခြားသလဲ။
- သင်ခန်းစာကတစ်ဆင့် ဘာတွေပိုပြီး တတ်မြောက်သွားသလဲ။
- ခက်ဆစ်စကားလုံးတွေထဲက နှစ်သက်ရာ စကားလုံးကို ရွာကြမယ်။

၃။ ဘယ်သင်ခန်းစာကို ကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲ။



- သူငယ်ချင်းတွေကို ကိုယ့်အကြံဉာဏ်တွေပြောပြခဲ့တယ်။
- ဆရာသင်နေတုန်း မှတ်စုသေချာမှတ်ခဲ့တယ်။

အရေးကြီးသောအချက်များ

- ♦ ဆရာက ကလေးများ၏ ကျောင်းသုံးစာအုပ်ကို အသုံးပြုစေကာ ပြောစေရမည်။
- ♦ သင်ခန်းစာအသစ်များမှ အမေးအဖြေများပြောစေ၊ ရေးစေရာတွင် ကလေးများကို လွတ်လပ်စွာပြောစေရေးစေပါမည်။
- ♦ သင်ခန်းစာများမှ ရရှိသောအတွေးအမြင်များပြောစေ၊ ရေးစေရာတွင် ဆရာက လမ်းညွှန်ကူညီပေးရပါမည်။
- ♦ ဤသင်ခန်းစာ သင်ကြားရာတွင် စာသင်နှစ်အစကပင် ရေးသားထားသော မှတ်စုစာအုပ်များကို ယူလာစေရပါမည်။

အကြေပြုစာသင်ချိန် ၃ ချိန် (ပထမအချိန်အဆက်)

- ⊙ ကလေးများထဲမှ နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်စေ၍ အမေးအဖြေပြုလုပ်စေပါမည်။
- ♦ ထို့နောက်ဆရာက "ခက်ဆစ်စကားလုံးများထဲကနှစ်သက်ရာ စကားလုံးကိုရွာကြမယ်" ဟုပြောပါမည်။
- ⊙ ကျောင်းသုံးစာအုပ်နောက်ဆုံးစာမျက်နှာတွင် ပါသောခက်ဆစ် စကားလုံးများကိုကြည့်စေကာ တစ်ဦးချင်းပြောစေပါမည်။
- ⊙ ဘာကြောင့် နှစ်သက်ရသည်ကိုပါပြောစေပါမည်။
- ⊙ ကလေးများထဲမှ နှစ်ယောက်တစ်တွဲ အတန်းရှေ့ထွက်စေ၍ အမေးအဖြေပြုလုပ်စေပါမည်။

နိဂုံးချုပ်ခြင်း

- ♦ ဆရာက "နောက်တစ်ချိန်မှာ ဘယ်သင်ခန်းစာကို ကြိုးစားပြီး လုပ်ဆောင်ခဲ့သလဲဆိုတာ ဆက်ပြောကြမယ်" ဟု ပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- ♦ လုပ်ငန်းစဉ်အတွင်းမည်သည့် သင်ခန်းစာကိုမှတ်မိသည် မည်သည့် စကားလုံးကို နှစ်သက်သည်ဟူသော အကြောင်းရင်းကို ကလေးများပြောနိုင်ခြင်း ရှိ မရှိပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

အကြံပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

♦ ဆရာက "စာသင်နှစ်တစ်နှစ်လုံးမှာကြိုးစားလုပ်ဆောင်ခဲ့တဲ့သင်ခန်းစာတွေ ရှိကြသလား" ဟု မေးပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

♦ တစ်တန်းလုံးအားကျောင်းသုံးစာအုပ်ရှိ နံပါတ် ၃ကို ကြည့်စေပါမည်။ "ဘယ်သင်ခန်းစာကိုကြိုးစား လုပ်ဆောင်ခဲ့သလဲ"

♦ ကျောင်းသုံးစာအုပ်ပါ အောက်ပါနမူနာစာကြောင်းများကို ဆရာက ရွှင်းပြရပါမည်။

"သူငယ်ချင်းတွေကို ကိုယ့်အကြံဉာဏ်တွေ ပြောပြခဲ့တယ်"

"ဆရာသင်တုန်း မှတ်စုသေချာမှတ်ခဲ့တယ်"

⊙ ဆရာက တစ်ဦးချင်းစဉ်းစားစေ၍ နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောစေပါမည်။

⊙ ထို့နောက်အတန်းရှေ့တွင် နှစ်ယောက်တစ်တွဲကို အမေးအဖြေပြုလုပ်စေပါမည်။ (၃၊ ၄ တွဲခန့်)

♦ ဆရာကကျောင်းသုံးစာအုပ်ထဲက နံပါတ် (၄) မေးခွန်းကိုကြည့်စေပါမည်။ "ဘယ်လို အကြောင်းအရာ အဖြစ်အပျက်တွေ ထူးခြားတာရှိသလဲ" "သင်ခဲ့တာပေါ်မူတည်ပြီး ရရှိခဲ့တဲ့ အတွေး အမြင်တွေကိုမှတ်စုမှာ ရေးကြည့်ကြရအောင်"

⊙ တစ်ဦးချင်းစဉ်းစားစေကာ မှတ်စုတွင်မှတ်စေပါမည်။

⊙ နှစ်ယောက်တစ်တွဲပြောစေပြီးမှမှတ်စုတွင် ရေးစေပါမည်။

♦ ထို့နောက်အတန်းရှေ့တွင် ၃၊ ၄ဦးခန့်ပြောစေပါမည်။

နိဂုံးချုပ်ခြင်း

♦ ဆရာက ကလေးများပြောထားသည်ကို ဖြည့်စွက်ပြောပြကာ ရေးသားထားသည်ကို မှတ်ချက်ပေး၍ နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

♦ ထူးခြားသော အဖြစ်အပျက်၊ ရရှိသည့်အတွေးအမြင်များကို ပြန်ပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိနှင့် နှစ်ယောက်တစ်တွဲဆွေးနွေးနိုင်ခြင်း ရှိ မရှိပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

၄။ ဘယ်လိုအကြောင်းအရာ၊ အဖြစ်အပျက်တွေ ထူးခြားတာရှိသလဲ။ သင်ခဲ့တာပေါ်မူတည်ပြီး ရရှိခဲ့တဲ့အတွေးအမြင်တွေကိုမှတ်စုမှာ ရေးကြည့်ကြရအောင်။



၅။ ပဉ္စမတန်းမှာ ဘယ်လိုသင်ခန်းစာတွေကို သင်ချင်သလဲဆိုတာ မှတ်စုမှာ ရေးကြည့်ကြရအောင်။



အရေးကြီးသောအချက်များ

♦ ကလေးများအား လွတ်လပ်စွာ ပြောစေကာ ဆရာက လိုအပ်သည်ကို ဖြည့်စွက်ပေးရပါမည်။

♦ ကလေးများမှတ်စုတွင် ဖြေဆိုချက် မပြည့်စုံလျှင် ဆရာက မေးခွန်းများမေးကာဖြည့်စွက်ပေးရပါမည်။

သာဓက။ ။ ၁။ ဘာကြောင့် ဒီသင်ခန်းစာကို ထူးခြားတယ်ထင်သလဲ။

၂။ ဘာကြောင့်ဒီအကြောင်းအရာကိုရေးတာလဲ။

DBE Box - Copyright Protected


၃၅။ ပြန်လှန်သင်ကြားခြင်း (၂)

၄။ ဘယ်လိုအကြောင်းအရာ၊ အဖြစ်အပျက်တွေ ထူးခြားတာရှိသလဲ။ သင်ခဲ့တာ ပေါ်မူတည်ပြီး ရရှိခဲ့တဲ့အတွေးအမြင်တွေကိုမှတ်စုမှာ ရေးကြည့်ကြရအောင်။

၅။ ပဥ္စမတန်းမှာ ဘယ်လိုသင်ခန်းစာတွေကို သင်ချင်သလဲဆိုတာ မှတ်စုမှာ ရေးကြည့်ကြရအောင်။

၉၉

အရေးကြီးသောအချက်များ

- ကလေးများရေးသားနိုင်ရန် လိုအပ်ပါက ဆရာက ကူညီပေးရပါမည်။
- နှစ်ယောက်တစ်တွဲအပြန်အလှန်ပြောစေရာတွင် ကလေးအားလုံးပါဝင်အောင် သတိပြုရပါမည်။

အကြံပြုစာသင်ချိန် ၃ ချိန် (တတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- ဆရာက မေးခွန်း ၅ ဖြစ်သော "ကလေးတို့ ပဥ္စမတန်း ရောက်ရင် ဘယ်လိုသင်ခန်းစာတွေ သင်ချင်သလဲဆိုတာ ရေးကြည့်ကြရအောင်" ဟု ဖတ်စေပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- တစ်တန်းလုံး ကျောင်းသုံးစာအုပ်ကို ကြည့်စေပါမည်။
- ထို့နောက်ဆရာက သင်ကြားပြီးခဲ့သောအဖြစ်အပျက်၊ အကြောင်းအရာသင်ခန်းစာများပေါ်မူတည်၍ တစ်ဦးချင်းစဉ်းစားစေပါမည်။
- စဉ်းစားပြီးနောက် မှတ်စုတွင် မှတ်သားစေကာ နှစ်ယောက်တစ်တွဲအပြန်အလှန်ပြောစေပါမည်။
- ထို့နောက် ကလေးများ၏ မှတ်စုစာအုပ်တွင် သင်လိုသော သင်ခန်းစာများကို ရေးစေပါမည်။ ရေးရာတွင် အဘယ်ကြောင့် သင်ကြားလိုသည်ကိုပါ ရေးသားစေပါမည်။
- တစ်ဦးချင်းစီရေးသားထားသည်များကို အတန်းရှေ့ထွက်၍ ပြောစေပါမည်။ (၃၊ ၄ဦးခန့်)
- ဆရာက ရေးသားထားသည်ကို ဖတ်ရှုပြီး မှတ်ချက်ပေးကာ ချီးကျူးပေးရပါမည်။

နိဂုံးချုပ်ခြင်း

- ဆရာက "စတုတ္ထတန်းမှာ ထူးခြားတဲ့သင်ခန်းစာတွေသင်ရသလို ပဥ္စမတန်းရောက်ရင် ထူးခြားတဲ့အကြောင်းအရာတွေ သင်ကြရမယ်နော်" ဟု ပြောပြပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း စဉ်းစားထားသည်များကို နှစ်ယောက်တစ်တွဲ ပြောနိုင်ခြင်း၊ ရေးနိုင်ခြင်း ရှိ မရှိ ပေါ်မူတည်၍ စစ်ဆေးအကဲဖြတ်ပါမည်။

DBE Box - Copyright Protected

သင်ခန်းစာ (၃၆) မြန်မာ့သူရဲကောင်း အကြိမ်ကြိမ်သင်ချိန် ၃ ချိန် (ပထမအချိန်)

သင်ယူမှုဦးတည်ချက်

- အသံအတက်အကျ အနိမ့်အမြင့် သံစဉ်မှန်မှန်ဖြင့် သီဆိုတတ်ရန်
- သူရဲကောင်းတို့၏ စိတ်ဓာတ်ကို မြတ်နိုးတန်ဖိုးထားတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်း

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ဒီနေ့တော့ မြန်မာ့သူရဲကောင်း သီချင်းကို ဘယ်လိုဆိုရမလဲဆိုတာ သင်ကြရအောင်" ဟုပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ⊙ ဆရာက မြန်မာ့သူရဲကောင်း သီချင်းကို တစ်ပိုဒ်ချင်းစီ အသံနေအသံထား သံစဉ်မှန်မှန်ဖြင့် သီဆိုပြပါမည်။ ကလေးအားလုံးကို သေသေချာချာနားထောင်စေပါမည်။
- ♦ "နားထောင်ရတာ ဘယ်လိုနေသလဲ ကလေးတို့ကော မဆိုချင်ဘူးလား" ဟု မေးပါမည်။
- ♦ "ဆရာက ရှေ့ကဆိုပြမယ် ကလေးတို့ဆရာ့နောက်က လိုက်ဆိုကြည့်ပါအုံး" ဟုပြောပြီး ကလေးများကို နောက်မှလိုက်ဆိုစေပါမည်။
- ♦ "မြန်မာ့သူရဲကောင်းသီချင်းကို ဆရာနဲ့အတူတူ လိုက်ဆိုကြည့်ကြပါအုံး"ဟုပြောပြီး ကလေးများနှင့်အတူတူ သီဆိုပါမည်။
- ⊙ ဆရာက နိဒါန်း (ခြေဆင်း) ပိုဒ်ကို သီဆိုပြပြီး ကလေးများကို နောက်တစ်ကျော့ ထပ်ဆိုစေပါမည်။
- ⊙ ထို့နောက် ဒုတိယအပိုဒ် သံပြိုင်သီဆိုရမည့် စာသားများကို ကလေးအားလုံး ညီညီညာညာ လိုက်ဆိုစေပါမည်။
- ♦ ကလေးအားလုံးကို အတန်းလိုက် အလှည့်ကျ သံပြိုင်သီဆိုစေပါမည်။
- ⊙ "မြန်မာ့သူရဲကောင်းသီချင်းကို သီဆိုရတာ ဘယ်လိုခံစားရသလဲ။ အခုလို သီဆိုရတာ ပျော်စရာကောင်းသလား" ဟုမေးပြီး ကလေးများကို ဖြေဆိုစေပါမည်။

သင်ခန်းစာ ၃၆ မြန်မာ့သူရဲကောင်း (သီချင်း)



(မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်... တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲ ဒုက္ခခံကာ ကြိုစည်တယ်... သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်...)

ငါတို့မြန်မာပြည်... အမိ အဖတိုင်းကကွယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်။ ငါတို့ မြန်မာပြည်ဝယ်... အမိအဖအပေါင်းတို့က ကွယ် အာဇာနည်အစစ်ကို တို့တစ်တွေမွေးရမယ်။ သြော်... ဘုရင့်နောင်နဲ့ ရာဇာဓိရာဇတို့လို မင်းရဲကျော်စွာ ပမာပုံနွယ် အလောင်းဘုရားတို့လိုကွယ်... မြန်မာတိုင်း မြန်မာမျိုး အား ကိုးလောက်ပေတဲ့... မကြောက်တမ်း မနှဲ့တမ်း မြန်မာတွေအောင်ပန်းဆွတ်ရွာလေတယ်။ သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလေ့ရှိရမယ် မော်ကွန်းလိုထိုးလောက်တယ် မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်း ရယ်)

တိုင်းပြည်အကျိုး စွန့်ခဲ့တဲ့ များဇာနည်နွယ် လွတ်လပ်ဖို့ တို့များကို ကျွန်တွင်းမှကယ် တို့မြန်မာတွေ ဝိုးဝိုးဖို့ မျှော်ကြရှာလို့ ပေါ်လာတယ်။

မြန်မာနိုင်ငံ ထူထောင်ရန်အတွက် မျိုးရိုးမတိမ်အောင်... ကြိုဆောင်လေတယ် နေမျိုးသာကီ မြန်မာပြည်လက်နှိ... မြန်မာနိုင်ငံအလုံး ထင်ပေါ်စေတယ်... စိတ်အားသန်သန် မာန်ကိုမလျှော့တယ် ငါတို့လူမျိုး တန်ဖိုးရှိဖို့ သူရဲကောင်းတွေ စုညီတယ်... တကယ်ပင်... သတိုးမဟာ ဗန္ဓုလနှယ် အစွမ်းသတ္တိ ရာဇဝင်ပြောင်တယ်... သားကောင်းများလို့ ခေါ်ရလောက်ပေတယ်... ဥဒါန်းတွင်စေဖွယ် မြန်မာ့သူရဲကောင်း အပေါင်းတွေရယ်။ သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလေ့ရှိရမယ်... ... ... ဗိုလ်အောင်ဆန်းရယ်)

တိုင်းပြည်အကျိုး ... ... မျှော်ကြရှာလို့ ပေါ်လာတယ်။

အဓိကအချက်များ

- အသံအတက်အကျ အနိမ့်အမြင့် သံစဉ်မှန်မှန်ဖြင့် သီဆိုတတ်ရန် ရှင်းပြရပါမည်။
- သူရဲကောင်းတို့၏ စိတ်ဓာတ်ကို မြတ်နိုးတန်ဖိုးထားတတ်ရန် ဆရာက သင်ကြားရပါမည်။

အရေးကြီးသောအချက်များ

- ကလေးများ၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောစေပါမည်။
- မြန်မာ့သူရဲကောင်း သီချင်းကို အသံနေအသံအတက်အကျ၊ အနိမ့်အမြင့် သံစဉ်မှန်မှန်ဖြင့် သီဆိုစေပါမည်။

နိဂုံးချုပ်ခြင်း

- "ခုအချိန်မှာ မြန်မာ့သူရဲကောင်းသီချင်းကို အားလုံးအတူတူ သီဆိုခဲ့ကြတယ်နော်။ နောက်တစ်ချိန်မှာ သီချင်းထဲမှာပါတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေကို ပြောကြမယ်နော်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး စိတ်ပါဝင်စားစွာ သီဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

DRE Box – Copyright Protected

သင်ခန်းစာ ၃၆ မြန်မာ့သူရဲကောင်း (သီချင်း)



(မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့စို့ ကျပန်ပြည်မှာကွယ်. . . တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲ ဒုက္ခခံကာ ကြဲစည်တယ်. . . သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်. . .)

ငါတို့မြန်မာပြည်. . . အမိ အဖတိုင်းကကွယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ်။ ငါတို့ မြန်မာပြည်ဝယ်. . . အမိအဖအပေါင်းတို့က ကွယ် အာဇာနည်အစစ်ကို တို့တစ်တွေမွေးရမယ်။ သြော်. . . ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို မင်းရဲကျော်စွာ ပမာပုံနှယ် အလောင်းဘုရား တို့လိုကွယ်. . . မြန်မာတိုင်း မြန်မာမျိုး အား ကိုးလောက်ပေတဲ့. . . မကြောက်တမ်း မရွံ့တမ်း မြန်မာတွေအောင်ပန်းဆွတ်ရာလေတယ်။ သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလဲရှိရမယ် မော်ကွန်းလဲထိုးလောက်တယ် မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်း ရယ်)

တိုင်းပြည်အကျိုး စွန့်ခဲ့တဲ့ များဇာနည်နွယ် လွတ်လပ်ဖို့ တို့များကို ကျွန်တွင်းမှကယ် တို့မြန်မာတွေ စိုးမိုးဖို့ မျှော်ကြရှာလို့ ပေါ်လာတယ်။

မြန်မာနိုင်ငံ ထူထောင်ရန်အတွက် မျိုးရိုးမတိမ်အောင်. . . ကြံဆောင်လေတယ် နေမျိုးသာကီ မြန်မာပြည်လက်နှံ့. . . မြန်မာနိုင်ငံအလုံး ထင်ပေါ်စေတယ်. . . စိတ်အားသန်သန် မာန်ကိုမလျှော့တယ် ငါတို့လူမျိုး တန်ခိုးရှိဖို့ သူရဲကောင်းတွေ စုံညီတယ်. . . တကယ်ပင်. . . သတိုးမဟာ ဗန္ဓုလနှယ် အစွမ်းသတ္တိ ရာဇဝင်ပြောင်တယ်. . . သားကောင်းများလို့ ခေါ်ရလောက်ပေတယ်. . . ဥဒါန်းတွင်စေဖွယ် မြန်မာသူရဲကောင်း အပေါင်းတွေရယ်။ သံပြိုင် ။ ။ (ရာဇဝင် အတ္ထုပ္ပတ္တိလဲရှိရမယ်. . . . . ဗိုလ်အောင်ဆန်းရယ်)

တိုင်းပြည်အကျိုး . . . . . မျှော်ကြရှာလို့ ပေါ်လာတယ်။

အရေးကြီးသောအချက်များ

- ခက်ခဲသောဝေါဟာရများကို နားလည်လွယ်သော စကားလုံးဖြင့်သာ ရှင်းပြရပါမည်။
- ကလေးအားလုံး သီချင်းကို အသံအတက်အကျ၊ အနိမ့်အမြင့် သံစဉ်မှန်မှန်ဖြင့် သီဆိုစေပြီး သူရဲကောင်းများ၏ စိတ်ဓာတ်ကို လေးစားတန်ဖိုးထားသည့်စိတ်ဖြင့် သီဆိုစေပါမည်။

စစ်ဆေးအကဲဖြတ်ခြင်း

- လုပ်ငန်းစဉ်အတွင်း ကလေးအားလုံး သီချင်းစာသားပါအကြောင်းအရာကို နားလည်ခြင်း ရှိ မရှိနှင့် အတူတူပူးပေါင်းသီဆိုနိုင်ခြင်း ရှိ မရှိပေါ်မူတည်ပြီး စစ်ဆေးအကဲဖြတ်ပါမည်။

အကြိပြုစာသင်ချိန် ၃ ချိန် (ဒုတိယအချိန်)

သင်ကြားသင်ယူမှုလုပ်ငန်း

နိဒါန်း

- "ကလေးတို့ရေ ဒီနေ့တော့ မြန်မာ့သူရဲကောင်းသီချင်းထဲမှာပါတဲ့ အကြောင်းအရာတွေကို လေ့လာကြည့်ကြရအောင်" ဟု ပြောပြီး နိဒါန်းပျိုးပါမည်။

လုပ်ငန်းစဉ်

- ဆရာက မြန်မာ့သူရဲကောင်းသီချင်း ခြေဆင်းပထမအပိုဒ်ကို ဆိုပြပြီး "ဒီစာပိုဒ်က ဘယ်လိုအကြောင်းအရာဖြစ်မလဲ"ဟုမေးပါမည်။
- ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ မြန်မာ့လွတ်လပ်ရေးရဖို့အတွက် ကျပန်ပြည်တွင် စစ်ပညာသွားရောက်သင်ယူပုံ. . . ကို ဆရာက ရှင်းပြပါမည်။
- ဆရာက "ဒါကြောင့် ဗိုလ်ချုပ်တို့အဖွဲ့ စစ်ပညာသင်ယူကြရပုံကို သီချင်းမှာ ဘီလိုရေးထားတယ်" ဟုပြောပြီး ပထမအပိုဒ်ကို သီဆိုပြပါမည်။ ကလေးများနားထောင်၍ လိုက်ဆိုစေပါမည်။
- သီချင်းဒုတိယစာပိုဒ်ပါ အကြောင်းအရာအကျဉ်းကို ကလေးများ၏ ထင်မြင်ချက်များကိုမေးပြီး လိုအပ်ပါက ဆရာက ရှင်းပြရပါမည်
- ထို့နောက် မည်သို့သီဆိုရမည်ကို ဆိုပြပါမည်။ ကလေးများအား နားထောင်စေပြီး လိုက်ဆိုစေပါမည်။ (မြန်မာပြည်မှာရှိတဲ့ မိဘတိုင်းက ဗိုလ်ချုပ်အောင်ဆန်း တို့လို သူရဲကောင်းများမွေးဖွားစေသင့်ကြောင်း၊ မြန်မာ့ရာဇဝင်တွင်လဲ သူရဲကောင်းများပေါ်ထွန်းခဲ့ကြောင်း . . .)ရှင်းပြစေပါမည်။
- ⊙ ဆရာက သံပြိုင်အပိုဒ်ကို ရှင်းပြပြီး မည်သို့သီဆိုရမည်ကို ကလေးများနှင့် အတူတူဆိုပြပါမည်။
- စတုတ္ထစာပိုဒ်ပါ အကြောင်းအရာကို ကလေးများ၏ ထင်မြင်ချက်မေးပြီး လိုအပ်ပါကဆရာက ရှင်းပြရပါမည်။ (မြန်မာနိုင်ငံပြန်လည် ထူထောင်ဖို့အတွက် မြန်မာလူမျိုးတို့ဇွဲသတ္တိများ ထားရှိခဲ့ကြကြောင်း၊ ရာဇဝင်တွင်လဲ မဟာဗန္ဓုလလို သူရဲကောင်းများပေါ်ထွန်းခဲ့ကြောင်း၊ မြန်မာသူရဲကောင်း အပေါင်းတို့သည် သားကောင်းများဖြစ်ကြကြောင်း. . .)
- ⊙ ဆရာက သီချင်းစာသားပါ သူရဲကောင်းတို့၏ စိတ်ဓာတ်ကို မြတ်နိုးတန်ဖိုးထားပြီး သီချင်းကိုသီဆိုသင့်ကြောင်း ပြောပြီး ကလေးအားလုံးကို ညီညီညာညာ သီဆိုစေပါမည်။

နိဂုံးချုပ်ခြင်း

- "ဒီအချိန်မှာတော့ သီချင်းစာသားပါအကြောင်းအရာ၊ သီချင်းကို ဘယ်လိုမျိုးစိတ်ဓာတ်နဲ့ သီဆိုရမလဲဆိုတာ သင်ခဲ့ကြတယ်နော်။ နောက်အချိန်မှာ ကလေးတို့ကိုယ်တိုင် အဖွဲ့လိုက်သီချင်းဆိုပြိုင်ကြရအောင်" ဟုပြောပြီး နိဂုံးချုပ်ပါမည်။

DBE Box - Copyright Protected